ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်လွှတ်တော်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေးမှတ်တမ်း

ဘုရစ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့မှ ဝါခေါင်လဆန်း ၇ ရက်နေ့ထိ

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ မှ ၂၀ ရက်နေ့ထိ)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**တတိယပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
(၁)	ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။	၁
(၂)	ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခြင်း။	၂
(၃)	ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။	၂
(၄)	ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၃
(၅)	အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။	၃
(၆)	ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။	၅
(၇)	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက အစိုးရ ရက် ၁၀၀ ပြည့်နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း ကို မှတ်တမ်းတင်ခြင်း။	၁၀
(၈)	ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-	၁၀
	(က) ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ ဟွေ့တောက်ကျေးရွာအုပ်စု၊ လုံးဒါကျေးရွာ၊ ကျိုင်းခမ်းကျေးရွာနှင့် လွဲလောင်းကျေးရွာတို့တွင် လျှပ်စစ်မောတ်အားရရှိရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေး မည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။	၁၁

Shan State Hluttaw

(၃) ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂)၏ **"ရှမ်းပြည်နယ်၏ သစ်တောထွက် ပစ္စည်းများအပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေ၊ ဆောင်ရွက်နေသည့်လုပ်ထုံးလုပ်နည်းနှင့် ရှမ်းပြည်နယ်အခွန်အခဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) ဦးဟော်ထိုက်ဖူ(ခ)ဦးအောင်ကျော်ထွန်း၊ လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ မြို့နယ်ရုံးများအား လားရှိုးမြို့တွင် တွဲဖက်ဖွင့်လှစ်ရန်နှင့် ဒေသခံပြည်သူများအား လားရှိုးမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၅) ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ ငွေကြေးကောက်ခံနေမှုများအပေါ် မည်ကဲ့သို့ စိစစ်ကြပ်မတ်ဆောင်ရွက်ထားသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မိုင်းရယ်မြို့နယ်၊ မန်ကျောင်းကျေးရွာအုပ်စုရှိ မန်ကျောင်း - လွယ်ကန်ကျေးရွာချင်းဆက် တံတား အရှည်(၁၈)ပေအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကွန်ဟိန်းမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စု၊ နားကန်ကျေးရွာတွင် လိုအပ်နေသော အိမ်သုံးလျှပ်စစ်မီတာများ ချပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ကွန်ဟိန်း - ဝမ်တုံ - နားကျိုင်း - လုံစန်းလမ်းပေါ်ရှိ ဝိန်းလုံကျေးရွာအဝင် အရှည်(၅၀)ပေ၊ အကျယ်(၁၂)ပေ၊ အမြင့်(၂၀)ပေ သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

Shan State Hluttaw

(ဆ) ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနနှင့် သိန်းသန်းချီကုမ္ပဏီ လီမိတက်တို့မှ BOT စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားသည့် မူဆယ်မြို့ရှောင်လမ်း (၂)မိုင်(၃)ဖာလုံလမ်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၉

(ဇ) ဒေါ်မြမြဆွေ၊ ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ ရာအိမ်မှူးများအား ထောက်ပံ့ကြေး သို့မဟုတ် အကျိုးခံစားခွင့်များ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ / မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၃

(စျ) ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ကလောမြို့နယ်၊ နန်းနိုင်ကျေးရွာအုပ်စု၊ မြင်းက - ကျောက်ပြားမြေသားလမ်း (၆/၃)မိုင်အား ကျောက်ချောလမ်းအဖြစ်နှင့် အဆိုပါမြေသားလမ်းပေါ်ရှိ ယာယီတံတားအား ခိုင်ခံ့သောတံတား(၁)စင်းအဖြစ် ဆောက်လုပ်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(ည) ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကျောက်မဲမြို့နယ်၊ နားပြိန်းကျေးရွာအုပ်စုအတွင်းရှိ ထုံးဖို - လွယ်ဆာကျေးရွာချင်းဆက်လမ်း အလျား(၁၅၇၀၀)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇

(ဋ) ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏ **"နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် လားရှိုးမြို့နယ်များရှိ အခြေခံလူတန်းစားများနှင့် တောင်သူလယ်သမားများအတွက် စက်သုံးဆီများ သက်သာသောဈေးနှုန်းဖြင့် လုံလောက်စွာ ဖြန့်ဖြူးပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉

(ဌ) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် အစားထိုးပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။ ၄၂

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၄၃

Shan State Hluttaw

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ် ကုန်တင်ကုန်ချ ၄၄
လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေး
လိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်
ကြောင်း ကြေညာခြင်း။

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ၄၅
ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု
ငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ ၄၆
တွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်
ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်
ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

(၁၄) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ ၅၀
**"ရပ်စောက် မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေ
မဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)
ကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှု
မရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး
အတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့
ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ် ပြင်ဆင်ပေးပါရန်
ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း
နှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၅) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ၅၂
ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက
ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက
ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း
တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၆) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၅၃
တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး
ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

Shan State Hluttaw

(ခ) တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၅

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅၅

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၅၅

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ ၅၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၅၈

(က) ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်းရှိ မြို့/ ရွာများတွင် နေထိုင်ကြသော ပြည်သူများ၏ အိမ်ခြံမြေများအား ပိုင်ဆိုင်မှုခိုင်မာစေရန်နှင့် နေအိမ်ဆောက်လုပ်ခြင်းမရှိဘဲ ခြံနွယ်များဖြင့် အနှောင့်အယှက်ဖြစ်စေသည့်မြေကွက်များအား ဆောင်ရွက်ပေးမည့် ကိစ္စ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၈

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် ကုန်စည်ထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းဝယ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၄

(၃) **"ရှမ်းပြည်နယ်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများအပေါ် မည်ကဲ့သို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်ထားသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၈

(ခ) ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၏ **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးမည့်အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၁

Shan State Hluttaw

(၈) ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မိုင်းရယ်မြို့နယ်၊ လွယ်ဆိုင်ကျေးရွာရှိ ဆက်သွယ်ရေးတာဝါတိုင်တွင် စက်ကိရိယာများ အမြန်ဆုံး တပ်ဆင်ပေးရန် အစီအစဉ်ရှိ / မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၄

(ဃ) ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ညောင်ရွှေမြို့နယ်၊ ပုန်မူကျေးရွာအုပ်စုနှင့် ဘန်းပြင်ကျေးရွာအုပ်စုကို ဆက်သွယ်ထားသော တုံဟုံး - လွယ်မွန်းလမ်းတွင် ကျန်ရှိနေသော ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၆

(၉) ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"နောင်ချိုမြို့နယ်အတွင်း ခိုးဆိုးလုယက်မှုများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းပေးရန်နှင့် တရားခံများအား အမြန်ဆုံးဖော်ထုတ် အရေးယူပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၉

(၁၀) ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မိုင်းဗျဉ်း - မက်မန်းလမ်းမကြီး ပေါ်ရှိ မိုင်တိုင် ၈၆ km မှ ၈၇ km အထိ ၁ km အား ကွန်ကရစ်လမ်း ခင်းပေးမည့် အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၁

(ဆ) ဦးကျော်စွာဝင်း (ခ) M အောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"မူဆယ်မြို့နေ ပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေရရှိစေရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၄

(၁၁) ဦးဟိန်းထက်ဇော်၊ ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် မြေနေရာများတွင် ဝန်ထမ်းအိမ်ရာတိုးမြှင့်ဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၉

(၁၂) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မောက်မယ် မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု၊ လွိုင်ခွင်(သစ်)-လွိုင်ခွင်(ဟောင်း)-နမ့်ယမ်း-ထီဖက်နမ်- ထီဟန်းခြိုး မြေသားလမ်း (၁၁/၅)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေး ရန်နှင့် လိုအပ်နေသော Box Culvert များအား မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၃

Shan State Hluttaw

(ည) ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"တောင်ကြီးမြို့နယ်၊ နမ်းဟူးကျေးရွာအုပ်စုအတွင်းရှိ ပေါမူ - ဂနိုင်ထုံ - ထီသိမ် (ဘုရားဖြူ) မြေသားလမ်း (၁၄.၈)ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၉၅

(ဋ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကွန်ဟိန်းမြို့နယ်၊ ဝမ်ဆတ်ကျေးရွာအနီးမှ ဟောင်လိတ်ကျေးရွာအနီးအထိ (၁၈)မိုင်ခန့်အား (၁၂)ပေမှ (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၇

(ဌ) ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စုနှင့် မိုင်းကာ (အရှေ့) ကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ဆက်သွယ်ထားသော မြေသားလမ်း (၆)မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(၂) **"မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ နမ့်တာပီး ကျေးရွာအဝင် မြေသားလမ်း (၀/၃)မိုင်အား ကွန်ကရစ်လမ်းခင်းပေးရန်နှင့် ကျောက်စီရေမြောင်း ပေ(၇၀၀) အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၁

(ဍ) ဦးစိုင်းသန်းထွန်း(ခ)သိန်းသန်းထွန်း၊ ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ကျောက်မြောင်းကျေးရွာအုပ်စု၊ တောင်ခေါင်းပွာ - ကျောက်မြောင်း - ကျောက္ကူပြင်ကျေးရွာချင်းဆက် ကတ္တရာလမ်း(၆)မိုင်ကို ကတ္တရာထပ်ပိုးလွှာဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၀၃

(ဎ) ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"လားရှိုးမြို့နယ်၊ စည်ပင်သာယာရေးဌာနတွင် လိုအပ်နေသော 10/12 Ton Three Wheel Roller (လမ်းကြိတ်စက်)နှင့် 8 Ton Excavator (စတန် ဘက်ဟိုး)တို့အား ဝယ်ယူဖြည့်တင်း ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

Shan State Hluttaw

(ဏ) ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ ၁၀၈
"မူဆယ်မြို့တွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား ပြုပြင်ထိန်းသိမ်းရန် Oriental Highway Co.,Ltd နှင့် စာချုပ်ချုပ်ဆိုထားသော်လည်း ပြုပြင်ဆောင်ရွက်ခြင်းမရှိပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေး ၁၁၁
နှစ်အတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၁၂၀
တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး
တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

(ဂ) တတိယပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၁၂၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်း ၁၂၂
အဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၂

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂၂
များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်
ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် ၁၂၄
လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်
အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၏ **"ရပ်ကွက်/** ၁၂၅
ကျေးရွာအုပ်စုများတွင် စစ်ဘေးရှောင်များအတွက် ဧည့်စာရင်းတိုင်ကြားမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

Shan State Hluttaw

(ခ) ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ် (၁)၏ **"နောင်ချိုမြို့နယ်၊ သရက်ကုန်း - ဉာဏ်တော - ဖားသွန်း - နောင်ချိုကြီးလမ်း (၆.၆)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၉

(ဂ) ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"တောင်ကြီးမြို့နယ်၊ နောင်ခဲကျေးရွာအုပ်စုနှင့် ကဏ္ဍကျေးရွာအုပ်စုအတွင်းရှိ ထီပြွန် - ထီဟန်းဆွေ - ပန်လင်း - နောင်ငွိး - ထီခြံကျေးရွာချင်းဆက်လမ်း (၉/၁)မိုင်အား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၁

(ဃ) ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"လားရှိုးမြို့၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအတွက် ဘင်ခရာပစ္စည်းများ (တစ်စုံ)ဝယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၃

(င) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏

(၁) **"ရပ်စောက် - တောင်ကြီးရထားခရီးစဉ် ပြန်လည်ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၅

(၂) **"မြန်မာနိုင်ငံအတွင်းရှိ ပညာရေး ဒီဂရီကောလိပ်များမှ အပတ်စဉ် (၁)နှင့်(၂) သင်တန်းဆင်းများအား ဘွဲ့လက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများ ထုတ်ပေးနိုင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၈

(စ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကွန်ဟိန်းမြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသေးသော ကျေးရွာပေါင်း(၁၆)ရွာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၁

Shan State Hluttaw

(ဆ) ဒေါ်ဝါဝါထွေး၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု ၊ ဝမ်ခိုင်း(ဘန့်) အခြေခံပညာအလယ် တန်းကျောင်းခွဲတွင် လိုအပ်နေသော ဆရာ/ဆရာမများအား အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၂

(၂) **"နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်းကျေးရွာရှိ ကျန်းမာရေးဌာနခွဲတွင် လိုအပ်နေသော သားဖွားဆရာမ (၁)ဦးအား အမြန်ဆုံးခန့်အပ်ပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၅၄

(၈) ဦးထွန်းလှ(ခ)ဦးတိုးရ၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏ **"ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့၏ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တိုးချဲ့ သတ်မှတ်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၆

(၆) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၆၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၆၄

(၉) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေ မဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြုန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၆၅

Shan State Hluttaw

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၉

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရုပ်နားကြောင်းနှင့်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၉၈

(ဃ) တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၂၀၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်း အဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ ၂၀၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း - ၂၀၃

(က) ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ သွားလာရခက်ခဲသော ဒေသအချို့မှ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားဒေသဆိုင်ရာ ထောက်ပံ့ကြေး သို့မဟုတ် ဒေသစရိတ်ပေးအပ်ရန်နှင့် ပြည်သူများအတွက် ကုန်ဈေးနှုန်း သင့်တင့်စွာ ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၃

(ခ) ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"ညောင်ရွှေမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊ ရေပူကျေးရွာရှိ အခြေခံပညာမူလတန်း လွန်ကျောင်းတွင် အလျား(၉၀)ပေ၊ အနံ(၃၀)ပေ ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၇

Shan State Hlutaw

(၂) **"ညောင်ရွှေမြို့နယ်၊ လင်လံတောင်ကျေးရွာအုပ်စု၊ ထီရီး** ၂၀၉
ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းတွင် အလျား (၉၀)ပေ၊ အနံ(၃၀)ပေ ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၈) ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ၂၁၂
"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် လိုအပ်နေသောအမှိုက်သိမ်းယာဉ် (၁)စီး ပံ့ပိုးပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"နောင်ချို့မြို့နယ်အတွင်းရှိ စစ်ဘေးဒဏ်ကြောင့် ပျက်စီး** ၂၁၅
သွားသော တောင်ရှည် တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ များအား ပြန်လည်ပြုပြင်ပေးရန်နှင့် ဆေးရုံလုပ်ငန်းများ လည်ပတ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"နောင်ချို့မြို့နယ်၊ ကန်ကြီး - လက်ပံကုန်း - လုံဝယ်** ၂၁၈
ကျေးရွာချင်းဆက် လမ်း(၄.၁)မိုင်အား ကျောက်ချောလမ်း အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက် ပေးမည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရဲယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ၂၁၉
"နောင်ချို့မြို့နယ် အုမ္မသီးကျေးရွာရှိ စစ်ဘေးဒဏ်ကြောင့် ပျက်စီး သွားသော အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းနှင့် ဆွမ်းစား ကျောင်းတို့အား အမြန်ဆုံး ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မူဆယ်မြို့နယ်နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး သန့်ရှင်းသာယာ** ၂၂၁
လှပရေးနှင့် မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေး မည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

Shan State Hluttaw

(၂) **"မူဆယ်မြို့သို့ နယ်စပ်ဂိတ်ပေါက်မှတစ်ဆင့် တင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး စားသုံးသူလက်ဝယ်ရောက်ရှိစေရေးကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၇

(ဆ) ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကျောက်မဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတို့တွင် လိုအပ်နေသောခန်းမ၊ စာသင်ဆောင်နှင့် သင်ထောက်ကူပစ္စည်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၁

(၂) **"ကျောက်မဲမြို့၊ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ်နေသော ဆရာ/ ဆရာမများ၊ KG ဆောင်နှင့် စာရေးခုံ၊ ထိုင်ခုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၃

(ဇ) ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကျိုင်းတုံခရိုင်၊ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်း လမ်းမကြီးပေါ်ရှိ ၇၄ km-၇၄.၅ km ကြားနှင့် ၇၄.၅ km - ၇၅ km ကြားလမ်းပိုင်းအား ကားလမ်းမြေသားတာပေါင်မြှင့်တင်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၆

(ဈ) ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ လွိုင်လင်အရှေ့ကျေးရွာအုပ်စု၊ ခဲလောင်း - ပန်ကျောင်းကျေးရွာအကြား ကိုယ်ထူကိုယ်ထတံတား အလျား (၂၅)ပေ၊ အနံ(၁၀)ပေ ကျောက်စီကွန်ကရစ်တံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄၀

(ည) ဒေါ်နန်းမှတ်နွမ်း၊ မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မိုင်းကိုင်မြို့ရှိ ယိုယွင်းပျက်စီးနေသော မြို့နယ်ခန်းမအား အသစ်ပြန်လည်တည်ဆောက်ရေး ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄၂

Shan State Hluttaw

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံ ၂၄၄
ငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်
ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက
ဆွေးနွေးခြင်း။

(၇) ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ၂၄၆
စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံ ၂၅၁
ငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာ
ရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ
အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်
ရယူခြင်း။

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၂၅၅
တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး
ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

(c) တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၂၅၇

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်း ၂၅၇
အဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၇

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၅၈
များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်
ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် ၂၆၀
လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်
အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

Shan State Hluttaw

(က) ဦးဒဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာတွင် စံကိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ ရရှိရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၀

(၂) **"ရှမ်းပြည်နယ်၏ အနာဂတ် အခြေခံပညာရေးကဏ္ဍာပြန်လည်တိုးတက် ကောင်းမွန်စေရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၁

(ခ) ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"နောင်ချိုမြို့နယ်ရှိ ဒေသခံပြည်သူများ မြေမြှုပ်မိုင်းအန္တရာယ်မှကင်းဝေးစေရန် အသိပညာပေးလုပ်ငန်းများ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မိုင်းဒဏ်သင့်ပြည်သူများအတွက် ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာပံ့ပိုးကူညီမှုများ မည်သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၂

(ဂ) ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"လားရှိုးမြို့လယ်ရှိ ပြည်ထောင်စုလမ်းမကြီးအား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၃

(ဃ) ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မိုင်းရယ်မြို့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် လူထုအခြေပြုဌာန Community Centre ခန်းမသစ် (၁)ဆောင်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၉

(၂) **"မိုင်းရယ်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းရှိတာဝန်ကျ ဆရာ/ ဆရာမများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၀

Shan State Hluttaw

(၈) ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ ဘန့်ကွဲ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် လိုအပ်နေသော ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇၂

(၂) **"တောင်ကြီးမြို့နယ်၊ ပင်တွန်ကျေးရွာအုပ်စု၊ ထီခေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေး"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၃

(၃) **"တောင်ကြီးမြို့နယ်၊ မိုင်းသော်(အနောက်)ကျေးရွာအုပ်စု၊ ပန့်ပုန်းခေတ်မီစံပြကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၇၅

(၉) ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စုအတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် လင်းလေ၊ အုံအား၊ ပန်းတင်ငယ် နှင့် ထီပသဲ့ကျေးရွာများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၇

(၂) **"တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ နန်းဟောင်း မွေတော် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်း ဆောင်သစ်ဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၀

(ဆ) ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် အတွင်း ဒုစရိုက်မှုများလျော့နည်းပပျောက်စေရန်အတွက် သတင်း ပေးသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထိုက်တန်သော လှုံ့ဆော် ဆုကြေးငွေများပေးအပ်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၈၁

(၁၀) ဦးကျော်စွာဝင်း (ခ) M အောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)၏ **"မူဆယ်မြို့၊ မြို့တော်ခန်းမအား အဆင့်မြှင့်တင် တည်ဆောက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၃

Shan State Hluttaw

(ဈ) ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"တာချီလိတ်မြို့မှ တောင်ကြီးမြို့အထိ လမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များတွင် ငွေကြေးကောက်ခံနေမှုများနှင့် ခရီးသည်/ကုန်စည်ပို့ဆောင်ရေးယာဉ်များ အချိန်တိုအတွင်း သွားလာနိုင်ရေးအတွက် မည်ကဲ့သို့ စီစစ်ကြပ်မတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၈၇

(၂) **"ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ Protocol အဆင့်အတန်း သတ်မှတ်ချက်အား မည်ကဲ့သို့ သတ်မှတ်ထားရှိသည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၉

(ည) ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကျေးသီးမြို့နယ်၊ မိုင်းယန်းကျေးရွာအုပ်စု၊ ခုတ်နမ့်ကျေးရွာရှိ နမ့်ဟွတ်ချောင်းပြန်လည်ပြုပြင်ရန် သံကွန်ကရစ် တံတား၊ သစ်ရိုက်ကျောက်ဖြည့်ဆည်နှင့် ရေခွဲအဆောက်အဦ တည်ဆောက်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၉၅

(၆) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၉၈

(စ) တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၃၀၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်း အဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၀၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ ၃၀၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးကော်မတီက ခွင့်ပန် ကြားခြင်း။ ၃၀၁

Shan State Hluttaw

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း - ၃၀၂

(က) ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ မန်နားကျေးရွာရှိ သံမဏိ ရေလွှဲဆည် အောက်ဘက်အပိုင်းမှ မေတ္တာပေါင်းကူးတံတား နေရာအထိ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၃

(ခ) ဦးလင်းလင်းနိုင်၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ကလောမြို့နယ်၊ နန့်ပန်တက်စစ်ဆေးရေးဂိတ်နှင့် တောင်ကြီး (၄)မိုင် စစ်ဆေးရေးဂိတ်များတွင် ယာဉ်များ အချိန်အခါမရွေး ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၆

(ဂ) ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းရွာမရှိ ရေစုကန်သို့ အနီးဆုံးရေချောင်းမှဆိုလာစနစ်ဖြင့် ရေသွယ်ယူသုံးစွဲနိုင်ရေး အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၀၈

(ဃ) ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မူဆယ်မြို့နယ်အတွင်း ၂၀၁၂ ခုနှစ်က ရှမ်းပြည်နယ် အစိုးရနှင့် New Star Light Co.ltd., တို့ (၄)နှစ်စီမံကိန်း စာချုပ်ချုပ်ဆိုထားပြီး စာချုပ်ပါ လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၁၂

(၂) **"မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် နှစ်နိုင်ငံ အလုပ်သမားနှစ်ဦး သဘောတူစာချုပ် (MOU) လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၁၅

(စ) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်အတွင်း နွေရာသီ/မိုးရာသီ စိုက်ပျိုးရေး၊ ကုန်ထုတ် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ အခွန်ကောက်ခံခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၁၈

Shan State Hluttaw

(စ) ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် အတွင်း ပြည်နယ်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းမည့်အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၂၃

(ဆ) ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုရှိ တိုက်နယ် ဆေးရုံ (၁၆)ခုတင်ဆံ့ (စံကိုက်)တွင် ဆေးရုံသုံးပစ္စည်း ကိရိယာ(၁)စုံ ရရှိရေး မည်ကဲ့သို့ဆောင်ရွက် ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၂၉

(၂) **"မိုင်းခတ်မြို့တွင် အလျား(၉၆)ပေ၊ အနံ(၇၀)ပေရှိ မိုးလုံလေလုံ အားကစားရုံအသစ် ဆောက်လုပ်ပေးရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၃၀

(ဇ) ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စုနှင့် ငုံးသုံးကျေးရွာအုပ်စုရှိ လျှပ်စစ်မီး မရရှိသေး သည့်ကျေးရွာများအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၃၂

(ဈ) ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"မိုင်းဖြတ် မြို့နယ်၊ မိုင်းဖြတ်မြို့နယ်မှ မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ပြုပြင်ရန် ကျန်ရှိနေသော မြေသားလမ်း (၆)မိုင်ကျော်အား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေး ရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၀

(ည) ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) **"တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စုအတွင်းရှိ သရက် ပင်လှ - ဘုရားနီ ကိုယ်ထူကိုယ်ထလမ်း (၁/၀)မိုင်အား ကျေးရွာ ချင်းဆက်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄၃

(ဋ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွန်းကျေးရွာအုပ်စု၊ နမ့်ပါမန်း - ကျိုင်းလွန်းကျေးရွာချင်းဆက် မြေသားလမ်း(၄/၂)မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၅

Shan State Hluttaw

(၂) **"ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအုပ်စု၊ ဖန်လန်း ကျေးရွာမှ နမ့်ဝှက်ကျေးရွာနှင့် ဝမ်အင်ကျေးရွာချင်းဆက်လမ်း အရှည်(၇)မိုင်အား အဆင့်မြှင့် တင်ပေးရန်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄၆

(၄) ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"အခြေခံပညာကျောင်းများတွင် အင်္ဂလိပ်စကားပြော (English Speaking) တတ်ကျွမ်းအောင် သင်ကြားပေးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄၉

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် မှတ်ပုံတင် ဖျဉ်းစောင်းများကို နယ်မြေခွဲခြားသွားလာမှု ကန့်သတ်ထားခြင်း ရှိ/ မရှိနှင့် ဖုန်းအသုံးမပြုရဟူသော ညွှန်ကြားချက်များ ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၁

(၃) ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ညောင်ရွှေမြို့နယ်၊ ကျေးပေါခုံကျေးရွာအုပ်စု၊ မြေဖြူကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၅

(၄) ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ပြည်နယ်လွတ်တော် ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၏ မိန့်ခွန်းများ၊ ပြည်နယ်လွတ်တော်အစည်းအဝေး၌ ဖြေကြားခဲ့သည့်အဖြေများအပေါ် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများမှ လုပ်ငန်းလမ်းညွှန်အဖြစ် သိရှိလိုက်နာနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၅၈

(၆) ပြည်နယ်လွတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြခြင်း။ ၃၆၂

(၇) ပြည်နယ်လွတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၃၆၈

(ဆ) ဆုံးဖြတ်ချက်များ

Shan State Hluttaw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ စာရင်း

စဉ်	**အမည်**	**တာဝန်**
၁။	ဦးစိုင်းလုံကျော်	ဥက္ကဋ္ဌ
၂။	ဦးစိုင်းထွန်းစိန်	ဒုတိယဥက္ကဋ္ဌ

Shan State Hluttaw

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်သည့်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

မဲအများဆုံးရသူအနိုင်ယူစနစ်

စဉ်	အမည်	မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်
၁။	ဦးခွန်ထွန်းဖြူ	ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂။	ဦးထွန်းလှ(ခ)ဦးတိုးရ	ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃။	ဦးစိုင်းကျော်ရင်ဇ	ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၄။	ဦးမြင့်ဝင်း	ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၅။	ဦးကျော်အောင်သန်း	နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၆။	ဦးညီညီဇော်	သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၇။	ဦးစိုင်းဟွမ်နွဲ့	ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၈။	ဦးရန်အောင်	မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၉။	ဦးစိုင်းထွန်းစိန်	မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၀။	ဦးစိုင်းအွန်ခမ်း	တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၁။	ဦးညွန့်ဝင်း	မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၂။	ဦးခွန်ကြည်	တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၃။	ဦးအောင်ကျော်ညွန့်	ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၄။	ဒေါ်နန်းဆိုင်မွန်း	တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၅။	ဦးစိုင်းခမ်းကော်	မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၆။	ဦးဝင်းလှိုင်	ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၇။	ဦးလင်းအောင်ဆွေ	နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၈။	ဦးစိုင်းကျော်ဝင်း	မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၁၉။	ဦးနော်တောင်	မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၀။	ဦးခမ်းလူ	မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

Shan State Hluttaw

စဉ်	အမည်	မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်
၂၁။	ဦးစိုင်းခတ္တိယ	မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၂။	ဦးစောမူးလာ	မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၃။	ဦးစိုင်းဘွန်းစီ	မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၄။	ဦးစိုင်းလှိုင်ခမ်း	မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၅။	ဒေါ်နန်းမွန်းအောင်	ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၆။	ဦးစိုင်းနော်ခမ်း	မိုင်းရှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၇။	ဒေါက်တာလဆိုင်း	လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၈။	ဦးခွန်ဟန်သိန်းဦး	မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၂၉။	ဦးစိုင်းကျော်မိုး	မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၀။	ဦးစိုင်းကျော်ဌေး	လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၁။	ဒေါ်နန်းမှတ်နွမ်း	မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၂။	ဒေါ်နန်းအက်(စ်)ကီးမိုး	လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၃။	ဦးခွန်သက်နိုင်	လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၄။	ဦးစိုင်းသန်းထွန်း (ခ)ဦးသိန်းသန်းထွန်း	ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၅။	ဦးအာကာလင်း	ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၆။	ဦးခွန်ညိုမောင်	ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၇။	ဦးခွန်သန်းထူး	ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
၃၈။	ဦးခွန်ဖိုးစိန်	ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

Shan State Hluttaw

အချိုးကျကိုယ်စားပြုစနစ်

စဉ်	အမည်	မဲဆန္ဒနယ်	ကိုယ်စားလှယ်အမှတ်
၁။	ဦးခွန်ထွန်းငယ်	အမှတ်(၁)	ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂။	ဦးခွန်စနေအောင်	အမှတ်(၁)	ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃။	ဦးစိုင်းလုံကျော်	အမှတ်(၁)	ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄။	ဦးခွန်ဆောင်းရွှေ	အမှတ်(၁)	တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅။	ဦးစိုင်းထိန်စိုး	အမှတ်(၁)	ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၆။	ဦးလင်းလင်းနိုင်	အမှတ်(၁)	မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၇။	ဦးထွန်းမြင့်ဦး	အမှတ်(၁)	မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၈။	ဦးကြည်လွင်	အမှတ်(၁)	လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၉။	ဦးအောင်ပြည့်စုံ	အမှတ်(၁)	ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၀။	ဦးဟိန်းထက်ဇော်	အမှတ်(၁)	ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၁။	ဦးဒီဂေါလ်	အမှတ်(၁)	ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၂။	ဦးခွန်ကျော်အေး	အမှတ်(၁)	ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၃။	ဦးခွန်ဝင်းနောင်	အမှတ်(၁)	ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၄။	ဦးမင်းထွန်းအောင်	အမှတ်(၂)	ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၅။	ဒေါ်ဝါဝါထွေး	အမှတ်(၂)	နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၆။	ဒေါ်နန်းခမ်းလူ(ခ) နန်းလဲ့လဲ့ဖြိုး	အမှတ်(၂)	မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၇။	ဒေါ်နန်းသီတာနွယ်	အမှတ်(၂)	ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၈။	ဦးကျော်ကျော်နိုင်	အမှတ်(၂)	မိုင်းရှားမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၁၉။	ဦးစိုင်းဟောင်ခမ်း	အမှတ်(၂)	မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၀။	ဦးခွန်ထွန်းလေး	အမှတ်(၂)	လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၁။	ဦးနိုင်ဝင်းအောင်	အမှတ်(၂)	လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၂။	ဦးသန်းထိုက်ဇော်	အမှတ်(၃)	ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၃။	ဦးစိုင်းခမ်း	အမှတ်(၃)	နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၄။	ဦးသန်းဇော်ဦး	အမှတ်(၃)	နမ္မတူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

Shan State Hluttaw

စဉ်	အမည်	မဲဆန္ဒနယ်	ကိုယ်စားလှယ်အမှတ်
၂၅။	ဦးသီဟလှိုင်	အမှတ်(၃)	သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၆။	ဒေါ်နန်းခမ်းမန်	အမှတ်(၃)	တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၇။	ဒေါ်ခိုင်သန္တာထွေး	အမှတ်(၃)	မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၈။	ဒေါ်နန်းခမ်းလီ	အမှတ်(၃)	မဘိမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၂၉။	ဦးစိုင်းခမ်းကျော်	အမှတ်(၃)	မိုးမိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၀။	ဦးဇော်လွင်	အမှတ်(၃)	နမ့်ဆန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၁။	ဒေါ်စိုးစိုးငြိမ်း	အမှတ်(၃)	မန်တုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၂။	ဦးအိုက်ပလိပ်	အမှတ်(၄)	ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၃။	ဦးစိုင်းနော်ခေး	အမှတ်(၄)	မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၄။	ဒေါ်မေနှင်းသက်	အမှတ်(၄)	မိုင်းဖျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၅။	ဒေါ်နန်းနော်	အမှတ်(၄)	မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၆။	ဦးထင်အောင်နိုင်	အမှတ်(၄)	မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၇။	ဦးစိုင်းဝမ်းလှိုင်းတစ်ပ်	အမှတ်(၅)	တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၈။	ဦးစိုင်းခစ်နွဲ့	အမှတ်(၅)	မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၃၉။	ဦးထွန်းပေါ်သိန်း	အမှတ်(၅)	မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၀။	ဦးစိုင်းရီတစ်	အမှတ်(၅)	မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၁။	ဦးဌေးဝင်းလှိုင်	အမှတ်(၆)	ကွတ်ခိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၂။	ဦးသန်းစိုး	အမှတ်(၆)	နမ့်ခမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၃။	ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ	အမှတ်(၆)	မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၄။	ဦးမောင်မောင်	အမှတ်(၆)	ကွမ်းလုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၅။	ဦးခင်အောင်ဆွေ	အမှတ်(၆)	လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၆။	ဦးစိုင်းစမ်(ခ) စိုင်းခွန်မောင်	အမှတ်(၆)	သိန္နီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၇။	ဒေါ်မြမြဆွေ	အမှတ်(၆)	ကုန်းကြမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၄၈။	ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း	အမှတ်(၆)	လောက်ကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

Shan State Hluttaw

စဉ်	အမည်	မဲဆန္ဒနယ်	ကိုယ်စားလှယ်အမှတ်
၄၉။	ဦးနော်အောင်	အမှတ်(၆)	ဟိုပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅၀။	ဦးစိုးကမ္ဘာစိတ်	အမှတ်(၆)	မိုင်းမောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅၁။	ဦးစိုင်းဝင်းမြင့်	အမှတ်(၆)	ပန်ဝိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅၂။	ဦးစိုင်းအောင်မြင့်	အမှတ်(၆)	နားဖန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅၃။	ဦးစိုင်းဘသန်း	အမှတ်(၆)	မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
၅၄။	ဦးကျော်သိန်းအောင်	အမှတ်(၆)	ပန်ဆန်း(ပန်ခမ်း)မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)

တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ

စဉ်	အမည်	မဲဆန္ဒနယ်
၁။	ဦးကိန်မိုင်	ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
၂။	ဒေါ်အေးချိုစိန်	ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး
၃။	ဒေါ်ခင်ထွေးအောင်	ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
၄။	ဦးဝီလ်ဆင်မိုး	လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
၅။	ဒေါ်ငွေလှိုင်	လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
၆။	ဦးထွန်းအောင်	အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
၇။	ဒေါ်တင်တင်ရီ	အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

Shan State Hluttaw

တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

စဉ်	အမည်	ပြန်တမ်းဝင်အမှတ်
၁။	ဗိုလ်မှူးကြီး စိန်ဝင်း	ကြည်း-၂၄၉၇၀
၂။	ဗိုလ်မှူးကြီး အောင်မျိုးသန်း	ကြည်း-၂၅၇၅၅
၃။	ဒုတိယဗိုလ်မှူးကြီး မြင့်မောင်	ကြည်း-၂၇၄၀၂
၄။	ဒုတိယဗိုလ်မှူးကြီး ညီညီတင်	ကြည်း-၃၀၅၄၅
၅။	ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော်	ကြည်း-၃၂၃၇၂
၆။	ဒုတိယဗိုလ်မှူးကြီး အောင်စိုး	လေ -၂၇၇၁
၇။	ဗိုလ်မှူး ကျော်သူဝင်း	ကြည်း-၂၉၁၃၂
၈။	ဗိုလ်မှူး လှမိုးသိန်း	ကြည်း-၂၄၀၅၀
၉။	ဗိုလ်မှူး ကျော်စိုးလင်း	ကြည်း-၂၅၂၉၇
၁၀။	ဗိုလ်မှူး မင်းခေါင်	ကြည်း-၂၈၇၈၃
၁၁။	ဗိုလ်မှူး ဇော်ဝင်းဦး	ကြည်း-၃၂၅၇၇
၁၂။	ဗိုလ်မှူး အောင်သူရ	ကြည်း-၃၃၄၀၄
၁၃။	ဗိုလ်မှူး ဖြိုးသီဟကျော်	ကြည်း-၃၆၄၃၀
၁၄။	ဗိုလ်မှူး အောင်ကိုကို	ကြည်း-၃၈၈၁၃
၁၅။	ဗိုလ်မှူး ဖြိုးထက်ဦး	ကြည်း-၄၀၄၂၉
၁၆။	ဗိုလ်မှူး ဇော်မျိုးဝေ	ကြည်း-၄၂၃၈၁
၁၇။	ဗိုလ်မှူး အောင်အောင်မျိုး	ကြည်း-၄၅၄၁၇
၁၈။	ဗိုလ်မှူး စိုင်းလောင်မုန်း	ကြည်း-၄၇၁၄၇
၁၉။	ဗိုလ်မှူး ဉာဏ်လင်းအောင်	ကြည်း-၄၇၆၁၄
၂၀။	ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း	အင်န်- ၈၁၄
၂၁။	ဗိုလ်မှူး ဒေါ်ဝေနှင်းအောင်	အင်န်-၈၄၀
၂၂။	ဗိုလ်ကြီး တေဇအောင်	ကြည်း-၃၃၇၃၁
၂၃။	ဗိုလ်ကြီး ကျော်ဝင်းလှိုင်	ကြည်း-၃၅၀၇၅
၂၄။	ဗိုလ်ကြီး စိုးမင်းဌေး	ကြည်း-၄၂၇၁၅
၂၅။	ဗိုလ်ကြီး သော်ဇင်ဝင်း	ကြည်း-၄၉၀၉၈

Shan State Hluttaw

စဉ်	အမည်	ပြန်တမ်းဝင်အမှတ်
၂၆။	ဗိုလ်ကြီး ညီညီထွန်း	ကြည်း-၄၉၅၀၈
၂၇။	ဗိုလ်ကြီး မျိုးမင်းစိုး	ကြည်း-၅၂၀၁၉
၂၈။	ဗိုလ်ကြီး ဇေယျာလင်း	ကြည်း-၅၂၅၄၁
၂၉။	ဗိုလ်ကြီး ဇင်မင်းထွန်း	ကြည်း-၅၉၂၆၆
၃၀။	ဗိုလ်ကြီး ဒေါ်နန်းဟောမာဝေညို	ကြည်း-၆၅၅၈၂
၃၁။	ဗိုလ်ကြီး ဒေါ်ပြုံးသိဂီ	ကြည်း-၆၇၁၇၆
၃၂။	ဗိုလ်ကြီး ဒေါ်ဖြုံးသဇင်ကျော်	ကြည်း-၇၂၉၅၁
၃၃။	ဗိုလ်ကြီး ဒေါ်မေစစ်သူ	ကြည်း-၇၄၂၉၈

Shan State Hluttaw

ရုမ်းပြည်နယ်

တတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(ပထမနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရုမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရုမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

တတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ ဒီကနေ့ တတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး(ပထမနေ့)သို့ လာရောက်လေ့လာသူ(၉)ဦးရှိပြီး ဒေါ်မာလာစမ်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့(၄)ဦး၊ ဦးထွန်းထွန်းမြင့်နှင့် အဖွဲ့(၅)ဦးတို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။

(ကတိသစ္စာပြုမည့် မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)ဦးထွန်းမြင့်ဦးက အစည်းအဝေးခန်းမတွင်း ဥက္ကဋ္ဌ၏ရှေ့တွင် နေရာယူပါသည်။)

ကတိသစ္စာကို ကျွန်တော်ကတိုင်ပေးတဲ့အခါမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုလွှာပေါ်ရှိ ကွက်လပ်နေရာ၌မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

“ကျွန်ုပ် ---------- သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။ ”

ဥက္ကဋ္ဌ။ အားလုံးထိုင်နိုင်ပါပြီ။ ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က မိမိနေရာသို့ ပြန်လည်နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားသည့်အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ

Shan State Hluttaw

ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ (၉၆.၂၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်

Shan State Hluttaw

လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့) ၁၃.၈.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုး မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၂) ဒေါ်နန်းခမ်းလူ (ခ) ဒေါ်နန်းလွဲလွဲဖြူး၊ လူမှုရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၃) ဦးသီဟလှိုင်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂) ရက်။

(၄) ဒေါ်နန်းဆိုင်မွန်း၊ တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဗိုလ်ကြီးသော်ဇင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

ယနေ့ ခွင့်ပန်ကြားသူ(၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်

Shan State Hluttaw

ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်းကြေညာပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို စတင်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်စားလှယ်များ အားလုံး ကျန်းမာစွာနဲ့ လွှတ်တော်အစည်းအဝေးကို ယခုလို စုံစုံညီညီပြန်လည် တက်ရောက်လာကြတဲ့အတွက်အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်းလည်း ပြောကြား လိုပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလမှာ နယ်မြေအသီးသီးက မဲဆန္ဒရှင် ပြည်သူများနဲ့ ထိတွေ့ပြီး ပြည်သူတို့ရဲ့ အသံကို နားထောင်ခဲ့ကြသလို ကျွန်တော့်အနေနဲ့လည်း (၃၀.၇.၂၀၂၆) ရက်နေ့မှာ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိဆောင် အစည်းအဝေး ခန်းမမှာ ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ (Myanmar Parliamentary

Shan State Hluttaw

Union- MPU) အစည်းအဝေး(၁/၂၀၂၆) တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ကို လွှတ်တော်အသီးသီးရဲ့ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု၊ အတွေ့အကြုံဖလှယ်မှုများ တိုးတက်လာစေရန်နဲ့ ဒီမိုကရေစီစနစ် ပိုမိုဖြစ်ထွန်း လာစေရန်အတွက် (၂၆.၆.၂၀၂၆)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ရဲ့ သဘောတူညီချက် ရယူပြီး ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၄၊ ပုဒ်မခွဲ(ခ)၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေပုဒ်မ ၄ တို့နှင့်အညီ ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ လွှတ်တော်အကြီးအမှူးများ၊ ဒုတိယအကြီးအမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အကြီးအမှူးများ အပါအဝင် စုစုပေါင်း(၁၈)ဦးနှင့် ဖွဲ့စည်းထားခြင်း ဖြစ်ပြီး သက်တမ်းမှာ ပြည်ထောင်စုအဆင့် လွှတ်တော်ရဲ့ သက်တမ်းနှင့်အညီ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးကို တက်ရောက်ပြီး ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ် လွှတ်တော်ရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး ပြောကြားတဲ့မိန့်ခွန်းမှာ လွှတ်တော်များ ဖွဲ့စည်းတည်ရှိမှုနှင့် ပတ်သက်ပြီး ကျွန်တော်တို့ နိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ်ကို လေ့လာသိရှိခွင့်ရရှိခဲ့ ပါတယ်။ သမ္မတစနစ်နှင့် ပါလီမန်စနစ်ကို ပေါင်းစပ်ထားတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တာနဲ့အညီ ပြည်ထောင်စုအဆင့်မှာ သမ္မတစနစ်ကိုအခြေခံပြီး တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှာ ပါလီမန်စနစ်ကို အခြေခံထားပါတယ်။ ပြည်ထောင်စုစနစ်ကို အခြေခံထားတဲ့ စနစ်ဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့်မှာ အလျားလိုက် အာဏာကို ပိုင်းခြားသုံးစွဲခြင်း (Horizontal Separation of Powers)ကို ကျင့်သုံးပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ပိုင်းခြား ကျင့်သုံးထားပြီး အာဏာသုံးရပ်ကို သီးခြားစီထားရှိကာ အပြန်အလှန်ထိန်းကျောင်းမှု ပြုထားပါတယ်။ အပြန်အလှန်ထိန်းကျောင်းတယ်ဆိုတဲ့ နေရာမှာလည်း ကဏ္ဍ တစ်ရပ်နှင့်တစ်ရပ် ပွတ်တိုက်မှုမရှိစေဖို့ အပြုသဘောအမြင်နဲ့ ညှိနှိုင်းဆွေးနွေးခြင်း ကသာ နိုင်ငံတော်နှင့် ပြည်သူတွေရဲ့အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အာဏာခွဲဝေကျင့်သုံးမှုကတော့ ဒေါင်လိုက်အာဏာခွဲဝေ ကျင့်သုံးမှု (Vertical Division of Powers)ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအဆင့်ဆိုပြီး ဖွဲ့စည်းပုံအခြေခံ

Shan State Hluttaw

ဥပဒေအရ အာဏာကိုခွဲဝေကျင့်သုံးထားပါတယ်။ ပြည်ထောင်စုအဆင့်မှာ သမ္မတစနစ်ကို အခြေခံထားမှုအရ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးပေမဲ့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှာ ပါလီမန်စနစ်စစ်စစ် မဟုတ်ပေမဲ့ အဲဒီစနစ်ကို အခြေခံထားမှုအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမှာ ရောယှက်နေတာကို သတိပြုရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်ဟာ အုပ်ချုပ်ရေးမှာ ဝန်ကြီးချုပ်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်ပါတယ်။ ဝန်ကြီးချုပ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန်မလိုဘဲ ပါတီလုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါ့အပြင် ဒေါင်လိုက်တာဝန်ခွဲဝေထားမှုအရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)ပါ ကိစ္စရပ်များကို ဥပဒေပြုခွင့်ရှိတဲ့ လွှတ်လပ်တဲ့ လွှတ်တော်ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဝဏ်လွှာပေးပို့ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က (၃၁.၇.၂၀၂၆)ရက်နေ့၊ နံနက် (၁၀)နာရီအချိန်မှာ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၂၀၀၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၆၅ တို့နှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားတဲ့ အစီအစဉ်ကို တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတွေနဲ့ အတူတက်ရောက်ခဲ့ပါတယ်။ မိန့်ခွန်းအပြည့်အစုံကတော့ Media တွေမှာ သတင်းထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ မိန့်ခွန်းထဲမှာ ပြောကြားသွားတဲ့ အကြောင်းအရာတွေက အတော်လေး ကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေတွေ ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေ၊ ရှေ့ဆက် ဆောင်ရွက်မယ့် အစီအစဉ်တွေ၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက် ကောင်းမွန်ရေး စတာတွေကို အဓိကထား ပြောကြားတာတွေကို တွေ့ရှိရပါတယ်။

အစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက် နှစ်ရပ်ဖြစ်တဲ့ "တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် " နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး" ဆိုတာ အရေးကြီးကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖို့ဆိုရင် အရင်ဆုံး တည်ငြိမ်အေးချမ်းဖို့လိုကြောင်း၊ တည်ငြိမ်မှုမရှိရင် စီးပွားရေးလုပ်ငန်းတွေ ပုံမှန်လုပ်ကိုင်ဖို့ ခက်ခဲနိုင်သလို၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍတွေကိုလည်း ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ “သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှု” ဖြစ်စေရေးကို အဓိက

Shan State Hluttaw

ရည်မှန်းချက်အဖြစ် ဆောင်ရွက်သွားမှာဖြစ်ပြီး မူးယစ်ဆေးဝါးကို အမျိုးသားရေး အန္တရာယ်အဖြစ် သတ်မှတ်ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်နှင့် ဖိဖိစီးစီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

ရက်ပေါင်း (၁၀၀)ကာလဟာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်များကို စတင်ချမှတ်နိုင်ခဲ့တဲ့ သမိုင်းဝင်ကာလတစ်ခုဖြစ်တာနဲ့အညီ မိမိတို့အနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး"ဆိုတဲ့ ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်မြင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်သွားမှာ ဖြစ်ပြီး အတွေးအခေါ် နောက်ကျမကျန်ရစ်ခဲ့စေဖို့နဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးကို အရှိန်ရအောင် (၂)နှစ် အချိန်ယူမှာဖြစ်ပြီး အရှိန်အဟုန်နဲ့ တည်ဆောက်မှုကို (၃)နှစ် အချိန်ယူဆောင်ရွက်မှာဖြစ်တဲ့အတွက် ပြည်သူလူထုတစ်ရပ်လုံးကလည်း ကဏ္ဍ အသီးသီးကနေ တက်ကြွစွာပါဝင်ကူညီပေးကြဖို့ အလေးအနက် တိုက်တွန်းမှာကြားခဲ့ ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့နေထိုင်ရာ၊ မိမိတို့ တာဝန်ယူရာနေရာဒေသကနေ နိုင်ငံနဲ့ ပြည်သူအတွက် အကျိုးရှိမဲ့ လုပ်ငန်းတွေ တတ်နိုင်သမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။ လွှတ်တော်၏ လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး "မေးခွန်း မေးမြန်းခြင်း"ဟာ လွှတ်တော်ရဲ့ အရေးပါတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပေမဲ့လည်း လွှတ်တော်ရဲ့လုပ်ငန်း၏တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အစည်းအဝေးရဲ့ ပထမ(၁)နာရီကို မေးခွန်းမေးမြန်းဖို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂ မှာ "နိုင်ငံတော်ရဲ့ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအားလုံးကို ခွဲဝေအပ်နှင်းထားပါတယ်"ဟု အတိအလင်းဖော်ပြထားတဲ့ အတွက် လွှတ်တော်ရဲ့ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး လုပ်ငန်းတာဝန် တစ်ရပ်ဟာ "ဥပဒေပြုရေး လုပ်ငန်း"သာ ဖြစ်ပါတယ်။

ပထမနှင့် ဒုတိယလွှတ်တော်သက်တမ်းများမှာ ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့ ဇယား(၂)ပါ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွေက ကဏ္ဍအလိုက်

Shan State Hluttaw

ပြဋ္ဌာန်းရမဲ့ ဥပဒေ(၇၅)ခုရှိတဲ့အနက် (၂၅)ခုပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် (၅၀)ခု ပြဋ္ဌာန်းရန်ကျန်ပါတယ်။ ဒါကြောင့် ပြည်နယ်အတွက် အကျိုးရှိမဲ့ ကိစ္စရပ်တွေကို လေ့လာပြီး ဥပဒေတွေကို ဆက်လက်ပြဋ္ဌာန်းသွားရမည့်တာဝန်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးရဲ့ တာဝန်ဖြစ်ကြောင်း သတိပြုရမှာဖြစ် ပါတယ်။ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေထဲမှာ ပြင်ဆင်ဖို့လိုအပ်တဲ့ဥပဒေ၊ အသစ်ပြဋ္ဌာန်းရမဲ့ ဥပဒေ၊ မူလအတိုင်းထားရှိရမဲ့ ဥပဒေ၊ ပယ်ဖျက်သင့်တဲ့ဥပဒေအစရှိသဖြင့် စိစစ်ဖို့ လိုအပ်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီရဲ့ စည်းကမ်းစနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနှင့် အရည်သွေး မြင့်မားမှုတို့အပေါ်မှာ မှီတည်နေပါတယ်၊ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ် တွေရဲ့ ဆောင်ရွက်ချက်တိုင်းဟာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အမှန်တကယ်အကျိုးပြုစေမဲ့ ဆောင်ရွက်ချက်များ ဖြစ်ရမှာဖြစ်ပါတယ်။ နိုင်ငံတော် အတွင်းမှာရှိတဲ့ နိုင်ငံသူ/ နိုင်ငံသားများရဲ့ လိုအပ်ချက်တွေ၊ မျှော်မှန်းချက် တွေကို သိရှိစေဖို့ ဆောင်ရွက်ပြီး ဥပဒေပြုရေးအခန်းကဏ္ဍကနေတစ်ဆင့် ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ အစည်းအဝေးမှာ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးအပိုင်းမှာ အစိုးရအဖွဲ့က ပေးပို့လာတဲ့ ဥပဒေကြမ်း တစ်ခု လွှတ်တော်မှာ ဆွေးနွေးသွားဖို့ရှိပါတယ်။ ဒါအပြင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာ ရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်းပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက စိစစ်ပြီး လွှတ်တော်က အတည်ပြုပေးရမည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ဖို့ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး တစ်ပြေးညီဖြစ်စေဖို့အတွက် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိနိုင်ရန်အတွက် လည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

ပြည်သူတွေရဲ့ လိုလားချက်တွေကို အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြ မေးခွန်းများအဖြစ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကနေတစ်ဆင့် မေးမြန်းဆောင်ရွက်ရင်း ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုကိုရရှိအောင် ဆက်လက် ကြိုးပမ်းအားထုတ်ကြစေလိုပါတယ်။ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို

Shan State Hluttaw

ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း အလေးအနက် ယုံကြည်ပါတယ်။ လွတ်တော်ရဲ့ အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် လွတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်း အစည်းအဝေးအားလပ်တဲ့ အချိန်တွေမှာ ပြုလုပ်ပေးသွားဖို့လည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအဖြစ် အတူတကွ တာဝန်ထမ်းဆောင်ခွင့်ရတဲ့အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန်နားလည်မှုကို တည်ဆောက်ပြီး မိမိတို့ လွတ်တော်ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လွတ်တော်လုပ်ငန်းများ အပါအဝင် ဒီအစည်းအဝေးမှာ ဆောင်ရွက်ရန် လျာထားတဲ့ အစီအစဉ်အားလုံးကို အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက အစိုးရ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၊ ဦးမင်းအောင်လှိုင်က (၃၁-၇-၂၀၂၆)ရက်နေ့ နံနက် (၁၀) နာရီတွင် ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ပြည်ထောင်စုလွတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို တက်ရောက်ပြီး နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ရှမ်းပြည်နယ်လွတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွတ်တော်သို့ လွတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်း

Shan State Hluttaw

ထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သက်နိုင် ဖြစ်ပါတယ်ခင်ဗျား။ ဒီကနေ့ကျွန်တော် ကြယ်ပွင့်ပြမေးမဲ့ မေးခွန်းကတော့ လွိုင်လင်မြို့နယ်၊ ဟွေ့တောက်ကျေးရွာအုပ်စုအတွင်းရှိ လုံးဒါကျေးရွာ၊ ကျိုင်းခမ်းကျေးရွာနှင့် လှဲလောင်းကျေးရွာတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ လွိုင်လင်မြို့နယ်၊ ဟွေ့တောက်ကျေးရွာအုပ်စုအတွင်းရှိ လုံးဒါကျေးရွာ၊ ကျိုင်းခမ်းကျေးရွာနှင့် လှဲလောင်းကျေးရွာတို့တွင် အိမ်ခြေပေါင်း(၂၄၀)အိမ်နှင့် လူဦးရေ(၁၂၃၀)ဦးခန့်ရှိပြီး ဘုန်းကြီးကျောင်း(၂)ကျောင်း လည်းရှိပါတယ်ခင်ဗျား။ အဆိုပါကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ကော်ဖီ၊ ထောပတ်၊ စပါးစသည်တို့ကို အဓိကထား၍ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါတယ်ခင်ဗျား။ အများစုက နိုင်ငံခြားဝင်ငွေကို အမြောက်အများရရှိစေနိုင်တဲ့ ကော်ဖီကိုအဓိကထား စိုက်ပျိုးတဲ့အတွက်ကြောင့် ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစဉ်ဖြစ်သည့် ကော်ဖီအခွံခွာတ်ခြင်းနှင့် အစေ့ထုတ်ခြင်းလုပ်ငန်းများ ပြုလုပ်ရာတွင် လျှပ်စစ်ဓာတ်အားမရှိသည့်အတွက် ဒီဇယ်သုံးမီးစက်ကိုသာ အသုံးပြုပြီး လုပ်ငန်းလည်ပတ်နေရပါတယ်။ ယခုအခါမှာ ဒီဇယ်ဝယ်ယူရရှိနိုင်ရန် အခက်ခဲများရှိခြင်းနှင့် စျေးနှုန်းမြင့်မားခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူများ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်ခင်ဗျား။ အဆိုပါ ကျေးရွာများတွင် နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွင်း ကုန်ထုတ်စွမ်းအား မြင့်မားလာစေခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်လာနိုင်ခြင်း၊ သီးနှံအရည်အသွေးများ ထိန်းသိမ်းနိုင်ခြင်း၊ ဒီဇယ်အစား လျှပ်စစ်ကိုအသုံးပြုနိုင်၍ ကုန်ကျစရိတ်သက်သာခြင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ များစွာကောင်းကျိုးအထောက်အကူဖြစ်စေပါတယ်။ ထို့ကြောင့် ဒေသအတွင်းကျေးရွာများ လျှပ်စစ်မီးရရှိစေရန် ဟိုနားကျေးရွာမှ လုံးဒါကျေးရွာအထိ (၂.၇)မိုင်၊ လုံးဒါကျေးရွာမှ ကျိုင်းခမ်းကျေးရွာအထိ (၀.၇၃)မိုင်၊ စုစုပေါင်း (၁၁) KV

Shan State Hluttaw

ဓာတ်အားလိုင်း (၃.၄)မိုင်ကို နိုင်ငံတော်မှ လျှပ်စစ်မီးသွယ်တန်းပေးမည်ဆိုပါက ကျန်ရှိသည့်(၄၀၀)ဗို့ ဓာတ်အားလိုင်း (၁၅၀၀) ပေ (၁၁/၀.၄) KV ၊ (၁၀၀) KVA ထရန်စဖော်မာ (၁)လုံးနှင့် (၁၁/၀.၄) KV (၂၀၀) KVA ထရန်စဖော်မာ (၁)လုံးအား လျှပ်စစ်ဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကျေးရွာအစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထ အကုန်ကျခံ၍ တည်ဆောက်သွားမည်ဖြစ်ပါတယ်။ ကျေးရွာနေတောင်သူများ၏ တစ်ဖက်တစ်လမ်းတတ်နိုင်သလောက် ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာ ငွေကိုလည်း ကျွန်တော်တို့ ခြိုးခြံချွေတာ ထိန်းသိမ်းရာလည်းရောက်ပါတယ်။

သို့ဖြစ်ပါ၍ လွိုင်လင်မြို့နယ်၊ ဟွေ့တောက်ကျေးရွာအုပ်စုအတွင်းရှိ လုံးဒါ ကျေးရွာ၊ ကျိုင်းခမ်းကျေးရွာနှင့် လှဲလောင်းကျေးရွာတို့အတွင်း လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းတင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးခွန်သက်နိုင်၊ မေးမြန်းတဲ့မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်တဲ့ ဦးခွန်သန်းထူးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ ဟွေ့တောက်ကျေးရွာ အုပ်စု လုံးဒါကျေးရွာ၊ ကျိုင်းခမ်းကျေးရွာနှင့် လှဲလောင်းကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် (၃၃/၁၁) KV (၅) MVA မိုင်းပွန်ဓာတ်အားခွဲရုံ (၁၁) KV ၊ ချိုခမ်း ဖီဒါပေါ်တွင် မီးလင်းပြီး ဟိုနားကျေးရွာမှ Tapoff ရယူကာ တည်ဆောက်ရမည် ဖြစ်ပါ တယ်။ အဆိုပါကျေးရွာ(၃)ရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်သော ထရန်စမော်မာ (၂)လုံး (၁၀၀ KVA ၁လုံး + ၂၀၀ KVA ၁ လုံး)နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၂.၉၆)မိုင်

Shan State Hluttaw

တို့အား ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် (၁၁) KV ဓာတ်အားလိုင်းသာ တည်ဆောက်ပေးရန်လိုအပ်ပြီး ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းဒေသပေါက်ဈေးအရ အောက်ပါအတိုင်း ကုန်ကျမည်ဖြစ်ပါတယ်-

(က) လုံးဒါကျေးရွာ ဓာတ်အားရရှိရေးအတွက် မီးလင်းပြီး ဟိုနားကျေးရွာမှ Tapoff ရယူကာ (၁၁) KV လိုင်း (၂.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၅၁၄.၈၉)ကျပ်သန်း။

(ခ) ကျိုင်းခမ်းကျေးရွာနှင့် လဲ့လောင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် လုံးဒါကျေးရွာမှ Tapoff ရယူကာ (၁၁) KV လိုင်း (၀.၇၃)မိုင် ခန့်မှန်းကုန်ကျငွေ (၁၃၉.၂၁) ကျပ်သန်း။ အဆိုပါကျေးရွာများရှိ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးရမည့် (၁၁) KV လိုင်း (၃.၄၃)မိုင်အား ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ လုံးဒါကျေးရွာ၊ ကျိုင်းခမ်းကျေးရွာ၊ လဲ့လောင်းကျေးရွာ ဟူ၍ ကျေးရွာစဉ်အလိုက် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မိုင်းရယ်မြို့နယ်၊အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်သန္တာထွေးပဲ ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ ကျွန်မအနေနဲ့ ရှမ်းပြည်နယ်ရဲ့ သဘာဝသယံဇာတများဖြစ်တဲ့ သစ်တောထွက်ပစ္စည်းများအပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေများနှင့်ပတ်သက်ပြီး ပြည်သူလူထုကိုယ်စား မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ သစ်တောဖုံးလွှမ်းမှုဧရိယာ ကျယ်ဝန်းပြီး အဖိုးတန်သစ်မာသာမက အခြားသောသစ်တောထွက်ကုန်ပစ္စည်းများ အမယ်စုံထွက်ရှိရာဒေသကြီး တစ်ခုလည်းဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ရှမ်းပြည်နယ်ရဲ့ ပထဝီအနေအထားအရ အခြားတိုင်းဒေသကြီးတွေမှာ မထွက်ရှိတဲ့ အဖိုးတန်သစ်မာအမျိုးအစားများစွာထွက်ရှိနေပါတယ်။ အဲ့ဒီသစ်မာတွေကို စီးပွားဖြစ်ထုတ်ယူရာမှာပဲ

Shan State Hluttaw

ဖြစ်စေ၊ ဒေသအတွင်း အသုံးပြုရာမှာပဲ ဖြစ်စေ သတ်မှတ်ထားတဲ့အခွန်နှုန်းထားတွေ အတိုင်း ဘဏ္ဍာငွေရှာဖွေပေးနိုင်မှု အခြေအနေကို သိရှိလိုပါတယ်ရှင့်။ နောက် သစ်တောထွက်ပစ္စည်း အသေးစားပစ္စည်းတွေဖြစ်တဲ့ အိမ်ဆောက်လုပ်ရေးနဲ့ လူသုံးကုန် ပစ္စည်းအတွက် အရေးပါလှတဲ့ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ပြည်ပပို့ကုန်အဖြစ် အလားအလာရှိတဲ့ သျှားစေး၊ သစ်မွေး၊ ဒေသထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ထင်းရှူးဆီနဲ့ ပျားထွက်ပစ္စည်း စတာတွေဟာဒေသခံပြည်သူတွေရဲ့ နေ့စဉ်လူမှု စီးပွားဘဝနဲ့တိုက်ရိုက် ပတ်သက်နေသလို စနစ်တကျ အခွန်ကောက်ခံနိုင်ရင် ပြည်နယ်အတွက် အင်မတန် ကြီးမားတဲ့ ဘဏ္ဍာငွေရရှိမှာ ဖြစ်ပါတယ်။ ဒီသယံဇာတတွေကရရှိလာတဲ့ အခွန်ဘဏ္ဍာ ငွေတွေဟာ ကျွန်မတို့ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့အရင်းအမြစ်တစ်ခု ဖြစ်တဲ့အတွက်ကြောင့်မလို့ အခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီသစ်တောထွက်ကုန် ပစ္စည်းတွေအပေါ် အခွန်ကောက်ခံရာမှာ လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်း တွေဟာ ခေတ်ကာလနှင့်လျော်ညီမှု ရှိ/ မရှိ ဆိုတာကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါတယ်။ သစ်တောထွက်ပစ္စည်းများထုတ်ယူမှုအပေါ် အခွန်ကောက်ခံ ရာမှာ ပွင့်လင်းမြင်သာမှုရှိမှသာ သယံဇာတပြုန်းတီးမှုကို တားဆီးနိုင်မှာ ဖြစ်သလို ရရှိလာတဲ့ အခွန်ငွေတွေကိုလည်း သစ်တောပြန်လည် ပြုစုပျိုးထောင်ရေးလုပ်ငန်း တွေမှာ ထိရောက်စွာ ပြန်လည်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်ရဲ့ သယံဇာတတွေဟာ နောင်လာနောက်သားတွေအတွက် ရေရှည်တည်တံ့နေဖို့ လိုအပ်သလို ထုတ်ယူသုံးစွဲတဲ့နေရာမှာလည်း နိုင်ငံတော်နဲ့ ပြည်နယ်အတွက် ထိုက်သင့်တဲ့ အခွန်ဘဏ္ဍာငွေ တိတိကျကျရရှိဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်မလို့ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့-

၁။ ရှမ်းပြည်နယ်အတွင်းရှိ သစ်တောများမှ ထုတ်ယူသော ကျွန်းနှင့် သစ်မာမဟုတ်တဲ့ အခြားသစ်များအပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေ မည်သို့ရှိပါသလဲ။

၂။ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်၊ ရှားစေး၊ ထင်းရှူးဆီ၊ သစ်မွေးနှင့် ပျားထွက်ပစ္စည်းများစသည့် သစ်တောထွက်ကုန်များအပေါ် အခွန် ကောက်ခံရာမှာ မည်သည့်လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက် နေပါသလဲ။

၃။ ရှမ်းပြည်နယ်အတွင်း ပိုမိုခိုင်မာတဲ့ အခွန်စနစ်တစ်ခု ဖြစ်ထွန်းလာစေဖို့ အတွက် ရှမ်းပြည်နယ် သစ်တောထွက်ပစ္စည်းများ အခွန်အခဆိုင်ရာ ဥပဒေအသစ်တစ်ရပ် ဒါမှမဟုတ် ပြည်နယ်အဆင့် သီးခြား

Shan State Hluttaw

ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက ပေါ်ပေါက်လာစေဖို့အတွက် တိုက်တွန်းလိုပါတယ်။ အဲ့ဒီအခွန်ကောက်ခံမှုပေါ် ရရှိလာတဲ့ ဘဏ္ဍာငွေတွေကို ပြည်နယ်ဖွံ့ဖြိုးရေးနဲ့ သစ်တော ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ဘယ်လိုခွဲဝေအသုံးပြုနေတာလည်း ဆိုတာကို ပြည်သူအများသိရှိနိုင်စေရန်အတွက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ခိုင်သန္တာထွေးက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ကျွန်တော် ပြည်နယ်သယံဇာတဝန်ကြီးက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

(က) ရှမ်းပြည်နယ်အတွင်းရှိ သစ်တောများမှ ထုတ်ယူသော ကျွန်းနှင့် သစ်မာမဟုတ်သော အခြားသစ်များ(အုပ်စု ၂၊ ၃၊ ၄၊ ၅)တွင် ပါဝင်သည့် သစ်များအပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေမှာ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အခွန်ရငွေ ကျပ် ၃၅၂.၄၅၇ သန်းရရှိခဲ့ပြီး ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ၂၀၂၆ ခုနှစ်၊ ဇွန်လအထိ အခွန်ရငွေမှာ ကျပ် ၁၁၁.၉၁၉ သန်းရရှိပါကြောင်း။

(ခ) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပုဒ်မ ၂၅၄(က)အရ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေးနှင့် ပျားထွက်ပစ္စည်းများစသည့် သစ်တောထွက်ကုန်များအပေါ် ကောက်ခံရရှိသည့် အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်လျက်ရှိရာ ထင်း၊ မီးသွေး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါးနှင့် ပျားထွက်ပစ္စည်းများစသည့် သစ်တော ထွက်ကုန်များအား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၃၀.၆.၂၀၀၉ ရက်စွဲပါစာအမှတ်၊ လင/ အခ/ ၀၀၇၈

Shan State Hluttaw

(၉၄၈၁-၉၅၁၁/၂၀၀၉)ဖြင့် အခွန်ကောက်ခံပါကြောင်း၊ ကြိမ်နှင့် ဝါးအား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၂.၁၀.၂၀၂၂ ရက်စွဲပါစာအမှတ်၊ လင/ အခ/ ဝ၀၈၀(၁၀၄၈၁-၉၉/ ၂၀၂၂)ဖြင့် အခွန် ကောက်ခံပါကြောင်း၊ ထင်းရှူးဆီ၊ သစ်မွေးအပါအဝင် အခြားအသေး အဖွဲ့ သစ်တောထွက်ပစ္စည်း(မျှစ်၊ ဝဋ်၊ မာလာဋ္ဌ၊ မှို.....အစရှိသည့်) များအား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ (ဖ)လ(၁)ကြိမ် အတည်ပြုသတ်မှတ်ထားသော မြို့နယ်အလိုက် ဒေသပေါက်စျေးနှုန်းအပေါ် (၂၅%)အခွန်ကောက်ခံဆောင်ရွက်လျက် ရှိပါကြောင်း။

(ဂ) ရှမ်းပြည်နယ်အတွင်း ထွက်ရှိသည့် ကျွန်းနှင့် သစ်မာ(အုပ်စု-၁)များမှ အပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်နှုန်းထားများနှင့် အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေးနှင့် ပျားထွက် ပစ္စည်းများ စသည့် သစ်တောထွက်ကုန်များကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ သတ်မှတ်အခွန်တော်နှုန်းထားအတိုင်း ကောက်ခံခြင်း၊ ထင်းရှူးဆီ၊ သစ်မွေးအပါအဝင် မျှစ်၊ တံမြက်စည်း၊ ကောက်ညှင်းဥ၊ ဝဋ်၊ နဂါးဥ၊ မှို၊ တောင်ထန်းမြစ်၊ မာလာဋ္ဌ၊ သံလွင်သီး၊ တပင်တိုင်မြနန်းဥ၊ ပန်းခြောက်အစရှိသည့် အသေးအဖွဲ့ သစ်တော ထွက်ပစ္စည်းများမှာလည်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (ဖ)လ(၁)ကြိမ် အတည်ပြုသတ်မှတ်ထားသည့် မြို့နယ် အလိုက် ဒေသပေါက်စျေးများအပေါ် အခွန်အခ(၂၅%)ကောက်ခံပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄(က)နှင့်အညီ ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ စနစ်တကျ ပေးသွင်းဆောင်ရွက်လျက်ရှိပါသဖြင့် ရှမ်းပြည်နယ်သစ်တောထွက်ပစ္စည်းများ အခွန်အခဆိုင်ရာသစ်တော ဥပဒေအသစ်တစ်ရပ် သို့မဟုတ် ပြည်နယ်အဆင့် သီခြားပြဋ္ဌာန်း ချက်များ ပြဋ္ဌာန်းရန် မလိုအပ်သေးပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဟော်ထိုက်ဖူ (ခ) ဦးအောင်ကျော်ထွန်း၊ လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဦးဟော်ထိုက်ဖူ(ခ)ဦးအောင်ကျော်ထွန်း၊ လောက်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရုမ်းပြည်နယ်၊ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးဟော်ထိုက်ဖူ(ခ)ဦးအောင်ကျော်ထွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့နယ်ရုံးများအား လားရှိုးမြို့တွင် တွဲဖက်ဖွင့်လှစ် ရန်နှင့် ဒေသခံပြည်သူများအား လားရှိုးမြို့တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းတဲ့မေးခွန်းများကို မေးမြန်းခဲ့ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားပြည်သူများဟာ (၁၀၂၇) စစ်ဆင်ရေးဖြစ်ပွားပြီး တဲ့နောက် မြန်မာနိုင်ငံအရပ်ဒေသ အသီးသီးမှာ စစ်ဘေးရှောင်အဖြစ် နေထိုင်ပြီး ရှင်သန်ရပ်တည်ခဲ့ပါတယ်ခင်ဗျား။ ဒုက္ခများစွာကိုလည်း ကြုံတွေ့ရင်ဆိုင်ခဲ့ရပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ကိုးကန့်ဒေသထဲမှာ ပါဝင်တဲ့ မြို့နယ်များမှာ နေထိုင်တဲ့ တိုင်းရင်းသားများအတွက် (လဝက)ကိစ္စ၊ အထွေထွေအုပ်ချုပ်ရေးကိစ္စများအတွက် ရုံးများကို တောင်ကြီးမြို့မှာ ရုမ်းပြည်နယ် အစိုးရ အစီအစဉ်နဲ့ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်ခင်ဗျား။

လားရှိုးမြို့ကို နိုင်ငံတော်က အုပ်ချုပ်ရေးယန္တရား ပြန်လည်လည်ပတ်ခဲ့သည်မှာ (၁)နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ ကိုးကန့်ဒေသမှာ နေထိုင်ခဲ့တဲ့ တိုင်းရင်းသားအများစုဟာလဲ လားရှိုးမြို့ပတ်ဝန်းကျင်နဲ့ မူလကိုးကန့်ဒေသများမှာ နေထိုင်ကြသူများက အများစုဖြစ်တာကို တွေ့ရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ကိုးကန့်အထူးဒေသမှ တိုင်းရင်းသားပြည်သူများ၏ (လဝက)ကိစ္စ၊ အထွေထွေအုပ်ချုပ်ရေးကိစ္စများ အဆင်ပြေချောမွေ့စေရန် ကိုးကန့် ဒေသခံမြို့နယ်ရုံးများအား လားရှိုးမြို့တွင် တွဲဖက်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့တဲ့ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့သည်နည်းတူ ရုမ်းပြည်နယ် အတွင်း ပြန့်ကွဲ၍ စစ်ရှောင်နေရသော ကိုးကန့်ဒေသတွင် နေထိုင်သော တိုင်းရင်းသား

Shan State Hluttaw

ပြည်သူများကို ပြန်လည်ပြောင်းရွှေ့တွဲဖက်မည့် လားရှိုးမြို့ရုံးတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသောကြောင့် ဤကြယ်ပွင့်ပြမေးခွန်းများကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် လောက်ကိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ထိုက်ဖူ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကိုးကန့်ဒေသရုံး၊ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ချင်းရွှေဟော်မြို့နယ်ရုံးတို့အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နယ်မြေဒေသအခြေအနေများကြောင့် (၁-၂-၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ပေးမှုနဲ့ တောင်ကြီးမြို့မှာ ယာယီရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်ရှိ ဒေသခံပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုပြောင်းရွှေ့ခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းများကိုလည်း စိစစ်ထောက်ခံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဒေသနှင့်လောက်ကိုင်မြို့နယ်/ ကုန်းကြမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးရုံးများကို ကိုးကန့်ဒေသ၏ နယ်မြေဒေသလုံခြုံရေးအခြေအနေအရ တောင်ကြီးမြို့၊ ဆရာဝန်များအသင်းမှာ ယာယီရုံးဖွင့်လှစ်၍ ကိုးကန့်ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်း၊ လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုပြောင်းရွှေ့ခြင်းများအား လက်ရှိအချိန်အထိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ် (ယာယီရုံးခွဲများ)တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုအနေဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် (၂.၈.၂၀၂၄)ရက်နေ့မှ (၁၉.၄.၂၀၂၆)ရက်နေ့အထိ အိမ်ထောင်စု (၃၀၆)စု အတွက် အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူထုတ်ပေးခြင်း၊ နိုင်ငံသား (၁၄၀၈)ဦး အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အစိုးရသစ်ကာလ ပြည်သူအတွက် ဆောင်ရွက်ချက် ရက် ၁၀၀ ကာလမှာ

Shan State Hluttaw

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှု အနေဖြင့် (၂၀.၄.၂၀၂၆) နေ့မှ (၃၁.၇.၂၀၂၆)နေ့အထိ အိမ်ထောင်စု (၉၁)စုအတွက် အိမ်ထောင်စုလူဦးရေ၊ နိုင်ငံသားစိစစ်ရေးကတ်(၂၄၄)ဦးအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်မှာ ကျွန်တော်တို့ လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်(ယာယီရုံးခွဲ) စတင်ဖွင့်လှစ်တဲ့ (၂.၈.၂၀၂၄)ရက်နေ့မှ ယာယီနေရပ် စွန့်ခွာလာတဲ့ အိမ်ထောင်စု (၃၉၇)စုအတွက် အိမ်ထောင်စုလူဦးရေစာရင်းစုစုပေါင်း နိုင်ငံသား(၁၆၅၂)ဦးအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် UID ကတ်ပြားထုတ်ပေးခြင်းကိုပါ တစ်ပါတည်းဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်တွင် နယ်မြေဒေသအခြေအနေ ပိုမိုကောင်းမွန်လာ စေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းအင်အားများ လည်း စုဖွဲ့ထားရှိပြီးဖြစ်ကြောင်းနှင့် သင့်လျော်တဲ့အချိန်မှာ ဌာနဆိုင်ရာရုံးများအား ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံး လိုရာဆန္ဒတွေပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်အချို့က ပြည်သူများထံမှ ငွေကြေးကောက်ခံခြင်းများနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာပဲ ဖြစ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်အတွင်းမှ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများအား သင်တန်း များပို့ချပေးနေသည်ကိုလည်းတွေ့ရှိရပါတယ်။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်တွင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်ပေးနိုင်သောသူတွေဖြစ်ပါတယ်။ မိမိရပ်ရွာရဲ့ အရာရာကို သိနိုင်စွမ်းသောသူများလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်ရွာကောင်းကျိုး ဆောင်ရွက်ပေးနေကြသော ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်

Shan State Hluttaw

ရေးမှူးများအပေါ် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထောက်ပံ့ပေးခြင်း၊ ဆုကြေးငွေများပေးအပ်ခြင်းများ စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါတယ်ခင်ဗျား။ သို့သော် အချို့သော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက အိမ်ခြံမြေရောင်းဝယ်ခြင်းများအပေါ်တွင် ရာခိုင်နှုန်းများသတ်မှတ်၍ ငွေကြေးကောက်ခံခြင်းများ၊ စစ်မှုထမ်းနှင့်စပ်လျဉ်း၍ ပုံစံမျိုးစုံကောက်ခံနေခြင်းနှင့် တရားမဝင်လုပ်ငန်းများကို ခွင့်ပြုပြီးတော့မှ ငွေကြေးရယူခြင်းများရှိနေကြောင်း သတင်းရရှိပါတယ်။ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်အားလုံးကို ဆိုလိုခြင်းမဟုတ်ကြောင်းကိုလည်း တင်ပြလိုပါတယ်ခင်ဗျား။ အချို့သော အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ရပ်ရွာအကျိုး အမှန်တကယ်ဆောင်ရွက်နေကြတာကိုလည်း တွေ့ရှိရပါတယ်။ ဘယ်အရာပဲဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုပြုလုပ်တော့မယ်ဆိုရင် အရင်ဆုံးအောက်ခြေခိုင်ခန့်အောင်ကောင်းမွန်ဖို့ အရေးကြီးပါတယ်ခင်ဗျား။ အဆောက်အဦတစ်ခုဆောက်မယ်ဆိုရင် အောက်ခြေဖောင်ဒေးရှင်းကောင်းမှ ကြာရှည်ခိုင်ခန့်တည်မြဲမှာဖြစ်ပါတယ်။ ဥပမာတင်ပြရရင် ပျက်စီးနေသော ကားတစ်စီးကို ပြုပြင်တော့မယ်ဆိုရင် ကားတာယာတွေ၊ ကားအောက်ပိုင်းတွေ၊ အင်ဂျင်တွေကို အရင်ဆုံးပြုပြင်ရပါမယ်။ ပြီးကာမှကားဘော်ဒီတွေ၊ မိုးယိုနေတဲ့ခေါင်မိုးတွေကို ပြုပြင်ရပါမယ်။ အားလုံးကောင်းမွန်သွားမှသာလျှင် အဆိုပါယာဉ်များကို ကျွမ်းကျင်တဲ့မောင်းနှင်တတ်သူတွေကမောင်းမှသာလျှင် ယာဉ်အန္တရာယ်ကင်းရှင်းပြီးတော့မှ လိုရာခရီးကို ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစိတ်ချမ်းသာစွာ ခရီးဆက်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မလို့ အောက်ခြေခိုင်ခံ့အောင် အရင်ဆုံးပြုပြင်ပေးလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ အုပ်ချုပ်ရေးအဖွဲ့ဝင်များရဲ့ ဆောင်ရွက်ချက်တိုင်းသည် အစိုးရ၏ပုံရိပ်ကို သက်ရောက်ပါစေကြောင်း သတိချပ်စေလိုပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများနှင့်နေ့စဉ်ထိတွေ့ဆက်ဆံနေကြရသော ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင် အချို့အနေဖြင့် ပြည်သူများထံမှ မလိုလားအပ်သော ငွေကြေးကောက်ခံခြင်းမပြုလုပ်ရန် မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်ထားပါကြောင်းနှင့် အမှန်တကယ် ရပ်ရွာကောင်းကျိုးဆောင်ရွက်ပေးနေကြသော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များအပေါ် မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်သည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဌေးဝင်းလှိုင် ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ငွေကြေးကောက်ခံနေမှုအား မည်ကဲ့သို့စိစစ်ကြပ်မတ်ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၈ တွင် "ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် အောက်ပါချီးမြှင့်ထောက်ပံ့ငွေများကို သတ်မှတ်ပေးရမည်"ဟု ပြဋ္ဌာန်းထားရှိပါသည်-

(က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊

(ခ) အပိုဒ် ၁၆(ဂ) သို့မဟုတ် ပုဒ်မ ၁၆(ဃ)အရ ယာယီတာဝန်ပေးအပ်ခံရသူအတွက် ချီးမြှင့်ထောက်ပံ့ငွေ၊

(ဂ) သက်တမ်းကာလပြည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ၊

အပိုဒ်(၂)မှာ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၆ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထား ရှိပါသည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် လစဉ်ချီးမြှင့် ထောက်ပံ့ငွေကို နိုင်ငံတော်မှသတ်မှတ်ခွဲဝေပေးပါက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်ထောင်စုရငွေအသုံးစရိတ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ရငွေသုံးငွေအသုံးစရိတ်မှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးရမည်။

(ခ) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် တစ်လုံးတစ်

Shan State Hluttaw

ခဲတည်းချီးမြှင့်ငွေကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ခွင့်ပြုပေးရန် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး နိုင်ငံရေးပင်စင်ဌာနသို့ တင်ပြလျှောက်ထားရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စရိတ်ချီးမြှင့်ငွေစာရင်း ခေါင်းစဉ်ဖြင့် လစဉ်(၁)ဦးလျှင် ကျပ်(၇၀၀၀၀)နှင့် သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ်ဖြင့် တစ်ရုံးလျှင် (၅၀၀၀၀) ကျပ်နှုန်းဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး ဆိုင်ရာနည်းဥပဒေ(၃၆)တွင် မပါသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် ပြုလုပ်သည့် လဝက်/လကုန်အစည်းအဝေးများတွင် အိမ်ခြံမြေရောင်းဝယ်ခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားဝင်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းဝယ်ခြင်းများပြုလုပ်ရန်၊ အိမ်ခြံမြေရောင်းဝယ်ခြင်းများပြုလုပ်ရာတွင် ရာခိုင်နှုန်းသတ်မှတ်၍ ငွေကြေးကောက်ခံခြင်း၊ ထောက်ခံစာကြေး ကောက်ခံခြင်းများ လုံးဝမပြုလုပ်ရန် ချပြရှင်းလင်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းလျာထားသင်တန်းသား အင်အားပြည့်မီရေး ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်ခဲ့ရာ၌ သင်တန်းသားရရှိရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အလှည့်ကျတာဝန်ပေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ စစ်မှုထမ်းကြေးကောက်ခံခြင်းမပြုရန်နှင့် ငွေကြေးကောက်ခံမှုရှိပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ကိုလည်း ချပြရှင်းလင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းရန်အတွက် အသက်(၁၈)နှစ်မှ အသက်(၃၅)နှစ်ကြားရှိသူများအား ရပ်မိရပ်ဖများ၊ ကာယကံရှင်များနှင့် အုပ်ထိန်းသူများအား အစည်းအဝေးခေါ်ယူ၍ အလှည့်ကျမဲနှိုက်စနစ်ဖြင့် ဆောင်ရွက်ထားရှိပြီး ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိဘဲ ပြည်သူ့စစ်မှုထမ်း အလှည့်ကျထမ်းဆောင်မည့် ကာယကံရှင်၏ နောက်တွင်ကျန်ရှိသော မိသားစုအဆင်ပြေစေရေးအတွက် အများပြည်သူဆန္ဒ၏ သဘောတူညီချက်ဖြင့် ထောက်ပံ့ပေးခြင်းများသာဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဤကဲ့သို့မဟုတ်ဘဲ

Shan State Hluttaw

ငွေကြေးကောက်ခံမှုများရှိပါကြောင်း ဖော်ထုတ်စိစစ်တွေ့ရှိပါက ဥပဒေကျူးလွန်ချိုးဖောက်သော ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများအား အဂတိတိုက်ဖျက်ရေး ဥပဒေဖြင့် ထိထိရောက်ရောက် ထုတ်ပယ်အရေးယူလျက်ရှိကြောင်း ပြောကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ မဂ်လာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာ လိုအင်ဆန္ဒပြည့်ဝကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစိုင်းခမ်းကော် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ မိုင်းရယ်မြို့နယ်၊ မန်ကျောင်းကျေးရွာအုပ်စုရှိ ကျိုးကျနေတဲ့ ကျွန်တော်တို့ မန်ကျောင်းကျေးရွာချင်းဆက် (၁၈)ပေ အရှည်တံတားကို ပြန်လည် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

တန့်ယန်းခရိုင်၊ မိုင်းရယ်မြို့နယ်၊ မန်ကျောင်းကျေးရွာအုပ်စုသည် မြို့နှင့် (၄၃) မိုင်ခန့် အကွာမှာတည်ရှိပြီး ကျေးရွာ(၈)ရွာ၊ အိမ်ခြေပေါင်း(၄၀၃)အိမ်၊ လူဦးရေ အားဖြင့် (၁၅၄၈)ဦး နေထိုင်သည့်အုပ်စုဖြစ်ပါတယ်။

အဆိုပါ မန်ကျောင်း-လွယ်ကန်ကျေးရွာချင်းဆက်တံတားသည် အခြေခံပညာ မူလတန်းကျောင်းတည်ရှိရာ လွယ်ကန်ကျေးရွာအဝင်တွင်တည်ရှိပြီး လွန်ခဲ့တဲ့ ၂၀၂၃ ခုနှစ်တွင် ရေကြီးရေလျှံမှုကြောင့် တံတားကျိုးကျပျက်စီးခဲ့ပါတယ်။ တံတား ကျိုးကျပျက်စီးခဲ့မှုကြောင့် အမကကျောင်း (မန်ကျောင်း)တွင် ပညာသင်ယူနေကြတဲ့ ကျောင်းသူ/ သားပေါင်း (၅၂)ဦးအတွက် မိုးတွင်းကာလတွင် ရေကြီးသည့်အချိန်မှာ ကျွန်တော်တို့ ကျောင်းသို့ သွားရောက်ပညာသင်ယူရန် အခက်အခဲများစွာရှိခဲ့ပါတယ်။ မိုးတွင်းကာလ ရေကြီးနေသည့်အချိန်မှာ စာသင်ကျောင်းတွေ ပိတ်ထားရသည့် အခြေအနေရှိခဲ့ပါတယ်။

Shan State Hluttaw

၎င်းကျေးရွာချင်းဆက်တံတားကို မန်ကျောင်းကျေးရွာရှိ အိမ်ခြေ(၇၆)အိမ်၊ လူဦးရေအားဖြင့် (၂၆၀)ဦး၊ လွယ်ကန်ကျေးရွာမှ အိမ်ခြေ(၄၄)အိမ်၊ လူဦးရေ(၁၇၂)ဦး၊ နားဖိုင်ကျေးရွာမှ အိမ်ခြေ(၃၉)အိမ်၊ လူဦးရေ (၁၆၆)ဦး၊ စုစုပေါင်း အိမ်ခြေ(၁၅၉)အိမ်၊ လူဦးရေအားဖြင့် (၅၉၈) ဦး အသုံးပြုတဲ့ တံတားဖြစ်ပါတယ်။

အဆိုပါ ကျေးရွာချင်းဆက် မန်ကျောင်းတံတားကို ဒေသခံပြည်သူများ၊ ကျောင်းသူ/ ကျောင်းသားနှင့် ရဟန်းသံဃာတော်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသနှင့်သင့်လျော်ကိုက်ညီတဲ့ ကျေးရွာချင်းဆက် တံတားမျိုးကို မည်သည့်အချိန်၊ မည်သည့်ကာလမှာ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို လာရောက်လေ့လာကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပါဝါပွိုင့်မြေပုံ၊ ဓာတ်ပုံနှင့်တကွ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင်၊ မိုင်းရယ်မြို့နယ်၊ မန်ကျောင်းကျေးရွာအုပ်စု၊ မန်ကျောင်း - လွယ်ကန်ကျေးရွာချင်းဆက်တံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော မန်ကျောင်း - လွယ်ကန်လမ်းပေါ်တွင်တည်ရှိတဲ့ တံတားဖြစ်ပါတယ်။ အဆိုပါ မန်ကျောင်း - လွယ်ကန်လမ်းဟာ လမ်းအရှည် ၁ မိုင် ၄ ဖာလုံ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၁၅၉)အိမ်၊ လူဦးရေ (၅၉၈)ဦးတို့အား အကျိုးပြုသော Class (B) အဆင့်ရှိ မြေသားလမ်း ဖြစ်ပါတယ်။ အဆိုပါမန်ကျောင်း - လွယ်ကန်လမ်းပေါ်ရှိ

Shan State Hluttaw

(၁၈)ပေအရှည် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ ဝန်ကြီးများနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းတင်ပြချင်တဲ့ အကြောင်းအရာကတော့ ကျေးရွာသုံးလျှပ်စစ်မီတာများ အမြန်ချထားပေးနိုင်ပါရန်အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဟိုပန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နားကန်ကျေးရွာသည် အိမ်ခြေ(၇၈)၊ အိမ်ထောင်စု (၇၈)၊ လူဦးရေ(၄၀၄)ဦး၊ မှီတင်းနေထိုင်လျက်ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့မှနေ၍ နားကန်ကျေးရွာအထိ (၄၀၀)ဗို့ မဘတ်အားလိုင်းနှင့် ထရန်စဖော်မာတစ်လုံး ရောက်ရှိတပ်ဆင်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အိမ်အတွင်းမီးလိုင်းများလည်း တပ်ဆင်သွယ်တန်းထားပြီး မီးလုံးများလည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရဲ့ မဘတ်အားပို့လွှတ် ချိတ်ဆက်ခွင့်ရရှိထားပြီး ကျေးရွာမှအိမ်သုံးမီတာ(၂၄)လုံး တပ်ဆင်အသုံးပြုခွင့်ရရှိရန် တင်ပြတောင်းခံထားပါတယ်။ သို့ရာတွင် တင်ပြတောင်းခံထားသော အိမ်သုံးမီတာ (၄၂)လုံးအား တပ်ဆင်အသုံးပြုခွင့် လောလောဆယ်တွင် ခွင့်ပြုနိုင်ခြင်းမရှိသေးကြောင်းနှင့် ၎င်းမီတာများအစား စီတီမီတာဟုခေါ်သော မိန်းမီတာ(၁)လုံးသာ ယာယီတပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းမိန်းမီတာမှ ကျသင့်ယူနစ်နှင့်ငွေအား တွက်ချက်၍ ကျေးရွာအတွင်း မီးသုံးစွဲသူပြည်သူများမှ စုပေါင်းပေးချေရမည်ဟုသိရပါတယ်။ ကျေးရွာနေပြည်သူများမှ ၎င်းစနစ်သည် ရေရှည်တွင် မီးသုံးစွဲသူများ အချင်းချင်းအကြား စိတ်ဝမ်းကွဲမှုများ၊ မပြေလည်မှုများ

Shan State Hluttaw

ဖြစ်ပွားလာမည်ကို စိုးရိမ်လျက်ရှိကြောင်း ကွင်းဆင်းတွေ့ရှိချက်အရ သိရှိရပါတယ်။ DC တရားမဝင် မီးတပ်ဆင်ခြင်းများလည်း ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေရှိပါတယ်။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စု၊ နားကန်ကျေးရွာအတွက် လိုအပ်လျက်ရှိသော အိမ်သုံးလျှပ်စစ်မီတာများ ချထားပေးရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ (၂၅.၇.၂၀၂၆)ရက်နေ့က ဒေသခံများကိုယ်စား ကျွန်တော်က တင်ပြခဲ့တာ ဖြစ်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ချက်ချင်းအရေးတယူဆောင်ရွက်ပေးခဲ့လို့ မီတာများ ထုတ်ယူ ရရှိခဲ့ပြီးဖြစ်ပါတယ်။ (၂.၈.၂၀၂၆)ရက်နေ့မှာ မီတာတပ်ဆင်ပြီး ဌာနဆိုင်ရာများနှင့်တကွ အခမ်းအနားဖြင့် မီးလင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျေးရွာနေပြည်သူများဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့်တကွ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိလျက်ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခုန ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင်မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ (၂-၈-၂၀၂၆)ရက်နေ့တွင် အိမ်သုံးမီတာ(၄၆)လုံးအား တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဒုတိယမေးခွန်း မေးမြန်းပေးဖို့ ဖြစ်ပါတယ်။

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော

Shan State Hluttaw

ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတင်ပြချင်တဲ့ အကြောင်းအရာကတော့ ကွန်ဟိန်း - ဝမ်တုံ - နားကျိုင်း - လုံစန်း လမ်းပေါ်မှာရှိတဲ့ ဝိန်းလုံကျေးရွာတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုဟာ ကျေးရွာပေါင်း(၁၈)ရွာနဲ့ ဖွဲ့စည်းထားရှိပြီး အိမ်ခြေ(၁၁၆၂)၊ အိမ်ထောင်စု (၁၁၁၇) စုနှင့် လူဦးရေ (၅၁၉၈) ဦးနဲ့ ဖွဲ့စည်းထားရှိသော ကျေးရွာအုပ်စုကြီးဖြစ်ပါတယ်။ ကွန်ဟိန်းမြို့ပေါ်ရပ်ကွက်ကြီးဖြစ်တဲ့ အမှတ်(၅)ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာအုပ်စုကြီးဖြစ်ပါတယ်။

ကွန်ဟိန်းမြို့၊ အမှတ်(၅)ရပ်ကွက်နှင့် ဝိန်းလုံကျေးရွာသည် တစ်ဆက်တည်းရှိနေသော ကျေးရွာဖြစ်ပြီးတော့ ၎င်းရွာမှတစ်ဆင့် ဝမ်တုံကျေးရွာ၊ နားကျိုင်းကျေးရွာ၊ လုံစန်းကျေးရွာအထိ မြို့နယ်ဖွံ့ဖြိုးရေးကြီးကြပ်မှုဌာနမှ ဖောက်လုပ်ထားသော အရှည်(၁၇/၄)မိုင်ရှိသော ကျောက်ကြမ်းလမ်းနှင့် မြေသားလမ်းရှိပါတယ်။ ၎င်းလမ်းပိုင်းပေါ်မှာရှိတဲ့ ဝိန်းလုံကျေးရွာအဝင် သစ်သားတံတားဟာ အရှည်(၅၀)ပေ အကျယ်(၁၂)ပေနှင့် အမြင့်(၂၀)ပေခန့်ရှိပြီး ဆောက်လုပ်ထားသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်ပါ၍ အလျင်အမြန်ပြုပြင်ရန် လိုအပ်လျက်ရှိပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဝိန်းလုံကျေးရွာအဝင်မှာရှိတဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားပေါ်ကနေ ဖြတ်သန်းပြီးတော့မှ ကျွန်တော်တို့ တင်ပြခဲ့တဲ့ကျေးရွာတွေကို ကျွန်တော်တို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မိုးတွင်းကာလ ရေလျှံနေတဲ့ပုံဖြစ်ပါတယ်။ တံတားပေါ်အထိ ကျွန်တော်တို့ ရေကျော်တဲ့အနေအထားမျိုးရှိပြီးတော့မှ ကျွန်တော်တို့ကျေးရွာနေ၊ ရပ်ကွက်နေပြည်သူလူထုတွေကနေ စုပေါင်းပြီးတော့မှ ဒီတံတားရဲ့ Wheel Draft ကြမ်းခင်းတွေ၊ တံတားလက်ရမ်းတွေကို ကျွန်တော်တို့ အစီအစဉ်နဲ့ ပြင်ဆင်ပြီးတော့မှ ထိန်းသိမ်းဆောင်ရွက်နေတဲ့ ပုံလေးတွေကို ကျွန်တော်တို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ပြည်သူလူထုတွေဟာ ၎င်းတို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော အထွေထွေကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝိန်းလုံကျေးရွာတံတားဟာ

Shan State Hluttaw

မရှိမဖြစ် အသုံးပြုနေရတဲ့ အကျိုးပြုတံတား (၁)စင်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့၏ အထင်ကရ ကွန်အော်ရေတံခွန်သို့ သွားရောက်လည်ပတ်လေ့လာရာတွင်လည်း မဖြစ်မနေ ဖြတ်သန်းသွားလာရခြင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရေပေါ်သင်္ကြန် အတာရေသဘင်ပွဲ ကျင်းပရာတွင်လည်း မဖြစ်မနေ အသုံးပြုဖြတ်သန်းသွားလာ ရခြင်းစသည်ဖြင့် မြို့နယ်အတွက် များစွာအထောက်အကူဖြစ်သော တံတား(၁)စင်း ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ အထက်တင်ပြပါ ဝိန်းလုံကျေးရွာအဝင် တံတားအား သစ်သား တံတားအစား ရာသီမရွေး ရေရှည်အသုံးပြုနိုင်ရန်အတွက် သံကူကွန်ကရစ်တံတားအဖြစ် ရှမ်းပြည်နယ်အစိုးရမှလာမည့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက် ပေးနိုင်ပါရန် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ကွန်ဟိန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ Power Point မြေပုံများနဲ့ ဓာတ်ပုံများနဲ့ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာအုပ်စု၊ ဝိန်းလုံ - နားပေါင်း - ဝမ်တုံလမ်း Class (A) ကျောက်လမ်း ၅ မိုင် ၄ ဖာလုံနှင့် ဝမ်တုံ - နားကျိုင်း - နမ့်ဝိန်း - လုံစန်းလမ်း Class (B) မြေသားလမ်း (၁၀/၀)မိုင် စုစုပေါင်းလမ်းအရှည် ၁၅ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ ကျေးရွာ (၇)ရွာ၊ အိမ်ခြေ(၇၁၃)အိမ်၊ လူဦးရေ(၁၄၇၇)ဦး၊ နေ့စဉ်အသုံးပြုလျက်ရှိသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်တွင် ဝိန်းလုံတံတား (နမ့်ရှန်ချောင်းကူးတံတား) (၇၀)ပေတစ်စင်း ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါတယ်။ ကွင်းဆင်းစီစစ်ဆောင်ရွက် ထားတဲ့ ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။ အဆိုပါကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်နယ်ရန်ပုံငွေအဖြစ် လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်း

Shan State Hluttaw

အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေလိုပါကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနော်တောင်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ မူဆယ်မြို့နယ်စည်ပင်သာယာရေးနှင့် သိန်းသန်းချီ ကုမ္ပဏီတို့မှ BOT စနစ်ဖြင့် အကျိုးတူပူးပေါင်း တာဝန်ယူထားတဲ့ မူဆယ်မြို့ရှောင် လမ်း(၂)မိုင်(၃)ဖာလုံ လမ်းနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ် ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါ မေးခွန်းနှင့် စပ်လျဉ်း၍ မူဆယ်မြို့အဝင် Toll ဂိတ်မှ မြို့ထွက်လမ်းဆုံအထိ မြို့ရှောင်လမ်းကို (၄.၄.၂၀၁၂)ခုနှစ်မှာ မူဆယ်မြို့နယ်စည်ပင်သာယာရေးနှင့် သိန်းသန်းချီကုမ္ပဏီတို့မှ နှစ်ဦးသဘောတူ BOT စနစ်ဖြင့် (၉.၉.၂၀၁၅) ရက်နေ့မှ (၉.၉.၂၀၄၅)ရက်နေ့ထိ နှစ်(၃၀)ကို (၁)နှစ်လျှင် လိုင်စင်ကြေး ကျပ်သိန်း(၆၀)တိတိဖြင့် ယာဉ်ဝင်ထွက်ခ ကောက်ခံပြီး လမ်းနှင့်ရေနှုတ်မြောင်းများကို ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်း တည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်ရန် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုထားခဲ့ ကြတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါစာချုပ်ချုပ်ဆိုထားတဲ့ သိန်းသန်းချီကုမ္ပဏီသည် လမ်းနှင့် ရေနုတ်မြောင်းများကို ပြုပြင်ခြင်း၊ လမ်းကို ခင်းကျင်းတည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ဘဲ ရပ်နားထားမှုကို ပြည်သူများမှတစ်ဆင့် မိမိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မိမိကိုယ်စားလှယ်မှ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ မေးမြန်းပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ မူဆယ်မြို့ မြို့ရှောင်လမ်း (၂)မိုင်(၃)ဖာလုံ လမ်းသည် ယခင် ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အစိုးရခေတ်တွင် မူဆယ်မြို့ကို ရှောင်ကွင်းသောလမ်းအဖြစ် သတ်မှတ်တည်ဆောက်ခဲ့သည့် လမ်းတစ်

Shan State Hluttaw

လမ်းဖြစ်ခဲ့ပါတယ်။ ထိုအချိန်တွင် အစပိုင်းမှ အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သည်ဟု မိမိတို့မှ သိရှိနားလည်ခဲ့သော်လည်း နောက်ပိုင်းတွင် သိန်းသန်းချီကုမ္ပဏီမှ BOT စနစ်ဖြင့် ပြန်လည်ပေးအပ်ခဲ့သည်ကို သိရှိရပါတယ်။ ထိုအချိန်တွင် သိန်းသန်းချီကုမ္ပဏီနှင့် ကြေးမုံစိမ်းကုမ္ပဏီတို့ ပူးပေါင်းပြီး အစပိုင်းမှာ မြို့စီမံကိန်းရေနုတ်မြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် စတင်တူးဖော်ခဲ့ပြီး နောက်ပိုင်းတွင် ထိုတူးဖော်ထားသည့် ရေနုတ်မြောင်းကို ပြန်ပိတ်/ ပြန်ဖို့ကာ ဖြစ်သလို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သို့ပေမဲ့လည်း မိမိတို့နားမလည်တဲ့ တစ်ချက်ကတော့ ဟိုနားရပ်ကွက်မှာ အစိုးရကနေပြီးတော့မှ အကွက်ချခဲ့စဉ် ဆေးရုံမြေနေရာ (၁၂)ဧက ထဲကနေ (၃)ဧကကို သိန်းသန်းချီကုမ္ပဏီကို ချခဲ့ပေးလိုက်သည်ဟု သိရှိရပါတယ်။ ထိုစဉ်က မူဆယ်မြို့ရဲ့ ၎င်းမြေကွက်ဈေးနှုန်း တန်ဖိုးငွေတွက်မယ်ဆိုလျှင် ထိုလမ်းကို တည်ဆောက်ခဲ့သည့်ပမာဏကို ရရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မူဆယ်မြို့သို့ မြို့တော်များအနေဖြင့် သိန်းသန်းချီကုမ္ပဏီသည် ရောက်လာခြင်းဟာ ကံကြမ္မာ ဆိုးပင်ခံစားနေရသလားဆိုပြီးတော့မှ မူဆယ်မြို့ဒေသခံပြည်သူများမှ ရွတ်ဆိုနေကြတာဖြစ်ပါတယ်။ ယခု ဤလမ်းကို လျစ်လျူရှုထားခြင်းအားဖြင့် ဒေသခံပြည်သူများ၏ ဒေါသကို ပိုမိုတိုးပွားစေမည်ဖြစ်ပါတယ်။

၎င်းသိန်းသန်းချီကုမ္ပဏီသည် ထိုလမ်းတစ်ခုတည်းမဟုတ်ဘဲ သိန်းသန်းချီယာဉ်ရပ်နားစခန်း စီမံကိန်းတည်ဆောက်အပြီးတွင်လည်း အစိုးရပိုင်မြေ (၃)ဧကကျော်ကိုလည်း အလွဲသုံးစားလုပ်ခဲ့သူဖြစ်ပါတယ်။ ထိုကဲ့သို့ မူဆယ်မြို့အတွက် နည်းအမျိုးမျိုးဖြင့် ကြံဖန်လုပ်စားခဲ့သည့် သိန်းသန်းချီကုမ္ပဏီသည် ယခုအများပြည်သူရှေ့မှောက်တွင်မထွက်ဝံ့ဘဲ ရှောင်ပြေးနေသူလည်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ မူဆယ်မြို့သူ/ မြို့သားများ၊ နမ့်ခမ်းမြို့သူ/သားများဆီက ငွေတွေနှုတ် စာပေယဉ်ကျေးမှုတို့ကိုပါမရှောင် အဖွဲ့အစည်းများကိုပါမရှောင် လိုက်လံလိမ်လည်ခဲ့သူဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူများမလိုလားတဲ့ ကုမ္ပဏီတစ်ခုဖြစ်ကြောင်းလည်း ဆက်လက်တင်ပြလိုပါတယ်။ ထိုကဲ့သို့ မကောင်းမှုဖြင့် နာမည်ဆိုးနှင့် ကျော်ကြားနေတဲ့ သိန်းသန်းချီကုမ္ပဏီကို မူဆယ်မြို့ရှောင်လမ်းလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခိုင်းမည်ဆိုပါက မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအတွက် ကောင်းသည့်သတင်းကို သယ်ဆောင်လာမည်မဟုတ်ဘဲ အစိုးရကို မကောင်းတဲ့နာမည်ဘက်ကို ဆွဲသွင်းသွားနိုင်တဲ့ပုဂ္ဂိုလ်သာ ဖြစ်ပါတယ်။ ယခင်အစိုးရခေတ် သမ္မတရုံးကလူတွေရဲ့နာမည်ကို ရောင်းစားပြီး အစိုးရရဲ့ မူဆယ်မြို့ပေါ်ရှိအစိုးရမြေနှင့် ဒေသခံပြည်သူများပိုင်မြေနေရာများကို မြေနေရာပေါင်း မြောက်များစွာ အမြတ်ထုတ်နေခဲ့သည့် သိန်းသန်းချီကုမ္ပဏီလို မဟုတ်ဘဲ မူဆယ်နယ်စပ်မြို့ကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ကုမ္ပဏီ(သို့မဟုတ်)

Shan State Hluttaw

အခြားအဖွဲ့အစည်းတစ်ခုခုမှ ဆက်လက်လုပ်ကိုင်ခွင့်ပြုနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းတင်ပြခဲ့တာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မူဆယ်မြို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးနော်တောင်မှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မူဆယ်မြို့ မြို့ရှောင်လမ်းဟာ မူဆယ်မြို့အဝင် ဆိုင်းဘုတ်မှစပြီးတော့ ကောင်းမူးတုံရပ်ကွက်၊ ပြည်ထောင်စုလမ်းအထိ လမ်းအရှည် (၂)မိုင်(၃)ဖာလုံရှိပြီးတော့ ၂၀၁၂ ခုနှစ်မှာ မြို့ပတ်လမ်း (၂)မိုင်(၃)ဖာလုံကို ကွန်ကရစ်အဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်းဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ဦးကျော်ဝင်း၊ သိန်းသန်းချီကုမ္ပဏီလီမိတက်တို့မှ BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုကန်ထရိုက်စာချုပ်အား (၄.၄.၂၀၁၂) ရက်နေ့မှစ၍ (၁၀)နှစ် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ (၉.၉.၂၀၁၅)ရက်နေ့တွင် စာချုပ်ပြင်ဆင်ချုပ်ဆိုခဲ့ပြီး (၉.၉.၂၀၁၅)ရက်နေ့မှ(၉.၉.၂၀၄၅) ရက်နေ့ထိနှစ်(၃၀)စာချုပ်ကို ချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။ သိန်းသန်းချီကုမ္ပဏီလီမိတက်မှ မြို့ရှောင်လမ်း အရှည်(၂)မိုင်(၃)ဖာလုံအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသို့ တစ်နှစ်လျှင် (၆၀)သိန်းနှုန်းပေးသွင်း၍ ယာဉ်ကြီး/ ယာဉ်ငယ်များအား သတ်မှတ်နှုန်းထားအလိုက် လမ်းအသုံးပြုခကောက်ခံဆောင်ရွက်ခဲ့ပါတယ်။ သိန်းသန်းချီကုမ္ပဏီလီမိတက်မှ မြို့ရှောင်လမ်း(၂)မိုင်(၃)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး လမ်းအသုံးပြုခကောက်ခံဆောင်ရွက်ခဲ့ရာ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံရေးအခြေအနေများကြောင့် လမ်းအသုံးပြုခကောက်ခံနိုင်ခြင်းမရှိသဖြင့် အခွန်ကင်းလွတ်ခွင့်တင်ပြလာမှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပတ်လမ်း(၂)မိုင်(၃)ဖာလုံနှင့်ပတ်သက်၍ လတ်တလော အခွန်ကင်းလွတ်ခွင့်ပြုရန်၊ နယ်မြေဒေသအခြေအနေကောင်းမွန်၍ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်းအား လုပ်ငန်းဆောင်ရွက်ချိန်၌ ထိုက်သင့်သည့် အခွန်ငွေများ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီထံမှ ကတိဝန်ခံချက်ရယူရန်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကုမ္ပဏီက တာဝန်ယူ

Shan State Hluttaw

ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားချက်အရ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှစ၍ ဌာနသို့ ပေးသွင်းရမည့် အခွန်ငွေအား ကင်းလွတ်ခွင့်ပြုခဲ့ပြီး သိန်းသန်းချီကုမ္ပဏီ လီမိတက်အနေဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကုမ္ပဏီမှ ဆက်လက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှဝန်ခံကတိပြုလက်မှတ်ရေးထိုး ထားရှိပါတယ်။ လက်ရှိကုမ္ပဏီအနေဖြင့်လည်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှစ၍ ယာဉ်အသုံးပြုခ ကောက်ခံခြင်းမပြုဘဲ ယနေ့အထိ ရပ်နားထားပါတယ်။ မြို့ရှောင်လမ်း (၂)မိုင်(၃)ဖာလုံသည် အသုံးပြုသည့်ကာလကြာမြင့်ခြင်းကြောင့်လည်းကောင်း၊ ယာဉ် သွားလာမှု များပြားမှုကြောင့်လည်းကောင်း အချို့သော လမ်းပိုင်းနေရာများတွင် ပေါက်ပြဲပျက်စီးလျက်ရှိသဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရန် မူဆယ်မြို့နယ်စည်ပင် သာယာရေးဌာနမှ သိန်းသန်းချီကုမ္ပဏီလီမိတက်သို့ အကြောင်းကြားခဲ့ပြီး လမ်းအသုံး ပြုခကောက်ခံနိုင်ခြင်းမရှိသည့်အတွက် လမ်းအား ပြုပြင်ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် လမ်းဥပဓိရုပ် ကောင်းမွန်စေရန်အတွက် မြို့ပတ်လမ်း (၂)မိုင်(၃)ဖာလုံအား ပြုပြင်ရန် လိုအပ်သောနေရာများအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင် ထံမှ ချေးယူထားသော ကတ္တရာနှင့် ကြိုတင်ထုတ်ငွေ ကျပ်သိန်း(၅၀)၊ ဌာနမှလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ကုန်ကျငွေကျပ် (၁၄၀)သိန်း၊ စုစုပေါင်း (၁၉၀)သိန်းဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ပြီး အဆိုပါကုန်ကျငွေများအား သိန်းသန်းချီကုမ္ပဏီလီမိတက်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ကျခံဆောင်ရွက်ခဲ့ပါတယ်။ မူဆယ် မြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့ရှောင်လမ်းပျက်စီးနေမှုများအား အမြန်ပြုပြင် သွားရန်နှင့် ပြုပြင်ဆောင်ရွက်မည့် အစီအမံများအား ပြန်လည်တင်ပြရန် သိန်းသန်းချီ ကုမ္ပဏီသို့ အကြောင်းကြားထားရှိပါကြောင်း၊ ဦးကျော်ဝင်း၊ သိန်းသန်းချီကုမ္ပဏီ လီမိတက်မှလည်း (၂)မိုင်(၃)ဖာလုံအတွင်း ပျက်စီးနေသော လမ်းအပိုင်းနေရာများအား ယခုဘဏ္ဍာရေးနှစ်မှစတင်၍ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြု ပါရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း ပျက်စီးနေသော လမ်းအပိုင်းများအား လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသို့ တင်ပြလာပါတယ်။ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုအားခံယူ၍ လိုအပ်သလို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်မြမြဆွေ၊ ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဒေါ်မြမြဆွေ၊ ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဦးစွာပထမ ဂါရဝပြုဆုတောင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြမြဆွေ ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ မိမိတို့ဒေသရဲ့ အုပ်ချုပ်ရေးယန္တရားမှာ အရေးပါလှတဲ့ ရာအိမ်မှူးများအား ကူညီထောက်ပံ့ပေးရန်ကိစ္စနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအသီးသီးမှာအခြေခံအကျဆုံး အုပ်ချုပ်ရေးယန္တရားအောင်မြင်စွာ လည်ပတ်နိုင်ဖို့အတွက် ရာအိမ်မှူးများဟာ အဓိကပေါင်းကူးတံတားသဖွယ် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပါတယ်ရှင့်။ သူတို့ဟာ မိသားစုရဲ့ ငြိုငြင်မှု၊ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့တိုက်ခိုက်မှုတွေကို အံတုပြီးမိမိတို့ ရပ်ကွက်/ ကျေးရွာအတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ မိသားစုအချင်းချင်းအငြင်းပွားမှုဖြေရှင်းပေးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်များကို စွမ်းစွမ်းတမံ ပါဝင်လုပ်ဆောင်ခဲ့တဲ့သူများလည်းဖြစ်ပါတယ်။ သန်းခေါင်စာရင်းများ၊ မဲစာရင်းများ ပြုစုခြင်းစတဲ့ကိစ္စရပ်များကို နေ့ညမရွေး အချိန်ပြည့်(၂၄)နာရီနီးပါး ဌာနဆိုင်ရာအသီးသီးနှင့်အတူ တာဝန်ယူကူညီဆောင်ရွက်ပေးကြရတဲ့သူများလည်းဖြစ်ပါတယ်ရှင့်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ဖြစ်တဲ့ဒေသများမှာဆိုရင် ရာအိမ်မှူးတွေကို ဒလန်ဟုဆိုကာ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခံရခြင်းများလည်း ကြုံတွေ့ခဲ့ရတဲ့အတွက် ယခုဆို ရာအိမ်မှူးများဟာ လည်ပင်းပေါ်ဓါးတင်ပြီး ကျီးလန့်စာ ဘဝနဲ့ ရပ်ရွာ/ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နေကြရတဲ့သူများလည်းဖြစ်ပါတယ်ရှင့်။ ယခုခေတ်ကာလကြီးမြင့်မားလာသော ကုန်ဈေးနှုန်းများ၊ သွားလာရေးစရိတ်များရှိနေခြင်းကြောင့် ရာအိမ်မှူးများအနေဖြင့် စိတ်အေးချမ်းသာစွာ တာဝန်ကို ပိုမိုစွမ်းစွမ်းတမံထမ်းဆောင်နိုင်ရန်အတွက် အစိုးရမှ ကူညီထောက်ပံ့မှုများပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်နယ်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းချင်တာကတော့ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်/ကျေးရွာရာအိမ်မှူးများ ထောက်ပံ့ကြေး (သို့မဟုတ်) ချီးမြှင့်ငွေများအား ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းတို့တာဝန်ထမ်းဆောင်ရာတွင် ပိုမိုလွယ်ကူ ချောမွေ့စေရေးအတွက် ရုံးသုံးစရိတ် (သို့မဟုတ်) ခရီးစရိတ်ကဲ့သို့သော အထွေထွေပံ့ပိုးမှုပေးအပ်ရန် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများ ဖြည့်ဆည်းပေးရန် အစီအစဉ်

Shan State Hluttaw

ရှိ/မရှိ သိရှိလိုကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင် ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်မြမြဆွေ၊ ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အသီးသီးတွင်တာဝန် ထမ်းဆောင်နေကြသည့် ရာအိမ်မှူးများအား ထောက်ပံ့ကြေး သို့မဟုတ် အကျိုးခံစားခွင့်များ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေ ၃၆ အရ လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ၇၀၀၀၀/- ကျပ်ဖြင့်လည်းကောင်း၊ ရုံးအသုံးစရိတ်အဖြစ် သာမန်စရိတ်ခေါင်းစဉ် ၀၃၀၁။ လုပ်အားခ ၁၀၀၀၀/-၊ ၀၃၀၅။ ရုံးအသုံးအဆောင်ပစ္စည်း ၁၀၀၀၀/-၊ ၀၃၀၇။ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း ၁၀၀၀၀/-၊ ၀၃၀၈။ လျှပ်စစ်မီးနှင့် ဓာတ်အားခ ၅၀၀၀/-၊ ၀၃၀၉။ စာအုပ်စာနယ်ဇင်းသတင်းစာ ၅၀၀၀/-၊ ၀၃၂၀။ ပုံနှိပ်ထုတ်ဝေစရိတ် ၁၀၀၀၀/-၊ စုစုပေါင်း ၅၀၀၀၀/-နှုန်းဖြင့် လစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ အုပ်ချုပ်ရေးမှူးများကိုသာ ချီးမြှင့်ပေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရာအိမ်မှူးများအတွက် ရုံးအသုံးစရိတ် သို့မဟုတ် ခရီးစရိတ် သို့မဟုတ် အကျိုးခံစားခွင့်များ ချီးမြှင့်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိပါသဖြင့် ချီးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့

Shan State Hluttaw

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းငယ် ဖြစ်ပါတယ်။ မြင်းက - ကျောက်ပြားမြေသားလမ်း (၆)မိုင်(၃)ဖာလုံရှိ ရာသီတံတား အသုံးပြုနေရမှုနှင့် အဆိုပါမြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချော လမ်းအဖြစ် ရွှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်း သည့်မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောခရိုင်၊ ကလောမြို့နယ်၊ နန်းနိုင်ကျေးရွာအုပ်စုအတွင်းရှိ မြင်းက - ကျောက်ပြား မြေသားလမ်းသည် ထိုလမ်းပေါ်ရှိ ရွာများဖြစ်သော မြင်းကရွာ၊ ကျောက်ဆုပ်ရွာ၊ မြင်း တောင်ပုရွာ၊ အနောက်မြေခြားရွာနှင့် ကျောက်ပြားရွာ စုစုပေါင်းရွာ(၅)ရွာကို အဓိက အသုံးပြုနေသော လမ်းတစ်လမ်း ဖြစ်ပါတယ်။ အဆိုပါရွာ (၅)ရွာတွင် အိမ်ခြေစုစုပေါင်း (၂၆၆)အိမ်နှင့် လူဦးရေစုစုပေါင်း (၉၆၆)ဦးရှိပြီး ဒေသခံမိဘပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။ အဆိုပါ ရွာတို့တွင် အခြေခံပညာစာသင်ကျောင်းပေါင်း(၄)ကျောင်းရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ပေါင်း(၂)ခုရှိပါတယ်။ အဆိုပါမြေသားလမ်းကို ဒေသခံမိဘပြည်သူများက ၂၀၀၈ ခုနှစ် ခန့်တွင် ကိုယ်ထူကိုယ်ထ စတင်ဖောက်လုပ်ခဲ့ပါတယ်။ အဆိုပါလမ်းသည် တောင်ပေါ် ဒေသရှိ မြေသားလမ်းဖြစ်သည်နှင့်အညီ နှစ်စဉ်နှစ်တိုင်း လမ်းပျက်စီးမှု အလွန်ဆိုးဝါး လှသဖြင့် မိုးရာသီတွင် အဆိုပါ ရွှံ့ထူပျက်စီးနေသောလမ်းကို အသုံးပြုရန် မလွယ် ကူလှပါ။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ၂၀၀၄ ခုနှစ်မှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ တံတားဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြေသားလမ်းပေါ်မှာရှိတဲ့ အခြေအနေလေးဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကွင်းဆင်းမှတ်တမ်းယူတဲ့အချိန်မှာ ဒေသခံမိဘပြည်သူများနှင့် ကျွန်တော်တို့တံတားပေါ်မှာ ရိုက်ကူးထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဟိုလမ်းသွားတဲ့အချိန်မှာ ကျွန်တော်တို့ 4 weel ကားနှင့်သွားပါသော်လည်း ဘယ်လိုမှ အဆင်မပြေတဲ့အတွက် ရှေ့ကနေလူအင်အားနဲ့ဆွဲပြီးတော့မှ နောက်ကနေလည်း ကူရတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကတော့ကျွန်တော်တို့ လက်ရှိတောင်တက်နေတဲ့အချိန်မှာ မသွားနိုင်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ကားရပ်ပြီးတော့ အခြေအနေကြည့်နေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လမ်းကျဉ်းမြောင်းမှု အနေအထားဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လမ်းပေါ်မှာ ကျွန်တော်တို့ ရွှံ့နွံထူထပ်နေတဲ့ အခြေအနေလေးကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယာယီတံတားပေါ်ကနေပြီးတော့ ကားငယ်နဲ့ ဖြတ်သန်းသွားလာနေတဲ့ပုံပဲဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော သဘာဝဘေးဒဏ်ရေကြီးမြေပြိုမှုဖြစ်စဉ်ကြောင့်

Shan State Hluttaw

မြင်းကရွာနှင့် ကျောက်ဆုပ်ရွာအကြား အဆိုပါလမ်းပေါ်ရှိ ပုဂံချောင်းတံတား လုံးဝ ပျက်စီးခဲ့ရပါတယ်။ လက်ရှိအချိန်တွင် ပျက်စီးသွားသော တံတားအစား ယာယီအသုံး ပြုနိုင်ရန် မိဘပြည်သူများက ယာယီတံတား ဆောက်လုပ်၍ အသုံးပြုလျက်ရှိနေ ပါတယ်။ အဆိုပါယာယီတံတားဟာ ယာယီအသုံးပြုရန်သာ သင့်လျော်ပြီး အမြဲတမ်း အသုံးပြုရန် မသင့်လျော်သော မော်တော်ယာဉ်၏ဝန်ကို ခံနိုင်ရည်အားနည်းသော အန္တရာယ်ရှိနေသော တံတားတစ်စင်းဖြစ်နေသည်ကို ကွင်းဆင်းလေ့လာမှုအရ တွေ့ရှိ ရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံမိဘပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှု စီးပွားရေးကိစ္စရပ်အဝဝတို့ကို ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာဆောင်ရွက် နိုင်စေရန်အတွက် အထက်ဖော်ပြပါ မြင်းက - ကျောက်ပြား မြေသားလမ်း(၆/၃)မိုင် ပေါ်ရှိ ယာယီတံတားအား ခိုင်ခန့်သော တံတားတစ်စင်းအဖြစ် ဆောက်လုပ်ပေး နိုင်ပါရန်နှင့် အဆိုပါမြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း အဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် ဒေသခံမိဘပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကလောမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းငယ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဂနိုင်ယား - ညောင်ပင်ကုန်း - မြင်းကကုန်း- မြင်းက(ပေါ်)- မြင်းက (အောက်)- ကျောက်ဆုပ် - မြင့်တောင်ပု - အနောက်မြေခြား - ကျောက်ပြား (၁၃)မိုင် (၃)ဖာလုံ အရှည်ရှိ ကျေးရွာချင်းဆက်လမ်းသည် နတလဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာများမှ ဒေသခံပြည်သူများသည် အောင်ပန်းမြို့နှင့် ကလောမြို့များသို့ ဆက်သွယ်သွားလာရာတွင် အဓိကအားထား အသုံးပြုလျက်ရှိသော လမ်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းအား ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် တစ်ကြောင်းထိုး မြေသားလမ်းဖောက်လုပ်ခဲ့ပြီး နတလဦးစီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၄/၀)မိုင် ကျောက်ဖြူန်းခင်းခြင်း၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ

Shan State Hluttaw

(၄/၀)မိုင် မြေလမ်းတာချဲ့ခြင်း၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးမှာ ၁ မိုင် ၄ ဖာလုံ မြေလမ်းတာချဲ့ခြင်း စုစုပေါင်းကျောက်ဖြူန်းလမ်း (၄/၀)မိုင်နှင့် မြေလမ်းတာချဲ့ခြင်း ၅ မိုင် ၄ ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျေးရွာချင်းဆက် လမ်းပိုင်းပေါ်ရှိ မြင်းက ကျေးရွာနှင့် ကျောက်ဆုပ်ကျေးရွာကြားမှာ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားရှိခဲ့သော ပုဂံချောင်းကူး (၂၅)ပေ ကမ်းကပ်ခုံ ကျောက်ကြီးစီ/ကွန်ကရစ်ကြမ်းခင်းတံတားဟာ မိုးရာသီကာလမှာ ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ အထက်ပါ ကလောမြို့နယ် မြင်းကကုန်း - မြင်းက(ပေါ်) - မြင်းက(အောက်) - ကျောက်ဆုပ် - မြင့်တောင်ပု - အနောက်မြေခြား - ကျောက်ပြား ၁၃ မိုင် ၃ ဖာလုံ ကျေးရွာချင်းဆက်လမ်းအား ကျေးရွာရှိ ဒေသခံပြည်သူများမှ ရာသီမရွေးအဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာအသုံးပြုနိုင်ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြေသားလမ်းအဆင့်မှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် လိုအပ်လျက်ရှိသည့် ပုဂံချောင်း (၃၅)ပေ အရှည်သံကူ ကွန်ကရစ်တံတား (၁)စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဦးစားပေးအဆင့် သတ်မှတ်ချက်အလိုက် သင့်လျော်သည့် ဘဏ္ဍာရေးနှစ် စီမံကိန်းစာရင်းမှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် တက်ရောက်လေ့လာကြပါသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးမြင့်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်၊ နားပြိန်းကျေးရွာအုပ်စုမှာရှိတဲ့ နောင်ပိန်လေးရွာအဆုံး ထုံးဖိုလမ်းခွဲကနေပြီးတော့ လွယ်ဆာရွာအထိ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းနိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ လမ်းအသုံးပြုနေသည့် အဓိကကျေးရွာများကတော့

Shan State Hluttaw

ကောင်းဟုန်းကျေးရွာနဲ့ လွယ်ဆာကျေးရွာတို့ ဖြစ်ပါတယ်။ ဒီရွာနှစ်ရွာနဲ့ စပ်ဆက်ပြီးမှ အသုံးပြုနေတဲ့ ရွာများလည်း အများအပြားရှိပါတယ်။ တင်ပြပါလမ်းမှာ အဓိက အသုံးပြုနေတဲ့ ကောင်းဟုန်းကျေးရွာမှာဆိုရင် အိမ်ထောင်စု (၆၁)စု၊ လူဦးရေ (၂၃၇)ဦးရှိပြီးတော့ လွယ်ဆာကျေးရွာမှာဆိုရင် အိမ်ထောင်စု(၁၉၆)စုနှင့် လူဦးရေ (၈၂၈)ဦးရှိပါတယ်။ ရွာနှစ်ရွာပေါင်းဆိုရင် အိမ်ထောင်စု(၂၅၇)စုနှင့် လူဦးရေပေါင်း (၁၀၆၅)ဦးတို့ရှိပါတယ်။ စိုက်ပျိုးမြေဧကဟာ ကောင်းဟုန်းကျေးရွာမှာဆိုရင် ကျွန်တော်တို့ (၆၅)ဧက၊ လွယ်ဆာမှာ (၈၃)ဧကရှိပါတယ်။ စုစုပေါင်းဧကပေါင်းဟာ နှစ်ရွာပေါင်း(၁၄၈)ဧကရှိနေပါတယ်။ အဲဒီစိုက်ပျိုးမြေဧကတွေမှာ အဓိကစိုက်ပျိုးသီးနှံထွက်ကုန်ကတော့ စပါး၊ ပြောင်းနှင့် လက်ဖက်တို့ ဖြစ်ကြပါတယ်။ ၎င်းဒေသထွက်သီးနှံများကို ကျွန်တော်ယခုတင်ပြမေးမြန်းတဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းကို အသုံးပြုပြီး ကျောက်မဲမြို့နယ် အခြားဒေသများကို တင်ပို့သယ်ယူနေကြရတာ ဖြစ်ပါတယ်။ နောက်ပြီးဒီလမ်းဟာ နောင်ပိန်လေးရွာကနေတစ်ဆင့် ကျွန်တော်တို့ မန္တလေး - လားရှိုးအမြန်လမ်းမကြီးနှင့် ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။ နောင်ပိန်လေးရွာမှာ တိုက်နယ်ဆေးရုံရှိတဲ့အတွက် အဆိုပါကောင်းဟုန်းနဲ့ လွယ်ဆာနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူ/ရွာသားများရဲ့ ကျန်းမာရေးအတွက်လည်း လွန်စွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထုံဖိုလမ်းခွဲကနေ လွယ်ဆာရွာအထိဟာဆိုရင် အလျား(၁၅၇၀၀)ပေ မိုင်အားဖြင့် (၃)မိုင်ခန့်ရှိပါတယ်။ တင်ပြပါလမ်းများကို ခင်းပေးနိုင်မည်ဆိုလျှင် ဒေသထွက်သီးနှံကုန်များကို ဈေးကွက်ရှိရာသို့ လွယ်ကူလျင်မြန်စွာပေးပို့နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒေသခံများ စီးပွားရေးအဆင်ပြေပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုလာမှာဖြစ်ပါတယ်။ လမ်းအကျယ်နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာဌာနရဲ့ သတ်မှတ်ချက် စံချိန်/စံနှုန်း အကျယ်အတိုင်းရရှိစေဖို့ နီးစပ်ရာ စိုက်ခင်းပိုင်ရှင်များကလည်း မိမိစိုက်ခင်းမြေများကို လိုအပ်သလို လှူဒါန်းသွားမယ်လို့ ကျွန်တော်တို့ သဘောထားရရှိထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါကျေးရွာများဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် နားပြိန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ထုံဖိုလမ်းခွဲမှ လွယ်ဆာအထိ ကွန်ကရစ်လမ်းခင်းပေးနိုင်မဲ့အစီအစဉ်နှင့် ဒီလမ်းကို မည်သည့်အချိန်မှာ စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာလူထုကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

Shan State Hluttaw

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသူများသည့်သည်တော်များခင်ဗျား။ ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားရှင်းလင်းပေးသွားမှာဖြစ်ပါတယ်။ Power Point မြေပုံ ဓာတ်ပုံများနဲ့ ရှင်းလင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ် ထုံးဖို - ကောင်းဟုန်း - လွယ်ဆာလမ်းဟာ လမ်းအရှည် (၃/၀)မိုင် ရှိပြီး၊ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၂၅၇)အိမ်နှင့် လူဦးရေ(၁၀၆၅)ဦးတို့အား အကျိုးပြုသော Class-B အဆင့်ရှိတဲ့ ကျေးလက်လမ်းဖြစ်ပါတယ်။ လမ်းအရှည်သည် (၁၂)ပေအကျယ် တစ်ကြောင်းထိုးမြေသားလမ်းဖြစ်ပြီး လက်ရှိမြေပြင်အခြေအနေအရ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မြေသားလမ်းမှ တစ်ဆင့် ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းစသည်ဖြင့်အဆင့်ဆင့် အဆင့်မြှင့်တင်ခြင်းအား နီးစပ်ရာ ဘဏ္ဍာရန်ပုံငွေမှစတင်၍ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အခြေခံလူတန်းစားများနှင့် တောင်သူလယ်သမားများ လိုအပ်နေသော စက်သုံးဆီရရှိရေး ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ လူဦးရေ(၇၀)ရာခိုင်နှုန်းကျော်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေး

Shan State Hluttaw

ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေကြသူများဖြစ်ပါတယ်ခင်ဗျား။ စပါး၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်လာ၊ တောင်ယာစပါး၊ နေကြာ၊ ပဲပုတ်၊ ဂေါ်ဖီထုတ်၊ ပန်းမုန်လာ၊ ခရမ်းချဉ်၊ ဥစားပြောင်း၊ ခရမ်းသီး၊ မုန်ညှင်း၊ ဘိုစားပဲစသော သီးနှံများကို တစ်နှစ်ပတ်လုံး အဓိကထား စိုက်ပျိုးလုပ်ကိုင်နေကြရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒေသခံတောင်သူအများစုဟာ လက်ရှိပဋိပက္ခအကြပ်အတည်းများကြောင့် အရင်းအနှီးနည်းပါးခြင်း၊ စိုက်ပျိုးစရိတ်ကြီးမားခြင်း၊ သွင်းအားစုကုန်ကျစရိတ်မြင့်မားပြီး ထွက်ကုန်သီးနှံများ ဈေးကွက်နည်းပါးခြင်း၊ တောင်ယာမြေများတွင် မိုင်းအန္တရာယ်၊ မြေမြှုပ်မိုင်းအန္တရာယ် ရှိနေသေးခြင်းစသည်တို့ကြောင့် အကြွေးသံသရာထဲမှ လွတ်မြောက်နိုင်ခြင်းမရှိဘဲ ယခုနှစ်စိုက်ဧကအများစုဟာ ယခင်နှစ်များကထက် (၃၀)ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်ကြတဲ့ အခြေအနေကို ရောက်ရှိနေရပါတယ်ခင်ဗျား။ ဒီလိုအခက်အခဲတွေ ကြားထဲက ယခုသုံးစွဲနေတဲ့ စက်သုံးဆီများဟာလည်း အစိုးရသတ်မှတ်ဈေးထက် ကျွန်တော်တို့ ဒေသမှာ နှစ်ဆခန့်ဈေးကြီးမြင့်နေခြင်းကို ရှမ်းပြည်(မြောက်ပိုင်း)မှာရှိတဲ့ ပြည်သူအများစု အလူးအလဲ ခံနေကြရပါတယ်ခင်ဗျား။ သာဓကပြရလျှင် ကျွန်တော်တို့ဒေသနှင့် (၃၆)မိုင်ကွာဝေးတဲ့ ပြင်ဦးလွင်နှင့် နောင်ချိုကြားမှာပင် စက်သုံးဆီဈေးနှုန်းဟာ ထက်ဝက်ခန့်ကွာခြား နေပါတယ်ခင်ဗျား။ ယခင်စက်သုံးဆီရှားပါးစဉ်ကာလတုန်းက လူမှုကွန်ယက် စာမျက်နှာများပေါ်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်သူများအတွက် ဘောက်ဆာကားကြီးများဖြင့် စက်သုံးဆီများ လိုက်လံဖြန့်ဖြူးရောင်းချပေးနေပုံကြည့်ပြီး ကျွန်တော်တို့ ဒေသအတွက်လည်းများစွာအားကျ မျှော်လင့်ခဲ့မိပါတယ်ခင်ဗျား။ သို့သော်လည်း မျှော်တော်ယောင်ဖြစ်ခဲ့ရပြီး မြောက်ပိုင်းဒေသများသို့ အဆိုပါ အစီအစဉ်မျိုး ရောက်ရှိလာခြင်းမရှိဘဲ ဒေသခံပြည်သူများမှာ စက်သုံးဆီရရှိရေးအတွက် လွန်စွာအခက်အခဲ ဖြစ်နေကြရပါတယ်ခင်ဗျား။ စိုက်ပျိုးသီးနှံတစ်ဧကထွန်ယက်လျှင် စိုက်ပျိုးဆီ ကုန်ကျစရိတ်တစ်သိန်းခွဲနီးပါး ရှမ်းတောင်နဲ့ ရှမ်းမြောက်ကွာခြားချက်ရှိနေပြီး ကျွန်တော်တို့ မြောက်ပိုင်းတောင်သူတွေအနေနဲ့ ရမဲ့အမြတ်အစွန်းဟာ ဆီဖိုးထဲကို ရောက်ရှိသွားတဲ့အတွက် အရှုံးပေါ်နေပါတယ်ခင်ဗျား။ သီးနှံအထွက်တိုးဖို့ဟာဆိုလိုရှိရင် သတ်မှတ်တဲ့ထယ်ရေးကိုမီအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့သော်လည်း စက်သုံးဆီအခက်အခဲကြောင့် ထွန်ယက်နိုင်ခြင်းမရှိဘဲ ကျွန်တော်တို့တွေမှာ အဖြစ်သာစိုက်ပျိုးနေကြရပါတယ်ခင်ဗျား။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မလို့ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ တောင်သူများရဲ့လယ်ထွန်စက်များ စိုက်ပျိုးရေးသုံးယန္တရားများ၊ ယာဉ်များ၊ နိုင်ငံ့ဝန်ထမ်းများ အခြေခံလူတန်းစားများ၏ အသေးစား MSME

Shan State Hluttaw

လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် မရှိအဖြစ်လိုအပ်နေသော စက်သုံးဆီ၊ ဓာတ်ဆီ၊ ဒီဇယ်များကို မြို့ကြီးများကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် အလုံအလောက် ဝယ်ယူရရှိနိုင်ရန် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို ပြည်သူအကျိုးရှေးရှုသောအားဖြင့် သိရှိလိုပါ၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ နောင်ချို့မြို့နယ်၊ ကိုယ်စားလှယ်အမှတ် (၁)ဦးကျော်အောင်သန်းမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချို့မြို့၊ ကျောက်မဲမြို့၊ သီပေါမြို့၊ လားရှိုးမြို့နယ်များတွင် နယ်မြေဒေသအခြေအနေအရ (၂၄.၈.၂၀၂၄)ရက်နေ့မှစပြီးတော့ စက်သုံးဆီများ PO ဝယ်ယူခွင့်ယာယီရပ်ဆိုင်းထားရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ စက်သုံးဆီ PO မရရှိပါသဖြင့် ဒေသခံများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ နယ်မြေဒေသအခြေအနေ ပြန်လည်ကောင်းမွန်လာပြီးဖြစ်ပါသဖြင့် စက်သုံးဆီ PO ဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၁၃.၇.၂၀၂၄) ရက်စွဲပါစာအမှတ်၊ ၁၀/၂-၈(၁၁၅၁၆)/ အဖရ(ရှမ်း)ဖြင့် စက်သုံးဆီ PO များ ဝယ်ယူခွင့်ရရှိရန် တင်ပြတောင်းခံပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျောက်မဲခရိုင်အတွင်းရှိ နောင်ချို့မြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်များအတွင်း စိုက်ပျိုးရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် ပြည်တွင်းထုတ် ဓာတ်ဆီနှင့် ဒီဇယ်ဆီများအား ဝယ်ယူခွင့်ပြုခဲ့ရာ ယခုနှစ် မိုးစပါးစိုက်ဧက (၈၂၇၇.၇၈)ဧက အတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီ (၃၃၁၁)ဂါလန်အား ဝယ်ယူခွင့်ပြုထားပြီးဖြစ်တယ်။ နောင်တွင် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသော စက်သုံးဆီများ ဝယ်ယူရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့

Shan State Hluttaw

ဆက်လက်ပေးပို့တောင်းခံပြီး ပြည်တွင်းထုတ် ဓာတ်ဆီနှင့် ပြည်တွင်းထုတ် ဒီဇယ်များအား ဆက်လက်ဝယ်ယူခွင့်များရရှိရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် အစားထိုးပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး၊ ဒုတိယနေ့၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၀)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါကော်မတီဝင်များအနက် ဦးစစ်သာဦး၊ မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်သွားပြီးဖြစ်ပါသဖြင့် ဦးထွန်းမြင့်ဦး၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအား ကော်မတီဝင်အဖြစ် အစားထိုးတာဝန် ပေးအပ်ခြင်းကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၇၀)အရ လွှတ်တော်၏ သဘောတူညီချက်ရယူမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် အစားထိုး တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် အဖြစ် ဦးထွန်းမြင့်ဦး မိုင်းပန်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)အား အစားထိုး တာဝန်ပေးအပ်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

Shan State Hluttaw

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးက ဥပဒေမူကြမ်းတင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူက လွှတ်တော်သို့ ဖတ်ကြားတင်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စာအမှတ်၊ ၁၀/၃ -၂၇(၁၅၇၉)/အဖရ (ရှမ်း)၊ ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၁) ရက် သို့ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်၊ တောင်ကြီးမြို့၊ အကြောင်းအရာ။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိစ္စ။

အပိုဒ်(၁)။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၅)ဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်ဖြင့် ထုတ်ပြန်ခဲ့ရာတွင် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၊ ရုံးများ၊ ရုံးခွဲများဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ယင်းဥပဒေပုဒ်မ(၄)တွင် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီအနေဖြင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းများကို ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌအဖြစ် ဦးစီးအရာရှိ၊ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး၊ အတွင်းရေးမှူးအဖြစ် ကြီးကြပ်ရေးမှူး သို့မဟုတ် စာရင်းကိုင်၊ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး၊ အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ စုစုပေါင်း(၉)ဦးဖြင့် ဖွဲ့စည်းရန် ပြဋ္ဌာန်းထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်အရ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးမှ မြို့နယ်ဦးစီးအရာရှိကို ဥက္ကဋ္ဌအဖြစ် တာဝန်ခန့်အပ်ဆောင်ရွက်စေခဲ့ရာ၌ ငွေစာရင်းပိုင်းဆိုင်ရာများ စီမံခန့်ခွဲခြင်း၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာများဆောင်ရွက်ခြင်း၊ လုပ်သားများကို

Shan State Hluttaw

ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုပ်သားများ၏ ငွေကြေးပိုင်းဆိုင်ရာများကို တာဝန်ခံ ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချက်များ ဖြစ်ပေါ် လာသည်ကို စိစစ်တွေ့ရှိခဲ့ရပါတယ်။

အပိုဒ် (၂)။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဥက္ကဋ္ဌ၊ မူဆယ်ခရိုင်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးစေခဲ့ရာ လုပ်ငန်းပိုင်းအုပ်ချုပ်မှု အားနည်းချက်များ မဖြစ်ပေါ်စေရန်အတွက် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေပုဒ်မ(၄)ပါ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ယာယီဥက္ကဋ္ဌတာဝန်ကို မြို့နယ် အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်သင့်ကြောင်း၊ ဦးစီးအရာရှိ၊ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သင့်ကြောင်း အကြံပြုတင်ပြ လာပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၄)တွင် ဆွေးနွေးခဲ့ရာ အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ်(၈၄)အရ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တာဝန်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ရန်နှင့် တာဝန်ခံ ကုန်တင်ကုန်ချကော်မတီ၊ ဦးစီးအရာရှိအား အတွင်းရေးမှူးတာဝန်ပေးအပ်နိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်နိုင်ရန်အတွက် ဥပဒေအကြံပြုချက် ရယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲ၍ ပြည်နယ်ဥပဒေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်ပေးပို့ခဲ့ရာ ပြည်နယ်ဥပဒေချုပ်ရုံးမှ ဥပဒေရေးရာဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ခဲ့ ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ပြန်ကြားချက်အရ ဥပဒေချုပ်ရုံးမှ ဥပဒေအရ သဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း ပြန်ကြားလာခဲ့ပါတယ်။

အပိုဒ်(၃)။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်ပတ်သက်၍ အနီးစပ်ဆုံး ကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းနိုင်ရေးအတွက် ပေးပို့ အပ်ပါတယ်။ ပူးတွဲပါ- ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ CD (၁) ချပ်၊ စိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးချုပ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေ

Shan State Hluttaw

ကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့ပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(တတိယနှေ့) ၂၀၂၆ ခုနှစ်၊ သြဂုတ်လ (၁၇) ရက်နေ့မှာ ကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရန်ရှိပါက အကြံပြုဆွေးနွေးမည့် အချက်များကို ၂၀၂၆ ခုနှစ်၊ သြဂုတ်လ (၁၄)ရက် မနက်ဖြန် ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယဥက္ကဋ္ဌကြားရေးမှူးချုပ်ထံ ပေးပို့ရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး။ ယနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အစည်းအဝေးမှာ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် တင်ပြလိုပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနဲ့ပတ်သက်ပြီး သာမန်အသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှလည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှလည်းကောင်း၊ မူဝါဒ၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

Shan State Hluttaw

ကြီးများထံသို့လည်း ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု အခြေအနေအား တင်ပြပါအစီအစဉ်များဖြင့် တင်ပြမှာဖြစ်ပါတယ်။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အရေအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းကို မဖြစ်မနေပေးချေရန် ထပ်မံလိုအပ်လာသည့် လစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပင်စင်နှင့် အတိုးပေးငွေများ၊ ထပ်မံလိုအပ်လာသည့် နိုင်ငံတော်သို့ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ထပ်မံရရှိရန်သေချာပြီး ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများအတွက် အသုံးစရိတ်များ၊ မဖြစ်မနေထပ်မံလိုအပ်သည့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးအသုံးစရိတ်များ၊ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအတွက် ယခု ဘဏ္ဍာရေးနှစ်အတွင်း နယ်မြေဒေသအခြေအနေအရ လုပ်ဆောင်နိုင်သည့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကိုသာ တောင်းခံရန်ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၃၅/၂၀၁၇)ပါ ပြဋ္ဌာန်းချက်များတွင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကို ဌာန/ အဖွဲ့အစည်းများအနေနှင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်လျှင်သော်လည်းကောင်း၊ ရန်ပုံငွေလွှဲပြောင်းကျခံသုံးစွဲရန် မဖြစ်နိုင်လျှင်သော်လည်းကောင်း ထပ်မံလိုငွေကို သတ်မှတ်ထားသည့်အချိန်ကာလတွင် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြတောင်းခံနိုင်ပါတယ်။ အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေကို သက်ဆိုင်ရာလွှတ်တော်မှ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမှာ ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေများကို ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းမပြုရဟု ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် ဖြည့်စွက်ခွင့်ပြုငွေများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အသုံးမပြုနိုင်ဘဲ ပြန်လည်အပ်နှံခြင်းမဖြစ်စေရေး ဂရုပြုဆောင်ရွက်ရန် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အနေဖြင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဌာန/ အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေသည် မူလခန့်မှန်းခြေငွေစာရင်းတွင် ကျပ် ၂၈၆.၂၅၁ ဘီလီယံရှိခဲ့ရာမှ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ကျပ် ၃၁၁.၇၁၂ ဘီလီယံဖြစ်သဖြင့် ကျပ် ၂၅.၄၆၁ ဘီလီယံတိုးတက်ရရှိခဲ့ပါတယ်။

Shan State Hluttaw

တင်ပြပါ Slide (၆)(၇)(၈)တို့တွင် ရငွေတိုးပြီးရရှိမှုကို ဦးစီးဌာနများအလိုက် ဖော်ပြထားခြင်းဖြစ်ပါတယ်။ Slide (၅) (၆) (၇) (၈) ဖြစ်ပါတယ်။ တင်ပြပါ Slide (၉) နှင့် (၁၀)တို့တွင် ဌာန/အဖွဲ့အစည်း(၂၇)ဖွဲ့ရှိသည့်အနက် ဌာန/ အဖွဲ့အစည်း (၂၂)ဖွဲ့မှ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် သာမန်အသုံးစရိတ် ကျပ် ၆.၅၃၆ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၅၃.၆၇၈ ဘီလီယံ၊ စုစုပေါင်း ကျပ် ၆၀.၂၁၄ ဘီလီယံတောင်းခံထားခြင်းကို ဦးစီးဌာနများအလိုက် ဖော်ပြထားခြင်းဖြစ်ပါတယ်။ Slide (၉)(၁၀) ဖြစ်ပါတယ်။

တင်ပြပါ Slide နံပါတ် (၁၁)မှ(၁၃) တို့တွင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံပြီးနောက် ဌာန/ အဖွဲ့အစည်းများ၏ ဖြစ်ပေါ်လာမည့် သာမန်အသုံးစရိတ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ ကျပ် ၁၄၁.၅၁၆ ဘီလီယံကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ တင်ပြပါ Slide နံပါတ် (၁၄)မှ(၁၅)တို့တွင် ဌာန/ အဖွဲ့အစည်း(၁၇)ဖွဲ့မှ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကို ငွေစာရင်းခေါင်းစဉ်အလိုက် ဖော်ပြထားခြင်းဖြစ်ပါတယ်။

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအတွက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ Slide နံပါတ်(၁၆) ၀၁၀၀။ လစာ၊ စရိတ်၊ ချီးမြှင့်ငွေများတွင် ထပ်တိုးဝန်ကြီးများနှင့် ခရိုင်/ မြို့နယ်ကိုယ်စားပြုသူများအတွက် နေ့တွက်စရိတ်များ၊ ပအိုဝ်းနှင့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများ၊ ကိုယ်ရေးအရာရှိများအတွက် ချီးမြှင့်ငွေနှင့် အပိုထောက်ပံ့ကြေးများ၊ လွတ်တော်ကိုယ်စားလှယ်များအတွက် ခရီးစရိတ်များ၊ နေ့တွက်စရိတ်ထပ်မံလိုအပ်ငွေများ၊ ဝန်ထမ်းများ တိုးလာခြင်းနှင့် အသစ်ခန့်ထားမည့် ဝန်ထမ်းများအတွက် လစာ၊ အပိုထောက်ပံ့ကြေး နှင့်ဒေသစရိတ်များအတွက် တောင်းခံထားခြင်း။

၀၂၀၀။ ခရီးသွားလာစရိတ်တွင် ကိုယ်ရေးအရာရှိများအတွက် နေ့တွက်စရိတ်များနှင့်လေယာဉ်လက်မှတ်ခများ၊ ဝန်ထမ်းများ အစည်းအဝေးတက်ရောက်ရခြင်း၊ ရာထူးတိုးဖြေဆိုခြင်း၊ ရုံးကိစ္စများသွားရောက်ရခြင်း၊ ပြောင်းရွှေ့စရိတ်များ၊ သင်တန်းတက်ရောက်ရန် ခရီးစရိတ်များနှင့် နိုင်ငံခြားသွားခရီးစရိတ်များအတွက် တောင်းခံထားခြင်း။

၀၃၀၀။ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခတွင် လုပ်အားခများ၊ စာအုပ်ချုပ်ခများ၊ ယာဉ်ငှားရမ်းခများ၊ မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖွင့်လှစ်ခဲ့သောရုံးများအတွက် အသုံးစရိတ်များ၊ နေ့ကြီးရက်ကြီးများအတွက် ထပ်မံလိုအပ်ငွေများအတွက် တောင်းခံထားခြင်းဖြစ်ပါတယ်။

Shan State Hluttaw

Slide (၁၇) ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအတွက် ရှင်းလင်းချက် ၀၄၀၀။ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖွင့်လှစ်ခဲ့သောရုံးများအတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ပြန်လည်ထူထောင်ရေး အသုံးစရိတ်များ၊ မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းစရိတ်များနှင့် အခြားပြင်ဆင်ထိန်းသိမ်းစရိတ်များအတွက် တောင်းခံထားခြင်း။

၀၅၀၀။ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်တွင် ဒေသဖွံ့ဖြိုးရေးခရီးစဉ်များ၊ အလင်းဝင်သူများနှင့် စစ်မှုထမ်းပြီးသူများအားထောက်ပံ့ခြင်း၊ သင်တန်းများပို့ချခြင်း၊ လူမှုဖူလုံရေးအတွက်ထည့်ဝင်ခြင်းများ၊ မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖွင့်လှစ်ခဲ့သောရုံးများ၏ နေ့ကြီးရက်ကြီးများ၌ လျှဒါန်းငွေအတွက် အသုံးစရိတ်များ တောင်းခံထားခြင်း။

၀၆၀၀။ ဧည့်ခံကျွေးမွေးစရိတ်တွင် ရှမ်းပြည်နယ်လွတ်တော် နှစ်ပတ်လည်နေ့ညစာစားပွဲကျင်းပခြင်းနှင့် အချိန်ပိုဆင်းသည့် ဝန်ထမ်းများအတွက် ကျွေးမွေးစရိတ်များ တောင်းခံထားခြင်း၊ ပင်စင်နှင့်လုပ်သက်ဆုငွေတွင် စည်ပင်သာယာရေးဌာနရှိ ဝန်ထမ်းအချို့ကွယ်လွန်ခြင်း၊ နာမကျန်းပင်စင်ခံစားခြင်းများကြောင့် တောင်းခံထားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတင်ပြချက်ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၉.၇.၂၀၂၆ ရက်စွဲပါစာအမှတ်၊ စီမံ-၃/၁/၁ (၃၈၁/ ၂၀၂၆)ဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများသို့ အကြောင်းကြားသည့်စာအရလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၆.၇.၂၀၂၆ ရက်စွဲပါစာအမှတ်၊ ၈/၃-၁(၁၁၆၈၀)/အဖရ(ရှမ်း)၏ အကြောင်းကြားသည့်စာအရလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ၁၃-၇-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ စ-ရပန/ရေး-ဖော်/၂၀၂၆ (၀၁၃)ဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ ဖြည့်စွက်ခွင့်ပြုငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်စာရင်းများကို တောင်းခံခဲ့ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်) မှ ၉.၇.၂၀၂၆ ရက်စွဲပါ စာအမှတ်၊ စ၂၉/ ဒေသစီးပွား (၁၁၇၆)/၂၀၂၆ဖြင့် အကြောင်းကြားသည့် စာအရလည်းကောင်း၊ ပြည်ထောင်စု/ ပြည်နယ်၏ မူဝါဒ၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပါတယ်။

ငွေလုံးငွေရင်း အသုံးစရိတ်နှင့်ပတ်သက်၍ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြု

Shan State Hluttaw

လျာထားသည့် စီမံကိန်း/ လုပ်ငန်းများအတွက် ဌာန/ အဖွဲ့အစည်း (၁၇)ခုမှ ဖြည့်စွက်ခွင့်ပြုငွေ လျာထားချက် အဆိုပြုတင်ပြလာသော စာရင်းမှာ စုစုပေါင်း ကျပ် ၅၃.၆၇၈ ဘီလီယံဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ် ၅၀.၅၇၁ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၉၄.၂၁%၊ စက်ပစ္စည်းဝယ်ယူရေးအတွက် ကျပ် ၁.၅၅၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၉၀%နှင့် အခြားအသုံးစရိတ်အတွက် ကျပ် ၁.၅၅၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၈၉% လျာထားပါတယ်။

ငွေလုံးငွေရင်း အသုံးစရိတ်တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ပြရာတွင် ဒေသဖွံ့ဖြိုးရေးကို တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်တဲ့ ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်း ကျပ် ၃၆.၃၁၀ ဘီလီယံ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၆၇.၆၄% ရှိသည့်အနက် လမ်း/ တံတား လုပ်ငန်းများအတွက် ကျပ် ၂၆.၂၂၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄၈.၈၅%၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းအတွက် ကျပ် ၆.၆၀၀ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၂.၃၀%၊ စိုက်ပျိုးရေးရရှိရေး လုပ်ငန်းများအတွက် ကျပ် ၂.၃၅၆ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄.၃၉%၊ သောက်သုံးရေ ရရှိရေး လုပ်ငန်းများအတွက် ကျပ် ၁.၁၃၀ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၁၀%၊ အဆောက်အဦ၊ စက်ကိရိယာ၊ ပရိဘောဂ၊ လုပ်ငန်းသုံးယာဉ်များ ဝယ်ယူခြင်းအတွက်နှင့် အခြားအသုံးစရိတ်များအတွက် ကျပ် ၁၇.၃၆၈ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၃၂.၃၆%၊ စုစုပေါင်း ကျပ် ၅၃.၆၇၈ ဘီလီယံ လျာထားပါတယ်။ နိဂုံးချုပ်အနေနဲ့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ဖြည့်စွက်ခွင့်ပြုတောင်းခံချက်ဖြင့် (က) သာမန်အသုံးစရိတ်ကျပ် ၆.၅၃၆ ဘီလီယံ၊ (ခ) ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၅၃.၆၇၈ ဘီလီယံ၊ စုစုပေါင်း ကျပ် ၆၀.၂၁၄ ဘီလီယံဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့မှာ ဆွေးနွေးပါမယ်။

Shan State Hluttaw

ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးမည့် အချက်များကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်၊ မနက်ဖြန် ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမှာ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ "ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာ ထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ် ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်ကျော်ညွှန့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ "ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်း မြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခု ဦးအောင်ကျော်ညွှန့်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို တက်ရောက် ကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌပြီးရင် ကျွန်တော်တို့ ကျန်သော အစိုးရအဖွဲ့ဝင်များ ပြီးရင်ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ပြီးရင်ကျွန်တော်တို့ရဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး လိုရာဆန္ဒတွေလည်း ပြည့်စုံ ကြပါစေ။ ဒီရဲ့အဆိုကို ခွင့်ပြုပေးတဲ့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအဆိုဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သုံးကြိမ် မြောက်မှာ ပထမဦးဆုံး အဆိုဖြစ်ပါတယ်။ ဒီအဆိုကတော့ အကြောင်းအရာကတော့ ရှမ်းပြည်နယ်လွှတ်တော် တတိယအကြိမ် တတိယပုံမှန် အစည်းအဝေးတွင် စိစစ်

Shan State Hluttaw

ဆွေးနွေးနိုင်ပါရန်ဆိုပြီး ပြီးခဲ့တဲ့ ဒုတိယအကြိမ်ပြီးကတည်းက အမြန်ဆုံးတင်ပြ ထားပြီးတော့ ဒါကြီးဟာကျွန်တော် ပထမဆုံးလက်ခံရရှိဖို့ ကျွန်တော်တင်ပြထားတဲ့ အဆိုပဲဖြစ်ပါတယ်။ အဆိုရဲ့ ခေါင်းစဉ်ကတော့ "ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ(ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းလမ်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်း စဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း" အဆိုခေါင်းစဉ်ပဲဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အကြောင်းအကျိုး ဖော်ပြချက်ကတော့ အပိုဒ်(က) ရှမ်းပြည်နယ်ရပ်စောက်မြို့နယ်အတွင်းရှိ တောင်သူများနှင့် ဒေသခံပြည်သူများသည် မိမိတို့ပိုင်ဆိုင်သော ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေများ အပေါ်တွင် မိသားစုနေအိမ် ဆောက်လုပ်ခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ သီးနှံ သိုလှောင်ရုံနှင့် ဒေသတွင်း အသေးစားစီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရန် လယ်ယာ မြေဥပဒေပုဒ်မ ၃၀(ခ)အရ အခြားနည်းသုံးစွဲခွင့် အဆင့်ဆင့်လျှောက်ထားရာ၌ ဌာနဆိုင်ရာထောက်ခံစာများ အများအပြားတောင်းခံနေရခြင်း၊ လုပ်ထုံးလုပ်နည်း ရှုပ်ထွေးခြင်းနှင့် စိစစ်ချိန်ကာလရှည်ကြာခြင်းတို့ကြောင့် ပြည်သူများအချိန်နှင့် ကုန်ကျ စရိတ်များစွာ ဆုံးရှုံးနေရပါတယ်။ အပိုဒ်(ခ) အထူးသဖြင့်မိသားစုပိုင်တစ်ပိုင်တစ်နိုင် လုပ်ငန်းများဖြစ်ပါသော်လည်း မလိုအပ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဌာနအသီးသီးမှ ထောက်ခံစာ များအဆင့်ဆင့် လိုက်လံတောင်းခံနေရခြင်း၊ ဌာနတစ်ခုစီမှ သီးခြားစီကွင်းဆင်း စစ်ဆေး Spread Inspection စစ်ဆေးနေခြင်းတို့သည် ဒေသခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အပြင် ဒေသတွင်း တရားဝင်ရင်းနှီးမြှုပ်နှံမှုများကိုပါ ကြန့်ကြာ နှောင့်နှေးစေလျက်ရှိပါတယ်။ အပိုဒ်(၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်း တောင်းဆိုသည့်အချက်များ Proposal (က) မလိုအပ်သော ထောက်ခံစာများ ဖြေလျှော့ပေးရန်၊ Risk Exception မိသားစုနေအိမ်၊ သီးနှံသိုလှောင်ရုံ အသေးစားနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မသက်ဆိုင်သော ဌာနဆိုင်ရာ ထောက်ခံစာများတောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပေးရန် သို့မဟုတ် ဝန်ခံကတိပြုချက် Self Declaration ဖြင့် အစားထိုးဆောင်ရွက်ပေးပါရန်၊ (ခ) ပူးပေါင်းကွင်းဆင်း စစ်ဆေးရေးစနစ် ကျင့်သုံးရန် Joint Field inspection ၊ ဌာနအသီးသီးမှ သီးခြားစီ ကွင်းဆင်းစစ်ဆေးသည့်အစား မြို့နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနများပါဝင်သော OSS တစ်ပြိုင်နက်တည်း ပူးပေါင်းကွင်းဆင်း

Shan State Hluttaw

စစ်ဆေးရေးအဖွဲ့များဖြင့်သာ ဆောင်ရွက်ပေးရန်၊ (ဂ) Silent Approval System သဘောထားတောင်းခံမှုကာလ သတ်မှတ်ပေးပါရန်၊ အခြားဌာနများသို့ သဘောထား တောင်းခံရာတွင်လည်း သတ်မှတ်ရုံးဖွင့်ရက် (၁၅)ရက် သို့မဟုတ် (၂၁)ရက်အတွင်း တစ်စုံတစ်ရာအကြောင်းမပြန်ပါက ကန့်ကွက်မရှိ ထောက်ခံသည်ဟု အလိုအလျောက် သတ်မှတ်သည့်စနစ် ကျင့်သုံးပေးပါရန်၊ (ဃ) လုပ်ငန်းစဉ်အချိန်ကာလ Time Limit တိကျစွာ သတ်မှတ်ပေးပါရန်၊ ကျေးရွာ/ မြို့နယ်/ ခရိုင်/ ပြည်နယ်အဆင့်ဆင့် စိစစ်သည့် စုစုပေါင်း အချိန်ကာလအား တိကျစွာသတ်မှတ်ပေးပြီး SOP လမ်းညွှန်များအား အများပြည်သူ သိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်၊ အပိုဒ်(၄) နိဂုံး သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ လျင်မြန် လွယ်ကူပွင့်လင်းမြင်သာစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ပြန်လည်စိစစ်ဖြေလျှော့ပေးပါရန် ပြည်နယ်လွှတ်တော်သို့ ဤအဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကျော်ညွှန့် တင်ပြသွားတဲ့ "ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း" အဆိုကို ကျွန်တော့်အနေဖြင့် ထောက်ခံပါတယ်ခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကျော်ညွှန့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ကထောက်ခံသွားပါတယ်။

Shan State Hluttaw

အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးအောင်ကျော်ညွှန့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကျော်ညွှန့် တင်သွင်းသော အဆိုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်၊ (တနလ်ာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားသည့်အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းပေးဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်၊(သောကြာနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ် ခင်ဗျား။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို နေ့လယ် ၁၂း၂၅ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(ဒုတိယနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

[သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက် ပါသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဒီကနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ လေ့လာသူ စုစုပေါင်း (၅၃)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများကို စက်ပိတ်ထားစေလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၈၉.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၁၄.၈.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဒီကနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးကိန်မိုင်၊ ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

Shan State Hluttaw

(၄) ဒေါ်အေးချိုစိန်၊ ကယန်း(ခ)ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဒေါ်ခင်ထွေးအောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးဝီလ်ဆင်မိုး၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဒေါ်ငွေလှိုင်၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၀) ဒေါ်နန်းဆိုင်မွန်း၊ တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၁) ဗိုလ်မှူးဖြိုးထက်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၄)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

Shan State Hluttaw

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားပေးသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံး လိုရာဆန္ဒတွေ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

Shan State Hluttaw

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းလှိုင် ဖြစ်ပါတယ်။

အိမ်ခြံမြေများနှင့်စပ်လျဉ်းပြီးတော့ အပိုင်း(၃)ပိုင်းခွဲပြီး မေးမြန်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပထမတစ်ခုကတော့ ပိုင်ဆိုင်မှုခိုင်မာစွာမရှိသော အိမ်ခြံမြေများကို မည်ကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးမည်ကို မေးမြန်းမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်သူအများစုဟာ (၁၀၅)ပုံစံတွေ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်တွေနဲ့ ခိုင်မာမှုမရှိဘဲ နေထိုင်ကြရတာကို လေ့လာသိရှိရပါတယ်။ တချို့ဟာဆိုရင် စလစ်မြေ၊ ပါမစ်မြေများကို ဂရန်မပြောင်းနိုင်ဘဲ နေထိုင်ကြရပါတယ်။ ဖော်ပြပါမြေအမျိုးအစားများကို ဂရန်မြေအဖြစ် ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။

ဒုတိယအချက်ကတော့ ရောင်းခွန်/ ဝယ်ခွန်မဆောင်ဘဲ အမည်ပြောင်းဂရန်မပြုလုပ်သော အိမ်ခြံမြေများကို မည်ကဲ့သို့စစ်ဆေးဆောင်ရွက်မည်ကို မေးမြန်းမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးနှင့် ငွေကြေးခဝါချမှုများကို ထိန်းချုပ်နိုင်စေရေးဖြစ်ပါတယ်ခင်ဗျား။ ဝင်ငွေရလမ်းမဖော်ပြနိုင်သော အခွန်တိမ်းရှောင်လိုသော စီးပွားရေးလုပ်ငန်းရှင်တစ်ချို့ဟာ အိမ်ခြံမြေစျေးကွက်ထဲကို ဝင်ရောက်ရင်းနှီးမြှုပ်နှံလာကြတာဖြစ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ အခွန်ရှောင်ရလွယ်ကူခြင်း၊ ရောင်းလိုဝယ်လိုအားကောင်းခြင်း၊ အမြတ်ရရန်သေချာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံလာကြတာဖြစ်ပါတယ်။ အိမ်ခြံမြေရောင်းဝယ်ခြင်းလုပ်ငန်းအပေါ်မှ နိုင်ငံတော်အခွန်ငွေရရှိစေရေးအတွက် အကြံပြုတင်ပြလိုပါတယ်ခင်ဗျား။ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်တိုင်းမှာ အိမ်ခြံမြေအကျိုးဆောင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပါဝင်သိရှိဆောင်ရွက်ကြရပါတယ်။ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာသင်တန်းများတက်ပြီးသော အကျိုးဆောင်များသာလျှင် ဆောင်ရွက်ခွင့်ပြုထားသည့်အတွက် ဥပဒေကိုနားလည်သိရှိသူများဖြစ်ပါတယ်။ အဆိုပါအကျိုးဆောင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်တိုင်း စာချုပ်မိတ္တူများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပြည်တွင်းအခွန်ရုံးနှင့် မြေစာရင်းမှတ်ပုံတင်ရုံးများသို့ပေးပို့ရန် ညွှန်ကြားချက်ထုတ်ပြန်သင့်ပါတယ်။ သက်ဆိုင်ရာဌာနများမှလည်း သင့်တင့်သော လုပ်ထုံးလုပ်နည်းနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးဖို့လိုပါမယ်ခင်ဗျား။ ယခုလက်ရှိလုပ်ငန်းစဉ်အရ အိမ်ခြံမြေဝယ်ယူပြီးတော့မှ အမည်ပြောင်းဆောင်ရွက်တော့မယ်ဆိုလျှင် လုပ်ငန်းစဉ်အနေနဲ့ကတော့ အရပ်စာချုပ် ချုပ်ရပါတယ်။ မြေစာရင်းရုံးမှာ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်

Shan State Hluttaw

ဆိုပြီးတော့မှ (၁၀၅)ရေးဆွဲခွင့်တင်ရပါတယ်။ အနည်းဆုံး (၁၀) ရက်/ (၁၅)ရက်ခန့် ကြာပါတယ်။ ပြည်တွင်းအခွန်မှာ အခွန်ဆောင်ရန်အတွက် (၁၀)ရက်/ (၁၅)ရက်ခန့် တင်ပြထားရပါတယ်ခင်ဗျား။ ပြည်တွင်းအခွန်မှာ ကြာရတဲ့အကြောင်းကတော့ မြို့နယ်ဦးစီးမှူးတွေရဲ့ ဆုံးဖြတ်ချက်နဲ့မရဘဲ စံနှုန်းတန်ဖိုးအလိုက် ပြည်နယ်ရုံးချုပ်များသို့ တင်ပြရသောကြောင့်ဖြစ်ပါတယ်။ သိန်း(၃၀၀၀)နှင့် အထက်ဆိုရင် နေပြည်တော်ရုံးချုပ်သို့ တင်ပြခွင့်ပြုချက်ယူရကြောင်း လေ့လာသိရှိရပါတယ်ခင်ဗျား။ အခွန်ဆောင်ပြီးရင် မြေစာရင်း/ မြေယာမှတ်ပုံတင်ဌာနမှာ စာချုပ်ချုပ်ဖို့ ဆောင်ရွက်ရာမှာလည်း (၁)ပတ်ခန့်ကြာပါတယ်။ စာချုပ်ချုပ်ဆိုပြီးလျှင် ဂရန်အမည်ပြောင်းလျှောက်ရန် (၁၀၅)နောက်ထပ်တစ်ခု ထပ်ပြီးရေးဆွဲခွင့်တင်ရပါတယ်ခင်ဗျား။ အဲဒါလည်း (၁၅)ရက်ခန့်ကြာပါတယ်။ (၁၀၅) ရေးဆွဲပြီးပါက အမှုတွဲတည်ဆောက်ပြီးပြီဆိုရင် ခရိုင်ထွေအုပ်ရုံးကို တင်ရပါတယ်။ ခရိုင်ထွေအုပ်ကနေမှ မြို့နယ်ထွေအုပ်ကို ပြန်ပြီးတော့ကွင်းဆင်းရန်ချပေးပါတယ်။ မြို့နယ်ထွေအုပ်ကနေ ကန့်ကွက်ရန်မရှိကြောင်း သတင်းစာကြော်ငြာထဲမှာ (၂၁)ရက်စောင့်ရပါတယ်။ ပြီးရင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအဖွဲ့က ကွင်းဆင်းတယ်။ နံပါတ်(၉)အဆင့်ကျတော့ ခရိုင်ထွေအုပ်ကို ဆက်တင်ရပါတယ်။ ခရိုင်ထွေအုပ်အဖွဲ့က ကော်မတီအစည်းအဝေးလုပ်ပြီး ကွင်းဆင်းစစ်ဆေးပါတယ်ခင်ဗျ။ လုပ်ငန်းစဉ်အဆင့် စုစုပေါင်း(၉)ဆင့်ပြီးမှသာလျှင် နောက်ဆုံးအဆင့် ခရိုင်ကော်လိတ္တော်အရာရှိက ဂရန်ကိုလက်မှတ်ရေးထိုးပေးပြီးတော့ ကာယကံရှင်ကိုယ်တိုင် သွားရောက်ထုတ်ယူရတာဖြစ်ပါတယ်။ စုစုပေါင်းဂရန်မြေတစ်ခု အမည်ပြောင်းဆောင်ရွက်မယ်ဆိုလျှင် (၅)လဝန်းကျင်ခန့်ကြာပါတယ်ခင်ဗျ။ ဒါကလည်း ကျွန်တော်တို့ကို တရားရုံးတွေဘာတွေမှာ လျှောက်တာတို့ဘာတို့တွေမပါဘဲ ဒါရိုးရိုးကိစ္စပဲဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့ အခက်အခဲများကိုလည်း ကျွန်တော်တို့ နားလည်သိရှိပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်အခွန်ငွေရရှိရေးအတွက် လုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိစေရေး ဖြေလျှော့လို့ရသော လုပ်ငန်းစဉ်များကို ဖြေလျှော့ပေးနိုင်ပါရန် အကြံပြုမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

တတိယမေးခွန်းကတော့ လူနေအိမ်ဆောက်လုပ်ရန် ခွင့်ပြုချထားပေးသော မြေကွက်များအပေါ်မှာ နေအိမ်ဆောက်လုပ်နေထိုင်ခြင်းမရှိဘဲ နှစ်ရှည်လများ ချိုနွယ်များဖြင့်ပစ်ထားသော မြေကွက်များစွာရှိနေတာကို သိရှိရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါဇွိဒီယိုကလစ်ဖြစ်ပါတယ်ခင်ဗျား။ ဒါဆိုရင် နှစ်ပေါင်း(၃၀)ဂရန်တွေထုတ်ပေးထားသော်လည်း လူနေထိုင်ခြင်းမရှိ၊ နေအိမ်ဆောက်လုပ်ခြင်းမရှိဘဲ ဘေးပတ်ဝန်းကျင်နေအိမ်တွေကို အနှောင့်အယှက်ဖြစ်စေတဲ့ အနေအထားမျိုးတွေကို ကျွန်တော် နမူနာတင်ပြတာပဲ ဖြစ်ပါတယ်ခင်ဗျား။ ပိုင်ရှင်အဆင့်ဆင့် ရောင်းဝယ်

Shan State Hluttaw

ခြင်းများပြုလုပ်ထားပြီး အမည်ပြောင်းဂရန်မပြုလုပ်ဘဲ အခွန်တိမ်းရှောင်နေကြတာ ဖြစ်ပါတယ်။ အချို့သောမြေကွက်များသည် ပိုင်ရှင်မဲ့များဖြစ်နေပြီး နှစ်(၃၀)ဂရန် ရရှိထားသော်လည်း သက်တမ်းမတိုးဘဲ ယနေ့အချိန်ထိ နေအိမ်ဆောက်လုပ်နေထိုင် ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ချုံနွယ်ပေါင်းပင်များဖြင့် ဘေးပတ်ဝန်းကျင် လူနေ အိမ်များကို အနှောင့်အယှက်ဖြစ်စေတဲ့အတွက် မည်ကဲ့သို့အရေးယူဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ယခင်ကအရေးယူခဲ့ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်ဘဏ္ဍာငွေရရှိစေရေးနှင့်ငွေကြေး ခဝါချမှုများကို ထိန်းချုပ်နိုင်စေရေးအတွက် ရည်ရွယ်၍ မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကို လာရောက်လေ့လာ ကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဌေးဝင်းလှိုင် ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းတဲ့ ကိုယ်စားလှယ်တော်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ဖြေကြားခွင့်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ပိုင်ဆိုင်မှုခိုင်မာစွာမရှိသော သို့မဟုတ် တရားဝင်စာရွက် စာတမ်းအထောက်အထားများ အပြည့်အစုံမရှိသော မြေယာများအား ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုခိုင်မာစေရေးအတွက် ပထမဦးစွာ မြေအမျိုးအစားခွဲခြား၍ လယ်ယာမြေ ဖြစ်ပါက လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)ရရှိရေး လျှောက်ထားလာပါက လယ်ယာမြေစီမံခန့်ခွဲမှု

Shan State Hluttaw

အဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များ နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ထုတ်ပေး ဆောင်ရွက်လျက် ရှိပါကြောင်း။ ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် မြို့မြေပြန်တမ်း ထုတ်ပြန်ထားတဲ့ မြို့မြေဖြစ်ပါက မြို့မြေအတွင်း မြေပိုင်ဆိုင်ခွင့်ရရှိသူသည် လိုင်စင် သို့မဟုတ် အငှားဂရန်လျှောက်ထားလာပါက ၁၈၈၇ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ၊ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာ မြေများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ (၁)ဧကအထိ မြေပိုင်ဆိုင်မှုများကို ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)မှလည်းကောင်း၊ (၁)ဧကမှ (၅)ဧကအထိ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော် အရာရှိ)မှလည်းကောင်း၊ (၅)ဧကနှင့်အထက်ရှိ မြေပိုင်ဆိုင်မှုများကို ညွှန်ကြားရေး မှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)မှလည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်များ ခွင့်ပြုချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြို့မြေ၊ ရွာမြေများနှင့် အခြားနည်းအသုံးပြုခွင့် ရရှိထားသောမြေများအား စက်မှု စီးပွားမြေငှားဂရန်အသစ် လျှောက်ထားလာမှုများနှင့် ပတ်သက်၍ မြေဧရိယာမည်မျှပင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ ခွင့်ပြုထုတ်ပေးသွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၂၀.၄.၂၀၂၂) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၃၀/၂-၆/ဦး၁(၉၅၉)ဖြင့် အကြောင်းကြားထားရှိပါသဖြင့် ခွင့်ပြုချက်ရရှိမှသာ ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)မှ စက်မှုစီးပွား မြေငှားဂရန်များအား ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာများတွင် နေထိုင်သည့် ဒေသခံတိုင်းရင်းသားပြည်သူလူထုများ၏ မြေကွက်များအား ပိုင်ဆိုင်မှု ခိုင်မာမှုရှိစေရေးအတွက် ကျေးရွာမြေအတွင်း ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား (Legal Document) ဖြစ်သော မြေငှားဂရန်(Lease) ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်တဲ့ အခွန်ငွေများရရှိမှာဖြစ်တဲ့အတွက် ကျေးရွာမြေငှားဂရန်အရပ်စာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အမည်ပေါက်မပြောင်းလဲနိုင်သော အိမ်ခြံမြေများပေါ် မည်ကဲ့သို့ စစ်ဆေးဆောင်ရွက်မည်နှင့်ပတ်သက်၍ မြေလက်ဝယ်ပိုင်ဆိုင်ထားမှုမှ မိမိအမည်ပေါက်ရရှိရေး မူလမြေ၏ပိုင်ဆိုင်မှုအထောက်ထားပေါ်မူတည်၍ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ ဥပမာ ဂရန်ရရှိထားသည့် မြေဖြစ်ပါက သက်ဆိုင်ရာအခွန် ဦးစီးဌာနတွင် ရောင်းခွန်၊ ဝယ်ခွန်၊ တံဆိပ်ခေါင်းခွန်များ ပေးဆောင်၍ သက်ဆိုင်ရာ

Shan State Hluttaw

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်၍ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅)ရေးကူးပြီး သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်များ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပိုင်ဆိုင်မှုခိုင်မာသောမြေ၊ အရှုပ်အရှင်းကင်းသောမြေ၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ(မြို့မြေ)များအား အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်မှုမရရှိသေးပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်အား တင်ပြလျှောက်ထားရမည်ဖြစ်ပြီး သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြေလက်ဝယ်ယူပိုင်ဆိုင်ထားသူများကသာ မိမိအမည်ပေါက်ရရှိရေးဆောင်ရွက်မှသာလျှင် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မြေဝယ်ပိုင်ဆိုင်သူများမှ မိမိအမည်ပေါက်အိမ်ခြံမြေဂရန်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဦးစားပေးအလိုက်ရွေးချယ်ထားသည့် ကျေးရွာများကို ကျေးရွာမြေငှားဂရန်များထုတ်ပေးလျက်ရှိရာ ယခုအချိန်အထိ ကျေးရွာပေါင်း(၅၅)ရွာ၊ ကျေးရွာမြေငှားဂရန်ပေါင်း (၅၃၃၀)ခုအား ထုတ်ပေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရအသစ် ပထမရက်(၁၀၀)ကာလအတွင်း မြေယာအရှုပ်အရှင်းကင်းတဲ့ မြို့နယ်(၁၆)မြို့နယ်၊ ကျေးရွာ(၁၈)ရွာအား ရွေးချယ်စိစစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း မြေစာရင်းဦးစီးဌာနများနှင့် ပေါင်းစပ်ကာ မြေပြင်စိစစ်မှုများ၊ မြေယာပိုင်ဆိုင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပိုင်ဆိုင်မှုခိုင်မာစွာမရှိသော မြေများအား ပိုင်ဆိုင်မှုခိုင်မာစေရေး ဆောင်ရွက်ရန်ကိစ္စမှာ သက်ဆိုင်ရာမြေပိုင်ရှင်များ၏ သဘောထားများနှင့်လည်း များစွာသက်ဆိုင်မှုရှိတဲ့အတွက် ကာယကံရှင်များမှ ၎င်းတို့မြေများအား ပိုင်ဆိုင်မှုခိုင်မာစေရန် ကိုယ်တိုင်လာရောက်လျှောက်ထားစေရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပညာပေးခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းဆောင်ရွက်သည့်အချိန်များ၌ အသိပေးချပြ၍ လျှောက်ထားစေခြင်းဖြင့် ပိုင်ဆိုင်မှုခိုင်မာအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပိုင်ဆိုင်ထားရှိမှုအနေဖြင့် အားသာချက်ရရှိမှု၊ ပိုင်ဆိုင်မှု၊ ခိုင်မာမှုများအား သိရှိနားလည်စေရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စုများသို့ လစဉ်စစ်ကြောင်းကြီး(၅)ကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်ချိန်တွင်လည်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် သိရှိစေရေးညွှန်ကြားချက်များဖြင့်လည်းကောင်း၊ မြို့နယ်စာချုပ်စာတမ်းရုံးများတွင် ကြေညာအသိပေးခြင်းဖြင့်လည်းကောင်း တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေကွက်များကို ဝယ်ယူထားပြီး နေအိမ်ဆောက်လုပ်ခြင်း

Shan State Hluttaw

မပြုဘဲ လူနေရပ်ကွက်များတွင် ချုံနွယ်ပေါင်းပင်များဖြင့် ပစ်ထားသည့် မြေကွက်များအပေါ် မည်ကဲ့သို့အရေးယူ ဆောင်ရွက်မည်နည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း မြေကွက်ဝယ်ယူထားပြီး နေအိမ်ဆောက်လုပ်ခြင်းမပြုဘဲ ချုံနွယ်အမှိုက်များဖြစ်နေသော မြေကွက်များအား သက်ဆိုင်ရာရပ်ကျေး/ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် မြေကွက်ပိုင်ရှင်များအား ချုံနွယ်အမှိုက်များအား ရှင်းလင်းသွားရေးဆက်သွယ်စည်းရုံး၍ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါခင်ဗျား။ ဒုတိယမေးခွန်းအနေဖြင့် စားသောက်ဆိုင်များနှင့် ကုန်စည်ရောင်းချသော ဆိုင်အများစုတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းမရှိဘဲ ရောင်းချနေခြင်းအပေါ် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များခင်ဗျား။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကဏ္ဍများထဲတွင် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေရရှိရေးမှာ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဘဏ္ဍာအခွန်ငွေရရှိဖို့သည် နိုင်ငံ့ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ၏ တာဝန်ဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိမှသာ ပြည်သူ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ယခုကာလတွင် စားသောက်ဆိုင်တချို့နှင့် ကုန်စည်ရောင်းချသော နေရာအများစုတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းမရှိဘဲ ရောင်းသူ/ ဝယ်သူကြည်ဖြူစွာ ရောင်းဝယ်နေကြသည်ကို တွေ့ရှိရပါတယ်။ ဒီဟာဆိုရင် ပထမဟာတော့ ကျွန်တော်တို့က Tablet လေးနဲ့ငွေရှင်းတာ ဖြစ်ပါတယ်။ အခွန်အမှတ်တံဆိပ်ကပ်တာမရှိဘဲ ဒီတိုင်းငွေရှင်းခိုင်းတာ ဖြစ်ပါတယ်။ ဒါကတော့ အခွန်အမှတ်တံဆိပ်တော့ကပ်တယ်။ သို့သော် အောက်မှာ ကျွန်တော်အနီရောင်လေးဝိုင်းပြထားတဲ့အထဲမှာ ဘောပင်နဲ့ မခြစ်ထားဘူးခင်ဗျား။ အဲဒါကိုစားသုံးသူက ယူမသွားဘဲထားခဲ့တဲ့အခါမှာ ပြန်ခွာပြီး တော့ပြန်သုံးတယ်။ ဒါဆိုရင်တန်ဖိုးက တစ်သောင်းကျော်ပါတယ်ခင်ဗျား။ ဒါဘောပင်နဲ့ မခြစ်ထားတဲ့ဟာလေးပါခင်ဗျား။ ဒါလေးကတော့ ပြန်လည်စိစစ်ပြီးမှ အရေးယူသင့်တဲ့ဟာတွေ ဖြစ်ပါတယ်။ ဒါကျတော့ ကျွန်တော်တို့ လုံးဝကို အခွန်အမှတ်တံဆိပ်

Shan State Hluttaw

မကပ်ထားဘဲနဲ့ ရောင်းချနေတာတွေ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာအခွန်ငွေများဖြင့် ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည့်အတွက် စနစ်တကျကြပ်မတ်ကောက်ခံရန် လိုအပ်ပါတယ်ခင်ဗျား။ ပြည်သူများကလည်း ကြည်ဖြူစွာပေးဆောင်ဖို့ လိုအပ်ပါတယ်။ စနစ်တစ်ခုကို အောင်မြင်ရေးဆောင်ရွက်ရာတွင် အဂတိတရားကင်းပြီး ပြည်သူ့အကျိုးပြုပေးနိုင်ပါက ဆောင်ရွက်ချက်တိုင်းအောင်မြင်မှာဖြစ်ပါတယ်။ ဒီကုန်သွယ်ခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းအားဖြင့် ဒီဆိုင်မှာ ဒီလရောင်းရင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာကို လကုန်ရင်တွက်ချက်လို့ သိနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ လုပ်ငန်းရှင်အားလုံးအပေါ်မှာလည်း တန်းတူညီမျှကြပ်မတ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချခြင်းအပေါ် စိစစ်ကြပ်မတ်ရာတွင် အခွန်ကောက်ခံသောဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်အခက်အခဲရှိသည်ကို တွေ့ရှိရပါတယ်။ အာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ထိရောက်သော၊ ဘက်မလိုက်သော အရေးယူမှုပြုပြီးတော့ ကြပ်မတ်ဆောင်ရွက်နိုင်မည်ဟု အကြံပြုလိုပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများအား အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းဝယ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိနှင့် ဆောင်ရွက်ထားပါက မည်ကဲ့သို့ စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဒေါက်တာလဆိုင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဌေးဝင်းလှိုင် ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် ကုန်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းဝယ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းသည့်အဖြေကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ပြေစာပေါ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့် လုပ်ငန်းများတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှုန်းများနှင့် အမျိုးအစားများမှာ-

(က) စားသောက်ကုန်လုပ်ငန်း(၅%)

(ခ) ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း (၃%)

(ဂ) ရွှေနှင့်လက်ဝတ်ရတနာများ ရောင်းချသည့်လုပ်ငန်း (၃%)

(ဃ) ရုပ်သံလွှင့်မီဒီယာဆောင်ရွက်မှုလုပ်ငန်း(၅%)

(င) လက်ကိုင်ဖုန်း(Handset)နှင့် ဆက်စပ်ပစ္စည်းများ (၅%) ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းတို့ ဖြစ်ပါတယ်။

ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသည့် လုပ်ငန်းများအနေဖြင့် အောက် ဖော်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်-

(က) စားသုံးသူများအား အခွန်အမှတ်တံဆိပ်ကပ်ထားသည့် ပြေစာအား (လုံး၀)ထုတ်ပေးမှုမရှိခြင်း၊

(ခ) ပြေစာကို ကနဦးစာရင်းကြမ်းနှင့် အပြီးသတ်ပြေစာများခွဲ၍ ထားရှိကာ စားသုံးသူအား ကနဦးပြေစာဟုဆိုကာ ယင်းအပေါ်တွင် အခွန်အမှတ် တံဆိပ် မကပ်ထားခြင်း၊

(ဂ) လုပ်ငန်းရှင်နှင့် ဝန်ထမ်းများက စားသုံးသူအား ပြေစာယူမှာလားဟု မေးကာ စားသုံးသူက ပြေစာတောင်းခံမှသာ ပြေစာထုတ်ပေးနေခြင်း၊

(ဃ) Tablet ကိုသာအသုံးပြု၍ ကျသင့်ငွေများအား တောင်းခံခြင်း၊

(င) ပြေစာထုတ်ပေးသော်လည်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှု မရှိခြင်း၊

(စ) ကျသင့်အခွန်တန်ဖိုးထက် အခွန်အမှတ်တံဆိပ် လျော့နည်း ကပ်နှိပ် ထားခြင်းတို့ကို ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။

ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချနိုင်ရေးအတွက် ပြည်တွင်း အခွန်များဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါအတိုင်း စီမံဆောင်ရွက်လျက်ရှိပါ တယ်-

(က) စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရွှေနှင့်လက်ဝတ်ရတနာ အရောင်းဆိုင်၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းနှင့် ဖုန်းနှင့်ဆက်စပ်ပစ္စည်း

Shan State Hluttaw

အရောင်းဆိုင်များအား ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးခြင်း။

(ခ) အဆိုပါလုပ်ငန်းများအနေဖြင့် လိုက်နာဆောင်ရွက်မှု ရှိ/ မရှိ တို့ကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊

(ဂ) စားသုံးသူများက အသံဖိုင်များ၊ ကနဦးပြေစာမူကြမ်းများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့် ပြေစာအထောက်အထားများဖြင့် သတင်းပေး တိုင်ကြားလာပါက ဥပဒေနှင့်အညီ ဒဏ်တပ်ရိုက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)မှ ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော လုပ်ငန်းများ၏ ပျက်ကွက်မှုအပေါ် ဥပဒေနှင့်အညီ ဒဏ်တပ်ရိုက်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မှု အားကောင်းစေရေးအတွက် ရုံးချုပ်မှလည်း ကြပ်မတ်ညွှန်ကြားလျက်ရှိပြီး ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့်လည်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အရေးယူဆောင်ရွက်မှုများ အနေဖြင့် -

(က) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အရေးယူအမှုပေါင်း(၂၉)မှု

(ခ) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အရေးယူအမှုပေါင်း(၄၃)မှု

(ဂ) ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ ဇွန်လထိ အရေးယူအမှုပေါင်း (၁၃)မှု တို့ကို ဒဏ်တပ်ရိုက်၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုဓ၏ အခွန်အကောက် ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(က) တွင် ဖော်ပြထားသည့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် လျော့နည်းကပ်နှိပ် ခြင်းနှင့် လုံးဝကပ်နှိပ်ခြင်းမရှိသော ပြေစာအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ (၁၀၀%)ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါငွေပမာဏအတိုင်း ဒဏ်တပ်ရိုက်လျက်ရှိပါတယ်-

(က) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် (၁၀) သိန်း

(ခ) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း(၂၀)

(ဂ) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း(၃၀)

(ဃ) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း(၆၀) တို့ဖြစ်ပါတယ်။

Shan State Hluttaw

သတ်မှတ်ချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားပြည့်စုံစွာဖြင့် သတင်းပေးတိုင်ကြားလာပါက သတင်းပေးတင်ပြသူအား တပ်ရိုက်သည့်ဒဏ်ကြေးငွေ၏ (၃၀)ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ပါတယ်။

သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းပြုမည်မဟုတ်ပါ။ လုပ်ငန်းရှင်များက စားသုံးသူများအား အခွန်ပေးဆောင်လာစေရေးနှင့် အခွန်တံဆိပ်ကပ်နိုပ်ထားသည့်ပြေစာများ ထုတ်ပေး/ရယူစေရေးအတွက် အသိပေးကြေညာချက် ဗီနိုင်းများအား မိမိ၏လုပ်ငန်းဥပစာမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိရမည် ဖြစ်ကြောင်းကိုလည်း ဌာနမှအသိပေးကြေညာထားပြီးဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အထက်ပါလုပ်ငန်းများအား အခွန်ပညာပေးဆွေးနွေးခြင်း၊ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပြည်သူများက အထောက်အထားဖြင့် တိုင်ကြားလာပါက ဥပဒေနှင့်အညီ ဒဏ်တပ်ရိုက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နိုပ် ရောင်းချခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ သတင်းပေးတိုင်ကြားရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများကို လွတ်ကင်းမှုမရှိ၊ အပြည့်အဝရရှိနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က တတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါခင်ဗျား။ တတိယမေးခွန်းအနေဖြင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်းအပေါ် ကျန်းမာရေးထိခိုက်မှု မရှိစေရေးအတွက် မည်ကဲ့သို့စစ်ဆေးကြပ်မတ်ဆောင်ရွက်ထားသည်ကို မေးမြန်းမှာပဲ ဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းတွင် တိုင်းရင်းသားပြည်သူများနေ့စဉ် စားသုံးရန်အတွက် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းမျိုးစုံရှိပါတယ်။ အဆိုပါ စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် တာရှည်ခံနိုင်သောဆေးများ၊ ဓာတုဆေးဝါးများနှင့် ပိုးမွှားများစသည်ဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သောအရာများပါဝင်သော အစားအသောက်များကြောင့် စားသုံးသူများမှာကင်ဆာရောဂါမျိုးစုံနှင့် အခြားရောဂါများ ဖြစ်ပွားမှုနှုန်းပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိရပါတယ်။ ကျန်းမာရေးကောင်းမွန်မှသာ အရာရာကို စွမ်းဆောင်

Shan State Hluttaw

နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ စားသောက်ကုန်ထုတ်လုပ်ငန်းများအပေါ် မည်ကဲ့သို့စစ်ဆေးကြပ်မတ်ဆောင်ရွက်ထားခြင်း ရှိ/ မရှိနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော လုပ်ငန်းများအပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာပေးပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးဌေးဝင်းလှိုင်မှ မေးမြန်းထားသော ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူမှ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ နေ့စဉ်စားသုံးနေကြသည့် စားသောက်ကုန်များနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် တာရှည်ခံ နိုင်သောဆေးများ၊ ဓာတုဆေးဝါးများနှင့်ပိုးမွှားများစသည်ဖြင့် ကျန်းမာရေးကို ထိခိုက် စေနိုင်သော အရာများပါဝင်နေသောကြောင့် စားသုံးသူများမှာ ကင်ဆာရောဂါမျိုးစုံနှင့် အခြားရောဂါများဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိနေရသော ကြောင့် စားသောက်ကုန်ထုတ်လုပ်ငန်းများအပေါ် သက်ဆိုင်ရာ စားသုံးသူရေးရာ ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနများနှင့်ပူးပေါင်းစစ်ဆေးကြပ်မတ်၍ဆောင်ရွက်လျက် ရှိပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(၃)အရ စည်ပင်သာယာ ရေးဌာနမှ လုပ်ငန်းလိုင်စင်ထုတ်ပေး၍ ခွင့်ပြုကြီးကြပ်လျက်ရှိသော စားသောက်ဖွယ် ရာများ ထုတ်လုပ်တည်ခင်းရောင်းချလျက်ရှိသော လုပ်ငန်းရှင်များသို့ ကြီးကြပ် ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များသို့ (၁၄.၇.၂၀၂၆) ရက်စွဲပါစာအမှတ်၊ ၄၀၅၂၊ ဂ-၄/ရပစ(၀၂၀)နှင့် လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများအပေါ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ထားခြင်းနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော လုပ်ငန်းများအပေါ် အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

Shan State Hluttaw

အနေဖြင့် ဈေးကွက်မတင်မီစိစစ်ခြင်းနှင့် ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်းဟူ၍ အဓိကဆောင်ရွက်ချက်(၂)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း-

ဈေးကွက်မတင်မီစိစစ်ခြင်း။ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော အစားအသောက်များ စားသုံးနိုင်စေရေးအတွက် ပြည်တွင်းတွင် ထုတ်လုပ်သော အစားအသောက်စက်ရုံများနှင့် သောက်ရေသန့်လုပ်ငန်းများအား အာဆီယံနိုင်ငံများမှ လက်ခံကျင့်သုံးလျက်ရှိသည့် ကိုဒက်(စ်) (Codex)စံချိန်စံညွှန်း တစ်ခုဖြစ်သည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေး၍ ထောက်ခံချက် ထုတ်ပေးလျက်ရှိပါကြောင်း၊

ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်း။ ဈေးကွက်တွင်ရောင်းချသည့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် သက်ဆိုင်ရာနှီးနွယ်ဌာနများဖြစ်တဲ့ ကျန်းမာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပါဝင်သည့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွက်ကဲရေး ကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဈေးကွက်ထောက်လှမ်းစစ်ဆေးလျက်ရှိပါတယ်။ ရုံးပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ရွေ့လျားဓာတ်ခွဲယာဉ် (Mobile lab Van) ဖြင့် စည်ပင်သာယာဈေးများရှိ အစားအသောက်၌ သုံးစွဲရန်ခွင့်မပြုထားသော ဆိုးဆေးများနှင့် ဓာတုပစ္စည်းများ ပါဝင်သော သံသယရှိ အစားအသောက်များအား ဈေးဌာန၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လစဉ်ဈေးကွက် နမူနာကောက်ယူစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်မပြုထားသော ဆိုးဆေးများနှင့် ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများ တွေ့ရှိပါက စည်ပင်သာယာဥပဒေအရ ပစ္စည်းသိမ်းဆည်း၍ ခံဝန်ရေးထိုးခြင်း၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ ရှေ့မှောက်တွင် တစ်ပါတည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင့်ထုပ်ပိုးထားသော အမှတ်တံဆိပ်ပါ အစားအသောက်များအား လစဉ်မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဈေးများ၊ ကုန်စုံဆိုင်၊ စတိုးဆိုင်တို့တွင် ဈေးကွက်နမူနာ ဝယ်ယူစစ်ဆေး၍ စားသုံးရန် သင့်/ မသင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်ခွဲသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက ထုတ်လုပ်သူအား ခံဝန်ရေးထိုးစေ၍ ထုတ်လုပ်မှုနည်းစနစ်များ ပြုပြင်စေခြင်း၊ အဆိုပါ ဓာတ်ခွဲသတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသောနမူနာများအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေ

Shan State Hluttaw

ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားအသောက် ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား အသိပညာပေးခြင်းအနေဖြင့် ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ သိရှိလိုက်နာစေရန် နှီးနွယ်ဌာနများဖြစ်သော အသေးစားစက်မှု လက်မှုဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနစသည်တို့နှင့်ပူးပေါင်း၍ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအား အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာ ဆောင်ရွက်ရမည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအား အသိ ပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များ ရရှိနိုင်ရန် အစားအသောက်ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို နိုင်ငံတကာနှင့် ဒေသအတွင်း စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေသကဲ့သို့ စားသောက်ကုန် ထုတ်လုပ်သည့် MSME လုပ်ငန်းများ စံချိန်စံညွှန်းမီစွာ ဆောင်ရွက်နိုင်ရေး တွန်းအား ပေးရန်နှင့် အကြံဉာဏ်ကောင်းများ တိုက်တွန်းမှုများ လုပ်ဆောင်ပေးလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး၊ အစိုးရအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးနှင့် ယနေ့လေ့လာရေးရောက်ရှိနေကြတဲ့ ကျောင်းသူ/ ကျောင်းသားများ၊ ဆရာ/ ဆရာမများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ လေ့လာရေးရောက်ရှိနေကြတဲ့ ကျောင်းသူ/ ကျောင်းသားများနှင့် ဆရာ/ ဆရာမများ အားလုံးကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှ လှိုက်လှိုက်လဲလဲ ကြိုဆိုပါ ကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းခန့် မှီခိုပြီး လုပ်ကိုင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရမှလည်း တောင်သူလယ်သမားများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးပြီး လယ်ယာမြေများကိုလည်း စနစ်တကျ အသုံးချ နိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်း ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်

Shan State Hluttaw

အုပ်ချုပ်ခွင့်ရဒေသအဆင့် “လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့” ကို ယခုထိ ဖွဲ့စည်းပေးနိုင်ခြင်းမရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ဖွဲ့စည်းပေးခြင်းမရှိမှုကြောင့် လယ်ယာမြေများ စီမံခန့်ခွဲရာမှာလည်းကောင်း၊ ပုံစံ(၇)ပြုလုပ်ရာတွင် လည်းကောင်း၊ လယ်ယာမြေများနှင့်စပ်လျဉ်းတဲ့ ပြဿနာများ ဖြေရှင်းရာတွင်လည်းကောင်း များစွာ အခက်အခဲကြုံရပြီးတော့ အချိန်များစွာ ကုန်လွန်စေပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေများကို ဥပဒေနှင့်အညီ စနစ်တကျနှင့် မြန်မြန်ဆန်ဆန် စီမံခန့်ခွဲနိုင်ရေး အတွက် လိုအပ်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ “လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့”ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးနိုင်ရေး အစီအစဉ် မည်သို့ရှိသည်ကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အရ သိရှိလိုပါသဖြင့် အများပြည်သူရဲ့ ကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ “လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ”ကို ဖွဲ့စည်းပေးနိုင်ရေးအစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)တို့အရ “လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်” ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၄.၅.၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၆) ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်-

(က) နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

Shan State Hluttaw

(ခ) တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(ဂ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(င) ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်အဆင့်သို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၄.၅.၂၀၂၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက် များနှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ တည်ဆဲလယ်ယာမြေ ဥပဒေများနှင့် နည်းဥပဒေများအရ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် အောက် ဖော်ပြပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁၄.၅.၂၀၂၆) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၆)ဖြင့် သတ်မှတ်ထားရှိခဲ့ပါတယ်-

(က) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(ခ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာမြေ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ) တို့အရ "လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်"ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်ပါသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းနိုင်ရေး လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၅.၆.၂၀၂၆)ရက်နေ့ ရက်စွဲပါစာဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ လိုအင်ဆန္ဒ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) စိုင်းခမ်းကော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရယ်မြို့နယ်၊ မိုင်းဟိန်းကျေးရွာအုပ်စု၊ လွယ်ဆိုင်ကျေးရွာတွင် တည်ဆောက်ထားပြီး ဖြစ်တဲ့ ဆက်သွယ်ရေးတာဝါတိုင်တွင် ဆက်သွယ်ရေးစက်ကိရိယာပစ္စည်းများ တပ်ဆင်ခြင်း အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

မိုင်းရယ်မြို့နယ်ဟာ ကျွန်တော်တို့ယခင်က စော်ဘွားများ နေထိုင်ခဲ့စဉ် ကာလက ကျွန်တော်တို့ တောင်သိန်းလို့ခေါ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ရှမ်းလိုကတော့ စင့်လွီးဟွမ်၊ စင့်လွီးစမ်း တောင်သိန်း၊ မြောက်သိန်းလို့ရှိပါတယ်။ မိုင်းရယ်မြို့နယ်ကိုတော့ ကျွန်တော်တို့ တောင်သိန်းလို့ ခေါ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်တို့ မိုင်းရယ်မြို့နယ်ဟာ ကျွန်တော်တို့ လားရှိုး - မိုင်းရယ် - ကျေးအင်း - ကျေးသီးလမ်းပေါ်မှာ တည်ရှိတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ရှမ်းလူမျိုးအများစု နေထိုင်လျက်ရှိပြီး လူဦးရေအားဖြင့် (၆၉၉၉၈)ဦး နေထိုင်တဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ လွယ်ဆိုင်ကျေးရွာဟာ မိုင်းဟိန်းကျေးရွာအုပ်စုမှာ ပါဝင်ပြီး မြို့နဲ့ (၃၁)မိုင်ခန့် အကွာအဝေးမှာ တည်ရှိပြီး ဒေသခံပြည်သူများဟာ လယ်၊ ယာနှင့် ကြံစိုက်ပျိုးသည့် တောင်သူလယ်သမားများ ဖြစ်ကြပါတယ်ခင်ဗျား။ မှတ်တမ်းဓာတ်ပုံကို Power point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ လွယ်ဆိုင်ကျေးရွာဟာ ကျွန်တော်တို့ ရှေးဟောင်းသမိုင်းဝင်မြတ်ဗုဒ္ဓရဲ့ခြေတော်ရာနဲ့ ကိုယ်တော်ရာများ တည်ရှိရာ ရွာလေးတစ်ရွာလည်းဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း တပေါင်းပွဲတော်ကိုလည်း စည်စည်ကားကားကျင်းပတဲ့ ရွာလည်းဖြစ်သလို တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လွယ်ဆိုင်တောင် ခြေတော်ရာရှိတဲ့ နေရာလေးပါခင်ဗျား။ နောက်ခါ ကျွန်တော်တို့ ထူးခြားတာက ကိုယ်တော်ရာလည်းရှိပါတယ်။ ဒါဒီနေရာလေးကို ကျွန်တော်မှတ်တမ်းဓာတ်ပုံတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်လွယ်ဆိုင်ကျေးရွာမှာ ၂၀၁၉ ခုနှစ်က ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်ထားရှိခဲ့ပြီး ယနေ့အချိန်ထိ ဆက်သွယ်ရေးစက်ပစ္စည်းများ လာရောက်တပ်ဆင်ပေးခြင်းမရှိတဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ လူမှုရေး၊ စီးပွားရေး၊

Shan State Hluttaw

ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဆောင်ရွက်ရာမှာလည်းများစွာ အခက်အခဲနဲ့ ကြုံတွေ့ခဲ့ခြင်း တွေရှိခဲ့ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မိုင်းရယ်မြို့နယ်၊ မိုင်းဟိန်း ကျေးရွာအုပ်စုမှာ လွယ်ဆိုင်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သော ဆက်သွယ် ရေးတာဝါတိုင်တွင် သင့်လျော်သည့် ဆက်သွယ်ရေးစက်တပ်ဆင်ပေးမည်ဆိုပါက မိုင်းဟိန်းကျေးရွာအုပ်စုရှိ အိမ်ခြေ (၅၆၀)အိမ်၊ လူဦးရေ (၂၈၀၈)ဦး၊ မန်ကြူ ကျေးရွာအုပ်စုက အိမ်ခြေ(၉၇၉)အိမ်၊ လူဦးရေ (၅၀၄၂)ဦး၊ မိုင်းဟ-မန်မုံ ကျေးရွာ အုပ်စုမှ အိမ်ခြေ (၆၇၂)အိမ်၊ လူဦးရေ (၂၇၅၂)ဦး၊ မန်ကျောင်းအုပ်စုမှ အိမ်ခြေ (၄၀၃)အိမ်၊ လူဦးရေ (၁၅၄၆) ဦး၊ နားဝါကျေးရွာအုပ်စုမှ အိမ်ခြေ (၅၀၃)အိမ်၊ လူဦးရေ (၁၇၇၉)ဦး၊ စုစုပေါင်း အိမ်ခြေ (၃၁၁၇)အိမ်၊ လူဦးရေအားဖြင့် (၁၃၉၂၇)ဦးတို့အတွက် အကျိုးပြုစေနိုင်သည့်အပြင် တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းကောင်ကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသား ပြည်သူများပါ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါသဖြင့် ဆောက်လုပ် ပြီးစီးပြီဖြစ်တဲ့ ဆက်သွယ်ရေးတာဝါတိုင်တွင် သင့်လျော်တဲ့ ဆက်သွယ်ရေး စက်အမြန်ဆုံးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါက မည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းခမ်းကော် မေးမြန်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားပေးမဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခွန်သန်းထူးဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ မိုင်းရယ်မြို့နယ်၊ မိုင်းဟိန်းကျေးရွာအုပ်စု၊ လွယ်ဆိုင်ကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဆက်သွယ်မှု ကွန်ရက်တိုးချဲ့ရန်အတွက် ၂၀၁၉ ခုနှစ်တွင် တာဝါတိုင်(၁)တိုင်တည်ဆောက်ထားပြီး ဖြစ်သော်လည်း မိုဘိုင်းစက် ပစ္စည်းများနှင့် အဝေးဆက်သွယ်ရေးစက်ပစ္စည်းများ မှာယူတင်သွင်းရရှိနိုင်မှု

Shan State Hluttaw

အခြေအနေများကြောင့် လတ်တလောတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါတာဝါတိုင်တွင် စက်ပစ္စည်းများတပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ခွန်စနေအောင် ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပုန်မူကျေးရွာအုပ်စုနှင့် ဘန်းပြင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် တုံဟုံး - လွယ်မွန်းလမ်းအား ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်းအဖြစ် လာမည့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းတင်ပြလိုတဲ့ တုံဟုံး-လွယ်မွန်းလမ်းဟာ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ပုန်မူကျေးရွာအုပ်စုနှင့် ဘန်းပြင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ပေးထားတဲ့ ဒေသခံပြည်သူတွေအတွက် အလွန်အရေးကြီးတဲ့ လမ်းမကြီးဖြစ်ပါတယ်ခင်ဗျား။ အဆိုပါလမ်းဟာ စုစုပေါင်းအရှည် (၁၃)မိုင်ခန့်ရှိပြီး ဒေသခံပြည်သူတွေ နေ့စဉ်သွားလာနေတဲ့ အဓိကလမ်းမဖြစ်သလို ဆီဆိုင်မြို့နယ်နဲ့လည်း တိုက်ရိုက်ချိတ်ဆက်ပေးထားတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ ဒီလမ်းဟာ ဒေသခံတွေအတွက် သွားလာရေးလမ်းတစ်ခုတည်းသာမဟုတ်ဘဲ စျေးကွက်၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရုံးဌာနတွေနဲ့ဆက်သွယ်ပေးတဲ့ အဓိကလမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။ အဆိုပါလမ်းကို ယခင်ပထမအကြိမ် လွှတ်တော်သက်တမ်းတုန်းက မှော်ဘီလမ်းခွဲမှ နမ့်ဟူးရွှေနွယ်ကျေးရွာအထိ အရှည်(၃)မိုင်ခန့်ကို ကတ္တရာလမ်းအဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ပေမဲ့ လက်ရှိအချိန်ထိ ကျန်ရှိတဲ့လမ်းပိုင်းကို ဆက်လက်အဆင့်မြှင့်တင်နိုင်ခြင်းမရှိသေးတဲ့အတွက် ကျန်ရှိနေတဲ့ (၁၀)မိုင်ခန့်ဟာ

Shan State Hluttaw

ကျောက်ကြမ်းလမ်းအဖြစ် (၁၀)စုနှစ်ကျော်ကြာ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒီအခြေအနေကြောင့် ဒေသခံပြည်သူတွေဟာ လမ်းကို ကိုယ်ထူကိုယ်ထဖြင့် နှစ်စဉ်တစ်နှစ်လျှင် အနည်းဆုံး(၂)ကြိမ်ခန့် ပြုပြင်ထိန်းသိမ်းနေရပါတယ်ခင်ဗျား။ အထူးသဖြင့် မိုးရာသီရောက်တဲ့အခါ မိုးရေကြောင့် လမ်းပျက်စီးတာ လမ်းချော်တာ၊ ချိုင့်ခွက်တွေ ဖြစ်ပေါ်တာတွေကြောင့် ယာဉ်တွေသွားလာရခက်ခဲပြီး ဒေသခံပြည်သူတွေအနေနဲ့ အချိန်ပိုကုန် သယ်ယူပို့ဆောင်ရေးစရိတ်ပိုမိုကုန်ကြတဲ့ အခက်အခဲတွေကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် လူနာတွေကို ဆေးရုံဆေးခန်းတွေ အရေးပေါ်ပို့ဆောင်ရတဲ့အခါတွင်သော်လည်းကောင်း၊ ကျောင်းသား/ ကျောင်းသူတွေ ကျောင်းသွားလာရတဲ့အခါနဲ့ ဒေသထွက်ကုန်တွေကို ဈေးကွက်ထဲသို့ သယ်ယူရတဲ့ အခါမှာ လမ်းအခြေအနေက ကြီးမားတဲ့အတားအဆီးတစ်ခု ဖြစ်နေပါတယ်။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်း ဒီလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုရင် ရရှိလာမဲ့ အကျိုးကျေးဇူးတွေကလည်း အလွန်ပင်များပြားလှပါတယ်။ လက်ရှိအချက်အလက်တွေအရ အဆိုပါလမ်းကို အသုံးပြုအကျိုးခံစားရမဲ့ ကျေးရွာပေါင်း (၁၉)ရွာ၊ အိမ်ခြေ (၁၅၇၄)အိမ်နဲ့ လူဦးရေ (၇၀၈၃)ဦးတို့ရှိပါတယ်။ လမ်းကောင်းမွန်လာမယ်ဆိုရင် ပထမဆုံးအနေနဲ့ ဒေသခံပြည်သူတွေရဲ့ နေ့စဉ်သွားလာရေး ပိုမိုလွယ်ကူလာမှာဖြစ်ပါတယ်။ ခရီးသွားလာချိန်နဲ့ ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်တွေ လျော့နည်းလာမှာဖြစ်သလို ကုန်စည်ပို့ဆောင်သယ်ယူရေးလည်း ပိုမိုလွယ်ကူလာမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ဒေသခံပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်တွေကို ဈေးကွက်ထဲ အချိန်မီရောင်းချနိုင်မှာဖြစ်တဲ့အတွက် ထွက်ကုန်ပျက်စီးဆုံးရှုံးမှုလျော့နည်းပြီး ဒေသခံတွေရဲ့ ဝင်ငွေများ တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ တတိယအနေနဲ့ ကျန်းမာရေးနှင့်ပတ်သက်ပြီး လူနာတွေ အထူးသဖြင့် အရေးပေါ်လူနာတွေကို မြို့ပေါ်ရှိ ဆေးရုံ/ ဆေးခန်းတွေကို ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မှာဖြစ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ ပညာရေးကဏ္ဍမှာလည်း ကျောင်းသား/ ကျောင်းသူတွေအနေနဲ့ ရာသီမရွေးကျောင်းတက်ရောက်နိုင်ရေး ပိုမိုအဆင်ပြေစေမှာဖြစ်ပြီး ဆရာ/ ဆရာမတွေအနေနဲ့လည်း သွားလာရေးပိုမိုလွယ်ကူလာမှာဖြစ်ပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းဟာ ဒေသတစ်ခုနှင့်တစ်ခု ကုန်သွယ်ရေး၊ လူမှုရေးနှင့်စီးပွားရေးဆက်သွယ်မှုတွေ ပိုမိုကောင်းမွန်လာစေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံအဆောက်အအုံတစ်ခုအဖြစ် အရေးကြီးလှပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဒီလမ်းကို အဆင့်မြှင့်တင်ပေးခြင်းဟာ လက်ရှိလမ်းအသုံးပြုသူတွေထက်သာမက နောင်လာမဲ့မျိုးဆက်

Shan State Hluttaw

တွေအတွက်ပါ ရေရှည်အကျိုးရှိနိုင်မဲ့ ရင်းနှီးမြုပ်နှံမှုတစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရုမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ပုန်မူကျေးရွာအုပ်စုနှင့် ဘန်းပြင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားပြီး ကျေးရွာပေါင်း (၁၉)ရွာ၊ အိမ်ခြေ (၁၅၇၄)အိမ်နဲ့ လူဦးရေ (၇၀၈၃)ဦးတို့အတွက် အရေးပါသော တုံဟုံး-လွယ်မွန်းလမ်း၏ ကျန်ရှိနေတဲ့ ကျောက်ကြမ်းလမ်း(၁၀)မိုင် ခန့်အား ကတ္တရာလမ်းအဖြစ် လာမယ့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ရုမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စနေအောင် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ် တုံဟုံး - လွယ်မွန်းလမ်းဟာဆိုရင် (၁၀)မိုင်(၃)ဖာလုံ အရှည်ရှိသော လမ်းပိုင်းဖြစ်ပါတယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရုမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှစီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ (၁၂)ပေအကျယ် ကတ္တရာလမ်း(၃)မိုင်၊ (၁၂)ပေအကျယ် အမာခံလမ်း(၇)မိုင်(၃)ဖာလုံ ဖြစ်ပါတယ်။ လက်ရှိအချိန်တွင် တစ်နေ့ ပျမ်းမျှယာဉ်စီးရေ (၃၈)စီးခန့် ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ တုံဟုံး-လွယ်မွန်းလမ်းဟာဆိုရင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် (၁၂)ပေအကျယ်၊ ကတ္တရာလမ်းသစ်ခင်းခြင်း (၂)မိုင်(၄)ဖာလုံ၊ လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၅)ဖာလုံ၊ Box Culvert တည်ဆောက်ခြင်း(၂)စင်း၊ တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်း (၂)စင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအားဆောင်ရွက်ရန် လျာထား

Shan State Hluttaw

တင်ပြထားရှိပါတယ်။ တုံဟုံး-လွယ်မွန်းလမ်း (၁၀)မိုင်(၃)ဖာလုံအတွင်း ဖြတ်သန်းသွားလာလျက်ရှိသော တစ်နေ့ ပျမ်းမျှယာဉ်အစီးရေအရ အမာခံလမ်းအဆင့် ကျန်ရှိသည့် (၇)မိုင်(၃)ဖာလုံအား (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ခွင့်ပြုရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ လာရောက်လေ့လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချို့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးကျော်အောင်သန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်အတွင်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာတဲ့ ခိုးဆိုးလုယက်မှုများအား ကာကွယ်နှိမ်နင်းပေးရန် မည်သည့်အချိန်ကာလအတွင်း မည်သို့သော စီမံချက်များဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသည် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ချို့မြို့နယ်အတွင်းမှာရှိတဲ့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရောင်းချသူ များပြားလာခြင်းနှင့်အတူ ခိုးမှု၊ ဆိုးသွမ်းမှု၊ လုယက်မှုဖြစ်စဉ်များဟာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးဝါးစွာ မြင့်တက်လာနေတာကို ကြားသိနေရပါတယ်ခင်ဗျား။ နေ့ခင်းအချိန် အများပြည်သူများသွားလာနေသည့်လမ်းများပေါ်မှာ ဆိုင်ကယ်လုယက်ခံရခြင်း၊ ဆွဲကြိုးလုခံရခြင်း၊ နေအိမ်များအတွင်း ဝင်ရောက်ခိုးယူခြင်း၊ စိုက်ပျိုးထားသော ပြောင်းခင်းများအတွင်း ဝင်ရောက်ခိုးယူခြင်း၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေခြင်းစတဲ့ ရာဇဝတ်မှုများဟာ ခပ်စိပ်စိပ်ဖြစ်လာခြင်းကြောင့် ဒေသခံပြည်သူတွေဟာ စိုးရိမ်ထိတ်လန့်စွာနေထိုင်နေကြရပြီး လုံခြုံမှုမရှိသလို ခံစားနေကြရပါတယ်။ ဒေသခံရဲတပ်ဖွဲ့ရဲ့ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်မှုများမှာလည်း ထိရောက်မှုအားနည်းနေကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်အတွင်းမှာရှိတဲ့ တစ်နေ့တစ်ခြား များပြားလာနေသော ခိုးဆိုးလုယက်မှုများကို ထိရောက်စွာကာကွယ်နှိမ်နင်းနိုင်ရန်၊ တရားခံများအား အမြန်ဆုံးဖော်ထုတ်၍

Shan State Hluttaw

ထိရောက်စွာအရေးယူရန်နှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံ အေးချမ်းစွာ နေနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မည်သည့်အချိန်ကာလ အတွင်း မည်သို့သောစီမံချက်များဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ ကိုယ်စား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ နောင်ချိုမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှာ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရောင်းချသူ များပြားလာခြင်းနဲ့ ခိုးဆိုး လုယက်မှုများဖြစ်စဉ် ပိုမိုဆိုးရွားစွာ မြင့်တက်နေမှုကြောင့် ဒေသခံပြည်သူများ အသက် အိုးအိမ်စည်းစိမ်လုံခြုံစွာနေနိုင်ရေးအတွက် ကာကွယ်နှိမ်နင်းနိုင်ရန်နှင့် တရားခံ များအား အမြန်ဆုံးဖော်ထုတ်ပေးနိုင်ရန် မေးမြန်းလာမှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှာ မူးယစ်ဆေးဝါးရောင်းချသူများကို နယ်မြေခံတပ်၊ မူးယစ် ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစုံစမ်းထောက်လှမ်းရေးများကို ၂၀၂၆ ခုနှစ်အတွင်း (၁၈)မှု ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲသူ လျော့နည်းစေရေးအတွက် အသိပညာပေးခြင်း (၂၃)ကြိမ်၊ ခိုးမှုဖြစ်ပွားမှုအနေဖြင့် (၃)မှုသာ ဖြစ်ပွားခဲ့ပြီး တရားခံကျား(၁)ဦး၊ မ(၁)ဦးဖမ်းဆီးနိုင်ခဲ့ပါတယ်။ မှုခင်းများ မဖြစ်ပွားစေရေးအတွက်လည်း ရဲတပ်ဖွဲ့များနဲ့ အသိပညာပေးလုပ်ငန်းများကို ပိုမိုစီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံစွာ၊ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေခံတပ်၊ အုပ်ချုပ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပြီးတော့ ဧည့်စာရင်းစစ်ဆေးခြင်း၊ လှည့်ကင်း၊ ကင်းပုန်းများဆောင်ရွက်ခြင်းလုပ်ငန်းများကို ခိုး၊ ဆိုး၊ လု၊ နှိုက်မှုများ မဖြစ်ပွား ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ကွက်ကျေးရွာအတွင်း အုပ်ချုပ်ရေးမှူး များနဲ့ ချိတ်ဆက်ပြီး မသင်္ကာဧည့်စာရင်းများ ရောက်ရှိရင်လည်း ခေါ်ယူစစ်ဆေး

Shan State Hluttaw

မေးမြန်းမှုများ ပြုလုပ်ခြင်း၊ နယ်မြေခံတပ်များနှင့် ပူးပေါင်း၍ အဖျက်လုပ်ငန်းများ၊ မသင်္ကာသူများအား ခေါ်ယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်တဲ့အတွက် အကြမ်းဖက် သောင်းကျန်းသူ(၅)ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ မြို့ဝင်/ မြို့ထွက် ဂိတ်များမှာ ပူးပေါင်းစစ်ဆေးရေးဂိတ်များ၌ PSMS စနစ်ဖြင့် စစ်ဆေးခဲ့တာ ၂၀၂၆ ခုနှစ် အတွင်း စစ်ပြေး(၅၉)ဦး၊ ရဲပြေး(၇၇)ဦး၊ တရားခံပြေး(၁၆၂)ဦး၊ စုစုပေါင်း (၂၉၈)ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ နယ်မြေဒေသအတွင်း တရားဥပဒေ စိုးမိုးရေးအတွက် နယ်မြေခံတပ်များနှင့် သတင်းညှိနှိုင်းဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်းနှင့် မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ မှုခင်းများကို ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်ရရှိရေး အတွက် သက်ဆိုင်ရာဥပဒေရုံး၊ တရားရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဒီထက်ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခမ်းလူ၊ မက်မန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ရိုသေလေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခမ်းလူ ဖြစ်ပါတယ်။ ယနေ့ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မိုင်းပျဉ်းမြို့မှ မက်မန်းမြို့သို့ ဆက်သွယ်ထားသော လမ်းမကြီးရဲ့ အပျက်အစီး အခက်အခဲများစွာရှိသည့်အနက် လမ်းမကြီးလည်းဖြစ်တဲ့ ဒေသခံရွာကြီးလည်းရှိသည့် (မိုင်တိုင် ၈၆ km မှ ၈၇ km)အထိ (၁ km)အား အဆင့်မြှင့်တင်ပေးနိုင်ပါရန် ရည်ရွယ်ပြီး ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်သည် ရပ်ကွက်(၂)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၈)အုပ်စုဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်ဖြစ်ပြီး ကျေးရွာပေါင်း(၁၈၉) ရွာ၊ အိမ်ခြေပေါင်း (၇၅၀၄) အိမ်ကျော်၊ လူဦးရေပေါင်း (၃၀၀၁၉)ဦးကျော်ရှိပါတယ်။

Shan State Hluttaw

မက်မန်းမြို့နယ်တွင် “ဝ”၊ လားဟူ၊ ရှမ်း၊ ဗမာစသည့် တိုင်းရင်းသား ညီအစ်ကိုများ အဓိက နေထိုင်ကြပါတယ်။ မက်မန်းမြို့နယ်ကို မော်ဖဒေသဟူ၍လည်း ခေါ်ဆိုကြတယ်။ မက်မန်းမြို့နယ်နေ ဒေသခံတိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

မက်မန်းမြို့နယ်သည် ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့များနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာနောက်ကျကျန်နေသေးကြောင်းကို တွေ့ရှိရပြီး ဝေးလံခေါင်ဖျားတဲ့ ဒေသဖြစ်သောကြောင့် လမ်းအခက်အခဲ၊ လျှပ်စစ်မီးအခက်အခဲ၊ ဆက်သွယ်ရေး လိုင်းအခက်အခဲ၊ သောက်သုံးရေအခက်အခဲစသည့် အခက်အခဲပေါင်းများစွာ ပိုင်ဆိုင် ထားသည့် ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒီအခက်အခဲများစွာထဲကမှ မက်မန်း မြို့နေ ဒေသခံပြည်သူများနှင့် ဒေသအသီးသီးမှ မက်မန်းမြို့နယ်သို့ တာဝန်ပေးပို့ ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းကောင်းများစွာတို့ရဲ့ ပထမဦးစားပေး တောင်းဆိုထား သည်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ရာသီမရွေးသွားလာရေးလွယ်ကူ စေရန်ဖြစ်ပါတယ်။ မက်မန်းမြို့သို့ ဆက်သွယ်ထားသော လမ်းမကြီးသည် မိုင်းပျဉ်း-မက်မန်းလမ်းမကြီး တစ်စင်းသာရှိသေးပြီး လမ်းမကြီး၏ အရှည်မှာ ၁၀၉.၀၃၃ km၊ မိုင်ပေါင်း ၆၇/ ၆ မိုင် ရှည်လျားပါတယ်။ မိုင်ပေါင်း (၆၇/၆) မိုင်ရှိသည့်အနက် ၂၀၂၆ ခုနှစ် ဇူလိုင်လကုန်အထိ လမ်းဟာ ကွန်ကရစ်လမ်း (၂၄/၇)မိုင်၊ ကတ္တရာလမ်း (၁၂/၅) မိုင် စုစုပေါင်း (၃၇/၄)မိုင်သာ ကောင်းမွန်သေးပြီး ကျန်ကျောက်လမ်း (၁၀/၄)မိုင်နှင့် အမာခံလမ်း(မြေသားလမ်း) (၁၉/ ၆)မိုင် စုစုပေါင်း (၃၀/၂)မိုင်မှာ မိုးရာသီတွင် သွားလာရ အလွန်ပင်ခက်ခဲလွန်းလှပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်၊ ဆွတ်ဝိုးကျေးရွာအုပ်စု၊ အောင်သံလွင် ကျေးရွာသည် အိမ်ခြေ (၈၅)အိမ်ဖြင့် လားဟူတိုင်းရင်းသားများ စုပေါင်း နေထိုင်ကြပြီး လူဦးရေမှာ ၄၃၅ ဦး ကျော်ရှိပါတယ်။ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တစ်ကျောင်းရှိပြီး မိုင်းပျဉ်း - မက်မန်းလမ်းမကြီးပေါ် မိုင်တိုင် ၈၆ km မှ ၈၇ km တည်နေရာတွင် တည်ရှိသောကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာသူ/ ကျေးရွာသားများမှာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပါတယ်။ ဒီ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ဘဏ္ဍာငွေဖြင့် ၈၀ km မှ ၁၀၂ km အတွင်း အမာခံလမ်းနှင့် ကျောက်လမ်းပေါ်ရှိ ချိုင့်ခွက်များ၊ လမ်းပေါက်များအား ဖာထေးပြုပြင်ခြင်းလုပ်ငန်းကျလာသည်ဟု သိရှိ ခဲ့ရသောကြောင့် များစွာဝမ်းသာပျော်ရွှင်မိပါတယ်။ သို့ရာတွင် အောင်သံလွင်ကျေးရွာ တွင်းရှိလမ်းသည် အမာခံမြေသားလမ်းနှင့် ကျောက်ချောလမ်းဖြစ်နေသောကြောင့်

Shan State Hluttaw

မိုးရာသီတွင် လမ်းမကြီးပေါ်၌ မော်တော်ယာဉ်သွားလာမှုများခြင်းကြောင့် နှစ်စဉ် နှစ်တိုင်း ချိုင့်ခွက်နှင့် ရွံများဖြစ်ပေါ်ခြင်းကြောင့် ဒေသခံပြည်သူများ တစ်အိမ်နှင့် တစ်အိမ်သွားလာရာတွင်လည်းကောင်း၊ ကျောင်းသားများ စာသင်ကျောင်းသွားရာတွင် လည်းကောင်း၊ ဒေသခံများ ဘုရားကျောင်းသွားရာတွင်လည်းကောင်း များစွာ အခက်အခဲရှိနေပါတယ်။

သို့ဖြစ်ပါ၍ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်း-မက်မန်းလမ်းမကြီး အပျက်အစီး၊ အခက်အခဲများစွာရှိသည့်အနက် လမ်းမကြီး လည်းဖြစ်၊ ဒေသခံရွာကြီးလည်းရှိသည့် မိုင်တိုင် ၈၆ km မှ ၈၇ km အထိ (၁ km) အား မူလလမ်းပေါ်တွင် ခွဲကျောက် ၁၅၀ mm ထု အမာခံခင်း ၍ ၅.၅ m အကျယ် ၂၂၅ mm ထု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား လာမည့်ဘဏ္ဍာရေးနှစ်၌ဖြစ်စေ၊ ပြည်နယ် ဖြည့်စွက်ရန်ပုံငွေဖြင့်ဖြစ်စေ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဦးစားပေးအစီအစဉ်ထဲ ရေးဆွဲဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသောကြောင့် ဒေသခံပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မက်မန်းမြို့နယ်၊ ဦးခမ်းလူ မေးမြန်းထားတဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်းဟာဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်သည့် ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းပိုင်း ဖြစ်ပါ တယ်။ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်မှ (၂၀/၇ မိုင် မှ ၆၄/၆ မိုင်) အထိ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မက်မန်းမြို့နယ်၏ (၃၁.၃.၂၀၂၆)ရက်နေ့ လမ်းအခြေအနေမှာ ကွန်ကရစ်လမ်း (၂၅/၅.၃)မိုင်၊ ကတ္တရာလမ်း (၀/၃)မိုင်၊ ကျောက်လမ်း (၆/၆)မိုင်၊ အမာခံလမ်း (၁၄/၀.၇)မိုင်၊ စုစုပေါင်း (၄၆/၇)မိုင် ဖြစ်ပါတယ်။ တစ်ရက်ပျှမ်းမျှ ယာဉ်စီးရေမှာ (၈၁)စီး သွားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာ

Shan State Hluttaw

ရေးနှစ်တွင် အဆိုပါလမ်းပေါ်ရှိ (၈၆ km မှ ၈၇ km) အထိ (၁ km) အတွင်းတွင် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ကျောက်ရောမြေဖြင့် အမာခံလမ်း ပြုပြင်ခြင်း (၀/၃)မိုင်ဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိ ပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ (၈၆ km မှ ၈၇ km) အထိ (၁ km) အတွင်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ လျာထားတင်ပြပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်စွာဝင်း (ခ) M အောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်စွာဝင်း (ခ) M အောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ အပါအဝင် သက်ဆိုင်ရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူများ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော် ကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွာဝင်း(ခ)Mအောင်ဂျာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်လွှတ်တော်သို့ တင်ပြ ဆွေးနွေးသွားမဲ့ အကြောင်းအရာကတော့ မူဆယ်မြို့နေ ပြည်သူလူထုအတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ပါရန်နှင့်ပတ်သက်သော မေးခွန်းကို မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မူဆယ်မြို့ဟာ (၄.၈၂) စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ပေါ် (၉)ရပ်ကွက်၊ အိမ်ခြေ (၁၀၀၀၀)ခန့်နှင့် မြို့ခံ လူဦးရေ (၆၀၀၀၀)ခန့်၊ ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်သူ (၆၀၀၀၀)ခန့်၊ စုစုပေါင်း လူဦးရေ (၁၂၀၀၀၀)ခန့်ရှိသောမြို့ ဖြစ်ပါတယ်။ မူဆယ်မြို့ပေါ်သို့ မြို့နယ်စည်ပင် သာယာရေးဌာနမှ ကြီးကြပ်ကွပ်ကဲ၍ "ဝ"ရေပေးဝေရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သောက်သုံးရေ ဖြန့်ဝေခြင်းလုပ်ငန်း ရပ်ဆိုင်းထားမှုနှင့် ပတ်သက်၍ တင်ပြလိုပါတယ်။

၂၀၂၃ ခုနှစ်၊ တိုက်ပွဲများ မဖြစ်ပွားမီအချိန်ထိ မူဆယ်မြို့နယ်စည်ပင်သာယာရေး ဌာန၏ တွက်ချက်မှုအရ တစ်နေ့လျှင် သောက်သုံးရေလိုအပ်ချက်မှာ ဂါလန် (၁၂) သိန်းခန့်ဖြစ်ပြီး စည်ပင်သာယာရေးဌာနမှ ရေဖြန့်ဝေပေးနိုင်မှုသည် (၆၈%)ခန့်ရှိပြီး ပုဂ္ဂလိက အစီအစဉ်ဖြင့် ရေသုံးစွဲနိုင်မှုသည် (၃၂%)ခန့်ရှိပါတယ်။ ရေအရင်းအမြစ်

Shan State Hluttaw

အနေဖြင့် ရေပေးဝေမှုစနစ်မှာ မူဆယ်မြို့ရဲ့ အရှေ့တောင်ဘက် (၄)မိုင်ခန့်အကွာတွင် တည်ရှိသော တုန်ခန်ကျေးရွာမှ ရေထွက်ကို အဓိကထားရယူထားခြင်းဖြစ်ပါတယ်။ အဆိုပါရေထွက်၏ ရေထွက်နှုန်းမှာ မိုးရာသီတွင် တစ်နာရီရေဂါလန်(၁) သိန်းကျော် ရရှိပြီး နွေရာသီတွင် တစ်နာရီရေဂါလန် (၇၀၀၀၀) ခန့်ထွက်ရှိကြောင်း သိရှိရပါတယ်။ တုန်ခန် ရေထွက်သည် မူဆယ်မြို့ထက်မြင့်သော နေရာတွင်တည်ရှိ၍ အလိုအလျောက် စီးဆင်းသောစနစ်ဖြင့် (၁၂)လက်မ/ (၈)လက်မ/ (၆)လက်မ ရေပိုက်များဖြင့် သွယ်တန်းရယူပြီး မူဆယ်မြို့တွင်ရှိသော ရေစစ်ကန်များသို့ သွယ်တန်းရယူပါတယ်။ မူဆယ်မြို့အဝင် ရေကန်တောင်တွင် ရေစစ်ကန်(၂)ကန်၊ အနည်ထိုင်ကန်(၁)ကန်နှင့် ရေဖြန့်ဝေကန်(၂)ကန်ရှိပြီး စုစုပေါင်းရေသိုလှောင်နိုင်သော ပမာဏမှာ ရေဂါလန် (၂၂)သိန်းခန့် ဖြစ်ပါတယ်။ အဆိုပါရေကန်တောင်ရှိ ရေဖြန့်ဝေကန်မှတစ်ဆင့် မူဆယ်မြို့သို့ နေ့စဉ်ရေဂါလန် (၈)သိန်းခန့် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

မူဆယ်မြို့ ရေပေးဝေရေးလုပ်ငန်းအား “ဝ”ရေပေးဝေရေးလုပ်ငန်းအမည်ဖြင့် ဦးသက်နိုင်(ခ)ဦးမြင့်လီသည် ၁၉၉၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ နှစ်(၃၀)လုပ်ငန်းလိုင်စင်ရရှိထားပြီး ဆောင်ရွက်နေခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ကုန်တွင် မူဆယ်မြို့အနီး တိုက်ပွဲများဖြစ်ပွားခဲ့ပြီး တုန်ခန်ရေထွက်မှ မြို့တွင်းရေဖြန့်ဝေရေကန်သို့ သွယ်တန်းထားသော ရေပို့ပိုက်လိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် ရေပေးဝေရေးလုပ်ငန်းအား ရပ်နားထားခဲ့ပါတယ်။ အဆိုပါ “ဝ” ရေပေးဝေရေးကုမ္ပဏီအနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ ရေပိုက်လိုင်းများကို သွားရောက်ပြုပြင်နိုင်မှုမရှိသောကြောင့် ကျန်ရှိနေသည့် လုပ်ငန်းလိုင်စင်သက်တမ်း (၃)နှစ်ကျော်အား ခေတ္တရပ်ဆိုင်းခွင့်ပြုရန် တင်ပြခဲ့ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ (၁၀.၁.၂၀၂၅)ရက်နေ့တွင် ပြုလုပ်ခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကုမ္ပဏီမှ ပေးသွင်းရန်ကျန်ငွေ ကျပ်သိန်း (၅၀)ကျော်ပေးသွင်းပြီးမှ ခေတ္တရပ်ဆိုင်းခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့ ရပ်ဆိုင်းခွင့်ပြုခဲ့ပြီး ပေးသွင်းရန်ကျန်ငွေများကိုလည်း ပေးသွင်းစေခဲ့၍ ပြည်နယ်အစိုးရအနေဖြင့် အခွန်ဘဏ္ဍာနစ်နာမှုမရှိခဲ့သော်လည်း မူဆယ်ဒေသခံပြည်သူလူထုများမှာ သောက်သုံးရေမရရှိ၍ အခက်အခဲဖြစ်ပေါ်နေပါတယ်။

ထိုကဲ့သို့ အခက်အခဲဖြစ်ပေါ်နေ၍ မူဆယ်မြို့နေပြည်သူလူထုအနေဖြင့် စက်ရေတွင်း၊ လက်ရေတွင်းများကို ၎င်းတို့ အစီအစဉ်ဖြင့် တူးဖော်ကြခြင်း၊ အခြားနေရာများမှ ရေကိုဝယ်ယူသုံးစွဲနေရခြင်းများ တွေ့ရှိရပါတယ်။ မူဆယ်မြို့အနီးဝန်းကျင်တွင် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သော သဘာဝရေထွက်များ နည်းပါး

Shan State Hurilaw

ခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိပါတယ်။ ထို့အပြင် စက်ရေတွင်းများကို တူးဖော်သုံးစွဲနေခြင်းကြောင့် မြေအောက်ရေ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး သဘာဝဘေးအန္တရာယ်အတွက် စိုးရိမ်ရမှာဖြစ်ပါတယ်။

ယခုအခါ နယ်မြေဒေသလုံခြုံရေးအခြေအနေသည် အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ လုပ်ငန်းလိုင်စင်လုပ်ကိုင်ခွင့်ရရှိထားသော "ဝ" ရေပေး ဝေရေး ကုမ္ပဏီအနေဖြင့် ပျက်စီးသွားသော ရေပိုက်လိုင်းများကို ပြုပြင်ခြင်း၊ ရေယူ အဆောက်အဦများ ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်၍ မူဆယ်မြို့ ရေပေးဝေရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်သင့်သော အချိန်ဖြစ်ပါတယ်။ အကယ်၍ "ဝ" ရေပေးဝေရေးကုမ္ပဏီမှ ဆက်လက်လုပ်ဆောင်ရန် ဆန္ဒမရှိပါက လုပ်ငန်းပြန်လည် အပ်နှံစေပြီး မြို့နယ်စည်ပင်သာယာရေးအနေဖြင့်သော်လည်းကောင်း၊ ရေပေးဝေရေး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်း သို့မဟုတ် အခြားစိတ်ဝင်စားသူ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက မူဆယ်မြို့နေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိမည် ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ မူဆယ်မြို့နေ ပြည်သူလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား။ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်စွာဝင်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာ ရေးဝန်ကြီး ကျွန်တော်ဦးခွန်ထွန်းဖြူကနေပြီးတော့ ပြန်လည်ဖြေကြားသွားမှာဖြစ် ပါတယ်။ မူဆယ်မြို့ ရေရရှိရေးနှင့်ပတ်သက်၍ မူဆယ်မြို့ ရေပေးဝေရေးလုပ်ငန်းကို (၁၂.၄.၁၉၉၈)ရက်နေ့မှာ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ဦးသက်နိုင်(ခ)

Shan State Hluttaw

ဦးမြင့်လိ “ဝ”ရေပေးဝေရေးလုပ်ငန်းတို့မှ (၁၂.၄.၁၉၉၈) ရက်နေ့မှ (၁၁.၄.၂၀၂၈) ရက်နေ့အထိ နှစ်(၃၀)သက်တမ်းရှိ ရေပေးခြင်းလုပ်ငန်းဆိုင်ရာလုပ်ကိုင်ခွင့် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီး (၁)နှစ်ချင်း လုပ်ငန်းလိုင်စင်ချထား၍ မူဆယ်မြို့ ရေပေးရေး လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြု ခဲ့ပါတယ်။ “ဝ” ရေပေးရေးလုပ်ငန်းမှ မူဆယ်မြို့ ရေပေးရေးလုပ်ငန်းအား (၁၀၀%) ရင်းနှီးမြှုပ်နှံမှုဖြင့် မူဆယ်မြို့၏ အရှေ့တောင်ဘက် (၄)မိုင်ခန့် နမ့်ခွန်အထက် (၂)မိုင် ခန့်အကွာတွင်တည်ရှိသော တုံခန်ကျေးရွာ သဘာဝစီမံ့စမ်းရေထွက်မှ ၁၂ လက်မ ပိုက်၊ ၈ လက်မပိုက်၊ ၆ လက်မပိုက် HDPE ရေပိုက်များဖြင့် အလိုအလျောက် စီးဆင်းစေသော စနစ်ဖြင့် သွယ်တန်းရယူ၍ ရေဖြန့်ဝေကန်များမှတစ်ဆင့် မူဆယ် မြို့ပေါ်ရပ်ကွက်များသို့ ၁၂ လက်မ GI ပိုက်၊ ၈လက်မ၊ ၆လက်မ၊ ၄လက်မ၊ ၃လက်မ၊ ၂လက်မ ၂လက်မ HDPE ပိုက်များဖြင့် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ “ဝ” ရေပေးရေးလုပ်ငန်းမှ မူဆယ်မြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းလိုင်စင်ကြေးအား စာချုပ်ပါ စည်းကမ်းအရ တစ်နှစ်ချင်းအလိုက် ငွေကျပ်(၁၀)သိန်းကို ဌာနသို့ ပေးသွင်းခဲ့ပါတယ်။ လုပ်ငန်းလိုင်စင်ကြေးအား ခေတ်စနစ်နှင့်အညီ ပြုပြင်၍ ပေးသွင်းစေခဲ့ရာ ၂၀၂၁ - ၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် ငွေကျပ် (၁၅၀)သိန်းအား ဌာနသို့ ပေးသွင်းခဲ့ပါတယ်။ “ဝ” ရေပေးရေးလုပ်ငန်းမှ စာချုပ်ချုပ်ဆိုပြီးချိန်မှစ၍ မူဆယ်မြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မူဆယ်မြို့ အနီးပတ်ဝန်းကျင်သို့ အကြမ်းဖက်အဖွဲ့အစည်းများမှ လာရောက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး တုံခန်ရေထွက်မှ မူဆယ်မြို့သို့ သွယ်တန်းထားသော ရေယူပိုက်လိုင်းများ လက်နက်ကြီးထိမှန် ပျက်စီးခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် တုံခန်ရေထွက်မှ သွယ်တန်းထားသော ရေပိုက်လိုင်းများ ပျက်စီးခဲ့သဖြင့် မူဆယ်မြို့အဝင် ရေဖြန့်ဝေရေးကန် များသို့ ရေရောက်ရှိမှုမရှိတော့သဖြင့် “ဝ” ရေပေးရေးလုပ်ငန်းကုမ္ပဏီအနေဖြင့် မူဆယ်မြို့ပေါ် ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနိုင်မှုမရှိသဖြင့် ရေပေးရေးလုပ်ငန်းအား ယာယီရပ်ဆိုင်းခွင့်ပြုနိုင်ပါရန် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသို့ တင်ပြလာသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အဆင့်ဆင့် စိစစ်တင်ပြခဲ့ရာ (၁၀.၁.၂၀၂၅)ရက်နေ့မှာ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၄၃)အရ “ကုမ္ပဏီမှ ပေးသွင်းရန်ကျန်ငွေ (၅၁.၀၆၂)သိန်း ပေးသွင်းပြီးမှသာ လိုင်စင်သက်တမ်း(၃)နှစ်အား ခေတ္တရပ်ဆိုင်းခွင့်ပြုကြောင်း” ဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီမှ ပေးသွင်းရန် ကျန်ငွေကျပ် (၅၁.၀၆၂)သိန်းအား (၁၉.၆.၂၀၂၅)ရက်နေ့တွင် ဌာနသို့ ပေးသွင်းခဲ့ပြီးဖြစ်သဖြင့် “ဝ”ရေပေးရေးလုပ်ငန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏

Shan State Hluttaw

ညွှန်ကြားချက်နှင့်အညီ ကျန်ရှိသည့်လုပ်ငန်း လိုင်စင်သက်တမ်း(၃)နှစ်အား ခေတ္တ ရပ်ဆိုင်းခွင့်ပြုခဲ့ပါတယ်။ လက်ရှိမြေပြင်အခြေအနေအရ ရေပိုက်လိုင်း ထိခိုက်ပျက်စီး ခဲ့သောနေရာသည် အကြမ်းဖက်အဖွဲ့များ ထိန်းချုပ်ရာနေရာအတွင်း ကျရောက် လျက်ရှိသဖြင့် လုံခြုံရေးအခြေအနေအရ ရေပိုက်လိုင်းပျက်စီးသည့်နေရာသို့ သွားရောက်ပြုပြင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး မူဆယ်မြို့ပေါ် ရပ်ကွက် အသီးသီးမှ ပြည်သူလူထုများအနေဖြင့် ကိုယ်ပိုင်လက်ယက်တွင်း၊ စက်ရေတွင်းများမှ တစ်ဆင့် ရေရယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ မူဆယ်မြို့သည် လက်ရှိ နယ်မြေအခြေအနေအရ အထိုက်အလျောက် အေးချမ်းလာပြီဖြစ်၍ "ဝ"ရေပေးရေး ကုမ္ပဏီသို့ မူဆယ်မြို့ ရေပေးဝေရေး ပြန်လည်ဆောင်ရွက်မည့် အစီအမံများအား တင်ပြရန်အကြောင်းကြားခဲ့သော်လည်း "ဝ"ရေပေးရေးကုမ္ပဏီအနေဖြင့် ယနေ့ထိ ဆက်သွယ်တင်ပြလာခြင်းမရှိသေးပါ။ မူဆယ်မြို့ ရေပေးရေးအား ပြန်လည်ဆောင်ရွက် မည်ဆိုပါက တုန်ခန်ကျေးရွာမှ သွယ်တန်းထားသော ရေပိုက်လိုင်းများ ပြန်လည် ပြုပြင်ဆောင်ရွက်ခြင်း၊ မြို့ပေါ်ရပ်ကွက်သို့ ဖြန့်ဝေပေးလျက်ရှိသော ရေဖြန့်ဝေ ပိုက်လိုင်းများ အသစ်လဲလှယ်ပြုပြင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ မူဆယ်မြို့ စည်ပင်သာယာရေးဌာနအနေဖြင့် နွေရာသီကာလ မြို့ပေါ်ရေပြတ်လပ်မှုမရှိစေရေး အတွက် ဌာနပိုင် (၄)လက်မ စက်ရေတွင်း(၈) တွင်းတို့မှတစ်ဆင့် ရေပြတ်လပ်သည့် မြို့ပေါ်ရပ်ကွက်များသို့ ဌာနပိုင်ရေသယ်ယာဉ်၊ မီးသတ်ယာဉ်များဖြင့် ရေဖြန့်ဝေပေး နိုင်ရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် မူဆယ်မြို့ ရေပေးရေးလုပ်ငန်းအား ပြန်လည် လွှဲပြောင်းဆောင်ရွက်မည်ဆိုပါက မူဆယ်မြို့ ရေပေးဝေရေးလုပ်ငန်းစီမံချက်ရေး ဆွဲ၍ နှစ်အလိုက် ရန်ပုံငွေလျာထားရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လတ်တလောကာလတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေလျာထား နိုင်မှုမရှိခြင်း၊ ဌာနတွင် ရေပေးရေးကျွမ်းကျင် ဝန်ထမ်းများ ခန့်အပ်ထားနိုင်မှုမရှိသေး ခြင်းတို့ကြောင့် ရေပေးဝေမှုလုပ်ငန်းအား ပြန်လည်လွှဲပြောင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ "ဝ" ရေပေးဝေရေးလုပ်ငန်း ကုမ္ပဏီမှ မူဆယ်မြို့ ရေပေးဝေရေး လုပ်ငန်းအား ဆက်လက်ဆောင်ရွက်မည်ဆိုပါက ကုမ္ပဏီနှင့်ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကယ်၍ "ဝ"ရေပေးရေးလုပ်ငန်းကုမ္ပဏီမှ မူဆယ်မြို့ ရေပေးဝေရေးလုပ်ငန်းအား ဆက်လက် လုပ်ကိုင်ရန် ဆန္ဒမရှိတော့ပါက စာချုပ်ပါစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ဖျက်သိမ်းပြီး မူဆယ်မြို့ ရေပေးခြင်းဆောင်ရွက်ရန် စိတ်ဝင်စားသူ ပုဂ္ဂလိက

Shan State Hluttaw

လုပ်ငန်းရှင်များအား စိတ်ဝင်စားမှု အဆိုပြုလွှာ (E0I) ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဟိန်းထက်ဇော်၊ ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဟိန်းထက်ဇော်၊ ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါဗျ။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ဓါတ်ချမ်းသာခြင်း ကိုယ်ဓါတ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဟိန်းထက်ဇော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းများအိမ်ရာတိုးမြှင့်ဆောက်လုပ်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အထက်အကြောင်းအရာပါ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မှာ ဒေသအဆင့် ဌာနဆိုင်ရာ(၂၁)ခု၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ(၃၂)ခု၊ အရာထမ်း(၃၆၅)ဦး၊ အမှုထမ်း (၂၁၂၄)ဦးဟာ နိုင်ငံတော်မှပေးအပ်သော တာဝန်များကို ကျရာနေရာမှ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိတာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုတာမှာ နိုင်ငံတော်ရဲ့ မဏ္ဍိုင်အားလုံးအတွက် အဓိကကူညီပံ့ပိုးနေသော ဒေါက်တိုင်ကြီးများဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများဟာ ယေဘုယျအားဖြင့် ငွေကြေးဥစ္စာကြွယ်ဝချမ်းသာလိုခြင်းထက် ဂုဏ်သိက္ခာရှိစွာနေထိုင်လိုမှု၊ နိုင်ငံတော်မှ အလေးထားဦးစားပေးခံယူလိုမှုအစရှိတဲ့ ပိုမိုမျှော်လင့်ကြသူများ၊ တန်ဖိုးထားသူများသာဖြစ်ပါတယ်။ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြတဲ့ အစိုးရဝန်ထမ်းများ စိတ်နှလုံးသာယာအေးချမ်းစွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး၊ ဝန်ထမ်းဘဝအား လေးစားတန်ဖိုးထားနိုင်ရေး၊ အခြားသူအများမှ ဝန်ထမ်းများကို အားကျဂုဏ်ယူသူများ ဖြစ်ပေါ်လာစေရေးအတွက် ဝန်ထမ်းများရဲ့ လက်ရှိအနေအထားကို တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမယ်လို့ သုံးသပ်မိတာဖြစ်ပါတယ်။ နိုင်ငံတစ်ခု၏ အုပ်ချုပ်ရေးယန္တရားကို ထိရောက်စွာလည်ပတ်စေတဲ့ အဓိကအင်အားဟာ နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ သန်း(၅၀)ကျော်ရဲ့ ဝန်ကိုထမ်းထားရသည့်လူများတစ်နည်းအားဖြင့် သန်း(၅၀)ကျော်၏ဝန်ကို ထမ်းနေသည့်ဝန်ထမ်းများ၏ လူနေမှုဘဝအဆင်ပြေမှုနှင့်လုပ်ငန်းစွမ်းရည်များဟာ ကျွန်တော်တို့အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကို

Shan State Hluttaw

တိုက်ရိုက်သက်ရောက်စေမည့် စနစ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်တာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံ့ဝန်ထမ်း အချို့ဟာ ၂၀၂၁ ခုနှစ် နောက်ပိုင်းမှာတရားမဲ့ အကြမ်းဖက်ဆူပူမှုများရဲ့ ခြိမ်းခြောက်မှု များကြားမှ ရဲဝံ့စွန့်စားစွာ မိမိတို့၏လုပ်ငန်းခွင်များအား စွန့်ခွာခြင်းမရှိဘဲ တာဝန် ထမ်းဆောင်ခဲ့ကြသူများလည်း အများအပြားရှိခဲ့တာတွေ့ရပါတယ်။ တရားမဲ့ အကြမ်းဖက်မှု၊ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှု၊ လုပ်ကြံသတ်ဖြတ်မှုများအား နိုင်ငံ့ဝန်ထမ်းများ ခါးသီးစွာကြုံတွေ့ခံစားခဲ့ကြရတာ ဖြစ်ပါတယ်။ ဝန်ထမ်းများ သာမက မိမိတို့ရဲ့ ဆွေမျိုးနှင့် သားသမီးများအထိပင် လူပုံအလယ်မှာ မျက်နှာမပြ၊ အရှက်ရစေသည်အထိ Boycott, Social Punishment အစရှိတဲ့ဖိအားပေးခြင်း၊ လူမှုအသိုင်းအဝိုင်းများမှ ဖယ်ကျဉ်စေခြင်းများ တွေ့ကြုံခံစားခဲ့ရပါတယ်။ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ တရားမဲ့လုပ်ကြံသတ်ဖြတ်မှုများကြောင့် အသက်ဆုံးရှုံး ခဲ့ရသည့်ဝန်ထမ်းများဟာ ယနေ့အထိ (၂၀)ဦး၊ ဒဏ်ရာရရှိခဲ့သည့် ဝန်ထမ်း(၁၄)ဦးထိ ရှိခဲ့တာဖြစ်ပါတယ်။ သို့ပါသော်လည်း အခက်အခဲကြားမှ နိုင်ငံတော်အပေါ် သစ္စာ စောင့်သိစွာနဲ့ မိမိတို့လုပ်ငန်းခွင်များကို စွန့်ခွာခြင်းမရှိဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြတာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းအင်္ဂါးအိမ်ရာ တည်ဆောက်ပြီးစီးမှုကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှသည် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အိမ်ရာ(၄)လုံး၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ (၃)လုံး၊ စုစုပေါင်း (၇)လုံးကို တည်ဆောက်ပေးခဲ့ရာမှာ (၁၅)နှစ်တာကာလအတွင်း ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ (၃)လုံးသာ ခွဲဝေရရှိခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနပိုင် အိမ်ခန်းနေရာချထားမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ကျွန်တော်တို့ အိမ်ခန်း(၂၄)ခန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် (၁)လုံး၊ အိမ်ခန်း(၁၂)ခန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် (၁)လုံး အိမ်ခန်း (၁၂)ခန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အိမ်ခန်း(၁၂)ခန်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အိမ်ခန်း (၁၂)ခန်း၊ စုစုပေါင်း(၆၈)ခန်းကို ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှု၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ (၁)ယူနစ်ခန်း၊ စုပေါင်းခန်းများကို ဝန်ထမ်း (၉၄)ဦးထိ စနစ်တကျချထားနေရာပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဓနု

Shan State Hluttaw

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့အတွင်း ဝန်ထမ်းအင်္ဂါးအိမ်ရာ လျှောက်ထားချထားမှုအနေအထားအဖြစ် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ ကျွန်တော်တို့ အိမ်ခန်းလျှောက်ထားသူ ဦးစီးအရာရှိနှင့် အထက်အရာထမ်း (၈၆)ဦး၊ ဦးစီးအရာရှိနှင့်အောက် အမှုထမ်း(၂၂၉)ဦး၊ ပေါင်း(၃၁၅)ဦးမှာ ဇူလိုင်လကုန်ထိ နေရာချထားမှုအနေဖြင့် အရာထမ်းနယ်ဝေး (၄၆)ဦး၊ အမှုထမ်း (၄၈)ဦး၊ ပေါင်း(၉၄)ဦးကို နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျနေရာချထားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ တင်ပြပါအတိုင်း ဇူလိုင်လအထိ ဝန်ထမ်းအင်္ဂါးအိမ်ရာ အိမ်ခန်းမရရှိသေးသူ အရာထမ်းနယ်ဝေးဒေသခံ (၃၂)ဦး၊ အမှုထမ်း (၁၈၁)ဦး၊ ပေါင်း(၂၂၁)ဦးဟာ ယနေ့တိုင် အိမ်ခန်းနေရာရထားခြင်းမရှိသေးပါကြောင်း တင်ပြအပ်တာဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိတဲ့အတွက် ရပ်ကွက်ကျေးရွာများအတွင်း ငှားရမ်းနေထိုင်တဲ့ ဝန်ထမ်းများအနေနဲ့ မိမိတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယနယ်မြို့လေးတစ်မြို့မှာ (၁၀)ပေ×(၂၀)ပေ အိမ်ခန်းအတွက် ဒေသန္တရပေါက်ဈေး(၁)သိန်းနှင့်အထက် တည်ရှိနေပါသဖြင့် အရာထမ်းများပင် ရပ်တည်နိုင်ရန် ခက်ခဲလျက်ရှိပြီး အမှုထမ်းများအတွက် ခက်ခက်ခဲခဲရပ်တည်ရုန်းကန်နေရတာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဝန်ထမ်းအင်္ဂါးအိမ်ရာ အိမ်ခန်းမရရှိသေးသူ ဝန်ထမ်းဦးရေ(၂၂၁)ဦးအတွက် လိုအပ်နေတဲ့ဝန်ထမ်းအိမ်ရာ ဦးစားပေးတည်ဆောက်ပေးနိုင်ပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်မြေနေရာများကိုလည်း ကွင်းဆင်းစိစစ်ပြီး အသင့်ရှိပြီးဖြစ်ပါ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ဦးစားပေးခွဲဝေ ချမှတ်တည်ဆောက်ပေးနိုင်ပါရန် နိုင်ငံ့ဝန်ထမ်းများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းထက်ဇော်၏ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရှိ ဌာနပိုင်မြေပေါ်မှာ ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၃ - ၂၀၁၄ ခု

Shan State Hluttaw

ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ၊ (၂)ထပ်(၁)လုံး၊ (၄)ခန်းတွဲ(၂)ထပ် (၁)လုံး၊ (၆)ခန်းတွဲ (၂)ထပ်(၁)လုံး၊ စုစုပေါင်း တိုက်(၃)လုံး၊ အခန်း(၂၄)ခန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် (၄)ခန်းတွဲ (၃)ထပ်(၁)လုံး၊ အခန်း(၁၂)ခန်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် (၄)ခန်းတွဲ (၂)ထပ် အိမ်ရာ(၁)လုံး၊ အခန်း(၈)ခန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် (၄)ခန်းတွဲ (၃)ထပ် (၁)လုံး၊ အခန်း (၁၂)ခန်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် (၄)ခန်းတွဲ (၃)ထပ်(၁)လုံး၊ အခန်း(၁၂)ခန်း၊ စုစုပေါင်း တိုက်(၇)လုံး၊ အခန်းပေါင်း(၆၈)ခန်းအား တည်ဆောက်ပေးခဲ့ပြီး ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နေထိုင်ရေးအခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများအား နေရာချထားပေးနိုင်ခဲ့ပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာစခန်းမြေပေါ်တွင် ထပ်မံတည်ဆောက်ရန် လက်ရှိမြေနေရာ လုံလောက်မှုရှိပါသဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း (၄)ခန်းတွဲ (၃)ထပ် ဝန်ထမ်းအိမ်ရာအဆောက်အဦ(၁)လုံး တည်ဆောက်ပေးနိုင်ရန် ရန်ပုံငွေထည့်သွင်း လျာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဦးဟိန်းထက်ဇော်၊ ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ ဆက်စပ်မေးခွန်းမေးမြန်းတိုက်တွန်းခွင့်ပြုပါခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် တင်ပြပြီးခဲ့တဲ့ ဝန်ထမ်းအင်္ဂအိမ်ရာ မရရှိသေးသူဦးရေ (၂၂၁)ဦးအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး (၁)နှစ်လျှင် ပင်းတယမြို့နယ်အတွက် တစ်လုံးရရှိခဲ့မည်ဆိုပါက အိမ်ရာ(၁)လုံး ယူနစ်(၁၂)ခန်းအတွက် ဝန်ထမ်း(၁၅)ဦးနဲ့ လျာထားတွက်ချက်မည်ဆိုပါက (၂၂၁)ဦးတွင် မဖြစ်မနေ လိုအပ်နေတဲ့ နယ်ဝေး(၁၆၃)ဦးအတွက် ဆယ်စုနှစ်တစ်စုခန့်ကြာမျှ အချိန်ကြာမြင့်သွားစေမှာ ဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ကျွန်တော်တို့ ၂၀၂၀ - ၂၀၂၁ မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်(၅)နှစ်အတွင်း ကျွန်တော်တို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိမ်းပြည်နယ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်တစ်ခုလုံးအတွက် ချမှတ်ခွဲဝေထားသော အဆောက်အဦစာရင်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအိမ်ရာ (၉)လုံး၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအိမ်ရာ (၂)လုံး၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအိမ်ရာ(၄)လုံး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းအိမ်ရာ(၅)လုံး၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အိမ်ရာ(၃)လုံး၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်

Shan State Hluttaw

အတွက် အိမ်ရာ(၄)လုံး၊ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အိမ်ရာ(၃)လုံး၊ စုစုပေါင်း(၅)နှစ်တာကာလအတွင်း အိမ်ရာ(၂၅)လုံးကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း ကျွန်တော်တို့ ရုမ်းပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ စာရင်းဇယားများအရ စစ်ဆေးတွေ့ရှိရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရုမ်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း(၅၅)မြို့နယ်အတွက် (၅)နှစ်တာကာလအတွင်း (၂၅)လုံး ခွဲဝေရရှိခဲ့ပါသဖြင့် (၅)နှစ်အတွင်း (၂)မြို့နယ်အတွက် အိမ်ရာ(၁)လုံးသာ တည်ဆောက်ပေးနိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရတာ ဖြစ်ပါတယ်။ မြို့နယ်အသီးသီးဒေသအသီးသီးမှာ လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီး၊ မြို့နယ်စည်ပင်သာယာဝန်ကြောရေးအစရှိတဲ့ ကဏ္ဍအသီးသီးအတွက် အရေးကြီးသည်မှန်ပါသော်လည်း နိုင်ငံ့ဝန်ကိုထမ်းနေသော နိုင်ငံ့ဝန်ထမ်းများအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးမှာ နေရေးအတွက် အရေးတကြီး လိုအပ်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ရုမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့သော ရုမ်းပြည်နယ်အစိုးရအဖွဲ့၊ ရုမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်တဲ့ ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ ဆောက်လုပ်ရေးကဏ္ဍအတွက် ဖြည့်စွက်ခွင့်ပြုငွေ (၁၂,၇၉၆.၈၀၇) သန်းရရှိခဲ့ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် (၁၅၁.၈၉၆)သန်းကို ခွဲဝေရရှိခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်ရေးကဏ္ဍအတွက် ဖြည့်စွက်ခွင့်ပြုငွေရဲ့ (၁.၉၆) ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံရဲ့ဝန်ကို သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်နေတဲ့ ရုမ်းပြည်နယ်အတွင်းမှာ ရှိသော နိုင်ငံ့ဝန်ထမ်းများရဲ့ အဓိကလိုအပ်ချက်ဖြစ်သောနေရေးအတွက် အဆင်ပြေချောမွေ့စေရေး ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွဲဝေမှုအား ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးနက်ထား တိုက်တွန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဟုတ်ကဲ့ပါ။ ကျေးဇူးပါ။ ဆက်လက်ပြီး ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊

Shan State Hluttaw

လွတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းခဲ့မေးခွန်းကတော့ မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်ကျေးရွာအုပ်စု လွိုင်ခင်(သစ်)-လွိုင်ခင်(ဟောင်း)-နမ့်ယမ်း-ထီဖက်နမ်-ထီဟန်ခြွီး ၁၁/၅ မိုင်၊ ကျောက်ချောလမ်းခင်းခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်ကျေးရွာအုပ်စု၊ လွိုင်ခွင်(သစ်) - လွိုင်ခွင်(ဟောင်း)-နမ့်ယမ်း-ထီဖက်နမ်-ထီဟန်ခြွီး (၁၁/၅)မိုင် မြေလမ်းသည် နှစ်စဉ်ရာသီဥတု ဒဏ်ကြောင့် မြေပြိုခြင်း၊ ရေတိုက်စားခြင်းများဖြစ်ပေါ်ကာ မိုးရာသီကာလများ၌ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကိစ္စရပ်များအတွက် ဆက်သွယ်သွားလာဆောင်ရွက်ရာတွင် ခက်ခဲလျက်ရှိနေပါတယ်။ အဆိုပါလမ်းပိုင်းရှိ လတ်တလော လိုအပ်သည့် Box Culvert များအား ဖြည့်စွက်ရန်ပုံငွေဖြင့် ခွင့်ပြုပေးနိုင်သည်များ ခွင့်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းအား ရာသီမရွေးသွားလာနိုင်မည်ဆိုပါက အိမ်ခြေ(၁၄၃၂)အိမ်၊ လူဦးရေ(၁၀၀၄၇)ဦး၏ ဒေသခံမိဘပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါ၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အတွင်းရှိ လွိုင်ခွင်(သစ်) - လွိုင်ခွင်(ဟောင်း) - နမ့်ယန်း - ထီဖက်နမ် - ထီဟန်ခြွီး (၁၁)မိုင်(၅)ဖာလုံလမ်းဟာ ကျွန်တော်တို့ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ နတလဦးစီးဌာနကို ကျေးလက်လမ်းဦးစီးဌာနမှ လွှဲပြောင်းပေးခဲ့တဲ့ လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို နတလဦးစီးဌာနအနေနဲ့ ပြည်ထောင်စုရန်ပုံငွေနဲ့ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ (၄)ဖာလုံလမ်း level ပြုပြင်ခြင်းနှင့် ၅ ပေ Box Culvert ၁၀ စင်းကို တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မောက်မယ်မြို့နယ် လွိုင်ခွင် - ထီဟန်ခြွီး (၁၁)မိုင်(၅)ဖာလုံလမ်းကို မြေသားလမ်းအဆင့်မှ ရာသီမရွေးသွားလာနိုင်တဲ့ကျောက်ခင်းလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး

Shan State Hluttaw

ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအဆင့် သတ်မှတ်ချက်အလိုက် သင့်လျော်တဲ့ ဘဏ္ဍာရေးနှစ်များမှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ခွန်ကြည် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ တောင်ကြီးမြို့နယ်၊ နမ်းဟူးကျေးရွာအုပ်စုအတွင်းရှိ ပေါမူ - ဂနိုင်ထုံ - ထီသိမ်(ဘုရားဖြူ) မြေသားလမ်း(၁၄.၈)ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နမ်းဟူးကျေးရွာအုပ်စုအတွင်းရှိ ပေါမူ - ဂနိုင်ထုံ - ထီသိမ်(ဘုရားဖြူ)မြေသားလမ်းသည် ပေါမူရွာ၊ ဂနိုင်ထုံရွာနှင့် ထီသိမ်(ဘုရားဖြူ)ရှိ အိမ်ခြေပေါင်း(၁၂၉၃)အိမ်၊ လူဦးရေပေါင်း(၃၀၃၂)ဦးတို့က အဓိကအသုံးပြုနေသော လမ်းတစ်လမ်းဖြစ်ပြီး အခြားကျေးရွာပေါင်း(၂၀)ရွာခန့်ကလည်း မိဘပြည်သူများက ရံဖန်ရံခါ အသုံးပြုနေသော လမ်းတစ်လမ်းဖြစ်ပါတယ်။

အဆိုပါ မြေသားလမ်းကို ဒေသခံမိဘပြည်သူများက နှစ်စဉ်နှစ်တိုင်း ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်ပါသော်လည်း မိုးရာသီရောက်တိုင်းလမ်းများ အလွန်ပျက်စီးပါသဖြင့် ဒေသခံမိဘပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေး ကိစ္စရပ်များဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ များစွာ ကြုံတွေ့နေကြရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဒေသခံမိဘ ပြည်သူများ၏ တင်ပြတောင်းဆိုချက်အရ ကွင်းဆင်းကြည့်ရှု၍ ဒေသခံမိဘ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးကိစ္စရပ်များကို ရာသီမရွေး

Shan State Hluttaw

အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် အဆိုပါမြေသားလမ်းအား ရာသီမရွေး အသုံးပြုနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အလွန်လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါပေါမူ - ဂနိုင်ထုံ - ထီသိမ်(ဘုရားဖြူ)မြေသားလမ်း (၁၄.၈)ဖာလုံအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံမိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက Power Point မြေပုံ၊ ဓာတ်ပုံများနဲ့ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြဖို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နန်းဟူးကျေးရွာအုပ်စု၊ ပေါမူ - ဂနိုင်ထုံ - ထီသိမ်(ဘုရားဖြူ) လမ်းဟာ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်သို့ ချိတ်ဆက်နေတဲ့ ကျေးလက်လမ်းဦးစီးဌာနရဲ့ Class (A) အမျိုးအစားလမ်းဖြစ်ပြီး လမ်းအရှည်မှာ ကျောက်ချောလမ်း (၀/၆.၈)မိုင်၊ မြေသားလမ်း(၂/၄.၂) မိုင်၊ စုစုပေါင်းလမ်းအရှည် (၃/၃)မိုင်ရှိတဲ့ လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေဖြင့် (၀/၆.၈)မိုင် မြေသားလမ်းမှ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ပြည်နယ်ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းတင်ပြလိုတဲ့ အကြောင်းအရာကတော့ ဝမ်ဆတ်ကျေးရွာမှ ဟောင်လိတ်ကျေးရွာအထိ ကတ္တရာလမ်းအား (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ ဝမ်ပတ်ကျေးရွာအုပ်စုအတွင်းမှာ ဟောင်လိတ်ကျေးရွာအား ဖြတ်သန်း၍ ကာလိ - ဟိုပန် - ဝမ်ဆတ် - ဟောင်လိတ် - မိုင်းစံ - မိုင်းရှူး ကတ္တရာလမ်းကို ဆောက်လုပ်ရေးဌာနကနေပြီးတော့မှ ဖောက်လုပ်ထားရှိပါတယ်။

ကွန်ဟိန်းမြို့နယ် နယ်နိမိတ်အတွင်း ကာလိမြို့မှ ဟောင်လိတ်ကျေးရွာအနီးအထိ ကတ္တရာလမ်းမှာ (၄၈.၂၃၃)ကီလိုမီတာ (၂၅ မိုင်)ခန့်ရှိပါတယ်။ ကာလိမြို့မှ ဝမ်ဆတ်ကျေးရွာအနီးအထိ (၇)မိုင်ခန့်မှာ (၁၈)ပေအကျယ်ကတ္တရာလမ်း ဖြစ်ပါတယ်။ ၎င်းနေရာမှ ဟောင်လိတ်ကျေးရွာအနီး ကွန်ဟိန်းမြို့နယ် နယ်နိမိတ်အဆုံး၊ မိုင်းရှူးမြို့နယ် နယ်နိမိတ်အစအထိ (၁၈)မိုင်ခန့်မှာ (၁၂)ပေအကျယ် ကတ္တရာလမ်းသာ ဖောက်လုပ်ထားရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေသခံပြည်သူလူထုများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဒေသခံပြည်သူလူထုများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကူးသန်းရောင်းဝယ်သွားလာကြရာတွင် အထက်တင်ပြပါလမ်းအား အဓိကထား အသုံးပြုလျက်ရှိပါတယ်။ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များသွားလာကြရာမှာ (၁၂)ပေအကျယ် လမ်းအပိုင်းမှာ လမ်းများပျက်စီးလျက်ရှိခြင်း၊ လမ်းဘေးမြေသားများရေတိုက်စားထားခြင်း၊ ရေနုတ်မြောင်းများ ကောင်းစွာမရှိခြင်းတို့ကြောင့် သွားလာမှုနှောင့်နှေးကြန့်ကြာခြင်း၊ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားနေခြင်းတို့ကြောင့် များစွာသော အခက်အခဲများ၊ အဆင်မပြေမှုများဖြစ်ပေါ်လျက်ရှိကြောင်း

Shan State Hluttaw

ကွင်းဆင်းတွေ့ရှိချက်များအရ သိရှိရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။

ကာလိ - မိုင်းစံ- မိုင်းရှူး သွားတဲ့လမ်းမှာ သွားရောက်ကွင်းဆင်းတဲ့အခါမှာ လမ်းဘေးရေနုတ်မြောင်းတွေ မရှိတဲ့အတွက်ကြောင့်မို့လို့ မူလလမ်းမကြီးပါ ပျက်စီးနေတဲ့အနေအထားတွေ ကျွန်တော်တို့ တင်ပြထားတာဖြစ်ပါတယ် ခင်ဗျား။ ဒါဆိုလည်း ဒီဟောင်လိတ်ကျေးရွာအဝင်မှာရှိတဲ့ ကျွန်တော်တို့ မိုင်းရှူးဖက်က လာလို့ရှိရင် အဝင်ဖြစ်တဲ့တံတားအောက်မှာ တော်တော်လေးကို ပျက်စီးနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအပေါ်ယံမြေသားတွေလည်း ပျက်စီးနေတဲ့အနေအထား တွေ့ရမှာဖြစ်ပါတယ်ခင်ဗျား။ လမ်းတွေကို ပျက်စီးနေတဲ့ အနေအထားတွေကို ကျွန်တော်တို့ တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါဆိုရင်လည်း (၁၂)ပေလမ်း ပိုင်းမှာဆိုရင် ဟောင်လိတ်ကျေးရွာနဲ့ ဝမ်လိတ်ကျေးရွာကြားမှာ ဆိုင်ကယ်နဲ့ ကျွန်တော်တို့ ရှောင်တဲ့အနေအထားမှာ ယာဉ်တစ်စီးသွားတဲ့ အနေအထားမှာပဲ လမ်းဘေးကိုပြုတ်ကျပြီးတော့မှ ကျွန်တော်တို့ ရွာသားတွေနဲ့ ပြန်လည်ဆယ်တင် နေတဲ့အနေအထားကို တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ လွန်ခဲ့တဲ့(၂)ရက်ခန့်ကပဲ ကာလိ - မိုင်းရှူးသွားတဲ့လမ်းမကြီး ပေါ်မှာပဲ တောင်ကျရေတွေကြီးပြီးတော့မှ ရွာအတွင်းကိုရေတွေ ဝင်ရောက်ပြီးတော့မှ အိမ်တွေထဲကိုလည်း ရေတွေဝင်ပြီးတော့မှ ကားလမ်းမကြီးနဲ့အတူ တံတားတွေ ပျက်စီးနေတာဖြစ်ပါတယ်။ ရေအမြင့်ဆိုရင်လည်း (၁)ပေလောက်အထိ ကားလမ်းမ ကြီးပေါ်မှာ ဖြတ်သန်းပြီးတော့မှ စီးဆင်းနေတဲ့အနေအထားလေးကို တင်ပြထားတာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟောင်လိတ် ကျေးရွာဟာ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်အတွင်းမှာပါဝင်နေပေမဲ့လို့ လမ်းပိုင်း အနေနဲ့ မိုင်းရှူးမြို့နယ်ပဆရဲ့ စီမံခန့်ခွဲမှုထဲမှာလည်း တစ်စိတ်တစ်ပိုင်းပါဝင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်နဲ့ မိုင်းရှူးမြို့နယ်အစပ်မှာရှိတဲ့အတွက် ကွန်ဟိန်းမြို့နယ်နဲ့ မိုင်းရှူးမြို့နယ်(၂)မြို့နယ်လုံးက ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အထက်တင်ပြပါ ကာလိ - ဟိုပန် - ဝမ်ဆတ် - ဟောင်လိတ် - မိုင်းစံ - မိုင်းရှူးလမ်းအပိုင်းတွင် ပါဝင်သော ဝမ်ဆတ်ကျေးရွာအနီးမှ ဟောင်လိတ်ကျေးရွာ အထိ (၁၈)မိုင်ခန့်အား (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား

Shan State Hluttaw

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင် မေးမြန်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းမှာပါရှိတဲ့ လမ်းပိုင်းဟာဆိုရင် ကာလိမြို့မှ မိုင်းရှူးမြို့အထိ (၅၆)မိုင်(၄)ဖာလုံ ရှည်လျားပြီးတော့ မိုင်(၀/၀)မှ (၂၅/၀)အထိ (၂၅)မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ကာလိမြို့နယ်ဝမ်ဆတ်ကျေးရွာအကျော်အထိ (၁၈)ပေအကျယ် ကတ္တရာလမ်း (၇)မိုင်(၅.၂၁)ဖာလုံ၊ ဝမ်ဆတ်ကျေးရွာအကျော်မှ ဟောင်လိတ်ကျေးရွာအနီးအထိ (၁၂)ပေအကျယ်ကတ္တရာလမ်း (၁၇)မိုင်(၂.၇၉)ဖာလုံ၊ စုစုပေါင်း(၂၅)မိုင်ရှိပြီး တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၂၅၀)စီးခန့် ဖြတ်သန်းသွားလာ လျက်ရှိပါတယ်။ ကာလိ - မိုင်းစံ - မိုင်းရှူးလမ်းတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် (၁၂)ပေမှ(၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ရန် ကျောက်ဖြင့် ချဲ့ခင်းခြင်း (၆)ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁)ဖာလုံ၊ ကတ္တရာလမ်းပြုပြင်ခြင်း (၃၂၃၀)စတုရန်းပေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း (၁)မိုင်(၂)ဖာလုံ၊ (၁၂)ပေမှ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ရန် ကျောက်ဖြင့်ချဲ့ခင်းခြင်း (၁)မိုင် (၁)ဖာလုံ၊ (၁၂)ပေအကျယ် ကတ္တရာပိတ်လွှာပိုးခြင်း (၇)ဖာလုံ၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း (၆၅၆)ပေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြထားရှိပါတယ်။ ကာလိ - မိုင်းစံ - မိုင်းရှူးလမ်း၏ ကွန်ဟိန်းမြို့နယ်အပိုင်း (၂၅)မိုင်အတွင်း (၁၂)ပေအကျယ် ကတ္တရာလမ်းကျန်ရှိသည့် (၁၇)မိုင် (၂.၇၉) ဖာလုံအား (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ လမ်းဘေးရေတိုက်စားသော

Shan State Hluttaw

နေရာများအား ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ (၁၂)ပေအကျယ် ကတ္တရာလမ်းသား ပျက်စီးနေသောနေရာများအား (၁၂)ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများအား နှစ်အလိုက်ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါဗျ။ ရှိသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာတဲ့ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ/ ဆရာမ၊ ကျောင်းသူ/ကျောင်းသားများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်သော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများ၏အမှန်တကယ်လိုအပ်နေသော ပြည်သူတို့ရဲ့ ဆန္ဒသဘောထား(၁)ခုကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်အုပ်စု၊ ဖာလန်ကျေးရွာသွားလမ်းအား မြေသားလမ်း(၆)မိုင်ကို ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ပေးနိုင်ရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ ဖာလန်ကျေးရွာသွားလမ်းသည် မိုင်းခတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ပါဆံကျေးရွာမှ ဖာလန်ကော်ကျေးရွာအုပ်စုနှင့် မိုင်းကာ(အရှေ့) ကျေးရွာအုပ်စုရှိ ကျေးရွာ(၁၁) ရွာများသို့ ဆက်သွယ်ဖြတ်သန်းသွားလာသောလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းသည် အတက်အဆင်း မတ်စောက်ကြမ်းတမ်းသောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသော မြေသားလမ်းဖြစ်ပါတယ်။ မိုင်းခတ်မြို့နှင့် မိုင်အရှည်အားဖြင့် (၆)မိုင်သာဝေးကွာသော ကျေးရွာအုပ်စုဖြစ်ပြီး ၎င်းအုပ်စုကျေးရွာများရှိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးပိုင်းမှာလည်း သွားလာရေးခက်ခဲသောကြောင့် ဒေသဖွံ့ဖြိုးမှုနှောင့်နှေး

Shan State Hluttaw

ခဲ့ပါတယ်။ အဆိုပါလမ်းသည် ကျေးရွာအုပ်စု(၂)စုရှိ ဒေသခံပြည်သူများသည် မိုင်းခတ်မြို့ပေါ်သို့ ဒေသထွက်စိုက်ပျိုးသီးနှံများ သွားရောက်ရောင်းချသောလမ်းအဖြစ် အသုံးပြုလျက်ရှိပြီး စုစုပေါင်းအိမ်ခြေ (၅၆၉)အိမ်၊ လူဦးရေ(၂၃၇၈)ဦးကျော်ခန့်အား အကျိုးပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖာလန်ရွာသွားမြေသားလမ်းအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ(၁၁)ရွာအတွင်းရှိ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူချောမွေ့စေမည့်အပြင် ဒေသခံပြည်သူများ၏ စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အဆင်ပြေချောမွေ့စေခြင်းနှင့် သယ်ယူစရိတ်များ သက်သာစွာဖြင့် ရောင်းချနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ ဖာလန်ကျေးရွာသွားလမ်းအား အချိန်မရွေးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြေသားလမ်း(၆)မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးဒုတိယမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူတို့ရဲ့ဆန္ဒသဘောထားတစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ နမ့်တာပီးကျေးရွာ အဝင်လမ်းအား ကွန်ကရစ်လမ်း (၀/၃)မိုင် ကျောက်စီရေမြောင်းစီခြင်းလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဖာလံကော်အုပ်စု၊ နမ့်တာပီး(အပေါ်)ရွာ၊ နမ့်တာပီး(အောက်)ရွာနှင့် ဝမ်လုံကျေးရွာသို့ ဆက်သွယ်ရာတွင် အသုံးပြုလျက်ရှိပြီး နမ့်တာပီးကျေးရွာ အိမ်ခြေ(၈၇)အိမ်နှင့် လူဦးရေ(၅၄၁)ဦးကျော်ခန့် အကျိုးပြုသောလမ်းဖြစ်ပါတယ်။ ၎င်းလမ်းသည် မတ်စောက်၍ မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရေးခက်ခဲသော မြေသားလမ်းဖြစ်ပါတယ်။ ၎င်းကျေးရွာသည် ကျိုင်းတုံ-မိုင်းခတ်ကားလမ်းမကြီးပေါ်ရှိရွာဖြစ်ပြီး မြို့နှင့်(၂/၅)မိုင်သာဝေးကွာပါတယ်။ ကျေးရွာနေပြည်သူများ အဓိက

Shan State Hluttaw

ဆောင်ရွက်နေသည့်လုပ်ငန်းမှာ မြေပဲ၊ ပြောင်းဖူး၊ ပဲပုတ်နှင့် လယ်ယာစပါး စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားပြီးလုပ်ကိုင်လျက်ရှိပါတယ်။ ကျေးရွာနေ ရွာသူ ရွာသားများ၏ ခြံထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များကို နေ့စဉ်မိုင်းခတ်မြို့သို့ သွားရောက်ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုသော ရွာဖြစ်ပါတယ်။ ၎င်းရွာဆက်သွယ်ရေးမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာနေပြည်သူများ ရာသီမရွေး နေ့စဉ်ဖြတ်သန်းသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုလုံခြုံချောမွေ့စေမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဖာလံကော်အုပ်စု၊ နမ့်တာပီးကျေးရွာအဝင်လမ်း မြေသားလမ်းအား အချိန်မရွေးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်း (၀/၃)မိုင်အား ခင်းပေးခြင်း၊ ကျောက်စီရေမြောင်းစီခြင်းလုပ်ငန်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ မည်သည့်အချိန်ကာလတွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျ။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း (၂)ခုလုံးကို တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးရန်အောင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခုစလုံးကို တစ်ဆက်တစ်စပ်တည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ Power Point မြေပုံ၊ ဓာတ်ပုံများနဲ့ ကွင်းဆင်းဓာတ်ပုံများနဲ့ ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော် ကျေးရွာအုပ်စု၊ ဖာလန်ကျေးရွာသွားလမ်းသည် ကျေးလက်လမ်းဦးစီးဌာန Class (A) အမျိုးအစားဖြစ်ပြီး လမ်းအရှည်(၆/၀)မိုင်ရှိသော ဆိုင်ကယ်လမ်း အမျိုးအစားဖြစ်ပါတယ်။ အဆိုပါ ဖာလန်ကျေးရွာသွားလမ်းသည် ကျေးရွာ(၁၁)ရွာ၊ အိမ်ခြေ(၅၆၉)အိမ်၊ လူဦးရေ

Shan State Hluttaw

(၂၃၇၈)ဦးတို့အား အကျိုးပြုသောလမ်းဖြစ်ပါတယ်။ ဖာလန်ကျေးရွာသွား လမ်းအား ဆိုင်ကယ်လမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေ လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)ရဲ့ ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီး Power Point မြေပုံ၊ ဓာတ်ပုံများနဲ့ ဆက်လက်ရှင်းလင်းဖြေကြားပေး သွားမှာဖြစ်ပါတယ်။ နမ့်တာပီး Power Point ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ နမ့်တာပီး ကျေးရွာအဝင် မြေသားလမ်း(၀/၃)မိုင်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံ ခန့်ခွဲသော နမ့်တာပီး - ဝမ်လုံးကျေးရွာသွားလမ်း (၃/၀)မိုင် Class (A)လမ်းပေါ်တွင် တည်ရှိသော လမ်းပိုင်းဖြစ်ပါတယ်။ ၎င်းမြေသားလမ်း (၀/၃)မိုင်သည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းမှာ မြေသားလမ်း ဖြစ်၍ အတက်အဆင်းမတ်စောက်သောကြောင့် မိုးတွင်းအခါတွင် ကျေးရွာနေပြည်သူ များသွားလာရခက်ခဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည်ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၁၀၉)အိမ်နှင့် လူဦးရေ(၇၉၅)ဦးတို့အား အကျိုးပြုသောလမ်းဖြစ်ပြီး ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်းမကြီးနှင့် ချိတ်ဆက်ထားသောလမ်းဖြစ်ပါတယ်။ နမ့်တာပီး ကျေးရွာအဝင် မြေသားလမ်း(၀/၃)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ခြင်းနှင့် ကျောက်စီရေမြောင်း ပေ(၇၀၀) ဆောင်ရွက်ခြင်းလုပ်ငန်းအား နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းသန်းထွန်း(ခ)သိန်းသန်းထွန်း၊ ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းသန်းထွန်း(ခ)သိန်းသန်းထွန်း၊ ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲမင်္ဂလာပါဗျာ။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့)သို့ တက်ရောက်လာကြသော ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လာရောက် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမြို့နယ်၊

Shan State Hluttaw

ကိုယ်စားလှယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းထွန်း (ခ)သိန်းသန်းထွန်း ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ တောင်ခေါင်းဗွာ-ကျောက်မြောင်း-ကျောက္ကူပြင် ကျေးရွာချင်းဆက် လမ်း ကတ္တရာလမ်း(၆)မိုင်အား ကတ္တရာထပ်ပိုးလွှာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်း၍ မေးခွန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ကျောက်မြောင်းကျေးရွာအုပ်စုသည် အိမ်ခြေ (၇၇၉)၊ လူဦးရေ(၅၆၃၆)ဦးနှင့် ကျောက္ကူပြင်ကျေးရွာအုပ်စုသည် အိမ်ခြေ (၇၇၉)၊ လူဦးရေ(၃၂၇၁)ဦးရှိပြီး ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း များကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် ဒေသထွက်ကုန်များအား ရန်ကုန်၊ မန္တလေး၊ အောင်ပန်းမြို့များနှင့် အခြားမြို့များသို့ ကုန်စည်ပို့ဆောင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဓိက ဆက်သွယ်သွားလာသည့် လမ်းမကြီးဖြစ်ပါတယ်။ အဆိုပါလမ်းသည် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ (၁၃)နှစ်ကြာမြင့်ပြီဖြစ်၍ ကတ္တရာလမ်းမှာ အပိုင်းလိုက်ပျက်စီးနေပါသဖြင့် ကတ္တရာ ထပ်ပိုးလွှာခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံပြည်သူ များအတွက် ယာဉ်အန္တရာယ်/ လမ်းအန္တရာယ်ကင်းရှင်းရေးသာမက လမ်းပန်း ဆက်သွယ်ရေး ပိုမိုလုံခြုံချောမွေ့စေမည် ဖြစ်ပါတယ်ဗျ။ သို့ဖြစ်ပါ၍ အဆိုပါ တောင်ခေါင်းဗွာ - ကျောက်မြောင်း - ကျောက္ကူပြင်ကျေးရွာချင်းဆက်လမ်း ကတ္တရာ လမ်း(၆/၀)မိုင်အား ကုန်စည်များပို့ဆောင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ပြည်သူများအချိန်မီသွားလာမှု အဆင်ပြေစေချောမွေ့စေရေးအတွက် ကတ္တရာထပ်ပိုးလွှာလမ်းအဖြစ် ထပ်မံအဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် ဦးစားပေးအဖြစ် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူများ၏ကိုယ်စား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်

Shan State Hluttaw

များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းထွန်း(ခ)သိန်းသန်းထွန်းမှ မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရွာငံမြို့နယ်၊ တောင်ခေါင်းဗွာ-ကျောက်မြောင်း-ကျောက္ကူပြင် ကျေးရွာချင်းဆက်လမ်း (၆/၀)မိုင် လမ်းပိုင်းသည် နတလဦးစီးဌာနပိုင် လမ်းဖြစ်ပြီးတော့ ၎င်းလမ်းဟာ နတလ ဦးစီးဌာနကနေပြီးတော့ ၂၀၁၂ - ၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေနဲ့ ကတ္တရာလမ်း (၆/၀)မိုင် အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းလမ်းပိုင်းကို ကျွန်တော်တို့ နှစ်ကာလကြာမြင့်ပြီးဖြစ်တဲ့အတွက် လမ်းပျက်စီးနေမှုအပေါ် ပြုပြင်ဖို့အတွက် လမ်းပမာဏ သိရှိနိုင်ဖို့ လက်ရှိမှာ ကျွန်တော်တို့ ရွာငံမြို့နယ် လုံခြုံရေးအခြေအနေအရ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် လုံခြုံရေးအခြေအနေ ကောင်းမွန်သည့်ကာလမှာ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်၍ ကတ္တရာလမ်း ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအဆင့် သတ်မှတ်ချက်အလိုက် သင့်လျော်သည့် ဘဏ္ဍာရေးနှစ် စီမံကိန်းစာရင်းမှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ရုမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရုမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရုမ်းပြည်နယ် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်သူ ဦးခင်အောင်ဆွေ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ ကျွန်တော်မေးမြန်းသွားမှာကတော့ ရုမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ လိုအပ်နေသော (၁၀)တန် သို့မဟုတ် (၁၂)တန်၊ Three Wheel Roller (လမ်းကြိတ်စက်)နှင့် (၈)တန်ဘက်ဟိုးတို့အား ဝယ်ယူ

Shan State Hluttaw

ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနဟာ ၁၀၂၇ စစ်ဆင်ရေးမတိုင်မီမှာ ဌာနပိုင် ယာဉ်/ ယန္တရား (၃၁)စီး ရှိခဲ့ပါတယ်ခင်ဗျား။ လားရှိုးမြို့ကို အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်သိမ်းပိုက်ပြီးတဲ့နောက် မြို့နယ်စည်ပင်သာယာရေးဌာနပိုင် ယာဉ်/ ယန္တရား (၂၀)စီးမှာ ယူဆောင်/ ပျောက်ဆုံးခဲ့ရပါတယ်ခင်ဗျား။ ယခု လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနတွင် ယာဉ်/ ယန္တရား(၁၁)စီးသာ ကျန်ရှိခဲ့ပြီး အများစုမှာ အိုဟောင်း၍ ယူဆောင်မရသောကြောင့် ကျန်ရှိနေခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ မြို့တော်ဖြစ်ပြီး လူဦးရေ (၃)သိန်းကျော်နေထိုင်ကာ လူနေအိမ်ခြေများပြားပြီး စည်ပင်သာယာရေးလုပ်ငန်းများမှာလည်း များမြောင်လှပါတယ်ခင်ဗျား။ ယခုအခါ မိုးရာသီကျရောက်လာပြီဖြစ်ပြီး မြို့ရေကြီးရေလျှံ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများအား ဆယ်ယူခြင်းလုပ်ငန်းမှာလည်း အင်မတန်မှ အရေးကြီးလှပါတယ်ခင်ဗျား။ သို့ရာတွင်လည်း စည်ပင်သာယာရေးဌာနတွင် ဘက်ဟိုးမရှိသောကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြင်ပမှ ငှားရမ်းအသုံးပြုနေရကြောင်း သိရှိရပါတယ်ခင်ဗျား။ ယခုရက်ပိုင်းများအတွင်းမှာလည်း လားရှိုးမြို့နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့အပြား မြို့နယ်များမှာ ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နေတာကိုလည်း အားလုံးတွေ့မြင်နေကြရတာဖြစ်ပါတယ်ခင်ဗျား။ လားရှိုးမြို့နယ်အတွင်း ယခုဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း လမ်းခင်းခြင်းလုပ်ငန်းများပါရှိနေပြီး လမ်းခင်းရာတွင် အဓိကလိုအပ်သည်မှာ လမ်းကြိတ်စက် ဖြစ်ပါတယ်ခင်ဗျား။ ယခု စည်ပင်သာယာရေးဌာနတွင် လမ်းကြိတ်စက်အဟောင်းတစ်စီးသာ ကျန်ရှိပြီး ၎င်းအဟောင်းမှာလည်း သုံးမရတဲ့အနေအထားမှာ ဖြစ်နေကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နိုင်ငံတော်အုပ်ချုပ်မှု ပြန်လည်ရရှိတဲ့ မြို့နယ်များက အစိုးရဌာနရုံးများဟာ အခွန်သက်သက်သာ ကျန်ရှိခဲ့ပြီး စက်ယန္တရားများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအားလုံး ပျောက်ဆုံး၊ ဖျက်ဆီးခံခဲ့ရပါတယ်။ ဝန်ထမ်းများဟာလည်း မိမိနေထိုင်ဖို့ အဆောက်အဦးကစပြီး မိမိဘာသာပြုပြင်နေထိုင်ရပြီး ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အခက်အခဲများစွာ ရင်ဆိုင်ဖြတ်သန်းနေရဆဲဖြစ်ပါတယ်ခင်ဗျား။ ဝန်ထမ်းများနည်းတူ စစ်ရှောင်ခဲ့ရတဲ့ ပြည်သူလူထုတို့ကလည်း မိမိတို့ပိုင်ပစ္စည်းများ ခိုးယူခြင်းကိုခံခဲ့ရပြီး လားရှိုးမြို့သို့ ပြန်ရောက်ဝင်ရောက်နေထိုင်

Shan State Hluttaw

စဉ်မှာ နေအိမ်အများစုဟာ အတွင်းပစ္စည်းများမရှိတော့ဘဲ အခွန်သက်သက်သာ ကျန်ရှိနေတာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ လိုအပ်နေသော (၁၀)တန် သို့မဟုတ် (၁၂)တန် Three Wheel Roller(လမ်းကြိတ်စက်)နှင့် (၈)တန်ဘက်ဟိုးတို့အား ရှမ်းပြည်နယ် အစိုးရမှ ဝယ်ယူဖြည့်တင်းပေးရန် အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါသောကြောင့် ဤကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးခင်အောင်ဆွေ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ ၁၀၂၇ စစ်ဆင်ရေးမတိုင်မီ ဌာနပိုင် ယာဉ်/ယန္တရား (၃၁)စီးဖြင့် စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အချိန်မှာ အကြမ်းဖက်သောင်းကျန်းမှုများဖြစ်ပေါ်ခဲ့ပြီး မြို့အား စွန့်ခွာခဲ့ချိန်မှာ ဌာနပိုင်ယာဉ်(၉)စီးအားတစ်ပါတည်း ယူဆောင်နိုင်ခဲ့ပါတယ်။ ကျန်ယာဉ်/ စက်ယန္တရားများအား သယ်ဆောင်နိုင်ခဲ့ခြင်းမရှိဘဲ လားရှိုးမြို့အတွင်း လုံခြုံမည့်နေရာများတွင် သိမ်းဆည်းထားရှိခဲ့ရပါတယ်။ ဌာနမှ ရှေ့ပြေးဝန်ထမ်းများ ပြန်လည်ဝင်ရောက်ခဲ့သည့် ၃၀.၄.၂၀၂၅ ရက်နေ့မှာ လားရှိုးမြို့အတွင်းထားရှိခဲ့တဲ့ ယာဉ်/စက်ယန္တရား (၂၂)စီးအနက်မှ လမ်းကြိတ်စက်တစ်စီးနှင့် ဒိဇာတစ်စီးသာပြန်လည်တွေ့ရှိခဲ့ရပြီး ကျန်ယာဉ်ယန္တရား (၂၀)စီးမှာ ပျောက်ဆုံးခဲ့ရပါတယ်။ လက်ရှိအချိန် ကျန်ရှိခဲ့တဲ့ လမ်းကြိတ်စက်တစ်စီးအား ပြန်လည်ပြုပြင်ခဲ့ပြီး ဒိဇာတစ်စီးမှာ အပိုပစ္စည်းရှားပါးခြင်းများကြောင့် ပြန်လည်ပြုပြင်နိုင်ခြင်းမရှိပါသဖြင့် ဌာနတွင် မော်တော်ယာဉ်(၉)စီး၊ ယန္တရား(၂)စီး၊ စုစုပေါင်း(၁၁)စီးဖြင့်သာ စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေလျက်ရှိပါတယ်။ လားရှိုးမြို့ ရေစီးရေလာကောင်းမွန်စေရေး၊ သဘာဝဘေးများဖြစ်ပွားလာပါက အလျင်အမြန်ဆောင်ရွက်နိုင်ရေးအတွက် 8 Ton Excavator ဘက်ဟိုး(၁)စီးနှင့် လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းကြိတ်စက်(၁)စီးနှင့်

Shan State Hluttaw

လုံလောက်မှုမရှိသဖြင့် လမ်းကြိတ်စက်(၁)စီး ထပ်မံလိုအပ်လျက်ရှိပါတယ်။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေ ကျပ်(၁၀၁၀)သန်း ပိုမိုရရှိမည်ဖြစ်သော်လည်း ပြန်လည်ထူထောင်ရေးကာလဖြစ်သဖြင့် လိုအပ်သည့် လမ်း/တံတားနှင့် အခြားလုပ်ငန်းများ၊ လွတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်လိုသည့်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားခများ၊ စက်သုံးဆီ ဝယ်ယူခြင်းလုပ်ငန်းများသာ လျာထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ လားရှိုးမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဦးစားပေးအလိုက်ဆောင်ရွက်ရန် ကျန်ရှိနေခြင်းကြောင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁) ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးနော်တောင်ပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးမြန်းသွားမည့် မေးခွန်းကတော့ မူဆယ်မြို့အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား ပြုပြင်ထိန်းသိမ်းရန် Oriental Highway Company Limited မှ စာချုပ်ချုပ်ဆိုထားသော်လည်း ပြုပြင်ဆောင်ရွက်ခြင်းမရှိပါသဖြင့် ရုမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင်းရှိ ပြည်ထောင်စုလမ်းမကြီးသည် OHC (Oriental Highway Company Limited)မှ (၃၅)နှစ် တာဝန်ယူထိန်းသိမ်းရန် သက်ဆိုင်ရာလမ်းဦးစီးဌာနနှင့် စာချုပ် ချုပ်ဆိုထားပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရထားတာဖြစ်ပါတယ်။ ၂၀၁၂ - ၂၀၁၃ ခုနှစ်မှ စတင်ပြီး လမ်းချဲ့ထွင်ပြင်ဆင် ခင်းကျင်းရန် စီစဉ်ခဲ့သော်လည်း ယခုအချိန်ထိ လုပ်ဆောင်မည့် အနေအထားသို့ မရောက်ဘဲ ရပ်တန့်နေမှုအပေါ် ဒေသခံပြည်သူများမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား မေးမြန်းတင်ပြလာတာဖြစ်ပါတယ်။ ၎င်း OHC မှ တာဝန်ယူပြီး သက်ဆိုင်ရာကုမ္ပဏီမှ စာချုပ်အရ မဖြစ်မနေလုပ်သင့်တဲ့လမ်းဖြစ်ခဲ့

Shan State Hluttaw

သော်လည်း ယခုအချိန်ထိ လာရောက်ခင်းကျင်းခြင်းမပြုတဲ့အတွက် လက်ရှိမူဆယ်မြို့နယ် မြို့တွင်းလမ်းသည် နယ်စပ်မြို့အင်္ဂါရပ်နှင့်မကိုက်ညီဘဲ အင်မတန် ဆိုးရွားစွာ ပျက်စီးနေတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်သည် နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်တဲ့အလျောက် နိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်စေရန်အတွက်သော်လည်းကောင်း၊ မူဆယ်မြို့တွင်း ပြည်ထောင်စုလမ်းမကြီးအား AC လမ်းအဖြစ် တိုးချဲ့ပြင်ဆင်ခင်းကျင်းရန် ဆောင်ရွက်ရန်ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်ပြည်သူလူထုများကိုယ်စား ကျွန်တော် ဦးနော်တောင်မှ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မူဆယ်မြို့တွင်းရှိ ပြည်ထောင်စုလမ်းမနဲ့ ပတ်သက်ပြီးတော့မှ လမ်းချဲ့ထွင်ပြင်ဆင်ရန် အကြိမ်ကြိမ်ပြင်ဆင်ခဲ့ပေမဲ့လည်း ယခုအချိန်ထိ လုပ်ဆောင်မည့်အနေထားသို့ မရောက်ဘဲ ရပ်တန့်နေမှုအပေါ် ပြည်သူများ၏ မေးမြန်းခြင်းကို လွှတ်တော်သို့ တင်သွင်းမေးမြန်းလာတာ ဖြစ်ပါတယ်။

အဆိုပါလမ်းကိစ္စနှင့်ပတ်သက်၍ မိမိတို့သိရှိလိုသည့် လမ်း၏သမိုင်းကို စုံစမ်းတွေ့ရှိသည့်အခါ ဤလမ်းသည် OHC ဆိုတဲ့ (Oriental Highway Company Limited) မှ (၃၅)နှစ်တာ အကြိမ်ကြိမ်တာဝန်ယူထိန်းသိမ်းပြီး သက်ဆိုင်ရာ လမ်းဦးစီးဌာနနှင့် စာချုပ် ချုပ်ဆိုထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

အထက်ပါစာချုပ် ချုပ်ဆိုထားသည့်ကိစ္စရပ်နဲ့ ပြန်လည်သုံးသပ်ကြည့်သည့် အခါမှာ လွန်ခဲ့တဲ့ (၁၀)နှစ်ဝန်းကျင်လောက်ကနေ မဖြစ်မနေလုပ်သင့်တဲ့ AC လမ်း ဖြစ်ခဲ့သော်လည်း ယခုအချိန်ထိ ခင်းကျင်းမှုမပြုသည့်အတွက် ၎င်းချုပ်ဆိုထားတဲ့ စာချုပ်အား ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်နေပါတယ်။ ၎င်း AC လမ်းအဖြစ် တိုးချဲ့ပြင်ဆင် တည်ဆောက်သွားနိုင်မည့် ကုမ္ပဏီအား အမြန်ဆုံး လွှဲပြောင်းပေးအပ်သင့်ကြောင်းလည်း တင်ပြလိုပါတယ်။ အကြောင်းအရင်းမှာ လက်ရှိမူဆယ်မြို့ဟာ နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်တဲ့အတွက် အင်္ဂါရပ်နှင့် မကိုက်ညီဘဲ ဆိုးရွားစွာပျက်စီးနေကြောင်းလည်း ဆက်လက်ပြီးတင်ပြလိုပါတယ်။ အကြောင်းရင်းမှာ အိမ်နီးချင်းတရုတ်နိုင်ငံသားများမှ မကြာခဏလာရောက်လည်ပတ်လျက်ရှိပြီး မူဆယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း အင်မတန်မှ နှေးကွေးနေပြီး လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောက်လုပ်နိုင်ခြင်းမရှိတဲ့ အကြောင်းအမျိုးမျိုးကြောင့်၊ အခြေအနေအရပ်ရပ်ကြောင့် ဆောက်လုပ်နိုင်ခြင်းမရှိတဲ့အပေါ် နိုင်ငံ၏ဂုဏ်သိက္ခာကို ဖြစ်စေ၊ နိုင်ငံတော်၏ နယ်စပ်စီးပွားရေးဇုန်နယ်မြို့ဖြစ်သော မူဆယ်မြို့၏ ပြည်ထောင်စုလမ်းမသည် လွန်စွာဆိုးရွားလှတဲ့လမ်းမှတစ်ဆင့် နိုင်လွန်ကတ္တရာလမ်း

Shan State Hluttaw

AC လမ်းအဖြစ်သို့ တိုးချဲ့ပြင်ဆင်ဆောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် တင်ပြတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ မူဆယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးနော်တောင်မေးမြန်းထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်မြို့တွင်းလမ်းနှင့်ပတ်သက်ပြီးတော့ AC လမ်းအဆင့်မြှင့်တင်ရန် OHC (Oriental Highway Company Limited)၏ (၆.၇.၂၀၂၁) ရက်စွဲပါ စာအမှတ် OHC/ MS /စီမံ/ ၀၄၄ ဖြင့် မူဆယ်မြို့တွင်းလမ်း (၂)မိုင်(၃)ဖာလုံအား (၄၈)ပေအကျယ် ကတ္တရာကွန်ကရစ် လမ်းခင်းနိုင်ရေးအတွက် လျာထားစီမံချက်အား ပေးပို့တင်ပြထားပါသော်လည်း ထိုအချိန်က ကူးစက်မှုမြင့်မားနေသည့် ကိုဗစ်-19 ရောဂါပြန့်ပွားမှု အခြေအနေကြောင့်သော်လည်းကောင်း၊ ၁၀၂၇ နိုင်ငံရေးအခြေအနေများကြောင့်သော်လည်းကောင်း လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိခဲ့ပါတယ်။

မူဆယ်ခရိုင်အတွင်းရှိ မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းမိုင်တိုင် (၂၇၄/၃-၂၈၄/၃) အထိ (၁၀)မိုင် (မူဆယ်လမ်းအပိုင်း)အား ၂၀၀၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် ကန်ထရိုက်နံပါတ် (PW/AW/2000-01/MLM/TR-01)ဖြင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ မိုင်းယု-မူဆယ်လမ်းအပိုင်းအား (၄၈)ပေ AC ကတ္တရာလမ်းအဖြစ် စုစုပေါင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ AC လမ်း (၇)မိုင်(၇)ဖာလုံအား ဆောင်ရွက်နိုင်ခဲ့သော်လည်း မူဆယ်မြို့တွင်းလမ်း(၂)မိုင်(၁)ဖာလုံမှာ ဆောင်ရွက်နိုင်ခြင်း မရှိသေးတာတွေ့ရှိရပါတယ်။

လက်ရှိအခြေအနေတွင် ပျက်စီးနေသည့် မူဆယ်မြို့တွင်းလမ်းပိုင်းအား ပိုမိုပျက်စီးမှုမဖြစ်စေရေး လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား OHC (Oriental Highway Company Limited)မှ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

Shan State Hluttaw

OHC (Oriental Highway Company Limited) နှင့် ချုပ်ဆိုထားသော စာချုပ်သည်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန(ရုံးချုပ်)နှင့် ကုမ္ပဏီတို့ အကြား ချုပ်ဆိုထားသည့် စာချုပ်ဖြစ်ပါသဖြင့် စာချုပ်ပြန်လည်ရုပ်သိမ်းရေးနှင့် အခြားကုမ္ပဏီသို့ လွှဲပြောင်းတာဝန်ပေးအပ်စေရေးစသည့်ကိစ္စရပ်များမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ရုံးချုပ်)မှ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)။ ဆက်စပ်မေးခွန်း အနည်းငယ်ထပ်ပြီးတော့တင်ပြလိုပါတယ်။ ခုနက ကျွန်တော်တို့ဝန်ကြီး ဖြေကြား သွားခဲ့သလိုပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့မေလမှာတစ်ကြိမ် သိန်း(၄၉၀)ကျော် ကုန်ကျပြီးမှ ဖာခဲ့တာဖြစ်ပါတယ်။ သို့ပေမဲ့လည်း မိုးတွင်းကျလာတာနဲ့ တစ်ပြိုင်နက်တည်း ယခင်ထက်ပိုပြီးတော့မှ ဆိုးရွားပျက်စီးလာတာကို တွေ့ရတဲ့အတွက်ကြောင့်မလို့ ဆက်လက်ပြီးတင်ပြတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာ ပါတယ်။ ဒါကြောင့် အစီရင်ခံစာအား ဖတ်ကြားပေးပါရန် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ကို ဖိတ်ခေါ်ပါတယ်။

ဒေါ်ခင်ထွေးရီ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၄ - ၂၀၂၅

Shan State Hluttaw

ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ရဲ့ အရအသုံးစာရင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့ ဌာနအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့စပ်လျဉ်းပြီးတော့ စစ်ဆေးတွေ့ရှိချက်အချို့ကို ရှမ်းပြည်နယ်လွှတ်တော်သို့ ကောက်နုတ်တင်ပြမှာ ဖြစ်ပါတယ်ရှင်။

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ရဲ့အရအသုံးမှန်းခြေငွေစာရင်းကို ဌာန/ အဖွဲ့အစည်းတွေက အကောင်အထည်ဖော်ပြီးတော့ ဒီစာရင်းတွေနဲ့ပတ်သက်တဲ့ နှစ်ချုပ်စာရင်းများကိုတော့ ကျွန်မတို့ ၂၀၂၅ - ၂၀၂၆ ၊ ဇွန် ၊ ဇူလိုင်လအတွင်းမှာ နှစ်ချုပ်စာရင်းများ ပြုစုပြီးစီးတာဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်ရဲ့ ရသုံးမှန်းခြေနဲ့ပတ်သက်တဲ့ အကောင်အထည်ဖော်တဲ့ နှစ်ချုပ်စာရင်းတွေ လုပ်ငန်းဆောင်ရွက်မှုတွေကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းရုံး အသီးသီးကနေပြီးတော့မှ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်ရှင်။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုအခြေအနေနဲ့စပ်လျဉ်းပြီးတော့ အစီရင်ခံစာ အပိုဒ် ၇ ကနေ ၄၆ အထိတင်ပြပါအတိုင်း ရငွေမှာ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၅၉.၁၈၅ ဘီလီယံမှာ အမှန်ရငွေ ကျပ် ၆၃.၁၁၉ ဘီလီယံဖြစ်တဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေထက် ကျပ် ၃.၉၃၃ ဘီလီယံ ပိုမိုအကောင်အထည်ဖော်နိုင်ခဲ့ပြီးတော့ ယခင်နှစ် အမှန်ရငွေ ကျပ် ၆၈.၂၅၃ ဘီလီယံဖြစ်တဲ့အတွက် ယခင်နှစ်အောက် ကျပ် ၅.၁၃၄ ဘီလီယံ လျော့နည်းရရှိခဲ့ပါတယ်။ အဓိကအားဖြင့် အခြားသာမန်ရငွေနှင့် အခွန်ဝေစုတွေမှာ နယ်မြေအခြေအနေကြောင့် ယခင်နှစ်ထက် လျော့နည်းရရှိခဲ့ခြင်းဖြစ်ပါတယ်။ ရငွေမှာပါဝင်တဲ့ အခွန်အကောက်ရငွေမှာ ပြုပြင်ပြီးခန့်မှန်းခြေထက် အစိုးရအဖွဲ့ရုံးမှာ ကျပ်သန်း ၃၆.၂၄၂၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ကျပ်သန်း ၈၂၁.၁၄၄၊ သစ်တောဦးစီးဌာနမှာ ကျပ်သန်း ၄၀.၄၈၅၊ စည်ပင်သာယာရေးဌာနမှာ ကျပ်သန်း ၃၅.၀၉၈ အသီးသီးပိုမိုရရှိခဲ့ပါတယ်။ အခြားသာမန်ရငွေမှာ ပြုပြင်ပြီးခန့်မှန်းခြေထက် အစိုးရအဖွဲ့ရုံးမှာ ကျပ်သန်း ၁,၈၅၂.၃၇၁၊ စည်ပင်သာယာရေးဌာနမှာ ကျပ်သန်း ၇၃၈.၄၃၁ ပိုမိုရရှိခဲ့ပါတယ်ရှင်။ အခွန်ဝေစုမှာ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁၈.၃၃၄ ဘီလီယံမှာ အမှန်ရငွေ ကျပ် ၁၇.၇၉၁ ဘီလီယံရရှိခဲ့တဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေအောက် ကျပ် ၀.၅၄၃ ဘီလီယံ လျော့နည်းရရှိခဲ့ပါတယ်ရှင်။ ရငွေနဲ့ပတ်သက်ပြီးတော့ အခွန်ဝေစုဟာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အမှန်ကောက်ခံရရှိငွေအပေါ်မှာ ခွဲဝေပေးခြင်းဖြစ်တဲ့အတွက် အခွန်ဝေစု ပိုမိုရရှိနိုင်ရေးအတွက် အခွန်ထမ်းအသစ်များရှာဖွေရန်၊ စည်းကြပ်မှုမှကင်းလွတ်နေတဲ့ အခွန်ထမ်းတွေကို

Shan State Hluttaw

စိစစ်ရှာဖွေရန်၊ ကျသင့်အခွန်တွေနှင့် အခွန်ကြွေးကျန်များကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန်၊ နယ်မြေအခြေအနေနှင့် မမျှော်မှန်းနိုင်သောအခြေအနေတွေမှအပ ရငွေတွေကို အမှန်ရရှိနိုင်မည့် ပမာဏနှင့်အနီးစပ်ဆုံးလျာထားပြီး အပြည့်အဝ ကောက်ခံပေးသွင်းနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

သုံးငွေတွေမှာ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၂၉၇.၀၅၂ ဘီလီယံမှာ အမှန်အသုံးစရိတ် ကျပ် ၂၉၁.၅၀၁ ဘီလီယံဖြစ်တဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေအောက် ကျပ် ၅.၅၅၁ ဘီလီယံ လျော့နည်းသုံးစွဲခဲ့ပါတယ်။ သုံးငွေမှာပါဝင်တဲ့ သာမန်အသုံးစရိတ်မှာ ပြုပြင်ပြီးခန့်မှန်းခြေအောက် ကျပ် ၇.၄၄၄ ဘီလီယံ လျော့နည်းသုံးစွဲခဲ့ပြီး အဓိကအားဖြင့် လျော့နည်းသုံးစွဲတဲ့ ဌာနတွေကို ကောက်နုတ်တင်ပြရမယ်ဆိုရင် အစိုးရအဖွဲ့ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် မူလခွင့်ပြုငွေကနေ ကျပ်သန်း ၉,၃၅၇.၄၃၆၊ ဖြည့်စွက်ခွင့်ပြုငွေက ကျပ်သန်း ၁၀.၃၁၄ နှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်သန်း ၂၈၃.၉၇၀ ကို ပိုလျှံငွေပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရပါတယ်။ အထွေထွေပိုလျှံရန်ပုံငွေကနေ ခွင့်ပြုငွေတွေအနက်မှာ စိုက်ပျိုးရေးဦးစီးဌာနဟာ ခွင့်ပြုငွေ ကျပ်သန်း ၃၇၀.၀၇၆ ကနေ ပိုလျှံငွေကျပ်သန်း ၁၀၉.၇၇၉ ကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနဟာ ခွင့်ပြုငွေ ကျပ်သန်း ၇၈.၈၈၃ ကနေ ပိုလျှံငွေ ကျပ်သန်း ၂၉.၂၄၅ ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနဟာ ခွင့်ပြုငွေ ကျပ်သန်း ၆၄.၁၄၀ ကနေ ပိုလျှံငွေ ကျပ်သန်း ၂၂.၂၇၂ သန်းတို့ကို အသီးသီးပြန်လည်အပ်နှံခဲ့ပါတယ်။ သာမန်အသုံးစရိတ်မှာ မူလခွင့်ပြုငွေကနေ နယ်မြေအခြေအနေကြောင့် ငွေစာရင်းခေါင်းစဉ်တချို့ကို လျော့နည်းသုံးစွဲခဲ့တဲ့အတွက်ကြောင့် ပိုလျှံငွေတွေ ပြန်လည်အပ်နှံခဲ့ပေမဲ့လည်း အထွေထွေပိုလျှံရန်ပုံငွေကနေ ခွင့်ပြုငွေတွေ တောင်းခံပြီးတဲ့နောက် ပိုလျှံငွေတွေ ထပ်မံမပေါ်ပေါက်စေရေးအတွက် အမှန်သုံးစွဲတဲ့ ပမာဏနှင့်အနီးစပ်ဆုံး စိစစ်တောင်းခံရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ် မူလခန့်မှန်းခြေ ၁၆၇.၀၂၈ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေ ၁၈၄.၅၁၀ ဘီလီယံဖြစ်ပြီး အမှန်သုံးစွဲငွေဟာ ၁၈၅.၉၆၆ ဘီလီယံဖြစ်တဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေထက် ကျပ် ၁.၄၅၆ ဘီလီယံ ပိုမိုသုံးစွဲခဲ့ပါတယ်။ ပိုမိုသုံးစွဲခဲ့ခြင်းဟာ အထွေထွေပိုလျှံရန်ပုံငွေကနေပြီးတော့မှ ခွင့်ပြုရန်ပုံငွေ ရယူသုံးစွဲခဲ့တာဖြစ်ပြီး တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုမှာ ပိုမိုသုံးစွဲခဲ့တယ်လို့

Shan State Hluttaw

သုံးသပ်ရရှိပါတယ်ရှင်။ ဌာန/ အဖွဲ့အစည်းတွေရဲ့ ဒေသန္တရစီမံကိန်းလျာထားတန်ဖိုး တွေဟာ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် မူလခန့်မှန်းခြေ ငွေလုံးငွေရင်းအသုံးစရိတ်တွေ ဖြစ်ပြီးတော့ မူလငွေလုံးငွေရင်း အသုံးစရိတ်ခန့်မှန်းခြေဟာ ကျပ် ၁၆၇.၀၂၈ ဘီလီယံအပေါ်မှာ အကောင်အထည်ဖော်တဲ့အခါမှာ ဗဟိုစာရင်းအင်းအဖွဲ့က အနည်းဆုံး (၁၅.၅၈) ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းနှင့်အထက် (၉၀)ရာခိုင်နှုန်းအောက် အကောင်အထည်ဖော်နိုင်တဲ့ ဌာန(၃)ခု၊ (၉၀)ရာခိုင်နှုန်းရဲ့အထက် အကောင် အထည်ဖော်နိုင်သည့်ဌာန (၁၈)ခုနှင့် (၁၀၀)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်တဲ့ ဌာန (၃)ခုရှိကြောင်း တွေ့ရှိရပါတယ်။ ဒေသန္တရစီမံကိန်းလျာထားလုပ်ငန်းတွေကနေ ပြန်လည်အပ်နှံမှုတွေအနက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နယ်မြေ အခြေအနေအရ လုံးဝဆောင်ရွက်ခြင်းမရှိတဲ့ လုပ်ငန်း(၄)ခုကနေ ကျပ်သန်း ၇၃.၀၈၊ တစ်စိတ်တစ်ပိုင်း ဆောင်ရွက်နိုင်တဲ့လုပ်ငန်း(၅)ခုမှ ကျပ်သန်း ၁၀၁.၈၁၄၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ခွင့်ပြုငွေနဲ့ ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် အဲ့ဒီလုပ်ငန်း (၂)ခုကနေပြီးတော့ ကျပ်သန်း ၇၂.၁၉ ကိုလည်းကောင်း၊ ဗဟို စာရင်းအင်းအဖွဲ့ကနေ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း ကောက်ယူ ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ကျပ်သန်း ၁၃.၃၄၅၊ ကလေးလုပ်သားဆိုင်ရာ စစ်တမ်းကောက်ယူရန် မြို့နယ်(၃၇)မြို့နယ်မှာ လျာထားခဲ့ပေမဲ့လည်း တစ်မြို့နယ် ထဲသာ ကောက်ယူနိုင်ခဲ့တဲ့ အတွက်ကြောင့် ပိုလျှံငွေကျပ်သန်း ၂၁.၀၈၃၊ ဈေးနှုန်း မြင့်မားခြင်းကြောင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ဖို့အတွက် မြေစမ်းသပ်ခဆောင်ရွက် မှုမရှိခြင်း ကျပ်သန်း ၀.၅ သန်းကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းကနေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစပြီးတော့ နယ်မြေအခြေအနေအရ လုံးဝဆောင်ရွက်ခြင်းမပြုနိုင်သည့်လုပ်ငန်းတွေကနေ ကျပ်သန်း ၃,၇၇၆.၆၃၅ ကို လည်းကောင်း၊ စည်ပင်သာယာရေးဌာနက တစ်စိတ်တစ်ပိုင်းသာ ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေကနေ ကျပ်သန်း ၁,၂၆၉.၆၂၂ ကိုလည်းကောင်း အသီးသီးပြန်လည် အပ်နှံခဲ့တာကိုတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိတဲ့အတွက်ကြောင့် ပြန်လည် အပ်နှံငွေတွေကြောင့် ဒေသန္တရစီမံကိန်းရဲ့ လုပ်ငန်းအချို့တွေဟာ အောင်မြင်မှုမရှိခဲ့ ပေမဲ့လည်း ဌာန/ အဖွဲ့အစည်း ၂ ခုမှာ ရန်ပုံငွေတွေ လျာထားမှုမထပ်စေရေး၊ ဌာန/ အဖွဲ့အစည်းတစ်ခုက ဆောင်ရွက်ပြီးသားလုပ်ငန်းတွေကို မိမိရဲ့ဌာနမှာ ရန်ပုံငွေတွေ ထပ်မံလျာထားမှုမရှိစေရေး၊ အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်တဲ့လုပ်ငန်း တွေကိုသာ ဦးစားပေးအစီအစဉ်နဲ့ လျာထားစေရေး၊ တစ်စိတ်တစ်ပိုင်း ဆောင်ရွက် နိုင်တဲ့လုပ်ငန်းတွေကို မမျှော်မှန်းနိုင်တဲ့အခြေအနေမှအပ သုံးစွဲပြီးရန်ပုံငွေများ

Shan State Hluttaw

လေလွင့်မှုမဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်မြင်အောင် ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေတွေကို ထိရောက်စွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုကနေ ဘတ်ဂျက်လိုငွေ အတွက် ကျပ် ၂၃၇.၈၆၇ ဘီလီယံထောက်ပံ့ခဲ့ပါတယ်။ ရသုံးအကောင်အထည်ဖော် မှုမှာ အမှန်ရငွေ ကျပ် ၆၃.၁၁၉ ဘီလီယံ၊ အသုံးစရိတ် ကျပ် ၂၉၁.၅၀၁ ဘီလီယံ ဖြစ်ပြီး အမှန်လိုငွေ ကျပ် ၂၂၈.၃၈၁ ဘီလီယံ ဖြစ်တဲ့အတွက် ပြည်ထောင်စုထောက်ပံ့ ငွေကနေ ကျပ် ၉.၄၈၅ ဘီလီယံ ပိုလျှံကြောင်းတွေ့ရပါတယ်။

ထူးခြားသော စစ်ဆေးတွေ့ရှိချက်တွေအနက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော် မှုကို စစ်ဆေးတဲ့အခါမှာ အစီရင်ခံစာအပိုဒ် ၆၀ ကနေ ၆၈ အထိ တင်ပြပါအတိုင်း ဌာန/ အဖွဲ့အစည်းတွေအနေနဲ့ ရသင့်ရထိုက်တဲ့ ရငွေတွေ အပြည့်အဝရရှိစေရေးနှင့် နှစ်ဟောင်းကြွေးကျန်များ ရရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်ဖြစ်သော်လည်း ရှမ်းပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကနေပြီးတော့ ဘဏ္ဍာရေး နှစ်ကုန်ဆုံးတဲ့ ၃၁.၃.၂၀၂၅ ကနေ အခုတင်ပြမဲ့ဟာကတော့ (၁)နှစ်ကြာမြင့်တဲ့ ၃၁.၃.၂၀၂၆ ရက်နေ့အထိ ပေးသွင်းရန်ကျန်ရှိတဲ့ နှစ်ဟောင်းကြွေးကျန်တွေအနေနဲ့ဆိုရင် Shining Myanmar Co.,Ltd ကနေ ဆောင်ရွက်တဲ့ ချယ်ရီမြိုင်အိမ်ရာ တည်ဆောက် ရေးစီမံကိန်းကနေ ၂၃% အကျိုးအမြတ် ကျပ်သန်း ၂၇၀၊ တော်ဝင်ရဲထွဋ်မိုးကောင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်က ဆောင်ရွက်တဲ့ ဂေါက်ကလပ်၊ ပန်းခြံ၊ ကလေးကစားကွင်းတို့ပါဝင်တဲ့ စီမံကိန်းကနေ အာမခံငွေနှင့် ဒဏ်ကြွေးငွေ ကျပ်သန်း ၁၄၄.၄၀၀၊ အရှေ့မြောက်တံခါးအများနှင့်ဆိုင်သော ကုမ္ပဏီမှဆောင်ရွက်တဲ့ သစ်သီး ဝလံလက်ကားကွင်း တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းကနေ ၂၃% အကျိုးအမြတ် ကျပ်သန်း ၄၀၁.၁၂၈၊ ဒီအကြွေးနဲ့ပတ်သက်ပြီးတော့ ယခင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် ၁၉/၂၀၂၅ အပိုဒ် ၈(က) အရ ၃၀.၆.၂၀၂၆ ရက်နေ့အထိ ပေးချေမှုကို ဆိုင်းငံ့ခွင့်ပြုထားတာတွေ့ရပါတယ်။ ဆက်လက်ပြီး Myanmar Commercial Development Co., Ltd ကနေ ဆောင်ရွက်တဲ့ Operation and Management of Hotel and Resort Business လုပ်ငန်းကနေ အာမခံကြေး ၁၅% အကျိုးအမြတ်နှင့်ဒဏ်ကြွေး ကျပ်သန်း ၁၂၂.၂၈၄ ၊ Nyaung Shwe 81 Co.,Ltd က ဆောင်ရွက်တဲ့ ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်းမှ အာမခံကြေးနှင့်ဖော်ထုတ်တဲ့ မြေဧရိယာအပေါ်မှာ ၂၀% အကျိုးအမြတ်ပေးသွင်းရန် ကျပ်သန်း ၆၉.၆၀၂၊ Northern

Shan State Hluttaw

Light Limited ကနေ ဆောင်ရွက်တဲ့ မိုင်းခမ်း Villa အပန်းဖြေအိမ်ရာစီမံကိန်းကနေ အိမ်ရာမြေဖော်ထုတ်မှုအပေါ်မှာခွဲဝေတဲ့ အကျိုးအမြတ်ပေးသွင်းရန် ကျပ်သန်း ၄၃၁.၀၈၇၊ ချယ်ရီမူဆယ်ကုမ္ပဏီလီမိတက်က ဆောင်ရွက်တဲ့ ဂုတ်ထိပ်မှန်သားပြင် လျှောက်လမ်းတံတား စီမံကိန်းက အာမခံငွေနှင့် လက်မှတ်ရေးထိုးကြေး ကျပ်သန်း ၁၁၀.၀၀၀၊ စုစုပေါင်း ကျပ်သန်း ၁,၅၄၈.၅၀၁ ပေးသွင်းရန် ကျန်ရှိကြောင်းတွေ့ရှိရပါတယ်။ ဖော်ပြပါ စီမံကိန်းတွေနှင့်စပ်လျဉ်းပြီး လုပ်ငန်းအပ်နှံစာချုပ် တစ်ချို့မှာ ရက်လွန်ကာလအတွက် ဒဏ်ကြေးသတ်မှတ်မှုမရှိခြင်း၊ သတ်မှတ်ကာလအတွင်းမှာ စီမံကိန်းတွေပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ နယ်မြေအခြေအနေနှင့် သဘာဝဘေးများထပ်မံကြုံတွေ့ခြင်းတွေကြောင့် ရငွေများလျော့နည်းခဲ့ခြင်းနှင့် စီမံကိန်းရည်မှန်းချက်၊ အကျိုးကျေးဇူးများမရရှိကြောင်း သုံးသပ်ရရှိပါတယ်။ သို့ဖြစ်ပါ၍ သဘောတူစာချုပ်ပါအချက်တွေအရ ပေးသွင်းရန် ကျန်ရှိမှုတွေကို အမြန်ဆုံးပေးသွင်းစေရေးအတွက် ထိရောက်သောနည်းလမ်းများနဲ့ စီမံဆောင်ရွက်ရန်နှင့် စီမံကိန်းရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြီးကြပ်ရန် အကြံပြုခဲ့ပါတယ်။

ဆက်လက်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေရဲ့ ၃၁.၃.၂၀၂၆ ရက်နေ့အထိ ပေးသွင်းရန်ကျန်ရှိတဲ့ လုပ်ငန်းအာမခံ ကြေး၊ မြေငှားရမ်းခနှင့် ဒဏ်ကြေးတွေဟာ မဂ္ဂါမြန်မာ့စွမ်းအင်ကုမ္ပဏီလီမိတက်က ဆောင်ရွက်တဲ့ နမ့်ပိန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၁၇၆.၄၀၀ နှင့် နမ့်လိန်းချောင်းရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၂၆၅.၆၀၀၊ Hydro Power ကုမ္ပဏီက ဆောင်ရွက်တဲ့ တပ်ကြီးရေအား လျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၇.၈၉၀ နှင့် မင်းလှရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၆၅.၈၅၀၊ YS Golden Butterfly ကုမ္ပဏီက ဆောင်ရွက်တဲ့ နမ့်စီးဟော်ရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၃၆.၅၀၀၊ ဇိုက်ရှိန်း ပို့ကုန်/ သွင်းကုန်ကုမ္ပဏီမှဆောင်ရွက်တဲ့ ပါကျဲဟော်ရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၁၀.၈၃၅၊ ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ဆောင်ရွက်တဲ့ နမ့်ဆောင်ချောင်းရေအားလျှပ်စစ်စီမံကိန်းမှ ကျပ်သန်း ၄၂.၀၁၄၊ စုစုပေါင်း ကျပ်သန်း ၆၀၄.၀၈၉ ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။

ဒင်းတို့အနက်မှာ တပ်ကြီးရေအားလျှပ်စစ်စက်ရုံဆောင်ရွက်ရန် သဘောတူစာချုပ်မှာလစဉ်ထုတ်လုပ်ရရှိမှုအပေါ်မှာ ထုတ်လုပ်ရရှိတဲ့ယူနစ်အပေါ်မှာတစ်ယူနစ်မှာ ၁၀ ကျပ်နှုန်းနဲ့ လျှပ်စစ်ခိုင်ကြေးကို လစဉ်ပထမပတ်အတွင်း ပေးဆောင်ရမယ်လို့ ဖော်ပြပါရှိပေမဲ့လည်း လျှပ်စစ်ခိုင်ကြေးပေးသွင်းမှုမရှိကြောင်း တွေ့ရပါတယ်။

Shan State Hluttaw

သို့ဖြစ်ပါ၍ စီမံကိန်းသဘောတူစာချုပ်နှင့်အညီ အာမခံကြေးရယူပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ စည်းနှောင်မှုမရှိခြင်း၊ ဌာနရဲ့ရင်ွတွေကို အရကောက်ခံနိုင်ရေးတွန်းအားပေးဆောင်ရွက်မှု အားနည်းခြင်း၊ စီမံကိန်းအောင်မြင်ပြီးမြောက်စေရေးစောင့်ကြည့်ကြီးကြပ်မှု အားနည်းခြင်းတွေကြောင့် စီမံကိန်းအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိကြောင်း၊ နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့ရင်ွများ ရရှိမှုမရှိကြောင်းနှင့် ပြည်သူတွေအကျိုးကျေးဇူးခံစားမှုမရှိကြောင်းသုံးသပ်ရပါတယ်။ သဘောတူစာချုပ်ပါအချက်တွေအရ ပေးသွင်းရန်ကျန်ရှိင်ွတွေကို အမြန်ဆုံးပေးသွင်းစေရေးအတွက် ထိရောက်သောနည်းလမ်းတွေနဲ့ စီမံဆောင်ရွက်ရန်နှင့် စီမံကိန်းရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဖို့အတွက် အကြံပြုခဲ့ပါတယ်။

ဆက်လက်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံင်ွ အစီအစဉ်မှာပါဝင်တဲ့အခြေခံပညာဦးစီးဌာန၊ ရှမ်းပြည်နယ် ပညာရေးမှူးရုံး (တောင်ပိုင်း)ရဲ့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြင်ွစာရင်း အကောင်အထည်ဖော်မှုကို စစ်ဆေးခဲ့တဲ့အခါမှာ အစီရင်ခံစာအပိုဒ် ၉၄ ကနေ ၉၈ အထိ တင်ပြပါအတိုင်း ပြင်ဆင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေအတွက် ကျောင်းအုပ်ကြီးတွေနဲ့ မြို့နယ်ပညာရေးမှူးသာပါရှိပြီးတော့ ကျောင်းကော်မတီအဖွဲ့တွေမပါရှိတဲ့ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် မြို့နယ်ပညာရေးမှူးများရဲ့ လုပ်ငန်းပြီးစီးကြောင်းတင်ပြတဲ့ အစီရင်ခံစာတွေမရှိပေမဲ့လည်း ငွေထုတ်သူအရာရှိနှင့် ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိတဲ့သူတွေက လုပ်ငန်းတန်ဖိုး ၁၀၀% ပေးချေခဲ့ကြောင်း ၀၄-၀၂ အဆောက်အအုံပြင်ဆင်ထိန်းသိမ်းစရိတ်ငွေ ငွေစာရင်းခေါင်းစဉ်ကနေ ကျောင်း (၁၂)ကျောင်းအတွက် ကျပ်သန်း ၁၅၀.၉၅၄၊ ၀၄-၀၃ လမ်းပြင်ဆင်ထိန်းသိမ်းစရိတ် ငွေစာရင်းခေါင်းစဉ်ကနေ ကျောင်း(၅)ကျောင်းအတွက် ကျပ်သန်း ၂၇.၃၆၅၊ ၀၄-၀၉ အခြားပြင်ဆင်ထိန်းသိမ်းစရိတ် ငွေစာရင်းခေါင်းစဉ် ကနေ ကျောင်း (၂၀)ကျောင်းအတွက် ကျပ်သန်း ၁၉၃.၈၀၀ စုစုပေါင်း ကျပ်သန်း ၃၇၂.၁၁၉ ဟာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးတဲ့ (၃)လပိုင်း ၂၀၂၅ နှစ်ကုန်ဆုံးပြီးတဲ့နောက် ကျွန်မတို့မျက်မြင်စစ်ဆေးတဲ့လဟာ (၃)လပိုင်း ၂၀၂၆ လ မျက်မြင်စစ်ဆေးချိန်မှာ လုပ်ငန်းဆောင်ရွက်ထားမှုမရှိကြောင်း တွေ့ရှိရပါတယ်။

၀၄-၀၂ ငွေစာရင်းခေါင်းစဉ်ကနေ အမက(၂) တောင်လေးလုံးကျောင်း လုပ်ငန်းဟာ အလှူရှင်က ဆောင်ရွက်လှူဒါန်းပြီးဖြစ်တဲ့အတွက် ဒီငွေထုတ်ယူစဉ်မှာ ပေးဆောင်ခဲ့တဲ့ (၅%)ကုန်သွယ်လုပ်ငန်းခွန်ကိုခုနှိမ်ပြီး ကျန်ငွေကျပ်သန်း ၁၇.၁၃၄၊

Shan State Hluttaw

အလက-မြောက်ထီဗွာကျောင်းလုပ်ငန်းဟာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့တဲ့ အတွက် ပြင်ဆင်ထိန်းသိမ်းရန် ဆောင်ရွက်နိုင်မှုမရှိတော့တဲ့အတွက် ဒီ(၅%)ကုန်သွယ် လုပ်ငန်းခွန်ကို ခုနှိမ်ခဲ့ပြီး ကျပ်သန်း ၁၈ သန်း၊ အမကခွဲ-မိုက်ကမ်းကျောင်းကတော့ နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်မှုမရှိတဲ့အတွက် ကျပ်သန်း ၅.၄၀၀၊ ၀၄-၀၉ ငွေစာရင်းခေါင်းစဉ်ကနေ လွှဲငင်လင်မြို့နယ်က အမက - ကုန်းမကာနှင့် အမက - ဟိုနမ့်ကျောင်းတွေမှာ (၂)ခန်းတွဲသန့်စင်ခန်း ဆောက်လုပ်မှုမရှိတဲ့အတွက်ကြောင့် ကျပ် ၆ သန်း၊ စုစုပေါင်း ကျပ် ၄၆.၅၄၃ သန်းကို ဌာနငွေထုတ်စာရင်းကို ပြန်လည် ပေးသွင်းစေပြီး ဖြစ်ပါတယ်။ ကျန်ကျောင်း (၃၂)ကျောင်း လုပ်ငန်းတန်ဖိုး စုစုပေါင်း ကျပ်သန်း ၃၂၅.၅၇၆ ကို ဌာနက ကျောင်းတွေမှာ အမှန်တကယ်လိုအပ်တဲ့လုပ်ငန်း တွေဖြစ်တဲ့အတွက် လုပ်ငန်းတွေဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြခဲ့ပါတယ်။

စစ်ဆေးတွေ့ရှိချက်တွေအရ လုပ်ငန်းဆောင်ရွက်မှုမရှိတဲ့ အခြေအနေတွေကို အချိန်နှင့်တစ်ပြေးညီ စိစစ်ကြီးကြပ်နိုင်မှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်မှုမရှိသေးဘဲနဲ့ ငွေပေးချေခဲ့ခြင်း၊ စာချုပ်မှာလုပ်ငန်းမပြီးစီးပါက အရေးယူဆောင်ရွက်မည့်အချက်တွေ ထည့်သွင်းချုပ်ဆိုမှုမရှိခြင်းတွေကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်စေနိုင်ကြောင်း၊ ကြီးကြပ်မှုအားနည်းကြောင်း၊ ပြန်လည်ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ငွေကြေးဖောင်းပွမှုတွေကြောင့် အရည်အသွေးအားနည်းချက်များ ပေါ်ပေါက်စေနိုင်ကြောင်း၊ ကျောင်းသူ/ကျောင်းသားတွေ အဆင်ပြေစွာ ပညာ သင်ကြားနိုင်မှု အကျိုးကျေးဇူးများမရခဲ့ကြောင်း သုံးသပ်ရရှိခဲ့ပါတယ်။ လုပ်ငန်း မပြီးစီးဘဲ ငွေထုတ်ယူပေးချေခဲ့တဲ့အတွက် အထက်အဆင့်ကြီးကြပ်သူတွေကနေ လိုအပ်တဲ့စီမံမှုများဆောင်ရွက်ရန်၊ ဆောင်ရွက်ရန်ကျန်ရှိတဲ့ လုပ်ငန်းတွေကို အမြန်ဆုံး ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ နောင်မှာအမှန်ဆောင်ရွက်ရန်လိုအပ်တဲ့ လုပ်ငန်း တွေကိုသာ ဦးစားပေးစနစ်နဲ့ ရန်ပုံငွေလျာထားတောင်းခံရန်၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ခြင်းမရှိပါက ပိုလျှံရန်ပုံငွေတွေကို ဆောလျင်စွာပြန်လည်အပ်နှံရန်၊ လုပ်ငန်း ပြီးစီးကြောင်း သက်ဆိုင်ရာကျောင်းကော်မတီ၊ မြို့နယ်ပညာရေးမှူးရုံးတွေရဲ့ ထောက်ခံချက်နှင့် ခိုင်လုံသေချာတဲ့ အထောက်အထားများဖြင့် အဆင့်ဆင့်တင်ပြမှု အပေါ်မှာ စိစစ်ပြီးမှ ငွေထုတ်ယူပေးချေရန်၊ ခွင့်ပြုရန်ပုံငွေများကို အကျိုးရှိ ထိရောက်စွာ စီမံသုံးစွဲရန် အကြံပြုခဲ့ပါတယ်။

ဒီအကြံပြုချက်အရ ဌာနကနေ ကျွန်မတို့ကို ၃.၈.၂၀၂၆ ရက်စွဲပါစာနဲ့ လုပ်ငန်း အားလုံး ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုချက်လက်မှတ်များ၊ ဓာတ်ပုံမှတ်တမ်း များဖြင့် တင်ပြလာခဲ့ပါတယ်ရှင်။ ဆက်လက်ပြီး ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်

Shan State Hluttaw

နှစ်ချုပ်စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ကို ပြန်လည်ပေးသွင်းငွေအနေနဲ့ အစီရင်ခံစာအပိုဒ် ၁၀၆ - ၁၀၈ တင်ပြပါအတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း ၆၅.၈၂၁၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း ၂၄.၂၂၅ တို့ကို သက်ဆိုင်ရာဌာန ငွေထုတ်စာရင်းများကို ပြန်လည်ပေးသွင်းစေခဲ့ပြီးဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေတွေကို ဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်တွေနှင့်အညီ အကျိုးရှိ ထိရောက်စွာ သုံးစွဲစေနိုင်ရေး၊ အခွန်အကောက်ရငွေ၊ အခြားသာမန်ရငွေများအပြည့်အဝရရှိစေရေး၊ လုပ်ငန်းဆောင်ရွက်မှုတွေကို အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဒေသန္တရစီမံကိန်းလျာထားလုပ်ငန်းတွေကို ဦးစားပေးအစီအစဉ်၊ အမှန်ဆောင်ရွက်နိုင်မှုနှင့်လုပ်ငန်းတန်ဖိုးတို့ကို အနီးစပ်ဆုံး လျာထားအကောင်အထည်ဖော်နိုင်ရေးအတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ လတ်တလောအခြေအနေများအရ စာရင်းစစ်ရုံးများရဲ့ ရုံးဖွင့်လှစ်နိုင်မှု၊ စစ်ဆေးရေးဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းအင်အား အကန့်အသတ်ရှိမှုတို့အရ စစ်ဆေးအစီရင်ခံတင်ပြ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ တင်ပြအစီရင်ခံခြင်းဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ကောင်းမွန်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဌာန၊ အဖွဲ့အစည်းတွေအနေနဲ့ အစီရင်ခံစာပါ စစ်ဆေးတွေ့ရှိချက်တွေအပေါ်မှာ သုံးသပ်အကြံပြုချက်တွေကို အလေးထားလိုက်နာဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြတဲ့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

Shan State Hluttaw

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့၊ တနလ်ာနေ့ နံနက် (၁၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နေ့လယ် ၁၂း၅၀ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

[တနလင်္ဂာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)သို့ လာရောက်လေ့လာသူများမှာ ဦးစိုင်းဆေဟန် (၁)ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(၄၉)ဦး၊ ဦးထွန်းထွန်းမြင့်နှင့် အဖွဲ့(၃)ဦး၊ ဦးခွန်အောင်နန္ဒာကျော်ဟိုပုံးမြို့(၁)ဦး၊ စုစုပေါင်း (၅၄)ဦးရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးသို့ (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၅.၄၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး

Shan State Hluttaw

ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နူတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) ၁၇.၈.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေမှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၄) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၅) ဗိုလ်မှူးဖြိုးထက်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဗိုလ်ကြီးမျိုးမင်းစိုး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယနေ့ ခွင့်ပန်ကြားသူ(၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးအား ခွင့်အဖြစ်

Shan State Hluttaw

သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားပေးသွားဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧည့်စာရင်းများ တိုင်ကြားရာတွင် ငွေကြေးကောက်ခံခြင်းနှင့် ရက်၊ လ၊ နှစ်ရှည် နေထိုင်သည့် စစ်ဘေးရှောင်ပြည်သူများအတွက် ဧည့်စာရင်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိလိုသော ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်/ကျေးရွာအုပ်စု ဧည့်စာရင်းများတိုင်ကြားရာ၌ အချို့ရုံးများသည် လူဦးရေ အရေအတွက်အလိုက် ငွေကြေးများ သတ်မှတ်၍ ကောက်ခံခြင်း၊ အချို့ရုံးများသည် ခွက်ဖလားထား၍ စေတနာအလျောက် ငွေထည့်ဝင်စေခြင်းများဆောင်ရွက်လျက်ရှိသလို အချို့ရုံးများသည်လည်း ငွေကြေးကောက်ခံခြင်းမရှိ စေတနာကြေးထည့်ဝင်စေခြင်းမရှိဘဲ ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ငွေကြေးမကောက်ခံဘဲ ကူညီဆောင်ရွက်ပေးကြသည့် ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများကို လေးစားပါကြောင်း ဖော်ပြအပ်ပါတယ်ခင်ဗျား။ ဧည့်စာရင်းတိုင်ကြားရာတွင် အချို့ရုံးများသည် (၁၀)ရက်၊ အချို့ရုံးများသည် (၁၅) ရက်၊ အချို့ရုံးများသည် ရက်(၃၀) ခွင့်ပြုကြပါတယ်။ ရက်ကျော်လွန်သွားရင်လည်း ငွေကြေးကောက်ခံသည့်ရုံးများမှ ဒဏ်ကြေးအဖြစ် ထပ်မံပေးဆောင်ရပါတယ်။

အဆောင်နေကျောင်းသား သွားရောက်အပ်နှံရာတွင် ၎င်းအဆောင်မှဧည့်စာရင်းအတွက် ကျောင်းသားတစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀/- (တစ်သောင်း)နှုန်းဖြင့် မောင်နှမ (၂)ဦးအတွက် တစ်နှစ်လျှင် ငွေကျပ် ၂၄၀၀၀၀/- (နှစ်သိန်းလေးသောင်း) ပေးသွင်းရမှာကို တွေ့ကြုံခဲ့ရပါတယ်ခင်ဗျား။ အချို့ရုံးများသည် လူဦးရေအလိုက် တစ်ဦးလျှင် တစ်လ ၁၀၀၀/- (တစ်ထောင်ကျပ်)နှုန်းဖြင့် (၁၀)ဦးရှိသည့် မိသားစု သည် တစ်လ ၁၀၀၀၀/-ကျပ်နှုန်း ပေးဆောင်ကြရပါတယ်ခင်ဗျား။ ကျွန်တော်တို့

Shan State Hluttaw

နေထိုင်ရာဒေသသည် တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ဆွေမျိုး၊ မိတ်ဆွေများနှင့် နီးစပ်ရာမြို့နယ်များသို့ ဧည့်စာရင်းဖြင့် လာရောက်နေထိုင်ခဲ့ရသည်မှာ (၃)နှစ် နီးပါး ရှိပြီဖြစ်ပါတယ်ခင်ဗျား။

သို့ပါ၍ ဧည့်စာရင်းများ တိုင်ကြားရာတွင် ငွေကြေးများကောက်ခံခြင်းနှင့် ရက်၊ လ၊ နှစ်ရှည်နေထိုင်သည့် စစ်ဘေးရှောင်များအတွက် ဧည့်စာရင်းကို ရှုမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိလိုပါသဖြင့် ဤကြယ်ပွင့်ပြ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်တို့ နမ့်ခမ်းမြို့နယ်ကိုယ်စားလှယ် ဦးသန်းစိုး၊ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ရှုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းမှ တင်ပြသွားမှာဖြစ်ပါတယ်။

ရပ်ကွက် / ကျေးရွာအုပ်စုများမှာ ဧည့်စာရင်းတိုင်ကြားခြင်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ရပ်ကွက် /ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဥပဒေအမှတ် ၃/၂၀၂၁ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၃ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အောက်ပါလုပ်ငန်းတာဝန်များကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)တွင် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဉ့်အိပ်ညဉ့်နေ လာရောက် တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းဟု ပြဋ္ဌာန်းထားရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၇ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

Shan State Hluttaw

အုပ်ချုပ်ရေးမှူးက မှတ်တမ်းထားရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အတူ တိုင်ကြားရမှာ ဖြစ်ပါတယ် -

(က) အခြား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုမှာ နေထိုင်ပြီး မိမိ အိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဉ့်အိပ်ညဉ့်နေ ဧည့်သည် အဖြစ် လာရောက်တည်းခိုခြင်း၊

(ခ) မိမိထံ လာရောက်တည်းခိုသော ဧည့်သည်များ ပြန်လည်ထွက်ခွာ သွားခြင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇ မှာ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို တစ်သောင်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်ခုနှစ်ရက်ထက် မပိုသော ထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ အိမ်ပိုင်ရှင်၊ သက်ဆိုင်ရာ အိမ်ခန်းငှား တာဝန်ခံများအနေဖြင့် ဧည့်သည်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာပြီး မိမိတို့အိမ်/ အိမ်ခန်းငှားတွင် နေထိုင်သူများစာရင်းကို သတ်မှတ် ဦးစီးဇယားဖြင့် ပြုစုပြီးတော့ တာဝန်ခံလက်မှတ်ရေးထိုးစေပြီး ဧည့်စာရင်းတိုင်ကြား စေလျက်ရှိပါတယ်။ ဧည့်စာရင်းတိုင်ကြားခြင်းနှင့်ပတ်သက်၍ ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းမရှိကြောင်းလည်း စစ်ဆေးတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင် နိုင်ငံခြားသားများ ခိုအောင်းနေထိုင်မှု မရှိစေရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ရုံးဝန်ထမ်းများ၊ ပြည်သူ့စစ်၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ် ရေးမှူး၊ ရာအိမ်မှူးများ၊ စာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရန် လက္ခုန်/ လဝက်ကျင်းပပြုလုပ်သည့် ပုံမှန်အစည်းအဝေးများမှာ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ အမြဲမပြတ် ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ကွက်/ ကျေးရွာများအတွင်း ဧည့်စာရင်းတိုင်ကြားမှုမရှိဘဲ နေထိုင်လျှင်သော်လည်းကောင်း၊ ဧည့်စာရင်းတိုင်ကြား သော်လည်း သတ်မှတ်ခွင့်ပြုရက်ကျော်လွန်၍ ဧည့်စာရင်းထပ်မံတိုင်ကြားမှု မရှိဘဲ နေထိုင်လျှင်သော်လည်းကောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအရဖြစ်စေ၊

Shan State Hluttaw

ညွှန်ကြားချက်အရဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေခံ ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ တာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဧည့်စာရင်းစစ်ဆေးရာတွင် ဧည့်စာရင်းတိုင်ကြားမှုမရှိဘဲ နေထိုင်သည်ဟု တွေ့ရှိပါက ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ပတ်သက်ပြီး ပြည်သူများထံမှ ငွေကြေးကောက်ခံကြောင်း တိုင်ကြားမှုရှိခဲ့လျှင်

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်း တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်း မပြုရ"ဟု ပြဋ္ဌာန်းထားပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ် ရေးမှူးများကို နိုင်ငံတော်က လစဉ်ချီးမြှင့်ငွေ ၇၀,၀၀၀/- နှင့် ရုံးအသုံးစရိတ် ၅၀,၀၀၀/- ထောက်ပံ့ပေးထားပြီးဖြစ်သဖြင့် ဧည့်စာရင်း တိုင်ကြားမှုအပေါ် ငွေကြေးကောက်ခံခြင်းမပြုရန် စဉ်ဆက်မပြတ် ညွှန်ကြားလျက်ရှိပါတယ်။

(ခ) ဧည့်စာရင်း တိုင်ကြားမှုအပေါ် ငွေကြေးကောက်ခံကြောင်း တိုင်ကြား ပါက စိစစ်ပြီး မှန်ကန်ပါက သက်ဆိုင်သူများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါ တယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ တောင်ကြီးမြို့ပေါ်မှာ ၇.၁.၂၀၂၆ ရက်နေ့မှ ကန်ကြီးအောက်ရပ်ကွက် နယ်မြေ(၁၁)မှာ ကျွန်တော်တို့ RC အိမ် (၅)ထပ်ဆောင်မှာ တရားမဝင် အွန်လိုင်းဂိမ်း ဆောင်ရွက်မှုကို ကျွန်တော်တို့ ဒီ KK Park ဘက်ကနေပြီးတော့ ရောက်ရှိခဲ့ပြီး ကျား(၁၀)ဦး မ(၁၂)ဦး၊ laptop (၁၁)လုံး၊ ဖုန်းမျိုးစုံ (၂၁)လုံး၊ Wi-Fi စက်(၉)လုံး၊ ဘဏ်စာအုပ်(၂၁)အုပ်နှင့် ကျွန်တော်တို့ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ဒါကြောင့်မို့ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးဥပဒေနှင့်အညီ ဒီဧည့်စာရင်းတိုင်ကြားမှု များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ အဲ့ဒါကျွန်တော်တို့ အခုဖြေကြားတာနဲ့ပေါ့ ကျွန်တော်တို့ အောက်ခြေမှာ ဖြစ်ပေါ်နေတာလေးတွေကတော့ ကွဲလွဲမှုလေးတွေ ရှိနေတာဖြစ်တဲ့ အတွက်ကြောင့် ပြန်လည်စိစစ်ပေးဖို့အတွက် တင်ပြလိုပါတယ်။ နောက်တစ်ခါ

Shan State Hluttaw

ကျွန်တော်အဓိကဦးစားပေး တင်ပြတာကြတော့ ကျွန်တော်တို့က စစ်ဘေးရှောင်တွေက တစ်ခဏတာ ဧည့်စာရင်းအနေနဲ့ပေါ့ တစ်ပတ်ဆယ်ရက်လာရောက်ပြီးတော့ နေကြတာမဟုတ်ဘူး။ နေတာကအခု နှစ်နဲ့ချီပြီးတော့ နေထိုင်နေတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေထံမှာ ကျွန်တော်ရောက်လို့ရှိရင် ရောက်တဲ့အကြောင်းကို သတင်းပို့မယ်။ ကျွန်တော်တို့ ပြန်လည်ထွက်ခွာရင် ထွက်ခွာတဲ့အချိန်မှာ သတင်းပို့မယ် အဲ့လောက်နဲ့ ဖြစ်အောင်ပေါ့။ ဒါကူညီဆောင်ရွက်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ ဒါကိုအကြံပြု တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးပါဗျ။

ဥက္ကဋ္ဌ။ ဟုတ်ကဲ့ပါ။ ဒီဟာနဲ့ပတ်သက်ပြီး အဆိုရှင်က ပြန်လည်မေးတဲ့အပေါ်မှာလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်တွေကလည်း ဒါစီစဉ်ဆောင်ရွက်ပေးနိုင်မဲ့အနေအထားရှိပါတယ်။ ဆောင်ရွက်ပေးသွားနိုင်ပါတယ်နော်။

ဆက်လက်ပြီး ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(တတိယနေ့)မှာ ကျွန်တော့်အနေနဲ့ မိမိမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ ဒေသခံကျေးရွာပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွင်း ခရီးသွားလာရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေဖို့အတွက် အရေးပါလှတဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စတစ်ခုကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နောင်ချိုမြို့နယ်အတွင်းရှိ သရက်ကုန်း - ဉာဏ်တော - ဖာသွန်း - နောင်ချိုကြီး ကျေးရွာချင်းဆက်လမ်း (၆.၆)မိုင်ဟာဖြင့် အဆိုပါကျေးရွာ(၄)ရွာမှ အိမ်ထောင်စု(၇၄၄)စု၊ လူဦးရေ (၃၇၁၀)ဦးကျော်တို့ နေ့စဉ်နဲ့အမျှ အဓိကအားထားအသုံးပြုနေရတဲ့ လမ်းမကြီးဖြစ်ပါတယ်ခင်ဗျား။ အဆိုပါ ဒေသမှာရှိတဲ့ မိဘပြည်သူများဟာ

Shan State Hluttaw

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြရပြီး ၎င်းတို့ရဲ့ဒေသထွက်ကုန်များကို သက်ဆိုင်ရာဒေသအသီးသီးသို့ နေ့စဉ်တင်ပို့ရောင်းချနေကြရသလို ယခုအခါမှာဆိုရင် ဒေသအတွင်းတွင်သာမကဘဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပါ ထင်ရှားကျော်ကြားလာတဲ့ နောင်ချိုကြီးတိမ်ပင်လယ်သို့ လာရောက်လည်ပတ်အပန်းဖြေကြတဲ့ ခရီးသွားဧည့်သည်များကပါ အဓိကဖြတ်သန်းသွားလာနေရတဲ့ လမ်းပိုင်းလည်းဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မလို့ ဒီလမ်းပိုင်းဟာ ဒေသခံတွေရဲ့ကုန်စည်စီးဆင်းမှုသာမကပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အလွန်ပဲ ဗျူဟာကျပြီး အရေးပါလှတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ အဆိုပါ သရက်ကုန်း - ဥဏ်တော - ဖာသွန်း - နောင်ချိုကြီးကျေးရွာချင်းဆက်လမ်း (၆.၆)မိုင်အား ပြည်သူများနှင့် ခရီးသွားဧည့်သည်များ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ အစီစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို လာရောက်လေ့လာကြပါသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက Power Point မြေပုံများဖြင့် ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ Power Point မြေပုံများဖြစ်ပါတယ်။ နောင်ချိုမြို့နယ်အတွင်းရှိ သရက်ကုန်း- ဥဏ်တော - ဖာသွန်း - နောင်ချိုကြီး ကျေးရွာချင်းဆက်လမ်းသည် ၆/၆

Shan State Hluttaw

မိုင်ရှိပြီး ကျေးရွာ(၄)ရွာ၊ အိမ်ထောင်စု(၇၇၄)စု၊ လူဦးရေ(၃၇၁၀)ဦးကို အကျိုးပြုသည့် လမ်းဖြစ်ပါတယ်။ ဆောင်းရာသီတွင် အနယ်နယ်အရပ်ရပ်မှ အများပြည်သူများ၊ ခရီးသွားဧည့်သည်များ တိမ်ပင်လယ်သို့ သွားလာသောလမ်းလည်းဖြစ်ပါတယ်။ ပြည်နယ်မှစီမံခန့်ခွဲသော လမ်းဖြစ်ပြီး နောင်ချို - ရပ်စောက်လမ်းနှင့် ချိတ်ဆက်ကာ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ Class A အဆင့် လမ်းလည်းဖြစ်ပါတယ်။ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ရန်ပုံငွေထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခွန်ဆောင်းရွှေ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးမှာ တောင်ကြီးမြို့နယ်၊ နောင်ခဲကျေးရွာအုပ်စုနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ထီပြွန် - ထီဟန်းဆွေ - ပန်လင်း - နောင်ဦး - ထီခြုံ ကိုယ်ထူကိုယ်ထလမ်းအား ကျေးရွာချင်းဆက်မြေသားလမ်းဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နောင်ခဲကျေးရွာအုပ်စုအတွင်းရှိ ထီပြွန်ကျေးရွာ၊ ထီဟန်းဆွေကျေးရွာနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ပန်လင်းကျေးရွာ၊ နောင်ဦးကျေးရွာ၊ ထီခြုံကျေးရွာတို့ဟာ အိမ်ခြေ(၄၅၀)အိမ်၊ လူဦးရေ(၂၀၈၅)ဦး နှင့် စာသင်ကျောင်း (၅)ကျောင်း၊ ဘုန်းကြီးကျောင်း (၅)ကျောင်း တည်ရှိလျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီးတော့မှ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါတယ်။ ထီပြွန် - ထီဟန်းဆွေ - ပန်လင်း - နောင်ဦး - ထီခြုံ ကျေးရွာ(၅)ရွာ ဆက်သွယ်အသုံးပြုနေတဲ့ ကိုယ်ထူကိုယ်ထလမ်းဟာ ၉ မိုင် ၁ ဖာလုံ ခန့်ရှိပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များစွာ ကတည်းကပင် ကျေးရွာနေ ပြည်သူတို့မှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လူသွားလမ်းမှ နွားလှည်း

လမ်းအဆင့်သို့ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းတို့ စိုက်ပျိုးထားတဲ့သီးနှံများ သယ်ယူပို့ဆောင်ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ မြို့ပေါ်ဆေးရုံဆေးခန်းများသို့ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များ အချိန်မီဆေးကုသနိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာကာကွယ်ရေးလုပ်ငန်းများအပါအဝင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ပညာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် နွားလှည်းများသာမက မော်တော်ယာဉ်များပါ သွားလာနိုင်ရန်အတွက် လမ်းဧရိယာချဲ့ခြင်း၊ သဲ/ကျောက် ဖြုန်းခင်းခြင်းလုပ်ငန်းများကို ယနေ့ထိတိုင် နှစ်စဉ်နှစ်တိုင်း ကျေးရွာနေပြည်သူများ၏ လူအား၊ ငွေအားများဖြင့် ပြုပြင်ထိန်းသိမ်းနေရပြီး အချိန်ကာလကြာရှည်လာသည်နှင့်အမျှ ကျေးရွာနေပြည်သူများ လမ်းပြုပြင်ထိန်းသိမ်းခြင်းအတွက်များစွာ ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်လာလျက်ရှိနေပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ အဆိုပါကျေးရွာချင်းဆက်လမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် သက်ဆိုင်ရာကျေးရွာရှိရွာသူကြီးများနှင့် ကျေးရွာကော်မတီများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်း၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင်လည်း သက်ဆိုင်ရာကျောင်းထိုင်ဆရာတော်ကြီးများက နာယက၊ ဥက္ကဋ္ဌအဖွဲ့အဖြစ် ဦးဆောင်ပြီး ရွာသူကြီးများနှင့် ကျေးရွာကော်မတီများပါဝင်သည့် လမ်းကော်မတီ ထပ်မံဖွဲ့စည်း၍ ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လည်းကောင်း ထပ်မံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျေးရွာနေပြည်သူများ၏ တင်ပြတောင်းဆိုချက်နှင့် ကျောင်းထိုင်ဆရာတော်များ၏ မေတ္တာရပ်ခံချက်တို့အရ မိမိအနေဖြင့် ကွင်းဆင်းလေ့လာခဲ့ပြီး အဆိုပါကျေးရွာတို့ဟာ တောင်ပေါ်ဒေသကျေးရွာများဖြစ်ကြသည့်အားလျော်စွာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရပြီး ထိုဒေသရှိ ပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် ရာသီမရွေး အဆင်ပြေစွာအသုံးပြုနိုင်သည့် ကျေးရွာချင်းဆက်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ နောင်ခဲကျေးရွာအုပ်စုနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ထီပြွန်-ထီဟန်းဆွေ - ပန်လင်း - နောင်ဝိုး - ထီခြုံ ကိုယ်ထူကိုယ်ထလမ်းအား ကျေးရွာချင်းဆက် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏

Shan State Hluttaw

ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးခွန်ဆောင်းရွှေတင်ပြတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး တောင်ကြီးမြို့နယ်၊ နောင်ခဲကျေးရွာအုပ်စုနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ထီပြွန် - ထီဟန်းဆွေ - ပန်လင်း - နောင်ဝိုး - ထီခြုံလမ်း ၉ မိုင် ၁ ဖာလုံရှိပြီး မြေပြင်တွင် လမ်းအကျယ် (၁၅)ပေမှ (၁၈)ပေခန့်ရှိပြီး ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ နောင်ခဲကျေးရွာအုပ်စုနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းမှာ နတလဦးစီးဌာနအနေနဲ့ မြေလမ်းပေါင်း ၃၅ မိုင်နှင့် ၄ ဖာလုံ၊ ဗြုန်းလမ်း ၁၆ မိုင်နှင့် ၁ ဖာလုံ၊ ကျောက်လမ်း ၉ မိုင်နှင့် ၁ ဖာလုံ၊ ကတ္တရာလမ်း ၁၂ မိုင်နှင့် ၆ ဖာလုံကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ ပါတယ်။ အဆိုပါ လမ်း ၉ မိုင် ၁ ဖာလုံ ကို ကျေးရွာချင်းဆက်မြေသားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဦးစားပေးသတ်မှတ်ချက်အရ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ကျွန်တော်တို့ ၂၀၂၇-၂၀၂၈ လျာထားချက်မှာ (၁)မိုင်ကျော်ထည့်သွင်းထားပါတယ်။ ပြည်ထောင်စု၊ ပြည်နယ်ပေါင်းစပ်ပြီး လျာထားနိုင်ရေးလည်း ကျွန်တော်တို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးခင်အောင်ဆွေ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးမြန်းသွားမှာကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊

Shan State Hluttaw

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုရန်အတွက် ဘင်ခရာ ပစ္စည်း(၁)စုံ ဝယ်ယူပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ လားရှိုးမြို့အမှတ်(၆)၊ အခြေခံပညာအထက်တန်းကျောင်းဟာ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက ကျောင်းတွင်း ကိုယ်ထူကိုယ်ထ ဘင်ခရာအဖွဲ့ ဖွဲ့စည်း ထားနိုင်ခဲ့ပြီး ကျောင်းအခမ်းအနားများမှာ ပါဝင်တီးမှုတ်ခဲ့တာ ဖြစ်ပါတယ်။ ၁၀၂၇ စစ်ဆင်ရေးဖြစ်ပွားခဲ့ပြီး လားရှိုးမြို့အား သောင်းကျန်းသူ အဖျက်သမားများက သိမ်းပိုက်ခဲ့ပြီးနောက် ကျောင်းပိုင်ဘင်ခရာပစ္စည်းများကို ယူဆောင်သွားခဲ့ကြပါ တယ်ခင်ဗျား။ ယခုအခါ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်၊ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် အခမ်းအနား များကို မကြာခဏကျင်းပလျက်ရှိပါတယ်ခင်ဗျား။ အချို့သော အခမ်းအနားများတွင် လည်းကောင်း၊ အားကစားပြိုင်ပွဲများတွင်လည်းကောင်း အသုံးပြုရန်အတွက် ကျောင်းတွင်းဘင်ခရာအဖွဲ့ ပြန်လည်ဖွဲ့စည်းလိုပါသဖြင့် ဘင်ခရာပစ္စည်း(၁)စုံ လိုအပ် နေပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အခမ်းအနားများ၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ၊ လူထု ချီတက်ပွဲများမှာ ဘင်ခရာတပ်ဖွဲ့များကိုအသုံးပြုနေခြင်းမှာ အများပြည်သူတို့၏ စိတ်ကိုတက်ကြွစေခြင်း၊ အခမ်းအနားများပုံရိပ်ကို ပိုမိုမြင့်မားစေခြင်း၊ စည်းလုံး ညီညွတ်မှုကို သရုပ်ဖော်ပြသခြင်း၊ မျိုးချစ်စိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်စေခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေတဲ့အတွက် ဘင်ခရာတပ်ဖွဲ့များကို အသုံးပြုနေခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းသား/ ကျောင်းသူများရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေပျော်ရွှင်စာတော်စေရေး၊ တိုင်းပြည်ရဲ့ အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်ပေါ်စေရေးအတွက် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုရန်အတွက် ဘင်ခရာ ပစ္စည်း(၁)စုံအား ဝယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသောကြောင့် ဤကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ယနေ့ကျင်းပ ပြုလုပ်သော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့

Shan State Hluttaw

တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်ရဲ့ လားရှိုးမြို့၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းအတွက် ဘင်ခရာပစ္စည်းများ(၁)စုံ ဝယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

လားရှိုးမြို့တွင် ကျင်းပပြုလုပ်နေသော ပညာရေးအခမ်းအနားများတွင် အထက(၁)နှင့် အထက(၂)မှ ဘင်ခရာတပ်ဖွဲ့များဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိပါတယ်။ အထက(၆)မှ ဘင်ခရာအဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ရှမ်းမြောက်ဒေသဖြစ်စဉ်များအတွင်းတွင် အထက(၆)၏ ဘင်ခရာပစ္စည်းများလည်း ပျောက်ဆုံးသွားတာဖြစ်ပါတယ်။ အထက(၆) အပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အခြေခံပညာကျောင်းများသည် ရှမ်းမြောက် ဒေသဖြစ်စဉ်ကြောင့် ကျောင်းပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို အခြေခံပညာ ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး ကာလတွင် အခြေခံပညာကျောင်းများအား ဦးစားပေး ပြင်ဆင်ဆောင်ရွက်ခဲ့ရ ပါတယ်။ သို့ဖြစ်ပါ၍ အထက(၆)အပါအဝင် အခြေခံပညာကျောင်းများ၏ လိုအပ်သော ဘင်ခရာနှင့်ကျောင်းပိုင်ပစ္စည်းများအတွက် ပညာရေးဝန်ကြီးဌာန၏ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးပဲ မင်္ဂလာပါရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တကွ တက်ရောက်လာကြတဲ့ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိမိအနေဖြင့် ရပ်စောက် မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူများကိုယ်စား ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ် ပါတယ်။ မေးခွန်းမမေးမီ ယနေ့လွှတ်တော်သို့ လာရောက်လေ့လာကြသည့် မိမိတို့ ဒေသ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌကြီးနှင့် အဆင့်ဆင့်သော အလုပ်အမှုဆောင် ခေါင်းဆောင်များနှင့် အနာဂတ်လူငယ်မောင်မယ်များ အားလုံး ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ လှိုက်လှိုက်လဲလဲ ကြိုဆိုဂုဏ်ယူ

Shan State Hluttaw

ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် နူတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ရှမ်းပြည်နယ်ဟာဆိုရင် သဘာဝတောတောင်ရေမြေ အလှအပများနဲ့ ပြည့်စုံပြီးဒေသအတွင်းမှာ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ အပန်းဖြေခရီးသွား လေ့လာသင့်တဲ့ သဘာဝအလှတရားများ ပိုင်ဆိုင်ထားတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ မိမိတို့ရပ်စောက်ဒေသနှင့် တောင်ကြီးမြို့အကြား ခရီးသွားလာမှုတွင် အရေးကြီးဆုံးနှင့် လိုအပ်ချက်အမြင့်မားဆုံးဖြစ်နေသည့် အကြောင်းအရာ(၁)ခုမှာ ပညာရေးဆိုင်ရာခရီးသွားလာမှုဖြစ်ပါတယ်။ မိမိတို့ ရပ်စောက်မြို့နယ်အတွင်းမှ တောင်ကြီးမြို့ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းအသီးသီးတို့နေစဉ်နှင့်အမျှ တက်ရောက်ပညာသင်ကြားနေကြရတဲ့ ကျောင်းသူ/ ကျောင်းသားများ တာဝန်ကျ ဆရာ/ ဆရာမများ သွားရေးလာရေးအတွက် ကုန်းလမ်းခရီးစရိတ်မှာ သွားလာစရိတ် မြင့်မားလျက်ရှိပါတယ်။ ထို့အပြင် ရပ်စောက်ဒေသသည် စိုက်ပျိုးရေးနှင့် ကုန်စည်ထုတ်လုပ်မှု အဓိကပြုလုပ်ရာဒေသဖြစ်တာဖြစ်တဲ့အတွက် ဒေသခံ ပြည်သူများနှင့် တောင်သူများရဲ့ ကုန်စည်စီးဆင်းမှုစရိတ်များ များပြားနေခြင်း ဟာလည်း ဒေသဖွံ့ဖြိုးရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါတယ်။ မိမိတို့ ရပ်စောက် - တောင်ကြီးရထားလမ်းပိုင်းသည် ရှမ်းပြည်၏ သဘာဝတောတောင် အလှအပများကိုကြည့်ရှုခံစားရင်း အေးချမ်းစွာခရီးသွားလာနိုင်တဲ့ လမ်းကြောင်း ဖြစ်တဲ့အပြင် စနစ်တကျ ပြန်လေ့လာကြည့်ပါက ယခင်ကတည်းက ရပ်စောက် - တောင်ကြီးရထားလမ်းပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများ၊ လမ်းကြောင်းများနှင့် ဘူတာများမှာ ပြင်ဆင်ပြီးသားဖြစ်နေပါပြီ။ ဒါကြောင့် ရေကန်အသင့်၊ ကြာအသင့် အခြေအနေကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ယခုကဲ့သို့ အခြေခံအဆောက်အဦများ အသင့်ရှိနေချိန်တွင် ရထားပြန်လည်ပြေးဆွဲပေးနိုင်ပါက ဒေသခံ ဆရာ/ ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ လုံခြုံစိတ်ချစွာနှင့် သက်သာသော အနိမ့်ဆုံးဈေးဖြင့် ကျောင်းတက်နိုင်ကြမှာဖြစ်ပြီး တောင်သူများ၏ ကုန်စည်ပို့ဆောင်ရေး စရိတ်ကိုလည်း အတိုင်းအတာတစ်ခုအထိ လျော့ချပေးနိုင်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ သဘာဝ အလှအပများကို ခံစားလိုတဲ့ ခရီးသွားဧည့်သည်များကိုလည်း ဆွဲဆောင်နိုင်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် စီးပွားရေးကိုပါ ကြီးမားစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက် - တောင်ကြီးရထားလမ်းပိုင်းကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ သို့မဟုတ် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

Shan State Hluttaw

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကျော်ညွှန့် မေးမြန်းတဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားမဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်သန်းထူး ဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့မီးရထား တိုင်း အမှတ်(၄)၊ အောင်ပန်းနယ်မြေရှိ ရွှေညောင် - ရပ်စောက်ရထားလမ်းပိုင်းသည် ရွှေညောင်မြို့နှင့် ရပ်စောက်မြို့တို့အား ဆက်သွယ်ဖောက်လုပ်ထားပြီး ရထားလမ်း အရှည် (၃၇.၈၃)မိုင်ရှိပြီး ၁၉၉၁ ခုနှစ်၊ မတ်လ ၂၇ရက်နေ့မှစ၍ ရထားစတင်ပြေး ဆွဲခဲ့ကာ၊ လမ်းပိုင်းအတွင်း တံတားကြီး/ တံတားငယ် စုစုပေါင်း(၆၄)စင်း၊ ဘလောက် ဘူတာ(၄)ဘူတာနှင့် ရပ်စခန်း(၆)ခု ရှိသောရထားလမ်းပိုင်းဖြစ်ပါတယ်။ ရပ်စောက် - တောင်ကြီး တောက်လျှောက်ခရီးစဉ်အား ပြေးဆွဲပေးခဲ့ခြင်းမရှိခဲ့ကြောင်း ရွှေညောင် - ရပ်စောက်လမ်းပိုင်းတွင် ယခင်က ရွှေညောင် - ရပ်စောက် - ရွှေညောင် ခရီးစဉ်အမှတ် (၁၄၅) အဆန်/ (၁၄၆) အစုန် လော်ကယ် ရထားအား ရိုးရိုးတန်း(၄)တွဲ၊ ကုန်တင်တွဲ (၁)တွဲ၊ ရထားထိန်းတွဲ(၁)တွဲ ပါဝင်သော တွဲဆိုင်းဖြင့်လည်းကောင်း၊ သာစည်- ရွှေညောင် - ရပ်စောက်၊ ရပ်စောက် - ရွှေညောင် - သာစည်ခရီးစဉ်အမှတ်(၁၄၃) အဆန်/ (၁၄၄)အစုန် စာပို့ရထားအား ရိုးရိုးတန်း(၃)တွဲ၊ အထက်တန်း(၁)တွဲ၊ ကုန်တင် တွဲ(၁)တွဲ၊ ရထားထိန်းတွဲ(၁)တွဲ ပါဝင်သော တွဲဆိုင်းဖြင့်လည်းကောင်း ပြေးဆွဲခဲ့ပါ ကြောင်း၊ ရွှေညောင် - ရပ်စောက် - ရွှေညောင်ခရီးစဉ်အမှတ်(၁၄၅)အဆန်/ (၁၄၆)အစုန် လော်ကယ်ရထားအား ခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့် ၁၉၉၅ ခုနှစ်ခန့်က ရပ်နားထားခဲ့ပြီး သာစည် - ရွှေညောင် - ရပ်စောက်၊ ရပ်စောက် -ရွှေညောင် - သာစည်ခရီးစဉ် အမှတ်(၁၄၃) အဆန်/ (၁၄၄)အစုန် စာပို့ရထားအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းနှင့် ခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့် ၃၀.၃.၂၀၂၀ ရက်နေ့မှစ၍ ရထားပြေးဆွဲမှု ရပ်နားထားခဲ့သည်မှာ ယနေ့အထိ (၆)နှစ် ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

Shan State Hluttaw

ရွှေညောင် - ရပ်စောက်လမ်းပိုင်းအား ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရေးအတွက် တောခြုံများ ထူထပ်နေခြင်း၊ မြက်များ ရှင်းလင်းရန် လိုအပ်ခြင်း၊ တောင်ပြုမြေများ ဖယ်ရှားခြင်းနှင့် တာပခုံးမြေဖို့ရန် လိုအပ်ခြင်း၊ တံတားဇလီဖား လဲလှယ်ရန် လိုအပ်ခြင်း၊ လမ်းခင်းကျောက်ဖြည့်တင်းရန် လိုအပ်ခြင်းကြောင့် မြို့ပြအင်ဂျင်နီယာဌာန၏ PAE တွက်ချက်မှုအရ ခန့်မှန်းဘဏ္ဍာငွေကျပ် (၂,၇၄၀.၉၈၅) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေ တင်ပြတောင်းခံပြီးရရှိပါက ရထားလမ်းပြုပြင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ရထားပြေးဆွဲခြင်းအား စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနဖြေကြားချက်ကို ကျေးဇူးတင်ပါတယ်။ ပုံမှန်တွဲ ရထားတွဲပြေးဆွဲရန် မဖြစ်နိုင်သေးပါက ကုန်ကျစရိတ် သက်သာပြီး တွဲဆိုင်းနည်းနည်းနှင့် ပြေးဆွဲနိုင်တဲ့ RVE (Rail Valves Engine) အစားထိုးပြေးဆွဲနိုင်ခြင်း ရှိ/မရှိဆိုတာ ဒီဟာလေးကို မေးခွန်းအဖြစ် ဆက်လက်ပြီးတော့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဝန်ကြီးမှ ပြန်လည်ပြောလို့ရလည်းပြောပေးပါ။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ခုနက ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ခုနကလည်း ကျွန်တော်ဖြေကြားခဲ့ပါတယ်။ ဒီရထားလမ်းကို ရထားပြေးဆွဲနိုင်ဖို့အတွက်ဆိုရင် လက်ရှိရထားလမ်းအခြေအနေမှာ (၃၇.၈၃)မိုင်မှာ လမ်းပျက်စီးမှုတွေ စသည်ဖြင့် အဲ့တာပြင်ဆင်ပြီးသွားရင်တော့ ပြေးဆွဲမှု အခြေအနေများကို ပြည်သူလူထုရဲ့ ဒေသလိုအပ်ချက်နှင့်အညီ ပြေးဆွဲနိုင်ဖို့အတွက်ကို သက်ဆိုင်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီးတော့ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများ အားလုံးမင်္ဂလာပါခင်ဗျား။ မိမိအနေဖြင့် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်မှ

Shan State Hluttaw

ပြည်သူများ၏ ကိုယ်စား ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းတင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ စိတ်ဓာတ်မြင့်မားပြီး အရည်အချင်းပြည့်ဝတဲ့ ဆရာ/ဆရာမများ မွေးထုတ်ရေးနှင့် ပညာရေးကဏ္ဍ အဆင့်မြင့်တင်ရေးနှင့် လေးနှစ်သင် ပညာရေးကောလိပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။ ယင်း အနက် ပညာရေးကောလိပ် လေးနှစ်သင် အပတ်စဉ်(၁)နှင့်(၂)တို့မှ အောင်မြင်စွာ သင်တန်းဆင်းခဲ့ကြသည့် ကျောင်းသား/ ကျောင်းသူများ သင်တန်းဆင်း ဆရာ/ဆရာမ များသည် ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကလေးများ၏ အနာဂတ်အတွက် ပညာအလင်းပြပေးရန် စိတ်အားထက်သန်စွာ စောင့်စားနေ ကြဆဲဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိတွင် အဆိုပါသင်တန်းဆင်းများမှာ ဘွဲ့ လက်မှတ်ထုတ်ယူရရှိရေးနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်း များတွင် တရားဝင်အလုပ်အကိုင် ခန့်အပ် ခံရရှိရေးတို့အတွက် စာရွက်စာတမ်းဆိုင်ရာ ကြန့်ကြာမှုများနှင့် လုပ်ငန်းစဉ်ကြန့်ကြာမှုများ ကြုံတွေ့နေရပါတယ်။ မိမိတို့ ဒေသအသီးသီးရှိ ကျေးလက်နှင့် မြို့နယ်အသီးသီးမှ အခြေခံပညာကျောင်းများတွင် ဆရာ/ဆရာမ လိုအပ်ချက်များရှိနေချိန်တွင် ယခုကဲ့သို့ လေ့ကျင့်မွေးထုတ်ပေးထား သည့် အရည်အချင်းရှိတဲ့ ပညာရေးကောလိပ် သင်တန်းဆင်းများလုပ်ငန်းခွင်သို့ အမြန်မဝင်ရောက်နိုင်ခြင်းသည် မိမိတို့၏ လူငယ်များ ပညာရေးကဏ္ဍအတွက် ကြီးမားသည့်ဆုံးရှုံးမှု ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးကောလိပ် အပတ်စဉ်(၁) ၂၀၁၉ နှင့် အပတ်စဉ်(၂) ၂၀၂၀ သင်တန်းဆင်းများ၏ ဘွဲ့လက်မှတ်များ ထုတ်ပေးနိုင်ရေးနှင့် ၎င်းတို့၏ သက်ဆိုင်ရာ အခြေခံပညာရေးကျောင်းများတွင် အလုပ်အကိုင်ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အချက်(၅)ချက်ကိုမည်သည့်အချိန်တွင် ပြီးစီးအောင် စီမံဆောင်ရွက်ပေးမည်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ယခု ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ မြန်မာနိုင်ငံ အတွင်းရှိ ပညာရေးဒီဂရီကောလိပ်များမှ အပတ်စဉ်(၁)နှင့်(၂)သင်တန်းများအား ဘွဲ့လက်မှတ်နှင့် အလုပ်ခန့်လွှာများ ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မေးသည့်မေးခွန်း အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်မဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်-

Shan State Hluttaw

(က) ပညာရေး ဒီဂရီ ကောလိပ်(၄)နှစ်သင် B.Sc (Education)/ B.A(Education) အပတ်စဉ်(၁)နှင့်(၂)သင်တန်းဆင်းများအား ယခု လာမည့် ပွင့်လင်းရာသီ ၂၀၂၆ ဒီဇင်ဘာလမှစတင်၍ ဘွဲ့နှင်း သဘင်ကျင်းပပြီး ဘွဲ့လက်မှတ်ပေးအပ်နိုင်ရန် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်ရှင်။

(ခ) ပညာရေးဒီဂရီကောလိပ် (၄)နှစ်သင် B.Sc (Education)/ B.A (Education) အပတ်စဉ်(၁) အောင်စာရင်းကို (၁၅.၁.၂၀၂၆) ရက်နေ့နှင့် အပတ်စဉ်(၂) အောင်စာရင်းကို (၁၇.၅.၂၀၂၆) ရက်နေ့တို့တွင် ဆရာ အတတ်ပညာဦးစီးဌာနမှ အခြေခံပညာဦးစီးဌာနသို့ ပေးပို့ထားပြီး ဖြစ်၍ ၎င်းတို့အား တာဝန်ကျ ဆရာ၊ ဆရာမများအဖြစ် အလုပ်ခန့် အပ်လွှာ (Order)ထုတ်ပေးရန် အခြေခံပညာဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ဆဲဖြစ်ပါတယ်ရှင်။

(ဂ) ဘွဲ့လက်မှတ်နှင့် ခန့်အပ်လွှာ(Order) ကြန့်ကြာနေမှုအပေါ် ဝန်ကြီး ဌာနအနေဖြင့် မည်သို့သော အကူအညီ ယာယီထောက်ခံစာ သို့မဟုတ် မူဝါဒဆိုင်ရာ ဖြေလျော့မှုများ စီစဉ်ပေးထားခြင်း ရှိ/မရှိ၊ ပေးထားခြင်း မရှိသေးပါ။ သင်တန်းသားများကလည်း တောင်းခံ လာခြင်းမရှိသေးပါ။ ၎င်းတို့မှ တောင်းခံလာပါက ပညာရေးဝန်ကြီး ဌာန၏ အစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်ရှင်။

(ဃ) မိမိနေထိုင်ရာဒေသတွင် တာဝန်ချထားပေးနိုင်ခြင်း ရှိ/မရှိမှာ အခြေခံ ပညာဦးစီးဌာနမှ အခြေခံပညာကျောင်းများ၏ ဆရာ/ ဆရာမ လိုအပ်ချက်အပေါ် မူတည်ပါတယ်။ ဆရာ မရှိသော၊ ဆရာအင်အား နည်းပါးသော နေရာများသို့ ဦးစားပေးခန့်အပ်မည်ဖြစ်ပါတယ်ရှင်။

(င) မည်သည့်ရာထူးအဆင့်တွင် စတင်ခန့်ထားနိုင်ပါသနည်း မေးခွန်း အပေါ် ကျွန်မတို့ Dip.Ep ဒီပလိုမာသင်တန်းဆင်းများအတွက် မူပြု ခန့်ထားပြီး BA (Education)အတွက် လယ်ပြအဖြစ် ခန့်အပ်ထားမှာ ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ အကြောင်းအရာကတော့ ပြည်ထဲရေးဝန်ကြီးဌာနတွင် အမည်ပေါက်စာရင်းပါဝင်ခြင်း မရှိသေးသော ကျေးရွာများအား အမည်ပေါက်စာရင်း ထည့်သွင်းပေးနိုင်ပါရန် မေးမြန်းတင်ပြသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်းမှာ မြို့ပေါ်ရပ်ကွက် (၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၄) အုပ်စုနှင့် ကျေးရွာပေါင်း(၁၃၈)ရွာရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၇.၇.၁၉၇၂ ရက်စွဲပါစာအမှတ်၊ ၁၀၃/ ၅၄/ စိတ်-၁ ဖြင့် မြို့ကိုလည်းကောင်း၊ ၁၀၅/ ၄/ စိတ်- ၁ဖြင့် ကျေးရွာအုပ်စု(၁၄)အုပ်စုနှင့် ကျေးရွာပေါင်း(၁၃၇)ရွာကိုလည်းကောင်း ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ၁၂.၁.၂၀၁၁ ရက်စွဲပါစာအမှတ် ၂၀၀/၂၄-၇၀/ ဦး-၁ ဖြင့် ကျိုင်းလီတစ်ရွာ တိုးပြီးမှတော့ (၁၃၈)ရွာဖြင့် ဖွဲ့စည်းထားရှိခဲ့ပါတယ်။ တင်ပြချင်တာကတော့ ၂၀၁၁ နောက်ပိုင်းမှာ ရွာတိုးရွာလျော့လုပ်ငန်းစဉ်တွေ ဆောင်ရွက်ခဲ့ခြင်းမရှိဘူးဆိုတာကို တင်ပြလိုတာဖြစ်ပါတယ်ခင်ဗျား။ မိမိရဲ့ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုများနဲ့ ကျေးရွာများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များသိရှိနိုင်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်ဖော်ပြပါ ကျေးရွာ(၁၇)ရွာမှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမည်ပေါက်စာရင်း ထည့်သွင်းထားမှုမရှိသေးသော ကျေးရွာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ နမ့်ရှန်ကျေးရွာ၊ အိမ်ခြေ အိမ်ထောင်စု(၃၅)၊ လူဦးရေ(၁၈၀)၊ နမ့်ဟိုင်းကျေးရွာ အိမ်ခြေ အိမ်ထောင်စု (၄၅)၊ လူဦးရေ(၂၂၅)၊ ဆိုင်းမွန်ရွာသစ် ကျေးရွာအိမ်ခြေအိမ်ထောင်စု (၅၅)၊ လူဦးရေ (၂၆၃)၊ ဟိုနားကျေးရွာ အိမ်ခြေအိမ်ထောင်စု(၃၅)၊ လူဦးရေ(၁၅၉)၊ ဖန်လမ်းရွာသစ်ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၅၀)၊ လူဦးရေ(၁၆၈)၊ ဖာလောင်းကျေးရွာ အိမ်ခြေအိမ်ထောင်စု (၂၆)၊ လူဦးရေ(၉၈)၊ ခိုစန်းကျေးရွာ အိမ်ခြေအိမ်ထောင်စု (၂၀)၊ လူဦးရေ (၇၈)၊ လွယ်လမ်းကျေးရွာ အိမ်ခြေအိမ်ထောင်စု (၁၆)၊ လူဦးရေ(၅၃)၊ နမ့်ဝပ်ကျေးရွာ(ခေါ်) နားဝမ်ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၂၀)၊ လူဦးရေ (၅၇)၊ ကုန်းဆာမြောက်ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၁၀၄)၊ လူဦးရေ(၆၉၂)ဦး၊

Shan State Hluttaw

ဟောင်လိတ်ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၆၂)၊ လူဦးရေ (၂၈၅)ဦး၊ ဖာကျင်း ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၅၇)၊ လူဦးရေ(၂၆၇)၊ နမ့်မော်ခမ်းကျေးရွာ အိမ်ခြေ အိမ်ထောင်စု (၁၁၅)၊ လူဦးရေ (၅၇၅)၊ ပန်ဝိကျေးရွာ အိမ်ခြေအိမ်ထောင်စု (၁၃၂)၊ လူဦးရေ (၁၃၇၉)၊ ကောင်းခါးကျေးရွာ အိမ်ခြေအိမ်ထောင်စု (၃၇)၊ လူဦးရေ (၁၂၄)၊ နမ့်ခိုက်ကျေးရွာ အိမ်ခြေအိမ်ထောင်စု (၁၀၄)၊ လူဦးရေ (၅၃၆)၊ နမ့်ချောင်းကျေးရွာ အိမ်ခြေ (၃၀)အိမ်ထောင်စု (၃၀)၊ လူဦးရေ (၁၀၀)ဦးတို့ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကျွန်တော် တင်ပြသွားတဲ့ နမ့်မော်ခမ်းကျေးရွာ Google map မြေပုံဖြစ်ပါတယ်ခင်ဗျား။ နမ့်ခိုက် ကျေးရွာပါ ခင်ဗျား။ ပန်ဝိကျေးရွာပါခင်ဗျား။ ပန်ဝိကျေးရွာမှာနေထိုင်တဲ့ ပလောင် တိုင်းရင်းသားလူမျိုးများ ဖြစ်ပါတယ်။ လူ(၁၃၇၉)ဦးနေထိုင်တဲ့ ရွာကြီးဖြစ်ပါတယ် ခင်ဗျား။ ဟောင်လိတ်ကျေးရွာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနမှာ အမည်စာရင်းပါဝင်ခြင်းမရှိတဲ့အတွက် လက်ရှိမှာကော နောင်မှာပါ ကျွန်တော်တို့ စာသင်ကျောင်းများ၊ ဆေးခန်းများ ဖွင့်လှစ်ရန် အခက်အခဲများဖြစ်ပေါ်နေပါတယ်။ သစ်တောကြိုးဝိုင်းထဲ ကျူးနေတဲ့ကိစ္စရယ် GAD မပေါက်လို့ရယ်နဲ့ ပြည်သူများဟာ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေပါတယ်။ ကျေးလက်ဖွံ့ဖြိုးဌာနရဲ့ VDB စီမံကိန်းတို့၊ မြစိမ်းရောင်ချေးငွေလိုမျိုးတွေကအစ မရရှိဘဲ နစ်နာဆုံးရှုံးလျက်ရှိပါ တယ်။ လယ်ယာမြေပိုင်ဆိုင်မှုများနှင့် ချေးငွေရရှိမှုတို့မှာလည်း နစ်နာဆုံးရှုံးလျက် ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန GAD ရဲ့ ဥပဒေအရ အိမ်ခြေ(၅၀)နှင့်အထက်ရှိမှသာ စာရင်းထည့်ဝင်နိုင်မည် ဆိုသော်လည်းပဲ လက်ရှိ ကွန်ဟိန်းမြို့နယ်အတွင်း GAD မှာစာရင်းပေါက်နေတဲ့ ကျေးရွာ(၁၃၈)ရွာရှိပါတယ်။ အဲဒီကျေးရွာ (၁၃၈)ရွာထဲကမှ ကျေးရွာ(၉၂)ရွာဟာ အိမ်ခြေ(၅၀)အောက်မှာပဲ ရှိနေတာဖြစ်ပါတယ်။ ဒါကျေးရွာစုစုပေါင်းရဲ့ လေးပုံသုံးပုံ ပမာဏခန့် ဖြစ်ပါတယ်။ (၁၀)အိမ်နဲ့အောက် ကျေးရွာပေါင်းဟာလည်း (၂၁)ရွာ အထိရှိနေပြီး တစ်အိမ်တည်းနဲ့ ရွာအမည်စာရင်းပေါက်နေတာကိုလည်း အောက်ပါ အတိုင်း စိစစ်တွေ့ရှိရမှာဖြစ်ပါတယ်ခင်ဗျား။ ပေါက်ကန့်ကောင်(၅)အိမ်၊ ပလောင်ရွာ (၅)အိမ်၊ ဟွေဖိန်ရွာ(၃)အိမ်၊ ကွန်မိ(၆)အိမ်၊ နားခါးအွမ်(၄)အိမ်၊ ဟိုတ(၄)အိမ်၊ နားကျူ(၄)အိမ်၊ နောင်ဝို(၄)အိမ်၊ ဝမ်ဖစ်(၄)အိမ်၊ တာဆိုင်းရွာ(၉)အိမ်၊ နမ့်ကုံရွာ (၉)အိမ်၊ ကြူကျိန်ရွာ(၈)အိမ်၊ လွယ်ချိုရွာ(၈)အိမ်၊ နားဖိုင်(၁၀)အိမ်၊ နားလုံ(၄)အိမ်၊ နမ့်လင်းရော (၈)အိမ်၊ မိုင်ဟင်လောင်း (၁၀)အိမ်၊ မိုင်ဆီလီး(၃)အိမ်၊ မကပ်(၉)အိမ်၊

Shan State Hluttaw

ခိုဆန်(၁၀)အိမ်နဲ့ ဟိုတ(၁)အိမ်တို့ ဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါကျေးရွာအုပ်စု (၆)အုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း(၁၇)ရွာ၊ အိမ်ထောင်စု အိမ်ခြေ(၉၄၃)၊ လူဦးရေ စုစုပေါင်း (၅၂၃၉)ခန့်ရှိပြီးတော့ နှစ်ပေါင်း(၇၀)ခန့်ထိနေထိုင်ခဲ့တဲ့ ရွာတွေဖြစ်ကြောင်း ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ကျေးရွာများ စာရင်းတွင် ပါဝင်ခြင်း မရှိသေးကြောင်းတွေ့ရှိရပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်ကြီးများခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးဝင်းလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသေးစိတ်ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း(၁၄)အုပ်စု၊ ကျေးရွာပေါင်း(၁၃၈)ရွာသည် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်စာရင်းတွင် ပါဝင်သည့် အောက်ပါကျေးရွာအုပ်စု (၆)အုပ်စုတို့မှ ကျေးရွာပေါင်း(၁၆)ရွာသည် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး-

(က) မြို့မကျေးရွာအုပ်စု၊ နမ့်ရှုန်ကျေးရွာနှင့်ပတ်သက်၍ ပြည်ထဲရေးအမည်ပေါက် ကျေးရွာအုပ်စုနှင့် ကျေးရွာများစာရင်းတွင် ကွန်ဟိန်းမြို့မကျေးရွာအုပ်စုဖြစ်ပြီး ကျေးရွာပေါင်း(၁၈)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ဒေသအခေါ် နမ့်ရှုန်ကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ(၁၈)ရွာတွင်ပါဝင်သော ဝိန်းနန်းကျေးရွာ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်။ နမ့်ရှုန်ကျေးရွာဟု ခေါ်တွင်ရခြင်းမှာ ဝိန်းနန်း

Shan State Hluttaw

ကျေးရွာနယ်နိမိတ်အတွင်းရှိ နမ့်ရှုန်ချောင်းဘေးတွင် ကပ်လျက်ရှိသော အိမ်ခြေစု(၁၅)အိမ်အား ချောင်းအမည်ကို အစွဲပြု၍ ဒေသအခေါ်ဖြင့် ခေါ်ဆိုခြင်းဖြစ်ပါတယ်။ အဆိုပါ နမ့်ရှုန်ကျေးရွာ၏ စာရင်းဇယား၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စများအား ဝိန်းနန်းကျေးရွာ အနေဖြင့်သာ စီမံဆောင်ရွက်လျက်ရှိပါသဖြင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

(ခ) လိုက်တပ်ကျေးရွာအုပ်စုအတွင်းရှိ နောင်မွန်ကျေးရွာ၊ နမ့်ဟိုင်းကျေးရွာနှင့် ဆိုင်းမွန်ရွာသစ် ကျေးရွာတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်-

(၁) လိုက်တပ်ကျေးရွာအုပ်စုသည် ပြည်ထဲရေး အမည်ပေါက် ကျေးရွာ(၈)ရွာရှိပြီး နောင်မွန်ကျေးရွာသည် ပြည်ထဲရေး အမည်ပေါက်(၈)ရွာတွင်ပါဝင်သည့် ကုန်းပေါင်းကျေးရွာတွင်ပါဝင်ပြီး ဒေသအခေါ် ကုန်းပေါင်းစုစည်းရွာဟု ခေါ်ဆိုပါတယ်။ အဆိုပါ ကုန်းပေါင်းစုစည်းရွာတွင် အိမ်ခြေ (၄၅၆)အိမ်ရှိပြီး ဒေသအခေါ် ဝမ်လွိုင်၊ ဝမ်နှိုင်း၊ ဝမ်မိုင်၊ ကုန်းပေါင်း၊ နောင်မွန်၊ ပန်ဖွန်၊ ကြူဝေါင်း၊ ရေးခေါက်၊ လွတ်လုံစသည့် ကျေးရွာ(၉)ရွာ အား စုစည်းထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောင်မွန်ကျေးရွာသည် ပြည်ထဲရေး အမည်ပေါက်ကုန်းပေါင်းကျေးရွာ၏ စာရင်းဇယားများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများတွင် ပါဝင်ပြီးဖြစ်ပါသဖြင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

(၂) လိုက်တပ်ကျေးရွာအုပ်စု၊ နမ့်ဟိုင်းကျေးရွာသည် ပြည်ထဲရေး အမည်ပေါက် ဟိုကျယ်ကျေးရွာ နယ်နိမိတ်အတွင်းမှာ ပါဝင်နေပြီး ဟိုကျယ်ကျေးရွာ၏ အိမ်ခြေ(၁၆၂)အိမ်တွင် အိမ်ခြေစု(၂၁)စု ပါဝင်သော ဒေသအခေါ် ဟိုကျယ်နမ့်ဟိုင်းကျေးရွာအဖြစ် တည်ရှိနေပါတယ်။ နမ့်ဟိုင်းအိမ်ခြေအုပ်စုအနေဖြင့် ဟိုကျယ်ကျေးရွာ၏ စာရင်းဇယား၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများတွင်ပါဝင်ပြီးဖြစ်ပါသဖြင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

Shan State Hluttaw

(၃) ဆိုင်းမွန်ကျေးရွာသစ်သည် ယခင်ပြည်ထဲရေး အမည်ပေါက် ပန်ပေါင်းကျေးရွာမှ ဒေသခံပြည်သူများသည် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲပါသောကြောင့် ကျေးရွာပျက်ဖြစ်သွားပြီး အဆိုပါကျေးရွာမှ ဒေသခံပြည်သူများသည် ပြည်ထောင်စု လမ်းမကြီးမှလမ်းခွဲဖြစ်သော ကွန်ဟိန်း - ဝမ်စိမ်းလမ်းဘေး ဝဲယာသို့ ပြောင်းရွှေ့အခြေချနေထိုင်လာခဲ့ကြသဖြင့် အိမ်ခြေ (၅၀)ရှိသော ဒေသအခေါ် ဆိုင်းမွန်ရွာသစ် ကျေးရွာအဖြစ် တည်ရှိလာခဲ့ပါတယ်။ အဆိုပါကျေးရွာအား သက်ဆိုင်ရာဌာန များပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ကျေးရွာတိုးချဲ့ ပြင်ဆင် ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း/ ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

(ဂ) ဝမ်လောကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ(၁၁)ရွာ ရှိပြီး ဟိုနားကျေးရွာသည် နမ့်ပန်ချောင်း အရှေ့ဘက်ကမ်း၊ ကျိုင်းမွန်း ကျေးရွာအုပ်စုရှိ ဒေသခံများမှ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် နမ့်ပန်ချောင်း အနောက်ဘက်ကမ်းရှိ မြေယာများတွင် စိုက်ပျိုးရေးလုပ်ကိုင် ဆောင်ရွက်ရန် ဝမ်လောကျေးရွာအုပ်စု နယ်မြေအတွင်း အခြေချ နေထိုင်လာခဲ့ရာ မြေပြင်တွင် ဒေသအခေါ်အဝေါ်အရ ဟိုနားကျေးရွာ အုပ်စုအဖြစ် အိမ်ခြေ(၁၈)အိမ်ခန့်ဖြင့် တည်ရှိနေပါကြောင်းနှင့် ယင်းရွာရဲ့ စာရင်းဇယားများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ် များအား ကျိုင်းလွန်းကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်း ထည့်သွင်း ဆောင်ရွက်ထားရှိပါကြောင်းနှင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ ပြင်ဆင်ရန် မသင့်ပါကြောင်း။

(ဃ) တာကော်ကျေးရွာအုပ်စုတွင် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ(၁၃)ရွာပါ ရှိပါတယ်။ ဖန်လန်းရွာသစ်ကျေးရွာနှင့် ပါလောင်းကျေးရွာတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါသည်-

(၁) ဖန်လမ်းရွာသစ်ကျေးရွာအနေဖြင့် ၂၀၁၀ ခုနှစ်ခန့်မှစ၍ ပြည်ထဲရေးအမည်ပေါက် ဖန်လန်းကျေးရွာမှ တိုးလာသော အိမ်ခြေ(၂၀)ခန့် အခြေချနေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဖန်လန်း ရွာသစ်၏ စာရင်းဇယားများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စများအား ပြည်ထဲရေးအမည်ပေါက် ဖန်လန်းကျေးရွာတွင်

Shan State Hluttaw

ထည့်သွင်းပြုစုထားပါကြောင်း၊ ယင်းကျေးရွာသစ်အနေဖြင့် ဖန်လန်းရွာဟောင်းနေရာတွင် ရွာတိုးချဲ့ရန် နေရာအခက်အခဲကြောင့် သီးခြားနေရာတွင် ရွာတိုးချဲ့ထားခြင်းသာဖြစ်ပါသဖြင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

(၂) ပါလောင်းရွာသည် လယ်ယာလုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သည့် အိမ်ခြေစုဖြစ်ပြီး လက်ရှိအိမ်ခြေ (၁၀) အိမ်သာရှိပါတယ်။ ယင်းရွာ၏ စာရင်းဇယားများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများသည် ပြည်ထဲရေးအမည်ပေါက် ပါကွေ့ကျေးရွာအတွင်း ထည့်သွင်းဆောင်ရွက်နေသည့်အတွက် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

(၈) ကျိုင်းလွန်းကျေးရွာအုပ်စုအတွင်းရှိ နမ့်ဝပ် (နားဝမ်) ကျေးရွာနှင့် ပတ်သက်၍ လယ်ယာလုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သည့် အိမ်ခြေစုဖြစ်ပြီး လက်ရှိအိမ်ခြေ(၇)အိမ်သာရှိပါတယ်။ ယင်းရွာ၏ စာရင်းဇယားများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများအား ပြည်ထဲရေးအမည်ပေါက် နားလေကျေးရွာအတွင်း ထည့်သွင်းဆောင်ရွက်နေသည့်အတွက် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်း။

(၉) ဝမ်ပတ်ကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ(၆)ရွာရှိပြီး မေးမြန်းထားသည့် ပြည်ထဲရေးအမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသော (၈)ရွာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေကြားအပ်ပါသည် -

(၁) ရှမ်းပြည်နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ တရားဝင်အမည်ပေါက်ဖွဲ့စည်းခွင့်ရရှိထားခြင်း မဟုတ်ဘဲ အခြေချနေထိုင်ကြသည့် ကျေးရွာများစာရင်းတွင် ကုန်းဆာ(မြောက်) ကျေးရွာ (ကုန်းဆာကျေးရွာ)၊ နမ့်မော်ခမ်းကျေးရွာနှင့် ပန်ဝိကျေးရွာ (၃)ရွာအား ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂-၆-၂၀၂၆) ရက်စွဲပါစာအမှတ်၊ ၂/၄-၁(၂၂၄)/ဦး၁(အထဉ)ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ထည့်သွင်းတင်ပြထားရှိပါကြောင်း၊ လက်ရှိတွင် ကုန်းဆာ(မြောက်)(ကုန်းဆာ)ရွာ၌ အိမ်ခြေ(၆၅)၊ နမ့်မော်ခမ်းကျေးရွာ၌ အိမ်ခြေ(၆၀)နှင့်

Shan State Hluttaw

ပန်ဝိကျေးရွာ၌ အိမ်ခြေ(၈၃)အိမ်ရှိပါသဖြင့် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ကျေးရွာတိုးချဲ့ပြင်ဆင်ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း/ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊

(၂) ဖာကျင်းကျေးရွာသည် ဝမ်ပတ်ကျေးရွာအုပ်စု၊ လုပ်ခိုက်(လွယ်ဆိုင်) ကျေးရွာမှခွဲထွက်၍ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်နေကြသူများ အခြေချနေထိုင်သော အိမ်ခြေ(၁၉)အိမ်ခန့်ရှိ အိမ်ခြေစုကျေးရွာ(၁)ခု ဖြစ်ပါတယ်။ ယင်းကျေးရွာနေပြည်သူများ၏ စာရင်းဇယားများအား လုပ်ခိုက်(လွယ်ဆိုင်) ကျေးရွာအတွင်း၌ ထည့်သွင်းထားရှိပါသဖြင့် ရွာသစ်အဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သူများဖြစ်၍ လက်ရှိတွင် မြေပြင်အနေအထားအရ ဝမ်ပတ်ကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် ဆက်စပ်နေသော်လည်း ကွန်ဟိန်းမြို့နယ် နယ်မြေအတွင်းပါဝင်ခြင်းမရှိဘဲ မိုင်းရူးမြို့နယ်အတွင်း ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

(၃) နမ့်ခိုက်ကျေးရွာသည် ပြည်ထဲရေး အမည်ပေါက်ကျေးရွာဖြစ်သည့် လုပ်ခိုက်(လွယ်ဆိုင်)ကျေးရွာမှ ခွဲထွက်လာပြီး ကျေးရွာစုအနေဖြင့် ကာလိ - မိုင်းစံလမ်းဘေးနှင့် နီးရာဘေးသို့ ပြောင်းရွှေ့အခြေချနေထိုင် လာခြင်းဖြစ်ပါတယ်။ လက်ရှိတွင် နမ့်ခိုက်ကျေးရွာ၌ အိမ်ခြေ(၆၈)အိမ်ပါရှိသဖြင့် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ကျေးရွာတိုးချဲ့ပြင်ဆင်ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

(၄) ဟောင်လိတ်ကျေးရွာနှင့်ကောင်းခါးကျေးရွာတို့သည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ဆောင်ရွက်ရာမှ အိမ်စုများဖြစ်ပေါ်လာကာ အိမ်ခြေများ တိုးတက်များပြားလာခြင်းဖြစ်ပါတယ်။ လက်ရှိတွင် ဟောင်လိတ်ကျေးရွာ၌ အိမ်ခြေ(၇၀)ခန့် ကောင်းခါးကျေးရွာ၌ အိမ်ခြေ(၅၀)ခန့် ရှိနေပါသဖြင့် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ကျေးရွာတိုးချဲ့ပြင်ဆင်ပယ်ဖျက်

Shan State Hluttaw

ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

(၅) ဝမ်ပတ်ကျေးရွာသည် ပြည်ထဲရေး အမည်ပေါက်ဖြစ်သည့် ကပ်လျက်ရှိသော ကောင်းဝပ်ကျေးရွာ၊ အိမ်ခြေ(၄၀)နှင့် ကောင်းဆိုင်းကျေးရွာ အိမ်ခြေ (၄၀)တို့အား ဒေသအခေါ်အရ ဝမ်ပတ်ကျေးရွာအဖြစ် ခေါ်ဆိုခြင်းဖြစ်ပါ၍ ကျေးရွာတိုးချဲ့ ပြင်ဆင်ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြား ချက်များနှင့်အညီ အမည်ပြောင်းလဲ ဆက်လက်ဆောင်ရွက် သင့်ပါကြောင်း။

ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဖော်ပြပါကျေးရွာများမှ (၁) ကွန်ဟိန်းမြို့မ ကျေးရွာအုပ်စု၊ နမ့်ရုန်ကျေးရွာ၊ (၂) လိုက်တပ်ကျေးရွာအုပ်စု၊ နောင်မွန်ကျေး ရွာနှင့် နမ့်ဟိုင်းကျေးရွာ၊ (၃) ဝမ်လောကျေးရွာအုပ်စု၊ ဟိုနားကျေးရွာ၊ (၄) တာကော်ကျေးရွာအုပ်စု၊ ဖန်လန်းရွာသစ်ကျေးရွာနှင့် ပါလောင်းကျေးရွာ (၅) ကျိုင်းလွန်းကျေးရွာအုပ်စု၊ နမ့်ဝပ်(နားဝမ်)ကျေးရွာ၊ (၆) ဝမ်ပတ်ကျေးရွာအုပ်စု၊ ဖာကျင်းကျေးရွာ၊ စုစုပေါင်းကျေးရွာအုပ်စု (၆)ခုမှ ကျေးရွာ(၈)ရွာတို့အား ကျေးရွာ သစ်အဖြစ် ပြင်ဆင်ရန်မလိုအပ်ပါကြောင်းနှင့် (၁) လိုက်တပ်ကျေးရွာအုပ်စု၊ ဆိုင်းမွန် ရွာသစ်ကျေးရွာ၊ (၂) ဝမ်ပတ်ကျေးရွာအုပ်စု၊ (၃) ကုန်းဆာ (မြောက်)၊ (ကုန်းဆာ) ကျေးရွာ၊ ဟောင်လိတ်ကျေးရွာ၊ နမ့်မော်ခမ်းကျေးရွာ၊ ပန်ဝိကျေးရွာ၊ ကောင်းခါး ကျေးရွာ၊ နမ့်ခိုက်ကျေးရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု(၂)ခုမှ ကျေးရွာ(၇)ရွာတို့အား ကျေးရွာသစ်များအဖြစ် တိုးချဲ့ရန်လိုအပ်ပါကြောင်းနှင့် ဝမ်ပတ်ကျေးရွာအုပ်စုရှိ ကပ်လျက်တည်ရှိသော ကောင်းဝပ်ကျေးရွာနှင့် ကောင်းဆိုင်းကျေးရွာ(၂)ရွာအား ပေါင်း၍ ဝမ်ပတ်ကျေးရွာအဖြစ် အမည်ပြောင်းလဲရန် လိုအပ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့/ရွာပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ပြင်ဆင်ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၄)ပါ ပြဋ္ဌာန်းချက်များ အတိုင်း အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်၍ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ဟုတ်ကဲ့ကျေးဇူး တင်ပါတယ်ခင်ဗျား။ ထပ်ဆင့်ရှင်းလင်း တင်ပြမေးမြန်းခွင့်ပြုပါခင်ဗျား။ ယခုလို

Shan State Hluttaw

ကျွန်တော်တို့ ရွာတိုးရွာလျော့စာရင်းတွေကို ယခင်ကိုယ်စားလှယ်တော်ကြီးများ အဆက်ဆက်ကလည်း ဆောင်ရွက်ခဲ့ကြတယ်လို့ လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရဲ့ မနေ့က ပြောကြားချက်ကိုလည်းအလေးထားပြီး ကျွန်တော်က လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဆိုင်းမွန်ရွာသစ်နဲ့ ပန်ပေါင်း ရွာဟောင်းက မတူပါဘူး။ ခုနက ဝန်ကြီးရှင်းပြသလိုပါပဲ။ ရွာဟောင်းက တောထဲမှာ မရှိတော့ပါဘူး။ ပန်ပေါင်းအိမ်ထောင်စုကလည်း(၂၀) လောက်ပဲရှိပြီးတော့မှ လူဦးရေ (၉၉)ယောက်လောက်ပဲ ပြထားတာဖြစ်ပါတယ်။ ဆိုင်းမွန်ရွာသစ်ဟာဆိုလိုရှိရင် ရွာသစ်အထွက်လမ်းဘေးမှာ လူဦးရေ(၂၆၃)ဦးအထိ ကျွန်တော်တို့ ရှိနေတာဖြစ်တဲ့ အတွက်ကြောင့်မလို့ ဆောင်ရွက်ပေးမယ်ဆိုတာသိရလို ကျွန်တော်တို့ကျေးဇူးတင် ရှိပါတယ်။ နားဝမ်နဲ့ ကျွန်တော်တို့နားလေဆိုတာမတူပါဘူး။ နားလေနဲ့နားဝမ်နဲ့ ကျွန်တော်တို့ အဝေးကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကာလိ - ဆိုင်းလျှံ - နားဝမ် - နားကစ်-ပါဆပ်-ကျိုင်းလွန်း လမ်းပေါ်မှာ သူကအိမ်ခြေ(၂၀)အထိ ရှိနေတဲ့ရွာဖြစ်ပါ တယ်။ ကျွန်တော်တို့ ကွင်းဆင်းစိစစ်ချက်အရ ဝန်ကြီးရဲ့ပြောကြားချက်မှာတော့ (၇)ယောက်နဲ့ပဲ ကျွန်တော်တို့ ထွေအုပ်က စာရင်းပြထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ မသန်စွမ်းသူ(၂)ယောက် ကျွန်တော်တို့ ရှိနေပြီးတော့မှ GAD စာရင်း မပေါက်လို့ ကျွန်တော်တို့ လူမှုဝန်ထမ်းတို့ NGO, MSI လိုကိစ္စတွေမှာထောက်ပံ့မှု မရရှိဘူးဖြစ်နေပါတယ်။ ဝိန်းဖီးနားမှာပဲ နားလေရှိပြီး နားလေ၊ နားကပ်ဆိုပြီး သပ်သပ်ရှိနေတာဖြစ်ပါတယ်။ နားဝမ်နဲ့ နားလေမတူတဲ့အကြောင်း တင်ပြတာဖြစ် ပါတယ်ခင်ဗျား။ ကုန်းဆာ(မြောက်)ရွာဟာ ကျွန်တော်တို့ လက်ရှိတိုးချဲ့မဲ့ ရွာတိုး စာရင်းထဲမှာပါတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ Power Point လေးနဲ့ ပြန်လည် တင်ပြခွင့်ပြုပါခင်ဗျား။ ခုနက ကုန်းဆာမြောက်ရွာမှာဆိုရင် ဒါခုနကတဲလေးနဲ့ ပထမတစ်ကြိမ်တုန်းက ကျွန်တော် တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီကျောင်းလေးဖွင့်ပြီး တော့မှ ကျွန်တော်တို့ KG (၃၀)၊ Grade-1 (၃၅) ယောက်လောက် ကျွန်တော်တို့ ရွာက အစီအစဉ်နဲ့ ကျွန်တော်တို့ ဆရာ/ဆရာမ (၈)တန်းအောင် နှစ်ယောက်ကနေပြီးတော့ စာပေသင်ကြားပေးနေတာဖြစ်ပါတယ်။ ဒီရွာရဲ့ကျောင်းလေးကို ကိုယ်ထူကိုယ်ထ ကျောင်းဆောက်မယ်ဆိုတဲ့ အနေအထားလေးရှိတဲ့အတွက်ကြောင့်မလို့ မြို့နယ် ပညာရေးမှူးနဲ့ ချိတ်ဆက်ပြီးဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့က GAD မပေါက်တာရယ်၊ သစ်တောကြိုးဝိုင်းထဲကို ဒီကုန်းဆာ(မြောက်)ရွာကြီးက လွယ်မယ် ကြိုးဝိုင်းထဲမှာပါနေတာရယ် ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ဒီမှာအခက်အခဲ ရှိနေပါတယ်။ ကျွန်တော်တို့ ဒါ HR ဆုံးရှုံးနေတဲ့အနေအထားဖြစ်ပါတယ်။ ဒီကလေး တွေကနေ လူချွန်/ လူကောင်းတွေ ထွက်ပေါ်လာနိုင်တဲ့အနေအထားရှိပါတယ်။

Shan State Hluttaw

နိုင်ငံရဲ့ GDP ကိုလည်း တိုးတက်လာမယ်လို့ ကျွန်တော်ကတင်ပြလိုခြင်းဖြစ်ပါ တယ်ခင်ဗျား။ နောက်ခုနက ကျွန်တော်တို့ ဝန်ကြီးရှင်းပြသွားသလိုပဲ ကျွန်တော်တို့ ဝမ်ပတ်အုပ်စုဟာ မြေပြင်မှာမရှိတော့ပါဘူး။ ကောင်းဝတ်နဲ့ ကောင်းဆိုင်းဆိုတဲ့ ဒီနှစ်ရွာကလည်း ကျွန်တော်တို့ ချောင်းလေးပဲခြားပြီး တည်ရှိနေတာဖြစ်ပါတယ်။ ဝမ်ပတ်ဆိုတာကိုဖျက်ပြီး ခုနက ကောင်းဝတ်၊ ကောင်းဆိုင်းလို့ ပြင်နိုင်လို့ရှိရင်ဒါ အဆင်ပြေသွားမှာဖြစ်ပါတယ်။ တာကော်အုပ်စုဆိုရာမှာလည်း တာကော်ရွာဆိုတာ မြေပြင်မှာမရှိပါဘူးခင်ဗျား။ ဖန်လမ်းရွာသစ်နဲ့ ရွာဟောင်းပဲ ကျွန်တော်တို့ရှိပါတယ်။ တာကော်ဆိုတာ ကျွန်တော်တို့ ကူးတို့ဆိပ်ကိုပဲ ပြောဆိုသုံးစွဲခဲ့ကြတာဖြစ်ပါတယ် ခင်ဗျား။ နောက်တစ်ခါ ကျွန်တော်တို့ ဟောင်လိတ်၊ ဟောင်လိတ်ရွာကိုလည်း ကျွန်တော်တို့ ရွာတိုးစာရင်းထဲဆောင်ရွက်ပေးမယ်လို့ သိရတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ ကျေးဇူးအများကြီးတင်ပါတယ်။ မိုင်းရှူးသွားလမ်းပေါ်မှာပဲရှိနေတဲ့ ရွာဖြစ်ပါတယ်။ ကွန်ဟိန်းနဲ့ မိုင်းရှူးအစပ်ကရွာဖြစ်ပြီး လက်ရှိ ဝမ်ပတ်အုပ်စု အုပ်ချုပ်ရေးမှူးဆိုသူဟာလည်း ဒီဟောင်လိတ်ရွာမှာပဲ နေထိုင်လျက်ရှိပြီး သူလက်ရှိ နေထိုင်တဲ့ရွာကိုယ်တိုင် ကျွန်တော်တို့ GAD မှာစာရင်းမပေါက်ဘူးဖြစ်နေတာဖြစ်ပါ တယ်ခင်ဗျား။ ခုနက ဖာကျင်းကျေးရွာဆိုလို့ရှိရင်တော့ မြို့ရဲ့နယ်နိမိတ်အရ မိုင်းရှူး ထဲမှာပါနေတယ်လိုမြေပြင်မှာ ကျွန်တော်တို့တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော်တို့ အုပ်ချုပ်မှုကိစ္စအဝဝကို ကျွန်တော်တို့ ဝမ်ပတ်နဲ့ပဲဆက်သွယ်ပြီးဆောင်ရွက် နေပါတယ်။ ပြည်သူ့စစ်ဆောင်ရွက်ခြင်းကိစ္စလိုမျိုးတွေ မှတ်ပုံတင်ကိစ္စမှာလည်း ၁၃/ကဟန(နိုင်)နဲ့ ဒါကျွန်တော်တို့ ပုံစံ(၆၆)ထုတ်ပေးတာလည်း ကျွန်တော်တို့ ၁၃/ကဟန(နိုင်)ပဲ ကျွန်တော်တို့ ကွန်ဟိန်းကနေပြီးတော့မှ ထုတ်ပြီးတော့မှ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဆောင်ရွက်မဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့်မလို့ ကွန်ဟိန်းလား၊ မိုင်းရှူးလား ကျွန်တော်တို့ ဒါလေးကိုတော့ ကွဲကွဲပြားပြားဖြစ်ဖို့ တင်ပြချင်ပါတယ်ခင်ဗျား။ နောက်တစ်ခါ ကောင်းခါးဟာလည်း ဟောင်လိတ်ကို အစည်းအဝေးလာတက်နေတဲ့ ဟောင်လိတ်လမ်းမှာပဲ ရှိတဲ့ရွာဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့တင်ပြတဲ့ နမ့်မော်ခမ်း၊ ပန်ဝိ၊ နမ့်ခိုက်၊ ဖာကျင်း ခုနက ကျွန်တော်တို့ တင်ပြတဲ့ ရွာတွေဟာလည်းပေါင်းပြီးတော့ GAD မှာ လုပ်ခိုက်လို့ ကျွန်တော်တို့ ဖော်ထားပေမဲ့ ကျွန်တော်တို့ မြေပြင်မှာ လုပ်ခိုက်ဆိုပြီးမရှိပါဘူး။ မြေပြင်မှာလည်း တစ်နေရာစီဖြစ်ပါတယ်။ မြေပြင်မှာ တစ်ရွာနှင့်တစ်ရွာ(၅)မိုင်ကနေ (၁၀)မိုင်ခန့် ကွာဝေးနေကြပြီး ရွာကြီးတွေဖြစ်ပါတယ်ခင်ဗျား။ ပန်ဝိဆိုလို့ရင် နှစ်(၇၀) အထက်ရှိပါတယ်။ ကာလိ-မိုင်းရှူးသွားတဲ့ လမ်းမကြီးပေါ်မှာပဲရှိနေပြီးတော့ လူဦးရေ (၁၃၇၃)ဦးတို့ရှိနေပါတယ်။ ဒါတောင်ကျွန်တော်တို့ ပလောင်တဲတန်းတစ်ခုကို အိမ်ခြေ

Shan State Hluttaw

တစ်ခု အနေနဲ့ပဲ ကျွန်တော်တို့တွက်ထားခြင်းဖြစ်ပါတယ်။ တဲ့တန်းတစ်ခုမှာ အိမ်ထောင်စုခွဲမယ်ဆိုရင် ကျွန်တော်တို့ (၁၀)စု၊ (၁၅)စုတို့ ခွဲလို့ရမဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မလို့ တင်ပြပါကျေးရွာတွေကို တင်ပြပါရွာရဲ့ အမည်များ အလိုက် GAD စာရင်းထည့်သွင်းပေးရေးကို ရွာခံဒေသခံပြည်သူလူထုတွေက များစွာလိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယမန့ေက ဆွေးနွေးပွဲတစ်ခုမှာ ကျွန်တော်တို့ရဲ့ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ပြောကြားချက်ကိုလည်း ကိုးကားချင်ပါတယ်ခင်ဗျား။ ဌာနအများစုဟာဝန်ထမ်း ၅၀ ရာခိုင်နှုန်းရဲ့ အောက်မှာပဲ ကျွန်တော်တို့အလုပ်လုပ်ကိုင် နေကြရတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံပြည့်လုလု ၈၀ ရာခိုင်နှုန်းခန့်ရှိနေတာဟာ GAD ဌာနတစ်ခုပဲ ရှိနိုင်တယ်လို့ ဒါဥက္ကဋ္ဌကြီးရဲ့ ပြောကြားချက်ကို ကျွန်တော် Reference လုပ်ချင်ပါတယ်ခင်ဗျား။ ဒါကြောင့်မလို့ ၈၀ ရာခိုင်နှုန်းလောက်အထိ ဖွဲ့စည်းထားနိုင်သည့် GAD အနေနဲ့ ဒီရွာတိုး ရွာလျှော့ စာရင်းတွေကို ဌာနရဲ့ဝန်ထမ်း အဆင့်ဆင့်က အောင်မြင်စွာဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒီနေရာမှာ အခက်အခဲလေးတစ်ခု ထပ်မံတင်ပြချင်တာကတော့ ဒီရွာတိုးရွာလျှော့ စာရင်းတွေကိုလုပ်ချင်တယ်ဆိုလို့ရှိရင် သက်ဆိုင်ရာကျေးရွာတွေက ဒီရွာတွေရဲ့အမှုတွဲ ကုန်ကျစရိတ်ကို ကျခံရနိုင်တယ်ဆိုတာကိုလည်း ဥပဒေအရ ဟုတ်/ မဟုတ် သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်ကြီးထပ်ဆင့်မေးတဲ့အပေါ်မှာ ဒါမြေပြင်အခြေအနေမှာရှိတဲ့ အနေအထားနဲ့ ဌာနရဲ့ဖြေကြားမှုတွေမှာ တစ်ချို့နေရာတွေမှာ နည်းနည်းလေးလွဲတာရှိပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကိုယ်စားလှယ်ကြီးနဲ့ ဒီဌာနနဲ့ အသေးစိတ်တွေ့ဆုံပြီးတော့ ဆွေးနွေးပါ။ မြေပြင်အခြေအနေရဲ့ ဖြစ်စဉ်အနေအထားနဲ့ ဌာနနဲ့ ပေါင်းစပ်ပြီးတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးအပိုင်းတွေနဲ့ပေါင်းစပ်ပြီးတော့ ဒေတာရအောင် ဆောင်ရွက်ဖို့ လိုမယ်လို့ထင်ပါတယ်။ အခုထပ်ဆင့်မေးတဲ့မေးခွန်းအပေါ်မှာလည်း ဝန်ကြီးအနေနဲ့ ဖြေဖို့ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ကိုယ်စားလှယ်နဲ့ ဝန်ကြီးနဲ့ တွေ့ဆုံလိုက်ပါ။ တွေ့ဆုံပြီးတော့ ဒါလေးသေချာလေး ညှိနှိုင်းပေါင်းစပ်လိုက်ပါလို့လည်း အကြံပြုလိုပါတယ်။ ဝန်ကြီးပြောမလား။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ပြီးတော့မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့

Shan State Hluttaw

ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားထားတဲ့ထဲမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးရွာများ ပြင်ဆင်တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့လွှတ်တော်ကာလ အစည်းအဝေးတစ်ခုမှာ ကျွန်တော် ကိုယ်တိုင်လည်း လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ရှင်းလင်းပြောကြားခဲ့တဲ့ ထဲမှာပါရှိပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ကျေးရွာများ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပါ။ လုပ်ထုံး၊ လုပ်နည်းလိုအပ်ချက်အရ မဖြစ်မနေဆောင်ရွက်ရမဲ့ကိစ္စ ဖြစ်တယ်ဆိုရင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနဲ့ မဆန့်ကျင်စေဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများနဲ့ပေါင်းစပ်ပြီးတော့ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အဆင့်ဆင့်မှာ ရှိသော ဒီအုပ်ချုပ်မှုပိုင်းဆိုင်ရာ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီးတော့ အထက်ဌာန အဆင့်တွေကို တင်ပြနိုင်တယ်ဆိုတဲ့ အကြောင်းကိုလည်း ရှင်းလင်းပြီးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းမှာလည်း ဖြေကြားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနရဲ့ ဖွဲ့စည်းပုံတွေ အခြေအနေတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်သီးခြား ရှင်းလင်းစရာ လိုမယ်လို့မထင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီအဖြေနဲ့ ပတ်သက်ပြီး ပြည့်စုံအောင် အသေးစိတ်အချိန်ကြာမြင့်စွာနဲ့ ကျွန်တော်ဖြေကြားပေးထားတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ အကယ်၍များ ယခုကိစ္စမျိုးနဲ့ ပတ်သက်ပြီးတော့ ကွန်ဟိန်းမြို့နယ် တစ်မြို့နယ်ထဲကမှမဟုတ်ပါဘူး ကျန်တဲ့ မြို့နယ်နဲ့ပတ်သက်ပြီးတော့ လိုအပ်ချက်ရှိမယ်ဆိုပါက ကျွန်တော့်ထံမှာလာရောက်ပြီးတော့ ဆွေးနွေးနိုင်ပါကြောင်း ကျွန်တော် အခဲ့တာလေးကိုထပ်ဆင့်ပြီးတော့မှ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်ဝါဝါထွေး၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ဝါဝါထွေး၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါရှင်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊

Shan State Hluttaw

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ဝါဝါထွေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဘန့်ဟင် ကျေးရွာအုပ်စု၊ ဝမ်ခိုင်း(ဘန့်) အလယ်တန်းကျောင်းခွဲမှာ လိုအပ်နေတဲ့ ဆရာ/ ဆရာမများ ခန့်အပ်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်း သွားမှာဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်း(ဘန့်) ကျေးရွာမှာ အိမ်ခြေပေါင်း (၃၇၂)အိမ်၊ လူဦးရေ(၁၀၉၀)ဦး နေထိုင်လျက်ရှိပါတယ်။ ဒေသထွက်ကုန်အနေနဲ့ လယ်ကော(၃၂၀)ကော်ပေါ်မှာ စပါးများစိုက်ပျိုးခြင်းနှင့် ပြောင်း များနှစ်စဉ်တန်ချိန်ပေါင်း သိန်းချီထွက်ရှိပြီး နိုင်ငံအတွက် ဒေသထွက်ကုန်အများ အပြား စိုက်ပျိုးတဲ့ဒေသဖြစ်ပါတယ်ရှင်။

ဝမ်ခိုင်း(ဘန့်)ကျေးရွာမှာ ၁၉၉၂ ခုနှစ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ အခြေခံ ပညာမူလတန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှာ အခြေခံ ပညာမူလတန်းလွန်ကျောင်းအဖြစ်သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အခြေခံ ပညာအလယ်တန်းကျောင်းခွဲ အဆင့်သို့လည်းကောင်း အသီးသီးတိုးမြှင့် ဖွင့်လှစ် ခဲ့ပါတယ်။ အဆိုပါကျောင်းမှာ ကျောင်းအနီးပတ်ဝန်းကျင်ရှိ ကျေးရွာ(၆)ရွာမှ ကျောင်းသူ/ ကျောင်းသားများ လာရောက်၍ ပညာသင်ကြားလျက်ရှိပါတယ်ရှင်။ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ KG မှ Grade(7) အထိ ကျောင်းသူ/ ကျောင်းသား စုစုပေါင်း (၂၈၉)ဦးတို့ ပညာသင်ကြားလျက်ရှိပါတယ်။ မူလတန်းအဆင့်မှာ (၂၆၂)ဦးနှင့် အလယ်တန်းအဆင့်မှာ (၂၇)ဦးတို့ ဖြစ်ပါတယ်ရှင်။ မူလတန်းအဆင့်မှာ KG ၄၈ဦး၊ G(1) ၆၄ ဦး၊ G(2) ၄၈ ဦး၊ G(3) (၃၄)ဦး၊ G(4) (၄၀)ဦး၊ G(5) (၂၈)ဦး၊ စုစုပေါင်း(၂၆၂) ဦးဖြစ်ပါတယ်ရှင်။ ပြီးရင်အလယ်တန်းအဆင့်မှာ G(6) (၁၉)ဦး၊ G(7) (၈)ဦး၊ စုစုပေါင်း(၂၇) ဦး တို့ဖြစ်ပါတယ်ရှင်။ ဒါကြောင့် မူလတန်းနှင့်အလယ်တန်းမှာ ယခုနှစ် ကျောင်းသူ/ ကျောင်းသား စုစုပေါင်း(၂၈၉)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါ ကျောင်းမှာနိုင်ငံတော်မှခန့်အပ်တဲ့ ဆရာမမှာ(၂)ဦးသာ ရှိပါတယ်။ ဆရာ/ ဆရာမ ဦးရေ မလုံလောက်တဲ့အတွက်ကြောင့်မလို့ ကျေးရွာမှ ရွာခန့်ဆရာမ(၄)ဦးအား နှစ်စဉ်ငှားရမ်းလာခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဘန့်ဟင် ကျေးရွာအုပ်စု၊ ဝမ်ခိုင်း(ဘန့်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် လိုအပ်နေတဲ့ ဆရာ/ဆရာမများအားခန့်အပ်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ကျေးရွာမှ

Shan State Hluttaw

အမှန်တကယ်လိုအပ်နေသောကြောင့် အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဒေသခံပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူး တင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဒုတိယမေးခွန်းဆက်မေးပါ။ တစ်ဆက်တည်းဖြေမှာပါ။

ဒေါ်ဝါဝါထွေး၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ တစ်ဆက်တစ်စပ်တည်း ဒုတိယမေးခွန်းဖြစ်တဲ့ အဆိုပါနမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်းကျေးလက်ကျန်းမာရေးဌာနခွဲမှာ လိုအပ်နေတဲ့ သားဖွားဆရာမ(၁)ဦး ခန့်အပ်ပေးနိုင်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့မှ ဆက်လက်မေးမြန်း တင်ပြခွင့်ပြုပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခုရှိပြီး သားဖွားဆရာမ (၁)ဦး အမှန်တကယ်လိုအပ်လျက်ရှိပါတယ်ရှင်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးများ တိုက်ကျွေးရန်အတွက် ကျန်းမာရေးကြီးကြပ်(၁)ဦးကို ၂၀၂၆ ခုနှစ်မှာ ခန့်ထားပြီးဖြစ်သော်လည်း ဒေသအတွင်းမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်များအတွက် မီးဖွားရာတွင် ကျွမ်းကျင်စွာမွေးဖွားပေးမည့် သားဖွားဆရာမများမရှိသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များမှာ မီးဖွားရန်အတွက် ၎င်းရွာနှင့်(၂)မိုင်ခန့်ဝေးသည့်လမ်းခရီး အဆင်မပြေသည့် နောင်စန့်ရွာသို့ သွားရောက်ရပါတယ်။ အချို့မှာ နမ့်စန်မြို့အထိ သွားရောက်မွေးဖွားကြရပါတယ်။ အချိန်မီမရောက်ရှိနိုင်ခြင်းကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါတယ်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် မွေးဖွားပြီးစမိခင်များအတွက် ၎င်းတို့ရွာမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သားဖွားဆရာမ မရှိတဲ့အတွက်ကြောင့်မလို့ အခက်အခဲများစွာနှင့် လက်ရှိအမှန်တကယ် ကြုံတွေ့နေရပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးများရဲ့ဦးရေဟာ အမျိုးသားများထက် ရာခိုင်နှုန်းအားဖြင့်များပြားသောကြောင့် အမျိုးသမီးထုရဲ့အင်အားဟာ နိုင်ငံတော်တည်ဆောက်ရေးမှာ အဓိကအခန်းကဏ္ဍမှာပါဝင်လျက်ရှိနေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်ရှင်။ နိုင်ငံတော်တည်ဆောက်ရာမှာ ကျန်းမာသန်စွမ်းတဲ့ မျိုးဆက်သစ်သားကောင်းရတနာများရဲ့ အားများဟာလည်း မရှိမဖြစ်လိုအပ်ပါတယ်။ ကျေးလက်နေကိုယ်ဝန်ဆောင်မိခင်များအနေနဲ့ ၎င်းတို့ရင်သွေးများကို ကျန်းမာစွာ မွေးဖွားနိုင်ရေးအတွက် ကိုယ်ဝန်ဆောင်ကာလ၌လည်းကောင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးကာလတို့၌လည်းကောင်း၊ အနီးကပ်လမ်းညွှန်ကြပ်မတ်ပေးမည့် သားဖွားဆရာမကို အဓိက အားကိုးအားထားပြုလျက်ရှိနေရပါတယ်ရှင်။ လေးစားအပ်ပါသောလွှတ်တော်

Shan State Hluttaw

ဥက္ကဋ္ဌကြီးရှင်။ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်းကျေးလက်ကျန်းမာရေးဌာနခွဲမှာ အမှန်တကယ်လိုအပ်နေတဲ့ သားဖွားဆရာမ(၁)ဦးအား အမြန်ဆုံးခန့်အပ်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ဒေါ်ဝါဝါထွေး၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်း (ဘန့်)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လိုအပ်နေသော ဆရာ/ဆရာမများအား အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ရှင်။

နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်း(ဘန့်)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် မူလတန်းကျောင်းအုပ် (၁)ဦး၊ ဒုမူပြ(၁)ဦး၊ လက်ထောက်မူပြ(၁)ဦး၊ စုစုပေါင်း(၃)ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၂၈၉)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ လက်ရှိအခြေအနေတွင် ဒု-မူပြ ဆရာမ(၁)ဦး ဌာနနှင့်ကင်းကွာလျက်ရှိပြီး မူအုပ်(၁)ဦး၊ လက်ထောက်မူပြ(၁)ဦး၊ စုစုပေါင်း(၂)ဦး တာဝန်ထမ်းဆောင်လျက်ရှိသောကြောင့် ကျေးရွာလူထုခန့် ဆရာမ(၄)ဦးခန့်ထားကာ စုစုပေါင်း ဆရာမ(၆)ဦးဖြင့် သင်ကြားရေးအဆင်ပြေစေရေး စီမံဆောင်ရွက်ထားလျက်ရှိပါတယ်။ ဆရာ/ ဆရာမ မလုံလောက်ခြင်းကို အစားထိုးဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက် တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ B.A(Edu), B.Sc(Edu) လေးနှစ်သင်တန်းဆင်းများအား လက်ထောက်အလယ်တန်းပြအဖြစ် နိုင်ငံတော်မှ ထပ်မံခန့်ထားပေးသည့်အချိန်တွင် ဦးစားပေးဖြည့်တင်းခန့်ထားပေးမှာ ဖြစ်ပါတယ်။ ပညာရေးနှင့် နည်းပညာဒီပလိုမာသင်တန်း Dip.Ep သင်တန်းဆင်း မူလတန်းပြများအား ၂၇.၇.၂၀၂၆ နေ့စွဲပါစာအမှတ်၊ ဌာနခွဲ(၁)ခ/၃၃၀၇/လထမူပြ Dip.Ep အမှတ်စဉ်(၁)အဖြစ် နမ့်စန်မြို့နယ်တွင် ဆရာ/ ဆရာမ(၁၂)ဦးကို ဆရာ မရှိသောကျောင်းများနှင့် ဆရာ(၁)ဦးသာရှိသော ကျောင်းများသို့ ဦးစားပေး ခန့်ထားပြီးဖြစ်ပါတယ်ရှင်။

Shan State Hluttaw

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မတို့ ရှမ်း(တောင်)အနေဖြင့် မူလတန်းပြများကို (၄၁၆)ဦး ၂၇.၇.၂၀၂၆ ရက်နေ့တွင် (၄၁၆)ဦးခန့်ထားပြီး ဖြစ်ပါတယ်ရှင်။ တောင်ကြီးမြို့မှာ (၁၁)ဦး၊ ရပ်စောက်(၂၆)ဦး၊ ဟိုပုံး(၄၆)ဦး၊ ဆီဆိုင်(၄၂)ဦး၊ ပင်လောင်း(၃)ဦး၊ ကလော (၁၃)ဦး၊ လွိုင်လင်(၃၃)ဦး၊ လဲချား(၃၆)ဦး၊ မိုင်းကိုင်(၆၀)ဦး၊ မိုင်းရှူး(၂၆)ဦး၊ ကျေးသီး (၃၈)ဦး၊ နမ့်စန်(၁၂)ဦး၊ ကွန်ဟိန်း(၁၉)ဦး၊ မိုးနဲ(၅)ဦး၊ လင်းခေး(၁၉)ဦး၊ မောက်မယ် (၁၂)ဦး၊ မိုင်းပန်(၅)ဦး၊ စုစုပေါင်း (၄၁၆)ဦးကို လက်ထောက် မူပြအဖြစ် ကျွန်မတို့ ရှမ်း(တောင်)မှာ ခန့်ထားပေးပြီးသားဖြစ်ပါတယ်ရှင်။ ရှမ်း(ရှေ့) လက်ထောက်မူပြ အနေဖြင့် ကျွန်မတို့အားလုံး (၂၀၆)ဦးခန့်ထားပေးပြီး ဖြစ်ပါတယ်ရှင်။ နောက်လမှာ ကျွန်မတို့ လက်ထောက်လယ်ပြအဖြစ် ရှမ်း(ရှေ့)၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်) များအားလုံးကို ဆရာ/ ဆရာမများအား ပြန်လည်ခန့်အပ်ထားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်လိုက်ပါတယ်ရှင်။ ကျွန်မတို့ ပညာရေးနှင့်ဆိုင်သော ကျောင်း၊ ဆေးရုံ၊ အားကစားစသော အဆောက်အဦနှင့်ပတ်သက်ပြီး ဘယ်နေရာ ဘယ်ဒေသမှာ ဆောက်လုပ်နေတယ်ဆိုတာ လွတ်တော်ကိုယ်စားလှယ်တော်ကြီးများ သိချင်ရင်၊ စာရင်းလိုချင်ရင် လူမှုရေးရုံးခန်းသို့ လာရောက်ယူနိုင်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဒုတိယမေးခွန်းအနေဖြင့် နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဝမ်ခိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲသည် နမ့်စိတ်ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ၎င်းဌာနတွင် သားဖွားဆရာမ(၁)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဝမ်ခိုင်းကျေးလက်ကျန်းမာရေးဌာနခွဲ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နမ့်စိတ်ကျေးလက်ကျန်းမာရေးဌာနတွင် တာဝန်ကျနေသော သားဖွားဆရာမမှ တွဲဖက်တာဝန်ယူ ဆောင်ရွက်လျက်ရှိနေပါတယ်။ သားဖွားဆရာမ လစ်လပ်လျက်ရှိသော ဝမ်ခိုင်းကျေးလက် ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမအသစ်များ ဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(တောင်ကြီး) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ခန့်ထားလာပါက ဦးစားပေးခန့်ထားနေရာချပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးထွန်းလှ(ခ)ဦးတိုးရ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးထွန်းလှ(ခ)ဦးတိုးရ၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်

Shan State Hlutaw

အစည်းအဝေး(တတိယနေ့) ယနေ့လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ သတင်းမှတ်တမ်းယူနေကြသော ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုလာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များကိုလေးစားပါကြောင်းနှင့် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာနှင့် မိမိကျန်ရှိနေတဲ့ဘဝမှာ မိမိတို့ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စအဝဝမှာ လုပ်ကိုင်ဆောင်ရွက်သမျှ သူတော်ကောင်းများနှင့် ဆက်ဆံပြောဆိုလုပ်ကိုင်ခွင့်ရနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးထွန်းလှ(ခ)ဦးတိုးရ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြထားတဲ့ မေးခွန်းကတော့ ညောင်ရွှေမြို့နယ်၏ မြို့နယ်စည်ပင်သာယာရေးပိုင်နက် နယ်နိမိတ်တိုးချဲ့သတ်မှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်း ရှင်းလင်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့သည် မြို့ပေါ်ရပ်ကွက် (၈)ရပ်ကွက်၊ အိမ်ခြေ(၄၄၇၅)အိမ်၊ လူဦးရေ(၂၅၅၃၃၆)ဦးခန့်ရှိပြီး ကုန်သည်၊ စျေးသည်၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ ခရမ်းချဉ်ပွဲရုံလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်း၊ ဧည့်လမ်းညွှန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ နေ့စား၊ ကျဘမ်းလုပ်ကိုင်စားသောက်နေထိုင်ကြသည့် လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံနေထိုင်လျက်ရှိကြပါတယ် ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ညောင်ရွှေမြို့ဟာ ယခင် ၁၉၉၆ ခုနှစ်၊ Visit Myanmar Year ခရီးသွားနှစ်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ထွန်းကားလာသည့်အချိန်မှစ၍ မြို့ပေါ်ရပ်ကွက်များမှာရှိတဲ့ အကွင်းအကွက်ကောင်းသော မြေနေရာများကို ဟိုတယ်လုပ်ငန်း၊ ဟိုတယ်အဆောက်အဦများ တိုးတက်များပြားလာသည်နှင့်အမျှ ၎င်းမြေပိုင်ဆိုင်သူများမှာ မြို့၏ အပြင်ဘက်ရပ်ကွက်အသီးသီရဲ့ အစပ်နေရာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါတယ်။ မြို့ပေါ်ရပ်ကွက်အသီးသီး နေထိုင်ကြသူများသည် သာစည်ရပ်မြောက်ဘက်၊ နန္ဒဝန်ရပ် မြောက်ဘက်နှင့် အရှေ့ဘက်၊ မိုင်းလီရပ်တောင်ဘက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသကဲ့သို့ ၂၀၁၉ - ၂၀၂၀ နောက်ပိုင်းခေတ်၏ အခြေအနေအရ

Shan State Hluttaw

လည်းကောင်း၊ ရေမြုပ်ခြင်းဒဏ်၊ ငလျင်ဒဏ်တို့ကြောင့်လည်းကောင်း အင်းဒေသတွင် နေထိုင်ကြသူများကလည်း မြို့ပေါ်သို့ပြောင်းရွှေ့ နေထိုင်လာကြသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေ့မြို့၊ ဇရိယာအနီးတစ်ဝိုက် လာရောက်နေထိုင်ကြသူ တိုးတက်များပြားလာသည်နှင့်အမျှ လာရောက်နေထိုင်ကြသူများက မူလနေထိုင်ကြသူများနှင့်အတူ မိမိတို့ စွမ်းအားရှိသလောက် အဆောက်အဦများ၊ ကိုယ်ထူကိုယ်ထလမ်းတံတားများနှင့် လျှပ်စစ်မီးများတိုးချဲ့လုပ်ဆောင်ပေးကြရာမှ လူနေထိုင်ရန် သင့်တော်သောအရပ်ဒေသများအဖြစ် ရောက်ရှိနေပြီဖြစ်ပါတယ်။ မူလနေထိုင်ကြသည့် ဒေသခံများနှင့် ပြောင်းရွှေ့ရောက်ရှိလာကြသူများအားလုံးတို့အနေနဲ့ မြို့ပြအဆင့်သို့ရောက်ရှိစေရေးအတွက် ဖော်ပြပါလူနေရပ်ကွက်များကို စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းသတ်မှတ်ပေးရန် လိုလားလျက်ရှိကြပါတယ်။ နေထိုင်လျက်ရှိသောလူအများစု၏ အဆောက်အဦများ၊ လမ်းများ၊ လမ်းမီးများစသည်တို့သည်လည်း စည်ပင်သာယာရေးဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၎င်းတို့ထံမှ အခွန်အခများ ကောက်ခံရရှိခြင်းဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်သူတို့ အပြန်အလှန် အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်သည်နှင့်အမျှ သွေးချင်းညီအစ်ကို မောင်နှမများအားလုံး၏ လူမှုစီးပွားဘဝများကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့၏ မြို့နယ်စည်ပင်သာယာနယ်နိမိတ်အား မြို့၏တောင်ဘက် မိုင်းလီရပ်၊ တိုးချဲ့အဖြစ် တောင်ဘက်ဘုရားကြီးကျောင်း ရှေ့လမ်းအထိ၊ အရှေ့ဘက်မိုင်းသောက်လမ်းအထိကို မိုင်းလီတိုးချဲ့အဖြစ်လည်းကောင်း၊ နန္ဒဝန်တိုးချဲ့(၁)နယ်နိမိတ်အဖြစ် မိုင်းသောက်ကားလမ်းမအရှေ့ဘက်၊ ရုံးကြီးလမ်း(အေးသာယာ)အထွက်လမ်း တောင်ဘက်၊ ကန်တော်ကန် အနောက်ဘက် ညောင်ဖြူရွာ/ လွယ်တန်းသွား ကားလမ်းမမြောက်ဘက်ထိ လည်းကောင်း၊ နန္ဒဝန်ရပ်တိုးချဲ့(၂)အဖြစ် အရှေ့ဘက် စိုက်ပျိုးရွာ မြောက်ဘက်သပြေချောင်းအထိလည်းကောင်း၊ သာစည်ရပ်တိုးချဲ့အဖြစ် မြောက်ဘက်သပြေချောင်းအထိ စည်ပင်သာယာနယ်နိမိတ်သတ်မှတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက မည်သို့မည်ပုံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ မေးခွန်းကို ကျွန်တော် မေးမြန်းရသော အကျိုးအကြောင်းဖော်ပြချက်ဟာဆိုရင် အကျိုးကျေးဇူးများရစေချင်တာက -

(၁) မြို့ဇရိယာအတွင်းနေထိုင်ကြသူများ မြို့ပြစည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်ခွင့်ရ၍ လူမှုဘဝပိုမိုလုံခြုံခွင့်ရရှိစေခြင်း။

Shan State Hluttaw

(၂) မြို့နယ်စည်ပင်သာယာရေးအပိုင်သို့ရောက်ရှိပါက စည်ပင်သာယာရေး ဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နေထိုင်သူပြည်သူများ ထံမှ အခွန်ခများကောက်ခံရရှိခြင်း။

(၃) မြို့နယ်စည်ပင်သာယာရေးဌာနမှ ကြီးကြပ်ပြုလုပ်ပေးသော လမ်း၊ တံတား၊ ရေမြောင်း၊ လမ်းမီးများ စနစ်တကျဖော်ဆောင်ပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်သန့်ရှင်းအောင် ပြုလုပ်ပေးခြင်းကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော ဒေသရပ်ကွက်မှာ ပျော်ရွှင်ကျန်းမာစွာ လူမှုစီးပွားဘဝများမြှင့်တင်ပေးရာ ရောက်ခြင်းစသည့် အကျိုးကျေးဇူး များအပြန်အလှန်ရရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ညောင်ရွှေမြို့၏ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်တိုးချဲ့ သတ်မှတ်ပေးနိုင်ရန် အတွက် အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်ကြီးများခင်ဗျား။ ဦးထွန်းလှ(ခ) ဦးတိုးရ၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ရှမ်းပြည်နယ်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ မြို့ပေါ်ရပ်ကွက်(၈)ရပ်ကွက်မှာ အိမ်ခြေ(၃၁၄၆)အိမ်၊ လူဦးရေ (၁၄၃၆၂)ဦးခန့်ရှိပြီး ကျေးရွာအုပ်စု(၃၄)အုပ်စုတွင် အိမ်ခြေ(၄၁၁၀၃)အိမ်၊ လူဦးရေ (၁၈၄၃၄၅၆)ဦးခန့် ရှိပါကြောင်းနှင့် နန်းပန်မြို့နယ်၊ ရပ်ကွက်(၄)ရပ်ကွက်တွင် အိမ်ခြေ (၁၁၆၆)အိမ်၊ လူဦးရေ(၅၂၂၅)ဦးခန့်ရှိပါသဖြင့် ညောင်ရွှေမြို့နယ်၌ စုစုပေါင်း အိမ်ခြေ(၄၂၂၆၉)အိမ်၊ လူဦးရေ (၁၈၉၅၇၁)ဦးခန့်ရှိပါတယ်။ ညောင်ရွှေမြို့နယ်၏ ယခင်မြို့မြေသည် (၁၉၆၂-၆၃)ခုနှစ်တွင် အကွက်ပေါင်း(၂၆)ကွက်၊ ဧရိယာအားဖြင့် (၃၈၄.၂၇၀)ဧကအား ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၉၇၉-၈၀)ခုနှစ်တွင်

Shan State Hluttaw

အကွက်ပေါင်း(၄)ကွက်အား ဧရိယာ(၅၆၃.၁၈၄)ဧကအား ဒုတိယအကြိမ်အဖြစ် လည်းကောင်း မြို့မြေအဖြစ် ပန္နက်ရိုက်တိုင်းတာဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ညောင်ရွှေမြို့နယ်တွင် လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး ခေတ်ကာလတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူနေထိုင်မှု ထူထပ်များပြားလာသည့်အတွက် မြို့နယ်နိမိတ်ဧရိယာအား တိုးချဲ့ရန် လိုအပ်လျက်ရှိပါတယ်။ စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် တိုးချဲ့သတ်မှတ်ပေးနိုင်ရေးမြေနေရာများနှင့် စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်- (၁၀/၂၀၁၃) ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ဥပဒေပုဒ်မ(၃-က)တွင် စည်ပင်သာယာရေးနယ်နိမိတ်ဆိုသည်မှာ ဤဥပဒေ အာဏာမတည်မီ ကာလသတ်မှတ်ထားသော စည်ပင်သာယာရေးနယ်နိမိတ်များ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ သတ်မှတ်ကြေညာသော စည်ပင်သာယာရေးနယ်နိမိတ်များကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်၊ မြို့နယ်ခွဲနှင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်များပါဝင်တယ်။ အခန်း(၄)၊ပုဒ်မ ၁၅ တွင် အောက်ပါအတိုင်း ဖော်ပြထားရှိပါကြောင်း ဌာနသည် အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်နယ်အတွင်းရှိ ဒေသများတွင်-

(က) မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ကြေညာသောအခါ မြို့အဖြစ် သတ်မှတ်ကြေညာထားသော နယ်နိမိတ်ကိုလည်းကောင်း၊ ယင်းနယ်နိမိတ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများကိုလည်း ထည့်သွင်း၍လည်းကောင်း၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်သည်။ ထို့အပြင် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာနယ်နိမိတ်ကိုလည်း မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့များ၌ မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများအား ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေး နယ်နိမိတ်သတ်မှတ်နိုင်သည်။ တင်ပြပါ ညောင်ရွှေမြို့၏ မြို့နယ်နိမိတ်အား မြို့၏ တောင်အရပ် ဘုရားကြီးကျောင်းရှေ့လမ်းအထိနှင့် အရှေ့ဘက် မိုင်းသောက်လမ်းအထိကို မိုင်းလီရပ် တိုးချဲ့အဖြစ်လည်းကောင်း၊ နန္ဒဝန်ရပ် တိုးချဲ့(၁)အဖြစ် နယ်နိမိတ်ကို မိုင်းသောက်ကားလမ်းမမှ အရှေ့ဘက် ရုံးကြီးလမ်း အေးသာယာ

Shan State Hluttaw

အထွက် လမ်းတောင်ဘက် ကန်တော်ကန် အနောက်ဘက် ညောင်ဖြူရွာ/လွယ်တန်းသွားကားလမ်းမှ မြောက်ဘက်အထိ လည်းကောင်း၊ နန္ဒဝန်ရပ်တိုးချဲ့(၂)အဖြစ် နယ်နိမိတ်ကို အရှေ့ဘက်စိုက်ပျိုးရွာ၊ မြောက်ဘက် သပြေချောင်းအထိလည်းကောင်း၊ သာစည်ရပ်တိုးချဲ့အဖြစ် မြောက်ဘက် သပြေချောင်းအထိလည်းကောင်း စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မြေပြင်တွင်အမှန်တကယ် လူနေထိုင်လျက်ရှိသော်လည်း အဆိုပါမြေနေရာများအား စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် မြို့နယ်နိမိတ်တွင် ပါဝင်ခြင်းမရှိသေးသဖြင့် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စည်ပင်သာယာ နယ်နိမိတ်အဖြစ် သတ်မှတ်ပေးနိုင်ရေး တင်ပြထားရှိသည့်မြေနေရာအား မြေပြင်ကွင်းဆင်းစိစစ်ချက်အရ အမှန်တကယ် မြို့နယ်နိမိတ်ဧရိယာများအဖြစ် တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ပါက မြို့/ရွာ၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်၍ အထက်ဌာနအဆင့်ဆင့်သို့တင်ပြပြီး ခွင့်ပြုမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးစိုင်းလှိုင်ခမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးနဲ့ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်တင်ပြသည့် အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော်က ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

နိဒါန်း

၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) (၁၃.၈.၂၀၂၆)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့လာသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၀.၈.၂၀၂၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်၊ ရေးရာကော်မတီအခန်း(၈)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရှမ်းပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးတို့မှ တာဝန်ရှိသူများနှင့် အဆိုပါပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးသုံးသပ်ညှိနှိုင်းကြပြီး (၁၄.၈.၂၀၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဥပဒေပြုရေးဆိုင်ရာကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

Shan State Hluttaw

လေ့လာတွေ့ရှိချက်

၂။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၅/၂၀၁၄)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့ပါတယ်။

၃။ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ (၅/၂၀၁၄)၊ အခန်း(၂)၊ ပုဒ်မ ၄ ၌ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းတွင် ဦးစီးအရာရှိ၊ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြီးကြပ်ရေးမှူး သို့မဟုတ် စာရင်းကိုင်၊ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးအား အတွင်းရေးမှူး အဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း တွေ့ရှိရပါတယ်။

၄။ ထိုသို့တာဝန်ပေးအပ်ခဲ့ရာ ငွေစာရင်းပိုင်းဆိုင်ရာနှင့် လုပ်ငန်းများစီမံခန့်ခွဲရာ၌ အားနည်းချက်များဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ပြင်ဆင် ဖြည့်စွက်အစားထိုး ဖွဲ့စည်းနိုင်ရေးအတွက် ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြင်ဆင် ဖြည့်စွက်ရေးဆွဲတင်သွင်းလာမှုအပေါ် ၎င်းပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

တင်ပြချက်

၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းလာသည့် ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။ ဤဥပဒေကို ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင် သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(က)နှင့် (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(စျ) ကြီးကြပ်ရေးမှူး သို့မဟုတ် စာရင်းကိုင် အဖွဲ့ဝင် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး”

(ခ) ပုဒ်မခွဲ (စျ)၏ နောက်တွင်ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ည) ဦးစီးအရာရှိ အတွင်းရေးမှူး မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး

ဟုဖော်ပြထားရှိပါတယ်။

၆။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသည့် ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် ၎င်းပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း အစီရင်ခံစာဖတ်ကြားတင်ပြလာပါတယ်။ ဒါ့အပြင် အဆိုပါ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည့်အချက်များကို ပေးပို့သည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၃၊ နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုပေးရန် ဆက်လက်တင်ပြပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်

Shan State Hluttaw

ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော် ဦးခွန်ထွန်းဖြူမှ တင်ပြသွားမှာဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) (၁၃.၈.၂၀၂၆)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) ၁၃.၈.၂၀၂၆ ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ "ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာန ဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ် ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်**

Shan State Hluttaw

အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာ၌ ပြည်သူများကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည် စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးလျှင် အချိန်(၆) မိနစ်ခန့်ဆွေးနွေးခွင့်ရရှိမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးဇော်လွင် က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရေး လာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဖြင့်နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)ဖြစ်သူ ဦးဇော်လွင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ဖြစ်သူ ဦးအောင်ကျော်ညွန့်မှ ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့အချိန် နိုင်ငံအဝှမ်း ကျေးလက်ဒေသနှင့် မြို့ပြဒေသများမှာ လူဦးရေ တိုးတက်လာတဲ့အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေနဲ့ ပြင်ပတွင်နေအိမ်၊ ခြံမြေများဝယ်ယူဆောက်လုပ်မည်ဆိုပါက အိမ်ခြံမြေဈေးကွက်သည် ချမ်းသာသော လူတန်းစားများအတွက် အခက်အခဲမရှိနိုင်သော်လည်း ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အခြားသူတစ်ဦးထံမှ ဝယ်ယူပြီး ဆောက်လုပ်မည်ဆိုပါက အခက်အခဲရှိနိုင်ပါတယ်။ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့ လက်ဝယ်မှာရှိတဲ့ လယ်ယာမြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများအပေါ်မှာ အခြားနည်းသုံးစွဲခွင့်လျှောက်ထားပြီး ခွင့်ပြုချက်ရရှိလာပါက နေအိမ်ဆောက်လုပ်ခြင်း၊ အခြားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်းစတဲ့လုပ်ငန်းတွေကိုဆောင်ရွက်ခြင်းဖြင့် ရှမ်းပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာမှာ ၂၀၁၂

Shan State Hluttaw

ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။ လယ်ယာမြေဥပဒေပုဒ်မ ၁၇(ဇ)မှာ ကျေးလက်ဒေသများနှင့်မြို့ပြဒေသများမှာ တိုးတက်လျက်ရှိသော လူဦးရေနှင့်တိုးပွား လျက်ရှိသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကိုအသုံးပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ကျေးလက်နှင့်မြို့ပြစီမံကိန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များကို စိစစ်၍ အတည်ပြုခြင်းဟုလည်းကောင်း၊ ပုဒ်မ ၃၀(ခ)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် လယ်မြေမှတစ်ပါး ယာမြေကို အခြားနည်းအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံခွင့်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါ တယ်ခင်ဗျား။ ဒေသခံတိုင်းရင်းသားပြည်သူများအနေနဲ့ ၎င်းတို့ပိုင်ဆိုင်ထားသော လယ်ယာမြေ၊ ယာမြေများ၊ ဥယျာဉ်ခြံမြေများအား အခြားနည်းလျှောက်ထားရာမှာ သက်ဆိုင်ရာဌာနများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် နည်းဥပဒေပုဒ်မ ၇၈ မှ နည်းဥပဒေပုဒ်မ ၉၄ အထိ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဖြစ်သော်လည်း အချို့သောအမှုတွဲများသည် သတ်မှတ်ရက်ထက် ကျော်လွန်လုပ်ကိုင် နေခြင်းကြောင့် အမှုတွဲအတော်များများဟာ ရှမ်းပြည်နယ်အစိုးရမှ သတ်မှတ်ထား သည့်ကာလအတွင်း အသုံးပြုခွင့်ချထားပေးခြင်း မရှိသေးတာကြောင့် ပြည်သူများမှ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များအား မေးခွန်းထုတ်လာပါတယ်။ ပြည်နယ် အဆင့်မှာ သောင်တင်ကျန်ရစ်နေတဲ့ အခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုအမှုတွဲများ ကိုလည်း ပြန်လည်စိစစ်ပြီး ခွင့်ပြုပေးဖို့လိုအပ်ပါတယ်ခင်ဗျား။

ဒါ့အပြင် နိုင်ငံတော်သမ္မတမှလည်း MSME လုပ်ကိုင်ကြမည့်သူများကို ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အားပေးလုပ်ဆောင်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ MSME လုပ်ကိုင်ကြမည့်သူတွေရဲ့ အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာမှာ နှောင့်နှေး ကြန့်ကြာမှု တွေရှိနေခြင်းကြောင့် ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နှောင့်နှေး ကြန့်ကြာနေဦးမှာဖြစ်ပါတယ်ခင်ဗျား။ အချို့သောမြို့နယ်များမှာ အခြားနည်းသုံးစွဲခွင့် လျှောက်ထားတဲ့မြေနေရာမှာ SOP စာရင်း ကောက်ယူထားရှိပြီးဖြစ်ပါသဖြင့် အခြားနည်းသုံးစွဲခွင့်အတွက် မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ရေးဆွဲခွင့်ကို ယာယီ ပိတ်ထားသည်ကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားနည်း အသုံးပြုခွင့် အမှုတွဲတည်ဆောက်ရာမှာပါရှိရမည့် သက်ဆိုင်ရာလယ်စီအဆင့်ဆင့်၏ ထောက်ခံချက်များ၊ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များသည် ဌာနပေါင်း(၁၃)ခု

Shan State Hluttaw

တို့၏ စာရွက်စာတမ်းပေါင်း (၃၂)ရွက်တို့အား ဌာနတိုင်းမှာ ဝင်ထွက်သွားလာပြီး တောင်းခံနေရခြင်းကြောင့် ပြည်သူလူထုအနေနဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်ကြရပါတယ်။ အမှုတွဲတည်ဆောက်ရာမှာ လိုအပ်တဲ့ထောက်ခံချက်တွေ များပြားလွန်းနေတာကြောင့် ပြည်နယ်အစိုးရအနေနဲ့ လျော့ပေါ့စဉ်းစားပေးဖို့လိုပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူများအနေနဲ့ လယ်ယာမြေ၊ ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများပေါ်တွင် အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာမှာ လိုအပ်သောထောက်ခံချက်များကို One Stop Service ပြုလုပ်ပေးခြင်းအားဖြင့် အချိန်တိုအတွင်းမှာ ဒေသခံတိုင်းရင်းသားပြည်သူများအနေနဲ့ အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူများသာယာဝပြောရေးဆောင်ရွက်ပေးရန် တာဝန်ရှိသကဲ့သို့ ပြည်နယ်အစိုးရအနေနဲ့လည်း ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့၏ လိုလားချက်များကို ဆောင်ရွက်ပေးရန်ရှိပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုအကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ် ခင်ဗျား။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ရပ်စောက်မြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကျော်ညွန့်မှ ရပ်စောက်မြို့နယ်နဲ့ ရှမ်းပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်များတွင်နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ပြည်သူများအနေနဲ့ ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေများ၊ ယာမြေများ၊ ဥယျာဉ်ခြံမြေများပေါ်တွင် အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာမှာ ဌာနဆိုင်ရာထောက်ခံချက်များယူရတဲ့နေရာမှာ များပြားနေသည့်အတွက် ဖြေလျော့ပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ အခန်း(၈)၊ ပုဒ်မခွဲ(ဆ)အရ လေးလေးနက်နက် ထောက်ခံပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဦးသန်းထိုက်ဇော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်ဇော်၊ ကျောက်မဲမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်လေ့လာသူများ

Shan State Hluttaw

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်က ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် တင်သွင်းထားတဲ့ **"ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့်လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန်"** အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်များမှာလယ်ယာမြေများကို အခြားနည်း လျှောက်ထားတဲ့နေရာမှာ အမှုတွဲလိုအပ်တဲ့ ထောက်ခံစာတွေဟာ ကျွန်တော် သိသလောက်ကတော့ မတူညီတဲ့ဌာန (၁၁)ခုရှိပါတယ်။ အဲဒီ(၁၁)ခုကနေမှ ထောက်ခံစာယူတဲ့အချိန်မှာလည်း အချို့သော ဌာနတွေက မြို့နယ်အဆင့်ကနေယူလို့ ရပါတယ်။ အချို့သောဌာနတွေကခရိုင်အဆင့်ကယူရပါတယ်။ အချို့သော ဌာနတွေကတော့ ပြည်နယ်အဆင့်ကနေ ထုတ်ပေးတဲ့အဆင့်တွေဖြစ်နေတဲ့အတွက်ကြောင့် လုပ်ငန်းကြာချိန်တွေက ပိုပြီးမြင့်မားနေတာကို တွေ့ရှိရပါတယ်။

အဲဒီအထဲမှာ ကျွန်တော်သိသလောက်ဆိုရင်တော့ လမ်းဦးစီးဌာနဆိုရင် ပြည်နယ်အဆင့်ကနေ ထုတ်ပေးတဲ့အတွက်ကြောင့် လနှင့်ချီကြာမြင့်နေတာရှိပါတယ်။ အဲဒီလိုအတွက်ကြောင့်မလို့ ကျွန်တော်တို့အခြားနည်းသုံးစွဲခွင့် လျှောက်ထားတဲ့ ပြည်သူတွေအနေနဲ့ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ဖြစ်နေတဲ့အတွက်ကြောင့်မလို့ အစိုးရအပေါ်မှာကော၊ ဌာနဆိုင်ရာတွေအပေါ်မှာကော စိတ်ပျက်အားငယ်မှုတွေ ဖြစ်ပေါ်နေကြပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော့်အရှေ့မှာတင်ပြသွားတဲ့ နမ့်ဆန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို လွှတ်တော် ကိုယ်စားလှယ်တွေဆီ တစ်ဆင့်ရောက်ရှိလာတဲ့အတွက်ကြောင့် ဒီအဆိုထောက်ခံ ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအနေနဲ့ မလိုအပ်တဲ့ ထောက်ခံစာ များကို လျှော့ချပေးနိုင်ဖို့အတွက် လုပ်ငန်းစဉ်မြန်ဆန်ရေးအတွက် အဆိုတင်ပြသူ ဦးအောင်ကျော်ညွန့်၏ အဆိုကိုထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ဆက်စပ်ပြီး တော့ အကြံပြုတင်ပြလိုတာကတော့ လက်ရှိမြေစာရင်းဦးစီးဌာနမှာ အသုံးပြုနေတဲ့ မြေပုံဟာ ၁၉၅၄ ခုနှစ်က တိုင်းတာထားတဲ့ မြေပုံဖြစ်နေပါတယ်။ ဒီနေ့အခြေအနေမှာ လူဦးရေတိုးပွားလာတာရယ်နဲ့ လူနေအိမ်ခြေ တိုးချဲ့လာခြင်းအတွက်ကြောင့်မို့ မြို့

Shan State Hluttaw

ပေါ်နှင့် ရွာတွေမှာပါ အိမ်ခြေတွေ တိုးချဲ့လာတဲ့အတွက်ကြောင့်မလို့ မြေကြီးမြေပုံ မကိုက်တဲ့ပြဿနာတွေရှိနေပါတယ်။ ကျွန်တော်တို့အဲဒီကိစ္စအတွက်ကို ၂၀၁၈-၂၀၁၉ ခုနှစ်မှာဆိုရင် စကေးကိုက်မြေပုံရရှိရန်အတွက် မြေစာရင်းဦးစီးဌာနက စီမံချက် ရေးဆွဲပြီး တစ်နိုင်ငံလုံးအတွက် စကေးကိုက်မြေပုံ တိုင်းတာဆောင်ရွက်တာတွေရှိ ခဲ့ပါတယ်။ ကျွန်တော်တို့ဒေသမှာ ကြံ့တွေ့ရတာကတော့ လက်ရှိနိုင်ငံတော်ကို ဦးဆောင်နေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အစိုးရလက်ထက် ရက် ၁၀၀ စီမံကိန်းမှာပါပါတယ်။ ဒီကျေးရွာမြေဌားဂရန် ထုတ်ပေးဖို့အတွက် အဲ့လိုတိုင်းတာတဲ့ အချိန်မှာ ၁၉၅၄-၁၉၅၅ ခုနှစ် မြေပုံကိုသာ အသုံးပြုနေတဲ့အတွက်ကြောင့်မလို့ မြေကြီးမြေပုံမကိုက်ညီနေတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့ မြို့နယ်မှာ တစ်ခုမှ ထုတ်ပေးနိုင်ခြင်းမရှိပါဘူး။ အဲ့ဒါကြောင့်မလို့ မြေစာရင်းဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ စကေးကိုက် မြေပုံကိုအသုံးပြုခွင့်ပေးနိုင်လို့ရှိရင် ပိုပြီးတော့အဆင်ပြေပါမယ်လို့ ပြောကြားရင်းဖြင့် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နောင်ချို့မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဦးကျော်အောင်သန်း က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်အောင်သန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာပဲဖြစ်ပါတယ်ခင်ဗျား။ ထောက်ခံဆွေးနွေးရတဲ့ အဓိကအကြောင်းအရင်း တွေကတော့-

၁။ လယ်ယာမြေဥပဒေ ပုဒ်မ၃၀(ခ)အရ မိသားစုနေအိမ် သို့မဟုတ် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများအတွက် အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာမှာ ဌာနအသီးသီးမှ ထောက်ခံစာများ အဆင့်ဆင့် တောင်းခံနေရခြင်းသည် ဒေသခံပြည်သူများအတွက် ငွေကြေးနှင့် အချိန်ကုန်ကျစရိတ်များစွာ ဖြစ်ပေါ်စေပါတယ်။

၂။ သီးခြားစီ ကွင်းဆင်းစစ်ဆေးမည့်အစား မြို့နယ်လယ်/စီအဖွဲ့၏ ဦးဆောင်မှုဖြင့် “တစ်ပြိုင်နက်တည်း ပူးပေါင်းကွင်းဆင်းစစ်ဆေးရေး

Shan State Hluttaw

စနစ်”ကို ကျင့်သုံးခြင်းအားဖြင့် လုပ်ငန်းစဉ်များ ကြန့်ကြာမှုကို သိသိသာသာ လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။

၃။ အခြားဌာနများရဲ့ သဘောထားတောင်းခံမှုတွင်လည်း ကာလသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းစဉ်ပြီးမြောက်ရမည့် အချိန်ကာလတိကျစွာ သတ်မှတ်ပေးခြင်းအားဖြင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍကို ပိုမိုကောင်းမွန်လျင်မြန်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ တောင်သူများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ခေတ်မီမြန်ဆန်ရေးတို့အတွက် ယခုအဆိုအား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တောင်ကြီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ ဦးခွန်ဆောင်းရွှေ က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ခွန်ဆောင်းရွှေဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးအောင်ကျော်ညွန့် ကတင်သွင်းခဲ့သည့် အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မိမိတို့ရှမ်းပြည်နယ်ဟာ နယ်မြေဧရိယာကျယ်ပြန့်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ကြတဲ့ ပြည်သူများစွာ နေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားတိုးတက်ရေးအတွက် မြေယာအသုံးချမှုဟာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ အထူးသဖြင့် ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေများကို မူလရည်ရွယ်ချက်နှင့် မဆန့်ကျင်ဘဲ လိုအပ်ချက်အရ အခြားနည်းလမ်းဖြင့် အသုံးပြုရန်လိုအပ်လာတဲ့အခါ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုချက်ရယူနိုင်ရေးဟာ ပြည်သူများအတွက် အရေးကြီးလှပါတယ်။ သို့ရာတွင် လက်တွေ့ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်များ ရှုပ်ထွေးပြီး မည်သည့်ဌာနတွင် မည်သည့်စာရွက်စာတမ်းများ တင်ပြရမည်၊ မည်သည့်အဆင့်အထိ ဆောင်ရွက်ရမည်၊ မည်သည့်ဌာနတွင် မည်သည့်ကာလအတွင်းပြီးစီးမည်ဆိုသည်များကို ပြည်သူများအနေဖြင့် ရှင်းလင်းစွာ မသိရှိပါက

ဝန်ဆောင်မှုများရယူရာတွင် အခက်အခဲများရှိနေပါတယ်။ ထိုအခြေအနေများဟာ မြေယာကိုတရားဝင်အသုံးပြုလိုတဲ့ ပြည်သူများအတွက် အဟန့်အတားဖြစ်စေပြီး တစ်ဖက်တွင်လည်း မြေယာအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုလျော့နည်းစေနိုင်ပါတယ်။ အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင်လည်း အချိန်ကာလကြာမြင့်ခြင်းကြောင့် လုပ်ငန်းစတင်ရန် အခွင့်အလမ်းများ လက်လွှတ်ဆုံးရှုံးရခြင်းနှင့် တရားမဝင်မြေအသုံးချမှုများဖြစ်ပေါ်လာစေပြီး နိုင်ငံတော်မှရရှိသင့်တဲ့ အခွန်များလည်း ဆုံးရှုံးလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျေးလက်နေဒေသများတွင် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးထမ်းအစဉ်အလာအရ ကျေးရွာများအလိုက် ရွာမြေနယ်နိမိတ်များ သတ်မှတ်ထားရှိကြပြီး ယခုနောက်ပိုင်းတွင် သက်ဆိုင်ရာဌာနများက ရွာမြေသတ်မှတ်ချက် တိတိကျကျမရှိခြင်းနှင့် ကျေးရွာအမည်များဟာ တိုင်းရင်းသားတို့ရဲ့ ဘာသာစကားအရ ခေါ်ဆိုသုံးနှုန်းတဲ့ အသုံးအနှုန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေါ်ဆိုသုံးနှုန်းတဲ့ အသုံးအနှုန်းများဟာ ကွဲပြားနေတဲ့အတွက်ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ကျေးရွာအမည်ပေါက် စာရင်းပါဝင်မှုမရှိဘဲ ရွာမြေဖြစ်ပါသော်လည်း လူနေအိမ်အပါအဝင် အခြားအဆောက်အဦများဆောက်လုပ်သည့်အခါ ဥပဒေဘောင်ပြင်ပလုပ်ရပ်မျိုး အသွင်ဆောင်သွားပြီး တရားရုံးမှာအမှုနှင့်ရင်ဆိုင်ဖြေရှင်းနေရတဲ့ ပုဂ္ဂိုလ်များလည်းရှိနေပါတယ်။

မိမိတို့ကျေးလက်ဒေသများမှာရှိတဲ့ ကျေးရွာအချို့ဟာ လူနေအိမ်အပါအဝင် အခြားအဆောက်အဦများဆောက်လုပ်တဲ့အခါ သက်ဆိုင်ရာအစိုးရဌာနက လာရောက်တားမြစ်ပြီး အခြားနည်းသုံးစွဲခွင့်လျှောက်ရာမှာ မလိုလားအပ်တဲ့အခက်အခဲများနှင့် အချိန်ကြန့်ကြာမှုတို့ကြောင့် မြေယာကိုတရားဝင်အသုံးချလိုတဲ့ ပြည်သူများအား ဥပဒေဘောင်ပြင်ပသို့ ရောက်ရှိအောင် တွန်းပို့ပေးနေတဲ့ အလားသဏ္ဌာန်မျိုးလည်းဖြစ်ပေါ်စေလျက်ရှိနေပါတယ်။

ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်နေတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရအနေဖြင့်အရင်းအနှီးများ၊ နည်းပညာများ၊ ဥပဒေအကူအညီများ ပံ့ပိုးကူညီပေးနေပါသော်လည်း လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာမှာ မလိုအပ်သော အခက်အခဲများနှင့် အချိန်

Shan State Hluttaw

ကြန့်ကြာမှုတို့ဟာ အဆိုပါစီးပွားရေးလုပ်ငန်းများ၊ ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုနဲ့ တရားဝင်လုပ်ကိုင်ဆောင်ရွက်လိုမှုတို့အတွက် အဟန့်အတားတစ်ရပ် ဖြစ်ပေါ်စေ လျက်ရှိနေပါတယ်။

ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်များကို လက်တွေ့အခြေအနေ များနှင့် ကိုက်ညီမှု ရှိ/မရှိ ပြန်လည်စိစစ်သုံးသပ်ရန်လိုအပ်ပါတယ်။ အထူးသဖြင့် ဥပဒေအရ မဖြစ်မနေ လိုအပ်သည့်စိစစ်ချက်နှင့် ထောက်ခံချက်များကိုသာ သတ်မှတ် ထားရှိပြီး ဌာနတစ်ခုနှင့်တစ်ခု ထပ်တူထပ်မျှဖြစ်နေတဲ့ ထောက်ခံချက်များကို ဖြေလျှော့ပေးသင့်ပါတယ်။ ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ အမည် ပေါက်ပြီး မြေပြင်မှာမရှိတဲ့ ကျေးရွာများကို ပယ်ဖျက်ရန်နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ အမည်မပေါက်သော်လည်း မြေပြင်မှာရှိနေတဲ့ ကျေးရွာများအမည်ပေါက် ရရှိနိုင်ရန် ကွင်းဆင်းစိစစ်ဆောင်ရွက်သည့် စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်၊ လျှောက်လွှာစိစစ်သည့် လုပ်ငန်းစဉ်များတွင် မည်သည့်အဆင့်၌ ရောက်ရှိနေသည်ကို ပြည်သူများအလွယ်တကူသိရှိနိုင်ရန်နှင့် လုပ်ငန်းပြီးစီးမည့် အချိန်ဇယားများကို တိကျစွာသတ်မှတ်ပေးရန်၊ မြို့နယ်အဆင့်တွင် ဆောင်ရွက်နိုင် သည့်ကိစ္စရပ်များကို မလိုအပ်ဘဲ အထက်အဆင့်သို့ တင်ပြစောင့်ဆိုင်းရခြင်း နည်းပါးစေရန် လုပ်ပိုင်ခွင့်များကို သင့်လျော်သလို ပြန်လည်သုံးသပ်သတ်မှတ်ပေးရန်၊ သို့ရာတွင် လုပ်ငန်းစဉ်များ ဖြေလျှော့ရာ၌ စိုက်ပျိုးမြေ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် မြေယာထိန်းသိမ်းရေးကို ထိခိုက်စေခြင်း၊ ဥပဒေပါရည်ရွယ်ချက်များကို ပျက်ပြားစေခြင်း မရှိစေရန်လည်း လိုအပ်လှပါတယ်။ ထို့ကြောင့် မလိုအပ်သောအဆင့်များကိုသာ လျှော့ချပြီး ဥပဒေအရ မဖြစ်မနေ လိုအပ်သော စိစစ်မှုများကိုမူ ထိရောက်စွာ ဆက်လက်ဆောင်ရွက်သည့် ဟန်ချက်ညီတဲ့ လုပ်ငန်းစဉ်ဖြစ်ရန် အရေးကြီးလှပါတယ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေယာအသုံးချခွင့်ဆိုင်ရာလုပ်ငန်းစဉ်များ လွယ်ကူလျင်မြန် မြန်ဆန်ခြင်းဟာ ပြည်သူများရဲ့ စီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်တကျ ဆောင်ရွက်စေနိုင်တဲ့ အထောက်အကူဖြစ်စေတဲ့ လုပ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မလို့ မြေယာအသုံးချမှုနှင့် ပတ်သက်တဲ့ အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်လာစေပြီး ဌာနဆိုင်ရာများ အပေါ် ပြည်သူများ၏ ယုံကြည်မှုကိုလည်း မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အခြားနည်းသုံးစွဲခွင့်လျှောက် ထားမှုနှင့်ပတ်သက်တဲ့ လက်ရှိလုပ်ငန်းစဉ်များကို ပြန်လည်စိစစ်၍ ပြည်သူများ အတွက် အမှန်တကယ်လိုအပ်နေတဲ့ အဆင့်များနှင့် ထောက်ခံချက်များကိုသာ

Shan State Hluttaw

ထားရှိပြီး မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်၊ ဌာန အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ပေးရန်၊ သတ်မှတ်ကာလအတွင်း လျင်မြန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများအတွက် လွယ်ကူ၊ လျင်မြန်၊ ရိုးရှင်း၊ ပွင့်လင်း မြင်သာပြီး တာဝန်ယူမှုရှိသော မြေယာစီမံခန့်ခွဲမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်သည့် ယခုအဆိုဟာ လက်တွေ့လိုအပ်ချက်နှင့်ကိုက်ညီတဲ့ အဆိုတစ်ရပ် ဖြစ်တဲ့အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဆတ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နန်းနော်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါရှင့်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနော်ပဲ ဖြစ်ပါတယ်ရှင်။

ယခု ရှမ်းပြည်နယ်လွှတ်တော်တွင် ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မဲဆန္ဒနယ် အမှတ်(၁)မှ တင်သွင်းထားသည့် မြေအခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ လွယ်ကူလျင်မြန်စေရေး အဆိုအပေါ် အပြည့်အဝ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးရှင့်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကျွန်မတို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများသည် မိမိတို့ဒေသတွင် စားသုံးဆီဖူလုံရေးနှင့် စိုက်ပျိုးရေးအခြေခံ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် မြေပဲ၊ ပဲပုပ်၊ နှမ်း အပါအဝင် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြပါ တယ်ရှင်။ ထိုသို့ တိုးချဲ့စိုက်ပျိုး၍ ထွက်ရှိလာသည့် သီးနှံများအား ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ဆီကြိတ်စက်များ တည်ဆောက်ခြင်းနှင့် သိုလှောင်ရုံ ဂိုဒေါင်များ တည်ဆောက်ခြင်းတို့အတွက် လယ်ယာမြေ သို့မဟုတ် အခြားမြေကို အခြားနည်းသုံးစွဲခွင့် (ပုဒ်မ - ၃၀(ခ) အောက်) လျှောက်ထားသည့်အခါတွင် လုပ်ထုံး

Shan State Hluttaw

လုပ်နည်းများ ရှုပ်ထွေးမှုကြောင့် ကြန့်ကြာမှုများနှင့် အခက်အခဲများစွာ ရင်ဆိုင်နေကြရတာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါအခြားနည်း သုံးစွဲခွင့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လျင်မြန်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အောက်ပါအကျိုးကျေးဇူးကြီးမားသည့် ရလဒ်(၃)ခုကို တိုက်ရိုက်ရလာမည် ဖြစ်ပါတယ်ရှင်-

(၁) မြေတန်ဖိုး အဆမတန် စျေးကြီးမြင့်မားမှုကို လျှော့ချနိုင်ခြင်း။

(၂) မြေအခြားနည်း ခွင့်ပြုမိန့်ရရှိရန် ကြန့်ကြာနေမှုကြောင့် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအကြား မြေစျေးနှုန်းများ အဆမတန်စျေးကြီးပေးဝယ်နေရသည့် ပြဿနာကို လျှော့ချပေးနိုင်မှာဖြစ်ပါတယ်ရှင်။

(၃) ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း။ စက်ရုံ၊ အလုပ်ရုံများနှင့် သိုလှောင်ရုံလုပ်ငန်းများ မြန်မြန်ဆန်ဆန် စတင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပွင့်လန်းလာမည်ဖြစ်တယ်ရှင်။ ဒေသတွင်းနှင့် နိုင်ငံတော်အတွက် စားသုံးဆီ ဖူလုံလာခြင်း၊ ကုန်ကြမ်းမှ ကုန်ချောသို့ အချိန်မီပြောင်းလဲထုတ်လုပ်နိုင်သဖြင့် ပြည်ပမှဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး ဒေသတွင်း စားသုံးဆီဖူလုံရေး ရည်မှန်းချက်ကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်ရှင်။

ထို့ကြောင့် မြေအခြားနည်းသုံးစွဲခွင့် လုပ်ငန်းစဉ်များကို ပိုမိုရှင်းလင်းလွယ်ကူပြီး မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးသည် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးကြီးပါကြောင်း ထောက်ပြလိုပါတယ်ရှင်။ အထက်ပါ အချက်အလက်များကြောင့် မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ယခုတင်သွင်းထားသော အဆိုအား လွတ်လပ်စွာဖြင့် အပြည့်အဝ ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးလင်းလင်းနိုင်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးလင်းလင်းနိုင်၊ မောက်မယ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊

Shan State Hlutraw

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် "မင်္ဂလာပါ"လို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မောက်မယ်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဦးလင်းလင်းနိုင် ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးအောင်ကျော်ညွန့် တင်သွင်းထားသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ပုဒ်မခွဲငယ်(ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ ၃၀(ခ)တို့ အရ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားမြေတို့အား မည်သည့်လုပ်ငန်းအမျိုးအစားဖြင့် လျှောက်ထားခြင်းများအပေါ် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဌာနဆိုင်ရာ အသီးသီးမှ စုံစမ်းစစ်ဆေးဆောင်ရွက်ကြရပါတယ်။

သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ စိစစ်ဆောင်ရွက်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များမှာ လယ်ယာမြေနည်းဥပဒေပုဒ်မ ၈၄၊ ပုဒ်မခွဲငယ်(ဆ)အရ "ဦးစီးဌာနများ၊ လုပ်ငန်းဌာနများမှ လယ်ယာမြေကို အခြားနည်းအသုံး ပြုရန် လျှောက်ထားသည့်ကိစ္စရပ်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များရဲ့ လုပ်ငန်းဆိုင်ရာခွင့်ပြုချက် ပူးတွဲတင်ပြထားခြင်း ရှိ/မရှိ"ဟုသာ ပြဋ္ဌာန်းထားရှိပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများဟာ အခြားနည်း လျှောက်ထားချက်များမှာ မိမိတို့ပိုင်ဆိုင်သော ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများပေါ်၌ မိသားစုနေအိမ်၊ အခြေခံအဆောက်အဦ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ သီးနှံသိုလှောင်ရုံနှင့် ဒေသတွင်း အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရန်သာ လယ်ယာမြေဥပဒေပုဒ်မ ၃၀၊ နည်းဥပဒေ ၈၁ အရသာ လျှောက်ထား

Shan State Hluttaw

ခြင်းဖြစ်ကြပါတယ်။ ထိုသို့လျှောက်ထားတဲ့နေရာမှာ ဌာနပေါင်းများစွာရဲ့ထောက်ခံချက်၊ သဘောထားမှတ်ချက်များစွာရယူစေခြင်းကြောင့် လျှောက်ထားမှုများမှာ ကြန့်ကြာနေခဲ့ရပြီး လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီစစ်ဆောင်ရွက်ချက်များဟာလည်း ရှုပ်ထွေးစေသည့်အပြင် အခြားနည်းလျှောက်ထားခြင်းများအား ဆက်လက်မလုပ်ဆောင်ကြတော့ဘဲ ဥပဒေ၏ ပြင်ပသို့ ရောက်ရှိလုပ်ကိုင်နေသည့် အခြေအနေများစွာကိုလည်း တွေ့မြင်ကြရပါတယ်။ နိုင်ငံတော်ဟာ လယ်ယာမြေဥပဒေနှင့်အညီ အဘက်ဘက်မှ ဆောင်ရွက်ပေးနေသော်လည်း ပြဋ္ဌာန်းဥပဒေများနှင့် မြေပြင်ဒေသ ပကတိအခြေအနေများ ကွာခြားနေမှုကို ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရန် အထူးလိုအပ်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မြို့ပြကဏ္ဍနှင့် စက်မှုဇုန်များ၊ စိုက်ပျိုးရေးအခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ကြတဲ့နေရာမှာလည်း လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့် ရရှိရေးအတွက် အချိန်ကြန့်ကြာမှုများကြောင့် ကုန်ထုတ်လုပ်မည့် ရင်းနှီးမြှုပ်နှံသူ အချို့လုပ်ငန်းရှင်များဟာ လုပ်ငန်းရပ်ဆိုင်းထားကြရသည်မှာလည်း ပကတိအရှိတရားပင်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုလျှင် နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားနှင့် အများပြည်သူများ အကျိုးငှာ ကျေးလက် ဒေသ/ မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင်လိုအပ်သည့် အခြားနည်းလျှောက်ထားရာတွင် လုပ်ငန်းလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအချက်(၄)ချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အား အကြံပြုတိုက်တွန်း ဆွေးနွေးတင်ပြလိုပါတယ်-

Shan State Hluttaw

(၁) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အခြားနည်းကန့်ကွက်လွှာခေါ်ယူသည့် ရက်ပေါင်း (၃၀)ပြည့်မီပြီးပါက (၂)ပတ်အတွင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးပြုလုပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။

(၂) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ကန့်ကွက်လွှာခေါ်ယူထားချိန်အတွင်း လိုအပ်သည့် သက်ဆိုင်ရာဌာနအသီးသီးမှ ထောက်ခံချက်၊ သဘောထားမှတ်ချက်များကို ပြည်သူလူထုကလိုက်လံ ဆောင်ရွက်စရာမလိုဘဲ ကန့်ကွက်လွှာခေါ်သည့်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကန့်ကွက်လွှာအချိန်ကာလ မပြည့်မီ(၁)ပတ်အလိုတွင် သက်ဆိုင်ရာဌာနအသီးသီး၏ သဘောထားမှတ်ချက်များကို ပေးပို့ထားပြီးသားဖြစ်စေရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်လမ်းညွှန်မှုပေးရန် ဖြစ်ပါတယ်။

(၃) ကန့်ကွက်လွှာသတ်မှတ်ရက် ပြည့်မီပါက အခြားနည်းအသုံးပြုခွင့် လျှောက်ထားသူသည် ၎င်းလျှောက်ထားသည့် အကြောင်းအရာအလိုက် မြေကိုအသုံးချသည့် ဧရိယာပမာဏအတိုင်း ပြည်နယ်အစိုးရအဖွဲ့မှ ဒေသန္တရ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် သတ်မှတ်သည့်နှုန်းထားများဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေလျက် လျှောက်ထားသူသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြရမှာဖြစ်ပါတယ်။ တင်ပြလာသည့်အပေါ် (၃)လအတွင်း ၎င်းလျှောက်ထားသည့် အခြားနည်းလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးရမည် ဖြစ်ပါတယ်။ ခွင့်ပြုထားသည့်အပေါ် ဆောင်ရွက်ခြင်းမရှိပါက အခြားနည်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အား ရပ်ဆိုင်းထားနိုင်ပါတယ်။ အခြားနည်းလျှောက်ထားအသုံးပြုခွင့်ကို ခွင့်ပြုပြီး မြေပြင်တွင် အမှန်တကယ် အသုံးမပြုဘဲ ရယူထားသည့် လုပ်ပိုင်ခွင့် ရသူများကြောင့် သက်ဆိုင်ရာဌာနများသည် (၆)လတစ်ကြိမ် ကွင်းဆင်းစိစစ်ရသည့် လုပ်ငန်းစဉ်များနှင့် အခြားနည်းအသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းရပြီး ဤလုပ်ငန်းစဉ်များကြောင့် ပိုမိုရှုပ်ထွေးလျက်ရှိနေပါတယ်။ ပြန်လည်ရုပ်သိမ်းမည့်အစား လုပ်ငန်းဆောင်ရွက်မှုမရှိသည့် အခြားနည်းအသုံးပြုခွင့် ရသူများကို နှစ်စဉ်သင့်လျော်သော ဒဏ်ကြေးငွေများ သတ်မှတ်ကောက်ခံသင့်ပါတယ်။ သို့မှသာအခြားနည်းအသုံးပြုခွင့် လျှောက်ထား

Shan State Hluttaw

ခြင်းတို့အား အမှန်တကယ်လိုအပ်သူများမှသာ လျှောက်ထားမှာ ဖြစ်ပြီး မြေကွက်တန်ဖိုးများ ဈေးကွက်မြင့်မားစေရန် ဈေးကစား ခြင်းနှင့် ငွေမဲခဝါချမှုများကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

(၄) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ဆုံးဖြတ်ချက်ဖြင့် ပေးပို့လာတဲ့ အခြားနည်းအမှုတွဲများကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့ ပေးပို့တင်ပြရာတွင် လယ်ယာမြေနည်းဥပဒေ ပုဒ်မ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉ တို့အရ ခရိုင်နဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (ပြဋ္ဌာန်းပါ သတ်မှတ်ရက်များအတိုင်း) အစည်းအဝေးပြုလုပ်၍ သဘောထားမှတ်ချက်များကို ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဆိုပါက အခြားနည်းအသုံးပြုခွင့် လျှောက်ထားရာမှာ ကြန့်ကြာနေသော ကိစ္စရပ်များအား လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဘဏ္ဍာငွေတိုးမြှင့်ရရှိနိုင်မည် ဖြစ်ပါသောကြောင့် အကြံပြုနည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်တင်သွင်းသော အဆိုအား ထောက်ခံကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကျော်ညွန့်မှ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ထောက်ခံဆွေးနွေးသွားတာတွေ့ရှိရပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(၈)အရ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျား။ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်တော်ကြီး ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြလာတဲ့ အဆိုနှင့်

Shan State Hluttaw

ပတ်သက်ပြီး လယ်ယာမြေဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point Slide (၁၄)ခုဖြင့် ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ ယခုအဆိုကို တင်သွင်းခဲ့တဲ့ ရပ်စောက်မြို့နယ်က လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်နဲ့ အဆိုကိုထောက်ခံဆွေးနွေးခဲ့တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ဤအဆိုအတွက်အထူးကျေးဇူးတင်ရှိပါ ကြောင်းနှင့် အဆိုနဲ့ပတ်သက်ပြီးရှုမ်းပြည်နယ်လွှတ်တော်ကို ပြန်လည်ရှင်းပြဖြေကြား တင်ပြခွင့်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကျော်ညွန့်ရဲ့ အဆိုတင်သွင်းရာမှာ ပါရှိတာနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းစဉ်များပြန်လည်စိစစ် ပြင်ဆင်ပေးနိုင်ပါရန်ကိစ္စနဲ့ပတ်သက်ပြီးလယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားတဲ့ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှုတွဲများဖွင့်လှစ်ခြင်းနှင့် စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်း နည်းလမ်းညွှန်ကြားခြင်းကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆.၅.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅(၀၁၇/၂၀၁၃)အရ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်-

လုပ်ငန်းစာတွဲဖွင့်လှစ်ဆောင်ရွက်ခြင်း

၁။ လယ်ယာမြေနည်းဥပဒေ ၈၂ အရ၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိလို၍ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်လွှာ (ပုံစံ-၁၄)ဖြင့် လျှောက်လွှာတင်သွင်းလာသည့်အခါ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် လယ်ယာမြေနည်းဥပဒေ ၈၃ အရ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လုပ်ငန်းစာတွဲအား သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသော မြေပုံ(၂)ပုံနှင့်အတူ ဖွင့်လှစ်ရမည်။ ယင်း လုပ်ငန်းစာတွဲများအတွက် အမှုတွဲမှတ်ပုံတင်စာရင်း သီးခြားဖွင့်လှစ်ပြီး အမှုတွဲမှတ်ပုံတင်ရပါမည်။ ဥပမာ-လုပ်ငန်းစာတွဲ အမှတ်-၁/ လယ (၃၀)/၂၀၁၂-၂၀၁၃ /ရန်ကုန်ဟူ၍ ဖြစ်ပါတယ်။

Shan State Hluttaw

စုံစမ်းစစ်ဆေးခြင်း

၂။ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ၃၀ တို့အရ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသောမြေအား မည်သည့် နည်းလမ်းအမျိုးအစားဖြင့် အသုံးပြုလိုသည်ကို အောက်ပါအချက်များ အရ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း စုံစမ်းစစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) **လျှောက်ထားမြေ၏ အခြေအနေ။** လျှောက်ထားသည့်မြေ တည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်၊ ဦးပိုင်အမှတ်၊ မြေအမျိုးအစား၊ ဧရိယာ(ဧက)၊ လက်ရှိ လုပ်ကိုင် သူအမည်၊ ယခုလျှောက်ထားသည့်ဧရိယာ၊ လက်ရှိလုပ်ကိုင် သူ၏ စုစုပေါင်းလုပ်ကွက်ဧရိယာနှင့် ကျန်ရှိသည့်ဧရိယာတို့ကို တိတိကျကျ ဖော်ပြပေးရန်၊

(ခ) **ပိုင်ဆိုင်မှုအခြေအနေ။** လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါလယ်ယာမြေကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရှိ/ မရှိ စုံစမ်းစစ်ဆေးရန်၊ လုပ်ပိုင်ခွင့် ရှိပါက မည်သည့်နှစ်မှစ၍ လုပ်ပိုင်ခွင့်ရရှိမှု အထောက်အထား မိတ္တူ ပူးတွဲရမည်ဖြစ်ပြီး၊ လုပ်ပိုင်ခွင့်ပြုလက်မှတ်မရှိပါက အဆိုပါလယ်ယာမြေကို လုပ်ပိုင်ခွင့်အား မည်သို့လွှဲပြောင်းရယူ သည်၊ လွှဲပြောင်းပေးရန် သဘောတူညီချက် ရှိ/မရှိ၊ ကတိ ဝန်ခံချက် ရှိ/ မရှိ နှင့် ရှိပါက မူရင်း သို့မဟုတ် မိတ္တူရယူ စစ်ဆေးပြီး ပူးတွဲရန်၊

(ဂ) **စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေ။** လျှောက်ထားသည့်မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သည့် သီးနှံကို ဖော်ပြရန်၊ စိုက်ပျိုးခြင်းမရှိ၍ လှပ်ထားပါက မလုပ်ထားမီအချိန်က စိုက်ပျိုးလုပ်ကိုင်သူအမည်၊ ၎င်းစိုက်ပျိုးခဲ့သည့် သီးနှံ၊ ဧရိယာနှင့်ယင်းမြေကို စွန့်လွှတ် ရပါက ၎င်း၏ ဆန္ဒသဘောထား၊ ၎င်း၏စီးပွားရေးအခြေအနေ၊ ၎င်း၏ မိသားစုဦးရေ၊ အလုပ်အကိုင်များ၊ ၎င်းအားအဆိုပါ မြေပေါ်မှ ထွက်ခွာသွားရန် ဆောင်ရွက်ခဲ့ပါကမည်သို့ဆောင်ရွက် ပေးခဲ့ရသည်အစရှိသည်တို့ကို စုံစမ်းစစ်ဆေးဖော်ပြရန်။

Shan State Hluttaw

(ဃ) **အဆောက်အဦဆောက်လုပ်မှုအခြေအနေ။** လျှောက်ထားသည့်မြေပေါ်တွင် အဆောက်အဦများဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ အဆောက်အဦများနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို စုံစမ်းစစ်ဆေးရန်-

(၁) စတင်ဆောက်လုပ်သည့် ခုနှစ်၊ လ၊ နှစ်

(၂) အဆောက်အဦအမျိုးအစားနှင့်အရွယ်အစား

(၃) အဆောက်အဦများ၏ လက်ရှိအခြေအနေ

(၄) အဆောက်အဦများကို လက်ရှိအသုံးပြု/မပြု၊ ပြုလျှင် မည်ကဲ့သို့ အသုံးပြုလျက်ရှိသည်။

(၅) အဆောက်အဦကို မည်သို့ဆောက်လုပ်ပိုင်ဆိုင်သည်၊

(၆) လျှောက်ထားသည့်မြေနေရာ၏အရှေ့မြင်၊ အနောက်မြင်၊ ဘေးမြင် (ဝဲယာ)ဓာတ်ပုံတစ်ပုံစီ ပူးတွဲတင်ပြပေးရန်။

(c) **အဆောက်အဦအနေအထား**

(၁) လျှောက်ထားသည့် မြေပုံပေါ်တွင် ဆောက်လုပ်ပြီးသို့မဟုတ် ဆောက်လုပ်မည့် အဆောက်အဦတည်နေရာကို ဖော်ပြသည့်မြေပုံ (Site Plan)ကို ၁၆ လက်မ= ၁ မိုင်စကေး သို့မဟုတ် တစ်လက်မ = ၁၀၀ ပေ စကေးဖြင့် ရေးဆွဲတင်ပြစေရန်၊ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ နှစ်မျိုးစလုံးပါဝင်နေပါက ခွဲခြားဖော် ပြရန်၊

(၂) လျှောက်ထားသည့် မြေသည် တိုးချဲ့ရန်မြေဖြစ်ပါက လက်ရှိအသုံးပြုနေသောမြေနှင့် တိုးချဲ့ရန်လိုအပ်သောမြေ(၂)ရပ်စလုံး၏ ဧရိယာအသီးသီးကို စစ်ဆေးဖော်ပြရန်၊

(၃) လျှောက်ထားသည့် မြေဧရိယာအားလုံးကို အမှန်လိုအပ်သည်၊ မလိုအပ်သည်ကို မြေပေါ်သွားရောက်စစ်ဆေးရန်၊ ယင်းသို့ စစ်ဆေးရာတွင်(Site Plan)နှင့်

Shan State Huttaw

တိုက်ဆိုင်၍ အမှန်တကယ်လိုအပ်သော မြေအကျယ်အဝန်းကို သေချာစွာစစ်ဆေးရန်။

(စ) **လျှောက်ထားသူ၏ဝန်ခံချက်။** အဆောက်အဦ မဆောက်လုပ်ရသေးပါက လျှောက်ထားသည့်အတိုင်းခွင့်ပြုလျှင် ခွင့်ပြုပြီးနောက် (ဖ)လအတွင်း အထက်ဖော်ပြပါ (Site Plan)တွင်ပါရှိသည့်အတိုင်း အဆောက်အဦများကို စတင်ဆောက်လုပ်ပါမည်သို့မဟုတ် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် လုပ်ငန်းဆောင်ရွက်ပါမည်ဟူသော လျှောက်ထားသူ၏ ဝန်ခံချက်ကို တစ်ပါတည်း ပူးတွဲတင်ပြရန်။

(ဆ) **အခြားအချက်များ**

(၁) လျှောက်ထားသည့် မြေကို မည်သည့်နေရက်မှစ၍ လျှောက်ထားသည့်အတိုင်း အခြားနည်းအသုံးပြုလိုသည်ကို စစ်ဆေးရန်၊

(၂) အစိုးရဌာနအဖွဲ့အစည်းများ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသည့် ကိစ္စအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရန်၊

(၃) တပ်ရင်းတပ်ဖွဲ့များမှ လျှောက်ထားသည့် ကိစ္စဖြစ်လျှင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရန်၊

(၄) လျှောက်ထားသည့် မြေနှင့် ဘေးပတ်ဝန်းကျင်မြေများဖော်ပြသည့် မြေပုံကို လုပ်ငန်းစာတွဲတွင်ပူးတွဲ၍ ဘေးပတ်ဝန်းကျင်ရှိ မြေများ၏ အသုံးပြုမှု အခြေအနေကို တင်ပြရန်၊

(၅) လျှောက်ထားသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူရှိ/မရှိနှင့် ရှိပါက မည်သည့်အတွက်ကြောင့် ကန့်ကွက်ကြောင်းကို စုံစမ်းစစ်ဆေးရန်။

Shan State Hluttaw

အသုံးပြုလိုသည့်နည်းလမ်းအမျိုးအစားအလိုက် ခွဲခြားစစ်ဆေးခြင်း

၃။ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုရန် အတွက် လျှောက်ထားသည့်ကိစ္စတွင် အသုံးပြုမည့်နည်းလမ်း အမျိုးမျိုးရှိရာ အထက်ဖော်ပြပါ စုံစမ်းစစ်ဆေးရမည့် အချက်အလက် များအပြင် အသုံးပြုလိုသည့်နည်းလမ်းများကို အမျိုးအစားခွဲခြားပြီး အောက်ပါအတိုင်းဖြည့်စွက်၍ စုံစမ်းစစ်ဆေးတင်ပြပေးရမည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် မြို့ပြဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်အရ မြို့မြေ/ရွာမြေတိုးချဲ့ရန်ကိစ္စအတွက်-

(၁) လျှောက်ထားသည့်မြေသည် မည်သည့်မြို့/ ရွာနှင့် ဆက်စပ်မှုရှိသည် မရှိသည်ကို စုံစမ်းစစ်ဆေးရန်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အညွှန်းပြမြေပုံပေါ်တွင် ဖော်ပြရန်၊

(၂) လျှောက်ထားသည့် မြေနေရာ၏ လမ်းပန်းဆက်သွယ် ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ မီးဘေးလုံခြုံရေး အစရှိသည့် အချက်အလက်များတင်ပြရန်၊

(၃) တိုးချဲ့သည့် မြေပေါ်တွင် စနစ်တကျအကွက်ရိုက် ထားခြင်း ရှိ/ မရှိ၊ ရှိပါက ယင်းမြေကွက်များ၏ အတိုင်း အတာသည် ပတ်ဝန်းကျင်ရှိ အိမ်ရာကွက်များ၏အတိုင်း အတာထက်ကျော်လွန်ခြင်း ရှိ/မရှိ စိစစ်တင်ပြရန်။

(၄) လျှောက်ထားမြေပေါ်တွင် ဆောက်လုပ်ပြီး အဆောက် အဦများရှိပါက မည်သည့်ခုနှစ်၊ လအတွင်းက ဆောက် လုပ်ခဲ့ကြောင်းနှင့် မရှိသေးပါက အကွက်ရိုက်ထားသည့် အတိုင်း ပြောင်းရွှေ့နေထိုင်မည့်သူများက ပြောင်းရွှေ့ နေထိုင်ရန် သဘောတူ/မတူ စုံစမ်းရန်၊

(၅) လျှောက်ထားသည့်မြေသည် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်လက်စွဲ ဥပဒေ၏ နည်းဥပဒေ ၇၉(က)မှ(ဌ)ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာလက်စွဲဥပဒေ၏ နည်းဥပဒေ ၄၁ မှ ၄၉

Shan State Hluttaw

(က)ပါ စည်းကမ်းချက်များအရ လိုက်နာရန်အတွက် နေထိုင်မည့်သူများက သဘောတူကြောင်း ကတိဝန်ခံ ချက်ရယူပူးတွဲရန်။

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်း စီမံချက် သို့မဟုတ် မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် မည့်လုပ်ငန်းစီမံချက်အရ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံနှင့်ဆေးခန်းအစရှိသည်တို့အတွက်ဖြစ်စေ၊ ဘာသာရေး အဆောက်အအုံများအတွက်ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်နှင့် ရန်ပုံငွေရရှိ နိုင်မှုအခြေအနေအပြင် အောက်ပါ အချက်အလက်များအား စုံစမ်းစစ်ဆေးဆောင်ရွက်ရမည် -

(၁) လျှောက်ထားသူသည် လျှောက်ထားသည့် လယ်ယာ မြေကို ပိုင်ဆိုင်မှု ရှိ/ မရှိ၊ ပိုင်ဆိုင်ပါကမည်သည့် ခုနှစ်၊ လမှအစပြု၍ မည်သည့်အထောက်အထားအရ ပိုင်ဆိုင် ကြောင်း၊ လျှောက်ထားသူ သို့မဟုတ် ပိုင်ဆိုင်သူက အများပြည်သူပိုင် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံနှင့်ဆေးပေးခန်း၊ ဘာသာရေး အဆောက်အအုံတို့ အတွက် မည်သည့်နေ့ရက်တွင် ပြည်သူများရှေ့မှောက်၌ မည်သို့လှူဒါန်းကြောင်း စုံစမ်းစစ်ဆေးရန်၊

(၂) အထက်အပိုဒ်ခွဲ(၂)ပါ အချက်များနှင့်ပတ်သက်၍ မည်သည့်ဘက်မှ ပါဝင်ခြင်းမရှိသော သက်သေများကို စစ်ဆေးရန်၊

(၃) ဘာသာရေးအဆောက်အအုံအတွက်ဖြစ်ပါကသက်ဆိုင်ရာ မြို့နယ်သံဃာ့နာယကအဖွဲ့ ဆရာတော်ကြီး (၃)ပါးအား စုံစမ်းရန်နှင့် ယင်းဆရာတော်ကြီးများ၏ သီတင်းသုံး သည့်ကျောင်းတိုက်များဖော်ပြရန်၊

(၄) ဘာသာရေးနှင့် သာသနာရေးအဆောက်အဦများအတွက် ဂေါပကအဖွဲ့ ရှိ/မရှိနှင့် ရှိပါက ၎င်းတို့၏ အမည်နှင့်

Shan State Hluttaw

ယင်းအဖွဲ့များအား မည်သည့်နေရက်တွင်မည်သို့ဖွဲ့စည်း၍ မည်သည့်စည်းကမ်းချက်များထားရှိသည်ကို စုံစမ်းရန်၊

(၅) သက်ဆိုင်ရာ မြို့နယ်အဆင့်ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ သာသနာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ သဘောထားမှတ်ချက်ရယူရန်။

(၈) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှခေတ်မီစက်မှုလယ်ယာသို့ စနစ်ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများထားရှိရန်၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဆန်စက်များတည်ဆောက်ခြင်း၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ၊ ဟိုတယ်အဆောက်အဦနှင့် စက်သုံးဆီအရောင်းဆိုင်များ၊ မွေးမြူရေးလုပ်ငန်းသုံးများအတွက် လယ်ယာမြေကို အခြားနည်းအသုံးပြုလိုပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်တွင် အောက်ပါ အချက်များပါရှိရမည်-

(၁) အခြားနည်းအသုံးပြုရန် လျှောက်ထားသည့် မြေဧရိယာသည် အသုံးပြုမည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ အနည်းဆုံးလိုအပ်သည့်ပမာဏ ဖြစ်/မဖြစ်၊

(၂) လျှောက်ထားသည့် မြေဧရိယာ၏ ပတ်ဝန်းကျင်တွင် လက်ရှိလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများအား ထိခိုက်နိုင်ခြင်း ရှိ / မရှိ၊

(၃) စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည့် ရေသွင်းရေထုတ်စနစ်များအား ထိခိုက်နိုင်ခြင်း ရှိ/ မရှိ၊

(၄) အများပြည်သူ အသုံးပြုနေသည့်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ ထိခိုက်နိုင်ခြင်း ရှိ/မရှိ၊

(၅) စက်သုံးဆီအရောင်းဆိုင်နှင့် ဆီသိုလှောင်ရုံ အဆောက်အဦများကို အသုံးပြုရန် လျှောက်ထားလာပါက အောက်ပါအချက်များပြည့်စုံစွာပါရှိရမည်-

(က က) စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း အထောက်အထား၊

Shan State Hluttaw

(ခခ) မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဗို့အား မြင့် လျှပ်စစ်ဓာတ်အားလိုင်းများနှင့်ကင်းလွတ်ကြောင်း သဘောထားမှတ်ချက်၊

(ဂဂ) မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် သဘောထားမှတ်ချက်၊

(၆) ဟိုတယ်နှင့်တည်းခိုခန်းအဆောက်အဦများတည်ဆောက်ရန် လျှောက်ထားလာပါက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းအထောက်အထားပါရှိရမည်။

(၇) မွေးမြူရေးနှင့် ရေလုပ်ငန်းများအတွက် အသုံးပြုရန် လျှောက်ထားလာပါက အောက်ပါအချက်များပါရှိရမည်-

(ကက) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအတွက်ဖြစ်ပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘောထားမှတ်ချက်၊

(ခခ) ငါး/ ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် ဖြစ်ပါက ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘောထားမှတ်ချက်။

(၈) စက်ရုံ၊ အလုပ်ရုံများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်သည့် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်များပါရှိရမည်။

(ဃ) နိုင်ငံတော်က သတ်မှတ်ထားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတည်ရှိသော လယ်ယာမြေများဖြစ်ပါက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ၃၀ တို့အရ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ -

(က) လျှောက်ထားခြင်းကိစ္စရပ်များအပေါ် ကန့်ကွက်လိုသူရှိပါက အကြောင်းအရာ ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းကို

Shan State Hluttaw

ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ(ပူးတွဲ) နမူနာဖြင့်ကြော်ငြာရပါမည်။

(ခ) ယင်းကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာကို မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင်လည်းကောင်း၊ လယ်ယာမြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း ကပ်ထားရမည့်အပြင် ယင်းသို့ ကြော်ငြာစာတွင်လည်း ကြော်ငြာသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရပါမည်။

လုပ်ငန်းစာတွဲအား အဆင့်ဆင့်အရေးယူဆောင်ရွက်ခြင်း

၅။ (က) လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ကန့်ကွက်လွှာထုတ်ဆင့်ကြော်ငြာခြင်း၊ လုပ်ငန်းများအား ဆောင်ရွက်ပြီးပါက မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၈၄ အရ စိစစ်ချက်များနှင့်အတူ သဘောထားမှတ်ချက်ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေနည်းဥပဒေ ၅ အရ လုပ်ငန်းစာတွဲ လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း လယ်ယာမြေနည်းဥပဒေ ၈၆ ပါ ပြဋ္ဌာန်းထားသည့် အချက်များအတိုင်း ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားသည့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ လျှောက်ထားမြေသည် လယ်ယာမြေဖြစ်ပါက နည်းဥပဒေ ၈၇(က) အရ ရက်ပေါင်း(၃၀)အတွင်း သဘောထားမှတ်ချက်ပြုလျက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရပါမည်။

(ဃ) လျှောက်ထားမြေသည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုလိုသည့်ကိစ္စရပ်ဖြစ်ပါက လယ်ယာမြေ

Shan State Hluttaw

နည်းဥပဒေ ၈၇ (ခ)အရ ရက်ပေါင်း(၃၀)အတွင်း သဘောထား မှတ်ချက်နှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၆။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၏အဆိုအား အောက်ပါ အတိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်-

(က) မလိုအပ်သော ထောက်ခံစာများ ဖြေလျှော့ပေးရန် (Risk-based Exemption) မိသားစုနေအိမ်၊ သီးနှံသိုလှောင်ရုံ အသေးစားနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများအတွက် မသက်ဆိုင်သော ဌာနဆိုင်ရာထောက်ခံစာများ တောင်းခံ ခြင်းမှ ကင်းလွတ်ခွင့်ပေးရန် သို့မဟုတ် ဝန်ခံကတိပြုချက် (Self-Declaration)ဖြင့် အစားထိုး ဆောင်ရွက်ပေးရန်ကိစ္စ။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်းနှင့်စပ်လျဉ်းပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များကို လယ်ယာမြေ နည်းဥပဒေ ၇၈ မှ ၉၄ အထိ အသေးစိတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်၍ လျှောက်ထားမှုများအပေါ်တွင် လုပ်ငန်းစာတွဲ ဖွင့်လှစ် ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အဆင့်ဆင့် စစ်ဆေးစိစစ်ခြင်းစသည့် လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့်နည်းလမ်း များကို ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီလိုက်နာကျင့်သုံး ဆောင်ရွက်နိုင်စေရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ ၂၀၂၀ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁၆.၅.၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅၆(၀၁၇/၂၀၁၃)ဖြင့် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့(အားလုံး)၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(အားလုံး)နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (အားလုံး)သို့ ဖြန့်ဝေ ညွှန်ကြားခဲ့ပြီး အဆိုပါဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်အရ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါ သဖြင့် ကင်းလွတ်ခွင့်ပေးရန် သို့မဟုတ် ဝန်ခံကတိပြုချက် (Self-Declaration)ဖြင့် အစားထိုးဆောင်ရွက်ပေးရန်ကိစ္စမှာ

Shan State Hluttaw

ပြည်နယ်အစိုးရအဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်မဟုတ်ပါကြောင်း၊

(ခ) **ပူးပေါင်းကွင်းဆင်း စစ်ဆေးရေးစနစ် ကျင့်သုံးရန်(Joint Field Inspection)ကိစ္စ။** ဌာနအသီးသီးမှ သီးခြားစီ ကွင်းဆင်းစစ်ဆေးသည့်အစား မြို့နယ်လယ်/ စီအဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနများ ပါဝင်သော တစ်ပြိုင်နက်တည်း ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့်သာ ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စီမံဆောင်ရွက်နေသည့်ကိစ္စဖြစ်၍ ပြည်နယ်အစိုးရအဖွဲ့မှ သီးခြားညွှန်ကြားဆောင်ရွက်ရန် မလိုအပ်ပါကြောင်း၊

(ဂ) **သဘောထားတောင်းခံမှု ကာလသတ်မှတ်ပေးရန် (Silent Approval System)ကိစ္စ။** အခြားဌာနများသို့ သဘောထားတောင်းခံရာတွင် သတ်မှတ်ရုံးဖွင့်ရက် (၁၅)ရက် သို့မဟုတ် (၂၁)ရက်အတွင်း တစ်စုံတစ်ရာအကြောင်းမပြန်ပါက ကန့်ကွက်ရန်မရှိ ထောက်ခံသည်ဟု အလိုအလျောက် သတ်မှတ်သည့် စနစ်ကျင့်သုံးပေးရန်ကိစ္စနှင့် ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း စုံစမ်းစစ်ဆေးဆောင်ရွက်ရမည်ဟု သတ်မှတ်ထားပြီးဖြစ်ပါ၍ ပြည်နယ်အစိုးရအဖွဲ့မှ သီးခြားညွှန်ကြားဆောင်ရွက်ရန် မလိုအပ်တော့ပါကြောင်း၊

(ဃ) **လုပ်ငန်းစဉ် အချိန်ကာလ (Time Limit) တိကျစွာ သတ်မှတ်ပေးရန်ကိစ္စ။** ကျေးရွာ /မြို့နယ်/ ခရိုင်/ ပြည်နယ် အဆင့်ဆင့် စိစစ်သည့် စုစုပေါင်း အချိန်ကာလအား တိကျစွာ သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆.၅.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅ (၀၁၇/၂၀၁၃)အရ အောက်ပါအတိုင်း ညွှန်ကြားထားရှိပါကြောင်း-

(၁) လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားခြင်းကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ရက်ပေါင်း(၃၀)အတွင်း၊

Shan State Hluttaw

ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ကန့်ကွက်လွှာ ထုတ်ဆင့်ကြော်ငြာခြင်း။

(၂) လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထား သောမြေအား မည်သည့်နည်းလမ်းအမျိုးအစားဖြင့် အသုံးပြုလိုသည်ကို လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း စုံစမ်း စစ်ဆေးခြင်း။

(၃) လုပ်ငန်းစာတွဲ ဖွင့်လှစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ကန့်ကွက်လွှာ ထုတ်ဆင့်ကြော်ငြာခြင်း လုပ်ငန်းများအား ဆောင်ရွက်ပြီးပါက မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁၅)ရက်အတွင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

(၄) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သည်လုပ်ငန်းစာတွဲကို လက်ခံရရှိပါက ရက်ပေါင်း(၃၀)အတွင်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြခြင်း။

(၅) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သည် လယ်ယာမြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံ ချက်ဖြင့် ခွင့်ပြုခြင်း၊ လုပ်ငန်းစဉ်အချိန်ကာလ (Time Limit) တိကျစွာသတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍နေပြည်တော် ကောင်စီအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီ လိုက်နာ ကျင့်သုံးဆောင်ရွက်နိုင်စေရန် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့မှ လုပ်ငန်းစဉ်အချိန်ကာလ(Time Limit) အား တိကျစွာ သတ်မှတ်ပေးပြီးဖြစ်၍ နေပြည်တော် ကောင်စီ/ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များမှ သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်

Shan State Hluttaw

စေရေးအတွက် ကြိုးကြပ်ဆောင်ရွက်ရန်သာ ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်အချိန်ကာလ အား သီးခြားပြင်ဆင်သတ်မှတ်ရန် မလိုအပ်ပါကြောင်း၊

(c) **SOP လမ်းညွှန်ချက်များအား အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်ကိစ္စ။** လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှုတွဲများ ဖွင့်လှစ်ခြင်းနှင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း နည်းလမ်းညွှန်ကြားချက်အား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁၆.၅.၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅၆ (၀၁၇/၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(အားလုံး)သို့ ညွှန်ကြားဆောင်ရွက်ထားသည့်ကိစ္စဖြစ်၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှအများပြည်သူသိရှိနိုင်ရေး ရှင်းလင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် သီးခြားညွှန်ကြား ဆောင်ရွက်ရန် မလိုအပ်ပါကြောင်းနှင့် အဆိုအား ရှမ်းပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဦးအောင်ကျော်ညွှန့် တင်သွင်းသော အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ ပုဒ်မခွဲ (စ)နှင့်(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ ကျွန်တော်တင်သွင်းတဲ့အဆိုကို ထောက်ခံပေးကြပါသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)၊ (မြောက်ပိုင်း)မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ယနေ့ကျွန်တော် တင်သွင်းသွားတဲ့ လယ်ယာမြေဥပဒေပုဒ်မ (၃၀)(ခ)အရ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် အချိန်ကြန့်

Shan State Hluttaw

ကြာမှုများ လျော့ချရန်အဆိုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ အပြုသဘောဆောင်စွာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့တဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မိဘပြည်သူများမြေပြင်တွင် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ မိသားစုနေအိမ်၊ သီးနှံသိုလှောင်ရုံ၊ သေးငယ်သော စိုက်ပျိုးမွေးမြူရေးမှစ အသက်မွေးဝမ်းကျောင်းအလုပ်များ လုပ်ကိုင်ရန် ပုဒ်မ ၃၀(ခ) လျှောက်ထားရာတွင် ဒီနေရာမှလည်း ပုဒ်မ ၃၀(က)က ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲတဲ့ ကိစ္စဖြစ်တာမလို့ ၃၀(ခ)ဆိုတာ ကျွန်တော်တို့ရှမ်းပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ပုဒ်မကို ကျွန်တော်တို့ဦးတည်တာဖြစ်ပါတယ်။ ပုဒ်မ ၃၀(ခ) လျှောက်ထားရာတွင် ဌာနအသီးသီးမှ သီးခြားစီကွင်းဆင်းစစ်ဆေးခြင်း၊ မလိုအပ်သောထောက်ခံစာများစွာ တောင်းခံခြင်းနှင့် သဘောထားတောင်းခံမှု ကာလရှည်လျားခြင်းတို့ကြောင့် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ၊ အချိန်ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုရှင်ခင်ဗျား။ ကျွန်တော်တစ်ခုပြောလိုပါတယ်။ အစိုးရကတော့ မှတ်တမ်းတင်ဖို့ပြောပါတယ်။ အဆိုရှင်အနေနဲ့ ဘာလုပ်ချင်ပါသလဲ။ လုပ်ချင်တာကိုပဲပြောပါ။ ကျန်တာတွေကတော့ ရှင်းလင်းပြီးသားဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ဟုတ်ကဲ့။ လုပ်ငန်းစဉ်တစ်ခုလုံး၏ စာရွက်စာတမ်းကြန့်ကြာမှုအချိန်ကာလကို တိကျစွာပြင်ဆင်သတ်မှတ်ပေးခြင်း ဆိုသည့်အချက်များသည် ခေတ်စနစ်နဲ့အညီ ပြည်သူကို ဗဟို ပြုသော ဝန်ဆောင်မှုစနစ်ကို အရွေ့တစ်ခုအဖြစ် သမိုင်းဝင်ပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုကို လွှတ်တော်မှ အတည်ပြုပေးလိုက်ခြင်းသည် စာရွက်ပေါ်တွင် ဆုံးဖြတ်ချက်တစ်ခုချလိုက်ရုံမျှမဟုတ်ဘဲ လယ်ယာမြေပုဒ်မ ၃၀(ခ) လျှောက်ထားရန် အခက်အခဲဖြစ်နေကြတဲ့ ပြည်သူများအတွက် လွှတ်တော်သည် ပြည်သူတို့အမှန်တကယ် အားကိုးရာဖြစ်သည်ဆိုသည့် သတင်းကောင်းနှင့် အံ့သြဝမ်းမြောက်ဖွယ်ရာ မျှော်လင့်ချက်အလင်းရောင်ကိုယူဆောင်ပေးခြင်းပင်ဖြစ်ပါတယ်။ အစိုးရအဖွဲ့မှလည်း အဆင့်ဆင့်သော ဗဟိုနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ လမ်းညွှန်မှုတောင်းခံကာ စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဟု ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ သို့ပါသဖြင့် ကျွန်တော်တို့၏ အမိတိုင်းပြည် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးမြှင့်တင်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်ပွင့်လင်း သန့်ရှင်းစင်ကြယ်လာ

Shan State Hluttaw

စေရေးအတွက် ယခုအဆိုအားလွှတ်တော်က အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်၊ အကြံပြုချက်၊ ထောက်ခံဆွေးနွေးချက်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးရဲ့ တင်ပြချက်နှင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးရဲ့ အဆိုနှင့် စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်း ဖြေကြားမှု၊ အဆိုရှင်ရဲ့ဒီအဆိုကို မှတ်တမ်းအစား အတည်ပြုပေးဖို့ဆိုတဲ့အပေါ်မှာ ကျွန်တော် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီအဆိုအပေါ်မှာ သုံးသပ်ကြည့်တဲ့အခါမှာ ပထမအချက်အနေနဲ့ "မလိုအပ်သော ထောက်ခံစာများ ဖြေလျှော့ပေးရန်၊ မိသားစုနေအိမ်၊ သီးနှံသိုလှောင်ရုံ အသေးစားနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မသက်ဆိုင်သော ဌာနဆိုင်ရာထောက်ခံစာများ တောင်းခံခြင်းမှ ကင်းလွှတ်ခွင့်ပေးရန် သို့မဟုတ် ဝန်ခံကတိပြုချက်ဖြင့် အစားထိုးပေးရန်ကိစ္စ" နှင့် ဒုတိယအချက်ဖြစ်တဲ့ " သဘောထားတောင်းခံမှုကာလ သတ်မှတ်ပေးရန်ကိစ္စ"တို့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆုံးဖြတ်ပေးနိုင်တဲ့ကိစ္စမဟုတ်ဘူးလို့ မြင်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှဆောင်ရွက်ပေးရမည့်ကိစ္စလို့ တွေ့ရှိရပါတယ်။

နောက်ထပ် (၃)ချက်ဖြစ်တဲ့ "ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးစနစ် ကျင့်သုံးရန်ကိစ္စ"၊ "သဘောထားတောင်းခံမှုကာလ သတ်မှတ်ပေးရန်ကိစ္စ" နှင့် "SOP လမ်းညွှန်ချက်များအား အများပြည်သူ သိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်ကိစ္စရပ်"များမှာ ညွှန်ကြားထားတဲ့ကိစ္စများဖြစ်တဲ့အတွက် သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်နိုင်ဖို့ ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားနိုင်မည့်ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အဆိုတင်သွင်းသူရဲ့ ဆန္ဒနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ဒါသက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်များအပေါ်မှာပဲ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပေးသွားမှာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ(ထ) နည်းဥပဒေခွဲငယ် (၃)အရ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းကို ကျင့်သုံး

Shan State Hluttaw

သွားမှာဖြစ်ပါတယ်။ အဆိုအပေါ် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲ (Yes) ဆိုတဲ့ အစိမ်းရောင်ခလုတ်ကို နှိပ်၍လည်းကောင်း၊ အဆိုအပေါ် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ဆန္ဒမဲ (No) ဆိုတဲ့ အနီရောင်ခလုတ်ကို နှိပ်၍လည်းကောင်း၊ ကြားနေဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များက (Abstain)ဆိုတဲ့ အဝါရောင်ခလုတ်ကို နှိပ်၍လည်းကောင်း ဆန္ဒမဲပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဆန္ဒမဲပေးရန် စက္ကန့် (၃၀)အတွင်း ဆန္ဒမဲပေးရမှာဖြစ်ပြီး မှားယွင်းနှိပ်မိ၍ ပြင်ဆင်လိုပါက ထပ်မံနှိပ်နိုင်ပါတယ်။ စက္ကန့်(၃၀)အတွင်း နောက်ဆုံးနှိပ်သော ခလုတ်ကိုသာ ဆန္ဒမဲပေးခြင်းအတွက် အတည်ပြုရေတွက်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ပါပြီဆိုတဲ့အခါမှသာ စက်ခလုတ်ကို စတင်အသုံးပြုရမှာ ဖြစ်ပါတယ်။ စက်အဖွဲ့များကလည်း အဆင်သင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးရမဲ့ ကိုယ်စားလှယ်ကတော့ ဒီနေ့တက်ရောက်တာ (၁၂၆)ဦးရှိပါတယ်။ ကျွန်တော်ကတော့မဲပေးတဲ့ အထဲမှာမပါပါဘူး။ ကျွန်တော့်အနေနဲ့ မဲအရေအတွက်(Tie)တိုင်ဖြစ်တဲ့ အချိန်ကျမှသာလျှင် ကျွန်တော့်အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ပါတယ်။ လက်ရှိ(၁၂၅)ဦးကနေပြီးတော့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ မဲခွဲမယ့် အချက်ကတော့ ကျွန်တော်ခုနက တင်ပြခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရလုပ်နိုင်တဲ့ အချက်(၃)ချက်ပေါ်မှာပဲ ဒါဆောင်ရွက်သွားမယ်ဆိုတဲ့ အပေါ်မှာဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်(၁၂၅)ဦးလုံးအထဲမှာရှိပါသလား။ အပြင်ထွက်တဲ့ ကိုယ်စားလှယ်များရှိပါသလား။ အဖွဲ့တွေ စိစစ်ပေးပါ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုကျွန်တော်တို့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဲပေးတဲ့အခါမှာ စက္ကန့်(၃၀) အတွင်းမှာ မိမိနောက်ဆုံးပေးခဲ့တဲ့မဲသည် အတည်ဖြစ်သွားမှာဖြစ်ပါတယ်။ ကျွန်တော် ကနေပြီး မဲပေးလို့ရပါပြီလို့ ကြေညာပေးမှာဖြစ်ပါတယ်။

ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ဥက္ကဋ္ဌ ကြီးရှင့်။ အဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်အပေါ်မှာ ဆောင်ရွက်သွားမယ်လို့ဆိုလိုတာလားရှင့်။

ဥက္ကဋ္ဌ။ အဆိုရဲ့ အချက်ထဲကနေ လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ကနေ ကောက်နုတ်ပြီးတော့ အဲ့ဒီအချက်ကို အတည်ပြုပေးဖို့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အကုန်လုံး အတည်ပြုလို့မရတဲ့အပေါ်မှာ ကောက်နုတ်ပြီး အတည်ပြုပေးတာ ဖြစ်ပါတယ်။ ကျန်တဲ့(၂)ခုက အတည်ပြုလဲ ဗဟိုကပဲပြင်ရမှာဖြစ်တဲ့အတွက် ဗဟိုကပဲ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒါချန်လှပ်ပြီး ပြည်နယ်အစိုးရက ညွှန်ကြားစာ

Shan State Hluttaw

ထုတ်လိုက်ပြီးတော့ ဆောင်ရွက်လို့ရတဲ့ကိစ္စဖြစ်လို့ အဲ့ဒါအပေါ်မှာ ဆုံးဖြတ်ဖို့မဲခွဲရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အစည်းအဝေးကို ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ (၁၃း၃၀)မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ အစည်းအဝေးကို နေ့လယ် (၁း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

[တနလာ်ဒေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)နေ့လယ်ပိုင်း အစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ဥက္ကဋ္ဌ။ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးရန် စက်အဖွဲ့က အသင့်ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ မဲပေးလို့ရပါပြီ။

(လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးကြပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်ခလုတ်အသုံးပြုမှုအရ ထောက်ခံမဲ (၁၀၅)မဲ၊ ကန့်ကွက်မဲ (၁၂)မဲ၊ ကြားနေ (၈)မဲ ဖြစ်ပါတယ်။ ဒါကြောင့် ထောက်ခံမဲများသည့်အတွက် "ရှမ်းပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အဆိုတွင်ပါဝင်သည့်အချက်များကိုသာ" အတည်ပြုကြောင်း ကြေညာပါတယ်ခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန် အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယအစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက် (အင်္ဂါနေ့) နံနက်(၁၀)နာရီမှာအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို နေ့လယ် ၁၃း၄၀ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ လာရောက်လေ့လာသူများအဖြစ် ဦးခင်မောင်ကျော်နှင့်အဖွဲ့ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (၂၅)ဦး၊ ဦးစံလင်းနှင့်အဖွဲ့ ရှမ်းတောင်မြို့နယ်ပေါင်းစုံ ဓမ္မစကူးကော်မတီ (၂၈)ဦး၊ ဦးထွန်းအေးနှင့်အဖွဲ့ မူဆယ်မြို့ (၂)ဦးတို့ ဖြစ်ကြပြီး စုစုပေါင်းလေ့လာသူ (၅၅)ဦးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၉၄.၇၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက် နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၁၈.၈.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒီကနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

Shan State Hluttaw

(၄) ဦးခွန်ဖိုးစိန် ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးစိုင်းခမ်းကျော်၊ မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦးရှိပြီး ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

Shan State Hluttaw

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ လွှတ်တော်သို့ လာရောက်လေ့လာသော တိုင်းရင်းသားပြည်သူများအားလုံး လိုရာဆန္ဒတွေပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးမေးမြန်းသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းရှိ သွားလာရခက်ခဲသော မြို့နယ်များမှာ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားဒေသဆိုင်ရာ ထောက်ပံ့ကြေးပေးအပ်ရန်နှင့် ပြည်သူများကုန်စျေးနှုန်းသင့်တင့်စွာ ဝယ်ယူခွင့်ရရှိရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိ မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အများစုသည် တောင်တန်းဒေသ သဘာဝအနေအထား၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားမှုနှင့် ကုန်စည်စီးဆင်းမှုအခက်အခဲများကြောင့် အခြားဒေသများနှင့် နှိုင်းယှဉ်ပါက ပိုမိုခက်ခဲတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အခြေခံစားသောက်ကုန်နှင့် စျေးနှုန်းမြင့်တက်သလို လျှပ်စစ်မီး၊ သောက်သုံးရေ၊ စက်သုံးဆီနှင့် အိမ်ဌားခများအပါအဝင် လူနေမှုစရိတ်များလည်း ပိုမိုမြင့်တက်လျက်ရှိနေပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)က အချို့မြို့နယ်များ

Shan State Hluttaw

မှာဆိုလျှင် ရေသန့်ကအစ တရုတ်ထုတ်ကုန်များကို တရုတ်ယွမ်ငွေများဖြင့် ဝယ်ယူသုံးစွဲနေကြရပါသဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဒဏ်ကို ပြည်သူတွေခံစားနေကြရပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာလဲ ထိုနည်းတူစွာပဲ ကုန်ဈေးနှုန်းကြီးမြင့်တာကို တွေ့ရှိရပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေဟာ အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသော အရေးပါတဲ့ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါတယ်။ ဒေသအခက်အခဲများ၏ဒဏ်ကို ကြံ့ကြံ့ခံရင်း ကြိုးစားတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများကို သင့်လျော်သော ထောက်ပံ့မှုများပေးအပ်မည်ဆိုပါက ၎င်းတို့ရဲ့ စိတ်ဓာတ်တက်ကြွမှု အရည်အသွေးနှင့်အများပြည်သူဝန်ဆောင်မှုကို အဂတိကင်းစွာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ဒါကတော့ ပြည်သူ သို့မဟုတ် ဝန်ထမ်းတစ်ဦးရဲ့ တစ်လစာအသုံးစရိတ်ကို တင်ပြပေးတာဖြစ်ပါတယ်။ ဒါတောင်ကြီးမြို့ရဲ့ ကုန်ဈေးနှုန်းရဲ့ နှိုင်းယှဉ်ပြီးတော့ တင်ပြထားတာပဲ ဖြစ်ပါတယ်ခင်ဗျား။ ခက်ခဲတဲ့မြို့နယ်တွေမှာဆိုရင် ဒီထက်ပိုပြီးတော့ ကုန်ကျစရိတ်တွေရှိပါတယ်။ ဒီထဲမှာ အမျိုးသမီးတွေ အသုံးအဆောင် မိတ်ကပ်၊ နှုတ်ခမ်းနီဖိုး တွေမပါသေးပါဘူးခင်ဗျား။ မိသားစုများရဲ့ အဝတ်အထည်ဖိုးတွေ၊ ကလေးကျောင်းစရိတ်တွေ၊ အိမ်ငှားခတွေ၊ ကျန်းမာရေး၊ သာရေး/ နာရေး/ လူမှုရေးစရိတ်များလည်း ပါဝင်တွက်ချက်ခြင်းလဲမရှိသေးပါဘူးခင်ဗျား။ ဒီလစာနဲ့ ရပ်တည်နေရတဲ့ ဝန်ထမ်းတွေအတွက် အခမဲ့ ကျန်းမာရေးကုသခွင့်တွေလည်း ပေးသင့်ပါတယ်။ အငြိမ်းစားယူမဲ့ ဝန်ထမ်းကောင်းတွေကိုလည်း ငလျင်ဒဏ်ခံနိုင်တဲ့ ကွန်ဒိုတိုက်ခန်းလေးတွေ စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်ခင်ဗျား။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကစပြီး ဝန်ထမ်း(၁)ဦးကို (၉၀၀၀၀)ကျပ်တိတိ ထောက်ပံ့ကြေးပေးခဲ့တာကိုလည်း သိရှိရပါတယ်ခင်ဗျား။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံအဆင်ပြေစေရေးအတွက် အခက်အခဲမျိုးစုံကြားထဲက ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်တုန်းလေးစားအတုယူဖွယ်ကောင်းသော အချက်က ကျွန်တော်တို့ရဲ့ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီးတို့ရဲ့ လွတ်တော်ရုံး ဝန်ထမ်းများအတွက် စီမံဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းလေးကိုလည်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးများဟာဆိုလျှင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ရက် (၁၀၀) အတွင်းမှာပဲ ရုံးဝန်ထမ်းများကို ထောက်ပံ့ပေးနိုင်ရေးအတွက် ငွေပဒေသာပင်ကို စေတနာထား ကြိုးစားဆောင်ရွက်ပေးနေတာကိုလည်း သိရတဲ့အတွက်လည်း လေးစားဂုဏ်ယူ

Shan State Hluttaw

ဂါရဝပြုကြောင်း တင်ပြလိုပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာဌာနအကြီးအကဲများအနေဖြင့် ဝန်ထမ်း ဥပဒေ ၁၉၊ ၂၀ များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်/ ခရိုင် / ပြည်နယ်များမှာ ဒေသအလိုက် ဆောင်ရွက်လို့ရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများစသည်ဖြင့် သက်သာချောင်ချိရေးလုပ်ငန်းတွေကို ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးဖို့ကိုလည်း အကြံပြုတင်ပြလိုပါတယ်ခင်ဗျား။ လတ်တလော ဘတ်ဂျက်အခက်အခဲကြောင့် ထောက်ပံ့ကြေးပေးရန် အခက်အခဲရှိနေပါကလည်း ကုန်စျေးနှုန်းကျဆင်းရေးအတွက်ကို ကြိုးစားဆောင်ရွက်ပေးစေလိုပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ သွားလာရခက်ခဲသော ဒေသအချို့တွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုစရိတ်ဖိအားများကို လျော့ပါးစေရန်၊ ဝန်ထမ်းများရဲ့ စိတ်ဓာတ်လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်ရန်နှင့် အူမတောင့်တောင့်နှင့် သီလစောင့်ထိန်းနိုင်ရေးအတွက် သီးခြားဒေသဆိုင်ရာထောက်ပံ့ကြေး သို့မဟုတ် ဒေသစရိတ်ပေးအပ်ရန် အစီအစဉ် ရှိ/ မရှိနှင့် လမ်းခရီးကုန်စည်စီးဆင်းမှုအခက်အခဲများကြောင့် ဒေသခံတိုင်းရင်းသားများ ကုန်စျေးနှုန်းသင့်တင့်စွာ ဝယ်ယူခွင့်ရရှိရေးအတွက် ကုန်စျေးနှုန်းကျဆင်းရေးကိုလည်း မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စားဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ သွားလာရခက်ခဲသော ဒေသအချို့မှာ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားဒေသဆိုင်ရာ ထောက်ပံ့ကြေး သို့မဟုတ် ဒေသစရိတ်ပေးအပ်ရန်နှင့် ပြည်သူများအတွက် ကုန်စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိခြင်း ရှိ/ မရှိဆိုတဲ့ အစရှိတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက် ရှိသော နိုင်ငံ့ဝန်ထမ်းများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၈.၅.၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ ဖြင့်ဒေသ စရိတ်အား လူမှုရေးသင့်တင့်သော ဒေသ(က)အဆင့်၊ လူမှုရေးခက်ခဲသောဒေသ (ခ)အဆင့်၊ လူမှုရေး အခက်ခဲဆုံး ဒေသ(ဂ)အဆင့်ဟူ၍ သတ်မှတ်ခံစားခွင့်ပြုပြီးဖြစ်ရာ ရှမ်းပြည်နယ်တွင် လူမှုရေးအခက်ခဲဆုံးဒေသ(ဂ)အဆင့်၌ ရှမ်းပြည်နယ်(တောင်ပိုင်း) အနေဖြင့် ဖယ်ခုံမြို့နယ်တွင် ကျေးရွာအုပ်စု(၂)အုပ်စု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အနေဖြင့် ကျိုင်းတုံမြို့နယ်တွင် ကျေးရွာအုပ်စု(၅)အုပ်စု၊ မိုင်းယန်းမြို့နယ်တွင် မိုင်းပေါက်မြို့ရုံးနှင့် ကျေးရွာအုပ်စု(၆)အုပ်စု၊ မိုင်းလားမြို့နယ်တွင် မိုင်းလားမြို့ပေါ်ရုံးနှင့် ကျေးရွာအုပ်စု(၉)အုပ်စု၊ တာချီလိတ်မြို့နယ်တွင် ကျေးရွာအုပ်စု(၁)အုပ်စု၊ မိုင်းယောင်းမြို့နယ်တွင် ကျေးရွာအုပ်စု(၂)အုပ်စု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေဖြင့် ကွတ်ခိုင်မြို့နယ်တွင် ကျေးရွာအုပ်စု(၁၇)အုပ်စု၊ မက်မန်းမြို့နယ်တွင် မက်မန်းမြို့ပေါ်ရုံး၊ မန်ကန်မြို့ပေါ်ရုံးနှင့် ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ပန်ဆန်း(ပန်ခန်း) မြို့နယ်တွင် ပန်ဆန်း(ပန်ခန်း)မြို့ပေါ်ရုံးနှင့် ကျေးရွာအုပ်စု(၈၅)အုပ်စု၊ နားဖန်း မြို့နယ်တွင် ကျေးရွာအုပ်စု(၃၄)အုပ်စု၊ ကုန်းကြမ်းမြို့နယ်တွင် ကုန်းကြမ်းမြို့ပေါ်ရုံး၊ မော်ထိုက်မြို့ပေါ်ရုံးနှင့် ကျေးရွာအုပ်စု(၈)အုပ်စု၊ လောက်ကိုင်မြို့နယ်တွင် ကျေးရွာ အုပ်စု(၈)အုပ်စု၊ ဟိုပန်မြို့နယ်တွင် နမ့်တစ်မြို့ရုံးနှင့် ကျေးရွာအုပ်စု(၈)အုပ်စု၊ မိုင်းမောမြို့နယ်တွင် ကျေးရွာအုပ်စု(၄၀)အုပ်စု၊ ပန်ဝိုင်မြို့နယ်တွင် ကျေးရွာအုပ်စု (၁၉)အုပ်စုတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ် ချီးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူများ ကုန်ဈေးနှုန်း သင့်တင့်ဝယ်နိုင်ရေးနှင့် ပတ်သက်၍ အခြေခံစားကုန်တွင်ပါဝင်သည့် စားသုံးဆီများ ဈေးနှုန်းမြင့်တက်မှု မရှိစေရေးအတွက် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည့် ရန်ကုန်မြို့အထိုင် ရည်ညွှန်း ဈေးအားအခြေခံ၍ သယ်ယူပို့ဆောင်စရိတ်၊ ဒေသလက္ကား/ လက်လီ အမြတ်များအား ခွင့်ပြုချက်အတိုင်း ထည့်သွင်းတွက်ချက်ထားသော မြို့နယ်အလိုက် လက်လီ အရောင်းဈေးများအား အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာပြီး အဆိုပါ ဈေးနှုန်းအတိုင်း မြေပြင်တွင်အမှန်တကယ် ရောင်းချမှုရှိစေရေးအတွက် ဌာနစုံ ပါဝင်သော စစ်ဆေးကြီးကြပ်ရေးအဖွဲ့ဖြင့် နေ့စဉ်ကြပ်မတ် စစ်ဆေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ်ဈေးနှုန်း ဖြစ်ပေါ် နေမှုများနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းဖြစ်ပေါ်မှုများနှင့်

Shan State Hluttaw

ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ထိန်းကျောင်းကြပ်မတ်မှုများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်း၌ ဆန်စပါး ဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်း တည်ငြိမ်မှုန်ကန်စေရေး၊ သမားရိုးကျ ရောင်းဝယ်ခြင်းမဟုတ်သော ဈေးကစားလို သည့်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းများ မဖြစ် ပေါ်စေရန် သင့်တင့်မျှတသော ဆန်ဈေးနှုန်း(ဆန်ရည်ညွှန်းဈေးနှုန်း)များကို အခါ အားလျော်စွာ ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်ဈေးနှုန်းကျဆင်းရေးသည် ကုန်ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုအပေါ်တွင် အခြေခံသဖြင့် ဒေသအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် အရင်းအနှီးများအား တောင်သူများနှင့်ကုန်ထုတ်လုပ်ငန်းရှင်များ အတိုးနှုန်းသက်သာ စွာဖြင့် ရရှိသုံးစွဲနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် ချေးငွေများအား ရယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံကိန်း ကြီးကြပ်မှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်ဈေးနှုန်း ကြီးမြင့်စေတဲ့အချက်တစ်ခုအပါအဝင်ဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ ကုန်စည် ရောင်းဝယ် စီးဆင်းရာလမ်းကြောင်းများပေါ်ရှိ တရားမဝင် ငွေကြေးကောက်ခံသည့် ဂိတ်များအားလုံးကို ဖျက်သိမ်းပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းအားလုံး ကိုလည်း ထောက်ပံ့ကြေးငွေ (Special Allowance) တစ်ကြိမ် (၃၀၀၀၀) နှုန်းဖြင့် သုံးကြိမ် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ထောက်ပံ့ငွေ (၃၀၀၀၀)ကျပ် နှစ်ကြိမ် လစဉ်တိုးမြှင့် ထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်စနေအောင် ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စနေအောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့

Shan State Hluttaw

တတိယအကြိမ် ရွှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) တွင် ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ရေပူကျေးရွာအုပ်စု၊ ရေပူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လိုအပ်နေသော ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ ရေပူကျေးရွာ အခြေခံပညာမူလတန်းကျောင်းရဲ့ လက်ရှိအခြေအနေကို ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။ အဆိုပါကျောင်းဟာ မူလတန်းအဆင့်ကျောင်းအဖြစ် ၁၉၈၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဇွန်လ (၁)ရက်နေ့မှာ မူလွန်ကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့တဲ့ ကျောင်း(၁)ကျောင်းလဲ ဖြစ်ပါတယ်။ ကျောင်း အဆောက်အအုံနဲ့ပတ်သက်ပြီး ၁၉၉၅ ခုနှစ်မှာ အလျား (၈၀)ပေ၊ အနံ (၈၀)ပေရှိပြီး စာသင်ခန်း (၃)ခန်းပါဝင်တဲ့ ပင်မကျောင်းဆောင်(၁)ဆောင်ကို အလှူရှင်များနဲ့ မိဘပြည်သူများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပူးပေါင်းဆောက်လုပ်ပေးခဲ့ပါတယ်။ အလားတူ ၂၀၀၉ ခုနှစ်မှာလည်း အလျား (၁၂၀)ပေ၊ အနံ(၃၀)ပေရှိတဲ့ စာသင်ခန်း (၅)ခန်းပါတဲ့ တိုးချဲ့ကျောင်းဆောင်(၁)ဆောင်ကိုလည်း အလှူရှင်များနဲ့ မိဘပြည်သူများက ထပ်မံပူးပေါင်း ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် လက်ရှိ ကျောင်းဆောင်တွေဟာ အလှူရှင်များနဲ့ ဒေသခံမိဘပြည်သူများရဲ့ စေတနာပူးပေါင်းပါဝင်မှုနဲ့ ကိုယ်ထူကိုယ်ထစနစ်တို့ကိုအခြေခံပြီး ဖြည့်ဆည်းထားတဲ့ ကျောင်းဆောင်များဖြစ်ပါတယ်ခင်ဗျား။ လက်ရှိအချိန်ထိဆိုရင် ၁၉၉၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ ပင်မကျောင်းဆောင်ဟာ နှစ်ပေါင်း(၃၁)နှစ် ကြာမြင့်ပြီဖြစ်ပြီး ၂၀၀၉ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ တိုးချဲ့ကျောင်းဆောင်ဟာလည်း နှစ်ပေါင်း(၁၇)နှစ် ကြာမြင့်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် ပင်မကျောင်းဆောင်ဟာ သက်တမ်းကြာလာသည်နှင့်အမျှ အမိုး၊ အကာတွေပျက်စီးလာခြင်း၊ အတွင်းပိုင်းမှာ ခြစားပျက်စီးမှုတွေဖြစ်ပေါ်ခြင်းတို့ကြောင့် ကျောင်းသားနှင့် ဆရာ/ ဆရာမများအတွက် စာသင်ကြားရေး အဆောက်အအုံဖြင့် လုံခြုံစိတ်ချစွာ အသုံးပြုရန် မသင့်လျော်တော့တဲ့ အခြေအနေဖြစ်နေပါတယ်။ ဒါ့အပြင် ၂၀၀၉ ခုနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ တိုးချဲ့ကျောင်းဆောင်မှာလည်း နှစ်ပေါင်းများစွာ အသုံးပြုလာရသည့်အပြင် ယခင်နှစ်များတွင် ဖြစ်ပွားခဲ့တဲ့တိုက်ပွဲများရဲ့ သက်ရောက်မှုကြောင့် အခင်း၊ အုတ်နံရံနဲ့ တံခါးများ ပျက်စီးခြင်း၊ ခေါင်မိုးယိုစိမ့်ခြင်းတို့ ဖြစ်ပေါ်ပြီး ပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိနေပါတယ်။ ဒီလိုကျောင်းဆောင်အခြေအနေရှိတဲ့အချိန်မှာ ကျောင်းသားဦးရေကလည်း မနည်းပါဘူးခင်ဗျား။ ရေပူကျေးရွာမှာ စုစုပေါင်းအိမ်ခြေ (၂၂၀)အိမ်၊ လူဦးရေ (၉၆၀)ဦးနှင့်အထက် ရှိနေပါတယ်။

Shan State Hluttaw

လက်ရှိ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန် ရေပူမူလတန်းကျောင်းမှာ ကျောင်းသူ/ ကျောင်းသား (၁၂၇)ဦး၊ အလယ်တန်းအဆင့် (၆၀)ဦး၊ စုစုပေါင်း ကျောင်းသူဦးရေ (၁၈၇)ဦး ကျောင်းဆရာ/ ဆရာမ (၉)ဦးရှိပါတယ်ခင်ဗျား။ အဓိကအခက်အခဲကတော့ လက်ရှိပင်မကျောင်းဆောင်မှာ စာသင်ကြားရေးအတွက် အသုံးပြုရန် မသင့်လျော်တော့တဲ့အတွက် တိုးချဲ့ကျောင်းဆောင်မှာရှိတဲ့ စာသင်ခန်း (၅)ခန်းကိုသာ အဓိကအသုံးပြုနေရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်လက်ရှိ ကျောင်းသားဦးရေနဲ့နှိုင်းယှဉ်မယ်ဆိုရင် စာသင်ခန်း (၄)ခန်း ထပ်မံလိုအပ်နေတဲ့ အခြေအနေဖြစ်နေပါတယ်။ တစ်ဖက်မှာလည်း ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ မြေနေရာအခြေအနေကတော့ အဆင်သင့်ရှိနေပြီးဖြစ်ပါတယ်။ မူလွန်ရေပူကျောင်းဟာ ကျောင်းမြေစာရင်းပုံစံ (၁၀၅)ရေးကူးထားပြီးဖြစ်သလို ကျောင်းမြေနေရာအကျယ်အဝန်းမှာလည်း (၂.၅၄) ဧကရှိတဲ့အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန် လုံလောက်တဲ့ မြေနေရာရှိပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသောလွတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုတင်ပြခဲ့တဲ့ အချက်အလက်တွေကို စုစည်းကြည့်မယ်ဆိုရင် ရေပူကျေးရွာမှာ ကျောင်းသားဦးရေ တိုးများလာနေပြီး စာသင်ခန်းမလုံလောက်မှုရှိနေသလို လက်ရှိကျောင်းဆောင်တွေကလည်း သက်တမ်းကြာမြင့်ပြီး ပျက်စီးယိုယွင်းမှုတွေရှိနေပါတယ်။ ဒါ့ကြောင့် ကျောင်းသားနဲ့ ဆရာ/ ဆရာမများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးနှင့် သင်ကြားရေးအရည်အသွေး ပြန်လည်ကောင်းမွန်စေရေးအတွက် ကျောင်း ဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန်လိုအပ်နေပြီ ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊ ရေပူကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းတွင် ကျောင်းအဆင့် ကျောင်းသားဦးရေနှင့် လက်ရှိစာသင်ခန်းလိုအပ်ချက်များအရ လိုအပ်လျက်ရှိသော အလျား (၉၀)ပေ၊ အနံ(၃၀)ပေရှိသော ကျောင်းဆောင်သစ်(၁)ဆောင်အား ဆောက်လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို ဒေသခံပြည်သူများနဲ့ ကျောင်းသား၊ ဆရာ/ ဆရာမများရဲ့ကိုယ်စား လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော်ရဲ့ဒုတိယမေးခွန်းအနေဖြင့် ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ လေလံတောင်ကျေးရွာအုပ်စု၊ ထီရီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

Shan State Hluttaw

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ လေလံတောင်ကျေးရွာအုပ်စု၊ ထီရီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် ၁၉၉၆ ခုနှစ်တွင် အလှူရှင်အဖွဲ့ဖြစ်သည့် UNDPမှ အလျား (၇၀) ပေ၊ အနံ (၃၀)ပေရှိတဲ့ ကျောင်းဆောင်(၁)ဆောင်၊ ၂၀၀၇ ခုနှစ်တွင် ရတနာဖောင်ဒေးရှင်းအဖွဲ့မှ အလျား (၉၀)ပေ၊ အနံ(၃၀)ပေရှိ ကျောင်းဆောင် (၁)ဆောင်နှင့် ၂၀၁၅ ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် အလျား(၃၀)ပေ၊ အနံ(၂၄)ပေရှိ ကျောင်းဆောင်(၁)ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် လက်ရှိတွင် ကျောင်းဆောင် စုစုပေါင်း(၃)ဆောင်ရှိပါတယ်ခင်ဗျား။ အဆိုပါကျောင်းသည် ယနေ့အချိန်ထိ ကျောင်းဆောင်များကို အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှု ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖြည့်ဆည်းအသုံးပြုနေရတဲ့ ကျောင်း(၁)ကျောင်းဖြစ်ပါတယ်။ ယခင်နှစ်များတွင် နိုင်ငံရေးဖြစ်စဉ်များကြောင့် ကျေးရွာတွင်းတိုက်ပွဲများဖြစ်ပွားခြင်း၊ စစ်ဘေးရှောင်ရခြင်းများရှိခဲ့သော်လည်း ယခုနှစ်တွင် ကျောင်းသားဦးရေ အပြည့်အဝဖြင့် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့သား/ သမီးများ၏ ပညာရေးအပေါ် အထူးအလေးထားကြသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထီရီးကျေးရွာသည် ညောင်ရွှေမြို့နယ်၏ တောင်ဘက်အစွန်အဖျားဒေသတွင် တည်ရှိပြီး စုစုပေါင်းအိမ်ခြေ (၂၆၆)အိမ်၊ လူဦးရေ (၁၂၆၈)ဦး နေထိုင်လျက်ရှိပါတယ်။ လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ထီရီး၌ကျောင်းသားဦးရေ စုစုပေါင်း(၂၇၃)ဦးနှင့် ဆရာ/ ဆရာမ စုစုပေါင်း (၇)ဦး ရှိပါတယ်ခင်ဗျား။ ကျောင်းသားဦးရေ များပြားလာခြင်းနှင့်အတူ လက်ရှိကျောင်းဆောင်နှင့် စာသင်ခန်းအရေအတွက်သည် ကျောင်း၏အဆင့်နှင့် ကျောင်းသားဦးရေတို့ ကိုက်ညီမှုမရှိတဲ့အတွက် စာသင်ကြားရေးလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါ့အပြင် အ.လ.က ထီရီးကျောင်းသည် ကျောင်းမြေစာရင်းပုံစံ(၁၀၅)ရေးကူးထားပြီးဖြစ်သည့်အပြင် ကျောင်းမြေနေရာအကျယ်အဝန်းမှာ (၂.၆၂) ဧကရှိသည့်အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သည့် မြေနေရာများ အလုံအလောက်ရှိထားပြီး ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ လေလံတောင်ကျေးရွာအုပ်စု၊ ထီရီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းအဆင့်နှင့် ကျောင်းသားဦးရေအရ လိုအပ်လျက်ရှိသော အလျား(၉၀)ပေ၊ အနံ(၃၀)ပေရှိ ကျောင်းဆောင်သစ် (၁)ဆောင်အား ဆောက်လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံ

Shan State Hluttaw

ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ယနေ့ ကျင်းပပြုလုပ်သော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝနှုတ်ခွန်းဆက်သအပ်ပါ တယ်ရှင်။ ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ညောင်ရွှေမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊ ရေပူကျေးရွာရှိ အခြေခံပညာမူလတန်း (လွန်)ကျောင်းတွင် အလျား(၉၀)ပေ၊ အနံ(၃၀)ပေ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးက ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

ညောင်ရွှေမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် (၈၀×၁၈×၁၂)ပေ ကျောင်းဆောင်သည် အမိုးအကာများပျက်စီးခြင်း၊ ခြစားခြင်းတို့ကြောင့် အန္တရာယ်ဆောင်အဖြစ်ရောက်ရှိနေပြီး အန္တရာယ်ဆောင် ဖျက်သိမ်းခွင့် တင်ထားပြီးသားဖြစ်ပါသဖြင့် ဖျက်သိမ်းခွင့်ကျလာပါက ၎င်းကျောင်း ဆောင်အစား (၉၀×၃၀)ပေ RCC (၁)ထပ် ကွင်းဆင်းကြည့် စစ်ဆေးသွားမှာဖြစ်ပြီး လိုအပ်ပါက (၂)ထပ်ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်ရှင်။

ဒုတိယမေးခွန်းအနေဖြင့် ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ညောင်ရွှေမြို့နယ် လေလံတောင်ကျေးရွာအုပ်စု၊ ထီရီးကျေးရွာ အခြေခံပညာအလယ် တန်းကျောင်းတွင် အလျား(၉၀)ပေ၊ အနံ(၃၀)ပေ ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးက ဖြေကြားသွားမှာ ဖြစ်ပါ တယ်ရှင်။

Shan State Hluttaw

ညောင်ရွှေမြို့နယ် လေလံတောင်ကျေးရွာအုပ်စု၊ ထီရီးအခြေခံပညာအလယ်တန်းကျောင်းတွင် (၉၀×၃၀)ပေ RCC (၁)ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်စာရင်းတွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဒီနေ့ရှမ်းပြည်နယ်လွှတ်တော်ကို လာရောက်လေ့လာကြတဲ့ ဧည့်သည်တော် လူကြီးမင်းများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

ကျွန်မကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနမှာ လိုအပ်လျက်ရှိတဲ့ အမှိုက်သိမ်းယာဉ်တစ်စီး ပံ့ပိုးပေးနိုင်ရေးနှင့်ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့တင်ပြချက်ကို Power Point အသုံးပြုခွင့်ပြုပါရှင့်။ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်၊ ပိန်းစားရပ်ကွက်၊ အောက်ဈေးတန်းရပ်ကွက်၊ အလယ်ပိုင်း ရပ်ကွက်ဆိုပြီး ရပ်ကွက်(၃)ခုနဲ့ မြို့မဈေးတစ်ခုရှိပါတယ်ရှင်။ အဆိုပါ ရပ်ကွက်(၃)ခုနဲ့ မြို့မဈေးတစ်ခုမှ နေ့စဉ်အမှိုက်တန်ချိန်ပေါင်း (၆)တန်ကျော် ထွက်ရှိပါတယ်ရှင်။ ကျွန်မတို့ရဲ့ နေ့စဉ်ထွက်ရှိနေတဲ့ အမှိုက်များကိုသိမ်းဆည်းဖို့အတွက် မိုင်းပျဉ်းမြို့စည်ပင်သာယာရေးဌာနအတွက် အမှိုက်သိမ်းယာဉ် ဖော်ပြပါယာဉ် Dong Fang အမျိုးအစားအမှိုက်သိမ်းယာဉ်တစ်စီးသာရှိပါတယ်ရှင်။ အဆိုပါအမှိုက်သိမ်းယာဉ်ကို ၂၀၁၈ ခုနှစ်က စတင်ပံ့ပိုးပေးခဲ့ပြီးတော့ အခုသက်တမ်း (၈)နှစ်ရှိပါပြီရှင်။ လက်ရှိကြုံခိုင်မှုအနေအထားအရ အင်ဂျင်ပိုင်းနှင့် ဂီယာပိုင်း အကြီးစားချို့ယွင်းမှု မကြာခဏဖြစ်ပေါ်နေပါတယ်။

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ (၂.၅)သန်းနဲ့ ဒီအင်ဂျင်ပိုင်းနဲ့ ဂီယာပိုင်းအကြီးစား ပြုပြင်ဖို့အတွက် လျာထားလျက်ရှိပါတယ်ရှင်။ အဆိုပါ ကြုံခိုင်မှုမပြည့်ဝတဲ့ အမှိုက်သိမ်းယာဉ် (၁)စီးထဲနဲ့ ကျွန်မတို့ ရပ်ကွက်(၃)ခုနဲ့ မြို့မဈေးကနေ အမှိုက်တန်ချိန်(၆)တန်ကျော်ကို ရက်သတ္တပတ်မှာ(၄)ရက် အမှိုက်တွေသိမ်းဆည်း

ပြီးတော့ ကျွန်မတို့ မြို့နဲ့ (၆)မိုင်အကွာမှာရှိတဲ့ စည်ပင်သာယာရေး အမှိုက်ပုံကို သွားရောက်စွန့်ပစ်ရပါတယ်ရှင်။ ဒါကတော့ စက်ချို့ယွင်းမှုမကြာခဏ ဖြစ်ပေါ် လျက်ရှိတဲ့ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနရဲ့ (၁)စီးထဲသော အမှိုက်သိမ်းယာဉ်ရဲ့ Video Clip လေးပဲဖြစ်ပါတယ်ရှင်။ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနရဲ့ (၁)စီးထဲသော အမှိုက်သိမ်းယာဉ်ရဲ့ အခြေအနေပဲ ဖြစ်ပါတယ်ရှင်။ ယခုကဲ့သို့ မကြာခဏစက်ချို့ယွင်းမှုကြောင့် အမှိုက်များကို လိုက်လံမသိမ်းဆည်းနိုင်တဲ့အခါမှာ မိုင်းပျဉ်းမြို့နေ လူထုအချို့ဟာ ၎င်းတို့အဆင်ပြေလွယ်ကူတဲ့ နေရာတွေမှာ ဥပမာ- နမ့်ပိန်းချောင်းနံဘေးနဲ့ မြို့အဝင်အထွက်နေရာတွေမှာ စည်းကမ်းမဲ့အမှိုက်တွေ စွန့်ပစ်လာကြပါတယ်ရှင်။ စွန့်ပစ်လာတဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို သက်သေအထောက်အထားခိုင်လုံပါက စည်ပင်သာယာရေး၌ပဒေနဲ့ အရေးယူနိုင်ခဲ့သော်လည်း သက်သေမခိုင်လုံတဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် မြို့ရဲ့ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်း၊ သဘာဝမြေဆီလွှာ၊ ရေနဲ့ လေထုညစ်ညမ်းစေခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိပါတယ်ရှင်။ ဒါကတော့ ကျွန်မကိုယ်တိုင် ဦးဆောင်တဲ့ Clean Mine Pyin စီမံချက် ဆောင်ရွက်မှုများဖြစ်ပါတယ်ရှင်။ Clean Mine Pyin စီမံချက် Project အခြေအနေ ဖြစ်ပါတယ်ရှင်။ ဒါကတော့ အခုနက တင်ပြထားတဲ့အတိုင်းပဲ သက်သေအထောက်အထားမခိုင်လုံတဲ့ စည်းကမ်းမဲ့စွန့်ပစ်တဲ့ အမှိုက်များကို Clean Mine Pyin အဖွဲ့က သန့်ရှင်းရေးပြုလုပ်နေကြခြင်းပဲဖြစ်ပါတယ်ရှင်။ ဖော်ပြခဲ့တဲ့ အတိုင်းပဲ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနရဲ့ (၁)စီးတည်းသော အမှိုက်သိမ်းယာဉ်လုပ်ငန်းလည်ပတ်နိုင်တဲ့အခါမှာ မြို့သန့်ရှင်းရေးအတွက် အဆင်ပြေနေပေမဲ့ စက်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့် လုပ်ငန်းမလည်ပတ်နိုင်တဲ့အခါမှာ မြို့ရဲ့ သန့်ရှင်းသာယာလှပမှုကို များစွာထိခိုက်စေပါတယ်ရှင်။ ထို့အတွက်ကြောင့် မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနမှာ အမှိုက်သိမ်းစနစ်ပုံမှန်လည်ပတ်စေနိုင်ရန် လက်ရှိရှိနေတဲ့ ကြံ့ခိုင်မှုမပြည့်ဝတဲ့ ယာဉ်(၁)စီးထဲနဲ့ အဆင်မပြေတဲ့အတွက် အမှိုက်သိမ်းယာဉ်(၁)စီး ထပ်မံလိုအပ်လျက်ရှိကြောင်းကို တင်ပြလိုပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ရဲ့ (၁၅.၅.၂၀၂၆) မိုင်းပျဉ်းမြို့ကို လာရောက်တဲ့ခရီးစဉ်မှာ အမှိုက်သိမ်းယာဉ်(၁)စီး ပံ့ပိုးပေးမည်ဖြစ်ကြောင်းကိုလည်း နှုတ်ဖြင့်ကတိပြုပြောကြားသွားခဲ့ပါတယ်ရှင့်။

သို့ဖြစ်ပါ၍ မလိုလားအပ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်စေမှုများ၊ မြို့ရဲ့ သန့်ရှင်းသာယာလှပရေးကို ထိခိုက်ခြင်းများ၊ မြို့နေလူထု စည်းကမ်းမဲ့ အမှိုက်

Shan State Hluttaw

စွန့်ပစ်ခြင်းများ မဖြစ်ပေါ်စေရန်နဲ့ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာန အမှိုက်သိမ်းစနစ် ပုံမှန်လည်ပတ်နိုင်ရန်အတွက် လိုအပ်လျက်ရှိတဲ့ အမှိုက်သိမ်းယာဉ်(၁)စီး ပံ့ပိုးပေးနိုင်ပါရန် မိုင်းပျဉ်းမြို့ရဲ့ ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းတင်ပြတောင်းခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်တကွ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော် ဦးခွန်ထွန်းဖြူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနမှ လက်ရှိအသုံးပြုလျက်ရှိသော အမှိုက်သိမ်းယာဉ်ဟာ သက်တမ်းကြာမြင့်ပြီး စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများဖြစ်ပေါ်လျက်ရှိသော်လည်း မြို့ပေါ်အမှိုက်သိမ်းဆည်းရေးလုပ်ငန်းများ မပြတ်တောက်စေရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်၍ အသုံးပြုလျက်ရှိပါတယ်။ အမှိုက်သိမ်းယာဉ်ကို ပုံမှန်အသုံးပြုနိုင်ရေးအတွက် မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ယာဉ်ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ကျပ် ၂၅ သိန်းနှင့် ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကျပ် ၂၅ သိန်းဖြင့် လျာထားပြီး ပြင်ဆင်အသုံးပြုလျက်ရှိပါတယ်။ အမှိုက်သိမ်းဆည်းမှု ပိုမိုဆောင်ရွက်နိုင်ရန် ထပ်မံလိုအပ်သည့် အမှိုက်သိမ်းယာဉ်တစ်စီးရရှိရေးအတွက် မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာန၏ ရန်ပုံငွေဘတ်ဂျက်လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ရရှိရေး ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်သန်း ဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေးမှာ စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရတဲ့ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ တောင်ရှည်တိုက်နယ်ဆေးရုံအား ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ရှည်တိုက်နယ်ဆေးရုံဟာဆိုရင် နောင်ချိုမြို့နဲ့ မိုင်(၂၀)အကွာ မြို့ရဲ့တောင်ဘက်ခြမ်းမှာ တည်ရှိပြီးတော့ အဲ့ဘက်အခြမ်းမှာရှိတဲ့ ကျေးရွာပေါင်းများစွာက ဒေသခံတိုင်းရင်းသား ပြည်သူလူထုအပေါင်းရဲ့ အရေးပေါ်ကျန်းမာရေး၊ သားဖွားမီးယပ်ရေးရာနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွေအတွက် အဓိကအားထားမှီခိုနေရတဲ့ တစ်ခုတည်းသော အသက်သွေးကြော ကျန်းမာရေးအဆောက်အအုံ ဖြစ်ပါတယ်ခင်ဗျား။ မကြာခင်ကာလများက ဖြစ်ပွားခဲ့တဲ့စစ်ပွဲများကြောင့် လက်နက်ကြီး၊ လက်နက်ငယ်များ ထိမှန်မှုများရှိကာ တောင်ရှည်တိုက်နယ်ဆေးရုံဟာ ထိခိုက်ပျက်စီးမှုများ များစွာနဲ့ကြုံတွေ့ခဲ့ရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ တောင်ရှည်တိုက်နယ်ဆေးရုံရဲ့ အဝင်မုခ်ဦးပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဆေးရုံပင်မအဆောက်အဦး အပြင်ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ပင်မအဆောက်အအုံရဲ့ အမိုးပျက်စီးနေပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ လက်ရှိလူနာများထားရှိတဲ့အဆောင်အတွင်း အမိုး၊ မျက်နှာကြက်များ ပြိုကျပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ သွားရောက်ခဲ့စဉ်က မြင်တွေ့ရတာ လွန်စွာမှစိတ်မကောင်းဖြစ်ခဲ့ရပါတယ်ခင်ဗျား။ ဒါကတော့ အဆောင်အတွင်းပိုင်းမှာ လက်နက်ကြီး၊ လက်နက်ငယ်ကျရောက်တဲ့အရှိန်ကြောင့် အက်ကြောင်းများ ဖြစ်ပေါ်နေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဝန်ထမ်းအိမ်ရာများ ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒီလိုပျက်စီးဆုံးရှုံးမှုတွေကြောင့် လက်ရှိအချိန်မှာ ဆေးရုံလုပ်ငန်းစဉ်များ ရပ်တန့်နေရပြီး ကျေးလက်ဆေးပေးခန်းအဆင့်နဲ့ ယာယီဖြစ်သလို ဆေးခန်းဖွင့်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေရပါတယ်ခင်ဗျား။ ဒေသခံပြည်သူများအနေနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် များစွာ

Shan State Hluttaw

အခက်အခဲဖြစ်ပေါ်နေကာ အသက်အန္တရာယ်စိုးရိမ်ရတဲ့အထိ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်ခင်ဗျား။ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးဟာ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ တောင်ရှည်တိုက်နယ်ဆေးရုံကို ပြန်လည်ထူထောင်ပေးခြင်းဟာ ပြည်သူတွေရဲ့ သောကကို ငြိမ်းစေမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ နောင်ချို့မြို့နယ်၊ တောင်ရှည်တိုက်နယ်ဆေးရုံအား ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်အားထားအသုံးပြုနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆက်မပြတ်ရရှိစေရေးအတွက် အောက်ပါအချက်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးနက်စွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ စစ်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်၊ တောင်ရှည်တိုက်နယ်ဆေးရုံအတွင်းမှာရှိတဲ့ ဆေးရုံအဆောက်အအုံများ၊ ဆေးကုသဆောင်များနှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ သောက်ရေ/ သုံးရေရရှိရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ပြုပြင်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပျက်စီးသွားသော ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများကို ပြန်လည်ဖြည့်တင်းပေးပြီး ဆေးရုံလုပ်ငန်းများ အမြန်ဆုံးပြန်လည် လည်ပတ်ကာ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် မည်သည့်အချိန်ကာလအတွင်း မည်သို့သော အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးကျော်အောင်သန်း နောင်ချို့မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ နောင်ချို့မြို့နယ်အတွင်းရှိ စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော နောင်ချို့တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်း အိမ်ရာများအား ပြန်လည်ပြုပြင်ပေးရန်နှင့် ဆေးရုံလုပ်ငန်းများ လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးရန် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်၊ တောင်ရှည်တိုက်နယ်ဆေးရုံသည် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ထိတွေ့တိုက်ခိုက်မှုများကြောင့် ယာယီလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ပြီး (၁၆.၂.၂၀၂၆)ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်၍ ဒေသခံပြည်သူများအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်ရှည်

Shan State Hluttaw

တိုက်နယ်ဆေးရုံဝင်းအတွင်း ထိတွေ့တိုက်ပွဲများကြောင့် ကြွင်းကျန်ခဲ့သော မိုင်းများ ရှင်းလင်းရေးလုပ်ငန်းအား နယ်မြေခံတပ်နယ်၊ တပ်ရင်းများ၏ အကူအညီဖြင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ တောင်ရှည်တိုက်နယ်ဆေးရုံ၏ ထမင်းစားဆောင် နေရာတွင် ယာယီပြင်ပလူနာဌာန ဖွင့်လှစ်ထားပြီး ပြင်ပလူနာများအား ကြည့်ရှု ကုသပေးလျက်ရှိပါတယ်။ ဆေးရုံသံဃာဆောင်အား ကျေးရွာပြည်သူလူထု၏ ပံ့ပိုးမှုဖြင့် လိုအပ်သည်များကို ပြုပြင်ပေးပြီး ယာယီအတွင်းလူနာဆောင်အဖြစ် အသုံးပြုလျက် လူနာများအား လက်ခံကုသပေးလျက်ရှိပါတယ်။ တောင်ရှည်တိုက်နယ် ဆေးရုံလုပ်ငန်းဆောင်ရွက်ရန်အတွက် တာဝန်ခံ ဆရာဝန်၊ သူနာပြု၊ အမှုထမ်းများနှင့် အရေးပေါ်လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ထားပါတယ်။ တောင်ရှည် တိုက်နယ်ဆေးရုံတွင် တာဝန်ခံ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ဇင်မျိုးဦးဆောင်ပြီး အထက်တန်းသူနာပြု(၂)ဦး၊ သူနာပြု(၁)ဦး၊ ဆေးဘက်ကျွမ်းကျင် (၄)ဦး၊ ဆေးစပ်(၂)ဦး၊ ဆေးဘက်ကျွမ်းကျင်(၄)ဓာတ်ခွဲ(၁)ဦး၊ အထွေထွေလုပ်သား(၂)ဦး တို့ဖြင့် (၂၆.၂.၂၀၂၆)ရက်မှစ၍ ပုံမှန်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ တောင်ရှည်တိုက်နယ်ဆေးရုံတွင် ထိတွေ့တိုက်ပွဲများကြောင့် ထိခိုက် ပျက်စီးသွားသည့် ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာစုစုပေါင်း (၇)ခုအား ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြင်/ထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနမှူးရုံး၏ (၁၉.၁၁.၂၀၂၅)ရက်စွဲပါ စာအမှတ်၊ ရမ/ကုသ/အင်ယာ/၂၀၂၅/ (၁၅၀၃)ဖြင့် လုပ်ငန်း(၇)ခုအား နေပြည်တော် ကုသရေးဦးစီးဌာနသို့ ရန်ပုံငွေ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်ရှင်။ အဆိုပါ လုပ်ငန်း(၇)ခုအတွက် ၀၄၀၂။ ပြင်ထိန်းဖြင့် ခွင့်ပြုရန်အတွက် ကျပ်သန်း(၂၀)အောက် တွက်ချက်မှုဖြင့် ပြန်လည်တင်ပြတောင်းခံရန် ကုသရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားလာပါသဖြင့် ပြန်လည်တွက်ချက်တင်ပြရန် နောင်ချိုမြို့နယ်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီး အသေးစိတ်တွက်ချက်မှုတင်ပြလာပါက ကုသရေးဦးစီးဌာန(နေပြည်တော်)သို့ အချိန်နှင့်တပြေးညီ ဆက်လက်တင်ပြသွားမည်ဖြစ်ပါတယ်။ အရေးပေါ်လိုအပ်သော ဆေးရုံသုံးနှင့် ခွဲစိတ်ခန်းသုံး ဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနမှူးရုံး၏ (၂၀.၅.၂၀၂၆)ရက်စွဲပါစာအမှတ်၊ ရမ/ ကုသ/ ဆေးပစ္စည်း/ ၂၀၂၆/ (၀၇၉၇)ဖြင့်လည်းကောင်း၊ စက်ပစ္စည်းများအား (၂၀.၅.၂၀၂၆)ရက်စွဲပါစာအမှတ်၊ ရမ/ ကုသ/ ဆေးပစ္စည်း/ ၂၀၂၆/ (၀၇၉၆) ဖြင့် လည်းကောင်း ကုသရေးဦးစီးဌာနသို့ အသီးသီးတောင်းခံထားပြီးဖြစ်ပါတယ်။ ဆက်စပ်လိုအပ်သော ဆေးရုံနဲ့ပတ်သက်သော အဆောက်အဦများ၊ ရေတွင်းများ၊

Shan State Hluttaw

အစစအရာရာ ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ကြောင်းပြောကြားဖြေကြားလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်အောင်သန်း၊ နောင်ချို့မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချို့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ မိမိမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ ဒေသခံပြည်သူလူထုရဲ့ သွားလာရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှတဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်တစ်ခုကို ဆက်လက်မေးမြန်းတင်ပြသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်အတွင်းရှိ ကန်ကြီးရွာ-လက်ပံကုန်းရွာ-လုံဝယ်ရွာကျေးရွာချင်းဆက်လမ်းဟာ အရှည်(၄.၁)မိုင်၊ ကျေးရွာ(၃)ရွာ၊ အိမ်ထောင်စု(၇၃၄)စု၊ လူဦးရေ(၂၉၃၁)ဦး နေ့စဉ်အသုံးပြုနေရသော လမ်းဖြစ်ပါတယ်ခင်ဗျား။ ပတ်ဝန်းကျင်ဒေသရှိ ပြည်သူလူထုသွားလာရေး၊ ကျန်းမာရေး၊ ပညာရေးတို့အပြင် ဒေသထွက် စိုက်ပျိုးသီးနှံများကိုငင်းလမ်းမှ နောင်ချို-ရပ်စောက်လမ်းမှတစ်ဆင့် အဓိကစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး နောင်ချို-ရပ်စောက်လမ်းမှတစ်ဆင့် စျေးကွက်ကို အချိန်မီတင်ပို့နိုင်ရေးတို့အတွက် အဓိကအားထားနေရသည့် လမ်းတစ်လမ်းဖြစ်ပါတယ်ခင်ဗျား။ သို့သော်လည်း လက်ရှိအချိန်တွင် အဆိုပါလမ်းမှာ ရာသီမရွေးသွားလာရလွယ်ကူမှု မရှိသေးသည့်အတွက် မိုးရာသီကာလများတွင် ဒေသခံပြည်သူများ၏ကျန်းမာရေး၊ သွားရေးလာရေးနှင့် ကုန်စည်စီးဆင်းမှုအပိုင်း၌ အခက်အခဲများစွာ ကြုံတွေ့နေကြရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ နောင်ချို့မြို့နယ်၊ ကန်ကြီး-လက်ပံကုန်း-လုံဝယ်ကျေးရွာချင်းဆက်လမ်းအား ကျေးရွာနေပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်

Shan State Hluttaw

ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကိုယ်စား သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ယနေ့နောင်ချို့မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

နောင်ချို့မြို့နယ်အတွင်းရှိ ကံကြီး - လက်ပံကုန်း - လုံဝယ်ကျေးရွာချင်း ဆက်လမ်းသည် (၄/၁)မိုင်ရှိပြီး ကျေးရွာ(၃)ရွာမှ အိမ်ထောင်စု(၇၃၄)စု၊ လူဦးရေ (၂၉၃၁)ဦး အကျိုးပြုသည့် လမ်းဖြစ်ပါတယ်။ ပြည်ထောင်စုမှစီမံခန့်ခွဲသော လမ်းဖြစ်ပြီး နောင်ချို - ရပ်စောက်လမ်းနှင့် ချိတ်ဆက်ကာ Class-A အဆင့်ဖြစ်ပါတယ်။ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ရန်ပုံငွေ ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မိုင်းရယ်မြို့နယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်သန္တာထွေးပဲဖြစ်ပါတယ်ရှင်။

Shan State Hluttaw

ကျွန်မအနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ အုမ္မသီးကျေးရွာမှာရှိတဲ့ လက်နက်ကြီး၊ လက်နက်ငယ် ထိမှန်ပျက်စီး သွားခဲ့ရပါသော ဆွမ်းစားကျောင်းဆောင်နှင့် ဘုန်းတော်ကြီးကျောင်းအား ပြန်လည် ပြင်ဆင်တည်ဆောက်ပေးရန်နဲ့ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။

အဆိုပါ အုမ္မသီးကျေးရွာဟာဆိုရင် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမ ကြီးရဲ့ ဘေးမှာတည်ရှိပြီးတော့ မိုးကုတ်မြို့ကို သွားရောက်နိုင်တဲ့ လမ်းခွဲတစ်ခုရှိရာ မဟာဗျူဟာကျပြီး စည်ကားတဲ့ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အိမ်ခြေစုစုပေါင်း (၁၈၁)အိမ်၊ လူဦးရေစုစုပေါင်း (၄၈၈)ဦး နေထိုင်ကြပြီးတော့ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ နေထိုင်ကြတဲ့ ကျေးရွာတစ်ရွာ လည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နောင်ချိုမြို့နယ်အတွင်းဖြစ်ပွားခဲ့တဲ့ စစ်ရေးပဋိပက္ခများမှာ အဲဒီကျေးရွာမှာရှိတဲ့ လူနေအိမ်များအပေါ် ဘန်ကာအဖြစ် တည်ဆောက်ပြီး နှစ်ဖက်တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားခဲ့တဲ့ ကျေးရွာတစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် စစ်ပွဲကာလအတွင်း ဖြစ်ပွားခဲ့တဲ့လက်နက်ကြီး၊ လက်နက်ငယ်ဒဏ်များကြောင့် အုမ္မသီး ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအထွတ်အမြတ်ထားရာ အောင်ချမ်းသာ ဆွမ်းစားကျောင်းဆောင်နှင့် ဘုန်းတော်ကြီးကျောင်းတို့ဟာ လက်နက်ကြီးထိမှန်ကာ ဆိုးဝါးစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လက်ရှိအချိန်မှာဆိုရင် ဘုန်းတော်ကြီးကျောင်းနှင့် ဆွမ်းစား ကျောင်းဆောင်များ ပျက်စီးနေတဲ့အတွက် ကျောင်းရှိသံဃာတော်များနှင့် ကျေးရွာနေပြည်သူများအနေဖြင့် ဘာသာရေး၊ သာသနာရေးနှင့်ဓလေ့ထုံးတမ်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရမှာ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ Power Point အသုံး ပြုခွင့်ပေးပါရှင်။ ဒါကတော့ အောင်ချမ်းသာ ဆွမ်းစားကျောင်းဆောင်ဖြစ်ပါ တယ်ရှင့်။ လက်နက်ကြီး၊ လက်နက်ငယ်ထိမှန်ထားတဲ့ပုံပါရှင့်။ ဒါကတော့ ဘုန်းတော်ကြီး ကျောင်းဖြစ်ပါတယ်ရှင့်။ လက်နက်ကြီး/ လက်နက်ငယ်ထိပြီးတော့ မီးလောင်ပျက်စီးသွားတဲ့ ကျောင်းပုံဖြစ်ပါတယ်ရှင့်။ ဒါကြောင့်မို့လို့ နောင်ချိုမြို့နယ်၊ အုမ္မသီးကျေးရွာရှိ စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရပါသော အောင်ချမ်းသာ ဆွမ်းစား ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့အား ဒေသခံတိုင်းရင်းသားပြည်သူများ ဘာသာ ရေး၊ သာသနာရေးကိစ္စရပ်များ စိတ်ချမ်းသာစွာ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရရန်ပုံငွေ သို့မဟုတ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် အမြန်ဆုံး ပြန်လည်ပြင်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ

Shan State Hluttaw

ဒေသခံ ပြည်သူလူထုကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ နောင်ချို်မြို့နယ်၊ အုမ္မသီးကျေးရွာရှိ စစ်ဘေးဒဏ်ကြောင့်ပျက်စီးသွားသော အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်း၊ ဆွမ်းစားဆောင်တို့အား အမြန်ဆုံးပြန်လည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ လူမှုရေးရာဝန်ကြီးမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်ရှင့်။ ကျောက်မဲခရိုင်၊ နောင်ချို်မြို့နယ်၊ အုမ္မသီးကျေးရွာရှိ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းနှင့် ဆွမ်းစားဆောင် ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်နယ်ခွဲသာသနာရေးမှူးရုံးသို့အသေးစိတ်တွက်ချက်မှုများ အမြန်ဆုံး ပေးပို့ရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်ရှင်။ အသေးစိတ်တွက်ချက်မှုများပေး ပို့လာပါက သာသနာရေးဦးစီး ဌာနမှတစ်ဆင့် ဆက်လက်တင်ပြသွားရန် ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လာရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနော်တောင်ပဲဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မူဆယ်မြို့နယ်၊ မူဆယ်မြို့နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးအား သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မူဆယ်မြို့နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေတဲ့မြို့ ဖြစ်သည်နှင့်အညီ တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်ရေးအခန်းကဏ္ဍ

Shan State Hluttaw

မှာလည်း အရေးကြီးသည့် မြို့တစ်မြို့ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ခြမ်းသည် ခြံစည်းရိုးအားမြင်တွေ့ရသည်မှာ သန့်ရှင်းသာယာလှပသော လမ်းများအဖြစ်တည်ရှိနေပြီး မိမိတို့ မြန်မာနိုင်ငံဘက်ခြမ်းတွင်မူ ဆိုင်ခန်း အဆောက်အအုံများ၊ ချုံနွယ်များ၊ ချုံပုတ်များ၊ အမှိုက်ပုံများ ပြည့်နှက်နေလျက်ရှိနေပါတယ်။ အိမ်ရာမဲ့အချို့မှာလည်း ခြံစည်းရိုးနှင့်ကပ်၍ စည်းကမ်းမဲ့စွာ အခြေချပြီး နေထိုင်ကြသဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ကျဆင်းစေပါတယ်။ Power Point အသုံးပြုခွင့်ပြုပေးပါခင်ဗျား။

ဒါကတော့ ၂၀၀၄ ခုနှစ်ရဲ့ မူဆယ်မြို့ရဲ့ ကောင်းကင်မြေပုံပြပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ မေလနှင့် ဇွန်လတွေမှာ အွန်လိုင်းပေါ်မှာ နာမည်ကြီးလာတဲ့ တရုတ်ပြည်ဘက်မှ နှစ်နိုင်ငံရဲ့အလံ တရုတ်အလံကို စိုက်ထူထားတဲ့နေရာကို ကျွန်တော်တို့ မူဆယ်ခရိုင် အစိုးရအဖွဲ့ဝင်တွေနဲ့ ကျွန်တော်တို့ လေ့လာကြည့်ရှုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ (၂၅)ဧကကို တစ်ဖက်နိုင်ငံက အသိအမှတ်ပြုအတည်တကျတိုင်းတာခြင်း မပြုနိုင်တဲ့နေရာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါလည်းပဲ အဲဒီနေရာကို ကျွန်တော်တို့ ကွင်းဆင်းစိစစ်တဲ့အချိန်မှာ စုပေါင်းဓာတ်ပုံ ရိုက်ထားတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ဒါကတော့ ကျွန်တော်တို့ (၂)နိုင်ငံ နယ်စပ်မှတ်တိုင်ဖြစ်ပါတယ်။ နယ်စပ်မှတ်တိုင်မှာ ခုနကကျွန်တော်တို့ အထက်ပါတင်ပြချက်အတိုင်း ကျွန်တော်တို့ရဲ့နယ်စပ်မှတ်တိုင်တွေမှာလည်း တချို့ချုပုတ်တွေ၊ ရေနုတ် မြောင်းတွေထဲမှာရောက်နေပါတယ်။ ဒီလိုမျိုးတွေကို ကျွန်တော်တို့ သန့်ရှင်းရေးဆောင်ရွက်စေချင်တာ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ တစ်ဖက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခြံစည်းရိုးတစ်ဖက်ဖြစ်ပါတယ်။ ဒီဖက်မိမိတို့မြန်မာနိုင်ငံဘက် အမှိုက်များစုပုံနေခြင်း၊ စည်းကမ်းမဲ့စွာ စွန့်ပစ်နေခြင်းကို မြင်တွေ့ရတာဖြစ်ပါတယ်။ အလားတူပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ (၂၉.၆.၂၀၂၆)ရက်နေ့ ကျွန်တော်တို့ နယ်စပ်မှတ်တိုင်ကို ကွင်းဆင်းစိစစ်တဲ့အချိန်မှာ တစ်ဖက်နိုင်ငံကနေ ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ရေတံခါးကိုပိတ်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့ ဆင်ဖြူပေါက်(နှစ်နိုင်ငံနယ်စပ်ပေါက်)မှာ ရေကြီးရေလျှံမှုဖြစ်ပြီးမှ တွေ့ရှိရတဲ့ပုံဖြစ်ပါတယ်။ ဒီဟာလည်း အတူတူပဲဖြစ်ပါတယ်။ ဒါကတော့ ကွင်းဆင်းတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ ယာဉ်တန်းအဖွဲ့ကို တွေ့မြင်ရခြင်းဖြစ်ပါတယ်။ အခုမြင်တွေ့ရတဲ့ ခြံစည်းရိုးဟာ တရုတ်ပြည်ဘက်ခြမ်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆင်ဖြူပေါက်ဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံဝင်ပေါက်ရဲ့ နယ်စပ်မှတ်တိုင်ဖြစ်ပါတယ်။ ဒါလည်း အတူတူဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ရေနုတ်မြောင်းတွေ ကျွန်တော်တို့ ပိတ်ခဲ့သွားခြင်းအားဖြင့် ကျွန်တော်တို့လမ်းတွေအားလုံးလည်း မြုပ်ခဲ့ရခြင်းဖြစ်ပါ

Shan State Hluttaw

တယ်။ ဒါကတော့ ကျွန်တော်တို့ လျှို့ထဲမှာရောက်လာနိုင်တဲ့ နယ်စပ်မှတ်တိုင်ရဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုနကပြောတဲ့ ရေတံခါးဆိုတဲ့ ကျွန်တော်တို့ နေရာဖြစ်ပါတယ်။ ဒါက တရုတ်ပြည်ဘက်ကနေ ကာထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေရဲ့ မူဆယ်မြို့ ကျွန်တော်တို့ နယ်ပေါင်းစုံကနေ ရောက်ရှိလာတဲ့ ပြည်သူများရှိတဲ့အတွက်ကြောင့်မို့လို့ စည်းကမ်းမဲ့စွာ ကျွန်တော်တို့ အမှိုက်စွန့်ပစ်ခြင်းဖြင့် ကျွန်တော်တို့ အမှိုက်များသည် ဒီတရုတ်နိုင်ငံဘက်က ရေတံခါးကို ပိတ်လိုက်တယ်ဆိုရင် ကျွန်တော်တို့ ဒီထဲမှာဖွင့်ထားရင်လည်း သူတို့ ပေါက်ကနေ ကျွန်တော်တို့ဒီအောက်ကနေ လူတွေဝင်လာမှာ စိုးရိမ်တဲ့အတွက် ကြောင့်မို့လို့ ကာထားတာဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ ရေလျှံမှုဖြစ်တဲ့နေရာမှာ အောက်မှာတွေ့ရတဲ့ ရေတံခါးကိုပိတ်ခြင်းအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဘက် လမ်းတွေမှာ အခုလိုရေတွေပြည့်လျှံသွားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဆင်ဖြူပေါက်ဘက်ကော ကျွန်တော်တို့ ဒီရွှေနန်းတော်ပေါက်ကော နိုင်ငံဝင်ပေါက် အပေါက် (၂)ပေါက်စလုံးကို ရေကြီးရေလျှံမှုဖြစ်ပွားပြီး အင်မတန်မှ ခက်ခက်ခဲခဲနဲ့ ရုန်းကန်ခဲ့ရတဲ့ အနေအထားမျိုးကို တွေ့မြင်ရခြင်းဖြစ်ပါတယ်။ ဒီဟာလည်း အလားတူ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လက်ရှိ ၂၀၂၆ မူဆယ်မြို့ရဲ့ ကောင်းကင်မြေပုံ အခြေပြုပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၀၄ တုန်းကအခြေပြုပုံဖြစ်ပါတယ်။ ဒါကတော့ ဒါဆင်ဖြူပေါက်ဘက်က ကျွန်တော်တို့ ကောင်းကင်မြေပုံ လက်ရှိ Update ဖြစ်ပါ တယ်။ ဒါက ကျွန်တော်တို့ နယ်စပ်မှတ်တိုင်တွေ ကျွန်တော်တို့ မြုပ်နေတဲ့နေရာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးမှ တင်ပြခွင့်ပြုပါခင်ဗျား။ ထို့အပြင် မူဆယ်မြို့ ကောင်းမူးတုံတော်ရပ်ကွက် ဆင်ဖြူပေါက်၊ နန်းတော်ပေါက်အစရှိတဲ့ နိုင်ငံ ဝင်ပေါက် တံတား(၂)ခုတွင် မိုးသည်းထန်စွာရွာသွန်းပါက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိတာကို(၂၉.၆.၂၀၂၆)ရက်နေ့တွင် မိမိအနေဖြင့်ကွင်းဆင်းဆောင်ရွက်တဲ့ အချိန်မှာ တွေ့ရှိရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် မိမိတို့မူဆယ်မြို့အား တစ်မြို့လုံး အတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများစီမံချက် ရေးဆွဲ၍ ပြန်လည်တူးဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့ တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်တင်းပေးနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်လျက် ရှိသော မူဆယ်မြို့ကြီးအား သန့်ရှင်းသာယာလှပသော နယ်စပ်မြို့အဖြစ်တည်ရှိစေရေး အမှန်တကယ်လိုအပ်လျက်ရှိသော နယ်စပ်ခြံစည်းရိုး သန့်သန့်ရှင်းရှင်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မြို့အတွင်း ရေကြီးရေလျှံမှုကင်းဝေးပြီး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်ရေး

Shan State Hluttaw

လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင်၏ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော် ဦးခွန်ထွန်းဖြူမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မူဆယ်မြို့ဟာ တရုတ်နိုင်ငံ ရွှေလီ ကျယ်ဂေါင်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ နယ်စပ်မြို့ဖြစ်ပါတယ်။ မြို့ဧရိယာ (၄.၀၂) စတုရန်းမိုင်အကျယ်အဝန်းရှိပါတယ်။ လက်ရှိအချိန်မှာ မူဆယ်မြို့ပေါ်ရပ်ကွက် (၉) ရပ်ကွက်သာ တရားဥပဒေစိုးမိုးမှုရှိပါတယ်။ မြို့ပတ်လည်မှာ သောင်းကျန်းသူများမှ ပိတ်ဆို့ထားပြီး နမ့်ခမ်းမြို့၊ ကွတ်ခိုင်မြို့၊ သိန်းနီမြို့၊ မုံးကိုးမြို့၊ ကြူကုတ်(ပန်ဆိုင်း) မြို့များမှ စစ်ရှောင်များလာရောက်နေထိုင်သည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ စားဝတ်နေရေးအတွက် လာရောက်အလုပ်လုပ်ကိုင်ကြတဲ့အတွက် မြို့ပေါ်ရပ်ကွက် (၉)ရပ်ကွက်မှာ အိမ်ခြေ (၁၀၀၀၀) ခန့်၊ မြို့ခံလူဦးရေ (၆၀၀၀၀)ခန့်၊ ပြောင်းရွှေ့နေထိုင် အလုပ်လုပ်ကိုင်သူ ဦးရေ (၆၀၀၀၀)ခန့်၊ စုစုပေါင်း လူဦးရေ (၁၂၀၀၀၀)ခန့်ရှိပါတယ်။ မြို့အကျယ်အဝန်းနှင့် နှိုင်းယှဉ်ပါက လူဦးရေ ထူထပ်များပြားမှုရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေမှာ စီးပွားရေးအင်အား တောင့်တင်းသော တစ်ဖက်တရုတ်နိုင်ငံ ရွှေလီ၊ ကျယ်ဂေါင်မြို့၏ စည်ပင်သာယာမှု၊ သန့်ရှင်းသာယာလှပမှု၊ ကောင်းမွန်သော လမ်းများနှင့် နှိုင်းယှဉ်ပါက မူဆယ်မြို့နယ်အနေဖြင့် ကွာဟချက်များဖြစ်ပေါ်လျက်ရှိပါတယ်။ စည်ပင်သာယာရေးဌာနအနေဖြင့် မိမိမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကောက်ခံရရှိတဲ့ ဝင်ငွေအပေါ်မူတည်ပြီးတော့မှ ဝန်ထမ်းစရိတ်၊ သာမန်အသုံးစရိတ်၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ လမ်းတံတားလုပ်ငန်းများ၊ ရေပေးရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ

Shan State Hluttaw

တည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး၍ ခွဲဝေဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံဘက်ခြမ်းရှိ နန်းတော်ဂိတ်ဝင်ပေါက်ဟာ ကောင်းမူးတုံရပ်ကွက်၊ မူဆယ် - နမ့်ခမ်းလမ်းမကြီးဘေးမှာ တည်ရှိပြီးတော့ နန်းတော်ဂိတ်ဝင်ပေါက် အဆောက်အဦနှင့် ဘေးဝဲ/ယာတို့မှာ (တရုတ်နိုင်ငံခြံစည်းရိုးနှင့်အပြိုင်) စျေးဆိုင်ခန်းပါ လူနေအဆောက်အဦများအား ၂၀၁၂ ခုနှစ် ဝန်းကျင်တွင် ဆောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ အဆောက်အဦတွင် နေထိုင်သူများမှ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ရွှေလီ ကျယ်ဂေါင်မြို့ နယ်စပ်ခြံစည်းရိုးတစ်ဝိုက်မှာ မိုးရာသီကာလအတွင်း ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံဘက်ခြမ်းမှ ခြံစည်းရိုးတစ်လျှောက် အသံပါ CCTV များ တပ်ဆင်ထားမှုကြောင့် မိမိဝန်ထမ်းများ ရှင်းလင်း၍မရခြင်း၊ ပွင့်လင်းရာသီရောက်ရှိသည့် အချိန်တွင် တရုတ်နိုင်ငံမှ ငင်းတို့၏အစီအစဉ်ဖြင့် လာရောက်ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဘက်ခြမ်းရှိ အမှိုက်များကို မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မူဆယ်အီကို အမှိုက်သိမ်းဆည်းရေးဝန်ဆောင်မှုကုမ္ပဏီမှ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူဆယ်မြို့ပေါ်တွင် အိမ်ရာမဲ့များအနေဖြင့် ယခင်က အရေအတွက် မများသော်လည်း ၁၀၂၇ ဖြစ်ပြီးနောက်ပိုင်းတွင် ပိုမိုများပြားလာပါတယ်။ ဆင်ဖြူနယ်စပ်ဂိတ်အနီးမှာ တောင်းရမ်းစားသောက်သူများမှ နယ်စပ်ခြံစည်းရိုးအနီး ကျွန်းတောတို့တွင် စည်းကမ်းမဲ့နေထိုင်လျက်ရှိပြီး မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ ပြည်သူ့စစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပူးပေါင်းအဖွဲ့များနှင့် အခါအားလျော်စွာ ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်မြေအခြေအနေ တိုးတက်ကောင်းမွန်လာတဲ့အခါ အိမ်ခြေမဲ့တောင်းရမ်း စားသောက်သူများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူဆယ်မြို့၏ အဓိကရေထုတ်မြောင်းဖြစ်တဲ့ နမ့်ပေါ်ချောင်းနှင့် မြို့တွင်းမှ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နမ့်စေးချောင်းတို့ဟာ တရုတ်နိုင်ငံ၊ ကျယ်ဂေါင်မြို့အား ဖြတ်သန်းပြီး ရွှေလီမြစ်အတွင်းသို့ စီးဝင်လျက်ရှိပါတယ်။ ပုံမှန်အားဖြင့် ရေကြီးမှုမဖြစ်နိုင်ပေမဲ့လည်း တရုတ်နိုင်ငံဘက်ခြမ်းမှ အမှိုက်များမဝင်ရောက်စေရန်အတွက် နမ့်စေးချောင်းပေါ်မှာ တင်နိုင်ချနိုင်တဲ့ သံပန်းရေတံခါးပြုလုပ်ပြီး ပိတ်ဆို့ထားတဲ့အတွက်ကြောင့်မို့လို့ မိုးရွာသွန်းတဲ့အခါ တောင်ကျရေများအလွယ်တကူ စီးဆင်းနိုင်မှုမရှိဘဲ လမ်းပေါ်သို့ရေလျှံကာ ချောင်းတစ်ဖက်တစ်ချက်ရှိ ကောင်းမူးတုံရပ်ကွက် နန်းတော်ဂိတ်ပေါက်နှင့် ဆင်ဖြူဂိတ်ပေါက်ဘက်တို့တွင် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ ထိုသို့ဖြစ်ပေါ်သည့်အခါမှာ ခရိုင်/ မြို့နယ်စီမံ

Shan State Hurtaw

ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှတစ်ဆင့် တစ်ဖက်နိုင်ငံ နယ်စပ်ရေးရာဌာနတို့နဲ့ ချိတ်ဆက်ပြီး အမှိုက်ကာ သံပန်းရေတံခါးအား ဖွင့်လှစ်ပေးရန် ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ရေတံခါးဖွင့်လှစ်ပေးချိန်တွင် ရေများအချိန်တိုအတွင်း ကျဆင်းသွားပြီး တင်ကျန်နေသောနူန်းများ၊ အမှိုက်များအား မိမိဌာနဝန်ထမ်းများ၊ အမှိုက်သိမ်းကုမ္ပဏီ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ ချက်ချင်းပူးပေါင်း ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဂိတ်များအား အခက်အခဲမရှိ လုပ်ငန်းများပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ် ပထမရက်(၁၀၀)စီမံကိန်းကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တံတား(၂)စင်း၊ နမ့်စေးချောင်းအပါအဝင် မြို့တွင်းရေမြောင်းများ နုန်းဆယ်ယူခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် မိမိနိုင်ငံဘက်ခြမ်းမှ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များ တရုတ်နိုင်ငံဘက်ခြမ်းသို့ ဝင်ရောက်မှုမရှိစေရန် နမ့်စေးချောင်းပေါက်ရှိ နေရာ(၃)နေရာတွင် အမှိုက်စစ်သံပန်းဇကာ (၃)ခုအား ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်နိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နမ့်စေးချောင်း ဖြတ်သန်းစီးဆင်းရာ တစ်လျှောက်မှာရှိတဲ့ ရပ်ကွက်နေ ပြည်သူများ ချောင်းအတွင်းအမှိုက်များ စည်းကမ်းမဲ့မပစ်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ရပ်ကွက်အသီးသီးတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ မြို့နယ်/ ရပ်ကွက်သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ဖြင့် ပူးပေါင်းအသိပညာပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့သာယာလှပရေး၊ သန့်ရှင်းရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီးတော့ ရေစီးရေလာကောင်းမွန်ရေးအတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ပြီး စီမံချက်ရေးဆွဲကာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနတို့မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ရန်ပုံငွေ ရရှိရေးတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မူဆယ်မြို့တွင် တရုတ်ပြည်မှ တင်သွင်းလာပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသောက်ကုန်များကို စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး FDA စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်ခရိုင်၊ မူဆယ်မြို့သို့ တရုတ်ပြည် တရုတ်နိုင်ငံနယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် တင်သွင်းလာတဲ့စားသောက်ကုန်၊ မုန့်အမျိုးမျိုးအစရှိသည့် ကုန်ပစ္စည်းများတွင် သက်ဆိုင်ရာ စားသုံးသူ ပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးခြင်းဖြင့် လုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြားနှစ်ဦး သဘောတူ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရေး အတွက် စားသုံးသူကာကွယ်ရေးဥပဒေအရ သက်ဆိုင်ရာ ပညာရှင်များနှင့် စိစစ်ရေးကော်မရှင်တို့မှ FDA စနစ်တကျ သေချာစိစစ်ပြီးမှ တင်သွင်းလာတဲ့ စားသုံးကုန်များကိုသာ ခွင့်ပြုစေလိုပါတယ်။ လက်ရှိစာသင်ကျောင်းပတ်ဝန်းကျင်နှင့် စျေးဆိုင်များမှာ တင်သွင်းရောင်းချနေသော စားသုံးကုန်များသည် အများပြည်သူနှင့် ကလေးများ စားသုံးရန်အရည်အသွေးနှင့် ကိုက်ညီမှုမရှိဘဲ ကျန်းမာရေးအရ ထိခိုက်လျက်ရှိနေကြောင်းသိရှိရပါတယ်။ လက်လုပ်/ လက်စား မိသားစုများမှာ သားသမီးများ အခြားရွေးချယ်ဝယ်ယူစားသောက်ရန် အခွင့်အရေးမရှိဘဲ ထိုကဲ့သို့သော သရေစာများကိုသာ စားသုံးနေကြရပါတယ်။ အလားတူပင် တရုတ်ပြည်ဘက်မှ တင်သွင်းလာသည့် ရေခဲရိုက်အေးခဲအသားများကိုလည်း ပြန်လည်တင်သွင်းခွင့်ပြုနေသည်ကို သိရှိရပါတယ်။ မိမိတို့နိုင်ငံနယ်စပ် မြို့တွင် တာဝန်ထမ်းဆောင်ကြသည့် စားသောက်ကုန်နှင့် သက်ဆိုင်သော ဝန်ထမ်း များအနေဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော စားသောက်ကုန် ပစ္စည်းများကို အလွယ်တကူ လက်ခံဝင်ရောက်ခွင့်မပြုသင့်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မိမိတို့ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရုတ်ပြည်မှဝင်ရောက်လာသည့် စားသောက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရေး၊ FDA စစ်ဆေးနိုင်ရေးကိစ္စအား မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဒေါက်တာလဆိုင်း၊ စိမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးနော်တောင်ရဲ့ မူဆယ်ခရိုင်၊ မူဆယ်မြို့သို့ တရုတ်နိုင်ငံနယ်စပ် ဂိတ်ပေါက်များမှတစ်ဆင့် တင်သွင်းလာသည့် စားသောက်ကုန်၊ မုန့်မျိုးစုံအစရှိသည့် ကုန်ပစ္စည်းများတွင် စားသုံးရန် မသင့်သည့် ကုန်ပစ္စည်းများ ပါဝင်နေရာ သက်ဆိုင်ရာ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးရေးအတွက် စားသုံးသူကာကွယ်ပေးရေးဥပဒေအရ သက်ဆိုင်ရာက သေချာစွာစိစစ်ပြီးမှတင်သွင်းလာသည့် ကုန်ပစ္စည်းများကိုသာ ဝယ်ယူစားသုံးသင့်ပါသဖြင့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီးစားသုံးသူ လက်ဝယ်ရောက်ရှိရေး စားသောက်ကုန်ပစ္စည်းများနှင့် အခြားလိုအပ်သော ကုန်ပစ္စည်းများ၏သက်တမ်း Expired Date အရည်အသွေးနှင့်ပတ်သက်ပြီးမည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မူဆယ်ခရိုင်၊ မူဆယ်မြို့သို့ တရုတ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် တင်သွင်းလာသည့် စားသောက်ကုန်၊ မုန့်မျိုးစုံ အစရှိသည့် ကုန်ပစ္စည်းများတွင် စားသုံးရန် မသင့်သည့် ကုန်ပစ္စည်းများပါဝင်မှုမရှိစေရေးနှင့် စားသောက်ကုန်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်-

(က) စားသုံးသူပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းသည့် စားသောက်ကုန်များကို ရွေးချယ်ဝယ်ယူစားသုံးနိုင်ရေးအတွက် ကုန်ပစ္စည်းဝယ်ယူခြင်းမပြုမီ ဂရုပြုရမည့်အချက်များ၊ ကုန်အညွှန်း/ အမှတ်အသားဖော်ပြခြင်း၊ မြန်မာဘာသာဖြင့် ဖော်ပြရမည့် သတ်မှတ်ချက်များအပါအဝင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်၍ အသိပညာပေး ဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

(ခ) ဒေသလိုအပ်ချက်အရ စျေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသောက်ကုန်၊ မုန့်မျိုးစုံအစရှိသည့် ကုန်ပစ္စည်းများတွင် သက်ဆိုင်ရာဌာနများမှ သက်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ

Shan State Hluttaw

ဘေးအန္တရယ်ကင်းရှင်းစွာထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကုန်ပစ္စည်းရောင်းချသည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးကြပ်မတ်၍ ကုန်အညွှန်းအမှတ်အသားနှင့် ကိုက်ညီမှုရှိသော ကုန်စည်များရောင်းချနိုင်ရေး ရောင်းချသည့်လုပ်ငန်းရှင်များအား အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်ပစ္စည်းများအား မျက်မြင်စစ်ဆေးခြင်း၊ သက်တမ်းကျော်လွန်သည့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး အပတ်စဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

(ဂ) တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်ကုန်သွယ်ရေးဇုန်အဝင်အထွက် ဂိတ်များနှင့် စစ်ဆေးရေးစခန်းများတွင် အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့်ဆက်စပ်ဌာနများပါဝင်သော ပူပေါင်းအဖွဲ့များက ကုန်တင်ယာဉ်များကို စစ်ဆေးပါသည်။ တင်သွင်းလာသည့် အစားအသောက်များတွင် တားမြစ်ဓာတုပစ္စည်းများပါဝင်ခြင်း ရှိ/မရှိနှင့် စားသုံးရန်သင့်/မသင့်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration-FDA) က ဓာတ်ခွဲစစ်ဆေးပြီး ထောက်ခံချက်မရှိသော အစားအသောက်များကို ဖမ်းဆီးအရေးယူလျက်ရှိပါတယ်။ စားသုံးရန်မသင့်ကြောင်း စစ်ဆေးတွေ့ရှိရသည့် သက်တမ်းလွန် အစားအသောက်များ၊ တားမြစ်ဆိုးဆေးနှင့် ဓာတုပစ္စည်းပါဝင်သော အစားအသောက်များကို အများပြည်သူရှေ့တွင် မီးရှို့ဖျက်ဆီးခြင်း သို့မဟုတ် စနစ်တကျ မြေမြှုပ်ဖျက်ဆီးခြင်းများကို ပြုလုပ်ပါသည်။ ဖမ်းဆီးရမိသည့် အကောက်ခွန်မဲ့၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး တည်ဆဲ အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေများအရ ဒဏ်ရိုက်ခြင်း သို့မဟုတ် ရာဇဝတ်ကြောင်းအရ အရေးယူခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် မူဆယ်နယ်စပ်အပါအဝင် နယ်စပ်ဂိတ်များမှ စားသုံးရန်မသင့်သော အစားသောက်များနှင့် တရားမဝင်ကုန်စည်များ ဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍ အစားသောက်များတင်သွင်းရန် Tradenet 2.0

Shan State Hluttaw

စနစ်ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ စားသုံးရန်သင့်ကြောင်း ထောက်ခံချက် (Import Recommendation-IR) ပါရှိမှသာ သွင်းကုန်လိုင်စင် ခွင့်ပြုပေးလျက်ရှိပြီး လိုင်စင်လျှောက်ထားခြင်းမရှိဘဲ သို့မဟုတ် လိုင်စင်စည်းကမ်းချက်နှင့်မညီဘဲ တရားမဝင် တင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းများကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် အတူ ဖမ်းဆီးအရေးယူလျက်ရှိပါသည်။ စားသုံးရန် မသင့်သည့် တားမြစ်အစားအသောက်များ၊ သက်တမ်းလွန် သို့မဟုတ် အတုအပ အစားအသောက်များကို လိုင်စင်လိမ်လည်၍ တင်သွင်းခြင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာပို့ကုန်သွင်းကုန် လုပ်ငန်းရှင်လိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း သို့မဟုတ် အမြဲတမ်းပယ်ဖျက်ခြင်းများ ပြုလုပ်နေ ပါတယ်။ ကုန်သွယ်ရေးဦးစီးဌာနသည် စည်းကမ်းဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းရှင်များကို ပို့ကုန်သွင်းကုန်ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်များချမှတ်နိုင်ရန်တရားစွဲဆို အရေးယူမှုများဆောင်ရွက် လျက်ရှိပါတယ်။

(c) တရားမဝင် စားသောက်ကုန်များနှင့် ကုန်စည်များသယ်ဆောင်လာမှုကို တိကျစွာ သတင်းပေးနိုင်သူအား ဖမ်းဆီးရမိသည့် ပစ္စည်းတန်ဖိုး၏ သတ်မှတ် ရာခိုင်နှုန်းအလိုက် (ဥပမာ-သတင်းပေးသူကို ၂၀% နှင့် ဖမ်းဆီးပေးသူကို ၃၀%) ဆုငွေချီးမြှင့်သည့်စနစ်ဖြင့် လူထုပူးပေါင်းပါဝင်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် မူဆယ်နယ်စပ်တွင် စားသောက်ရန်မသင့်သော တရားမဝင် အစားအသောက်များနှင့်စပ်လျဉ်း၍ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုနှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တည်ဆဲဥပဒေများဖြစ်သော အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်ရေးလုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည် ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ

Shan State Hluttaw

ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း (၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကို လာရောက်လေ့လာကြပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးမြင့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်ရဲ့ အမှတ်(၁)ရပ်ကွက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)နဲ့ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတို့ရဲ့ အဓိကလိုအပ်နေတဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ကိစ္စနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)ရဲ့ လိုအပ်ချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။ အလျား(၂၄၀)ပေ၊ အနံ(၂၄)ပေနှင့် ဝရံတာ (၆)ပေရှိတဲ့ (၈)ခန်းတွဲ အဆောင်ကြီးဟာဆိုရင် နံကပ်ဆောင်ဖြစ်ပါတယ်။ အဲဒီ နံကပ်အဆောင် (၈)ခန်းတွဲ အဆောင်ကြီးမှာ အခန်း(၂)ခန်းစာကိုတော့ ကျွန်တော်တို့ နဝရတ်ခန်းမဆိုပြီးတော့မှ ခန်းမဆောင်အဖြစ်နဲ့ အသုံးပြုပြီးတော့ ကျန်တဲ့အခန်းများကို ရတနာဆောင်ဆိုပြီးတော့ KG တန်းကနေပြီးတော့ Grade-4 အထိ ကလေးငယ်များကို စာသင်ဆောင်အနေနဲ့ အသုံးပြုထားတာဖြစ်ပါတယ်။ အဆိုပါ နဝရတ်ခန်းမနှင့် ရတနာဆောင်စာသင်ဆောင်တွေဟာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၀၂၇ ဖြစ်စဉ်မှာ အဲဒီစစ်ဘေးဒဏ်ကြောင့်နဲ့ သွပ်မိုးများပေါက်ပြဲပြီးတော့မှ ခုလိုမိုးတွင်းမှာဆိုရင် မိုးယိုတာတွေဖြစ်နေပါတယ်။ နောက်ပြတင်းပေါက်တွေ တံခါးမကြီးတွေဟာလည်း အဲဒီစစ်ဘေးဒဏ်ကြောင့် ယိုင်ရွဲ့ပြီးတော့မှ ပိတ်လို့မရ ဖြစ်နေပါတယ်။ အုတ်နံရံများဟာလည်း ပေါက်ပြဲနေပြီးတော့မှ အဲဒီမှာ စာသင်ခန်းတစ်ခန်းဟာဆိုရင်လည်း သူက နံကပ်ဆောင်ဖြစ်တဲ့အတွက်ကြောင့် အုတ်နံရံနှင့်တိုင်နဲ့ကွာဟသွားပြီးတော့မှ အဲဒီနေရာကို ကျွန်တော်တို့ သံဘရက်ကတ်များနဲ့ ချုပ်ထားရတဲ့အခြေအနေ ဖြစ်နေပါတယ်။ နံရံဆေးများဟာလည်း မှေးမှိန်နေပြီးတော့ ကျောင်းဥပဓိရုပ်မပီပြင်ဘူးဖြစ်နေပါတယ်ခင်ဗျား။ အဲလိုတွေ

Shan State Hluttaw

ဖြစ်နေတာကို ကျွန်တော်တို့အနေနဲ့ ကွင်းဆင်းစစ်ဆေးတွေ့ရှိရပါတယ်။ နောက် ကျောင်းအုပ်ကြီးရုံးခန်းရှိတဲ့ စာသင်ဆောင်ဟာလည်း မျက်နှာကြက်များ ပြုတ်ကျ ပြီးတော့ ပျက်စီးလျက်ရှိနေပါတယ်ခင်ဗျား။ အဆိုပါကျောင်းဆောင်ဟာ ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ပြည်သူလူထုထည့်ဝင်ငွေတို့နဲ့ (၁၉၇၅) ခုနှစ်ကတည်းက ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်တဲ့အတွက်ကြောင့် နှစ်ပေါင်း(၅၀)ကျော်ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့အခု ဒီအဆောင်ကြီးဟာဆိုလို့ရှိရင် အဆိုပါပျက်စီးမှုများနဲ့ အကြီးစား ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ဖို့ရာအတွက် အရေးတကြီး လိုအပ်လျက်ရှိနေကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသူ/ ကျောင်းသားပေါင်း အယောက်(၈၉၀)တက်ရောက် သင်ကြားလျက်ရှိပြီးတော့ ထိုင်ခုံများဟာလည်း လုံလောက်မှုမရှိတဲ့အတွက်ကြောင့် ဒါကျောင်းသူ/ ကျောင်းသားများဟာ ဖြစ်သလိုထိုင်ပြီးတော့မှ စာသင်ကြားနေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းအဆင့်ကျောင်းသားများအတွက် လက်တန်းပါ ပလပ်စတစ် ထိုင်ခုံအလုံး (၃၅၀)ခန့် လိုအပ်နေပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)ရဲ့ လိုအပ်ချက်များဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအချိန်မှာ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၃)နဲ့ တွဲဖက်ထားတဲ့ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းရဲ့ လိုအပ်ချက်များကိုလည်း ဆက်လက်တင်ပြပါမယ်။ ကျောင်းသူ/ကျောင်းသားများရဲ့ ပညာသင်ကြားရေးအတွက် အရင်ကဒီကျောင်းမှာရှိခဲ့တဲ့ ကွန်ပျူတာအလုံး(၃၀)ဟာလည်း လက်နက်ကိုင် သောင်းကျန်းသူများမြို့ကို ထိန်းချုပ်ခံရစဉ်မှာ ခိုးယူခံရတဲ့အတွက်ကြောင့် သင်ကြား ရေးအတွက် ကွန်ပျူတာအလုံး(၃၀)ဟာ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီကွန်ပျူတာ အလုံး(၃၀)ဟာလည်း စက်မှုကျောင်းသားများအတွက် အင်မတန်မှအရေးတကြီး လိုအပ်နေပါတယ်။ နောက်စက်မှုကျောင်းသားများ သင်ကြားရေးမှာအသုံးပြုရတဲ့ ကိရိယာတန်ဆာပလာများဖြစ်တဲ့ ဥပမာ (ဗို့မီတာ၊ ပလာရာ၊ တက်စတာ)စတဲ့ အသေးစားတန်ဆာပလာများဟာလည်း လိုအပ်နေတဲ့အတွက်ကြောင့်မို့လို့ ဖြစ်သလို သင်ကြားနေရတဲ့ အနေအထားဖြစ်နေပါတယ်ခင်ဗျား။ ဒါကြောင့် လေးစားအပ် ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှု၊ စိုက်ပျိုး မွေးမြူရေးအထက် တန်းကျောင်းအတွက်လည်း ကျွန်တော်တို့ မြန်မာအမျိုးသား တိုးတက်ရေး ကုမ္ပဏီကနေပြီးတော့မှ တာဝန်ယူဆောက်လုပ်နေတဲ့ (၃)ထပ် RC အဆောက်အုံကြီး ဟာလည်း (၆၀)ရာခိုင်နှုန်းသာ ပြီးစီးပြီးတော့ (၄၀)ရာခိုင်နှုန်းကျန်ရှိနေတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ လေ့လာစိစစ်တွေ့ရှိရပါတယ်။ အဲ(၄၀)ရာခိုင်နှုန်းကို အခုအချိန်မှာ ဆက်လက်ဆောက်လုပ်ခြင်း မရှိသေးဘဲနဲ့ ရပ်ထားတဲ့အတွက်ကြောင့်

Shan State Hluttaw

RCတိုက်များ ထိုးထိုးထောင်ထောင် ရပ်နားထားတာသိရှိရပါတယ်။ ကျောင်းသူ ကျောင်းသားများ အဆင်ပြေစွာ သင်ကြားနိုင်ရန်အတွက် အဲဒီအဆောက်အအုံ ဟာလည်း အမြန်ပြီးစီးဖို့အတွက် လိုအပ်လျက်ရှိပါတယ်။ လက်ရှိစာသင်ဆောင် တော်တော်များများဟာလည်း ကျွန်တော်တို့ စစ်ဘေးစစ်ဒဏ်ကြောင့် သင်ကြားဖို့ အဆင်မပြေနိုင်တဲ့အတွက် ပိတ်ထားတဲ့ အဆောင်တွေလည်းရှိနေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၃)ကျောင်းနဲ့ စက်မှု စိုက်ပျိုးမွေးမြူရေး အထက်တန်း ကျောင်းတို့အတွက် လိုအပ်ချက်ဖြစ်တဲ့ နံပါတ်(၁) နဝရတ်ခန်းမဆောင်နှင့် ရတနာစာသင်ဆောင်တို့ကို အကြီးစားပြင်ဆင်ထိန်းသိမ်းဖို့၊ (၂) လက်တန်းပါ ပလပ်စတစ်ထိုင်ခုံ အလုံး (၃၅၀) လိုအပ်နေတာ၊ (၃) ကွန်ပျူတာ (၃၀)လုံးနှင့် သင်ကြားရေးကိရိယာတန်ဆာပလာများ လိုအပ်ခြင်းတို့ကို ဖြည့်ဆည်း ပေးဖို့ အစီအစဉ် ရှိ/မရှိနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး စာသင်(၃)ထပ် RC အဆောက်အအုံကြီးကို အပြီးသတ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့် တင်ပြပါ လိုအပ်ချက်များကို မည်သည့်အချိန်မှာဖြည့်ဆည်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါ ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါ တယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ကျောက်မဲမြို့နယ်၊ အမှတ်(၇)၊ နယ်မြေ(၁၁)မှာရှိတဲ့ အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၂)ရဲ့ လိုအပ်ချက် များကို ဆက်လက်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျောင်းသားမိဘများ ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျောက်မဲမြို့ အခြေခံပညာမူလတန်း ကျောင်း၊ အမှတ်(၁၂)မှာ ကျောင်းသူ/ ကျောင်းသား အယောက်(၂၄၀)ဦး တက်ရောက် သင်ကြားလျက်ရှိပါတယ်ခင်ဗျား။ ဆရာ/ ဆရာမအနေနဲ့ မူပြ(၁)ဦးနဲ့ ဒုမူပြ(၁)ဦးသာ ရှိပါတယ်။ ကျောင်းအုပ်(၁)ဦး၊ လက်ထောက်မူ/ပြ(၄)ဦးနှင့် ဒုမူ/ပြ (၁)ဦး လိုအပ် လျက်ရှိပါတယ်။ မူလတန်းကျောင်းကြီးမှာ ကျောင်းအုပ်အနေအထား မရှိတဲ့အတွက် ကြောင့် အင်မတန်မှ လိုအပ်လျက်ရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ KG ကျောင်းသားငယ်(၃၀)ဦးရှိပြီးတော့ အဲဒီ KG ကျောင်းသားငယ်များအတွက်လည်း ကျောင်းဆောင်မရှိတဲ့အတွက်ကြောင့် လက်ရှိမှာ စာသင်ဆောင် (၁)ဆောင်ကို KG ကျောင်းသားငယ်များအတွက် အသုံးပြုနေရတာ ဖြစ်ပါတယ်။ ဒါကြောင့် KG ကျောင်းဆောင် (၁)ဆောင်ဟာလည်း လိုအပ်လျက်ရှိနေပါတယ်။ စာရေးခုံနှင့် ထိုင်ခုံများလည်း လုံလောက်မှုမရှိတဲ့အတွက်ကြောင့် ကျောင်းသူ/ ကျောင်းသား များဟာ (၃)ယောက်ထိုင်ခုံမှာ (၄)ယောက်ထိုင်ပြီးတော့ ကျပ်ကျပ်ညပ်ညပ်နဲ့ ခက်ခဲစွာ ပညာသင်ကြားနေကြရပါတယ်။ ဒါကြောင့်မို့လို့ ကလေးငယ်များ သက်သာ

Shan State Hluttaw

ချောင်ချိစွာနဲ့ ပညာကိုသင်ယူနိုင်ရေးအတွက် (၃)ယောက်ထိုင်စာရေးခုံ၊ ထိုင်ခုံ အစုံ (၅၀)လည်း လိုအပ်နေပါတယ်။ တစ်ဆက်တည်း တင်ပြလိုတာက ကျွန်တော်တို့ ဒီကျောင်းဆောင်ဟာ ကျွန်တော်တို့ ရွေးကောက်ပွဲကာလမှာလည်း ရပ်ကွက်ရဲ့ မဲရုံအဖြစ်နဲ့ သတ်မှတ်ပေးတဲ့အခါမှာ ဒီကျောင်းမှာက မဲရုံအနေနဲ့ တာဝန်ယူဆောင်ရွက်တဲ့အခါမှာ စာသင်ခန်းများက မဲရုံအတွက် ကျဉ်းမြောင်းနေတဲ့ အတွက် အသုံးပြုလို့မရဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီကာလတုန်းက မဲရုံအတွက်ဆိုပြီးတော့မှ ရပ်ကွက်ထဲမှာရှိတဲ့ ပြောင်းဖူးဂိုဒေါင်ကိုငှားပြီးတော့မှ မဲရုံအနေနဲ့ လုပ်ခဲ့ရတာဖြစ်ပါတယ်။ အခုတင်ပြပါ KG ခန်းရရှိမယ်ဆိုလို့ရှိရင် နောင် ရွေးကောက်ပွဲများမှာဆိုလို့ရှိရင်လည်း နိုင်ငံတော်အနေနဲ့ ဒီကျောင်းကို မဲရုံတစ်ရုံအနေနဲ့ ပြင်ပမှာလုပ်စရာမလိုဘဲနဲ့ ဒီအခန်းကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း တစ်ဆက်တစ်စပ်တင်ပြလိုပါတယ်။ ဒါကြောင့် လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ အမက(၁၂)ရဲ့ လိုအပ်ချက်များဖြစ်တဲ့ နံပါတ်(၁) ကျောင်းအုပ်(၁)ဦးနှင့် လက်ထောက်မူ/ပြ (၄)ဦး၊ ဒုမူ/ပြ (၁)ဦး နံပါတ်(၂) KG ကျောင်းဆောင်နှင့် နံပါတ်(၃) (၃)ယောက်ထိုင်စာရေးခုံ ထိုင်ခုံ(၅၀)စုံတို့ကို ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်အချိန်မှာ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုပါကြောင်း ကျောင်းသားမိဘများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)၏ ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက် တန်းကျောင်းတို့တွင် လိုအပ်နေသောခန်းမ၊ စာသင်ဆောင်နှင့်သင်ထောက်ကူပစ္စည်း များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်မ ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးက ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကျောက်မဲမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသည် အမှတ်(၁)ရပ်ကွက်တွင်တည်ရှိပြီး အခြေခံပညာ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူပေါင်း (၈၀၅)ဦး၊ စက်/စိုက်/မွေး ကျောင်းသား/သူ (၄၈)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပြီး စာသင်ဆောင် (၇)ဆောင်၊ ခန်းမ(၁)ခုရှိပါကြောင်း၊ အဆိုပါ

Shan State Hluttaw

စာသင်ဆောင်များအနက် ရတနာစာသင်ဆောင်သည် (၁၈၀)ပေ × (၃၀)ပေ၊ တစ်ထပ်စာသင်ဆောင် သွပ်မိုး၊ အုတ်ညှပ်၊ နံရံကပ် အဆောက်အဦအား ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊ နဝရတ်ခန်းမ (၉၀×၃၀)ပေ တစ်ထပ်သွပ်မိုး၊ အုတ်ညှပ်၊ နံရံကပ်၊ သမံတလင်းခင်း အဆောက်အဦအား ၁၉၇၉ ခုနှစ်တွင်လည်းကောင်း အစိုးရဘဏ္ဍာငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ အဆိုပါ ရတနာစာသင်ဆောင်နှင့် နဝရတ်ခန်းမသည် ပြတင်းပေါက်၊ တံခါး၊ သမံတလင်း၊ နံရံများ၊ သွပ်မိုးများ ပြင်ဆင်ရန်နှင့် ဆေးသုတ်ခြင်းလုပ်ငန်းများအား အကြီးစားပြင်ဆင်ရန် လိုအပ်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ချထားပေးနိုင်ရန်အတွက် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းသား/ကျောင်းသူ (၈၀၅)ဦးအတွက် စာသင်ခန်း(၂၄)ခန်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းသား/ကျောင်းသူ (၄၆)ဦးအတွက် စာသင်ခန်း(၃)ခန်းဖြင့် သင်ကြားလျက်ရှိရာ ထိုင်ခုံလိုအပ်မှုမရှိပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစာသင်ကျောင်းဆောင် (၃)ထပ်ဆောင် (၁၇၄)ပေ× (၃၂)ပေ RC အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာအမျိုးသားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဖြည့်စွက်ရန်ပုံငွေကျပ်(၈၆၅. ၅၆၈) ကျပ်သန်းဖြင့် တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှု (၆၀)ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ကျန်ရှိသည့် လုပ်ငန်း(၄၀)ရာခိုင်နှုန်းအား ပြန်လည်အပ်နှံခွင့် တင်ပြခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (စ.ခ.၂၀၂၄)ရက်စွဲပါစာအမှတ်၊ ၉/၄-၂(၅၂၂)/အဖရ(ရှမ်း) ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄)ဆုံးဖြတ်ချက် အပိုဒ်(၈)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃၈)အရ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားခဲ့ပါတယ်။ အဆိုပါကျန်ရှိသည့် လုပ်ငန်း(၄၀)ရာခိုင်နှုန်းအား ဆက်လက်ဆောင်ရွက်နိုင်ရေး အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ဦးမြင့်ဝင်း၊ ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ ကျောက်မဲမြို့ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ/ ဆရာမများ၊ KG အတွက် စာရေးခုံ/ ထိုင်ခုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ကျွန်မ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကျောက်မဲမြို့၊ အမှတ်(၇)ရပ်ကွက်၊ နယ်မြေ(၁၁)ရှိ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူ(၂၅၁)ဦးရှိပြီး ဝန်ထမ်းခွဲဝေအင်အားမှာ မူလတန်းကျောင်းအုပ်(၁)ဦး၊ မူလတန်းပြ(၁)ဦး၊ ဒုတိယမူလတန်းပြ(၂)ဦး၊ လက်ထောက်မူလတန်းပြ(၃)ဦး၊ အထွေထွေလုပ်သား(၁)ဦး၊ စုစုပေါင်း (၈)ဦးရှိပါကြောင်း၊ ခန့်ထား

Shan State Hluttaw

အင်အားမှာ မူလတန်းပြ(၁)ဦးနှင့် ဒုတိယမူလတန်းပြ(၂)ဦး၊ စုစုပေါင်း(၃)ဦးသာ ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လစ်လပ်နေသော မူလတန်းကျောင်းအုပ်(၁)ဦး၊ လက်ထောက် မူလတန်းပြ(၃)ဦး၊ အထွေထွေ လုပ်သား(၁)ဦး၊ စုစုပေါင်း (၅)ဦးတို့အား လာမည့် အတိုးအပြောင်းဆောင်ရွက်ချိန်တွင် ၎င်းကျောင်းသို့ လျှောက်ထားသူရှိပါက ခန့်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အတိုးအပြောင်း လျှောက်ထားသူနည်းပါး၍ ဝန်ထမ်း အင်အား ပြည့်မီမှုမရှိပါက ပြည်ထောင်စုမှ ခွဲဝေပေးလာမည့် သင်တန်းဆင်း ဆရာ/ ဆရာမများအား ဖြည့်ဆည်းခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း သင်ကြားသင်ယူလုပ်ငန်းများ ထိရောက်အောင်မြင်နိုင်ရေး အတွက် ဒေသအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော ကျောင်းများမှ မူလ တန်းကျောင်းအုပ် (၁)ဦးနှင့် လက်ထောက်မူလတန်းပြ (၁)ဦးတို့အား ယာယီတွဲဖက် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ KG ကျောင်း လိုအပ်မှုအနေဖြင့် အမက(၁၂)ကျောင်းတွင် ကျောင်းသား/ကျောင်းသူ KGမှ Grade(5)အထိ (၂၅၁)ဦးရှိပြီး စာသင်ဆောင်အနေဖြင့် (၆၀ပေ၃၀ပေ) သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း (၁)ဆောင် စာသင်ခန်း(၃)ခန်း၊ (၆၀ပေ၃၀ပေ) သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း (၁)ဆောင် စာသင်ခန်း(၃)ခန်းနှင့် ရုံးခန်း(၁)ခန်း စုစုပေါင်းစာသင်ခန်း(၆)ခန်းဖြင့် ပညာသင်ကြားဆောင်ရွက်လျက်ရှိရာ ယခုပညာသင်နှစ်တွင် တိုးတက်လာသည့် ကျောင်းသား/ ကျောင်းသူအရ ကျောင်း ဆောင်သစ်(၁)ဆောင် လိုအပ်မှုရှိပါကြောင်းနှင့် အဆိုပါလိုအပ်လျက်ရှိသည့် ကျောင်း ဆောင်သစ်အား လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးနိုင်ရေး အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် (၃)ယောက်ထိုင်စာရေးခုံနှင့် ထိုင်ခုံအစုံ (၅၀)အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးနိုင်ရေး အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အာလုံးမင်္ဂလာ ပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာတဲ့ တာဝန်ရှိ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း ပို့သအပ်

Shan State Hluttaw

ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္နနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင် ဖြစ်ပါတယ်။

ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများရဲ့ အမှန်တကယ်လိုအပ်နေသော ပြည်သူများရဲ့ဆန္ဒထဲက တစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်း မိုင်းခတ်မြို့နယ်အပိုင်း(၇၄)ကီလိုမီတာမှ (၇၄.၅) ကီလိုမီတာကြားနှင့် (၇၄.၅) ကီလိုမီတာမှ (၇၅)ကီလိုမီတာကြားသည် ကားလမ်းပေါ်ရေကျော်မှုကြောင့် ကားလမ်းမြေသားတာပေါင်မြှင့်တင်ပေးနိုင်ရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်နှင့် နမ့်တာပီးကျေးရွာကြား ပြည်နယ်ကားလမ်းမကြီးဖြစ်သည့် မိုင်တိုင်အမှတ် (၇၄)ကီလိုမီတာမှ (၇၄.၅)ကီလိုမီတာကြားနှင့် (၇၄.၅) ကီလိုမီတာမှ (၇၅)ကီလိုမီတာကြားသည် နှစ်စဉ်မိုးရာသီ၌ နမ့်လွေချောင်းရေကြီးရေလျှံကာ ကားလမ်းမပေါ်သို့ နမ့်လွေချောင်းရေ (၆)ပေခန့်ကျော် တက်လာသည့်အတွက် လမ်းပန်းဆက်သွယ်ရေး သွားလာရအခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ယခုအခါ မိုင်းခတ်မြို့ပေါ်ရှိ နမ့်လွေချောင်းသည် သဲနုန်းများ မြင့်တက်လာသည်နှင့်အမျှ ကားလမ်းနှင့်တစ်ပြေးညီ ဖြစ်ပေါ်နေပါတယ်ခင်ဗျား။ အဆိုပါကားလမ်းအပိုင်းအား မြေသားတာပေါင် မြှင့်တင်ပေးနိုင်ပါရန်နှင့် ၎င်းကားလမ်းသည် ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းမြို့များရှိ ခရီးသွားပြည်သူများ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ စျေးရောင်းစျေးဝယ်ပြည်သူများ၊ နေ့စဉ်ကုန်တင်ယာဉ်(၁၂)ဘီး(၇၀)စီးဝန်းကျင် ယာဉ်ငယ်အိမ်စီး/လိုင်းကား (၁၀၀)ကျော်ခန့် ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်း - မိုင်းလားမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်သွယ်သွားလာ၍ရခြင်း၊ စီးပွားရေးအရ အားထားရသောလမ်းမကြီးဖြစ်ပြီး ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်း - မိုင်းပေါက် - ပန်ဆန်းမြို့များသို့ ဆက်သွယ်သွားလာရသော ပြည်နယ်ကားလမ်းမကြီးဖြစ်ပါတယ်။ ယင်းလမ်းပိုင်းပေါ်တွင် ကျေးရွာအုပ်စု(၂)စုနှင့် ကျေးရွာပေါင်း(၂၀)မှာ နေ့ချင်းပြန် မိသားစုဝမ်းစာအတွက် ရှာဖွေစားသောက်သွားလာရသောကြောင့် နှစ်စဉ်မိုးတွင်းကာလများတွင် ကြုံတွေ့ရသော ကားလမ်းမပေါ်ရေကြီးရေလျှံမှု အခက်အခဲတစ်ရပ် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါသည်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ယခုပြထားတဲ့နေရာအမှတ်ကတော့ ကျွန်တော်တို့ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်း မိုင်းခတ်မြို့နယ်အပိုင်း မိုင်တိုင်အမှတ်(၇၄)ကီလိုမီတာမှ (၇၄.၅) ကီလိုမီတာကြားနှင့် (၇၄.၅) ကီလိုမီတာမှ (၇၅) ကီလိုမီတာကြား လမ်းမပေါ်ရေကျော်မှုဖြစ်ပွားနေတဲ့ တည်နေရာမြေပုံဖြစ်ပါတယ်

Shan State Hluttaw

ခင်ဗျား။ ဒါက ကျွန်တော်တို့ မိုင်းခတ်မြို့ မြေပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ကွင်းဆင်းမှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်ခင်ဗျား။ ၁၀.၇.၂၀၂၆ ဒါကတော့ ကျွန်တော်တို့ ကျိုင်းတုံ - မိုင်းခတ်ကားလမ်းမကြီးပေါ်ရှိ ရေကြီးရေလျှံဖြစ်စဉ် Video ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ရေကြီးရေလျှံမှုဖြစ်စဉ်အပြီး ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းမှတ်တမ်းဓာတ်ပုံပါဗျ။ ဘေးကပြထားတဲ့တိုင်လေးကတော့ ရေကျော်မှတ်တိုင် (၆)ပေ မှတ်တိုင်ဖြစ်ပြီး ရေကြီးတဲ့အခါ ၎င်းကားလမ်းရေကျော်အမှတ် မှတ်တိုင်ပေါ်အထိ ကျော်သွားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒါကတော့ သာမန်အချိန် ချောင်းရေမျက်နှာပြင်နှင့် လမ်းပခုံးအနေအထားပြပုံပါခင်ဗျား။ ယခုနှစ်အတွင်း ဒုတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံပါခင်ဗျား။ ယခုနှစ်အတွင်း တတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံပါဗျ။ ၁၀.၈.၂၀၂၆ ခုနှစ်ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ၉.၇.၂၀၂၅ ခုနှစ်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်က မိုင်းခတ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသောလူနာအား အရေးပေါ်ကျိုင်းတုံဆေးရုံထိသို့ ပို့ဆောင်ပြောင်းရွှေ့နေစဉ် မှတ်တမ်းဓာတ်ပုံပါခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ပါကားလမ်းအပိုင်းအား မြေသားတာပေါင် မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက နှစ်စဉ်မိုးရာသီတွင် ကြုံတွေ့ရသော ကားလမ်းမပေါ် ရေကြီးရေလျှံမှု၊ ခရီးသွားပြည်သူများ၊ ခရီးလမ်းကြန့်ကြာမှု၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းပြီး အချိန်မရွေးလမ်းပန်းဆက်သွယ်မှု ပိုမိုမြန်ဆန်လုံခြုံချောမွေ့စေမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်း မိုင်းခတ်မြို့နယ်အပိုင်း မိုင်တိုင်အမှတ်(၇၄)ကီလိုမီတာမှ (၇၄.၅) ကီလိုမီတာကြားနှင့် (၇၄.၅)ကီလိုမီတာမှ (၇၅)ကီလိုမီတာကြား ကားလမ်းပေါ် ရေကျော်မှုကြောင့် ကားလမ်းမြေသားတာပေါင် မြှင့်တင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ မည်သည့်အချိန်ကာလတွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ

Shan State Hluttaw

အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

မိုင်းခတ်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မှ မေးမြန်းတဲ့မေးခွန်းကို ကျွန်တော် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်သန်းထူးက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်းမကြီးသည် စုစုပေါင်းလမ်းမိုင်အရှည် (၆၉/၂)မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး တစ်ရက်ပျမ်းမျှ ယာဉ်စီးရေမှာ (၁၉၃)စီး သွားလာလျက်ရှိပါတယ်။ ၎င်းလမ်းပိုင်းသည် မိုင်းခတ်မြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အပိုင်းမှာ ဝမ်တာပုံတံတား(၂၀/၃.၅)မိုင်မှ (၆)ထပ်ကွေ့ (၅၂/၄)မိုင်အထိ လမ်းအရှည် (၃၂/၀.၅)မိုင်ရှိပြီး ၃၁.၃.၂၀၂၆ ရက်နေ့တွင်တည်ရှိသည့် လမ်းအခြေအနေမှာ (၁၈)ပေ အကျယ် ကွန်ကရစ်လမ်း(၀/၆.၀၇)မိုင်၊ (၁၈)ပေအကျယ် ကတ္တရာလမ်း (၂/၃.၁၆)မိုင် (၁၂)ပေအကျယ် ကတ္တရာလမ်း(၂၈/၇.၂၇)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းသည် နမ့်လွေချောင်း ကမ်းပါးဘေးမှ ဖောက်လုပ်ထားသော လမ်းပိုင်းဖြစ်ပြီး မိုင်းခတ်မြို့ဝင်အနီးရှိ (၇၄)ကီလိုမီတာ (၇၄.၅)ကီလိုမီတာကြားနှင့် (၇၄.၅)ကီလိုမီတာနဲ့ (၇၅)ကီလိုမီတာ ကြားလမ်းပိုင်းသည် မိုးရေချိန်များသည့် ရက်ပိုင်းများတွင် တောင်ကျချောင်းရေများ၍ နမ့်လွေချောင်း ရေမြင့်တက်လာမှုကြောင့် လမ်းပေါ်သို့ အမြင့် (၂)ပေမှ(၆)ပေခန့်ထိ ရေကျော်၍ (၁)ရက်မှ(၃)ရက်ထိ ယာဉ်သွားလာမှုပြတ်တောက်ခြင်းဖြစ်ပေါ်ခဲ့ပြီး ရေပြန်လည်ကျဆင်းချိန်တွင် ယာဉ်များပြန်လည်သွားလာနိုင်ခဲ့ပါတယ်။ အဆိုပါလမ်းပိုင်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြေသားတာပေါင်ဒီဇိုင်းတောင်းခံရရှိပြီးဖြစ်၍ လမ်းဦးစီးဌာန(ရုံးချုပ်)သို့ မြေသားတာပေါင်နှင့် လမ်းဒီဇိုင်းများ၊ Review တောင်းခံ၍ တိုင်းတာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ယာဉ်အန္တရာယ်/ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် မူလ(၁၂)ပေ ကတ္တရာလမ်းမှ (၁၈)ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်း (၀/၁)မိုင်၊ ယာဉ်အန္တရာယ်/ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်းကျဉ်းသောနေရာများအား မြေတာပေါင်ချဲ့ခြင်း (၀/၁)မိုင်၊ ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရန် လမ်းမျက်နှာပြင် ပျက်စီးသောနေရာများအား လမ်းမျက်နှာ

Shan State Hluttaw

ပြင်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁/၆.၆)မိုင်၊ နိမ့်ကျနေသော အမာခံလမ်း လမ်းပခုံးပြုပြင်ခြင်း(၁/၇)မိုင်၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် တံတားရေပြွန် တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း (၄)စီးစသည့်လုပ်ငန်းများကို စီမံဆောင်ရွက် လျက်ရှိပါတယ်။ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်း (မိုင်းခတ်မြို့နယ်အပိုင်း) (၇၄)ကီလိုမီတာ - (၇၄.၅) ကီလိုမီတာကြားနှင့် (၇၄.၅) ကီလိုမီတာ - (၇၅)ကီလို မီတာကြား လမ်းပိုင်းတွင် ဒီဇိုင်းရရှိမှုအရ မြေသားတာပေါင်တင်ခြင်းနှင့် လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှစ် အလိုက် ရန်ပုံငွေလျာထားတင်ပြ၍ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ကိုယ်စားလှယ် များနှင့် လာရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သက်နိုင်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့အစည်းအဝေးမှာ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင် အရှေ့ကျေးရွာအုပ်စု၊ ခဲလောင်း - ပန်ကျောင်း - ပြည်ထောင်စုလမ်း ခဲလောင်းကျေးရွာနှင့် ပန်ကျောင်းကျေးရွာ လမ်းမပေါ်ရှိ ကိုယ်ထူကိုယ်ထ ဆောင်ရွက် ထားသော ကွန်ကရစ်အမျိုးအစား တံတားတစ်စင်း အဆင့်မြှင့်တင်တည်ဆောက် ခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဖော်ပြပါ ကိုယ်ထူ ကိုယ်ထဆောင်ရွက်ထားသောတံတားသည် အလျား(၂၅)ပေ၊ အနံ (၁၀)ပေရှိပြီး ၂၀၁၂ ခုနှစ်တွင် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ရာ နှစ်ကာလကြာလာသည်နှင့်အမျှ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ ဖြတ်သန်း သွားလာရန် လုံဝမသင့်လျော်သော အန္တရာယ်ရှိသည့်အနေအထားသို့ ရောက်ရှိနေပါ တယ်ခင်ဗျား။ တံတား၏တည်နေရာမှာ လမ်းအတက်အဆင်းနှင့် အကွေ့ဆုံသော နေရာတွင် တည်ရှိပြီး တံတားနှုတ်ခမ်းများ ပဲ့ကျပျက်စီးခြင်းကြောင့် အလွန် ကျဉ်းမြောင်းလျက်ရှိပါတယ်ခင်ဗျား။ ကျောက်စီကွန်ကရစ် အမျိုးအစားတံတား

Shan State Hluttaw

တစ်စင်းဖြစ်ပါတယ်။ ၎င်းတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ(၄)ရွာ၊ အိမ်ထောင်စု(၂၂၄)စုနှင့် လူဦးရေ(၁၁၃၈)ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များအတွက် အထူးအကျိုးပြု စေရုံသာမက ကျေးရွာနေပြည်သူများအနေဖြင့် နိုင်ငံခြားဝင်ငွေများစွာရရှိစေသည့် နန္နင်း၊ ချင်း၊ ပြောင်း၊ ပဲစင်းငုံ၊ ကော်ဖီစသည့် စိုက်ပျိုးသီးနှံများကို စုံလင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး သယ်ယူပို့ဆောင် တင်ပို့ရောင်းချနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးထုတ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်ရရှိရေးကိုရှေးရှုကာ သက်ဆိုင်ရာဌာန များမှ ကျွမ်းကျင်ဝန်ထမ်းများ ဒေသခံပြည်သူများနှင့် ပေါင်းစပ်စိစစ်၍ တံတားအဆင့် မြှင့်တင် တည်ဆောက်ပေးရေးကို ဦးစားပေးရွေးချယ် တင်ပြလိုက်ရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ခဲလောင်း - ပန်ကျောင်း - ပြည်ထောင်စုလမ်း ခဲလောင်းကျေးရွာနှင့် ပန်ကျောင်းကျေးရွာအကြားရှိ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော တံတားအား ရာသီမရွေးသွားလာ ကုန်ထုတ်နိုင်သည့် တံတားအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်နှင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးနိုင်ရေးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လေးစားစွာမေးမြန်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ဦးခွန်သက်နိုင်၊ လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင် အရှေ့ကျေးရွာအုပ်စုအတွင်းရှိ ခဲလောင်း - ပန်ကျောင်း - ပထစလမ်းကျေးရွာချင်းဆက်လမ်းသည် ပြည်နယ်မှစီမံခန့်ခွဲသော

Shan State Hluttaw

Class(A) လမ်းအမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ ၂ မိုင် ၅ ဖာလုံရှိပါတယ်။ Township Master Plan အရ (၅)မိုင်အထက်ဖြစ်ပြီး ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၂၂၄)၊ လူဦးရေ (၁၁၃၈)ဦး နေ့စဉ်အသုံးပြုလျက်ရှိသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်တွင် (၂၅') အရှည် တံတား(၁)စင်း လိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့် ခဲလောင်း - ပန်ကျောင်း - ပထစလမ်းပေါ်ရှိတံတားအား ဒေသနှင့်ကိုက်ညီသော တံတား တည်ဆောက်ခြင်းလုပ်ငန်းကို နီးစပ်ရာဘဏ္ဍာနှစ်မှစ၍ လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းမှတ်နွမ်း၊ မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းမှတ်နွမ်း၊ မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မ ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမှတ်နွမ်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် မိုင်းကိုင်မြို့နယ်၊ မြို့နယ်ခန်းမအား အသစ်ပြန်လည်တည်ဆောက်ပြုလုပ်ပေးနိုင် ပါရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်သည် ရပ်ကွက်(၅)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး မိုင်းကိုင်မြို့နယ်ရှိ လူဦးရေမှာ (၇၇၆၇၃)ဦး နေထိုင်လျက်ရှိပါတယ်ရှင့်။ မိုင်းကိုင်မြို့၊ မြို့နယ်ခန်းမသည် အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ် (၁၅/၃၃) ဧရိယာ (၀.၈၃၃)ကေရှိ မြေကွက်ပေါ်တွင် ၁၉၉၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အုတ်နံကပ်(၁)ထပ် အမျိုးအစားဖြစ်ပါတယ်ရှင့်။ မြို့နယ်ခန်းမအား နှစ်ကာလ ကြာရှည်စွာ အသုံးပြုလာပြီဖြစ်တဲ့အတွက် မြို့နယ်ခန်းမ၏ ပျက်စီးယိုယွင်းမှု အခြေအနေ ဓာတ်ပုံမှတ်တမ်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရှင့်။ အခုမြင်တွေ့ရတဲ့ပုံကတော့ ကျွန်မတို့ မိုင်းကိုင်မြို့နယ်ခန်းမ ပျက်စီးနေတဲ့ ဓာတ်ပုံ မှတ်တမ်းပဲဖြစ်ပါတယ်ရှင့်။ အခုမြင်တွေ့ရတဲ့ပုံကတော့ မြို့နယ်ခန်းမအတွင်းမှာရှိတဲ့

Shan State Hluttaw

ပျက်စီးယိုယွင်းနေတဲ့ မှတ်တမ်းပုံပဲဖြစ်ပါတယ်ရှင့်။ ဒါကတော့ ပြတင်းတံခါးများ ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်ရှင့်။ ခန်းမအတွင်းမှာရှိတဲ့ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားတဲ့ပုံပဲဖြစ်ပါတယ်ရှင့်။ ခန်းမအတွင်းမှာရှိတဲ့ စတီတ်စင်ရဲ့ အောက်ခြေများလည်း ပြိုကျပျက်စီးနေတာတွေ့ရပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။ ကျွန်မတို့ မြို့နယ်ခန်းမရဲ့ ဤကဲ့သို့ ပျက်စီးယိုယွင်းနေမှုကြောင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် တွေ့ဆုံပွဲများ၊ ဂုဏ်ပြုပွဲများ၊ ရိုးရာဓလေ့ဆိုင်ရာ အခမ်းအနားပွဲများကျင်းပရာတွင် နေရာအခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်ရှင့်။ မြို့နယ်ခန်းမအား အသစ်တည်ဆောက်ပေးမည်ဆိုပါက မိုင်းကိုင်မြို့နေ ပြည်သူလူထုများနှင့် ကျောင်းသားလူငယ်များအတွက် တွေ့ဆုံပွဲများ၊ ရိုးရာယဉ်ကျေးမှုအခမ်းအနားများ ကျင်းပပြုလုပ်ရာတွင် လုံခြုံစိတ်ချရသော၊ ခမ်းနားလှပသော ကျက်သရေအဆောင်များအဖြစ် များစွာအကျိုးကျေးဇူး ရှိလာမှာဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ မြို့နယ်ခန်းမအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာပထမထပ်မံ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဒေါ်နန်းမှတ်နွမ်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော်ဦးခွန်ထွန်းဖြူမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းကိုင်မြို့နယ်စည်ပင်သာယာရေးဌာနဟာ ဖွဲ့စည်းပုံအဆင့် (စ)ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ အခွန်ဝင်ငွေကျပ် (၉၁.၃၀)သန်းလျာထားပါတယ်။ အခွန်ဝင်ငွေနည်းပါးတဲ့အတွက်ကြောင့်မို့လို့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၂၇.၃၀၄) သန်းဖြင့်သာ လျာထားဆောင်ရွက်နိုင်ခဲ့ပြီးတော့ လုပ်ငန်းအနေနဲ့ မဟတ်အဝင်လမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်း (၁၄၀)ပေအတွက် လျာထားငွေကျပ် (၈.၆၆၄)သန်း၊

Shan State Hluttaw

ပန်လုံလမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်း (၂၀၀)ပေအတွက် လျာထားငွေကျပ် (၁၁.၆၄) သန်းနှင့် ရုံးသုံး Printer ပစ္စည်းကိရိယာဝယ်ယူခြင်းအတွက် လျာထားငွေကျပ် (၇.၀)သန်းစတဲ့ ငွေလုံးငွေရင်းလုပ်ငန်း (၄)ခုသာ လျာထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ မိုင်းကိုင်မြို့၊ စည်ပင်သာယာရေးဌာနအနေနဲ့ အခွန်ဝင်ငွေနည်းပါးခြင်းကြောင့် မြို့နယ်ခန်းမကို အသစ်ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် ရန်ပုံငွေ လျာထား ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့ရှိ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ် (၁၅/၃၃)၊ မြေဧရိယာ (၀.၈၃၃)ဧကရှိ မြို့နယ်ခန်းမ အလျား(၁၀၀)ပေ၊ အနံ (၆၀)ပေဟာ ၁၉၉၁ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ နံကပ်(၁)ထပ် အမျိုးအစားဖြစ်ပြီးတော့ လက်ရှိမှာ ယိုယွင်းပျက်စီးနေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် လိုအပ်လျက်ရှိပါတယ်။ မိုင်းကိုင်စည်ပင်သာယာရေးဌာနအနေနဲ့ မြို့နယ်ခန်းမအား အသစ်တည်ဆောက်နိုင်ဖို့အတွက် ဌာနအနေနဲ့ ဝင်ငွေလုံလောက်မှုမရှိတဲ့အတွက် ကြောင့်မို့လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သင့်လျော်တဲ့ဘတ်ဂျက်တွေ ပြည်နယ် ရန်ပုံငွေ၊ ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) (၁၃-၈-၂၀၂၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်မေနှင်းသက်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကို လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမဆုမွန်ကောင်း တောင်းပေးအပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်မေနှင်းသက်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုပါရှင့်။ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းငွေလုံးငွေရင်းမှာ ကျွန်မတို့ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာန၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖြည့်စွက်ခွင့်ပြုငွေမှာ-

၁။ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း ခွင့်ပြုငွေ - ၅၃၉.၄၀၀ သန်း ခွင့်ပြုထားပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း အခေါ်အဝေါ်ကို ကျွန်မအနေနဲ့ (MTKT လမ်း)ဟု ခေါ်ဝေါ်သုံးစွဲသွားမှာ ဖြစ်ပါတယ်ရှင့်။ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း (MTKT လမ်း)သည် ကျွန်မတို့ ရှမ်း(အရှေ့)မှာ တာကော်ကနေ စပါတယ်ရှင့်။ တာကော် - မိုင်းပျဉ်း / မိုင်းပျဉ်း - ကျိုင်းတုံ - တာချီလိတ် လမ်းပိုင်းသည် MTKT လမ်းပိုင်း ဖြစ်ပါတယ်ရှင့်။ တာကော် - မိုင်းပျဉ်းသည် (၄၆)မိုင်၊ မိုင်းပျဉ်း - ကျိုင်းတုံသည် (၆၅)မိုင်နှင့် ကျိုင်းတုံ - တာချီလိတ်လမ်းက (၁၀၂)မိုင် စုစုပေါင်း MTKT လမ်းပိုင်းသည် ရှမ်း(အရှေ့)မှာ (၂၁၃)မိုင် ရှိပါတယ်ရှင့်။ အဆိုပါ (၂၁၃)မိုင်အတွက် ခွင့်ပြုငွေသည် (၅၃၉.၄၀၀) သန်းဖြစ်ပါတယ်ရှင့်။

၂။ မိုင်းဆတ် - တာချီလိတ်လမ်းသည် (၆၄)မိုင်ရှိပါတယ်ရှင့်။ အဆိုပါ မိုင်းဆတ် - တာချီလိတ်လမ်းအတွက် ခွင့်ပြုထားတဲ့ ခွင့်ပြုငွေက (၂)ဘီလီယံ ဖြစ်ပါတယ်ရှင့်။

၃။ ကျိုင်းတုံ - ပန်လီ - မိုင်းခုတ် - မိုင်းဆတ်လမ်းက ခွင့်ပြုငွေသန်း (၆၀၀)ဖြစ်ပါတယ်ရှင့်။ ဒါကို ခွင့်ပြုထားတာကို တွေ့ရှိရပါတယ်။ Power Point အတွက် ကျေးဇူးတင်ပါတယ်ရှင့်။

Shan State Hluttaw

ကျွန်မတို့ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရှမ်း(အရှေ့) MTKT လမ်းက ပြည်ထောင်စု လမ်းမကြီးဖြစ်သလို ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် အဓိကလမ်းမကြီး တစ်ခု လည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ သွားလာရန်ခက်ခဲလျက်ရှိပြီး ပြုပြုရန်နှင့် အဆင့် မြှင့်တင်ရန် အထူးလိုအပ်လျက်ရှိပါတယ်ရှင့်။ အဆိုပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့ MTKT လမ်းကို ရှမ်း(တောင်)နှင့် ရှမ်း(မြောက်)လမ်းမကြီးများကဲ့သို့ အဆင့်မြင့်မြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်တဲ့ လမ်းတစ်လမ်းဖြစ်ဖို့အတွက် ရှမ်း(အရှေ့)က ဒေသခံပြည်သူတွေအားလုံးက အထူးမျှော်လင့်လျက်ရှိနေပါတယ်ရှင့်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတစ်ခုလုံးအတွက် အရေးကြီးတဲ့ အဓိက လမ်းမကြီး MTKT (၂၁၃)မိုင်အတွက် ခွဲဝေချထားပေးသည့်ရန်ပုံငွေက ၅၃၉.၄၀၀ သန်းဖြစ်ပြီး၊ မိုင်းဆတ် - တာချီလိတ်လမ်း(၆၄)မိုင်အတွက် ခွဲဝေချထားပေးတဲ့ ခွင့်ပြုငွေက (၂ ဘီလီယံ) ဖြစ်တဲ့အတွက် ရန်ပုံငွေရရှိမှုကို ယှဉ်ကြည့်လျှင် (၄)ဆခန့် ကွာဟနေကြောင်းကို တွေ့ရှိရပါတယ်ရှင့်။ ဒါ့အပြင် ကျိုင်းတုံ - ပန်လီ - မိုင်းခုတ် - မိုင်းဆတ်လမ်းအတွက်လည်း သန်း ၆၀၀.၀၀၀ ခွင့်ပြုထားတဲ့အတွက် ရှမ်းအရှေ့ရဲ့ အဓိကလမ်းမကြီး MTKT လမ်း ခွင့်ပြုရန်ပုံငွေထက်လည်း ပိုနေတာကိုတွေ့ရပါ တယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ သို့ဖြစ်ပါ၍ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဖြည့်စွက် ခွင့်ပြုငွေမှာ လမ်းဦးစီးဌာနရဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခွင့်ပြုငွေသည် အဘယ်ကြောင့် ယခုကဲ့သို့ ကွာဟနေရပါသလဲ ဆိုတာကို သိချင်ပါတယ်။ နောက်ထပ် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းအတွက် ခွင့်ပြုထားသည့်ရန်ပုံငွေကို ပြန်လည်စိစစ်ပြီး ရန်ပုံငွေတိုးမြှင့်ခွဲဝေချထားပေးနိုင်ပါရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ထံ လေးစားစွာ ဆွေးနွေး တင်ပြအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

အစီအစဉ် (၇) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီက ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေစာရင်းအပေါ် စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ ဖတ်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

Shan State Hluttaw

ဦးအောင်ကျော်ညွန့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ။ တတိယအကြိမ် ရုံးပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်နေကြသော ရုံးပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ရုံးပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ရုံးပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအပေါ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာကို ရုံးပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်(၁)၊ ဦးအောင်ကျော်ညွန့် ကျွန်တော်မှ တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

၁။ တတိယအကြိမ် ရုံးပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) (၁၃.၈.၂၀၂၆) ရက်နေ့၌ ရုံးပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ရုံးပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော၌ဒန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသောစာရင်းအပေါ် နည်းဥပဒေ ၆၄ နှင့်အညီ ၌ဒနဆိုင်ရာ ကြားနာပွဲကို (၁၀.၈.၂၀၂၆)ရက်နေ့မှ (၁၁.၈.၂၀၂၆)ရက်နေ့အထိ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဝင်များ၊ ၌ဒနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီးတော့ နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် ၌ဒန (၂၇)ခုမှ သာမန်အသုံးစရိတ် ကျပ် ၆,၅၃၅.၇၁၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၅၃,၆၇၈.၂၈၃ သန်း၊ စုစုပေါင်း ကျပ် ၆၀,၂၁၄.၀၀၀ သန်း တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။ ဒီနေရာမှာလည်း ရှင်းလင်းအောင်လို့ ကျွန်တော် ဘီလီယံ မသုံးဘဲ သန်းနဲ့ သုံးတာဖြစ်ပါတယ်။ ဒါလေးကိုလည်း ဆက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဓာတ်ဆီ/ စက်ဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေး/

Shan State Hluttaw

လူမှုရေးအသုံးစရိတ်၊ ဧည့်ခံစရိတ်၊ ပင်စင်၊ လုပ်သက်ဆုငွေစသည့် ခေါင်းစဉ်များအတွက် တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် တည်ဆောက်ရေး၊ စက်ပစ္စည်း၊ အခြားခေါင်းစဉ်များအောက်တွင် ရုံးအဆောက်အဦး၊ ဝန်ထမ်းအိမ်ရာ၊ စက်ကိရိယာ၊ ပရိဘောဂ၊ လမ်းတံတားပြင်ဆင်ခြင်း၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ အခြားလုပ်ငန်းများ ပြင်ဆင်/ဆောက်လုပ်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းသုံးယာဉ် ဝယ်ယူခြင်း၊ ယာဉ်အကြီးစားပြင်ဆင်စရိတ် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သည့် ဌာနများ၏လုပ်ငန်းများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် တောင်းခံထားတာကို တွေ့ရှိရပါတယ်။

၃။ ၂၀၂၆ - ၂၀၂၇ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ ပြည်နယ်၏ အခွန်အကောက်ရငွေမှ ပိုမိုရရှိငွေ ကျပ် ၉၇၉.၂၅၃ သန်း၊ ပြည်နယ်၏ အခြားသာမန်ရငွေမှ ပိုမိုရရှိငွေ ကျပ် ၁၀,၇၄၁.၇၈၁ သန်း၊ အခွန်ဝေစုရငွေမှ ပိုမိုရရှိငွေ ကျပ် ၁၂,၆၈၃.၂၁၇ သန်း၊ ပြည်နယ်၏ ငွေလုံးငွေရင်းရငွေမှ ပိုမိုရရှိငွေ ကျပ် ၁,၀၅၆.၄၉၀ သန်း၊ စုစုပေါင်းကျပ် ၂၅,၄၆၀.၇၄၁ သန်း ပိုမိုရရှိခဲ့တာကို တွေ့ရှိရပါတယ်။

၄။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ပြည်နယ်ချုပ်အနေဖြင့် ရငွေမှာ ကျပ် ၇၇,၆၂၂.၅၄၀သန်း၊ ပြည်နယ်အတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေမှာ ကျပ် ၂၃၄,၀၈၉.၂၀၅ သန်း၊ သုံးငွေမှာ ကျပ် ၃၄၆,၄၆၅.၀၀၄ သန်း ဖြစ်၍ လိုငွေမှာ ကျပ် ၃၄,၇၅၃.၂၅၉ သန်းဖြစ်သည်ကို တွေ့ရှိရပါတယ်။

စိစစ်တွေ့ရှိချက်မှာ

၅။ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်-

(က) ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရေးဆွဲထားသော လုပ်ငန်းများပါရှိခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

(ခ) ဌာနဆိုင်ရာကြားနာပွဲများတွင် အချို့ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် အဆုံးအဖြတ်ပေးနိုင်သည့် တာဝန်ရှိပြည်နယ်မှူးများ ကိုယ်တိုင်တက်ရောက် ဖြေရှင်းဆောင်ရွက်ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

Shan State Hluttaw

(ဂ) ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသော ငွေရပ်များသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သော ဌာန/အဖွဲ့အစည်း(၁၂)ခုကို ကြားနာခဲ့ရာ မဖြစ်မနေလိုအပ်သည့် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်များ တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိကဝတ်နှင့်ပတ်သက်ပြီး လုပ်ငန်း၏ ရာနှုန်းပြည့်ထည့်သွင်းလျာထားခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

(င) ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် လျှပ်စစ်မောတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် စည်ပင်သာယာရေးဌာနတို့မှ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ပိုမိုထောက်ပံ့သုံးစွဲထားကြောင်း လည်း တွေ့ရှိရပါတယ်။

(စ) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်ပတ်သက်သည့် ကတိကဝတ်များဖြစ်သည့် လုပ်ငန်းများအား ဘတ်ဂျက်လျာထားရာ တွင် ဦးစားပေးထည့်သွင်း လျာထားသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

အကြံပြုချက်

၆။ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

(က) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များ စိစစ်မှုပိုမိုအားကောင်းလာစေ ရန် နောင်လာမည့် အစည်းအဝေးများတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များကိုယ်တိုင်တက်ရောက် ဖြေကြားရှင်းလင်းပေးရန်၊

(ခ) ဘတ်ဂျက်ထည့်သွင်းလျာထားရာတွင် နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးခရီးစဉ် လမ်းညွှန်ချက်များ၊ ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးခရီးစဉ် လမ်းညွှန်ချက်များနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့်မေးခွန်းများအပေါ် ကတိကဝတ်ပြုထားသည့် လုပ်ငန်းများနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြတောင်းခံချက်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ ဦးစားပေး ထည့်သွင်းလျာထားဆောင်ရွက်ရန်၊

Shan State Hluttaw

(၈) ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်ရှိ လွတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းရေးဆွဲရန်၊

(ဃ) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ခရီးစဉ် လမ်းညွှန်ချက်အရ ဆောင်ရွက်သည့် လုပ်ငန်းများအား စိစစ်နိုင်ရေးအတွက် ခရီးသွားမှတ်တမ်း (Tour notes)များအား ကော်မတီသို့ပေးပို့သွားရန်၊

(င) ဦးစီးဌာနများ၏ ဘဏ္ဍာငွေတင်ပြချက်များ နှိုင်းယှဉ်စိစစ်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှစ်အလိုက် စံနှုန်းသတ်မှတ်ချက်နှုန်းထားများအား ကော်မတီသို့ ပေးပို့သွားရန်၊

(စ) ပျက်စီးဆုံးရှုံးမှုများကြောင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဓာတ်ပုံမှတ်တမ်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြနိုင်ရေးဆောင်ရွက်ထားရန်၊

(ဆ) အစိုးရအရာအသုံးခန့်မှန်းခြေငွေစာရင်းများကို ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရာအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ အသေးစိတ်စိစစ်နိုင်ရန်အတွက် လွတ်တော်အစည်းအဝေးများမစတင်မီ အနည်းဆုံး (၁၅)ရက် ကြိုတင်ပေးပို့ဆောင်ရွက်ရန်၊

(ဇ) ဌာနများအနေဖြင့် ဘတ်ဂျက်များ တင်ပြတောင်းခံရာတွင် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊

(ဈ) ဘတ်ဂျက်များရေးဆွဲလျာထားရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို မျှတစွာခွဲဝေလျာထားရန်၊

(ည) ဌာနအလိုက်လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီစွာဆောင်ရွက်သွားရန်၊

(ဋ) မဲအများဆုံးရသူအနိုင်ယူသူစနစ် (FPTP)အရ ရွေးကောက်တင်မြောက်ခံရသည့် လွတ်တော်ကိုယ်စားလှယ်များနှင့် အချိုးကျကိုယ်စားပြုစနစ် (PR)အရ ရွေးကောက်တင်မြောက်ခံရသည့် လွတ်တော်ကိုယ်စားလှယ်များထံ အများပြည်သူများ၏တောင်းဆိုချက်၊ အရေးပေါ်လိုအပ်ချက်များကို ပထမဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ

Shan State Hluttaw

ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲအကောင်အထည်ဖော်ရသည့် ရသုံးခန့်မှန်း ခြေငွေစာရင်း(BE)၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်း(SG)ရေးဆွဲ အကောင် အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာဦးစီးများ၏ တင်ပြချက်များ၊ SG တွင် အရေးပေါ် လိုအပ်ချက်များ ထည့်သွင်းနိုင်မှသာ မှန်ကန်သော စီမံကိန်းဖြစ်ပြီး မလိုလားအပ်သော ပြဿနာများ ဖြေရှင်းသွားနိုင်မည်ဖြစ်ပါ၍ တာဝန် ယူမှု၊ တာဝန်ခံမှုစနစ်ကောင်းမွန်စေရေး ဦးစားပေးဆောင်ရွက်သွား ရန်။

တင်ပြချက်

၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများမှာ ဌာနများအတွက် မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များဖြစ်ခြင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် သုံးစွဲရန်ဖြစ်ခြင်းတို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဌာန/ အဖွဲ့အစည်းများမှ ထပ်မံတောင်းခံထားသော ဖြည့်စွက်ခွင့်ပြုငွေ သာမန် အသုံးစရိတ် ကျပ် ၆,၅၃၅.၇၁၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၅၃,၆၇၈.၂၈၃ သန်း၊ စုစုပေါင်း ကျပ် ၆၀,၂၁၄.၀၀၀ သန်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွား ရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရေးအတွက် တင်ပြဖို့ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

Shan State Hluttaw

အစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစွာ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက်ရဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဖြည့်စွက်ခွင့်ပြုငွေတွင် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် လမ်းအတွက် ခွင့်ပြုထားသည့် ရန်ပုံငွေကို ပြန်လည်စိစစ်ပြီး ရန်ပုံငွေတိုးမြှင့် ခွဲဝေချထားပေးနိုင်ပါရန်ဆိုတဲ့ ဆွေးနွေးချက်ကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ (ငွေလုံးငွေရင်း)အသုံးစရိတ်များကို တောင်းခံခဲ့ပြီး ပြည်နယ်စီမံကိန်းရုံးမှ ပြည်ထောင်စုနှင့် ပြည်နယ်၏ မူဝါဒ၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာ Focal ဝန်ကြီးဌာနက မိမိလိုအပ်ချက်များကို တင်ပြတောင်းခံလာမှုပေါ် မူတည်ပြီး ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်(ဖြည့်စွက်)ခွင့်ပြုငွေ၊ ငွေလုံးငွေရင်းစာရင်းနှင့် ပတ်သက်ပြီး ရှင်းပြချက်ပေါ်မူတည်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရဲ့ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေတွင်-

(က) မိုင်းဆတ်-တာချီလိတ်လမ်းအတွက် ကျပ် -၂၀၀၀.၀၀၀ သန်း

(ခ) ကျိုင်းတုံ-ပန်လီ-မိုင်းခုတ်-မိုင်းဆတ်လမ်းအတွက် ကျပ် -၆၀၀.၀၀၀ သန်း

(ဂ) နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းအတွက် ကျပ် -၁၁၀.၆၀၀ သန်း

(ဃ) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းအတွက် ကျပ် -၅၃၉.၄၀၀ သန်း

စုစုပေါင်းရန်ပုံငွေကျပ် (၃၂၅၀.၀၀၀)သန်း လျာထားတင်ပြတောင်းခံခဲ့ပါတယ်။

(က) မိုင်းဆတ် - တာချီလိတ်လမ်းပေါ်ရှိ (ဆိုက်ခေါင်တံတား)သည် ရာဂီသဘာဝ ဘေးမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့သော တံတားဖြစ်ခြင်း၊ နှစ်ဆက်လုပ်ငန်းဖြစ်ခြင်း၊ ယာယီဘေလီတံတားဖြင့်

Shan State Hluttaw

ဖြတ်သန်းသွားလာနေရပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက ဘေလီတံတားမျောပါ ပျက်စီး၍ လမ်းပန်းဆက်သွယ်မှု ထပ်မံပြတ်တောက်နိုင်ခြင်းတို့ကြောင့် အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် လမ်းဦးစီးအနေနဲ့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေ ကျပ် (၂,၀၀၀.၀၀၀) သန်း လျာထားတင်ပြခြင်းဖြစ်ပါတယ်။

(ခ) ထို့အတူ ကျိုင်းတုံ - ပန်လီ – မိုင်းခုတ် - မိုင်းဆတ်လမ်းပေါ်ရှိ (နားမတံတား၊ သဲတောင်တံတား)တို့ဟာလည်း ရာဂီသဘာဝဘေး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တံတားများဖြစ်ပြီး ရေကြီးရေလျှံမှုများ ထပ်မံပေါ်ပေါက်လာပါက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်နိုင်သည့်အတွက် အမြန်ဆုံးပြီးစီးနိုင်ရေး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေတွင် ကျပ်သန်း (၆၀၀.၀၀၀) လျာထားတင်ပြထားခြင်း ဖြစ်ပါတယ်။

(ဂ) နမ့်စန် - မိုးနဲ - တာဆန်း - မိုင်းတုံ - မိုင်းဆတ်လမ်းဟာ (၁၂.၅.၂၀၂၆) ရက်နေ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်အရ ချောင်းရေတိုက်စား၍ လမ်းတာပေါင်ပဲ့ကျသည့် ခလရ(၁၃၃)တပ်ရှေ့ လမ်းကျဉ်းသောနေရာအား လမ်းသားပဲ့ကျမှုမှ ကာကွယ်ရန်အတွက် မြေထိန်းနံရံ တည်ဆောက်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေတွင် ကျပ် (၁၁၀.၆၀၀) သန်း လျာထားတင်ပြခြင်းဖြစ်ပါတယ်။

အခု မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက် တင်ပြ ထားတဲ့ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းအနေနဲ့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းလိုက်နှစ်စဉ် ပြည်ထောင်စု ရန်ပုံငွေအတွက်တွင်လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေတွင်လည်းကောင်း၊ ရန်ပုံငွေနှစ်ရပ်စလုံး လျာထားဆောင်ရွက်နေသော ပြည်ထောင်စုအဆင့် ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ပိုမိုရရှိနိုင်မဲ့ ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်း(ဖြည့်စွက်) လျာထားရန်ပုံငွေမှ ကွန်ကရစ် လမ်းခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ ကျပ် (၅၃၂၆.၆၈၀)သန်း လျာထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပိုင်းအတွက် ပို၍ရမှုနည်းတဲ့ ပြည်နယ် ငွေလုံးငွေရင်းမှ (ဖြည့်စွက်)ရန်ပုံငွေဖြင့် ကျပ် (၅၃၉.၄၀၀)သန်းလျာထားတင်ပြခြင်း ဖြစ်ကြောင်း လမ်းဦးစီးမှ ရှင်းလင်းတင်ပြထားပါတယ်။ တစ်နည်းအားဖြင့် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း ဖြည့်စွက်ရန်ပုံငွေဟာ ခုနကပြောတဲ့

Shan State Hluttaw

လက်တွေ့အနေနဲ့ ကျပ် (၅၈၆၆.၀၈)သန်း တစ်နည်းအားဖြင့် ပြည်ထောင်စု/ပြည်နယ်ဖြည့်စွက်ပေါင်းပြီးမှ ဆောင်ရွက်နေတဲ့လမ်းဖြစ်တယ်ဆိုတာကို မြေပြင်မှာတွေ့ရှိ သုံးသပ်ရပါတယ်။ ဒါ့ကြောင့် မိုင်းပျဉ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်က တင်ပြထားတဲ့ ဒီသန်းပေါင်းဟာ ပြည်နယ်ရဲ့ငွေလုံးငွေရင်း လျာထားချက်သာဖြစ်ပြီး တကယ့်မြေပြင်မှာကတော့ ပြည်ထောင်စုအပေါင်း ပြည်နယ်ငွေလုံးငွေရင်းတစ်ပေါင်းတည်းနဲ့ လုပ်ဆောင်နေတဲ့ ခုနကပြောတဲ့ ပြည်ထောင်စု(MTKT)လမ်းမကြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်ဆုံးဖြည့်စွက်အနေနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို တင်ပြလိုတာကတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဟာ ပြည်ထောင်စုအစိုးရရဲ့ ခွဲဝေချထားမှုနဲ့ ရှမ်းပြည်နယ်အစိုးရမှ ဘဏ္ဍာရှာဖွေဖော်ထုတ်နိုင်မှုတို့ ပေါင်းစပ်ထားတဲ့ အကန့်အသတ်ပမာဏရှိတဲ့ ရန်ပုံငွေဖြစ်ပါ တယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရသစ်အနေနဲ့ မိမိဘဏ္ဍာရန်ပုံငွေများကို ဒေသတစ်ခုလုံးရဲ့လူမှုစီးပွား အချိုးကျကျ တစ်ပြေးညီ တိုးတက်ဖို့မူချပြီး ရှမ်း(ရှေ့)၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်) မခွဲခြားဘဲ သက်ဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးရဲ့ လိုအပ်ချက်၊ တင်ပြချက်များကို အခြေခံပြီး ဘဏ္ဍာရေးစည်းမျဉ်းများနဲ့အညီ တောင်းခံခွဲဝေချထားပေးလျက်ရှိကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်ခင်ဗျား။ နောက်ဆုံးအနေနဲ့ ခုနတင်ပြသွားတဲ့ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီရဲ့ အကြံပြုချက်များအားလုံးကို ကျွန်တော်တို့ မှတ်သားထားပြီး လာမယ့် Budgetမှာ ဆောင်ရွက်သွားမယ်ဆိုတာကို ကတိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဝန်ကြီးက အတည်ပြုပေးဖို့ ထပ်တင်ပေးပါအုံး။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ကျွန်တော့် အနေနဲ့ ခုနက ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြသွားတဲ့ တွေ့ရှိချက်၊ အကြံပြုချက်များအားလုံးကို ကျွန်တော်တို့မှတ်သားပြီး ဆက်လက်ပြီး လာမယ့် Budgetမှာ ဆောင်ရွက်သွားမယ်ဆိုတာကို ကတိပြုပြောကြားရင်းနဲ့ တင်ပြပေးတဲ့ဟာကို အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်

Shan State Hluttaw

စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို နေ့လယ် ၁း၂၅ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(ပဉ္စမနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အစီအစဉ်ကို နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(တောင်ကြီး)မှ (၄၄)ဦး၊ ဦးစိုင်းကျောက်နှင့်

Shan State Hluttaw

အဖွဲ့(ဗုဒ္ဓဘာသာကလျာဏယုဝအသင်း) (၁၁)ဦး၊ စုစုပေါင်း(၅၅)ဦး ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများကို စက်ပိတ်ထားပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၂)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၉၆.၉၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဉ္စမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်

Shan State Hluttaw

အစည်းအဝေး (ပဋ္ဌမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၀ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဋ္ဌမနေ့) ၁၉.၈.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဒီကနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

Shan State Hlutaw

(၃) ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

Shan State Hluttaw

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်လာကြသော ကိုယ်စားလှယ်တော်များအားလုံး၊ အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လေ့လာရေး ရောက်ရှိနေကြတဲ့ တိုင်းရင်းသားညီနောင်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဒီဂေါလ် ဖြစ်ပါတယ်။

ဒီနေ့ပြုလုပ်ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်တော်တို့ ဟိုပုံးမြို့နယ်အတွက် လိုအပ်လျက်ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦနှင့်စပ်လျဉ်းသည့် မေးခွန်းများကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာတွင် နိုင်ငံတော်မှ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ခွဲဝေချပေးပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ၎င်းကျေးလက်ကျန်းမာရေးဌာနခွဲဟာ ဟိုပုံးမြို့နယ်နှင့် လွိုင်လင်မြို့နယ်အစပ်တွင် တည်ရှိတာကြောင့် လွိုင်လင်မြို့နယ်ဘက်ခြမ်းရှိ ဆဟောင်းကျေးရွာအုပ်စုမှ ပြည်သူများလည်း အားကိုးအားထားရာ ဆေးခန်းဖြစ်ပါတယ်၊ ကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်လှစ်ရန် အခြေခံမူ(၆)ရပ်နှင့်လည်း ပြီးပြည့်စုံသော ဌာနခွဲတစ်ခု ဖြစ်ပါတယ်။ သို့သော် ကျေးရွာပြည်သူများက

Shan State Hluttaw

ဆောက်လုပ်လျှဒါန်းထားသော ယာယီအဆောက်အဦ၌သာ လုပ်ငန်းများဆောင်ရွက်နေပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ စိတ်ချမ်းသာစွာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန်နှင့် တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများ ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံစိတ်ချစွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော စံကိုက်အဆောက်အဦ ရရှိရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ် နည်းဥပဒေ ၉၇၊ ၉၈ အရ လွှတ်တော်မှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ပညာရေးနှင့်စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဟာ တိုးတက်ဖွံ့ဖြိုးမှုအားလုံးရဲ့ အခြေခံမရှိမဖြစ်အုတ်မြစ်ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်သော အားပြင်းသည့်လက်နက်ဖြစ်တယ်လို့တောင် တင်စားကြပါတယ်။ လက်ရှိနိုင်ငံရဲ့ ပညာရေးအခြေအနေကို ကြည့်ပြီး အနာဂတ်နိုင်ငံတော်ရဲ့ ပုံပန်းသဏ္ဌာန်ကို မှန်းဆနိုင်မှာ ဖြစ်ပါတယ်၊ သာယာအေးချမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော အနာဂတ် ရှမ်းပြည်နယ်ကြီးဖြစ်ပေါ်လာရေးအတွက် ပညာရေးကဏ္ဍမှာ အထူးအရေးထား ရင်းနှီးမြှုပ်နှံကြိုးပမ်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂမှ ၂၀၁၅ ခုနှစ်တွင် ချမှတ်သော UN (Sustainable Development Goals) မှာ ၂၀၃၀ ခုနှစ်အရောက်မှာ နိုင်ငံများအားလုံးဟာ အရည်အသွေးပြည့်ဝသော ပညာရေးလက်လှမ်းမီ ရရှိရမယ်လို့ချမှတ်ကြိုးပမ်းတာကိုအားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကလည်း ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ကတိကဝတ်ပြုပြီး လက်မှတ်ရေးထိုးခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆင်းရဲနွမ်းပါးသော အခြေအနေမှ ကမ္ဘာ့ထိပ်တန်းအဆင့်သို့ တက်လှမ်းနိုင်တဲ့နိုင်ငံများအပေါ် ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုပါက အဲ့ဒီနိုင်ငံတွေမှာ တိကျခိုင်မာသော စီးပွားရေးမူဝါဒရှိခြင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်း၊ စီးပွားရေးသမား များနှင့် စွန့်ဦးတီထွင်သူများကို အားပေးအားမြှောက်ပြုခြင်း၊ နောက်အရေးအကြီးဆုံးအချက်ကတော့ နိုင်ငံသားများကို ကောင်းမွန်ပြီး လက်တွေ့ကျသော ပညာရပ်များကို ကောင်းမွန်စွာသင်ကြားပေးနိုင်ခြင်းတို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ကို ချစ်ခင်မြတ်နိုးကြသော ကျွန်တော်တို့များအားလုံး လေးစားအတုယူဖွယ်ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ အခြေခံပညာရေးအခြေအနေကို လေ့လာကြည့်မယ်ဆိုပါက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်နှင့် ၂၀၂၆-၂၀၂၇

Shan State Hluttaw

ပညာရေးနှစ်၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်လိုက် ကျောင်း တက်ရောက်မှုရာခိုင်နှုန်း နှိုင်းယှဉ်ကြည့်ရာမှ ကျွန်တော်တို့ Slide ပါ ဖော်ပြခဲ့တဲ့အတိုင်း ကျောင်းသူ/ ကျောင်းသားပေါင်း (၅၀၉၅၆)ဦး ရာခိုင်နှုန်းအားဖြင့် (၇.၄၅)ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီကိန်းဂဏန်းဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်ပညာရေးအတွက် စိတ်မကောင်းစရာ ဆုတ်ယုတ်မှုပဲဖြစ်ပါတယ်။ အနာဂတ်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်လေးစရာဖြစ်ပါတယ်။

ဒါကြောင့် ယနေ့အစည်းအဝေးမှာ မေးမြန်းလိုတာကတော့ လက်ရှိအစိုးရအဖွဲ့ အနေနဲ့ ကျွန်တော်တို့ရှမ်းပြည်နယ်ရဲ့ အခြေခံပညာရေးကဏ္ဍာ ပြန်လည်တိုးတက် ကောင်းမွန်စေရေးအတွက် ပိုမိုကောင်းမွန်ပြီး လက်တွေ့ကျသော အစီအမံများ ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက ဘယ်လိုအစီအစဉ်များချမှတ် ထားသည်ကိုသိရှိလိုပါသဖြင့် ပြည်နယ်သူပြည်နယ်သားများကိုယ်စား လွှတ်တော်မှ တစ်ဆင့် နည်းဥပဒေ ပုဒ်မ ၉၇၊ ၉၈ အရ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲမင်္ဂလာပါရှင်။ ယနေ့ကျင်းပ ပြုလုပ်သော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာတွင် စံကိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ ရရှိရေးအတွက် မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသောမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်မဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါ တယ်ရှင်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာရှိ လီမောကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦရရှိ နိုင်ရေးအတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ရန် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၏ ၂၈.၇.၂၀၂၆ ရက်စွဲပါစာအမှတ်၊ ၂၂၄၄/

Shan State Hluttaw

အင်ယာ/ ၂၀၂၆ ဖြင့် နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ တောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းအား ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ အကြောင်း အမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းနေခွင့်ရရှိရန် Placement Test (အထူး) ကျင်းပပေးခြင်းဖြင့် အခြေခံပညာ ကျောင်းများသို့ ကျောင်းတက်ရောက်ခွင့်ရရှိခြင်း၊ အရွယ်လွန်ကလေးများအတွက် ကျောင်း ပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနမှ ဖွင့်လှစ်သော မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးနှင့်အလယ်တန်းအဆင့် ကျောင်းပြင်ပ ပညာရေးသို့ ချိတ်ဆက်၍ ပညာသင်ကြားခွင့်ရရှိခြင်း၊ ကျောင်းပြင်ပမူလတန်းပညာရေးတွင် စာသင်နှစ်(၂)နှစ် ရှိပြီး စာသင်ချိန်သည် တစ်နှစ်လျှင် ရက်ပေါင်း(၂၂၀)၊ တစ်ပတ်လျှင် (၆)ရက်၊ တစ်ရက်လျှင် (၂)နာရီ(၃၀)မိနစ်ဖြစ်ပြီး ကျောင်းပြင်ပအလယ်တန်း ပညာရေးတွင် စာသင်နှစ်(၃)နှစ်ရှိပြီး စာသင်ချိန်သည် တစ်နှစ်လျှင် (၂၁၄)ရက်၊ တစ်ပတ်လျှင် (၆)ရက် တစ်ရက်လျှင် (၃)နာရီသင်ကြားရပါတယ်။ ကျောင်းပြင်ပ ပညာရေးကို ကျောင်းပြင်ပ အခြေစိုက်စခန်းရှိရာမြို့များတွင် တိကျသောအချိန်မဟုတ်ဘဲ တက်ရောက်သော ကျောင်းသားများ နားချိန်ကိုသတ်မှတ်၍ သင်ကြားပါတယ်။ သင်ကြားမည့် ဆရာ/ ဆရာမများအား အခြေစိုက်ကျောင်းရှိရာ ရပ်ရွာဒေသမှ ရွေးချယ်ပြီးမြို့နယ် ပညာရေးမှူး မှတစ်ဆင့်ကျောင်းပြင်ပတစ်သက်တာဦးစီးဌာနသို့ တင်ပြ၍ရွေးချယ်ခန့် အပ်ပါတယ်။ သင်ကြားပေးသည့် ဆရာ/ ဆရာမများအား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ထောက်ပံ့ပေးပါတယ်။ တတ်မြောက်မှုစစ်ဆေး ခြင်းတွင် ကျောင်းပြင်ပမူလတန်း ပညာရေးကို စာသင်နှစ်ဆုံးတွင်တတ်မြောက်မှု စစ်ဆေးပြီး ကျောင်းပြင်ပအလယ်တန်းပညာရေးကို စာသင်နှစ်ဝက်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာသင်နှစ်ဝက်ဆုံး စစ်ဆေးခြင်းတို့ဖြင့် ဆောင်ရွက်ပါ တယ်။ ဆင်းရဲနွမ်းပါးသော ကလေးများအား ပညာသင်ထောက်ပံ့ကြေးများ ပေးခြင်းဖြင့် ကျောင်းနေမြဲခြင်းစသည်တို့ဖြင့် အခြေခံပညာရေးကဏ္ဍ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ခိုင်သန္တာထွေး၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစား အပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

Shan State Hluttaw

ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မိုင်းရယ်မြို့နယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်သန္တာထွေးပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းရှိ နောင်ချိုမြို့နယ်မှာဆိုရင် ယခင်ကဖြစ်ပွားခဲ့တဲ့ စစ်ရေးပဋိပက္ခများအပြီး ဒေသခံပြည်သူများအနေနဲ့ နေရပ်ပြန်လည်အခြေချနေထိုင်ရာမှာ ၎င်းတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြတဲ့ စိုက်ပျိုးရေး၊ ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ရန် ကြိုးပမ်းရာမှာ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများရဲ့ အန္တရာယ်နဲ့ ကြီးစွာရင်ဆိုင်နေရပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ နောင်ချိုမြို့ပေါ်ရပ်ကွက်နေရာအချို့နှင့် ကျေးရွာများမှာဆိုရင်ပြည်သူများအနေနှင့် မိမိတို့၏ နေအိမ်ခြံဝန်းအတွင်း၌သော်လည်းကောင်း၊ တောင်ယာအနီး၌သော်လည်းကောင်း၊ နေ့စဉ်ပုံမှန်လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရင်းဖြစ်စေ၊ ထင်းခုတ်၊ မှိုရှာ၊ ဟင်းရွက်ခူးသွားရင်းဖြစ်စေ မိုင်းထိမှန်မှုများဆက်တိုက်ဖြစ်ပွားနေပါတယ်။ စစ်ရေးပဋိပက္ခနောက်ပိုင်း မိုင်းကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရမှုများနှင့် အသက်သေဆုံးခဲ့ရမှုများဟာ (၆၀)ဦး ထက်မနည်းရှိသွားပြီ ဖြစ်ပါတယ်ရှင်။ လွန်ခဲ့တဲ့ (၅) လပိုင်း၊ (၆)လပိုင်းလောက်ကဆိုရင် ကျွန်မတို့နဲ့ ဌာနဆိုင်ရာများဟာ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျေးရွာတစ်ချို့ကို ကွင်းဆင်းပြီး မိုင်းရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ခဲ့ကြရာမှာလည်း ကျေးရွာသူ/ ကျေးရွာသားများအနေနဲ့ ကျောင်းတွင်းသန့်ရှင်းရေး ဝိုင်းဝန်းလုပ်ဆောင်ဖို့ရာကိုပဲ မြေမြှုပ်မိုင်း အန္တရာယ်ကို ထိတ်လန့်ကြောက်ရွံ့နေရကြောင်း ရင်ဖွင့်ပြောကြားလာမှုများလည်းရှိခဲ့ပါတယ်ရှင်။ နောက်ပြီးဒီမြေမြှုပ်မိုင်းနဲ့ မပေါက်ကွဲသေးသော စစ်ကျန်လက်နက် ပစ္စည်းများရဲ့ အန္တရာယ်ဟာဆိုရင် ကျွန်မတို့မြို့နယ်တစ်ခုတည်းမှာ မဟုတ်ဘဲ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်စတဲ့မြို့များပါရှိနေသေးကြောင်း ဒေသခံအချို့က ပြောကြားလာမှုများလည်းရှိနေပါတယ်ရှင်။ ဒါကြောင့်မလို့ ကျွန်မအနေနဲ့ ဒေသခံပြည်သူလူထုကိုယ်စား နောင်ချိုမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်များနှင့် ကျေးရွာများရှိ နေအိမ်ခြံဝန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များအနီး ကျန်ရှိနေနိုင်သော မြေမြှုပ်မိုင်းအန္တရာယ်များမှ ပြည်သူများကင်းဝေးစေရန်အတွက် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မိုင်းဒဏ်သင့်ပြည်သူများအတွက် ကုသရေးနှင့်လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးဆိုင်ရာပံ့ပိုးကူညီမှုများကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

Shan State Hluttaw

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်သန္တာထွေးရဲ့ မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်း ဖြစ်ပွားခဲ့တဲ့ စစ်ရေးပဋိပက္ခများအပြီး ၂.၁၂.၂၀၂၅ ရက်နေ့မှ ၁၇.၂.၂၀၂၆ ရက်နေ့အထိ မိုင်းထိ၊ မိုင်းနင်းထိခိုက်ဒဏ်ရာရရှိသူ (၅၈)ဦး၊ သေဆုံးသူ (၁၃)ဦး၊ စုစုပေါင်း(၇၁)ဦး တို့အား သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာပံ့ပိုးကူညီမှုများကို ပေါင်းစပ်ဆောင်ရွက် လျက်ရှိပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာနမှ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦး လျှင် (၅)သောင်းကျပ်နှုန်းနှင့်လည်းကောင်း၊ သေဆုံးသူတစ်ဦးလျှင် (၃)သိန်းကျပ် နှုန်းနှင့်လည်းကောင်း၊ ဒဏ်ရာရရှိသူ/သေဆုံးသူများ၏ မိသားစုများ လက်ဝယ် ထောက်ပံ့ပေးအပ်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ ဥယျာဉ်၊ ခြံမြေများနှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် ဒေသခံပြည်သူများ မိုင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် နောင်ချိုမြို့နယ်အနေဖြင့် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီးတော့ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုင်းအန္တရာယ်အသိပညာပေး လုပ်ငန်း(ဗဟို)အဖွဲ့ကနေပြီးတော့ (၁/၂၀၂၆)အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၃၁-ခ)မှာ မြန်မာနိုင်ငံနှင့်ကိုက်ညီတဲ့ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ကိုင်ပစ္စည်းများ အန္တရာယ်လျော့ပါးရေး အမျိုးသားအဆင့် စံနှုန်းများ (NMAS)ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ရန်ဟု ပါရှိခြင်းအပေါ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအားလုံး အလုပ်ရုံဆွေးနွေးပွဲနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းအန္တရာယ်အကြောင်းသိကောင်းစရာများ ဟောပြောဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း

Shan State Hluttaw

များကို (၁)လလျှင် (၂)ကြိမ် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုင်းအန္တရာယ် အကြောင်း သိကောင်းစရာများအား ကျေးရွာများတွင် နေထိုင်လျက်ရှိသော ဒေသခံ ပြည်သူများအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်ပညာပေးဟောပြောခြင်း၊ လက်ကမ်း စာစောင်ဖြန့်ဝေခြင်းများကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ စဉ်ဆက်မပြတ် စီမံ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုကျွန်တော်တို့ မေးခွန်းနှင့်ပတ်သက်ပြီး တိုင်းစစ် ဌာနချုပ်များကိုလည်း ဆက်လက်ပြီး ထပ်မံအကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစား အပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရုမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ရုမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ရုမ်းပြည်နယ်ဥပဒေချုပ်၊ ရုမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရုမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသူ များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရုမ်းပြည်နယ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးခင်အောင်ဆွေ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းသွားမှာကတော့ ရုမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ ပြည်ထောင်စုလမ်းမကြီး နေရာ တော်တော်များများမှာ ဆိုးဆိုးဝါးဝါးပျက်စီးနေပါသဖြင့် ပြုပြင်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါသောကြောင့် ဤကြယ်ပွင့်ပြမေးခွန်းကို ရုမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့ဟာ ရုမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ မြို့တော်လို့ အများပြည်သူက အသိအမှတ်ပြုထား ကြတာ ဖြစ်ပါတယ်ခင်ဗျား။ လားရှိုးမြို့နယ်ဟာ လူဦးရေသုံးသိန်းကျော် နေထိုင်ပြီး မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးမှာ အဓိကကျတဲ့ မန္တလေး - မူဆယ်လမ်းမကြီး ပေါ်မှာတည်ရှိပြီး ရောင်းဝယ်ဖောက်ကားမှုအနေနဲ့ စည်ကားသာယာတဲ့ မြို့ကြီး တစ်မြို့ ဖြစ်ပါတယ်ခင်ဗျား။

၁၀၂၇ စစ်ဆင်ရေးတွေ ဖြစ်ပြီးတဲ့နောက်မှာ လားရှိုးမြို့ဟာ စစ်ဘေး၊ စစ်ဒဏ် ကို များစွာခံခဲ့ရပါတယ်။ ပြည်သူပိုင် အဆောက်အဦတွေ၊ ကျောင်းတွေ၊ တက္ကသိုလ် တွေ၊ ခန်းမတွေ၊ လမ်းမကြီးတွေဟာ လက်နက်ကြီး၊ လက်နက်ငယ်ဒဏ်ကြောင့်

Shan State Hluttaw

များစွာပျက်စီးခဲ့ရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုင်းရင်းသားပြည်သူတွေရဲ့ကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လက်နက်ကိုင်များကို မေတ္တာရပ်ခံ ပန်ကြားလိုတာကတော့ ပြည်သူများနေထိုင်ရာ မြို့/ရွာများအတွင်းသို့ ရှော့တိုက်ဒုန်းများ ပစ်ခတ်ခြင်းကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ ပြီးခဲ့တဲ့လပိုင်း အတွင်းက ကျွန်တော်တို့ လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုန်း(၄)လုံး ပစ်ခတ် တိုက်ခိုက်ခြင်းခံခဲ့ရပါတယ်။ အပြစ်မဲ့ ပြည်သူအမျိုးသမီး(၁)ဦး သေဆုံးခဲ့ပြီး (၁)ဦး ဒဏ်ရာရရှိကာ နေအိမ်(၂)လုံး ပျက်စီးခဲ့ရပါတယ်။ အဲ့ဒီအတွက်လားရှိုးမြို့ ပြည်သူများ ကိုယ်စား လားရှိုးလွှတ်တော်ကိုယ်စားလှယ်(၁)ဦးအနေနဲ့ အင်မတန်မှ စိတ်ထိခိုက် ခံစားခဲ့ရပါတယ်ခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ လားရှိုးမြို့ကို နိုင်ငံတော်မှ အုပ်ချုပ်ရေးယန္တရားများ ပြန်လည် လည်ပတ်အုပ်ချုပ်စီမံ ခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ ပြီးဖြစ်ပါသော်လည်း မြို့ဂုဏ်ဆောင် လားရှိုးမြို့၏ အလယ်တည့်တည့်မှာ ဖြတ်သန်းဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီး ၆၆ ကေဗွီခွဲ ရုံရှေ့၊ RTC ယာဉ်မောင်းသင်တန်းကျောင်းရှေ့၊ နားမခေါ်ကားကြီးကွင်းရှေ့ ပြည်နယ်စစ်မှူ ထမ်းဟောင်းရုံးရှေ့(ဘယ်/ညာ)နေရာများမှာ ဆိုးဆိုးရွားရွားပျက်စီးနေပြီး ကျန်နေရာ များတွင်လည်း အနည်းငယ် ပျက်စီးမှုများ ရှိနေပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော် မေးမြန်းမဲ့မေးခွန်းနဲ့ မူဆယ်ကိုယ်စားလှယ် ဦးနော်တောင်မေးတဲ့ မေးခွန်းဟာ မူဆယ်မြို့နဲ့ လားရှိုးမြို့မှာ တာဝန်ယူထားတဲ့ Oriental Highway Co.,Ltd တာဝန် ယူတဲ့ မြို့နယ်လမ်းမကြီး ပျက်စီးနေခြင်းမေးခွန်းဟာ အတူတူပဲဖြစ်ပါတယ်ခင်ဗျား။ ဒီတာဝန်ယူရတဲ့ ကုမ္ပဏီကလည်း Oriental Highway Co.,Ltd ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့တော်လားရှိုးမြို့၏ မြို့ပြယုဂ်ဟု သတ်မှတ် လို့ရသော မြို့လယ်ခေါင်ရှိ ပြည်ထောင်စုလမ်းမကြီး ပျက်စီးနေခြင်းမှာလည်း မြို့အင်္ဂါ ရုပ်၊ မြို့ဥပဓိရုပ်ကို ထိခိုက်စေပါသော ကြောင့် ရှမ်းပြည်နယ်အစိုးရမှ ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါသောကြောင့် ဤကြွယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။
လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကို လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးခင်အောင်ဆွေ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်သန်းထူးက ပြန်လည်ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း Oriental Highway Co.,Ltd မှ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်သော လားရှိုးမြို့တွင်းလမ်းသည် မြို့နယ်/ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ၁၄ မိုင် ၂ ဖာလုံ ရှည်လျားပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး နေ့စဉ်ယာဉ်စီးရေ ပျမ်းမျှ(၈၀၀)စီးခန့် သွားလာအသုံးပြုလျက်ရှိပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ၄၈ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း ၂ မိုင်၊ ၇ ဖာလုံ၊ ၄၄ ပေအကျယ် ကတ္တရာလမ်း၊ ၃ မိုင် ၁ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၂ ဖာလုံ၊ စုစုပေါင်း ၁၄ မိုင် ၂ ဖာလုံ ရှိသောလမ်းဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းတွင်ပါဝင်သည့် လမ်းအရှည် ၁၄ မိုင် ၂ ဖာလုံ၏ လမ်းအခြေအနေမှာ ကောင်းမွန်သောအပိုင်း ၂ မိုင် ၇ ဖာလုံ၊ အသင့်အတင့် ကောင်းမွန်သော အပိုင်း ၁၁ မိုင် ၃ ဖာလုံဖြစ်ပါတယ်။ Oriental Highway Co.,Ltd မှ လားရှိုးမြို့တွင်းလမ်းပိုင်း လမ်းပျက်စီးနေသော နေရာများအား ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် လမ်းပေါက်များအား သန့်ရှင်းရေးပြုလုပ်ပြီး လမ်းပေါက်ဖာခြင်းလုပ်ငန်းများအား ၁၄.၇.၂၀၂၆ ရက်နေ့မှစ၍ မိုင် ၂/ ၀ - ၂/ ၁ ကြား၊ နားမခေါ်ကားကြီးကွင်းရှေ့တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာနေခြင်း ဖြစ်ပြီး လမ်းပေါက်ဖာခြင်းလုပ်ငန်း အတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် လမ်းလုပ်သားအင်အား (၁၀)ဦး လည်း အသင့်ရှိပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် မိုင် ၁/ ၆ - ၁/ ၇ ကြား၊ ၆၆ ကေဗွီခွဲရုံရှေ့ မိုင် ၂/ ၁ - ၂/ ၂ ကြား၊ RTC ယာဉ်မောင်းသင်တန်းကျောင်းရှေ့ မိုင် ၈/ ၀ - ၈/ ၁ ကြား၊ ပြည်နယ်စစ်မှုထမ်းဟောင်းရုံး ရှေ့(ဘယ်/ ညာ)နေရာများနှင့် လမ်းပျက်စီးမှုရှိသည့် နေရာများကိုလည်း ၃၁.၈.၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး ၁၀၀ % ပြီးစီးအောင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

Shan State Hluttaw

ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအစီအစဉ်အနေဖြင့် ယခုဘဏ္ဍာနှစ် ပွင့်လင်းရာသီ ရောက်ရှိသည့်အချိန်တွင် လမ်းပျက်စီးနေသောအပိုင်းများအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ လိုအပ်မည့် ကတ္တရာနှင့် စက်/ယာဉ်/ ယန္တရားများကိုလည်း ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ Oriental Highway Co.,Ltd စီမံကိန်းရုံးတွင် အသင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် သယ်ယူရန် အခက်အခဲရှိနေသဖြင့်သာ အနည်းငယ်နှောင့်နှေးကြန့်ကြာနေခြင်း ဖြစ်ပါကြောင်းနှင့် လားရှိုးမြို့၊ မြို့တွင်းလမ်းအား မြို့အင်္ဂါရုပ်နှင့်အညီ လမ်းပျက်စီးမှုများ မရှိစေရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ လိုအင်ဆန္ဒပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နူတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းခမ်းကော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမည်ပေါက်မြေကွက်ပေါ်မှာ မြို့နယ်ပြည်သူလူထုအတွက် လိုအပ်နေတဲ့ လူထုအခြေပြု ဗဟိုဌာန Community Centre သင့်လျော်သည့်အဆောက်အဦ ခန်းမသစ်(၁)ဆောင် တည်ဆောက်ပေးစေလိုကြောင်းနှင့် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ တန့်ယန်းခရိုင်၊ မိုင်းရယ်မြို့နယ်၊ ပြည်သူ့ဆက်ဆံရေးရုံးသည် စာကြည့်တိုက်ခန်းမနှင့်တွဲလျက် ပြည်သူ့ အကျိုးပြု၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေနှင့် ဟောပြောပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသည့်အပြင် ပြည်သူများ၊ ကျောင်းသူ/ ကျောင်းသားများနဲ့ စာပေဝါသနာရှင် လူကြီး၊ လူငယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အခမ်းအနားများပြုလုပ်စေခြင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးနှင့်ဆိုင်သော ကိစ္စရပ်များ၊ ကလေးသူငယ်များနှင့်

Shan State Hluttaw

ဆိုင်သော ကိစ္စရပ်များ၊ အမျိုးသမီးရေးရာကိစ္စများ၊ နေ့ထူးနေ့မြတ် အထိမ်းအမှတ် များစသည်ဖြင့် အသိပညာပေးအစီအစဉ်များ ပြုလုပ် ဆောင်ရွက်လျက်ရှိနေပါတယ် ခင်ဗျား။ သို့ဖြစ်ပါ၍ လက်ရှိရုံးမှာ စာကြည့်တိုက်ခန်းမသည် စာအုပ်၊ စာစောင်များနှင့် စာအုပ်ဗီရို အများအပြားထားရှိခြင်းဖြင့် အခမ်းအနားပြုလုပ်ရာတွင် နေရာအခက်အခဲ များစွာရှိနေပါတယ်ခင်ဗျား။ မိုင်းရယ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြည်ထောင်စု လမ်းမကြီးဘေးရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနအမည်ပေါက် နှစ်(၃၀)ဂရန်ရရှိပြီး ရုံးပိုင်မြေဧရိယာ (၇၀×၁၀၀)ပေ အကျယ်အဝန်းပေါ်တွင် လူထု အခြေပြုဗဟိုဌာန (Community Centre) သို့မဟုတ် ကျွန်တော်တို့ သင့်လျော်တဲ့ အဆောက်အဦ ခန်းမသစ်တစ်ဆောင်ကို တည်ဆောက်ပေးစေလိုကြောင်းနှင့် မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံ ပြည်သူများအားလုံးကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်လွှတ်တော်ကိုယ်စားလှယ် များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ လိုအင်ဆန္ဒ ပြည့်စုံကြပါစေ။ ကျွန်တော့် အနေနဲ့ မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင် နေသော ဆရာ /ဆရာမများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ မိုင်းရယ် မြို့ အခြေခံပညာအထက်တန်းကျောင်းဟာ လွန်ခဲ့တဲ့ ၁၉၆၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။ ကျောင်း၏ဧရိယာအကျယ်အဝန်းမှာ (၅.၅၅၈)ဧက ကျယ်ဝန်း ပါတယ်။ လက်ရှိစာသင်ဆောင်ပေါင်း (၄)ဆောင်ရှိပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူပေါင်း (၁၃၀၄)ဦး တက်ရောက်ပညာသင်ကြားနေလျက်ရှိနေပါတယ်။ အဆိုပါ ကျောင်းသား/ ကျောင်းသူများကို အထက်တန်းပြဆရာမ (၁၃)ဦး၊ အလယ်တန်းပြ ဆရာ/ ဆရာမ (၄)ဦး၊ လက်ထောက်မူပြ (၇)ဦး၊ မူလတန်းပြ/ ဒုလယ်ပြ(၄)ဦး၊ စုစုပေါင်း ဆရာ/ ဆရာမ (၂၈)ဦးတို့မှာ တာဝန်ယူ သင်ကြားပေးလျက်ရှိပါတယ်ခင်ဗျား။ စုစုပေါင်း (၂၈)ဦးထဲမှာ ကျွန်တော်တို့ဒေသခံ ဆရာ/ ဆရာမက(၁၃) ယောက်ဖြစ်ပြီး ကျန်တဲ့ (၁၅)ဦးဟာ ကျွန်တော်တို့ အိမ်ငှားရမ်းပြီး နေထိုင်ရတဲ့အခြေအနေရှိနေပါတယ်။ လက်ရှိမှာလည်း ကျောင်းဝင်းအတွင်းမှာလည်း ကျောင်းအုပ်ကြီးနေအိမ် (အလျား ၃၀' × အနံ ၃၀') အုတ်ညှပ်အဆောက်အဦ တစ်လုံးနှင့် ကျောင်းစောင့်နေအိမ်တစ်လုံး

Shan State Hluttaw

တည်းသာရှိနေပါတယ်ခင်ဗျား။ တာဝန်ကျ ဆရာ/ဆရာမများအနေနဲ့ ဝန်ထမ်းနေအိမ်မရှိခြင်းကြောင့် အလျဉ်းသင့်သလိုနေထိုင်ကြရပြီး နိုင်ငံတော်မှပေးအပ်တဲ့ တာဝန်များကျေပွန်စွာ ထမ်းဆောင်နေလျက်ရှိပါတယ်။ ဆရာ/ ဆရာမများနေထိုင်နိုင်ရန်အတွက် ဝန်ထမ်းနေအိမ်ဆောက်လုပ်နိုင်ရန်အတွက်လည်း လုံလောက်တဲ့မြေအကျယ်အဝန်း တည်ရှိပြီးဖြစ်ပါတယ်။

ဒါကြောင့် မိုင်းရယ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေတဲ့ ဆရာ/ ဆရာမများ ဂုဏ်သိက္ခာရှိစွာနဲ့ နေထိုင်နိုင်ရန်အတွက် ဆရာ/ဆရာမများ ဝန်ထမ်းနေအိမ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲမင်္ဂလာပါရှင်။ ဦးစိုင်းခမ်းကော် မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ မိုင်းရယ်မြို့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြည်သူ့လူထုအခြေပြုဌာန Community Center ခန်းမသစ်(၁)ဆောင်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကိုယ်စားဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ လူထုအခြေပြု Community Centre တည်ဆောက်ခြင်းလုပ်ငန်းများအား အောက်ပါနည်းလမ်း(၃)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်ရှင်-

(က) နိုင်ငံတော် ဘဏ္ဍာဖြင့် တည်ဆောက်ခြင်း၊

(ခ) BOT စနစ်ဖြင့် တည်ဆောက်ခြင်း၊

(ဂ) ဒေသခံပြည်သူလူထုနှင့် ဒေသခံအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ခြင်း။

သို့ဖြစ်ပါ၍ မိုင်းရယ်မြို့နယ် လူထုအခြေပြုဇဟိုဌာန (Community Centre) တည်ဆောက်ခြင်းလုပ်ငန်းအား အထက်ပါနည်းလမ်း (၃)ခုအနက် နိုင်ငံတော် ဘဏ္ဍာဖြင့် တည်ဆောက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များ၊ လူမှုရေးစီးပွားရေးအရ အချက်အချာကျသော မြို့ကြီးများမှာ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် လတ်တလော နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထား

Shan State Hluttaw

ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နည်းလမ်း (ဂ)ဖြစ်သည့် ဒေသခံ ပြည်သူလူထုနှင့် ဒေသခံအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်သည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်ရှင်။

မေးခွန်း(၂)အား ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ မိုင်းရယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ/ ဆရာမများ နေထိုင်ရေးအဆင်ပြေမှု ရှိစေရေးအတွက် (၁၀၀×၃၀)ပေ RCC (၁)ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ လျာထားတင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း(၁)(၂)(၃)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဆောင်းရွှေ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးမှာ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု အခြေခံ ပညာအထက်တန်းကျောင်းခွဲ ဘန့်ကွဲတွင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်း သည့်မေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီး မြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ ဘန့်ကွဲစာသင်ကျောင်းကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် ကျောင်းအဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းဆောင်များအနေနဲ့ အလျား ၉၀ ပေ၊ အနံ (၂၄)ပေရှိတဲ့ (၂)ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၁၉၉၃ ခုနှစ်တွင် ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား (၁၅၀)ပေ၊ အနံ ပေ(၃၀)ရှိသော (၁)ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၂၀၀၄ ခုနှစ်တွင် အလှူရှင် ဖြစ်သည့်စေတနာအဖွဲ့မှ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ထို့ပြင်အလျား (၁၅၀)ပေ အနံ (၃၀)ပေရှိတဲ့ (၁)ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၂၀၁၅ ခုနှစ်တွင်

Shan State Hluttaw

နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးခဲ့ပါတယ်။ လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား/ကျောင်းသူဦးရေ (၆၁၀)ဦးတက်ရောက်ပညာသင်ယူလျက်ရှိပြီး အစိုးရမှ ခန့်အပ်သည့် ဆရာ/ ဆရာမ (၁၈)ဦးနှင့် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ခန့်အပ်သည့် ဆရာ/ ဆရာမ (၁)ဦး စုစုပေါင်း ဆရာ/ ဆရာမ (၁၉)ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းဆောင်(၃)ဆောင်ရှိသော်လည်း အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်သည့်အားလျော်စွာ စာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် သိပ္ပံခန်းလည်း သီးခြားထားရှိခြင်းမရှိသကဲ့သို့ စာသင်ခန်း(၁)ခန်းထဲတွင်လည်း အတန်း(၂)တန်းတွဲ၍ သင်ကြားပေးနေရပါတယ်။ ထို့ပြင် ကျောင်းအုပ်ကြီးရုံးခန်း၊ ဆရာ/ ဆရာမများ နားနေခန်းနှင့် စာကြည့်တိုက်တို့ကို ကျောင်းအုပ်ကြီးရုံးခန်း(၁)ခန်းထဲတွင် စုပေါင်း၍ အသုံးပြုနေရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘန့်ကွဲ)သည် တောင်ကြီးမြို့နယ်၏အရှေ့မြောက်ဘက် အစွန်အဖျားဒေသတွင်တည်ရှိနေတဲ့ အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ခွဲကျောင်းဖြစ်ပြီး တောင်ကြီးမြို့နယ်နှင့်ဟိုပုံးမြို့နယ်နယ်မြေထိစပ်လျက်ရှိတဲ့ ဒေသများဖြစ်သည့်အားလျော်စွာ တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသား/ကျောင်းသူများသာမက ဟိုပုံးမြို့နယ်၊ မိုင်းပျဉ်းကျေးရွာအုပ်စုနှင့် လဲသက်ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသား/ ကျောင်းသူများကလည်း အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘန့်ကွဲ)တွင် လာရောက်ပညာသင်ယူလျက်ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းခွဲတွင်ရှိရမည့် စာသင်ခန်းများ၊ သိပ္ပံခန်း၊ စာကြည့်တိုက်နှင့် ဆရာ/ ဆရာမများ၏ နားနေခန်းစတဲ့ အခန်းများအတွက် ကျောင်းဆောင်အသစ် လိုအပ်လျက်ရှိနေပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘန့်ကွဲ)တွင် လိုအပ်လျက်ရှိနေတဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန်အတွက် ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅) (ဖ.၁၁)ကရှိသဖြင့် လုံလောက်သောမြေနေရာ အဆင်သင့်ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘန့်ကွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။

ဒုတိယမေးခွန်းအနေဖြင့် တောင်ကြီးမြို့နယ်၊ ပင်တွန်ကျေးရွာအုပ်စု၊ ထီခေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်

Shan State Hluttaw

လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆက်လက်တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ပင်တွန်ကျေးရွာအုပ်စု၊ ထီခေါင်းကျေးရွာသည် ထီခေါင်းမြောက်ရွာ၊ ထီခေါင်းအလယ်ရွာ၊ ထီခေါင်းတောင်ရွာတို့ဖြင့် ဖွဲ့စည်းထားပါတယ်။ ထီခေါင်းကျေးရွာတွင် အိမ်ခြေ (၂၅၈) အိမ်နှင့် လူဦးရေ(၁၆၅၃)ဦးရှိပြီး တောင်ကြီးမြို့နယ်၏ အနောက်တောင်ဘက် အစွန်အဖျားဒေသတွင် တည်ရှိနေသောကျေးရွာဖြစ်ပါတယ်။ ထီခေါင်းကျေးရွာ စာသင်ကျောင်းကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းဆောင်များအနေဖြင့် အလျား (၈၅)ပေ၊ အနံ (၂၅)ပေရှိသော ကျောင်းဆောင် (၁)ဆောင်ကို ၁၉၉၆ခုနှစ်တွင်လည်းကောင်း၊ အလျား(၈၀)ပေ၊ အနံ(၃၀)ပေရှိသော ကျောင်းဆောင် (၁)ဆောင်ကို ၂၀၀၆ ခုနှစ်တွင် လည်းကောင်း ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ပေးခဲ့ပါတယ်။ ထို့အပြင် အလျား (၉၀)ပေ၊ အနံ (၃၀)ပေရှိသော ကျောင်းဆောင် (၁)ဆောင်ကို ၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ လက်ရှိ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူဦးရေ (၂၃၅)ဦးတက်ရောက် ပညာသင်ယူလျက်ရှိပြီး အစိုးရမှ ခန့်အပ်ပေးသည့် ဆရာ/ဆရာမ (၅)ဦးနှင့် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ခန့်အပ်သည့် ဆရာ/ ဆရာမ (၄)ဦး စုစုပေါင်း ဆရာ/ ဆရာမ (၉)ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းဆောင်(၃)ဆောင်ရှိသော်လည်း အခြေခံပညာအလယ်တန်းကျောင်းဖြစ်သည့် အားလျော်စွာ စာသင်ခန်းလုံလောက်မှုမရှိသည့် အတွက် စာသင်ခန်း(၁)ခန်းထဲတွင် အတန်းများ၍ သင်ကြားပေးနေရပါတယ်။ ထို့အပြင် ကျောင်းအုပ်ကြီးရုံးခန်း ဆရာ/ဆရာမများနားနေခန်းနှင့် စာကြည့်တိုက်တို့ကို ကျောင်းအုပ်ကြီးရုံးခန်း၊ (၁)ခန်းထဲတွင် စုပေါင်း၍ အသုံးပြုနေရပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းအဆင့်တွင် ရှိရမည့်စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် ဆရာ/ဆရာမများနားနေခန်းစတဲ့ စာသင်ကျောင်းအတွက် ကျောင်းဆောင်သစ်လိုအပ်လျက်ရှိနေပြီး ထီခေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိနေတဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ကျောင်းမြေပိုင်ဆိုင်မှုပုံစံ၁၀၅ (၁.၈၈)ဧကရှိသဖြင့် လုံလောက်သော မြေနေရာလည်း အဆင်သင့်ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ ပင်တွန်ကျေးရွာအုပ်စု၊ ထီခေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်

Shan State Hluttaw

ဆောက်လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် တောင်ကြီးမြို့နယ်၊ မိုင်းသော်(အနောက်) ကျေးရွာအုပ်စု၊ ပန့်ပုန်းခေတ်မီစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဆက်လက်တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ မိုင်းသော်(အနောက်)ကျေးရွာအုပ်စု ပန့်ပုန်းခေတ်မီစံပြကျေးရွာရှိ ပန့်ပုန်းစာသင်ကျောင်းကို ၁၉၈၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိ အချိန်တွင် အခြေခံပညာမူလတန်းလွန် ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းဆောင်များအနေဖြင့် အလျား(၇၂)၊ အနံ(၂၄)ပေရှိသော ကျောင်းဆောင်(၁)ဆောင်ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း၊ အလျား(၈၀)၊ အနံ(၂၄)ပေရှိသော ကျောင်းဆောင်(၁)ဆောင်ကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ ထို့အပြင် အလျား(၂၀)ပေ၊ အနံ(၂၀)ပေ တဲသာသာအဆင့်ရှိသော ယာယီကျောင်းဆောင်(၁)ဆောင်ကိုလည်း ၂၀၂၅ ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထပ်မံ၍ စိုက်ထူခဲ့ပါတယ်။ နိုင်ငံတော်အစိုးရမှ ဆောက်လုပ်ပေးခဲ့တဲ့ ကျောင်းဆောင်ဟူ၍ ယနေ့အထိ မရှိသေးသည့် ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ပန့်ပုန်းအခြေခံပညာမူလတန်းလွန်ကျောင်းတွင် အိမ်ခြေ(၂၁၁)အိမ်၊ လူဦးရေ(၉၀၃)ဦး ရှိသည့် ပန့်ပုန်းခေတ်မီ စံပြကျေးရွာ၏ ကျောင်းသား/ ကျောင်းသူများ သာမက အိမ်ခြေ(၃၈)အိမ်၊ လူဦးရေ(၁၆၂)ဦးရှိသည့် တောင်ကြားကျေးရွာမှ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူများကလည်း တက်ရောက်ပညာသင်ယူလျက်ရှိပါတယ်။ လက်ရှိ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူဦးရေ(၁၅၃)ဦး တက်ရောက်ပညာသင်ယူလျက်ရှိပြီး ဆရာ/ ဆရာမ (၉)ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ခဲ့တဲ့ ယာယီကျောင်းဆောင်ဟာ ယနေ့ခေတ်မီစံပြကျေးရွာဆိုသည့် ဂုဏ်ပုဒ်အရသော်လည်းကောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းဥပဓိရုပ်အရသော်လည်းကောင်း၊ စာသင်ခန်းအဖြစ် အသုံးပြုရန် သင့်လျော်မှုမရှိတဲ့အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အရေးပေါ် လိုအပ်လျက်ရှိနေပါတယ်။

Shan State Hluttaw

ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက်လည်း ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)၊ (၂.၀၂)ကေရှိသဖြင့် လုံလောက်တဲ့ မြေနေရာအဆင်သင့် ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ မိုင်းသော်(အနောက်) ကျေးရွာ အုပ်စု၊ ပန့်ပုန်းခေတ်မီစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်း ဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက် ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၃)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးခွန်ဆောင်းရွှေ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ ဘန့်ကွဲအခြေခံပညာ အထက်တန်းကျောင်းခွဲတွင် လိုအပ် နေသော ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေးနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ကျွန်မ ဒေါ်နန်းခမ်းလူ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ တောင်ကြီး မြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ ဘန့်ကွဲအခြေခံပညာ အထက်တန်းကျောင်း ခွဲတွင် (၁၁၀' × ၃၀') RC (၂)ထပ်ဆောင် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း တည်ဆောက်ရေးလျာထားချက် စာရင်းတွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

မေးခွန်း(၂)အနေဖြင့် တောင်ကြီးမြို့နယ် ပင်တွန်ကျေးရွာအုပ်စု၊ ထီခေါင်း အခြေခံပညာအလယ်တန်းကျောင်းတွင် (၉၀' × ၃၀')ပေ RC (၁)ထပ် ကျောင်း ဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထားချက်စာရင်းတွင် လျာထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

မေးခွန်း(၃) ဖြစ်ပါတယ်ရှင်။ တောင်ကြီးမြို့နယ်၊ မိုင်းသော်(အနောက်) ကျေးရွာအုပ်စု၊ ပန့်ပုံးအခြေခံပညာမူလတန်းလွန်ကျောင်းတွင်(၁၂၀' × ၃၀')ပေ RC (၁) ထပ်ဆောင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထားချက်စာရင်းတွင် လျာထားဆောင်ရွက် ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

Shan State Hluttaw

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့ လာရောက်လေ့လာသူများ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ဦးခွန်ကြည်ပဲ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးမှာ တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စုအတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် လင်းလေ၊ အုံအား၊ ပန်းတင်ငယ်နှင့် ထီပသဲ့ကျေးရွာများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စုရှိ လင်းလေကျေးရွာသည် အိမ်ခြေ(၃၃၆) အိမ်၊ အိမ်ထောင်စု(၃၃၈)စု၊ လူဦးရေ(၁၄၆၅)ဦး၊ အုံအားကျေးရွာသည် အိမ်ခြေ(၂၇၃) အိမ်၊ အိမ်ထောင်စု(၃၈၁)စု၊ လူဦးရေ(၁၃၀၀)ဦး၊ ပန်းတင်ငယ်ကျေးရွာသည် အိမ်ခြေ(၁၆၁)အိမ်၊ အိမ်ထောင်စု(၁၇၅)စု၊ လူဦးရေ(၆၉၉)ဦးနှင့် ထီပသဲ့ကျေးရွာသည် အိမ်ခြေ(၁၆၁)အိမ်၊ အိမ်ထောင်စု(၁၈၀)စု၊ လူဦးရေ(၇၆၅)ဦး အသီးသီးရှိကြပြီး သနပ်ဖက်၊ ထောပတ်၊ ကော်ဖီ၊ ဂေါ်ရခါးညွှန့်၊ ချင်း၊ ပြောင်း၊ ဂျူးမြစ်နှင့် ပဲအမျိုးမျိုး အစရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိပါတယ်။ အဆိုပါ ကျေးရွာများသည် တောင်ကြီးမြို့အနီးတစ်ဝိုက်တွင် တည်ရှိကြသော်လည်း အခြားတောင်ကြီးမြို့ အနီးတစ်ဝိုက် ကျေးရွာများကဲ့သို့ လျှပ်စစ်မီး ရရှိခြင်းမရှိသေးသည်ကို တွေ့ရှိရပါတယ်။ လျှပ်စစ်မီးမရရှိကြသေးသည့်အတွက် ဒေသခံမိဘပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးများတိုးတက်သင့်သလောက် တိုးတက်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွင်းဆင်းတွေ့ရှိချက်များအရ လျှပ်စစ်မီးရရှိခြင်းမရှိသေးသော အဆိုပါ လင်းလေရွာ၊ အုံအားရွာ၊ ပန်းတင်ငယ်ရွာနှင့် ထီပသဲ့ ရွာများသည် လျှပ်စစ်မီး ရရှိပြီးသော ထီခြံရွာ၊ ဖက်ကွန်ရွာမှ ပုတ်ပြားရွာတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်ကိုလည်းကောင်း၊ အဆိုပါကျေးရွာများမှ လျှပ်စစ်မီးရရှိရေး ကော်မတီများကို အသီးသီးဖွဲ့စည်းထားပြီးဖြစ်သည်ကိုလည်းကောင်း တွေ့ရှိရပါတယ်။

Shan State Hluttaw

သို့ဖြစ်ပါ၍ ဒေသခံမိဘပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြှင့်တင်ပေးနိုင်ရန် လိုအပ်လျက်ရှိခြင်း၊ တောင်ကြီးမြို့တော် အနီးတစ်ဝိုက်တွင် တည်ရှိခြင်းနှင့် လျှပ်စစ်မီးရရှိပြီးသည့် ကျေးရွာများနှင့် တစ်ဆက်တစ်စပ်တည်းတွင် တည်ရှိနေခြင်း တို့ကြောင့် တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စု လင်းလေ၊ အုံအား၊ ပန်းတင်ငယ်နှင့် ထီပသဲ့ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံမိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးခွန်ကြည် မေးမြန်းသော မေးခွန်းကို ကျွန်တော်အနေနဲ့ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စုအတွင်းရှိ လင်းလေကျေးရွာ၊ အုံအားကျေးရွာ၊ ပန်းတင်ငယ်ကျေးရွာနှင့် ထီပသဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တောင်ကြီးမြို့ (၆၆/၁၁)KV (၂၀၀) MVA ခွဲရုံ၏ (၁၁) KV ပါမိုးနဲဖီဒါမှ ဓာတ်အားဖြန့်ဖြူးထားသော မီးလင်းပြီး ပုတ်ပြား (ဖက်ကွန်မြောက်) ကျေးရွာနှင့် မီးလင်းပြီး ငိုမှူးကျေးရွာမှ Tap Off ရယူကာ ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်ရမည်ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာ (၄)ရွာ ဓါတ်အားရရှိရေးအတွက် လိုအပ်သော ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းဒေသပေါက်ဈေးအရ အောက်ပါအတိုင်းကုန်ကျမည်ဖြစ်ပါတယ်-

(က) ထီပသဲ့ကျေးရွာ ဓာတ်အားရရှိရေးအတွက် မီးလင်းပြီး ပုတ်ပြား (ဖက်ကွန်မြောက်) ကျေးရွာ Tap Off ရယူကာ (၁၁) KV (၀.၆၃) မိုင် ခန့်မှန်းကုန်ကျငွေ (၁၁၇.၀၄) ကျပ်သန်း၊ ၁၁/၀.၄ KV (၁၆၀) KVA ထရန် စဖော်မာ (၂)လုံး ခန့်မှန်းကုန်ကျငွေ (၂၀၆.၂၆) ကျပ်သန်း၊ ၄၀၀

ဗို့လိုင်း (၂.၂၃)မိုင် ခန့်မှန်းကုန်ကျငွေ (၃၉၅.၈၄)ကျပ်သန်း၊ စုစုပေါင်း (၇၁၉.၁၃)ကျပ်သန်း၊

(ခ) လင်းလေကျေးရွာ ဓာတ်အားရရှိရေးအတွက် ထီပသဲ့ကျေးရွာမှ Tap Off ရယူကာ (၁၁) KV (၂.၁၉)မိုင် ခန့်မှန်းကုန်ကျငွေ (၄၀၆.၈၄) ကျပ်သန်း၊ ၁၁/၀.၄ KV ၊ (၂၀၀) KVA ထရန်စဖော်မာ (၂)လုံး ခန့်မှန်းကုန်ကျငွေ (၂၂၃.၁၆၈) ကျပ်သန်း၊ ၄၀၀ ဗို့လိုင်း (၆.၈၅)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၁၅.၉၂) ကျပ်သန်း၊ စုစုပေါင်း (၁၈၄၅.၉၂) ကျပ်သန်း၊

(ဂ) အုံအားကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ထီပသဲ့ - လင်းလေ (၁၁) KV လိုင်းမှ Tap Off ရယူကာ ၁၁ ကေဗွီလိုင်း (၁.၉၆) မိုင် ခန့်မှန်းကုန်ကျငွေ (၃၆၄.၁၁)ကျပ်သန်း၊ ၁၁/၀.၄ KV (၂၀၀)KVA (၂၀၀) ထရန်စဖော်မာ (၂)လုံး ခန့်မှန်းကုန်ကျငွေ (၂၂၃.၁၆၈) ကျပ်သန်း၊ ၄၀၀ ဗို့လိုင်း (၅.၇၅)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၀၂.၆၆)ကျပ်သန်း၊ စုစုပေါင်း (၁၆၀၇.၉၄) ကျပ်သန်း၊

(ဃ) ပန်းတင်ငယ်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မီးလင်းပြီး ငိုမ္ဘူး ကျေးရွာမှ Tap Off ရယူကာ ၁၁ ကေဗွီလိုင်း (၂.၀၈) မိုင် ခန့်မှန်းကုန်ကျငွေ (၃၈၆.၄၁) ကျပ်သန်း၊ ၁၁/၀.၄ KV (၃၁၅) KVA ထရန်စဖော်မာ(၁)လုံး ခန့်မှန်းကုန်ကျငွေ (၁၄၀.၂၆၂)ကျပ်သန်း၊ ၄၀၀ ဗို့လိုင်း (၁.၄၉)မိုင် ခန့်မှန်းကုန်ကျငွေ (၂၆၄.၄၈)ကျပ်သန်း၊ စုစုပေါင်း (၇၉၁.၁၅) ကျပ်သန်း ဖြစ်ပါတယ်။

အဆိုပါ ကျေးရွာ(၄)ရွာတို့အနက် ထီပသဲ့နှင့် လင်းလေကျေးရွာ(၂)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ အုံအားကျေးရွာနှင့် ပန်းတင်ငယ်ကျေးရွာ(၂)ရွာ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းအား ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့လာရောက် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ဒုတိယမေးခွန်းဖြစ်တဲ့ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ နန်းဟောင်းမွေတော်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ နန်းဟောင်းမွေတော် စာသင်ကျောင်းကို ၁၉၉၁ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းဆောင်များအနေဖြင့် အလျား(၇၅)ပေ၊ အနံ(၃၀)ပေရှိသော ကျောင်းဆောင်(၁)ဆောင်ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ အလျား (၆၀)ပေ၊ အနံ (၃၀)ပေရှိသော ကျောင်းဆောင်(၁)ဆောင်ကို ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ ထို့အပြင် အလျား(၆၀)ပေ၊ အနံ(၃၀)ပေရှိသော ကျောင်းဆောင်(၁)ဆောင်ကို ၂၀၁၇ ခုနှစ်တွင် အလှူရှင်မှ ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် လုံးကေကျေးရွာ၊ နန်းဟောင်းရွာသစ်ကျေးရွာ၊ မဲတနောင်းကျေးရွာနှင့် မောက်ဆံကျေးရွာရှိ အိမ်ခြေ(၅၆၉)အိမ်မှ မူလအဆင့် (၁၆၇)ဦးနှင့် အလယ်အဆင့် (၆၅)ဦး စုစုပေါင်း ကျောင်းသား/ ကျောင်းသူဦးရေ (၂၃၂)ဦး တက်ရောက်ပညာသင်ယူလျက်ရှိပါတယ်။ အစိုးရမှခန့်အပ်သည့် ဆရာ/မ(၅)ဦးနှင့် ကျေးရွာမှကိုယ်ထူကိုယ်ထ ခန့်အပ်သည့် ဆရာ/ဆရာမ (၂)ဦး စုစုပေါင်း ဆရာ/ဆရာမ(၇)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းဆောင်(၄)ဆောင်ရှိသော်လည်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖြစ်သည့် အားလျော်စွာ စာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် စာသင်ခန်း(၁)ခန်းထဲတွင် အတန်း(၂)တန်းဖြင့်လည်းကောင်း၊ စာသင်ခန်း(၁)ခန်းထဲတွင် စာကြည့်တိုက်နှင့်တွဲ၍လည်းကောင်း သင်ကြားပေးနေရပါတယ်။ ဒေသခံမိဘပြည်သူများ၏ တင်ပြတောင်းဆိုချက်အရ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကွင်းဆင်းကြည့်ရှု၍ ကျောင်းဆောင် အမှန်တကယ်လိုအပ်လျက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်

Shan State Hluttaw

နိုင်ရန်အတွက်လည်း ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိသဖြင့် လုံလောက်သော မြေနေရာအဆင်သင့် ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ နန်းဟောင်းမွေတော်အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံမိဘပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးခွန်ကြည် တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ တောင်ကြီးမြို့နယ် နန်းဟောင်း ကျေးရွာအုပ်စု၊ နန်းဟောင်းမွေတော် စာသင်ကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်မဒေါ်နန်းခမ်းလူ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

တောင်ကြီးမြို့နယ်၊ နန်းဟောင်းကျေးရွာအုပ်စု၊ နန်းဟောင်းမွေတော် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၉၀×၃၀)ပေ RC(၁)ထပ် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး) လျာထားချက်စာရင်းတွင် လျာထားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ် (၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးသန်းစိုး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒုစရိုက်မှုများ လျော့နည်းပျောက်စေရန်အတွက် ဥပဒေမဲ့ ဒုစရိုက်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းပေးသူ Informer များကို ထိုက်တန်သော

Shan State Hluttaw

လျှို့ဝှက်ဆုကြေးငွေပေးအပ်ခြင်း ရှိ/မရှိ သိရှိလိုသော ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ ဥပဒေမဲ့ ဒုစရိုက်လုပ်ငန်းများစွာ ဖမ်းဆီးရမိရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များပူးပေါင်းပြီး ဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။ သို့ပါသော်လည်း ဒုစရိုက်သမားများသည် နည်းလမ်းပေါင်းစုံသုံးပြီး ဒုစရိုက်လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်နေကြတာကြောင့် ထိရောက်စွာ ဖမ်းဆီးရမိခြင်းမရှိဘဲများစွာ လွတ်မြောက်နေကြမှာ ဖြစ်ပါတယ်။ ဖမ်းဆီးရမိရေးအတွက် အဓိကအချက်ကတော့ သတင်းပေးသူရှိဖို့ လိုအပ်ပါတယ်။ သတင်းပေးသူများအနေဖြင့်လည်း လျှို့ဝှက်ဂုဏ်ပြုငွေ ထိုက်ထိုက်တန်တန်ရရှိမည်ဆိုပါက သတင်းပေးလိုသူ များပြားလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါက ဒုစရိုက်လုပ်ငန်းများ ပပျောက်သွားမှာဖြစ်ပါတယ်။ သတင်းပေးသူ၏ ကိုယ်ရေးအချက်အလက် မပေါက်ကြားစေရေး၊ သတင်းလက်ခံရယူသူမှ တာဝန်ယူပေးရမှာဖြစ်သလို သတင်းလက်ခံသူကြောင့် လျှို့ဝှက်ချက်ပေါက်ကြား ပါက ကနဦးသတင်းလက်ခံသူမှာ တာဝန်အပြည့်အဝရှိသဖြင့် ၎င်းအား သတင်းပေါက်ကြားမှုဖြင့် အရေးယူအပြစ်ပေးသင့်ပါတယ်။ ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်သွားမည်ဆိုပါက ဒုစရိုက်လုပ်ငန်းများ ပပျောက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဒုစရိုက်မှုများ ပပျောက်စေရန်အတွက် သတင်းပေးသူ Informer များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထိုက်တန်သော လျှို့ဝှက်ဆုကြေးငွေများပေးအပ်နိုင်ခြင်း ရှိ/မရှိနှင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ဤကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

Shan State Hluttaw

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ကျွန်တော်တို့ဥပဒေမဲ့ ဒုစရိုက်လုပ်ငန်းများ ဖမ်းဆီးရမိရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရာမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူလူထုနှင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူလူထုအတွင်းမှ တာဝန်သိစွာ သတင်းပေးပို့လာမှုများကြောင့် ဒုစရိုက်မှုများ ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း၊ တရားဥပဒေ စိုးမိုးရေးတာဝန်များ ဆောင်ရွက်နိုင်ခြင်းများနှင့်ပတ်သက်၍ သတင်းပေးပို့လာသူ မည်သူကိုမဆို ပေးပို့သည့်သတင်းအမျိုးအစားအလိုက် ထိုက်တန်သော ဆုကြေးငွေနှင့် ဂုဏ်ပြုလက်မှတ်များရရှိရေးအတွက် တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိမှု၊ တရားမဝင် ကျောက်မျက်ရတနာများ ဖမ်းဆီးရမိမှု၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများကို ဖမ်းဆီးရရှိမှုပေါ်မူတည်ပြီး သတင်းပေးသူများကို ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းတန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းကို တရားဝင်ဆုကြေးငွေအဖြစ် ပေးအပ်လျက်ရှိကြောင်းနှင့် နှစ်စဉ်ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထိမ်းအမှတ်အခမ်းအနားများတွင် ဂုဏ်ပြုလက်မှတ်နှင့် ဆုကြေးငွေများပေးအပ်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်စွာဝင်း(ခ)Mအောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်စွာဝင်း(ခ)Mအောင်ဂျာ၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်အပါအဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွာဝင်း (ခ)Mအောင်ဂျာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်လွှတ်တော်သို့ မေးမြန်းသွားမဲ့ အကြောင်းအရာကတော့ မူဆယ်မြို့၊ မြို့တော်ခန်းမအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ပါရန်နှင့်ပတ်သက်သော ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် တည်ဆောက်ထားရှိသည့် မြို့တော်ခန်းမသည် ၁၉၇၀ ခုနှစ် ပတ်ဝန်းကျင်ကတည်းက ဝ.၀၃၀၁ ဧကပေါ်မှာ အလျား (၁၀၀)ပေ၊ အနံ (၄၃)ပေ၊ အမြင့် (၂၁)ပေဖြင့် တည်ဆောက်ထားရှိခဲ့ကြောင်း လူကြီးမိဘများရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

Shan State Hluttaw

မူလတည်ဆောက်စဉ်က ရုပ်ရှင်ရုံအဖြစ် တည်ဆောက်ခဲ့ပြီး ၁၉၈၀ ခုနှစ်ခန့်အထိ ရုပ်ရှင်ရုံအဖြစ် အသုံးပြုခဲ့ပါတယ်။ နောက်ပိုင်းတွင် ရုပ်ရှင်ပြသခြင်း မပြုတော့သည့် အတွက် မူဆယ်မြို့ကော်မတီမှ မြို့တော်ခန်းမအဖြစ် အသုံးပြုခဲ့ပါတယ်။ မြို့တော်ခန်းမအဖြစ် အသုံးပြုစဉ်ကာလအတွင်းကလည်း ဒေသခံကြက်တောင်ရိုက်အားကစားသမားများ ကြက်တောင်ကွင်းအဖြစ်လည်း အသုံးပြုခဲ့ကြပါတယ်။

မူဆယ်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် မူဆယ်မြို့တော်ခန်းမအား မြို့တော်ကော်မတီထံမှ မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့ပြီး မြို့တော်ခန်းမအဖြစ် ဆက်လက်အသုံးပြုခဲ့ပါတယ်။ ယခင်လားရှိုးခရိုင် လက်အောက်မှ မူဆယ်ခရိုင်အဖြစ် သီးခြားရပ်တည်ခဲ့ပြီးနောက်ပိုင်း ၁၉၉၅ - ၁၉၉၆ ဘဏ္ဍာနှစ်အတွင်းက မြို့တော်ခန်းမအား အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုသို့ ပြုပြင်ပြီးနောက်ပိုင်းတွင် အကြီးစားပြုပြင်မွမ်းမံမှုများမပြုလုပ်နိုင်ခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ မြို့တော်ခန်းမက ကားလမ်းကနေမြင်ရတဲ့အတိုင်းသာ ဖြစ်ပါတယ်။ မြို့တော်ခန်းမရဲ့ ရှေ့၊ နောက်၊ ဘေး ၊ ဝဲ/ယာသည် ရေတံလျှောက်များ ပျက်စီးပြီး အပေါ်မှာသစ်ပင်များ ပေါက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ အောက်ခြေတွေ၊ တိုင်တွေမှာဆွေးနေတာ မြင်တွေ့ရခြင်းဖြစ်ပါတယ်။ ဒါကတော့ တံခါးတွေမှန်တွေကွဲနေရခြင်းဖြစ်ပါတယ်။ ဒါကြွေပြားတွေကွဲအက်ပြီး ကြွနေတဲ့အနေအထားဖြစ်ပါတယ်။ ဒါမျက်နှာကျက်တွေ ရေယိုခြင်းနဲ့ ဒီဘေးအဆောင်ပေါ့ ဝန်ထမ်းနေတဲ့အဆောင်မှာလည်း မျက်နှာကျက်တွေ ကျွံနေခြင်းဖြစ်ပါတယ်။ ဒါကတော့ ငလျင်ဒဏ်ထိပြီးတော့လည်း ကွဲအက်နေခြင်းဖြစ်ပါတယ်။ ဒါကတော့ အရှေ့ရေတံလျှောက်ရေမြောင်းများ ကောင်းမွန်စွာမပြင်ဆင်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကတော့ ရေတံလျှောက်တွေ ဆွေးမြေ့ပြီး ပေါက်ပြဲနေခြင်းဖြစ်ပါတယ်။ ဒါကတော့ ဘေးဖက်ကနေမြင်ရတဲ့မြင်ကွင်းဖြစ်ပါတယ်။ ခေါင်မိုးတွေပေါ်မှာ မြက်ပင်ချုံနွယ်တွေ ပေါက်နေခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မူဆယ်မြို့၊ မြို့တော်ခန်းမသည် အရေးကြီးပုဂ္ဂိုလ်များ တွေ့ဆုံပွဲများပြုလုပ်ခြင်း၊ အထိမ်းအမှတ် အခမ်းအနားများ မကြာခဏ ကျင်းပပြုလုပ်လေ့ရှိသော နေရာဖြစ်ခြင်း၊ မူဆယ်မြို့၏ မျက်နှာစာအဖြစ် ထိန်းသိမ်းထားရှိသင့်သည့် နေရာဖြစ်သည့် အတွက် လက်ရှိမြို့တော်ခန်းမ၏ ဥပဓိရုပ်မှာ မြို့အင်္ဂါရုပ်နှင့် ကိုက်ညီမှုမရှိဘဲ ယိုယွင်းလျက်ရှိနေပါတယ်။

Shan State Hluttaw

သို့ဖြစ်ပါ၍ နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်ပြီး၊ ခရိုင်မြို့အဆင့်နှင့်အညီ သပ်ရပ်ကောင်းမွန်သည့် မြို့တော်ခန်းမအသစ်တစ်ခုအဖြစ် ပြောင်းလဲတည်ဆောက်ရန် လိုအပ်လျက်ရှိသည့်အတွက် မူဆယ်မြို့ မြို့တော်ခန်းမအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စားကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နူတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်စွာဝင်း(ခ)M အောင်ဂျာ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော် ဦးခွန်ထွန်းဖြူမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ မြို့တော်ခန်းမသည် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပါတယ်။ မြေဧရိယာ (၀.၃၀၁)ကေကျယ်ဝန်းပါတယ်။ စည်ပင်သာယာရေးဌာန အမည်ပေါက်ဖြစ်ပြီး (၃၀.၄.၂၀၀၁)မှ (၂၉.၄.၂၀၃၀)အထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားပါတယ်။ မြို့တော်ခန်းမမြေနေရာအတွင်း အတိုင်းအတာ (၁၀၀ ပေ ×၄၃ ပေ × ၂၁ ပေ)အမြင့်ရှိ အုတ်ညှပ်နံကပ်(၁)ထပ် ခန်းမအဆောက်အဦတည်ဆောက်ထားရှိပြီး ခန်းမနှင့်တွဲ၍ ဝန်ထမ်းလိုင်းခန်း (၃)ခန်းအဖြစ် အသုံးပြုလျက်ရှိပါတယ်။ မြို့တော်ခန်းမ အဆောက်အဦသည် ၁၉၇၀ ခုနှစ် ဝန်းကျင်တွင် စတင်တည်ဆောက်ခဲ့ပြီးတော့ သက်တမ်းအားဖြင့် (၅၆)နှစ်ခန့်ကြာမြင့်ပြီဖြစ်တယ်။ မြို့အင်္ဂါရုပ်နှင့် ကိုက်ညီမှုမရှိတော့ဘဲ ဟောင်းနွမ်းယိုယွင်းလျက်ရှိပါတယ်။ အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာ မူဆယ်မြို့၊ ဂရိတ်ဟော်ခမ်းကုမ္ပဏီမှ ရေးဆွဲတင်ပြလာတဲ့ ကားပါကင်၊ VIP နားနေခန်း၊ လူဦးရေ (၄၅၀)ဦး ဝင်ဆန့်သော ခန်းမ၊ စတိတ်စင်၊ အများသုံး သန့်စင်ခန်းတို့ ပါဝင်တဲ့ အတိုင်းအတာ (၁၁၀ ပေ × ၁၀၇ ပေ × ၆၆ ပေ) အမြင့်ရှိ Basement Floor ပါ (၂)ထပ် သံကူကွန်ကရစ် အမျိုးအစားအဆောက်အဦ

Shan State Hluttaw

ပုံစံဖြင့် ခန့်မှန်းငွေကျပ် (၉၉၁.၀၀)သန်း ကုန်ကျမည်ဖြစ်ကြောင်း ရေးဆွဲတင်ပြခဲ့မှု အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး များရဲ့ (၁၆.၁၂.၂၀၂၀) ရက်နေ့ မူဆယ်မြို့သို့ လာရောက်သော ခရီးစဉ်အတွင်း မူဆယ်မြို့ မြို့တော်ခန်းမ အဆင့်မြှင့်တင်တည်ဆောက်ဖို့အတွက် ဦးစွာစိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ခေါ်ယူရန် လမ်းညွှန်မှာကြားခဲ့မှုအရ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေး နှစ်မှာ ဦးစွာစိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ခေါ်ယူခဲ့သော်လည်း လာရောက် လျှောက်ထားသူမရှိတဲ့အတွက် မြို့တော်ခန်းမ အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ မူဆယ်မြို့၊ မြို့တော် ခန်းမ အဆောက်အဦအား ခရိုင်မြို့အဆင့်နှင့်အညီ ဖြစ်စေရန်အတွက် လက်ရှိခန်းမ အဆောက်အဦကို အဆင့်မြှင့်တင်၍ အသစ်တည်ဆောက်ခြင်း သို့မဟုတ် အကြီးစား ပြန်လည်ပြုပြင်ခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဂရိတ်ဟော်ခမ်း ကုမ္ပဏီမှ ယခင်ရေးဆွဲထားသော မူဆယ်မြို့၊ မြို့တော်ခန်းမအဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေစာရင်းကို ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာ ရေးနှစ် ဒေသပေါက်ဈေးနှုန်းဖြင့် ပြန်လည်တွက် ချက်မှုအရ ခန့်မှန်းကုန်ကျငွေကျပ် (၃၆၇၉.၀၀၀)သန်း ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အကြီးစား ပြန်လည်ပြုပြင်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်မည် ဆိုပါက အောက်ပါအတိုင်း ကုန်ကျမှာဖြစ်ပါတယ် -

(က)	ခန်းမအမိုးအသစ် လဲလှယ်ပြုပြင်ခြင်း	၅၂.၀၀၀ သန်း
(ခ)	ခန်းမမျက်နှာကျက် အသစ်လဲလှယ်ခြင်း	၄၇.၀၀၀ သန်း
(ဂ)	ခန်းမအဆောက်အဦ ဆေးသုတ်ခြင်း	၄၅.၀၀၀ သန်း
(ဃ)	ခန်းမနောက်ကျောကွန်ကရစ်ခင်းခြင်း	၈.၀၀၀ သန်း
(င)	(၄) ခန်းတွဲ သန့်စင်ခန်း (၂) လုံး တည်ဆောက်ခြင်း	၅၅.၀၀၀ သန်း
(စ)	မိလ္လာကန်တည်ဆောက်ခြင်း	၁၁.၀၀၀ သန်း
(ဆ)	ပြတင်းတံခါးများအသစ်လဲလှယ်ပြုပြင်ခြင်း	၁၄.၀၀၀ သန်း
(ဇ)	ပေါ်တီကိုစတီးသံပန်းတပ်ဆင်ခြင်း	၂၆.၀၀၀ သန်း
(ဈ)	လျှပ်စစ်မီးလိုင်းများ ပြုပြင်ခြင်း	၇.၀၀၀ သန်း
(ည)	စတိုခန်းပြုပြင်ခြင်း	၄.၀၀၀ သန်း
	စုစုပေါင်း	**၂၆၉.၀၀၀ သန်း**

Shan State Hluttaw

ကုန်ကျမှာဖြစ်ပါတယ်။ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် နှစ်အလိုက် ကောက်ခံရရှိတဲ့ ဘဏ္ဍာရန်ပုံငွေပေါ်မူတည်၍ မူဆယ်မြို့ပေါ်ရပ်ကွက်များတွင် လိုအပ်လျက်ရှိသောလမ်း၊ တံတား၊ အခြားတည်ဆောက်ရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ရန်ပုံငွေခွဲဝေ ဆောင်ရွက်လျက်ရှိပါတယ်။ မူဆယ်မြို့၊ မြို့တော်ခန်းမအား အကြီးစားပြုပြင်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်လျာထားရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆင့်မြှင့်တင် အသစ်တည်ဆောက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက ဌာနရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လုံလောက်မှုမရှိပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ရန်ပုံငွေ တစ်ရပ်ရပ်မှ တင်ပြတောင်းခံခြင်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ (၁၀၀%) ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်လိုမှုများရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဦးစွာစိတ်ဝင်စားမှုအဆိုပြုလွှာ (EOI)ခေါ်ယူခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသော ဧည့်သည်တော်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွဲ့ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တာချီလိတ်မြို့ကနေ တောင်ကြီးမြို့အထိ တရားမဝင်ဖွင့်လှစ်ထားတဲ့ စစ်ဆေးရေးဂိတ်များ၊ မလိုလားအပ်သောငွေကြေးများပေးဆောင်နေရခြင်းနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ အချိန်တို အတွင်းသွားလာနိုင်ရေးအတွက် မည်ကဲ့သို့ စီစစ်ကြပ်မတ်ပေးမည်ကို သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

Shan State Hluttaw

၂၀၂၁ ခုနှစ်၊ နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်နိုင်ငံသူ၊ နိုင်ငံသားများ တည်ငြိမ်အေးချမ်းရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့မှ တောင်ကြီးမြို့ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးပြုလုပ်တဲ့ လမ်းကြောင်းတစ်လျှောက်တွင် တာချီလိတ်မြို့တွင် မယ်ယန်းဂိတ်၊ မိုင်းဖြတ်မြို့တွင် မိုင်းဖြတ်ဂိတ်၊ ကျိုင်းတုံမြို့အဝင် နောင်နွန်း(ရေပူဂိတ်)၊ ကျိုင်းတုံမြို့အထွက် ကျိုင်းဖောင်းဂိတ်၊ မိုင်းပျဉ်းမြို့တွင် မိုင်းပျဉ်းဂိတ်၊ ရှမ်းအရှေ့ဘက်တာကော်ဂိတ်၊ ရှမ်းတောင်ဘက် တာကော်ဂိတ်၊ ကာလိမြို့တွင် ကာလိဂိတ်၊ ကွန်ဟိန်းမြို့တွင် ကွန်ဟိန်းဂိတ်၊ နမ့်စန်မြို့တွင် နမ့်စန်ဂိတ်၊ လွိုင်လင်မြို့တွင် လွိုင်လင်ဂိတ်၊ မိုင်းပွန်မြို့တွင် မိုင်းပွန်ဂိတ်၊ တောင်ကြီးမြို့တွင် (၄)မိုင်ဂိတ်နှင့် အောင်သပြေစစ်ဆေးရေးဂိတ်များအား ဖွင့်လှစ်ထားရှိပြီး စစ်ဆေးရေးဂိတ်များတွင် ဌာနဆိုင်ရာပေါင်းစုံအဖွဲ့များမှ နိုင်ငံတော်အား ဖျက်လိုဖျက်ဆီးပြုလုပ်မည့်အကြမ်းဖက်သမား၊ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသူများ၊ တရားမဝင် ကုန်ပစ္စည်းများအား ဟန့်တားနိုင်ရေးအတွက် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့်အတွက် အထိုက်အလျောက် ပြည်သူလူထုအတွက် အကြမ်းဖက်မှုအန္တရာယ်မှလျော့နည်းလာသည်ကို တွေ့မြင်နေရသည့်အတွက် ပြည်သူများအနေနဲ့ များစွာကျေနပ်မှုရှိကြပါတယ်။ သို့သော်လည်း တစ်ဖက်တွင် စစ်ဆေးရေးဂိတ်အချို့၏ပြုမူလုပ်ဆောင်မှုများကြောင့် ခရီးသွားပြည်သူများ အခက်အခဲအကြပ်အတည်းများနှင့် ရင်ဆိုင်နေကြရပြီး ခရီးသည်ပို့ဆောင်ရေးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များအနေဖြင့် မလိုလားအပ်သော အချိန်ကြန့်ကြာမှု၊ မလိုအပ်တဲ့ ငွေကြေးများပေးဆောင်နေကြရသည့်အတွက် နိုင်ငံတော်အစိုးရ၏ ပုံရိပ်များကို များစွာထိခိုက်စေလျက်ရှိနေပါတယ်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတိုးတက်ကောင်းမွန်စေရန် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်ဖို့ လွန်စွာအရေးကြီးပါတယ်။ အချို့သော စစ်ဆေးရေးဂိတ်များဆိုလျှင် ကျွန်တော်တို့ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များလွတ်တော်အစည်းအဝေးတက်လာတဲ့သည့်အခါ လွတ်တော်က ထုတ်ပေးတဲ့ ယာဉ်ဝင်ခွင့်ကတ်ပြားများ မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိသည်ကိုတွေ့မြင်ပါလျက် လွတ်တော်ကိုယ်စားလှယ်ကတ်များကို တောင်းယူစစ်ဆေးခြင်း၊ တင်းကြပ်စွာစစ်ဆေးခံကြရတဲ့ လွတ်တော်ကိုယ်စားလှယ်များလည်းရှိပါတယ်။ ဒါ့အပြင် မလိုအပ်တဲ့ငွေတွေ ပေးဆောင်နေကြရတာကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ပြည်သူများအနေနဲ့ ခါးစည်းခံနေကြရပါတယ်။ ငွေကြေးတစ်စုံတစ်ရာ ရရှိတာက စစ်ဆေးရေးဂိတ်များဖြစ်ပါတယ်။ လမ်းပျက်လို့ မပြုပြင်နိုင်သေးရင် အပြစ်တင်ဝေဖန်ခံရတာက နိုင်ငံတော်အစိုးရပဲ ဝေဖန်ခံရတာဖြစ်ပါတယ်။ ငါးနှစ်တာကာလ

Shan State Hluttaw

အတွင်း စစ်ဆေးရေးဂိတ်အချို့က ရရှိတဲ့ငွေကြေးများသည် နိုင်ငံတော်ဘဏ္ဍာ အခွန်အဖြစ် တစ်ကျပ်မှမရရှိဘဲ ကိုယ်ကျိုးအတွက် အသုံးပြုကြခြင်းကြောင့် နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်အတွင်း စစ်ဆေးရေးဂိတ်များထားရှိခြင်းကို ကျွန်တော့်အနေဖြင့် ကန့်ကွက်တင်ပြနေခြင်း မဟုတ်ပါ။ စစ်ဆေးရေးဂိတ်များဟာ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် လိုအပ်ပါတယ်ခင်ဗျား။ သို့သော်လည်း တစ်ဖက်မှာ လွဲမှားစွာ လုပ်ဆောင်နေတာတွေကို ပြည်သူလူထုအတွက် တားဆီးပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာ တာဝန်ရှိပါတယ် ခင်ဗျား။ ဥပမာအားဖြင့် စည်းမဲ့ကမ်းမဲ့စီးဆင်းနေတဲ့ တောင်ကျရေကို ကျွန်တော်တို့အနေနဲ့ အရှိန်သတ်ခြင်း၊ ရေစီးလမ်းကြောင်း တည့်ပေးခြင်းလုပ်ပေးနိုင်မှသာ စိုက်ခင်းများ၊ မြို့ရွာများ ပျက်စီးနိုင်မည့် အန္တရာယ်ကို အချိန်မီထိန်းသိမ်းကာကွယ်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ဆေးရေးဂိတ်များတွင် လိုအပ်တဲ့ဌာနများသာ ထားရှိသင့်ပါတယ်။ သို့မှသာ ကောင်းမွန်တဲ့ အစိုးရ၊ သန့်ရှင်းတဲ့အစိုးရ ဖြစ်လာမှာဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရရဲ့ ပုံရိပ်ကို ထိခိုက်စေနိုင်တဲ့လုပ်ရပ်များကို လုပ်ဆောင်နေကြတဲ့ တာချီလိတ်မြို့မှ တောင်ကြီးမြို့အထိ ဖွင့်လှစ်ဆောင်ရွက်နေတဲ့ စစ်ဆေးရေးဂိတ်များတွင် မလိုလားအပ်သော ငွေကြေးများ ကောက်ခံနေခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ အချိန်တိုအတွင်း သွားလာနိုင်ရေးအတွက် မည်ကဲ့သို့ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးမည်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ တစ်ဆက်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းဟွမ်နဲ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်များရဲ့ Protocol အဆင့်အတန်းသတ်မှတ်ချက်အား သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပ ပြီးစီးခဲ့ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ အသီးသီးပေါ်ပေါက်လာခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်အရပ်သား အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာပြီး ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများတွင်မှာ အသီးသီးတာဝန်ယူဆောင်ရွက်နေကြပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ တတိယအကြိမ် ပထမပုံမှန် အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရား လွှတ်တော်ချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ပြီးသည့် နောက်တွင် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြို့မိမြို့ဖများ၊ ပြည်သူလူထုများနှင့် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ ဌာနဆိုင်ရာများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တိုင်ပင်ညှိနှိုင်း အစည်းအဝေးများ ပြုလုပ်ခဲ့ပါတယ်။ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲများတွင် ပြည်သူတစ်ဦးမှ “ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆင့်အတန်းသတ်မှတ်ချက် Protocol ကို ဘယ်လိုသတ်မှတ်ထားပါသလဲ ”ဟု မေးမြန်းဆွေးနွေးခဲ့ပါတယ်။ ၎င်း၏ ဆွေးနွေးမေးမြန်းချက်များအတိုင်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆင့်အတန်း သတ်မှတ်ချက်များ ရှိမနေခြင်းကြောင့် မြို့နယ်အဆင့် ကျင်းပပြုလုပ်သည့် အခမ်းအနားများ၊ ခရိုင်အဆင့် အခမ်းအနားများ၊ ပွဲတော်များ၊ နိုင်ငံတော်/ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် လေလံ/ တင်ဒါ အိတ်ပိတ် ဖွင့်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား ခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်နေကြတဲ့အတွက် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ အခန်း (၅)၊ ပုဒ်မ ၈၄ မှာ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးတဲ့ မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနနှင့်ပြည့်စုံသော အများကကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထား ဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်ရမည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ သို့သော်လည်း

Shan State Hluttaw

လွတ်တော်ကိုယ်စားလှယ်များကိုအရေးမကြီးတဲ့ကိစ္စတွေမှာသာခေါ်ပြီး အရေးကြီးတဲ့ကိစ္စတွေမှာ မခေါ်ဘူးဆိုတဲ့ပုံစံမျိုး ပြုလုပ်နေတာတွေကို တွေ့ရှိနေရပါတယ်။ လွတ်တော်ကိုယ်စားလှယ်များ အဆင့်အတန်း သတ်မှတ်ချက်ထားရှိခြင်းမရှိပါက မလေးမစား ပြုလုပ်မှုများ ဆက်လက်လုပ်ဆောင်နေပြီး မဏ္ဍိုင်ကြီး (၃)ရပ်သည် အပြန်အလှန်ထိန်းကျောင်းဖို့ အခက်အခဲရှိနေပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် လွတ်တော်ကိုယ်စားလှယ်များရဲ့ Protocol အဆင့်အတန်းသတ်မှတ်ချက်အား မည်ကဲ့သို့ သတ်မှတ်ထားရှိသည်ကို သိရှိလိုသည့်အပြင် ခရိုင်၊ မြို့နယ်အဆင့်များတွင် မည်ကဲ့သို့သတ်မှတ်ထားတာကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းအား ပြည်နယ် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ကျိုင်းတုံမြို့နယ် ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွဲ့မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မြို့လုံခြုံရေးနှင့် လမ်း/ တံတားလုံခြုံရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖြတ်သန်းသွားလာမှုမရှိစေရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်းများ၊ ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများနှင့် လူမှောင်ခိုကုန်ကူးသူများမရှိစေရေးတို့အတွက် ကျွန်တော်တို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းပြီး စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များထားရှိ၍ ဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီး - ဟိုပုံး - လွိုင်လင် - နမ့်စန် - မိုင်းပျဉ်း - ကျိုင်းတုံ - တာချီလိတ်လမ်းကြောင်းသည် မြန်မာနိုင်ငံ၏ အရေးပါဆုံးသော ကုန်သွယ်ရေးလမ်းကြောင်းများထဲမှတစ်ခုဖြစ်ပြီး အိမ်နီးချင်းထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ခြင်းနှင့် ၎င်းနိုင်ငံများမှ ကုန်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းရာတွင် အဓိကကျသည့် လမ်းကြောင်းဖြစ်ပြီး ဖြတ်သန်းသွားလာရာမှာ လမ်းကြောင်းပေါ်မှာတော့ ကျွန်တော်တို့စစ်ဆေးရေးဂိတ်တွေ လုံခြုံရေးဂိတ်တွေမှာ တင်ပြပါအတိုင်းထားရှိပါတယ်-

(၁) တောင်ကြီးမြို့၊ (၄) မိုင် ကျွန်တော်တို့ ပူးပေါင်းစစ်ဆေးရေးဂိတ်

Shan State Hluttaw

(၂) ဟိုပုံးမြို့မှာတော့ မိုင်းပွန်တံတား လုံခြုံရေးဂိတ်

(၃) လွိုင်လင်မြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်ရှိပါတယ်

(၄) နမ့်စန်မြို့ အဝင်မှာတော့လုံခြုံရေးဂိတ်ရှိပါတယ်

(၅) တာဆန်း တံတားမှာတော့ကျွန်တော်တို့လုံခြုံရေးဂိတ်

(၆) ကွန်ဟိန်းတံတား လုံခြုံရေးဂိတ်နှင့်

(၇) တာကော်တံတားကတော့ ပူးပေါင်းစစ်ဆေးရေးဂိတ်ဖြစ်ပါတယ်

(၈) မိုင်းပျဉ်းမြို့ လုံခြုံရေးဂိတ်

(၉) ကျိုင်းဖောင်း ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့်

(၁၀) နောင်နွန်း ပူးပေါင်းစစ်ဆေးရေးဂိတ်

(၁၁) မိုင်းဖြတ်မြို့ စစ်ဆေးရေးဂိတ်နှင့်

(၁၂) မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်များ

ကျွန်တော်တို့ ဖွင့်လှစ်ပြီးတော့ ပူးပေါင်းစစ်ဆေးအဖွဲ့တွင် ပါဝင်သော သက်ဆိုင်ရာ ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးလျက်ရှိပါတယ်။ စစ်ဆေးရေးဂိတ်များမှာ ကျွန်တော်တို့ ကုန်တင်ယာဉ်တွေ ခရီးသည်တင်ယာဉ်တွေ၊ ဒေသထွက်ကုန်တင်ယာဉ်များအား စစ်ဆေးရာမှာ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် ကျွန်တော်တို့ ရွေးနုတ်စစ်ဆေးခြင်း (Random Check)နဲ့ အထက်ဌာန ချုပြသတင်းနှင့် သတင်းပေးများထံမှ သတင်းရရှိပါက အသေးစိတ်စစ်ဆေးခြင်း (Detail Check)များ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြေး(၄)ပြေး တရားခံ(၂၀၅)ဦး၊ တရားမဝင်ကုန်ပစ္စည်း (၃၃)မှု၊ ဒါ့အပြင် ၂၀၂၆ ခုနှစ်ဆိုရင် တရားမဝင်ကုန်ပစ္စည်းဖမ်းဆီးရရှိမှု ဖွန်လအထိ အားလုံးအမှုပေါင်း ၄၀၀ ကျော် ကျွန်တော်တို့ ဖမ်းဆီးထားပြီးဖြစ်ပါတယ်။ ဒါမူးယစ်မှုဆိုရင် (၅၆)မှု၊ တရားမဝင် နိုင်ငံခြားသား (၁၀)ဦး၊ လိုင်စင်မဲ့မော်တော်ယာဉ်အစီး ၁၀၀ ကျော်၊ လက်နက်/ ခဲယမ်း (၃)မှု ဖမ်းဆီးရမိခဲ့ပြီးတော့ (၁.၁.၂၀၂၆) ရက်နေ့မှ (၃၁.၇.၂၀၂၆) ရက်နေ့အထိ ပြေး(၄)ပြေး တရားခံ (၈၉)ဦး၊ တရားမဝင်ကုန်ပစ္စည်း (၆၂)မှု၊ ဒါထပ်မံပြီးတော့ ဖမ်းဆီးရရှိပြီးဖြစ်ပါတယ်။ ၎င်းအပြင် စစ်ဆေးရေးဂိတ်များမှာ တရားမဝင်ငွေကြေးတောင်းခံတဲ့ ရဲတပ်ဖွဲ့ဝင်များအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့ ၂၀၂၄ ခုနှစ်တွင် (၁၅)ဦး၊ ၂၀၂၅ ခုနှစ်တွင် (၁)ဦး အရေးယူဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်း

Shan State Hluttaw

များအနေနဲ့ စစ်ဆေးရေးဂိတ်များမှာ လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းများရှိပါက အချက်အလက် မှန်ကန်စွာဖြင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ တိုင်တန်းနိုင်ပါကြောင်းနှင့် ဝန်ထမ်းများအား အဂတိတရားကင်းရှင်းစွာ တာဝန်ထမ်းဆောင်စေရေး သက်ဆိုင်ရာဌာနအလိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော်တို့ လုံခြုံရေးဂိတ်၊ စစ်ဆေးရေး ဂိတ်များမှာ ကျွန်တော်တို့ တိုင်းအထက်ဌာနကနေ ညွှန်ကြားချက်အရ ကျွန်တော်တို့ ဂိတ်တွေကို ထပ်မံလျော့ချပေးပြီးဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များကိုလည်း ထပ်မံအကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ Protocol လိုအပ်ချက်များနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်မြို့နယ်အဆင့် ကျင်းပပြုလုပ်တဲ့ ကျွန်တော်တို့ အခမ်းအနားပွဲတော်တွေမှာ သက်ဆိုင်ရာလွတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားဆောင်ရွက်ရန်အတွက် ကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်/ ပြည်နယ်အဆင့်အစိုးရ ရန်ပုံငွေဖြင့် လေလံ/ တင်ဒါအိတ်ဖွင့်ခြင်း လုပ်ငန်းများဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇၊ ကျွန်တော်တို့ ဂု/၂၀၂၀၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးရဲ့ ညွှန်ကြား ချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် လွတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းမရှိကြောင်း သိရှိရပါတယ်။ အဆိုပါညွှန်ကြားချက်များအရ တင်ဒါကော်မတီကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်တဲ့ ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော) ကိုယ်စားလှယ်တစ်ဦး၊ တည်ဆောက်ရေးဌာနအဖွဲ့အစည်း၏ ကိုယ်စားလှယ်တစ်ဦးစီတို့မှ အဖွဲ့ဝင်နှင့် လုပ်ငန်းသဘာဝအရ လိုအပ်ပါက ဆက်စပ်ဌာနများမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်တဲ့ ကိုယ်စားလှယ်များကို အဖွဲ့ဝင်နှင့် တင်ဒါခေါ်ယူတဲ့ ဦးစီးဌာနနှင့် သက်ဆိုင်တဲ့ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးတွေကို အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းရမည်ဟု ဖော်ပြပါရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း ကျွန်တော်တို့ ၁၀ သန်းအောက် လုပ်ငန်းများအတွက်လည်း တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ ကျပ်သန်း ၁၀ သန်းနှင့် အထက်တန်ဖိုးရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ကန့်သတ်တင်ဒါခေါ်ယူခြင်းများကို တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်းများကို ဆောင်ရွက်ခဲ့ရပါတယ်။

Shan State Hluttaw

ဝယ်ယူရေးလုပ်ငန်းများမှာတော့ သန်း ၂၀ အောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းနဲ့ ဆောင်ရွက်ရန် မလိုဘဲ တင်ဒါဥပဒေ ကော်မတီအနေဖြင့် ယုံကြည်စိတ်ချရတဲ့ အနည်းဆုံး ကုမ္ပဏီ(၃)ခုထံမှ ဈေးနှုန်း အဆိုပြုလွှာ တောင်းခံဆောင်ရွက်နိုင်ပါတယ်။ ကျပ်သန်း ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရပါမယ်။ ကျပ်သန်း ၂၀၀ အထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ခေါ်ယူခြင်းကို ဆောင်ရွက်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်အမှတ်၊ ၂၂/၂၀၂၆၊ ၂၆/၂၀၂၆ နှင့် ၁၃-၈-၂၀၂၆ ရက်စွဲပါစာအမှတ်နှင့် ၁၀၅(၁)/၈/သမ္မတရုံးအရ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များပါဝင်သော ပြည်ထောင်စု အဂၤါစဉ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ Protocol အဆင့်သတ်မှတ်ချက်မပါရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ပထမမေးခွန်းအဓိကမေးတာ ကျွန်တော်တို့ ဒီစစ်ဆေးရေး ဂိတ်တွေ ကျွန်တော်တို့ ကြန့်ကြာနေတဲ့ကိစ္စလေးပေါ့နော်။ တစ်ချို့ဂိတ်တွေဆို ကျွန်တော်တို့ ညအိပ်ရတာမျိုးတွေ မနက်(၆)နာရီမှ ကျွန်တော်တို့ ထွက်ရတာမျိုးတွေ ရှိတယ်ပေါ့နော်။ ကျွန်တော်တို့ ခုနက ဖြေကြားပေးသွားတာ ကျွန်တော်တို့ ဒီငွေရေး ကြေးရေးတွေ့ရှိ တိုင်တန်းမယ်ဆိုတာ ကျွန်တော်တို့က တိုင်တန်းဖို့မဟုတ်ပါဘူး။ အများအမြင် ထင်သာမြင်တဲ့ ပေးဆောင်နေရတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော်ဒီအချိန် ကြန့်ကြာစစ်ဆေးမှုများနဲ့ ကျွန်တော်တို့ ငွေကြေးပေးဆောင်မှုတွေကို ဘယ်လိုစီစစ်ထိန်းသိမ်းပေးမယ်ဆိုတာ တင်ပြလိုပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော် ခုနကလိုပဲ ဖြေကြားသွားတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးရဲ့ ဒီ ၂၀၂၆ ဧပြီလ ၁၁ ရက်နေ့နဲ့ ၂၀၂၆ ဩဂုတ်လ ၁၁ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ ပြည်ထောင်စု အဂၤါစဉ်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆင့်အတန်းကို မဖော်ပြထားဘူးဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မလို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆင့်အတန်းသတ်မှတ်ချက်ကို အတိအကျ

Shan State Hluttaw

သတ်မှတ်ပြီး ထုတ်ပြန်ဖော်ပြ ပေးရန် အစီအစဉ် ရှိ/မရှိဆိုတာ သိလိုပါတယ်လို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ ကျွန်တော်တို့ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့လည်း ဒါကြန့်ကြာမှုမရှိအောင် ဖြေကြားတဲ့ထဲမှာ လည်းပါပါတယ်။ ကျွန်တော်တို့ ဒီစစ်ဆေးမှုကို တစ်ချို့ဟာ ရွေးနှုတ်စစ်ဆေးတာ ရှိသလို တစ်ချို့အသေးစိတ်စစ်ဆေးတာတွေကို ကျွန်တော်တို့ဂိတ်တွေကနေ ဆောင်ရွက် ပေးရတာရှိပါတယ်။ နောက်ပြီးတော့ ဂိတ်တွေမှာ မနက်ဆိုရင် ကျွန်တော် (၇)နာရီက နေပြီးတော့မှ ည(၁၀)နာရီအထိ ကျွန်တော်တို့စစ်ဆေးမှုတွေကို လုပ်ပါတယ်။ ညပိုင်းကျရင် ဒီဂိတ်မှာရှိတဲ့ တာဝန်ကျတဲ့ ဌာနဆိုင်ရာတို့လည်း သူတို့နားချိန်လေး ကျွန်တော်တို့ အားလုံးလဲ (၁၀)နာရီကနေ နံနက်ကို (၆)နာရီကနေ (၄)နာရီတွေမှာ ပြန်ဖွင့်တာဖြစ်တဲ့အတွက်ကြောင့် သူတို့နားချိန်လေးတွေ (၆)နာရီကနေ (၄)နာရီပဲ ရှိတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့ စစ်ဆေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက လည်း ကျွန်တော်တို့ Protocol နဲ့ပတ်သက်ပြီးတော့ အထက်ဌာန ညွှန်ကြားချက်မှာ လောလောဆယ်မပါတဲ့အတွက် ထပ်ပြီးတော့ သက်ဆိုင်ရာ တာဝန်ရှိသူများကို မေးမြန်းပြီးတော့မှ ပြန်လည်ဖြေကြားသွားဖို့တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်နန်းမွန်းအောင် ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျေးသီးမြို့နယ်၊ မိုင်းယန်းကျေးရွာအုပ်စုတွင် သံကွန်ကရစ်တံတား၊ သစ်ရိုက် ကျောက်ဖြည့်ဆည်နှင့် ရေခွဲအဆောက်အဦ တည်ဆောက်နိုင်ရန်ကိစ္စနှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်းပါရစေရှင့်။ အထက်ပါအကြောင်းအရာနှင့် စပ်လျဉ်း၍ မိုင်းရှူးခရိုင်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၊ မိုင်းယန်းကျေးရွာအုပ်စုတွင် အိမ်ခြေ(၂၄၉)အိမ်နှင့် လူဦးရေ (၁၀၃၆)ဦး ရှိပါတယ်ရှင်။

Shan State Hluttaw

ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၊ မိုင်းယန်းကျေးရွာအုပ်စု၊ ခုတ်နမ့်ကျေးရွာတွင် ဖြတ်သန်းစီးဆင်းနေသော နမ့်ဟွတ်ချောင်းသည် မိုးရာသီတွင် လဲချားမြို့၊ ကောင်းဟူးချောင်း၊ ဆီဆော့ချောင်း၊ နမ့်စန်မြို့နယ်၊ နမ့်ဟူးဟိုင်းချောင်းများမှ မိုးရေကြီးခြင်းကြောင့် ၂၀၁၇/၂၀၂၁/၂၀၂၅ ခုနှစ် ဇွန်လိုင်လများတွင် မိုးရေကြီးပြီး ခုတ်နမ့်ကျေးရွာနှင့် မိုင်းယန်းကျေးရွာအုပ်စုအတွင်းရှိ နေအိမ်များ၊ လယ်များတွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်ရှင်။

ခုတ်နမ့်ကျေးရွာတွင် နမ့်ဟွတ်ချောင်းရှိ မြေထိန်းနံရံများမှာလည်း မြေသားဖြစ်သောကြောင့် မိုးများသောအချိန်များတွင် မြေပြိုကျခြင်း၊ ရွာသားများမှ ကမ်းချဲ့ခြင်းများ ပြုလုပ်၍ လူနေအိမ်များ၊ လယ်ဧက (၁၀၀) ဧကအတွင်းသို့ နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက် ရှိပါတယ်ရှင့်။

သို့ဖြစ်ပါ၍ (၂၀.၅.၂၀၂၆) ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းမွန်းအောင်နှင့် ဆည်မြောင်းဦးစီးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် နမ့်ဟွတ်ချောင်းသည် ပုံစံကျပြန်လည်ပြုပြင်ခြင်းနှင့် သဲနုန်းဆယ်ယူခြင်း၊ ချောင်းပေါ်ရှိ ချောင်းကူးတံတားအား သံကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ အလျားပေ(၂၀)၊ အမြင့် (၄)ပေခန့် သစ်ရိုက်ကျောက်ဖြည့်ဆည် တည်ဆောက်ခြင်းနှင့် ရေခွဲ အဆောက်အအုံတစ်ခုတည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ယနေ့ဒေါ်နန်းမွန်းအောင် ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ မေးမြန်းထားသော ကြယ်ပွင့်ပြမေးခွန်း အပေါ်

Shan State Hluttaw

ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်ဟွတ် ချောင်းသည် မိုင်းယန်းကျေးရွာ၏ အရှေ့ဘက် တောင်စဉ်တောင်တန်းများမှ ချောင်းဖျားခံ၍ စီးဆင်းလာကာ မိုင်းယန်းကျေးရွာကို ဖြတ်သန်းစီးဆင်းပြီး ခုတ်နမ့် ကျေးရွာအနီးတွင် ချောင်းနှစ်ခွ ခွဲထွက်၍ ရေသောက်လယ်မြေများကို ဖြတ်သန်း စီးဆင်းပြီး ချောင်းခွအောက်ဘက် ပေ(၂၅၀၀)အကွာတွင် ချောင်းနှစ်ချောင်း ပြန်လည်ပေါင်းဆုံစီးဆင်းကာ ကျေးသီးမြို့နယ်အတွင်းရှိ တိန်းဟန့်ကန်အတွင်းသို့ စီးဝင်သွားပါတယ်။ နှစ်စဉ်မိုးရာသီကာလတွင် မိုင်းယန်းကျေးရွာအုပ်စုအတွင်းရှိ ခုတ်နမ့် ကျေးရွာ၊ လူနေအိမ်များနှင့် လယ်ကေ(၁၀၀)အတွင်းသို့ နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါသဖြင့် ၂၀.၅.၂၀၂၆ ရက်နေ့တွင် မိုင်းနောင်မြို့၊ မိုင်းယန်းကျေးရွာ အုပ်စု၊ ခုတ်နမ့်ကျေးရွာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမွန်းအောင် နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများမှ ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ နှစ်ကာလကြာရှည်စွာ သဲနုန်း ပို့ချမှုများကြောင့် ခုတ်နမ့်၏ ကျေးရွာနှင့် မိုင်းယန်းကျေးရွာအနီးတွင် စီးဆင်းနေသော နမ့်ဟွတ်ချောင်းသည် အလျား(၂၀၀၁)ပေခန့် တိမ်ကောနေပြီး ချောင်းအကျယ် ကျဉ်းမြောင်းနေခြင်းကြောင့် မိုးရာသီကာလ၊ မိုးများသောအချိန်များတွင် ခုတ်နမ့် ကျေးရွာအတွင်းရှိ လူနေအိမ်များနှင့် လယ်ကေ(၁၀၀)အတွင်းသို့ နှစ်စဉ်ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အပြင် နမ့်ဟွတ် ချောင်းသည် နမ့်ခုတ်ကျေးရွာအနီးရှိ ချောင်းနှစ်ခွနေရာတွင် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်ပြီး ချောင်းနှစ်ခွကြားရှိ လယ်မြေကေ (၁၀၀)သို့ စိုက်ပျိုးရေ ရယူသုံးစွဲလျက်ရှိပါတယ်။ အဆိုပါလက်ရိုက်ဆည်မှာ မိုးရာသီ မိုးများချိန်တွင် နမ့်ဟွတ်ချောင်းအတွင်းသို့ တောင်ကျရေ အလုံးအရင်းဝင်ရောက် စီးဆင်းလာပြီး ချောင်းရေစီးအားကို မခံနိုင်ဘဲ ချောင်းရေစီးနှင့်အတူ နှစ်စဉ်မျှောပါ ပျက်စီးလျက်ရှိသဖြင့် နှစ်စဉ်ကိုယ်ထူကိုယ်ထ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နမ့်ဟွတ်ချောင်း အလျား(၂၀၀၀)ပေခန့်အား (၃)ပေထူ သဲနုန်းဆယ်ယူခြင်းနှင့် ပုံစံကျပြန်လည်တူးဖော်ခြင်း၊ ခုတ်နမ့်ကျေးရွာအနီးရှိ ဒေသ လက်ရိုက်ဆည်အား အလျား(၂၀)ပေ၊ အမြင့်(၄)ပေခန့်ရှိသော ကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ပေးခြင်းနှင့် ရေလွှဲဆည်မှ (၁၃၀)ပေအကွာတွင် ရေခွဲအဆောက်အအုံ (၁)လုံး တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးခွန်းပါ ခုတ်နမ့်ကျေးရွာနှင့် မိုင်းယန်းကျေးရွာချင်း ဆက်လမ်းပေါ်ရှိ ချောင်းကူးသစ်သားတံတားမှာ ကြံ့ခိုင်မှုကောင်းမွန်သဖြင့် အသစ်

Shan State Hluttaw

တည်ဆောက်ရန် မလိုအပ်သေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါချောင်း ပုံစံကျ ပြန်လည်တူးဖော်ခြင်း ကွန်ကရစ်ရေလွှဆည်တည်ဆောက်ခြင်းနှင့် ရေခွဲအဆောက် အအုံ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ယခုဘဏ္ဍာရေးနှစ် ဒေသပေါက်စျေးနှုန်းဖြင့် တွက်ချက်မှုအရ ကျပ်(၁၅၀.၀၀၀)သန်းခန့် ကုန်ကျမည် ဖြစ်သဖြင့် သင့်လျော်ရာ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ရန်ပုံငွေ၌ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ပြီးပါက ခုတ်နမ့်ကျေးရွာနှင့် မိုင်းယန်းကျေးရွာ အုပ်စုအတွင်းရှိ နေအိမ်များနှင့် လယ်ကေ(၁၀၀)ခန့်အား စိုက်ပျိုးရေ လုံလောက်စွာရရှိစေပြီး ရေကြီး နစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပါကြောင်း အစီရင်ခံဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့) ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို နေ့လယ် ၁၁း၄၅ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

(ဆဋ္ဌမနေ့)မှတ်တမ်း

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကို နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)သို့ (၁) ဦးခင်မောင်ချိုနှင့်အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၁၀) ဦး၊ (၂) ဦးစိုင်းမောင်တင်နှင့်အဖွဲ့ ၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (၁၄)ဦး၊ စုစုပေါင်း(၂၄)ဦး လာရောက်လေ့လာပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

Shan State Hluttaw

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများကို စက်ပိတ်ထားပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၉)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၇.၇၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ၂၀.စ.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေမှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဗိုလ်မှူးဖြိုးထက်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

Shan State Hluttaw

ယနေ့ ခွင့်ပန်ကြားသူ(၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက မေးမြန်းထားတဲ့

Shan State Hluttaw

မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးခင်အောင်ဆွေ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ မန်နားကျေးရွာရှိ သံမဏိရေလွှဲဆည်ရဲ့အောက်ဖက် D/S အပိုင်း မန်နားကျေးရွာ မတ္တာပေါင်းကူးတံတားနေရာအထိ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသောကြောင့် ဤကြွယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ သံမဏိရေလွှဲဆည်ဟာ ဟူးမွန်ရေသောက်စနစ်တွင် ပါဝင်ပြီး စိုက်ကေ(၁၅၀)နှင့် ကျေးရွာနေပြည်သူလူထု သုံးရေအဖြစ် ပေးဝေအကျိုးပြုလျက်ရှိတဲ့ လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု မန်နားကျေးရွာတွင် တည်ရှိသော ရေလွှဲဆည် တစ်ခုဖြစ်ပါတယ်ခင်ဗျား။ အဆိုပါရေလွှဲဆည်၏ အောက်ဖက် D/S အပိုင်းနေရာ ချောင်းတစ်လျှောက်သည် နုန်းပို့ချမှုများပြားပြီး တိမ်ကောလာခြင်း၊ အမှိုက်များ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အမှိုက်သရိုက်များ စုပုံလျက်ရှိခြင်း၊ သဲနုန်းတူးဖော်ခြင်း မဆောင်ရွက်နိုင်သည်မှာ ကာလကြာမြင့်ပြီဖြစ်ပါသဖြင့် ခြံနွယ်များပေါက်ရောက်လျက်ရှိခြင်း စသည်တို့ဖြင့် ရေစီးရေလာကောင်းမွန်မှုမရှိဘဲ မန်နားကျေးရွာနေ ဒေသခံပြည်သူများအနေဖြင့် နွေရာသီတွင် ရေခန်းခြောက်ခြင်း၊ မိုးကာလတွင် မိုးသည်းထန်စွာရွာသွန်းချိန်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိခြင်း၊ အမှိုက်သရိုက် ပိတ်ဆို့လျက်ရှိသဖြင့် ကျန်းမာရေးနှင့် မည်ညွတ်ခြင်းစသည့် အခက်အခဲများ ကြုံတွေ့လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သံမဏိရေလွှဲဆည်အောက်ဖက် D/S အပိုင်းနေရာမှ မန်နားကျေးရွာ မတ္တာပေါင်းကူးတံတားနေရာအထိ အလျား(၃၀၀၀)ပေ၊ ပျမ်းမျှ

အကျယ်(၂၀)ပေ၊ ပျမ်းမျှအနက်(၄)ပေအား သဲနုန်းတူးဖော်ဆောင်ရွက်ပေးမည် ဆိုပါက သဲနုန်းထုပမာဏ (၃၀၀၀)ကျင်းခန့်ရှိမည်ဖြစ်ပြီး ထွက်ရှိလာသော သဲနုန်း များအား အဆိုပါချောင်းတစ်လျှောက် ပုံစံကျပေါင်ဆင့်ခြင်း ဆောင်ရွက်သွားမည် ဖြစ်ကာ စက်ယန္တရားအနေဖြင့် Standard Backhoe အသုံးပြုဆောင်ရွက်ရမည် ဖြစ်ပါတယ်။ စုစုပေါင်းရန်ပုံငွေ လိုအပ်ချက်အနေဖြင့် ကျပ်သန်း(၂၀၀) လိုအပ်မည် ဖြစ်ပါတယ်။ သဲနုန်းတူးဖော်ခြင်း ဆောင်ရွက်ပြီးစီးသွားပါက ရေစီးရေလာကောင်းမွန် စေမည်ဖြစ်ပြီး နွေကာလတွင် ရေခန်းခြောက်ခြင်း၊ မိုးကာလမိုးသည်းထန်စွာရွာသွန်း နေချိန်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ အမှိုက်သရိုက်များ၊ ကျန်းမာရေးနှင့် မညီညွတ်ခြင်းစသည့် အခက်အခဲများမှ ကင်းဝေးစေမည်ဖြစ်ပြီး စိုက်ကေ(၁၅၀)နှင့် ကျေးရွာပြည်သူလူထု သုံးရေတို့အား ထိရောက်စွာနှင့် လုံလောက်စွာပေးဝေနိုင်မည် ဖြစ်ပြီး ရေရှည်အသုံးပြုနိုင်မည်ဖြစ်ကာ ဒေသခံများ၏ မိသားစုစားဝတ်နေရေး ဖူလုံ စေကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်များတည်ဆောက် တာဟာ ကောင်းမွန်တဲ့ အကျိုးစီးပွားများ ဖြစ်ထွန်းပေါ်ပေါက်စေတဲ့အတွက် ကောင်းမွန်တဲ့ လုပ်ငန်းဖြစ်သလို တည်ဆောက်ပြီးသားဆည်များကိုလည်း ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းဟာလည်း အင်မတန်မှ အရေးကြီးသော ဆောင်ရွက်ချက်ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုး မြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ မန်နားကျေးရွာရှိ သံမဏိရေလွှဲဆည်အောက်ဖက် D/S အပိုင်း မန်နားကျေးရွာ မေတ္တာပေါင်းကူးတံတားနေရာအထိ သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသောကြောင့် ဤကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါ တယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာသော ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

Shan State Hluttaw

ဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ယနေ့ ဦးခင်အောင်ဆွေ လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သံမဏိရေလွှဲဆည်သည် လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ မန်နားကျေးရွာတွင် တည်ရှိသော ကျေးလက်ထိန်းရေလွှဲဆည်တစ်ခုဖြစ်ပါတယ်။ အဆိုပါ ရေလွှဲဆည်သည် ဟူးမွန်ရေထိန်းတမံ (ဟူးမွန်အလယ်ဆည်)မှ အေတီချောင်းအတွင်း စီးဝင်သော နမ့်သျှိုချောင်းပေါ်တွင် တည်ရှိပြီး ဟူးမွန်ဆည်ရေသောက်စနစ်တွင် ပါဝင်သည့် စိုက်ဇက (၁၅၀)နှင့် ကျေးရွာနေပြည်သူလူထု သုံးရေအဖြစ် ပေးဝေအကျိုးပြုလျက်ရှိပါတယ်။ ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျောက်စီရေလွှဲဆည်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပါသည်။ ဌာနမှ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ အဆိုပါ ရေလွှဲဆည်၏ အောက်ဖက် D/S အပိုင်းနေရာ ချောင်းတစ်လျှောက်တွင် နှစ်ကာလကြာမြင့်စွာ နုန်းပို့ချမှုများကြောင့် ချောင်းတိမ်ကောဂ် ရေစီးရေလာကောင်းမွန်မှုမရှိဘဲ နွေကာလတွင် ရေခန်းခြောက်ခြင်း၊ မိုးကာလမိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိခြင်း၊ ရေလွှဲဆည်အတွင်းနှင့် အောက်ဖက်ရှိ ရေလမ်းကြောင်း တစ်လျှောက်တို့တွင် အမှိုက်သရိုက်များစုပုံ၍ ပိတ်ဆို့လျက်ရှိနေသဖြင့် ဒေသနေပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်းတို့ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ သံမဏိရေလွှဲဆည်အောက်ဖက် D/S အပိုင်းနေရာမှ မန်နားကျေးရွာ၊ မေတ္တာပေါင်းကူးတံတားနေရာအထိ အလျား(၃၀၀၀)ပေ ပျမ်းမျှအကျယ် (၂၀)ပေ၊ ပျမ်းမျှအနက်(၄)ပေခန့်၊ သဲနုန်းထု(၃၀၀၀)ကျင်းခန့် တူးဖော်ခြင်း၊ ထွက်ရှိလာသော သဲနုန်းများအား အဆိုပါချောင်းတစ်လျှောက် ပုံစံကျပေါင်(ဘောင်)ဆင့်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ရန်အတွက် ယခုနှစ် ဒေသပေါက်ဈေးနှုန်းဖြင့် ခန့်မှန်းတွက်ချက်မှုများအရ ကျပ်သန်းပေါင်း(၂၀၀.၀၀)သန်း ကုန်ကျနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇ - ၂၀၂၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေမည်ဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေမည်ဖြစ်သည့်အပြင် စိုက်ဇက(၁၅၀)နှင့် ကျေးရွာနေပြည်သူလူထု သုံးရေတို့အား လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ပြီး ဒေသခံများ၏ မိသားစုစားဝတ်နေရေး ဖူလုံစေကာ

Shan State Hluttaw

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း အစီရင်ခံဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးလင်းလင်းနိုင်၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးလင်းလင်းနိုင်၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်စားလှယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ ကလောမြို့နယ်ရှိ နန့်ပန်တက် ပူးပေါင်းစစ်ဆေးရေးဂိတ်နဲ့ တောင်ကြီးမြို့နယ် (၄)မိုင်စစ်ဆေးရေးဂိတ်တွေမှာ ချမှတ်ထားသော ည(၁၀)နာရီမှ မနက်(၄)နာရီအတွင်း ယာဉ်ဖြတ်သန်းသွားလာခွင့် ကန့်သတ်ချက်များအား ပယ်ဖျက်ပြီး ခရီးသွားမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ စနစ်တကျစီစစ်၍ အချိန်အခါမရွေး ဖြတ်သန်းသွားလာခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/ မရှိ ကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ်၊ နန့်ပန်တက်ပူးပေါင်းစစ်ဆေးရေးဂိတ်ဟာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို တိုက်ရိုက်ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိပြီး အဝင်အထွက်ဂိတ်ဖြစ်သည့်အလျောက် နေ့စဉ်မော်တော်ယာဉ်မျိုးစုံ ထောင်နဲ့ချီဖြတ်သန်းသွားလာနေရာ တစ်ခုဖြစ်ပါတယ်။ ထို့အတူ တောင်ကြီး(၄)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်ဟာလည်း နေ့စဉ်ယာဉ်ကြီး/ ယာဉ်ငယ်များစွာ ဥဒဟို ဖြတ်သန်းသွားလာရာ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ တောင်ကြီးမြို့အဝင် ဂိတ်တစ်ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ နယ်စပ်မြို့များဖြစ်သော မိုင်းလား၊ တာချီလိတ်၊ ကျိုင်းတုံအစရှိတဲ့ မြို့များကနေပြီးတော့မှ ရှမ်းပြည်(တောင်ပိုင်း) စီးပွားရေးဖွံ့ဖြိုးသော မြို့များဖြစ်တဲ့ နမ့်စန်၊ တောင်ကြီး၊ အောင်ပန်းစတဲ့ မြို့များကဖြတ်ပြီး ကုန်စည်များဟာ ပြည်မရှိ မန္တလေး၊ ရန်ကုန်၊ မြဝတီ၊ မော်လမြိုင်အစရှိသည့် မြို့ကြီး/ မြို့ငယ်များအစုံ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပါတယ်။ "မြန်မာပြည်ရဲ့ မီးဖိုချောင်" ဟု တင်စားခေါ်ဝေါ်နေကြတဲ့ အောင်ပန်းမြို့ရဲ့ပြည်မသို့ ကုန်စိမ်းနှင့်ကုန်မျိုးစုံဖြန့်ဝေမှုဟာလည်း

နိုင်ငံတစ်ဝန်းပြည်သူများအတွက် အလွန်အရေးကြီးသော အသက်သွေးကြောတစ်ခု ဖြစ်နေပါတယ်။ အလွန်အေးချမ်းသာယာလှတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ၊ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ညောင်ရွှေစာပြန်ပွဲ၊ ကလောမီးရှော့တိုင်ပွဲ၊ ပအိုဝ်းတိုင်းရင်းသားတို့ရဲ့မီးလုံးပွဲ၊ တိုင်းရင်းသားများစွာရှိရာ လူမျိုးအလိုက်၊ ဒေသအလိုက် ရိုးရာပွဲများနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည့်အပြင် ခရီးသွားသူတို့ရဲ့အကြိုက် အလည်အပတ်သွားရန် အကောင်းဆုံးနေရာများ၊ အထင်ကရ တန်ခိုးကြီးဘုရားများစွာနှင့် စိတ်ချမ်းသာအေးမြဖွယ်ရာနေရာများစွာကိုလည်း ပိုင်ဆိုင်ထားတဲ့အလျောက် မြေပြန့်ဒေသမှ ခရီးသွားဧည့်သည်များစွာတို့သည်လည်း အချိန်မရွေး၊ ရာသီမရွေးလာရောက်လည်ပတ်သွားလာလေ့ရှိကြပါတယ်။ ယခုအခါ ကုန်တင်ယာဉ်များ၊ ခရီးသွားယာဉ်များ အနေဖြင့် ဂိတ်ပိတ်မည့်အချိန်ကို ချင့်ချိန်ဆောင်ရွက်သွားလာရသည့်အတွက် လုပ်ငန်းမတွင်ကျယ်ခြင်း၊ ကဏ္ဍစုံစီးပွားရေးတိုးတက်မှု နှောင့်နှေးရခြင်း၊ သား/ ငါး ကုန်စိမ်းများ အချိန်ကြန့်ကြာစွာ စောင့်ဆိုင်းရသည့်အတွက် လတ်ဆတ်မှုအားနည်းခြင်း၊ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း၊ ခရီးသည်ပြည်သူများအတွက် ဂိတ်အနီးတွင် တည်းခိုရန် အခက်အခဲများစွာရှိသည့်အတွက် နီးစပ်ရာနေရာများတွင် ဖြစ်သလို အိပ်စက်ရခြင်း၊ ကျန်းမာရေးပြဿနာများအတွက် ဖြေရှင်းရန် အခက်အခဲများရှိခြင်းတို့ကြောင့် ခရီးသွားပြည်သူများ စိတ်သောကကြီးစွာ ရောက်ရခြင်းစသည့် ဆိုးကျိုးများစွာ ခံစားကြရပါတယ်။ အကယ်၍ အချိန်အကန့်အသတ်မရှိ နေ့ညအချိန်အခါမရွေး စနစ်တကျစိစစ်ကာ လွတ်လပ်စွာ ခရီးသွားလာခွင့်ရရှိပါက ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာမည် ဖြစ်သည့်အလျောက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများမှာလည်း ပိုမိုလျင်မြန်စွာ ကောင်းမွန်တိုးတက်အဆင်ပြေလာနိုင်မှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ကလုံခြုံရေးအနေအထားအရ ယာဉ်များကို မဖြစ်မနေ အချိန်သတ်မှတ်ပြီး ဂိတ်များကို ဖြတ်သန်းစေခြင်းသည် ကောင်းမွန်သော်လည်း ယခုအခါ ယင်းဒေသများအတွင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အမိန့်အား ရုပ်သိမ်းထားခဲ့သည်မှာကြာမြင့်ခဲ့ပြီဖြစ်ပြီး လက်ရှိမြေပြင်လုံခြုံရေးအရ ထိန်းချုပ်ဆောင်ရွက်ထားနိုင်ပြီဟု ယူဆရသောကြောင့် ခရီးသွားပြည်သူများအတွက် ည(၁၀)နာရီမှ မနက်(၄)နာရီအချိန်ထိ အချိန်ကန့်သတ်ချက်များအား ဖယ်ရှားပေးပြီး ယင်းဂိတ်များတွင် အချိန်အခါမရွေး ဖြတ်သန်းသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်နေ့ရက်မှ စတင်ဆောင်ရွက်ခွင့်ပြုပေးသွားမည်ကို သိရှိလိုပါကြောင်း ပြည်သူများ

Shan State Hluttaw

ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မောက်မယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးလင်းလင်းနိုင်မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကလောမြို့နယ်၊ နန့်ပန်တက်စစ်ဆေးရေးဂိတ်နှင့် တောင်ကြီး(၄)မိုင် စစ်ဆေးရေးဂိတ်တို့ဟာ ပူးပေါင်းအဖွဲ့ဖြင့် လုံခြုံရေး၊ စစ်ဆေးရေးဆောင်ရွက် လျက်ရှိသည့်ဂိတ်များဖြစ်ပြီး နန့်ပန်တက်ဂိတ်သည် မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ ဝင်ရောက်တဲ့ ဂိတ်ဖြစ်ပြီး လုံခြုံရေးအထူးဂရုပြုဆောင်ရွက်နေရ သည့်ဂိတ်ဖြစ်ပါတယ်။ တောင်ကြီး(၄)မိုင် ဂိတ်သည် တောင်ကြီးမြို့မှ လားရှိုးမြို့၊ တာချီလိတ်မြို့များသို့သွားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတဲ့အတွက် မြန်မာပြည်မှ ကုန်စည်များ တရုတ်နိုင်ငံမှထိုင်းနိုင်ငံတို့သို့ ပို့ဆောင်ရာမှာ အဓိကကျတဲ့ ဂိတ်တစ်ဂိတ်လည်းဖြစ်ပါတယ်။ ၎င်းဂိတ်(၂)ခုမှာ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြားမိတ်ဖက် အဖွဲ့အစည်းများဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ည(၁၀)နာရီမှ နံနက် (၄)နာရီထိ ဖြတ်သန်းသွားလာခွင့်အား ကန့်သတ်ထားရခြင်းမှာ တရားမဝင်ကုန် ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများ မပါရှိစေရေး မသမာသူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများမှ ညအချိန်သွားလာမှုမရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရသည်မှာ အခက်အခဲများစွာရှိသည့်အတွက် ကန့်သတ်ထားရ ခြင်းဖြစ်ပါတယ်။ ကျန်းမာရေးပြဿနာ ကိစ္စရပ်များဖြစ်ပေါ်၍ လာရောက်သည့် မော်တော်ယာဉ်များကိုလည်း စနစ်တကျ စိစစ်ဆောင်ရွက်ပြီး သွားလာခွင့်ပြုလျက် ရှိပါတယ်။ တရုတ်နိုင်ငံ - ထိုင်းနိုင်ငံတို့မှ မြန်မာနိုင်ငံအတွင်းသို့ ကုန်စည်များ သယ်ယူ ပို့ဆောင်ရာမှာလည်း တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နိုင်မှုလျော့နည်းစေရေး အတွက်လည်း ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျ ရှာဖွေစစ်ဆေးပြီး အထောက်အထား ပြည့်စုံစွာပါရှိသည့် ယာဉ်များကိုလည်း သတ်မှတ်ထားတဲ့ အချိန်များမှာ သွားလာ

Shan State Hluttaw

ခွင့်အား ကြန့်ကြာမှုများမရှိစေဘဲ ခွင့်ပြုပေးလျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးလင်းလင်းနိုင်၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါဗျ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရက်ပိုင်းမှာ ဒီလွှတ်တော်ရဲ့ကိုယ်စားလှယ်တစ်ဦးနှင့်အတူ ည(၁၀)နာရီနောက်ပိုင်းမှာ တောင်ကြီး(၄)မိုင်ဂိတ်ကို လေ့လာသွားကြည့်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အရေးပေါ်ကားမဟုတ်သော ကျန်တဲ့ကားတွေဟာလည်း လမ်းကြောတစ်ဖက်ကြောကနေပြီးတော့ ဝင်/ ထွက်သွားလာနေတာကို ခွင့်ပြုပေးနေတာကို တွေ့ရပါတယ်။ တကယ်လို့ အချိန်လွန်မှ ခွင့်ပြုပေးလိုက်တဲ့ကားတွေဟာ စနစ်တကျမစိစစ်ပေးနိုင်တဲ့အခါကျရင် ဝန်ကြီးဖြေကြားထားသလို မလိုလားအပ်သော မူးယစ်ဆေးဝါးလက်နက်ခဲယမ်းစသည့် ပစ္စည်းတွေများလည်း ဝင်ရောက်လာမှာကိုလည်း စိုးရိမ်မိပါတယ်။ အဂတိဖြစ်ပေါ်လာမှာကိုလည်း စိုးရိမ်မိပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အစိုးရအသစ်အပေါ် နိုင်ငံတကာနဲ့ မြန်မာပြည်သူလူထုကြီးက စိတ်ဝင်တစား စောင့်ကြည့်လေ့ရှိပါတယ်။ ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့အသစ်အားလည်း ရှမ်းပြည်နယ်ပြည်သူလူထုနဲ့အတူ နိုင်ငံတစ်ဝန်းက စောင့်ကြည့်လျက်ရှိပါတယ်။ ပြည်သူကိုမျက်နှာမူသောအားဖြင့် ည(၁၀)နာရီမှ မနက်(၄)နာရီအထိ ပြည်သူကိုဒုက္ခခံ စောင့်ဆိုင်းစေချင်တဲ့အလှည့်ကျတာဝန်ခွဲဝေချထား ထမ်းဆောင်စေခြင်းဟာ ပြည်သူများကို သနားငဲ့ညှာမေတ္တာပေးရာရောက်မယ်လို့ ယူဆမိပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၂) ပုဒ်မ(၄)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။ လိုအပ်သော ဝန်ထမ်းများကို ခန့်ထားနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေအရ နိုင်ငံ့ဝန်ထမ်းများဟာ အချိန်အခါမရွေး နေရာမရွေး ပြည်သူများရဲ့ အကျိုးစီးပွားအတွက် အမြဲတမ်း တာဝန်ထမ်းဆောင်ရမှာလည်းဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၊ အခန်း (၈)၊ ပုဒ်မ (၃၇၀)အရ နိုင်ငံသားများသည် နိုင်ငံတော်အတွက် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်ဟု ပါရှိပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ်အတွင်းရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် သတ်မှတ်ထားသော ည(၁၀)နာရီမှ နံနက်(၄)နာရီအထိ မပြုသောကန့်သတ်ချက်အား ပယ်ဖျက်ပေးနိုင်ပါက ပယ်ဖျက်ပေးပါရန်၊ ပယ်ဖျက်မပေးနိုင်ပါက ပြည်သူများအား အလေးထားသော

Shan State Hluttaw

အားဖြင့် (၁၀)နာရီမှ (၄)နာရီအစား (၁၂)နာရီမှ (၄)နာရီသို့ ဖြေလျော့ပေးပါရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်အချိန်ကျမှအပြီးတိုင် ဖြေလျော့ပေးသွားမည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဝန်ကြီးဖြေပေးလို့ရရင် ဖြေပေးပါ။

ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ ဒီဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်တို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့အထက်ကိုဆက်လက်တင်ပြသွားပါမယ်။ ဆက်စပ်တဲ့ဒီ ဌာနဆိုင်ရာများနဲ့လည်း ပေါင်းစပ်ပြီးတော့မှ ဒီမေးခွန်းကို ဆက်လက်ဖြေကြားပေးပါမယ်လို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်နန်းမွန်းအောင် ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်းစိမ်းရွာမတွင် ရေချောင်းမှ ဆိုလာစနစ်ဖြင့် ရေသွယ်ယူသုံးစွဲနိုင်ရန်ကိစ္စနှင့်ပတ်သက်သော မေးခွန်းကို မေးမြန်းပါရစေရှင်။

အထက်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ မိုင်းရှူးခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းရွာမတွင် အိမ်ခြေ(၁၀၂၅)အိမ်၊ အိမ်ထောင်စု(၁၀၂၈)စု၊ ကျား (၃၃၃၉)ဦး၊ မ(၃၃၁၉)ဦး ပေါင်း(၆၆၅၈)ဦးရှိပြီး သောက်သုံးရေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထားသော ရေစုကန်သို့ ရေသွယ်လာပြီး ထိုရေစုကန်မှ ကျေးရွာအတွင်းရှိ အိမ်များသို့ ရေသွယ်ယူသုံးစွဲနေပါတယ်ရှင်။ ယခုအခါ ထိုရေစုကန်သို့ ရေသွယ်ယူထားသော ရေပိုက်များမှာ သုံးစွဲမှုကာလကြာရှည်လာခြင်း၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးဒဏ်များကြောင့် ကွဲအက်ပျက်စီးနေပါတယ်ရှင်။ ရေသွယ်ယူလာသော အကွာအဝေးမှာလည်း ကျေးရွာမှများစွာဝေးကွာနေပြီး ၎င်းအခက်အခဲများကြောင့် ရေစုကန်သို့ ရေမရောက်ရှိတော့ပါဘူးရှင်။

Shan State Hluttaw

ကျေးရွာနေပြည်သူများ သောက်ရေသုံးရေအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်ရှင်။ သို့ဖြစ်ပါ၍ အနီးဆုံးရေချောင်းမှ ဆိုလာစနစ်ဖြင့် ရေသယ်ယူသုံးစွဲနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ယနေ့ ဒေါ်နန်းမွန်းအောင် ကျေးသီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု ဝမ်စိမ်းရွာမတွင် အိမ်ခြေ (၁၀၂၅) အိမ်၊ အိမ်ထောင်စု (၁၀၂၈)စု၊ လူဦးရေပေါင်း (၆၆၅၈)ဦးရှိပြီး သောက်သုံးရေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၇ မိုင် ၄ ဖာလုံ၊ ရေတားတမံအရှည် (၅၄)ပေ × အကျယ် (၃)ပေ × အမြင့် (၃)ပေရှိသော ရေတားတမံနှင့် ဂါလန်(၃၀၀၀၀)ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများအား ပြည်ထောင်စု(မွမ်းမံ)/ ပြည်နယ်(မူလ) ရန်ပုံငွေ (၁၁၃.၇၉၉)ကျပ်သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး လွန်ခဲ့သော (၄)လခန့်အထိ ရေကန်ထဲသို့ ရေရောက်ရှိခဲ့ပါသည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်နန်းမွန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ရပ်/ကျေး)စာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ (၂.၈.၂၀၂၆) ရက်နေ့တွင် ကွင်းဆင်းစိစစ်ခဲ့ရာ ရေထွက်ရာမှ ကျေးရွာသို့ သွယ်ယူထားသည့် (၃)လက်မ ရေပိုက်လိုင်းမှ ရေစုကန်အခြေအထိ ရေရောက်ရှိလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒေသခံများမှ တင်ပြချက်အရ ရေကန်သို့ ရေမရောက်ရှိခြင်းမှာ (၃)လက်မ

Shan State Hluttaw

ရေပို့ပိုက်လိုင်းမှ ရေတိုက်ရိုက်ဖောက်ယူ၍ သုံးစွဲနေမှု အများအပြားရှိကြောင်း သိရှိရ ပါတယ်။ သို့ဖြစ်ပါ၍ ရေပို့ပိုက်လိုင်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးခဲ့ရာ (၃)လက်မ ရေပို့ပိုက်လိုင်းမှ ရေတိုက်ရိုက်ဖောက်ယူ၍ သုံးစွဲနေမှု အများအပြားရှိကြောင်းနှင့် ကျေးရွာအဝင် လေချုပိုက်နေရာအထိ ရေကောင်းမွန်စွာရောက်ရှိကြောင်း၊ ကွဲအက် ပျက်စီးမှု မရှိကြောင်းတွေ့ရှိရပါတယ်။ (၃)လက်မ ရေပိုက်လိုင်းမှ ရေစုကန်သို့ ရေပြန်လည် ရောက်ရှိစေရန် ရေတိုက်ရိုက်သွယ်ယူထားသော ရေပိုက်လိုင်းများအား ပြန်လည် ဖြုတ်သိမ်းစေပြီး ရေကော်မတီအသစ်အား စနစ်တကျ ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ စနစ်တကျ ပြန်လည်ဆောင်ရွက်ပါက ဂါလန်(၃၀၀၀၀)ဆံ့ ရေစုကန်ထဲသို့ တစ်နာရီလျှင် (၂၈၀၀)ဂါလန်နှုန်းဖြင့် တစ်ရက်လျှင် ရေဂါလန်(၆၇၀၀၀)ဂါလန်ခန့် စုဆောင်းသုံးစွဲနိုင်မည်ဖြစ်ပါတယ်။ ဝမ်စိမ်း ကျေးရွာအုပ်စု၊ ဝမ်စိမ်းရွာမကျေးရွာရှိ ပြည်သူများသောက်သုံးရေ မျှတစွာ ရရှိရေး အတွက် ကျေးရွာရေပေးဝေရေး ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်း၍ (၃)လက်မ အချင်းရှိ မိန်းပိုက်လိုင်းမှ တိုက်ရိုက်သွယ်ယူထားသော ရေပိုက်လိုင်းများကို ပြန်လည် ဖြုတ်သိမ်းစေခြင်းအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့အစည်း၊ ကျေးရွာရေပေးဝေရေး ကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပူးပေါင်း၍ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာသောက်သုံးရေ ပိုမိုဖူလုံစွာရရှိရေးအတွက် ကျေးရွာနှင့် ၁ မိုင် ၄ ဖာလုံ အကွာအဝေးရှိ ရေချောင်းမှ ဂါလန်(၃၀၀၀၀)ဆံ့ ရေစုကန်သို့ အမြင့်တင်စနစ်ဖြင့် တိုးချဲ့ဆောင်ရွက်ခြင်းကို နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် လာရောက်လေ့လာသူများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

Shan State Hluttaw

မူဆယ်မြို့၌ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်အစိုးရနှင့် New Star Light Company တို့ နှစ်ဦးသဘောတူ နယ်စပ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် စာချုပ်ချုပ်ဆိုထား သည့်လုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် ကိစ္စရပ်နှင့်စပ်လျဉ်း ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဖော်ပြပါ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ တော်ရွက်ရွာ၊ ဖွေးဟုန်းရွာ၊ ဟိုဆောင်ရွာအစရှိသည့် ကျေးရွာနေပြည်သူများ၏ လယ်မြေကော (၂၈၀)ကို တစ်ကော လျှင် သိန်း ၂၄၀ ဖြင့် မြေယာလျော်ကြေးပေးကာ လုပ်ငန်းစဉ်(၆)ခုအတွက် ဧုံမြေ(၆)ခု သတ်မှတ်ပြီး ဧုံမြေ(၁)ခုကို လုပ်ငန်းတစ်ခုစီဖြင့် New Star Light Company မှ ကျောက်စိမ်းအချောထည်လုပ်ငန်း၊ Car Show Room နှင့် မြို့ပြအိမ်ရာ စီမံကိန်းများ အစရှိသည့် လုပ်ငန်းများကို (၄)နှစ်ကာလ သတ်မှတ်ပြီး ၂၀၁၆ခုနှစ်တွင် အားလုံးပြီးစီး အောင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေမည်ဖြစ်ကြောင်း စည်းရုံးလှုံ့ဆော်မက်လုံးပေးကာ မြေယာများကို သိမ်းယူခဲ့ပါတယ်။

ယခုလက်ရှိအချိန်တွင် ကုမ္ပဏီအနေဖြင့် စာချုပ်ချုပ်ဆိုထားသည့်အတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် သိမ်းဆည်း ထားသော မြေများအား အကွက်ချ၍ ရောင်းချနေခြင်းကြောင့် မူလမြေပိုင်ရှင်များနှင့် ဒေသခံပြည်သူများက ကျေနပ်မှုမရှိသဖြင့် မိမိတို့ကိုယ်စားလှယ်များထံ အားကိုး စွာဖြင့် လာရောက်အသိပေး တိုင်တန်းခြင်းများဖြစ်ပေါ်လျက်ရှိပါတယ်။ ထို့အပြင် New Star Light Company သည် ၎င်းပိုင်မြေများနှင့် ကပ်လျက်ရှိသောမြေကွက် များ၏ ပိုင်ရှင်များကို မြေကွက်တူးဖော် ရောင်းချခြင်းမပြုရန် သက်ဆိုင်ရာနှင့် ပူးပေါင်းကာ ခြိမ်းခြောက်ခြင်း၊ အချို့နေရာများတွင် ၎င်းတို့ ဖောက်လုပ်ထားသည့် လမ်းများကို ချိတ်ဆက်ဆောင်ရွက်ခြင်းအပေါ် တားမြစ်ပိတ်ပင် အရေးယူခြင်းစသည့် ပြဿနာများဖြစ်ပေါ်စေခဲ့ပါတယ်။

ကုမ္ပဏီအနေဖြင့်လည်း စီမံကိန်းမစတင်မီက ပြည်သူများထံ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟုဆိုကာ အပြောနှင့်အလုပ် ကိုက်ညီမှုမရှိတဲ့ အတွက် လုပ်ငန်းစာချုပ်များအပ်နှံသည့် ကုမ္ပဏီများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်းလည်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ မူဆယ်မြို့စီမံကိန်းများ လာရောက်အကောင်အထည်ဖော် ဆောင်ရွက်မည့် မည်သည့်ကုမ္ပဏီမဆို နစ်နာမှုမရှိစေရန် စနစ်တကျ estimate

Shan State Hluttaw

ရေးဆွဲပြီး အကြိမ်ကြိမ်ကွင်းဆင်းပြီးမှ ဆောင်ရွက်စေလိုပါတယ်။ မူဆယ်မြို့ တာဝန်ရှိသူများမှလည်း ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နေမှုကို အချိန်ကြာမြင့်စွာ စောင့်ကြည့်ခဲ့သော်လည်း လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် အလားအလာမတွေ့ရှိရသဖြင့် ၎င်းစီမံကိန်းလုပ်ငန်းများအား မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)ရဲ့ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တွင် ၂၀၁၂ ခုနှစ်က ရှမ်းပြည်နယ်အစိုးရနှင့် New Star Light Co.,Ltd တို့မှ Car Showroom၊ ကျောက်စိမ်းအချောထည်လုပ်ငန်းနဲ့ မြို့ပြအိမ်ရာ စီမံကိန်းအစရှိသည့် လုပ်ငန်း(၆)ခုအား ဇုန်မြေ (၆)ခု သတ်မှတ်ပြီး (၄)နှစ်အတွင်း အပြီး ဆောင်ရွက်မည့် စီမံကိန်းမှာ မပြီးစီးမှုအခြေအနေနှင့် စီမံကိန်းမှာ လုပ်ငန်း(၆)ခုစလုံး အပြီးသတ်ဆောင်ရွက်သွားရန် စာချုပ်ချုပ်ဆိုထားသည့်လုပ်ငန်းများအား ဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါတယ်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် ခေတ်မီမြို့ပတ် ကမ်းနားလမ်းနှင့် ဗဟိုစီးပွားရေးအချက်အချာ (မူဆယ်) စီမံကိန်းတည် ဆောက်ခြင်းလုပ်ငန်းအား ခွဲဝေခံစားသည့်စနစ်ဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် New Star Light Co.,Ltd တို့မှ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန် လုပ်ငန်းသဘောတူညီချက်ကို (၄.၇.၂၀၁၃) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီမံကိန်းမြေဧရိယာမှာ (၂၈၈.၀၆၃) ဧက ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း(၅၁၅၀၀)၊ စာချုပ်သက်တမ်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုသည့်နေ့မှစ၍ နှစ်ပေါင်း (၃၀)ဖြစ်ပြီး ၂၆.၁၂.၂၀၁၄ ရက်နေ့တွင် ပထမအကြိမ် ပြင်ဆင်စာချုပ်

Shan State Hluttaw

ချုပ်ဆိုခြင်း၊ ၂၉.၂.၂၀၁၆ ရက်နေ့တွင် ဒုတိယအကြိမ် ပြင်ဆင်စာချုပ် ချုပ်ဆိုခြင်းနှင့် ၂.၅.၂၀၁၈ ရက်နေ့တွင် တတိယအကြိမ် ပြင်ဆင် စာချုပ်များ အသီးသီးချုပ်ဆိုခဲ့ကြောင်း တွေ့ရှိရပါတယ်။

(ခ) ၂၃.၈.၂၀၁၉ ရက်နေ့တွင် စတုတ္ထအကြိမ် ပြင်ဆင်စာချုပ်ချုပ်ဆိုပြီး အပိုင်း ၃(ဂ) အရ ဇုန်-၂ ၊ ဇုန်-၅ နှင့် ဇုန်-၆ အတွင်းရှိ မြေများကို ယခင် သတ်မှတ်ထားသော Plan မှ မြေကွက်ငယ်များအဖြစ် Plan ပြင်ဆင် အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူချုပ်ဆိုထားရှိပါ တယ်။ ၂၅.၁၁.၂၀၂၁ ပဉ္စမအကြိမ် ပြင်ဆင်စာချုပ်တွင် ပေးသွင်းရန် ကျန်ရှိသော ကြွေးကျန်ငွေကျပ် (၄,၈၄၂,၄၁၇,၃၉၅)ကျပ်/-အား ၂၃.၁၂.၂၀၂၅ ရက်နေ့တွင် အပြေအကြေပေးသွင်းဆောင်ရွက်ပြီး ဖြစ်ပါ သဖြင့် ရှမ်းပြည်နယ်အစိုးရနှင့် စာချုပ်အရဆောင်ရွက်ရန် လုပ်ငန်းများ ပြီးစီးနေသော ကိစ္စဖြစ်ပါတယ်။

(ဂ) စီမံကိန်းအကောင်အထည်ဖော်သူသည်စီမံကိန်းဧရိယာ ဇုန် ၁ ၊ ဇုန် ၂ နှင့် ဇုန် ၃ တွင် လုပ်ငန်းများအားလုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပြီးဖြစ်သော်လည်း ကျန်စီမံကိန်းဧရိယာ ဇုန် ၄ ၊ ဇုန် ၅ နှင့် ဇုန် ၆ တွင် ပါဝင်သည့်လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော လုပ်ငန်းများဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးနော်တောင်၊ မူဆယ်မြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကို ဆက်လက် မေးမြန်းခွင့်ပြုပါ။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင် ဖြစ်ပါတယ်။ မိမိအနေဖြင့် မူဆယ် မြို့နယ်မှ တရုတ်ပြည်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသားများ အလုပ်သမားအာမခံရရှိစေရေးအတွက် (MOU)စာချုပ်ချုပ်ဆိုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း ပြီး မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအလုပ်သမားအခွင့်အရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး တင်ပြရမည်ဆိုပါက မိမိတို့မြန်မာနိုင်ငံသားများသည် ယခင်ကတည်းက အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ကြရပါတယ်။ ထိုသို့သွားရောက်လုပ်ကိုင်ခဲ့ကြသည့် မြန်မာအလုပ် သမားများသည် အလုပ်ရှင်များနှင့် ပွဲစားများ၏ ခေါင်းပုံဖြတ်အနိုင်ကျင့်ခံရခြင်း များရှိခဲ့ပြီး အချို့ဆိုလျှင် လုပ်ခလစာမရရှိဘဲ မိမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံခဲ့ရပါတယ်။ ယခင် ၁၉၉၃ ခုနှစ် မတိုင်မီကာလများမှာဆိုရင် တရုတ်နိုင်ငံသားများ ကသာ မိမိတို့ မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ခဲ့ကြရသည်ကို အထောက် အထားများအရ သိရှိရပါတယ်။ ထိုအချိန်အခါက မိမိတို့ မြန်မာနိုင်ငံဘက်မှ ကောင်းမွန်စွာ အလုပ်လုပ်ကိုင်ခဲ့ကြသည့် အလုပ်သမားများအပေါ် ကောင်းမွန်စွာပြုမူ ဆက်ဆံခဲ့ကြပါတယ်။ မိမိတို့နိုင်ငံသားများအနေဖြင့် တစ်ဖက်နိုင်ငံသားများ၏ အနိုင် ကျင့်မှု၊ ခေါင်းပုံဖြတ်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း ယခုလက်ရှိတွင် တရုတ်ပြည်သို့ တစ်ကြိမ်ပြန်ပြီးမှ သွားရောက်လုပ်ကိုင်ရန် အခွင့်အလမ်းများပေါ်ပေါက်လျက်ရှိပြီး အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအဖွဲ့များမှ အလုပ်ခေါ်စာများဖြင့် ပြန်လည်ခေါ်ယူ နေခြင်းကြောင့် တရုတ်ပြည်သို့ ပြည်လည်သွားရောက်အလုပ်လုပ်ကိုင်နေကြပါတယ်။ မိမိတို့မြန်မာနိုင်ငံဘက်မှ နယ်စပ်ဖြတ်ကျော်ပြီး တရုတ်ပြည်သို့ သွားရောက်အလုပ် လုပ်ကိုင်မည့်အလုပ်သမားများအနေဖြင့်လည်း ခိုင်လုံသော အထောက်အထားများ နှင့်သာ သွားရောက်လုပ်ကိုင်စေရေး သက်ဆိုင်ရာနယ်စပ်ဂိတ်များတွင် တာဝန်ရှိ သော ပုဂ္ဂိုလ်များမှလည်း မိမိတို့ နိုင်ငံသားများ နစ်နာမှုမရှိစေရေး စနစ်တကျစီစစ်ပြီး စေလွှတ်ပေးရန် တင်ပြလိုပါတယ်။ အချို့အလုပ်သမားများသည် တစ်ပတ်ကတ်ခေါ် ယာယီ လည်ပတ်ခွင့်ကတ်များကိုသာ ကိုင်ဆောင်ပြီး အလုပ်လုပ်ကိုင်နေသူများ လည်းရှိနေပါတယ်။ ၎င်းကတ်ကို ကိုင်ဆောင်ထားတဲ့ အလုပ်သမားများအနေဖြင့် ရက်ကျော်လွန်ပါက ဒဏ်ငွေအဖြစ် ယွမ် ၃၉၀၀ အထိ ဒဏ်ရိုက်သည်ဟုလည်းသိရ ပါတယ်။ ထိုကဲ့သို့ အဘက်ဘက်မှ နစ်နာဆုံးရှုံးနေသည့် မြန်မာအလုပ်သမားများ အပေါ် သက်ဆိုင်ရာမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိရှိလိုပါတယ်။ မိမိတို့ မြန်မာနိုင်ငံသားများအနေနဲ့ တစ်ခြားနိုင်ငံတွင် အခက်အခဲကြုံတွေ့လာချိန် မည်သည့်နေရာ မည်သည့်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားရမည်ကို အသိပညာပေးခြင်းများ ပြုလုပ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်းလည်း တင်ပြအပ်ပါ တယ်ခင်ဗျား။

Shan State Hluttaw

မည်သို့ပင်ဖြစ်စေကာမူ မိမိအနေဖြင့် ပြည်သူများ၏ နစ်နာမှုများကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမားအာမခံရရှိစေရေး၊ နှစ်နိုင်ငံသဘောတူ စာချုပ်(MOU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ယခင်က တင်ပြခဲ့သော်လည်း တရုတ်ပြည်ဘက်မှ အလုပ်သမားခေါ်ယူခြင်းမရှိကြောင်း ပြန်လည်ချေပပြောဆို လာပါတယ်။ သို့သော်လည်း မြေပြင်အနေအထားအရ လုပ်အားခသက်သာသည့် မိမိတို့မြန်မာနိုင်ငံသားများကိုသာ အလုပ်သမားအဖြစ် ခေါ်ယူခဲ့တာကိုလည်းတွေ့ရှိရ ပါတယ်။ ယခင်ဖြစ်ပျက်ခဲ့သည့် အတွေ့အကြုံများကို တင်ပြရမည်ဆိုလျှင် အလုပ်သမားဦးရေများသည့် အဖွဲ့များကို လုပ်ငန်းရှင်၊ ကုမ္ပဏီအချို့က ရဲ၊ လဝက အစရှိသည့် ပုဂ္ဂိုလ်များကို ခေါ်ဆောင်လာပြီး နိုင်ငံဖြတ်ကျော် အလုပ်လုပ်ကိုင်သည့် အထောက်အထားများ လာရောက်စစ်ဆေးကာ အထောက်အထားမပြည့်စုံသည့် အလုပ်သမားများကို ကျသင့်သည့်လုပ်အားခ မပေးဘဲ အနိုင်ကျင့်ခေါင်းပုံဖြတ်မှုများ မိမိတို့နိုင်ငံသားများ ခံစားပြီးမှ ပြန်လည်ပို့ဆောင်ခြင်းကိုခံခဲ့ကြရပါတယ်။

သို့ဖြစ်ပါ၍ မလွဲမရှောင်သာ၍ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာ နိုင်ငံသားများအတွက် အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်၍ နစ်နာမှုမရှိစေရန် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးနိုင်မည့် နှစ်နိုင်ငံအလုပ်သမားဆိုင်ရာ နှစ်ဦး သဘောတူစာချုပ်(MOU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ယနေ့ ကျင်းပပြုလုပ်သော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် နှစ်နိုင်ငံ အလုပ်သမားနှစ်ဦး သဘောတူစာချုပ်(MOU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက် ပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

Shan State Hluttaw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ အစိုးရအဖွဲ့တို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန် MOU ကို ၁၂.၁.၂၀၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေဘဲ ဘေးကင်းလုံခြုံစွာဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုပါက ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် ပြည်ပအကျိုးဆောင် အေဂျင်စီများမှတစ်ဆင့် PJ အမျိုးအစား နိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ပါကြောင်း၊ ပြည်ပအကျိုးဆောင် အေဂျင်စီကိုလည်း အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် အေဂျင်စီ ဟုတ်/မဟုတ် စိစစ်ရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်ရေးကိစ္စရပ်များတွင် ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှသာလျှင် မြန်မာအလုပ်သမားတို့၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးခရီး လာရောက်တဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်က နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

ဒီနေ့ ကျွန်တော်တင်ပြမဲ့ မေးခွန်းရဲ့အဓိကအကြောင်းရင်းကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မနေ့ကပဲ ပဆင လမ်းကြောင်းတွေကစပြီးတော့ ရှမ်းပြည်နယ်ရဲ့ လမ်းတွေ၊ တံတားတွေ၊ ရေတွေ၊ မီးတွေ၊ လျှပ်စစ်တွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ အားလုံးအတွက် အဓိက အရေးကြီးတဲ့ဝင်ငွေရရှိရေး ရှမ်းပြည်နယ်ရဲ့ ရန်ပုံငွေရရှိရေးအတွက် ဒါပထမဦးဆုံး ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျွန်တော်တို့ မေးခွန်းမေးမြန်းတာက ဒီမေးခွန်းဟာ ရန်ပုံငွေ ရရှိရေးဖြစ်တာဖြစ်တဲ့အတွက် ရှေ့လျှောက်ပြီးတော့ ဘယ်လိုဆောင်ရွက်သင့်သလဲ၊ ဘယ်လိုဆောင်ရွက်ရမလဲဆို

Shan State Hluttaw

တာကို ကျွန်တော်တို့က လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရကို မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းဟာ အောက်ပါအတိုင်းဖြစ်ပါတယ်-

အခွန်စနစ် စနစ်တကျရှိစေရေး၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော အခွန်ကောက်ခံမှုမှတစ်ဆင့် နိုင်ငံနှင့်ဒေသတွင်း တိုးတက်ရေးအတွက် ရပ်စောက်မြို့နယ်အတွင်း နွေရာသီ၊ မိုးရာသီ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ အခွန်ကောက်ခံရာတွင် အပိုဒ်(က) မလိုလားအပ်သော ယိုစီးမှုများမရှိစေဘဲ Digital Electronic စနစ်များဖြင့် စနစ်တကျပွင့်လင်းမြင်သာစွာ ကောက်ခံနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ၊ အပိုဒ်(ခ) အခွန်ထမ်းပြည်သူဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ တရားမဝင် လေလွင့်အခွန်များကို စမတ်ကျကျ လွှမ်းခြုံကောက်ခံနိုင်ရန် မည်ကဲ့သို့သော နည်းဗျူဟာများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို အစိုးရအဖွဲ့အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ကျော်ညွှန့် ကိုယ်စားလှယ်အမှတ်(၁) ရပ်စောက်မြို့နယ်ရဲ့ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်အတွင်း နွေရာသီ၊ မိုးရာသီ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ အခွန်ကောက်ခံရာတွင် အခွန်စနစ်စနစ်တကျရှိစေရေး၊ တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိသော အခွန်ကောက်ခံမှုမှတစ်ဆင့် နိုင်ငံနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်နှင့်အတူ (က) မလိုလားအပ်သော ယိုစီးမှုမရှိစေဘဲ Digital Electronic စနစ်များဖြင့် စနစ်တကျပွင့်လင်းမြင်သာစွာ ကောက်ခံနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ၊ (ခ) အခွန်ထမ်းပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ တရားမဝင်လေလွင့်ခွန်များကို စနစ်တကျလွှမ်းခြုံကောက်ခံနိုင်ရန် မည်သို့သော နည်းဗျူဟာများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

Shan State Hluttaw

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ကောက်ခံခြင်းစနစ်အား တိုးတက်ပြောင်းလဲလာသော ခေတ်ကာလနှင့်လျော်ညီစွာခေတ်မီနည်းပညာများဖြင့် ကောက်ခံနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် The Asia Foundation နှင့် Renaissance Institute တို့၏ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုဖြင့် Koe Koe Tech Co.,Ltd မှ ကြီးကြပ်၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနမှ မြန်ခွန်စနစ်အား အကောင်အထည်ဖော်ခဲ့ပါသဖြင့် အခွန်ကောက်ခံခြင်းလုပ်ငန်းများအား မြန်ခွန်ဆော့ဝဲလ် အသုံးပြု၍ စာရင်းရေးသွင်းခြင်း၊ အခွန်ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ ကလော၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်လင်၊ ရပ်စောက်၊ ညောင်ရွှေ၊ သီပေါ၊ နမ့်ခမ်း၊ ဆီဆိုင်၊ ပင်လောင်း၊ ပင်းတယ၊ ဖယ်ခုံ၊ ရွာငံ၊ ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာန(၁၇)ခုတို့မှ Koe Koe Tech Co.,Ltd နှင့် စာချုပ်ချုပ်ဆို၍ မြန်ခွန်စနစ်ဖြင့် အခွန်ကောက်ခံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားလာခြင်း၊ ရှမ်း(မြောက်)ဒေသတွင် တိုက်ပွဲများဖြစ်ပွားလာမှုကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိဘဲ စစ်ဘေးရှောင်ခဲ့ရခြင်းနှင့် မြန်နှုန်းမြင့် အင်တာနက်ရရှိမှု အခက်အခဲများကြုံတွေ့ရခြင်းတို့ကြောင့် စာချုပ်ပါ အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းထားခဲ့ရပါတယ်။ လက်ရှိမှာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနမှ ပစ္စည်းခွန်၊ ရေခွန်၊ လုပ်ငန်းလိုင်စင်များ (ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်ခ၊ စားသောက်ဆိုင်လုပ်ငန်းလိုင်စင်ခ၊ ဘေးအန္တရာယ် လုပ်ငန်းလိုင်စင်ခ၊ တည်းခိုခန်းလိုင်စင်ခ၊ ကိုယ်ပိုင်ဈေးလိုင်စင်ခ၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်ခ၊ ကိုယ်ပိုင်ကျောင်း၊ ဖူဆယ်ကွင်း၊ ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေး၊ ရေချိုးခန်းနှင့် အများသုံးသန့်စင်ခန်းလုပ်ငန်းများ) စသည့် အခွန်အခများအား Digital Electronic စနစ်ဖြစ်သည့် မြန်ခွန်စနစ်ဖြင့် ကောက်ခံလျက်ရှိပါကြောင်းနှင့် ကျန်ရှိနေသည့်မြို့များတွင် မြို့အခြေအနေပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိပြီး အခွန်စနစ်တိုးတက်စေရန်၊ အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စေရန် ရည်ရွယ်၍ IRDs Tax Payment Hub For Taxpayer Website မှတစ်ဆင့် အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းနှင့် မိုဘိုင်းငွေပေးချေမှုနည်းလမ်းတို့ဖြင့် CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU e-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း၊ ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီး

Shan State Hluttaw

ဖြစ်ပါတယ်။ ယခုအခါ မော်တော်ယာဉ် ဝယ်ယူရောင်းချခြင်းအတွက် အမည်ပြောင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်ပြီး Digital Electronic စနစ်ဖြင့် Online မှတစ်ဆင့် အခွန်ပေးဆောင်နိုင်ရန်အတွက် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ်အခွန် တွက်ချက်ပေးသည့်စနစ် (Vehicle Automatic Valuation System-VAVS)ကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် Mobile handsets များအတွက် အခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (Central Equipment Identify Register- CEIR)ဖြင့် အခွန်ပေးဆောင်ရွက်မှုများအား ဆောင်ရွက်လျက်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း(ခ)နှင့်ပတ်သက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ပစ္စည်းခွန်ကောက်ခံခြင်းစနစ်အား ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ (နေပြည်တော် ရုံးအမှတ် ၄၆) ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးဆောင်၍ ပစ္စည်းခွန်ကောက်ခံခြင်းစနစ်အား ပိုမိုကောင်းမွန်သည့်စနစ်ဖြစ်ပေါ်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး (၉.၇.၂၀၂၄)ရက်နေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေး၌ တစ်နှစ်စံဌာနရမ်းခတန်ဖိုးအား လက်ရှိကာလတန်ဖိုးနှင့် တဖြည်းဖြည်း နီးစပ်လာရေး သုံးသပ်ဆောင်ရွက်မည့်အစီအမံ၊ ပစ္စည်းခွန်ကောက်ခံရေးစံနှုန်း သတ်မှတ်ရာတွင် ရည်ညွှန်းနှုန်းတစ်ပြေးညီ သတ်မှတ်နိုင်ရေး အကြံပြုချက်နှင့် ဆက်လက်ဆောင်ရွက်မည့် ရေရှည်စီမံချက်နှင့် မဟာဗျူဟာများအား တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များထံသို့ တင်ပြ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြသွားရန် ဆုံးဖြတ်ခဲ့ပါတယ်။ (၁၄.၅.၂၀၂၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဆောင်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်နယ်ဌာနခွဲ(လားရှိုး/ကျိုင်းတုံ)မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများနှင့် ၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အရေးကြီးဆုံးကဏ္ဍမှာပါဝင်နေသဖြင့် ဝင်ငွေတိုးတက်ရရှိရေး အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့်တိမ်မြုပ်နေသော အခွန်များ၊ အခွန်ပုန်းများအားလိုက်လံရှာဖွေ၍ အခွန်နယ်ပယ်ချဲ့ထွင်ကောက်ခံဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပခဲ့သော အစည်းအဝေး ဆုံးဖြတ်

Shan State Hluttaw

ချက်များအရလည်းကောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအရ လည်းကောင်း၊ မြို့နယ်/ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများမှ လက်ရှိကောက်ခံလျက်ရှိသော အခွန်၊ အခ၊ အကောက်နှုန်းထားများအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ကောက်ခံနိုင်ရေးအတွက် မြို့နယ်အသီးသီးမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်အရ ပြင်ဆင်ကောက်ခံခြင်းများဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တိမ်မြုပ်နေသော အခွန်များ ရှာဖွေဖော်ထုတ်၍ ကောက်ခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ တစ်ဆက်တစပ်တည်း မေးခွန်းပြုပါဗျ။ ဒီအခွန်ကောက်ခံခြင်းနှင့် ပတ်သက်ပြီးတော့ ဝန်ကြီးရှင်းပြတာ အင်မတန်မှ ကျေးဇူးလည်းတင်ပါတယ်။ တစ်ခုလေးပါဗျ။ ကျွန်တော်တို့ ဒီလိုကောက်ခံတဲ့အခါ ရပ်စောက်မြို့နယ်ရဲ့ ပထဝီအနေထားကို ကြည့်မယ်ဆိုရင် ရပ်စောက်မြို့နယ်မှာ လူဦးရေ(၁၀၀,၀၀၀)ကျော်နေထိုင်ပြီးတော့ ကျေးရွာ/ ရွာပေါင်း (၂၀၀)ကျော်ရှိပါတယ်။ အုပ်စု (၁၈)အုပ်စုရှိပါတယ်။ ရပ်ကွက် (၁၄)ရပ်ကွက်ရှိပါတယ်။ ဒါကို ဖြန့်ကျက်ပြီးတော့ ကျွန်တော်တို့ဟာ ကောက်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ လက်ရှိ Digital System မလုပ်နိုင်သေးရင် ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့မှာ ဝန်ထမ်းခန့်ထားပြီးတော့ ဒီအခွန်ဝန်ထမ်းဟာ အခုလက်ရှိ (၄)ဦး (၅)ဦးနှင့် ကောက်နေတာသည် ဖြစ်နိုင်/ မဖြစ်နိုင်ဆိုတာကို မဟာဗျူဟာ/ နည်းဗျူဟာနဲ့ စဉ်းစားသုံးသပ်ပြီးတော့ အခွန်ဝန်ထမ်းကို ဆက်လက်ပြီးတော့ ခန့်ဖို့အစီအစဉ်ရှိ/ မရှိ ဒီခန့်တဲ့ ဝန်ထမ်းဟာလည်း အခွန်ဝန်ထမ်း အသစ်မဟုတ်ဘဲနဲ့ မလိုအပ်သော ဝန်ကြီးဌာနများမှာရှိနေတဲ့ ပိုနေတဲ့ဝန်ထမ်းများကို လာရောက်ပြီးတော့ အရေးတကြီး တာဝန်ထမ်းဆောင်ပြီးတော့ ဒီအခွန်ကောက်ခံတဲ့စနစ်ကို အချိန်နဲ့ တစ်ပြေးညီ စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ဖြည့်စွက်ဖြေကြားရမယ်ဆိုရင် အခွန်ဌာနများအနေနဲ့ လက်ရှိသတ်မှတ်ပေးထားတဲ့ အခွန်ဝန်ထမ်းအင်အားသည် မပြည့်စုံပါဘူး။ လိုအပ်လျက်ရှိပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေနှင့်လည်း လိုအပ်တဲ့အခွန်

Shan State Hluttaw

ဝန်ထမ်းများအတွက် သင်တန်းများနဲ့ အလုပ်သမားများကို ခေါ်ယူလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အကယ်၍ ဝန်ထမ်းများချမှတ်ပြီး ကျွန်တော်တို့ ခန့်အပ်ပေးပါက ခုနားက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရပ်စောက်မြို့နယ်သာမက ရှမ်းပြည်နယ်မှာ ရှိတဲ့ မြို့နယ်များအားလုံးကို တာဝန်ပေးဖို့အစီအစဉ်ရှိပါကြောင်း ဖြည့်စွက်တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာရေးရောက်ရှိနေကြတဲ့ ညီနောင်တိုင်းရင်းသားများအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား(၂)အရ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှာ ဥပဒေအမှတ် ၁၀ အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေပုဒ်မ ၆ တွင် ပြည်နယ် စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် ရွေးချယ်ခန့်ထားသော နည်းလမ်း အရ မြို့မိ/ မြို့ဖမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်ကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အများပြည်သူဆန္ဒအရ ရွေးချယ်ဖွဲ့စည်းသောနည်းလမ်းဖြင့် မြို့မိ/ မြို့ဖများမှ ရွေးချယ်သော ပုဂ္ဂိုလ်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော်လည်းပဲ ယခု အချိန်ထိ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခြင်း မတွေ့ရှိရသေးပါသဖြင့် ဖွဲ့စည်းရန်အစီအစဉ် မည်သို့ ရှိသည်ကို သိရှိလိုပါသဖြင့် ကျွန်တော်တို့ရဲ့ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၉၇/ ၉၈ အရ အများပြည်သူရဲ့ ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဒီဂေါလ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ကျွန်တော် ဦးခွန်ထွန်းဖြူမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ် အဆင့်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းထားခြင်းမတွေ့ရှိ ရသေးပါသဖြင့်ဖွဲ့စည်းရန် အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်-

(က) ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၁၀/၂၀၁၃) ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။

(ခ) ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအမှတ် (၁၀/၂၀၁၃)၊ အခန်း(၃) စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း၊ ခေါင်းစဉ်၊ ပုဒ်မ ၆ တွင် ပြည်နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် ရွေးချယ် ခန့်ထားသော နည်းလမ်းအရ အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထား ရှိပါတယ်-

(၁) ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဥက္ကဋ္ဌ

(၂) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် (ကျိုင်းတုံနယ်မြေ) ဒုဥက္ကဋ္ဌ

(၃) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် (လားရှိုးနယ်မြေ) ဒုဥက္ကဋ္ဌ

(၄) လူမှုရေး(သို့)စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင် အဖွဲ့ဝင်(၃)ဦး

(၅) သက်ဆိုင်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင် ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၃)ဦး

Shan State Hluttaw

(၆) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖွဲ့ဝင်
ကိုယ်စားလှယ်(၁)ဦး

(၇) ညွှန်ကြားရေးမှူး၊ ပြည်နယ် အတွင်းရေးမှူး
စည်ပင်သာယာရေးဌာန

(၈) ဒု-ညွှန်ကြားရေးမှူး(၂)ဦး၊ ပြည်နယ် တွဲဖက်အတွင်းရေးမှူး
စည်ပင်သာယာရေးဌာနခွဲ(ဌာနခွဲတာဝန်ခံကျိုင်းတုံ/လားရှိုး)

(ဂ) ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအမှတ် (၁၀/၂၀၁၃)၊ အခန်း(၃) စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း၊ ခေါင်းစဉ်၊ ပုဒ်မ ၈ တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အများပြည်သူဆန္ဒအရ ရွေးချယ်ဖွဲ့စည်းသော နည်းလမ်းဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်-

(၁) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) လူမှုရေး(သို့)စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်
(၁)ဦး

(၃) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင်
ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁)ဦး

(၄) မြို့မိမြို့ဖများမှ ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(၅) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေ အဖွဲ့ဝင်
အုပ်ချုပ်ရေးဦးစီးဌာန

(၆) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖွဲ့ဝင်

(၇) အမှုဆောင်အရာရှိ၊ မြို့နယ် အတွင်းရေးမှူး
စည်ပင်သာယာရေးဌာန

(၈) သက်ဆိုင်ရာမြို့နယ်ခွဲတာဝန်ခံ၊ တွဲဖက်အတွင်းရေးမှူး
သက်ဆိုင်ရာ မြို့နယ်ခွဲစည်ပင်သာယာရေးဌာန

(ဃ) အထက်ပါကဲ့သို့ ပြဋ္ဌာန်းထားရှိပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၃.၃.၂၀၂၁ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၇/၂၀၂၁)ဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေး

Shan State Hluttaw

ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃)၊ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်းအား ရုပ်သိမ်းထားရှိခဲ့ပါတယ်။

(ငး) ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြဋ္ဌာန်းထားရှိသည့် စည်ပင်သာယာရေးဥပဒေများကို တစ်ပြေးညီ ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ (၂၂.၆.၂၀၂၄)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁၂၂/၂၀၂၄)ဖြင့် စည်ပင်သာယာရေးဥပဒေများ စိစစ်မှုဦးဆောင်ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်-

(၁) ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ ဥက္ကဋ္ဌ
ဥပဒေရေးရာဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အဖွဲ့ဝင်

(၃) အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်စည်ပင်သာယာ အဖွဲ့ဝင်
ရေးကော်မတီ

(၄) ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အဖွဲ့ဝင်
စည်ပင်သာယာရေးအဖွဲ့များ

(၅) ဥက္ကဋ္ဌ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ အတွင်းရေးမှူး
ဥပဒေရေးရာဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေမူကြမ်း တွဲဖက်အတွင်းရေးမှူး
စိစစ်ရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန

(စ) အဆိုပါ ကော်မတီမှ (၃၀.၇.၂၀၂၄) ရက်နေ့မှာ ကျင်းပပြုလုပ်သည့် အစည်းအဝေး၌ ၁၉၉၃ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဥပဒေတို့ကို စံပြဥပဒေအဖြစ် သတ်မှတ်၍ စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)များ ပြုစုရန် ဆုံးဖြတ်ခဲ့ပါသဖြင့် ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့က ရေးဆွဲပြုစုထားသည့် စည်ပင်သာယာရေးဥပဒေ(မူကြမ်း)

Shan State Hluttaw

များကို စိစစ်ပြီး စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းများခြုံငုံစေရန် လည်းကောင်း၊ အားလုံးတစ်ပြေးညီဖြစ်စေရန်လည်းကောင်း၊ စည်ပင်သာယာရေး စိစစ်မှုဦးဆောင်ကော်မတီက ပြုစုထားသည့် တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးဥပဒေ(မူကြမ်း)တွင် မဖြစ်မနေထည့်သွင်း ဆောင်ရွက်လိုသည့်ကိစ္စရပ်များအား အများဆုံး ပုဒ်မအသစ်နှစ်ခုဖြင့် လုံလောက်အောင် ပြင်ဆင်ဖြည့်စွက်၍ စည်ပင်သာယာရေးဥပဒေများ စိစစ်မှု ဦးဆောင်ကော်မတီသို့ ပေးပို့နိုင်ရေးအတွက် သုံးသပ်စိစစ်ရေးအဖွဲ့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၃.၉.၂၀၂၅)ရက်စွဲပါ ရုံးအမိန့်အမှတ် (၂၀၂/၂၀၂၅)ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့ပါသည်-

(၁) ညွှန်ကြားရေးမှူး၊ အဖွဲ့ခေါင်းဆောင်
ပြည်နယ်စည်ပင်သာယာရေးဌာန

(၂) ဒုတိယပြည်နယ် ဥပဒေအရာရှိ၊ အဖွဲ့ဝင်
ပြည်နယ်ဥပဒေချုပ်ရုံး

(၃) ညွှန်ကြားရေးမှူး၊ရှမ်းပြည်နယ်အထွေထွေ အဖွဲ့ဝင်
အုပ်ချုပ်ရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး၊ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အဖွဲ့ဝင်

(၅) ပြည်နယ်ဦးစီးမှူး၊ပြည်နယ်မြေစာရင်းဦးစီးဌာန အဖွဲ့ဝင်

(ဆ) အထက်ပါအဖွဲ့မှ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးဥပဒေ(မူကြမ်း)တွင် ထည့်သွင်းနိုင်ရေးအတွက် ပုဒ်မအသစ်(၂)ခုအား ထပ်မံဖော်ပြပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏(၁၈.၉.၂၀၂၅) ရက်စွဲပါစာအမှတ်၊ ၅၂၀၈/ဂ-၄/ရပစ(၀၂၀)ဖြင့် ရှမ်းပြည်အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြခဲ့ပါတယ်။

(ဇ) အဆိုပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နယ်အသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့် မြို့တော်စည်ပင်သာယာရေး ဥပဒေများကို တစ်ပြေးညီ ဖြစ်စေရေးအတွက် စံပြဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်ရန် အစည်းအဝေးကို ၁၀.၆.၂၀၂၆ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၅) မြေညီထပ် အစည်းအဝေးခန်းမ၌

Shan State Hluttaw

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာနမှ ဦးဇော်ဇော်ထွေး (ညွှန်ကြားရေးမှူးချုပ်)၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးဌာနများမှ တာဝန်ရှိသူများဖြင့် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ စည်ပင်သာယာရေး ဥပဒေတို့ တစ်ပြေးညီ ဖြစ်စေရေးအတွက် ဆွေးနွေးမည့် အခြေအနေများနှင့် ပြည်ထောင်စုဥပဒေရေးရာဝန်ကြီးဌာနမှ ရေးဆွဲထားရှိသော စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ပါ ပုဒ်မတစ်ခုချင်း ရေးဆွဲထားရှိမှုအား ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး အထွေထွေတင်ပြချက်များအရ ဥပဒေ(မူကြမ်း)အပေါ် အကြံပြုချက်များ တင်ပြရန်ရှိပါက စာဖြင့် ပြန်လည်တင်ပြရန် ဆွေးနွေး ပြောကြားခဲ့ပါတယ်။

(ဈ) အထက်ပါ ဥပဒေ(မူကြမ်း)အပေါ် အကြံပြုချက်များအား ထပ်မံစိစစ်ပြုစု၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ (၂၈.၇.၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၄၃၂၁/ဂ-၁/ရပစ(၀၂၀)ဖြင့် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လက်ရှိတွင် တိုင်းဒေသကြီး ပြည်နယ်လွတ်တော်အသီးသီးမှ ပြဋ္ဌာန်းထားရှိသည့် စည်ပင်သာယာရေးဥပဒေများအား တစ်ပြေးညီဖြစ်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အစည်းအဝေးများ ကျင်းပခြင်း၊ ဥပဒေ(မူကြမ်း)အပေါ် စိစစ်အကြံပြုချက်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်သော စည်ပင်သာယာရေးဥပဒေ(မူကြမ်း) အတည်ပြုပြီးပါက ယင်းဥပဒေ(မူကြမ်း) ပြဋ္ဌာန်းချက်များနှင့်အညီ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

Shan State Hluttaw

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ ရှိသေလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာတဲ့ တာဝန်ရှိသည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင် ဖြစ်ပါတယ်။ ယနေ့ ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့)မှာ ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူတို့၏ ဆန္ဒသဘောထား(၁)ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုရှိ တိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့(စံကိုက်)တိုက်နယ်ဆေးရုံတွင် ဆေးရုံသုံးပစ္စည်းကိရိယာ(၁)စုံ ရရှိရေးအတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းအုပ်စုရှိ တိုက်နယ်ဆေးရုံ(၁၆)ခုတင်ဆံ့(စံကိုက်)သည် မိုင်းညှင်းအုပ်စုတွင်(၉)ရွာ၊ အိမ်ထောင်စု(၄၅၃)စု၊ လူဦးရေ(၃၀၅၉)ဦးခန့်၊ ဟုတ်ပုံအုပ်စုတွင် ကျေးရွာ(၄)ရွာ၊ အိမ်ထောင်စု (၃၃၂)စု၊ လူဦးရေ(၁၅၄၃)ဦးခန့်နှင့် ဝမ်အွန်ကျေးရွာအုပ်စုတွင် ကျေးရွာ(၂၁)ရွာ၊ အိမ်ထောင်စု(၉၉၅)စု၊ လူဦးရေ(၅၇၉၅)ဦးခန့်ကျော်ရှိပြီး စုစုပေါင်းနေထိုင်သူ လူဦးရေ(၁၀၃၈၈)ဦးကျော်ခန့်အား အားကိုးအားထားပြုနေရသော တိုက်နယ်ဆေးရုံတစ်ရုံ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နှင့် (၂၂)မိုင် ဝေးကွာသော ကျေးရွာအုပ်စုဖြစ်ပြီး ထိုတိုက်နယ်ဆေးရုံမှာ ၂၀၁၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော်လည်း တိုက်နယ်ဆရာဝန်နှင့် သူနာပြုခန့်ထားပေးနိုင်ခြင်းမရှိသည့်အတွက် ဆေးရုံသုံးပစ္စည်းကိရိယာများ တစ်စုံတစ်ရာ မရရှိခဲ့ပါ။ Power Point သုံးခွင့်ပြုပါခင်ဗျား။ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုရှိ တိုက်နယ်ဆေးရုံ မှတ်တမ်းဓာတ်ပုံပါခင်ဗျား။ ၂၂.၇.၂၀၂၆ ရက်နေ့၌ မိုင်းညှင်းတိုက်နယ်ဆေးရုံတွင် ကွင်းဆင်းမှတ်တမ်းဓာတ်ပုံပါဗျ။ တိုက်နယ်ဆေးရုံအတွင်းရှိ လိုအပ်သော ခုတင်/ စားပွဲ/ ပစ္စည်းကိရိယာမရှိသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ မိုင်းညှင်းတိုက်နယ်ဆေးရုံရှိ ဝန်ထမ်းအိမ်ရာဆောက်လုပ်ထားရှိမှုအခြေအနေပါဗျ။ မိုင်းညှင်းအုပ်စုရှိ တိုက်နယ်ဆေးရုံ တည်နေရာပြ

Shan State Hluttaw

မြေပုံပါဗျ။ သို့ပေမယ့် ယခုနှစ် ၂၀၂၆ ခုနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆရာဝန် (၁)ဦး၊ သူနာပြု (၃)ဦးခန့်ထားနိုင်ပြီးဖြစ်ပါသဖြင့် မိုင်းညှင်းတိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ (စံကိုက်)အတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းကိရိယာ(၁)စုံအား ရရှိနိုင်ရေးအတွက် မြို့နယ်အဆင့်မှ ပြည်နယ်အဆင့်သို့လည်းကောင်း၊ ပြည်နယ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာနသို့ တောင်းခံထားရှိသည်ဟု သိရှိရပြီး မည်သည့်အချိန်ကာလတွင် မိုင်းညှင်းတိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ (စံကိုက်)ဆေးရုံသို့ ပို့ဆောင်ပေးမည်ကို သိရှိလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စု၊ တိုက်နယ်ဆေးရုံ(၁၆)ခုတင်ဆံ့(စံကိုက်)၏ ဆေးရုံသုံးပစ္စည်းကိရိယာ(၁)စုံ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်ကာလတွင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းသွားပါမယ်ခင်ဗျား။ ကျွန်တော် ကတော့ မိုင်းခတ်မြို့ မိုးလုံလေလုံအားကစားရုံ အလျား(၉၆)ပေ၊ အနံ(၇၀)ပေ မိုးလုံလေလုံ အားကစားရုံအသစ် ဆောက်လုပ်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်အမှတ်(၁)ရပ်ကွက်၊ ဈေးပိုင်းအကွက် ဦးပိုင်အမှတ်(၁၀၇)မြေပေါ်ရှိ အားကစားရုံသည် ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် ဒေသဖွံ့ဖြိုးရေးထောက်ပံ့ငွေကျပ် (၁၂)သိန်းဖြင့် အလျား ၈၀ ပေ၊ အနံ ၇၀ ပေ အားကစားရုံ တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်တွင် ရုံတွင်းအားကစားပြိုင်ပွဲများ ကျင်းပပြီး မြို့နယ်အဆင့် အစည်းအဝေးများ ကျင်းပခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြချက်အရ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီ၏ ခွင့်ပြုထောက်ပံ့ငွေကျပ်(၁၈)သိန်းဖြင့် အလျား ၉၆ ပေ၊ အနံ ၇၀ ပေသို့ တိုးချဲ့ပြင်ဆင်ခဲ့ပါတယ်။ သို့သော် မူလအဆောက်အဦအတိုင်း အုတ်ညှပ်သွပ်မိုးဖြစ်၍ ပျက်စီးယိုယွင်းမှုကြောင့် (၂၀၁၄)ခုနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ်(၁၂,၃၅၃)သန်းဖြင့် ထပ်မံပြုပြင်ခဲ့သော်လည်း ယခုအခါ ဟောင်းနွမ်းပျက်စီးနေ၍ အသုံးပြုရန် မရနိုင်တော့သဖြင့် အန္တရာယ်ရှိ အဆောက်အဦးအဖြစ် သတ်မှတ်ကာ ဌာနသို့ တင်ပြခဲ့ရာ

Shan State Hluttaw

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ (၁၁.၅.၂၀၂၃)ရက်စွဲပါစာအမှတ်၊ ၃၄၁၅/၀၅၅-ရပန/ကရ ဖြင့်ဖျက်သိမ်းခွင့် ပြုထားပြီး ဖြစ်ပါတယ်။

မိုင်းခတ်မြို့နယ်သည် ရပ်ကွက်(၂)ခု၊ ကျေးရွာအုပ်စု(၁၂)ခုဖြင့် ဖွဲ့စည်းထား ရှိပြီး လူဦးရေ(၄၀၆၂၈)ဦးခန့် ရှိပါတယ်။ မြို့ပေါ်နေ လူဦးရေ(၄၄၆၆)ဦးခန့်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ ကျောင်းသား/ ကျောင်းသူဦးရေ (၇၀၀)ကျော်ခန့် ပညာသင်ကြားလျက်ရှိပါတယ်။ အထက်ဖော်ပြပါ အားကစားရုံတွင် ယခင်ကအခြေခံပညာကျောင်းများ၏ အားကစားပြိုင်ပွဲများ၊ မြို့နယ်အဆင့် အားကစားပြိုင်ပွဲများဖြစ်သော ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် စသောပြိုင်ပွဲများအပြင် နွေထူးနွေမြတ်အခမ်းအနားများ၊ လူထုအစည်းအဝေးပွဲများ ကျင်းပရာ မြို့နယ်၏ တစ်ခုတည်းသော အဆောက်အဦလည်း ဖြစ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ် အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦဖြစ်သော မိုးလုံလေလုံအားကစားရုံ (၉၆x၇၀)ပေ သို့မဟုတ် (၉၀X၆၀)ပေ အားကစားရုံအသစ်ခွင့်ပြုပေးပါရန် တောင်းဆိုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်မိုးလုံလေလုံ အားကစားရုံ အလျား(၉၆)ပေ၊ အနံ(၇၀)ပေ အသစ်ဆောက်လုပ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်ကာလတွင် မည်ကဲ့သို့စီမံဆောင်ရွက်ပေး မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ဗျ။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးရန်အောင် မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာ အုပ်စုရှိ၊ (၁၆)ခုတင်ဆံ့ (စံကိုက်)တိုက်နယ်ဆေးရုံတွင် ဆေးရုံသုံး ပစ္စည်းစက်ကိရိယာ (၁)စုံရရှိရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ကျွန်မ ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

မိုင်းခတ်မြို့နယ် မိုင်းညှင်းတိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့(စံကိုက်)၏ ဆေးရုံသုံး ပစ္စည်းကိရိယာ(၁)စုံ ထောက်ပံ့ပေးနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊

Shan State Hluttaw

ကျိုင်းတုံမြို့၏ (၁၁.၆.၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၆၀၇/ ကတ(ကုသ-အဆဥ) ၂၀၂၆ ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်ရှင်။ စောင့်ဆိုင်းနေစဉ်ကာလအတွင်း လူနာခုတင်များ၊ ဆေးဝါးပစ္စည်းများနှင့် အခြားဆေးရုံ အသုံးအဆောင်များကို မိုင်းခတ်မြို့နယ်ဆေးရုံမှ မိုင်းညှင်းတိုက်နယ် ဆေးရုံသို့ ခွဲဝေချထားပေးပြီး ဆေးရုံလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လည်ပတ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းအနေဖြင့် ဦးရန်အောင်၊ မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ ဒုတိယမေးခွန်း မိုင်းခတ်မြို့နယ်တွင် အလျား(၉၆)ပေ၊ အနံ(၇၀)ပေ မိုးလုံလေလုံ အားကစားရုံ အသစ်ဆောက်လုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ကျွန်မမှ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်ရှင်။ မိုင်းခတ်မြို့နယ်ရှိ အားကစားရုံအသစ် ပြန်လည်တည်ဆောက်ခြင်း၊ အလျား(၉၀)ပေ၊ အနံ(၆၀)ပေအား Steel Structure PAE= 125000 ဖြင့်တွက်ချက်ထားရာ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်း (၆၇၅.၀၀၀)သန်းဖြင့် ပထမဦးစားပေး လျာထားဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ထွန်းငယ်၊ ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းငယ်ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးမှာ ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စုနှင့် ငုံးသုံးကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

Shan State Hluttaw

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စုနှင့် ငုံးသုံကျေးရွာအုပ်စုရှိ ကျေးရွာအများစုသည် ယနေ့အချိန်ထိ လျှပ်စစ်မီးရရှိခြင်းမရှိသေးသည်ကို တွေ့ရှိရပါတယ်။ ၎င်းကျေးရွာအုပ်စုများတွင် ပင်မှီအုပ်စုတွင် ကျေးရွာ(၁၂)ရွာ၊ စုစုပေါင်း အိမ်ခြေ(၈၇၇)အိမ်၊ လူဦးရေ(၃၆၈၅)ဦး၊ လယ်ကြားအုပ်စုတွင် ကျေးရွာ(၅)ရွာ၊ စုစုပေါင်း အိမ်ခြေ(၅၇၉)အိမ်၊ လူဦးရေ(၂၅၀၉)ဦးနှင့် ငုတ်အုပ်စုတွင် ကျေးရွာ (၁၅)ရွာ၊ စုစုပေါင်း အိမ်ခြေ(၁၂၆၇)အိမ်၊ လူဦးရေ(၄၉၃၆)ဦးနှင့် ငုံးသုံကျေးရွာ အုပ်စုတွင် ကျေးရွာ(၇)ရွာ၊ စုစုပေါင်း အိမ်ခြေ(၅၅၈)အိမ်၊ လူဦးရေ (၂၂၆၂)ဦးတို့ အသီးသီးရှိကြပါတယ်။ အဆိုပါကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ကြသော ပြောင်း၊ အာလူး၊ ကုန်စိမ်းသီးနှံများအစရှိသည်တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျေးရွာအုပ်စုများသည် ကလောမြို့နယ်၊ အောင်ပန်းမြို့နှင့် (၄)မိုင်ခန့်အကွာတွင် ငုံးသုံကျေးရွာအုပ်စု၊ (၆)မိုင်ခန့်အကွာတွင် ပင်မှီကျေးရွာအုပ်စုနှင့် (၉)မိုင်ခန့်အကွာတွင် ငုတ်ကျေးရွာအုပ်စုနှင့် လယ်ကြားကျေးရွာအုပ်စုတို့ရှိကြပြီး လျှပ်စစ်မီးရရှိမှုအနေဖြင့် ငုံးသုံကျေးရွာအုပ်စုတွင် ကျေးရွာ(၇)ရွာအနက် အိုင်ယားကျေးရွာ၊ ငုံးသုံကျေးရွာနှင့် ပေါတုတ်ကျေးရွာ၊ ပင်မှီကျေးရွာအုပ်စုတွင် ကျေးရွာ(၁၂)ရွာအနက် ကုန်းနီကျေးရွာ၊ လယ်ကြားကျေးရွာအုပ်စုတွင် ကျေးရွာ(၅)ရွာအနက် ဘုရားဖြူကျေးရွာနှင့် လေသာကုန်းကျေးရွာတို့သာ လျှပ်စစ်မီးရရှိကြပြီး ငုတ်ကျေးရွာအုပ်စုတွင် ကျေးရွာ(၁၅)ရွာသည် မည်သည့်ကျေးရွာမျှ လျှပ်စစ်မီးမရရှိသေးသည်ကို တွေ့ရှိရပါတယ်။ အဆိုပါဒေသများဟာ သဘာဝတောတောင်အလှပေါများသည်သာမက (၁၂)လ ရာသီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့်အတွက် ပွင့်လင်းရာသီကာလများတွင် ခရီးသွားလုပ်ငန်းများအတော်အသင့် ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ သို့သော်လည်း လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဒေသခရီးသွားလုပ်ငန်းနှင့်တကွ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးကဏ္ဍများ တိုးတက်သင့်သလောက် မတိုးတက်သေးသည်ကို ကွင်းဆင်းလေ့လာမှုအရ တွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါဒေသများတွင် လျှပ်စစ်မီးရရှိလာပါက စိုက်ပျိုးရေးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း၊ ဒေသခရီးသွားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသလူမှုစီးပွားဘဝများ မြှင့်တင်ပေးနိုင်ခြင်းတို့ ရှိလာမည်ဖြစ်သဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကလောမြို့နယ်၊ ပင်မှီကျေးရွာ

Shan State Hluttaw

အုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စုနှင့် ငုံးသုံကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံမိဘ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်စာရင်း စစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမဆုတောင်း ဂါရဝပြုအပ်ပါ တယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ပင်မှီကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စုနှင့် ငုံးသုံကျေးရွာအုပ်စုများရှိ ကျန်ရှိနေသေးသောကျေးရွာများ ဓာတ်အားရရှိရေးအတွက် အောင်ပန်းမြို့ (၆၆/၁၁)KV (၁၀+၁၀) အမ်ဗီအေ အောင်ပန်းဓာတ်အားခွဲရုံ (၁၁) KV၊ သရက်ပု ဖီဒါမှ (၁၁) KV ဓာတ်အားလိုင်းများ တည်ဆောက်ကာ ဓာတ်အားချိတ်ဆက် သွယ်တန်းရမည် ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာအုပ်စု(၄)စုတွင် ကျေးရွာပေါင်း (၃၉)ရွာရှိပြီး မီးလင်းရန် ကျန်ရှိနေသော ကျေးရွာ(၃၃)ရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းဒေသပေါက်ဈေးအရ အောက်ပါအတိုင်း ကုန်ကျမှာ ဖြစ်ပါတယ်-

(၁) လယ်ကြားကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာ ဓာတ်အားရရှိရေး အတွက် မီးလင်းပြီး ကုန်းနီကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း (၄)မိုင် ခန့်မှန်းကုန်ကျငွေ (၇၄၃.၀၉)ကျပ်သန်း (၁၁/၀.၄) KV (၁၆၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျ ငွေ (၁၀၃.၁၃) ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၁၀၂၃.၇၂) ကျပ်သန်း၊

(၂) ဂနံ့(အရှေ့+အနောက်)ကျေးရွာ ဓာတ်အားရရှိရေးအတွက် လယ်ကြား ကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း ၁ မိုင် ၈ ဖာလုံ

Shan State Hluttaw

ခန့်မှန်းကုန်ကျငွေ (၃၃၄.၃၉) ကျပ်သန်း (၁၁/၀.၄) KV (၁၆၀) KVA ထရန်စဖော်မာ(၁)လုံး ခန့်မှန်းကုန်ကျငွေ (၁၀၃.၁၃) ကျပ်သန်း ၊ (၄၀၀) ဗို့လိုင်း ၁ မိုင် ၃ ဖာလုံ ခန့်မှန်းကုန်ကျငွေ (၂၃၀.၇၆၁) ကျပ်သန်း၊ စုစုပေါင်း (၆၆၈.၂၈)ကျပ်သန်း၊

(၃) ကုန်းလှ(တောင်+မြောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် ဂနုံ (အရှေ့+ အနောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် လယ်ကြား ကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း (၂)မိုင် ခန့်မှန်းကုန်ကျငွေ (၃၇၁.၅၄) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ(၂)လုံး ခန့်မှန်းကုန်ကျငွေ (၁၆၈.၃၂၈) ကျပ်သန်း ၊ (၄၀၀) ဗို့လိုင်း (၂)မိုင် ခန့်မှန်းကုန်ကျငွေ (၃၅၅.၀၁) ကျပ်သန်း၊ စုစုပေါင်း (၈၉၄.၈၈) ကျပ်သန်း၊

(၄) ငုံးသုံကျေးရွာအုပ်စုတွင် ထင်းရှူးကုန်းရွာ (အပေါ်+အောက်) ကျေးရွာ ဓာတ်အား ရရှိရေးအတွက် မီးလင်းပြီး ပေါတုတ်ကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း (၃)မိုင် ခန့်မှန်းကုန်ကျငွေ (၅၅၇.၃၂) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၂)လုံး ခန့်မှန်းကုန်ကျငွေ (၁၆၈.၃၂၈)ကျပ်သန်း ၊ (၄၀၀) ဗို့လိုင်း (၂)မိုင် ခန့်မှန်းကုန်ကျငွေ (၃၅၅.၀၁)ကျပ်သန်း၊ စုစုပေါင်း (၁၀၈၀.၆၆) ကျပ်သန်း၊

(၅) ဘုရားဦး (တောင်+မြောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် ထင်းရှူး ကုန်းရွာ(အပေါ်+အောက်)ကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း (၁.၅)မိုင် ခန့်မှန်းကုန်ကျငွေ (၂၇၈.၆၆) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး (၁၁/၀.၄) KV (၅၀) KVA ထရန်စဖော်မာ(၁)လုံး ခန့်မှန်းကုန်ကျငွေ (၁၅၃.၄၉၁) ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း ၁ မိုင် ၂ ဖာလုံ ခန့်မှန်းကုန်ကျငွေ (၂၁၃.၀၁) ကျပ်သန်း၊ စုစုပေါင်း (၆၄၅.၁၆)ကျပ်သန်း၊

(၆) ကျောက်ဆင်ကျေးရွာဓာတ်အားရရှိရေးအတွက် ဘုရားဦး (တောင်+ မြောက်) ကျေးရွာ မှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း (၁.၃)မိုင် ခန့်မှန်းကုန်ကျငွေ (၂၄၁.၅)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊

Shan State Hluttaw

(၄၀၀)ဗို့လိုင်း (၀.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၄.၂၅)ကျပ်သန်း၊ စုစုပေါင်း (၄၄၉.၉၂) ကျပ်သန်း၊

(၇) သစ်အယ်တစ်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ကျောက်ဆင့် ကျေးရွာမှ tap off ရယူကာ (၁၁) KV ဓာတ်အားလိုင်း ၁ မိုင် ၅ ဖာလုံ ခန့်မှန်းကုန်ကျငွေ (၂၇၈.၆၆)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၅၄၀.၃၃) ကျပ်သန်း၊

(၈) ပင်မှီကျေးရွာအုပ်စုတွင် ဈေးကုန်းကျေးရွာ ဓာတ်အားရရှိရေးအတွက် မီးလင်းပြီး ကုန်းနီကျေးရွာမှ tap offရယူကာ(၁၁)KV ဓာတ်အားလိုင်း (၁.၅)မိုင် ခန့်မှန်းကုန်ကျငွေ (၂၇၈.၆၆) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄) ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၅၄၀.၃၃) ကျပ်သန်း၊

(၉) ကျောက်ဆင့်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ကုန်းနီ - ဈေးကုန်း ကျေးရွာမှ (၁၁) KV လိုင်းမှ tap off ရယူကာ(၁၁)KV ဓာတ်အားလိုင်း (၀.၉၅)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၆.၄၈)ကျပ်သန်း၊ (၁၁/၀.၄) KV (၅၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၆၉.၃၂၇) ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၀.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၄.၂၅) ကျပ်သန်း၊ စုစုပေါင်း (၃၇၀.၀၆) ကျပ်သန်း၊

(၁၀) ကုန်းပေါ်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ဈေးကုန်းကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း (၀.၃၅)မိုင် ခန့်မှန်းကုန်ကျငွေ (၆၅.၀၂) ကျပ်သန်း (၁၁/၀.၄) KV (၅၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၆၉.၃၂၇)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၀.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၄.၂၅)ကျပ်သန်း၊ စုစုပေါင်း (၂၅၈.၆) ကျပ်သန်း၊

(၁၁) ရွာမကျေးရွာ ဓာတ်အားရရှိရေးအတွက် ဈေးကုန်းကျေးရွာမှ tap off ရယူကာ (၁၁)KVA ဓာတ်အားလိုင်း (၀.၇၅)မိုင် ခန့်မှန်းကုန်ကျငွေ (၁၃၉.၃၃)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ

Shan State Hluttaw

(၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၄၀၁) ကျပ်သန်း၊

(၁၂) မွေတော်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ရွာမကျေးရွာမှ tap off ရယူကာ (၁၁)KVA လိုင်း(၁.၂)မိုင် ခန့်မှန်းကုန်ကျငွေ (၂၂၂.၉၃) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၄၈၄.၆)ကျပ်သန်း၊

(၁၃) မြေခြား(အရှေ့+အနောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် မွေတော် ကျေးရွာမှ tap off ရယူကာ (၁၁) KVA ဓာတ်အားလိုင်း ၃.၂ မိုင် ခန့်မှန်းကုန်ကျငွေ (၅၉၄.၄၇)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း ၁.၃ မိုင် ခန့်မှန်းကုန်ကျငွေ (၂၃၀.၇၆)ကျပ်သန်း၊ စုစုပေါင်း (၉၀၉.၃၉) ကျပ်သန်း၊

(၁၄) ဒုံပတ္တူပေါက် (တောင်+မြောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် မြေခြား(အရှေ့+ အနောက်) ကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၁.၅ မိုင် ခန့်မှန်းကုန်ကျငွေ (၂၇၈.၆၆)ကျပ်သန်း (၁၁/၀.၄) KV (၁၆၀) KVA ထရန်စဖော်မာ(၂)လုံး ခန့်မှန်းကုန်ကျငွေ (၂၀၆.၂၆) ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း ၂.၅ မိုင် ခန့်မှန်းကုန်ကျငွေ (၄၄၃.၇၇) ကျပ်သန်း၊ စုစုပေါင်း (၉၂၈.၆၈)ကျပ်သန်း၊

(၁၅) ကုန်းသာကျေးရွာ ဓာတ်အားရရှိရေးအတွက် ဈေးကုန်း - ရွာမကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း (၂)မိုင် ခန့်မှန်းကုန်ကျငွေ (၃၇၁.၅၄) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၆၃၃.၂၁)ကျပ်သန်း၊

(၁၆) မြင်သေကျေးရွာ ဓာတ်အားရရှိရေးအတွက် ကုန်းသာကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၁.၇ မိုင် ခန့်မှန်းကုန်ကျငွေ (၃၁၅.၈၁) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၅၇၇.၆၈)ကျပ်သန်း၊

Shan State Hluttaw

(၁၇) ညောင်ကျိုးကျေးရွာ ဓာတ်အားရရှိရေးအတွက် မြင်သေကျေးရွာမှ tap off ရယူကာ (၁၁)KVA ဓာတ်အားလိုင်း ၁.၃၅ မိုင် ခန့်မှန်းကုန်ကျငွေ (၂၅၀.၇၉)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ(၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်း ကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၅၁၂.၄၆)ကျပ်သန်း၊

(၁၈) သရက်မြောင်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ညောင်ကျိုးကျေးရွာမှ tap off ရယူကာ (၁၁) KV လိုင်း ၁.၅ မိုင် ခန့်မှန်းကုန်ကျငွေ (၂၇၈.၆၆)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၂)လုံး ခန့်မှန်းကုန်ကျငွေ (၁၆၈.၃၂၈)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း ၂.၂ မိုင် ခန့်မှန်းကုန်ကျငွေ (၃၉၀.၅၁)ကျပ်သန်း၊ စုစုပေါင်း (၈၃၇.၅) ကျပ်သန်း၊

(၁၉) တောင်ပို့လှ (ရှေ့+နောက်+တောင်) ကျေးရွာဓာတ်အားရရှိရေးအတွက် ဟဲဟိုးမြို့နယ် ဘော်နင်းကျေးရွာအုပ်စု မီးလင်းပြီး ချောင်းခြားကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၃.၅ မိုင် ခန့်မှန်းကုန်ကျငွေ (၆၅၀.၂) ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး (၁၁/၀.၄) KV (၅၀) KVA ထရန်စဖော်မာ(၂)လုံး ခန့်မှန်း ကုန်ကျငွေ (၂၂၂.၈၁၈)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၂)မိုင် ခန့်မှန်း ကုန်ကျငွေ (၃၅၅.၀၁)ကျပ်သန်း၊ စုစုပေါင်း (၁၂၂၈.၀၃)ကျပ်သန်း၊

(၂၀) ငုတ် (အပေါ်+အောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် တောင်ပို့လှ (ရှေ့+နောက်+ တောင်) မီးလင်းပြီး ချောင်းခြားကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၂.၂ မိုင် ခန့်မှန်းကုန်ကျငွေ (၄၀၈.၇) ကျပ်သန်း (၁၁/၀.၄) KV (၂၀၀) KVA ထရန်စဖော်မာ(၁)လုံး ခန့်မှန်းကုန်ကျငွေ (၁၁၁.၅၈၄)ကျပ်သန်း ၊ (၄၀၀) ဗို့လိုင်း (၁.၅)မိုင် ခန့်မှန်းကုန်ကျငွေ (၂၆၆.၂၆) ကျပ်သန်း၊ စုစုပေါင်း (၇၈၆.၅၄)ကျပ်သန်း၊

(၂၁) မီးယမ်းစင်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ညောင်ရွှေမြို့နယ် မီးလင်းပြီး ထီးလှိုင်ကျေးရွာမှ tap off ရယူကာ (၁၁) KV လိုင်း (၀.၇၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၄၃.၀၄)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄) ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၄၀၄.၇၁)ကျပ်သန်း၊

Shan State Hluttaw

(၂၂) နန်းရုပ်(ခွေးလဲ) ကျေးရွာဓာတ်အားရရှိရေးအတွက် မီးယမ်းစင်ကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း (၀.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၃၀.၀၄)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၃၉၁.၇၁) ကျပ်သန်း၊

(၂၃) နန်းရုပ် (ကန်နီ) ကျေးရွာဓာတ်အားရရှိရေးအတွက် နန်းရုပ်(ခွေးလဲ) ကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း (၀.၄)မိုင် ခန့်မှန်း ကုန်ကျငွေ (၇၄.၃၁)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန် စဖော်မာ(၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၃၃၅.၉၈) ကျပ်သန်း၊

(၂၄) (မြေဖြူကန်ကုန်း + မြေဖြူကန်ကျောင်း) ကျေးရွာဓာတ်အားရရှိရေးအတွက် နန်းရုပ်(ခွေးလဲ) ကျေးရွာမှ tap off ရယူကာ (၁၁)KV ဓာတ်အား လိုင်း ၂.၅ မိုင် ခန့်မှန်းကုန်ကျငွေ (၄၆၄.၄၃)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄) ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁) ကျပ်သန်း၊ စုစုပေါင်း (၇၂၆.၁)ကျပ်သန်း၊

(၂၅) ကျောက်စုကျေးရွာ ဓာတ်အားရရှိရေးအတွက် နန်းရုပ်(ခွေးလဲ) ကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၁.၃ မိုင် ခန့်မှန်း ကုန်ကျငွေ (၂၄၁.၅)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန် စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀) ဗို့လိုင်း (၁)မိုင် ခန့်မှန်းကုန်ကျငွေ (၁၇၇.၅၁)ကျပ်သန်း၊ စုစုပေါင်း (၅၀၃.၁၇) ကျပ်သန်း၊

(၂၆) ထီသိမ်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ကျောက်စုကျေးရွာမှ tap off ရယူကာ (၁၁)KV ဓာတ်အားလိုင်း ၁.၈ မိုင် ခန့်မှန်းကုန်ကျငွေ (၃၃၄.၃၉)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း ၁.၂ မိုင် ခန့်မှန်းကုန်ကျငွေ (၂၁၃.၀၁)ကျပ်သန်း၊ စုစုပေါင်း (၆၃၁.၅၆) ကျပ်သန်း၊

Shan State Hluttaw

(၂၇) လက်ပံပင် (အပေါ်+အောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် မီးလင်းရန် ကျန်ရှိနေသော ပင်မှီကျေးရွာအုပ်စု သရက်မြောင်ကျေးရွာမှ tap off ရယူကာ (၁၁)KV လိုင်း ၁.၈ မိုင် ခန့်မှန်းကုန်ကျငွေ (၃၃၄.၃၉)ကျပ်သန်း (၁၁/၀.၄) KV (၁၆၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၁၀၃.၁၃)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၁.၃)မိုင်ခန့်မှန်းကုန်ကျငွေ (၂၃၀.၇၆) ကျပ်သန်း၊ စုစုပေါင်း (၆၆၈.၂၈) ကျပ်သန်း၊

(၂၈) ဆောင်ဝမ်း (ရှေ့+နောက်) ကျေးရွာဓာတ်အားရရှိရေးအတွက် မီးလင်းရန် ကျန်ရှိနေသာ ပင်မှီကျေးရွာ ပတ္တူပေါက်(တောင်+မြောက်) ကျေးရွာမှ tap off ရယူကာ (၁၁)KV ဓာတ်အားလိုင်း ၁.၃ မိုင် ခန့်မှန်းကုန်ကျငွေ (၂၄၁.၅)ကျပ်သန်း (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး ခန့်မှန်းကုန်ကျငွေ (၈၄.၁၆၄)ကျပ်သန်း၊ (၄၀၀)ဗို့လိုင်း (၀.၇)မိုင် ခန့်မှန်းကုန်ကျငွေ (၁၂၄.၂၅)ကျပ်သန်း၊ စုစုပေါင်း (၄၄၉.၉၂)ကျပ်သန်း ဖြစ်ပါတယ်။

ဒုတ်ကျေးရွာအုပ်စုတွင် ကျန်ရှိနေသော သရက်မြောင်ကျေးရွာ(ရှေ့+လယ်) မြေခြား (ရှေ့)၊ ပတ္တူပေါက်(တောင်)ကျေးရွာတို့ ဓာတ်အားရရှိရေးအတွက် ပင်မှီကျေးရွာအုပ်စုတွင် ထည့်သွင်းတွက်ချက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကျေးရွာအုပ်စု (၄)အုပ်စုတို့မှ မီးလင်းရန် ကျန်ရှိနေသေးသော ကျေးရွာ(၃၃)ရွာ ဓာတ်အားရရှိရေးအတွက် (၁၁)KV ဓာတ်အားလိုင်း ၄၇.၃၇ မိုင်၊ (၁၁/၀.၄) KV (၂၀၀) ထရန်စဖော်မာ (၁)လုံး (၁၁/၀.၄) KV (၁၆၀)KVA ထရန်စဖော်မာ (၅)လုံး (၁၁/၀.၄) KV (၁၀၀) KVA ထရန်စဖော်မာ (၂၄)လုံး၊ (၁၁/၀.၄) KV (၅၀)KVA ထရန်စဖော်မာ (၅)လုံးနှင့် (၄၀၀) ဗို့လိုင်း ၃၄.၃ မိုင်တို့အား ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

Shan State Hluttaw

တတိယပုံမှန် အစည်းအဝေးကို တက်ရောက်ပေးကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ရုံးမှ အကြီးအမှူးနှင့် ရုံးဝန်ထမ်းများ၊ လေ့လာသူများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်တဲ့ မြေသားလမ်းမကြီး အရှည် (၆)မိုင်ကျော်အား အပိုင်းလိုက် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ အဆိုပါလမ်းမကြီးဟာ မိုင်းဖြတ်မြို့နှင့် တာချီလိတ်မြို့သို့ ချိတ်ဆက်ထားတဲ့ မဟာဗျူဟာလမ်းမကြီး NH 23 လမ်း အမျိုးအစားတစ်ခုဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဝမ်ပုံအုပ်စု၊ ကောင်းမူအုပ်စု၊ မိုင်းဟဲအုပ်စုတို့အတွင်း ဖြတ်သန်းသွားလာသည့် လမ်းမကြီးလည်းဖြစ်ပါတယ်။ အဓိကအားထားပြီးတော့ သွားလာနေတဲ့ လမ်းမကြီးလည်း ဖြစ်ပါတယ်။ အထူးသဖြင့် မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ဘိုရှီးကျေးရွာ၊ ဝမ်ကပ်ကျေးရွာ၊ တုံလုံရွာ၊ ပါဝန်းရွာ၊ ဟိုခံရွာ၊ ရှေခင် ၁. ရွာ၊ ရှေခင် ၂.ရွာ၊ ရှေခင် ၃.ရွာ၊ နမ့်ဟွေးရွာနှင့် နမ့်ဟွေ့လုံရွာစသည့် ရွာပေါင်း (၄၈)ရွာ၊ အိမ်ခြေပေါင်း (၁၀၈၆)အိမ်၊ လူဦးရေပေါင်း (၆၇၆၂)ဦးရှိပြီးတော့ မိုးစပါးကို အဓိကထားပြီးတော့ အသက်မွေးဝမ်းကျောင်းပြုလျက်ရာသီပေါ်သီးနှံများ၊ နှစ်ရှည်ပင်သီးနှံများ၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ပူးတွဲလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလမ်းမကြီးဟာ မိုင်းဖြတ်မြို့နယ် နယ်နိမိတ်အဆုံး တာချီလိတ်မြို့နယ် နယ်နိမိတ်အစပ် (၁၈)မိုင်ကျော်ကွာဝေးပြီးတော့ မိုင်းဖြတ်မြို့မှ ဘိုရှီးကျေးရွာအထိ (၁၂)မိုင်ခန့် (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ခင်းထားခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးသော မြေသားလမ်းအရှည် (၆)မိုင်ကျော်အား နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလအတွင်း လမ်းမကြီးပေါ်ရေဝပ်ခြင်း၊ ရေတင်ခြင်းကြောင့် ရှည်လျားတဲ့ ချိုင့်ခွက်ကြီးများစွာဖြစ်ပေါ်နေသည့်အတွက် ကျောင်းသို့ ကျောင်းသူ/ ကျောင်းသားများ သွားလာရာတွင်လည်းကောင်း၊ သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အရေးပေါ်လူနာ၊ နာမကျန်းလူနာ၊ မွေးခါနီးကိုယ်ဝန်ဆောင်သည်များ မြို့ပေါ်ရှိ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်ပေးရာတွင်လည်းကောင်း၊

Shan State Hluttaw

ရုံးကိစ္စ၊ အခြားဌာနဆိုင်ရာကိစ္စများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရာတွင် လည်းကောင်း နေ့စဉ်နှင့်အမျှ လူမှုဘဝအခက်အခဲမျိုးစုံ ကြုံတွေ့နေပြီးတော့ မော်တော်ကားများ၊ ဆိုင်ကယ်များ၊ သွားလာနိုင်ခြင်းမရှိတော့ဘဲ ခြေကျင်တစ်မျိုး တည်းသာ ခက်ခက်ခဲခဲသွားလာနေကြရပါတယ်ခင်ဗျား။ Power Point သုံးခွင့်ပြု ပါခင်ဗျား။ ဒါရေးမြောင်းသဖွယ် ဖြစ်နေပါတယ်ခင်ဗျား။ ဒီလိုလည်း ရေတင်ခြင်း ကြောင့် ရေဝပ်ခြင်းကြောင့် ကားသွားလာဖို့ လုံးဝအဆင်မပြေဖြစ်နေပါတယ်။ အဲလိုပါပဲ ပေ(၅၀၀)/(၆၀၀)/(၇၀၀) လောက် ရှည်လျားတဲ့ရေမြောင်းဖြစ်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေသား လမ်းမကြီး (၆)မိုင်ကျော်အား သွားလာရာတွင် အလွန်ခက်ခဲသော နေရာအချို့ လမ်းပိုင်းအလိုက် အချိန်မရွေးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် နှစ်အလိုက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးခြင်းအားဖြင့် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့သို့ ဝန်ဆောင်မှုလုပ်ငန်း များ ပိုမိုကောင်းမွန်လာခြင်းကြောင့် ဒေသနေပြည်သူများကိုလည်း လူနေမှုဘဝ ပိုမိုမြင့်မားလာမည် ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသနေပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြ မေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးမင်္ဂလာပါခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်သို့ တက်ရောက်လာတဲ့သူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း မေးမြန်းတဲ့ မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရှိုး-ဝမ်ကပ်-တုံလုံ-ဟိုခွံ-ရှေခင်(၁)-ရှေခင် (၂)- ရှေခင် (၃)- နမ့်ဟွေယွန်း- နမ့်ဟွေလုံ ကျေးရွာချင်းဆက်လမ်းပိုင်း တာချီလိတ် - ဘိုရှိုး - မိုင်းခုတ် ၆၉ မိုင် ၅ ဖာလုံ လမ်းပိုင်းမှာ ပါဝင်ပါတယ်။ ဒီလမ်းပိုင်းဟာ ကျွန်တော်တို့ နတလဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ ဧရိယာထဲမှာပါဝင်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အမှတ်(၉၁၃) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ လမ်းပြုပြင် ထိန်းသိမ်းခြင်းနှင့် လမ်းပေါ်တွင် လိုအပ်တဲ့တံတားများနှင့် Box Culvertများ

Shan State Hluttaw

တည်ဆောက်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့တဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါ မြေသားလမ်း (၆)မိုင်ကျော်ကို အချိန်မရွေးသွားလာနိုင်ရေးအတွက် မြေသားလမ်းအဆင့်မှ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့မှ ဦးစားပေး အဆင့်နဲ့ သင့်လျော်တဲ့ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဆောင်းရွှေ၊ တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဆောင်းရွှေ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု အတွင်းရှိ သရက်ပင်လှ-ဘုရားနီ ကိုယ်ထူကိုယ်ထလမ်း(၁/၀)မိုင်အား ကျေးရွာချင်း ဆက်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းကို တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ တောင်ကြီးခရိုင်၊ တောင်ကြီး မြို့နယ်၊ ကျောက်နီကျေးရွာအုပ်စုအတွင်းရှိ သရက်ပင်လှကျေးရွာတွင် အိမ်ခြေ (၄၆၁)အိမ်၊ လူဦးရေ(၁၉၄၁)ဦးနှင့် ဘုရားနီကျေးရွာတွင် အိမ်ခြေ (၁၈၈)အိမ်၊ လူဦးရေ (၈၀၉)ဦးရှိပြီး စုစုပေါင်းအိမ်ခြေ (၆၄၉)အိမ်နှင့် လူဦးရေစုစုပေါင်း (၂၇၅၀)ဦး ရှိပါတယ်။ သရက်ပင်လှကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ နှင့် ဘုန်းကြီးကျောင်း (၁)ကျောင်းရှိသကဲ့သို့ ဘုရားနီကျေးရွာတွင်လည်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ဘုန်းကြီးကျောင်း(၁)ကျောင်းရှိပြီး အဆိုပါကျေးရွာ များတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြုလျက် ရှိပါတယ်။

သရက်ပင်လှကျေးရွာနှင့် ဘုရားနီကျေးရွာတို့ ဆက်သွယ်အသုံးပြုနေသည့် ကိုယ်ထူကိုယ်ထလမ်းဟာ (၁/၀)မိုင်ခန့်ရှိပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကတည်း ကပင် ကျေးရွာနေပြည်သူတို့မှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်အသုံးပြု လာခဲ့ပါတယ်။ စိုက်ပျိုးရေးနည်းစနစ် တိုးတက်ကောင်းမွန်လာတဲ့ ယနေ့ခတ်မှာ

Shan State Hluttaw

စိုက်ပျိုးသီးနှံများကို သယ်ယူပို့ဆောင်နိုင်ရန်အတွက်သော်လည်းကောင်း၊ ပညာရေး ဆိုင်ရာကိစ္စရပ်များအတွက်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ် များအတွက်လည်းကောင်း၊ မော်တော်ယာဉ်များ အသုံးပြုလာကြသည်နှင့်အမျှ အဆိုပါလမ်းကိုလည်း လမ်းဇရိယာချဲ့ခြင်း၊ သဲဖြုန်းခင်းခြင်းလုပ်ငန်းများကို နှစ်စဉ် နှစ်တိုင်း ပြုပြင်ထိန်းသိမ်းလာခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၂၆ ခုနှစ်၊ နှစ်ဦးပိုင်းမှာ သရက်ပင်လှကျေးရွာအနီးရှိ သွားလာရအလွန်ခက်ခဲသော လမ်းဦးပိုင်းမှစ၍ ပေ(၁၀၀)ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ပေ(၁၀၀)ကျောက်ခင်းခြင်းလုပ်ငန်းတို့ကိုလည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထပ်မံဆောင်ရွက်ခဲ့ပြီး အချိန်ကာလကြာမြင့်လာသည်နှင့် အမျှ ကျေးရွာနေပြည်သူများက လမ်းပြုပြင်ထိန်းသိမ်းခြင်းအတွက် များစွာဝန်ထုပ် ဝန်ပိုး ဖြစ်ပေါ်လာလျက် ရှိနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျေးရွာနေပြည်သူများ၏ တင်ပြတောင်းဆိုချက်အရ မိမိအနေဖြင့် ကွင်းဆင်းလေ့လာခဲ့ပြီး အဆိုပါကျေးရွာတို့ ဟာ အနောက်ဘက်တွင် ကလောမြို့နယ်နှင့်လည်းကောင်း၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်နှင့်လည်းကောင်း နယ်မြေထိစပ်လျက်ရှိပြီး တောင်ကြီးမြို့နယ်၏ အနောက်မြောက်ဘက် အစွန်အဖျားဒေသတွင် တည်ရှိနေသည့် ကျေးရွာများဖြစ် ကြတဲ့အားလျော်စွာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရပြီး ထိုဒေသရှိပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် ရာသီမရွေးသွားလာအသုံးပြုနိုင်တဲ့ ကျေးရွာချင်းဆက်လမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ရန် အထူးလိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု သရက်ပင်လှ - ဘုရားနီ ကိုယ်ထူကိုယ်ထလမ်းအား ကျေးရွာချင်းဆက်လမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံ ပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်ပါမှ ဦးခွန်ဆောင်းရွှေ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ် (၂)က မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စုအတွင်းရှိ သရက်ပင်လှ-ဘုရားနီကျေးရွာချင်းဆက်လမ်းသည် Class(B) လမ်းအမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ (၁/၀)မိုင်ရှိပါတယ်။ သရက်ပင်လှကျေးရွာတွင် အိမ်ခြေ(၄၆၁)အိမ်၊ လူဦးရေ(၁၄၉၁)ဦးနှင့် ဘုရားနီကျေးရွာတွင် အိမ်ခြေ(၁၈၈)အိမ်၊ လူဦးရေ(၈၀၉)ဦး၊ စုစုပေါင်းအိမ်ခြေ(၆၄၉)အိမ်၊ လူဦးရေ (၂၇၅၀)ဦးအား အကျိုးပြုသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်နယ်ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ အကြောင်းအရာကတော့ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်အတွင်းမှာရှိတဲ့ နမ့်ပါမန်း - ကျိုင်းလွန်းကျေးရွာချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် မေးမြန်းတင်ပြလိုတာပဲဖြစ်ပါတယ်။

Shan State Hluttaw

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်မှ ကျိုင်းလွန်းကျေးရွာအုပ်စုဟာ ကျေးရွာပေါင်း(၃၂) ရွာနဲ့ ဖွဲ့စည်းထားရှိပြီး အိမ်ခြေ (၉၈၅)၊ အိမ်ထောင်စု (၉၈၅)စု၊ လူဦးရေ (၄၄၂၈)ဦး ရှိသော ကျေးရွာအုပ်စုကြီး တစ်ခုဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့အနီး ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် နမ့်ပါမန်းကျေးရွာအထိ (၁၂)ပေအကျယ် ကတ္တရာလမ်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ နမ့်ပါမန်းကျေးရွာမှ ကျိုင်းလွန်း ကျေးရွာအုပ်စုအထိ လမ်းမှာ မြေသားလမ်းအဆင့်သာ ဖောက်လုပ်ထားသော လမ်း ဖြစ်ပါတယ်။ မိုးရာသီတွင် (4 wheel) ကားများပင် သွားလာရခက်ခဲပြီးချိန်းများ ပတ်၍ပင် သွားလာရသောလမ်းဖြစ်ပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ လမ်းရဲ့အနေ အထားဖြစ်ပါတယ်။ ကျွန်တော်တို့ (4 wheel)ကားတွေနဲ့ သွားတာတောင်မှလမ်း ဘေးမှာချော်ကျပြီးတော့မှ ကျွန်တော်တို့ ပြန်လည်ဆွဲတင်နေရတဲ့ အနေအထား ကျွန်တော်တို့ တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ လမ်းကတော့ ကျွန်တော်တို့ တွေ့မြင်ရတဲ့အတိုင်းပဲ ကျွန်တော်တို့ မြေသားလမ်းတွေအနေနဲ့ ရွှံ့တွေနဲ့ ဗွက်တွေနဲ့ ကျွန်တော်တို့ ရေမြောင်းသဖွယ် တွေ့ရှိရမှာဖြစ်ပါတယ်ခင်ဗျား။ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ကျေးရွာအုပ်စုတွေကို ကျွန်တော်တို့ လုပ်ငန်းတွေ သွားရောက် ဆောင်ရွက်ရန်နှင့် ကျိုင်းလွန်းကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များအပါအဝင် ကျေးရွာနေပြည်သူလူထုများမှ ကာလိမြို့နှင့် ကွန်ဟိန်းမြို့နယ်သို့ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ သွားရောက်ဆောင်ရွက်ရန်အတွက် ရာသီမရွေး သွားလာနိုင်သော လမ်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် အရေးတကြီး လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နမ့်ပါမန်း-ကျိုင်းလွန်းကျေးရွာချင်းဆက် မြေသားလမ်း ၄ မိုင် ၂ ဖာလုံအား ရာသီမရွေးသွားလာ နိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော် ဒုတိယအနေနဲ့ မေးမြန်းတင်ပြလိုတဲ့ အကြောင်း အရာကတော့ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဖန်လန်းကျေးရွာမှ နမ့်ဝှက်ကျေးရွာနှင့် ဝမ်အင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ရာသီမရွေး

Shan State Hluttaw

သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် မေးမြန်းတင်ပြလိုတာပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ တာကော်ကျေးရွာအုပ်စုမှ ဖန်လန်းကျေးရွာသည် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသော ကျေးရွာကြီးဖြစ်ပါတယ်။ ၎င်းကျေးရွာမှတစ်ဆင့် နမ့်ဝှက်ကျေးရွာနှင့် ဝမ်အင်ကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်းတစ်ခုရှိပါတယ်။ နမ့်ဝှက်ကျေးရွာနှင့် ဝမ်အင်ကျေးရွာအနီးတစ်ဝိုက်တွင် နားကဲ့ကျေးရွာ၊ တာလုံကျေးရွာ၊ ခိုပုန်ကျေးရွာနှင့် ဝမ်ဝိန်းကျေးရွာတို့ တည်ရှိကြပြီး အိမ်ထောင်စု(၁၆၀)စု၊ အိမ်ခြေ(၁၆၉)နှင့် လူဦးရေ(၈၄၈)ဦးတို့ နေထိုင်လျက်ရှိကြပါတယ်။

ဖန်လန်းကျေးရွာမှ ဝမ်အင်ကျေးရွာအထိ လမ်းအရှည်မှာ (၇)မိုင်ခန့်ရှိပြီး ၂၀၂၁-၂၀၂၂ ပထမ (၆)လပတ် ပြည်နယ်ရန်ပုံငွေမှ (၁၃၃.၅၄၆)သန်းဖြင့် ကျောက်ခင်းခြင်း(၁)မိုင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကျွန်တော်တို့ ကျေးရွာချင်းဆက်လမ်း ကျဉ်းမြောင်းပြီးတော့မှ ကျွန်တော်တို့ သွားလာရခက်ခဲတဲ့ အနေအထားများကို ကျွန်တော်တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီလမ်းတွေက ကျွန်တော်တို့ မူလစတင်ဖောက်လုပ်စဉ်ကပင် လမ်းအကွေ့များမှာ လိုအပ်တဲ့လမ်းစောင်း Super Elevation ရအောင်ပုံဖော်၍ ကျောက်ခင်းရန် လိုအပ်ခြင်း၊ တောင်ပေါ်လမ်းများဖြစ်၍ လမ်းခင်းရာတွင် လမ်းသား Camber အနည်းဆုံး ၃ ရာခိုင်နှုန်းရရှိရန်နှင့် လမ်းပခုံး Camber ၅ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ Transverse Drain တွေ ထည့်သွင်းရန်လိုအပ်ခြင်း၊ စတာတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျောက်ခင်းရာတွင်လည်း Sub Grade နဲ့ Base အလွှာတွေမှာ Voids တွေမဖြစ်စေဘဲ Compression ကောင်းစွာရရှိစေရန် စနစ်တကျ ကျောက်စီရန်နှင့် Roller တွေကြိတ်ရာမှာလည်း CBR Ratio ကျွန်တော်တို့ California Bearing ratio ရရှိအောင် သတ်မှတ်ချက်အတိုင်းကြိတ်ပေးရမှာဖြစ်ပါတယ်။ သို့မှသာ ခိုင်ခံ့မှုကို ရရှိမှာဖြစ်ပါတယ်။ ဒီအပိုင်းတွေကို လုပ်ဆောင်ရာမှာ အားနည်းချက်များရှိခဲ့တဲ့အတွက် ယခုအခါလမ်းပိုင်းမှာ များစွာပျက်စီးလျက်ရှိနေပါတယ်။ ၂၀၂၂ နောက်ပိုင်း လုပ်ငန်းဆက်အနေနဲ့လည်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတာကို တွေ့ရှိရပါတယ်ခင်ဗျား။

Shan State Hluttaw

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရ၏ အကူညီထောက်ပံ့မှုများ အမှန်တကယ်လိုအပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်း တစ်လမ်းဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွန်းကျေးရွာအုပ်စုအတွင်းရှိ နမ့်ပါမန်းကျေးရွာနှင့် ကျိုင်းလွန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၄ မိုင် ၂ ဖာလုံ မြေသားလမ်းမှာ နတလဦးစီးဌာနပိုင် လမ်းဖြစ်ပြီးတော့ အဆိုပါလမ်းကို နတလဦးစီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ကျောက်ခင်းလမ်း ၆ ဖာလုံ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ ကျောက်ခင်းလမ်း ၄ ဖာလုံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ ၄ဖာလုံ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ခင်းလမ်း ၃ ဖာလုံ၊ စုစုပေါင်း ကျောက်ခင်းလမ်းအဖြစ် ၂ မိုင် ၁ ဖာလုံ ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၂ မိုင် ၁ ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် အတွက် ကျန်ရှိတဲ့ အဆိုပါကျေးရွာချင်းဆက်လမ်းများအား ကျွန်တော်တို့ ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့်နဲ့ ကျွန်တော်တို့ နှစ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ တာကော်ကျေးရွာအုပ်စုအတွင်းရှိ ဖန်လန်းကျေးရွာနှင့် ဝမ်အင်ကျေးရွာသို့ ဆက်သွယ်ထားသည့် ဖန်လန်း - နမ့်ဝှက် - ဝမ်အင်ကျေးရွာချင်းဆက်လမ်း ၁၈ မိုင်ဟာ ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီးတော့ နတလဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ ဧရိယာတွင်းမှာ ပါဝင်ပါတယ်။ အထက်ပါလမ်းကို နတလဦးစီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ကျောက်ခင်းလမ်း ၁ မိုင် ဆောင်ရွက်

Shan State Hluttaw

ပေးခဲ့ပါတယ်။ အဆိုပါကျေးရွာချင်းဆက်လမ်း ၁၀ မိုင်မှ ကျောက်ခင်းလမ်း ၁ မိုင် ဆောင်ရွက်ပေးခဲ့ပြီးတော့ ကျန်ရှိသည့် ၉ မိုင်လမ်းပိုင်းကို ကျောက်ခင်းလမ်း အဖြစ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျွန်တော်တို့ ဘဏ္ဍာရန်ပုံငွေပေါ်မူတည်ပြီး ပြည်ထောင်စု/ ပြည်နယ်ထည့်ဝင်ဆောင်ရွက်နိုင်ရေးအတွက် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က ပထမ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး လိုရာဆန္ဒတွေ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဌေးဝင်းလှိုင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းတင်ပြမှာကတော့ အခြေခံပညာစာသင်ကျောင်းတွေမှာ ကျောင်းသား/ ကျောင်းသူများကို ကမ္ဘာသုံးစကားဖြစ်သော အင်္ဂလိပ်ဘာသာ စကားပြော (English Speaking) တတ်ကျွမ်းအောင် သင်ကြားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများခင်ဗျား။ ကျွန်တော်တို့ရဲ့ စာသင်ကျောင်းတွေထဲမှာ တိုင်းပြည်ရဲ့ အနာဂတ် ခေါင်းဆောင်လေးတွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းဖို့အတွက် အခြေခံပညာ စွမ်းဆောင်ရည်ပြည့်ဝသော အရည်အချင်းကောင်း ရှိသူတွေများစွာ လိုအပ်နေပါတယ်ခင်ဗျား။ နောင်လာမဲ့ အနာဂတ်ခေါင်းဆောင် လေးတွေကို အခြေခံပညာကျောင်းမှစပြီး အဆင့်ရှိစွာ ပြောဆိုနေထိုင်တတ်အောင်၊ အမှိုက်တွေကို အမျိုးစားခွဲပြီး စွန့်ပစ်တတ်အောင်၊ အချိန်နှင့်အလုပ်ကို တန်ဖိုးထား တတ်အောင်၊ စနစ်တကျ တန်းစီတတ်တဲ့ စနစ်ကောင်းတွေ၊ General Knowledge တွေစသည်ဖြင့် အလေ့အကျင့်ကောင်းတွေ၊ လူမှုအသိပညာတွေ သင်ကြားပေးစေလို ပါတယ်ခင်ဗျား။ အထူးသဖြင့် အခြေခံပညာစာသင်ကျောင်းတွေမှာ ကမ္ဘာသုံးစကား ဖြစ်သော အင်္ဂလိပ်ဘာသာစကားပြော(English Speaking) တတ်ကျွမ်းအောင် အခြေခံကျောင်းများမှ စတင်ပြီး သင်ကြားပေးစေလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ သူငယ်တန်းကနေစပြီး ဘွဲ့ရတဲ့အထိ အင်္ဂလိပ်စာကို အတန်းတိုင်းမှာ သင်ကြားခဲ့ရပါတယ်။ သို့ပါသော်လည်း ဘွဲ့ရရှိပြီးသူတိုင်း အများစုဟာ အင်္ဂလိပ်လို

Shan State Hluttaw

ကျွမ်းကျင်စွာ ပြောဆိုနိုင်ခြင်းမရှိခဲ့ပါဘူး။ ပထမဦးစွာ ဆရာ/ ဆရာမများကို ကျွမ်းကျင်အဆင့်ရောက်အောင် သင်တန်းများပို့ချပြီး ကျောင်းသား/ကျောင်းသူများကို ပြန်လည်သင်ကြားပေးမှသာ ပိုမိုကောင်းမွန်မယ်လို့ သုံးသပ်မိပါတယ်။ ယခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ နိုင်ငံတော်ခရီးစဉ်ဖြင့်သော်လည်းကောင်း၊ ပြည်ပတွင် သွားရောက်၍ လုပ်ငန်းအသီးသီးလုပ်ကိုင်ဆောင်ရွက်ရာတွင်သော်လည်းကောင်း ဘာသာစကားတတ်ကျွမ်းမှု အားနည်းခြင်းကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရတာကို သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အနာဂတ်မျိုးဆက်သစ်များကို ကမ္ဘာမှာ မြန်မာကဆိုပြီး လေးစားတန်ဖိုးထားခံရမှု လူမှုအသိပညာနှင့် English Speaking တတ်ကျွမ်းအောင် သင်ကြားပေးနိုင်ရေးအတွက် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါရှင်။ ဦးဌေးဝင်းလှိုင် ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ အခြေခံပညာကျောင်းများတွင် အင်္ဂလိပ်စကားပြော (English Speaking) တတ်ကျွမ်းအောင် သင်ကြားပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် မေးခွန်းအား ကျွန်မ လူမှုရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

မြန်မာနိုင်ငံသား အနာဂတ်မျိုးဆက်သစ်များကို English စကားပြော အခြေခံအရည်အသွေးများဖြစ်သည့် Listening, Speaking, Reading, Writing (Four Skills) တတ်ကျွမ်းအောင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ထိ အခြေခံပညာဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်တွင် ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်၌ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ပြီး အရည်အချင်းရှိသော အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်ပေးရန် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

Shan State Hluttaw

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က ဒုတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါ ခင်ဗျား။ ဒုတိယမေးခွန်းအနေဖြင့် ကျွန်တော်မေးမြန်းတင်ပြမှာကတော့ စစ်ဆေးရေးဂိတ်များနှင့် လေဆိပ်စစ်ဆေးရေးနေရာတွင် မှတ်ပုံတင်မျဉ်းစောင်းများ ကန့်သတ်ထားခြင်း ရှိ/ မရှိနှင့် ဂိတ်များဝန်းကျင်တွင် ဖုန်းအသုံးမပြုရဟူသော ညွှန်ကြားချက်များ ထုတ်ပြန်ထားခြင်း ရှိ/ မရှိ မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ပထမဦးစွာ တင်ပြလိုတာကတော့ ဒီမေးခွန်းကို တင်ပြထားစဉ် ရက်(၁၀၀)စီမံချက်ကာလအတွင်းမှာ မလိုအပ်သော စစ်ဆေးရေးဂိတ်များ ဖျက်သိမ်းပေးခဲ့တာကို တွေ့ရှိရတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူများရဲ့ တောင်းဆိုချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာကို အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ လက်ရှိနိုင်ငံရေးအခြေအနေအရ အများပြည်သူလုံခြုံရေးအတွက် မဖြစ်မနေ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်နေတာဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ခင်ဗျား။ အချို့သော စစ်ဆေးရေးဂိတ်များနှင့် လေဆိပ်များတွင် ဥပမာ- (၁၃/)ဆိုလျှင် အခြားပြည်နယ်တိုင်းထဲကို သွားလာခွင့်မရှိဘူး။ (၅/)(၈/)ဆိုရင် ရှမ်းပြည်နယ်ထဲကိုမလာရဘူးစသည်ဖြင့် ကန့်သတ်တားမြစ်မှုတွေ ပြုလုပ်နေကြောင်း၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်များစွာကြုံတွေ့နေရကြောင်းနှင့် တိုင်းရင်းသားပြည်သူများ၏ စိတ်ထဲမှာ နယ်မြေဒေသခွဲခြားထားသလို စိတ်ခံစားမှုတွေကို ဖြစ်ပွားစေပါတယ်။ နောက်တစ်ခုကတော့ စစ်ဆေးရေးဂိတ်ဝန်းကျင်မှာ လက်ကိုင်ဖုန်းများ အသုံးပြုခြင်း၊ ဖုန်းပြောခြင်းများ ပြုလုပ်ပါက ဒဏ်ကြေးပေးဆောင်နေရကြောင်းလည်း သတင်းရရှိပါတယ်ခင်ဗျား။ အစိုးရအဖွဲ့မှလည်း ငွေကြေးတောင်းခံမှုများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြတိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားသော်လည်း တယ်လီဖုန်းအသုံးပြုခွင့်မရတဲ့အတွက် ခိုင်လုံသောသက်သေအထောက်အထား တင်ပြဖို့ခက်ခဲပါတယ်ခင်ဗျား။ ယခုအချိန်မှာ PSMS ဆိုတဲ့ လူပုဂ္ဂိုလ်စိစစ်စောင့်ကြည့်ခြင်းစနစ်၊ ပြေးလေးပြေးများ၊ Blacklist အမည်စာရင်းတင်သွင်းခံရသူများကိုလည်း ဖမ်းဆီးရမိရေးအတွက် စစ်ဆေးခြင်းများကို ပြည်သူမှလည်း ကြည်ဖြူစွာစစ်ဆေးခံဖို့ လိုအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ စစ်ဆေးရေးဂိတ်များတွင် မှတ်ပုံတင် မျဉ်းစောင်းများနှင့်စပ်လျဉ်းပြီး နယ်မြေကန့်သတ်ထားခြင်း ရှိ/ မရှိနှင့် ဖုန်းအသုံးမပြုရဟူသော ညွှန်ကြားချက်

Shan State Hluttaw

များ ထုတ်ပြန်ထားခြင်း ရှိ/ မရှိကို ပြည်သူများနှင့် ဂိတ်တာဝန်ကျ ဝန်ထမ်းများ ရှင်းလင်းစွာ သိရှိစေနိုင်ရေး ရည်ရွယ်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ ပါခင်ဗျား။ ကွတ်ခိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းလှိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော်မှ ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုနဲ့ လုံခြုံရေးအခြေအနေအရ ဖွင့်လှစ် ထားတဲ့ပူးပေါင်းစစ်ဆေးရေးဂိတ်များမှာ တွဲဖက်တာဝန်ထမ်းဆောင်နေတဲ့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၏ အဓိကလုပ်ဆောင် တာဝန်ဟာ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ၏ ကိုင်ဆောင်လက်မှတ် ပါရှိခြင်း ရှိ/ မရှိ၊ မှန်ကန်မှု ရှိ/ မရှိကို ဥပဒေနှင့်အညီ စစ်ဆေးခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း လေဆိပ်များမှ နိုင်ငံခြားသားများနှင့်ပတ်သက်ပြီး ပြည်ဝင် ခွင့်လက်မှတ်အထောက်အထားဖြစ်သည့် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ် ဟုတ်/ မဟုတ်၊ ဗီဇာအရ နေထိုင်ခွင့်သက်တမ်းအတွင်း နေထိုင်မှု ဟုတ်/ မဟုတ်၊ နေထိုင်ခွင့်သက်တမ်းကျော်လွန်မှု ရှိ/ မရှိ၊ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှု မရှိစေရေးနှင့် နိုင်ငံခြားသားများ ကန့်သတ်နယ်မြေ ကျော်လွန်သွားလာမှုမရှိစေရေး အတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍ မိမိနေထိုင်ရာမြို့နယ်မှ အခြားမြို့နယ် များသို့ ခရီးထွက်ခွာရာမှာ ၎င်းတို့ ရရှိကိုင်ဆောင်ထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်ပြား တို့ကိုယူဆောင်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူက စစ်ဆေး ရန် တောင်းခံသည့်အခါ လက်မှတ် သို့မဟုတ် ကတ်ပြားကို ပြသရမည်ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ၊ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၁၇၊ ဧည့်နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၁၇၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၂ တို့တွင် ပြဋ္ဌာန်းထားသဖြင့် ကိုင်ဆောင်လက်မှတ်ပါရှိမှု၊ အခြားသူများ၏ လက်မှတ်ဖြင့် လူစားထိုးသွားလာမှုမရှိစေရေး၊ အကြမ်းဖက်

Shan State Hluttaw

အဖွဲ့အစည်းများ ရောနှောဝင်ထွက်မှု မရှိစေရေး၊ မြန်မာနိုင်ငံသားနှင့် ရုပ်ရည်အသွင်အပြင် ဆင်တူသော အခြားနိုင်ငံခြားသားများမှကိုင်ဆောင် လက်မှတ်အတုအပများကိုင်ဆောင်၍ ခရီးသွားလာမှုမပြုနိုင်စေရေး၊ ဝင်/ထွက်မှု မရှိစေရေးတို့အတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာကိုမဆို ဥပဒေနဲ့အညီ လွတ်လပ်စွာ ခရီးသွားလာနိုင်ကြောင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်သင်္ကေတများနှင့် စပ်လျဉ်း၍ နယ်မြေကန့်သတ် ခွဲခြားထားနိုင်ခြင်းမရှိသကဲ့သို့ ယင်းသို့ခွဲခြားစိစစ်ရန် ညွှန်ကြားထားမှုလည်း မရှိကြောင်းဖြေကြားအပ်ပါတယ်။ ခရီးသည်များအနေဖြင့် ငွေကြေးတောင်းခံခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ခြင်းများဖြစ်ပေါ်ပါက တောင်းခံသည့်ဝန်ထမ်းအမည် တောင်းခံသည့်ငွေကြေး ပမာဏ အချိန်/ နေရာ/ ဖြစ်စဉ်တို့ကို တိုင်ကြားသူရဲ့ ကိုယ်ရေးအချက်အလက်အမှန်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ရုံးချုပ်သို့ ဆက်သွယ်၍ တိုင်ကြားနိုင်ကြောင်း ကျွန်တော်တို့ ပြန်လည် ဖြေကြားအပ်ပါတယ်။ တိုင်ကြားမှု မှန်ကန်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မြို့၊ ရွာလုံခြုံရေးနှင့် လမ်း/တံတားလုံခြုံရေး၊ အကြမ်းဖက် သောင်းကျန်းသူများ ဖြတ်သန်းသွားလာမှုမရှိစေရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုဗေဒပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းများ၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းများ၊ ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်မည့်သူများနှင့် လူမှောင်ခိုကုန်ကူးသူများ မရှိစေရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်း၍ စစ်ဆေးရေးဂိတ်များထားရှိ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်များနှင့် လေဆိပ်စစ်ဆေးရေးဂိတ်များမှာ ၂၀၂၅ ခုနှစ်မှာတော့ ပြေး(၄)ပြေးဖြစ်သည့် စစ်ပြေး(၂၁၁)ဦး၊ ရဲပြေး(၁၇၀)ဦး၊ တရားခံပြေး (၃၉၇)ဦး၊ စုစုပေါင်း(၇၈၂)ဦးကို ဖမ်းဆီးရမိခဲ့ပြီးတော့ တရားမဝင် ကုန်ပစ္စည်း(၇၂)မှု၊ မူးယစ်ဆေးဝါးမှု၊ (၁၀၉)မှု၊ တရားမဝင် နိုင်ငံခြားသား(၂၅)ဦး၊ လိုင်စင်မဲ့ မော်တော်ယာဉ်(၄၆)စီး၊ လက်နက်ခဲယမ်း(၆)မှု၊ အကြမ်းဖက်မှု(၁၄)မှု ဖမ်းဆီးရမိခဲ့ပါတယ်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံခြင်းမရှိဘဲ ပြစ်မှုဖြင့် အလိုရှိသူ ပါဝင်ဖြတ်သန်းလာမှု မရှိစေရေးသာ စစ်ဆေးဖော်ထုတ်ဖမ်းဆီး

နိုင်ရေးအတွက် ဖြတ်သန်းသွားလာသူများကို People Surveillance and Management System(PSMS)စနစ်ဖြင့်လည်းကောင်း၊ ပြစ်မှုမှတ်တမ်းများဖြင့်လည်းကောင်း၊ အခြားသတင်းများအရလည်းကောင်း၊ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ဆေးရေးဂိတ်နှင့် လုံခြုံရေးဂိတ်များဟာ မြို့၏အချက်အခြာကျသည့် နေရာတွေမှာတည်ရှိတဲ့အတွက် တရားဥပဒေစိုးမိုးရေး၊ မြို့/ ရွာများနှင့်လမ်း၊ တံတားလုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းပြီး လုံခြုံရေးကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပူးပေါင်းစစ်ဆေးရေးဂိတ်များနှင့် လမ်းတံတား လုံခြုံရေးနှင့် မြို့ဝင်/ထွက်ဂိတ်များမှာ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှလည်းကောင်း၊ စစ်ဆေးခြင်း၊ လုံခြုံရေးရယူထားခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ် ကျွန်တော် လိန်းလီတံတား လိန်းလီစစ်ဆေးရေးဂိတ်တွေမှာတော့ X-Ray တပ်ဆင်ပေးခြင်း၊ ရွာငံမြို့နယ်၊ မြို့ကြီးစစ်ဆေးရေးဂိတ်မှာ X-Ray စက်များတပ်ဆင်ပေးခြင်းများဖြင့် စစ်ဆေးရေးဂိတ်များမှာ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက်လည်း လူစုခွဲပြီးတော့၊ စစ်ဆေးရေးဂိတ်များမှာ အကြောင်းမဲ့ရပ်တန့် စောင့်ဆိုင်းနေရခြင်း မရှိစေရေး မှာကြားကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနဲ့ နည်းပညာမြင့်စက်ကိရိယာ များအား တပ်ဆင်နိုင်ရေးအတွက်လည်း ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်း တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ နိုင်ငံခြားသားများ၊ မူးယစ်ဆေးဝါးနှင့် လက်နက်ကိုင်သယ်ဆောင်မှုမရှိစေရေး၊ အကြမ်းဖက်သမားများဝင်ရောက်မှုမရှိစေရေးတို့အတွက် စစ်ဆေးဆောင်ရွက်ခြင်း၊ မှတ်ပုံတင်များစစ်ဆေးဆောင်ရွက်ခြင်းများကို PSMS စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်း/ တောင်းခံခြင်းမရှိစေရေးအတွက် ပြည်သူအားယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံမှု ဝန်ဆောင်မှုပေးရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏လမ်းညွှန်မှာကြားချက်များနှင့်အညီ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးများနှင့် တာဝန်ခံအရာရှိများမှ နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းမရှိပါကြောင်းနှင့် ပြစ်မှုဖြင့် အလိုရှိသူမဟုတ်ပါကအေးချမ်းစွာသွားလာခွင့်ပြုလျက်ရှိပါကြောင်း စစ်ဆေးရေးဂိတ်အနီးတွင် လက်ကိုင်ဖုန်း အသုံးပြုခြင်းများနှင့်ပတ်သက်၍လည်း ရှမ်းပြည်နယ်အတွင်း ဖုန်းအသုံးမပြုရဟု သီးခြားညွှန်ကြားချက်မရှိသော်လည်း အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် စစ်ဆေးရေးဂိတ်များ/ လုံခြုံရေးဂိတ်များအား လျှို့ဝှက်မှတ်တမ်းဓာတ်ပုံ ရိုက်ယူ၍ အကြမ်းဖက်

Shan State Hlutaw

အဖွဲ့အစည်းများထံပေးပို့မှုများကြောင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးခြင်း ဖြစ်စဉ်များမကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် ဖုန်းအသုံးပြုခြင်းကို စစ်ဆေးရေးဂိတ်တွင် အပြန်အလှန်လေးစားမှုဖြင့် လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်ပေးသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်စနေအောင်၊ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ လာရောက်လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စနေအောင် ဖြစ်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမ) ရက်နေ့မှာ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာအုပ်စု၊ မြေဖြူကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မြေဖြူကျေးရွာဟာ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကျေးပေါခုံကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ တောင်ပေါ်ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အဆိုပါကျေးရွာမှာ အိမ်ခြေ(၁၂၇)အိမ်၊ လူဦးရေ(၅၇၀)ဦးနေထိုင်လျက်ရှိပြီး ဒေသခံပြည်သူအများစုရဲ့ အဓိကအသက်မွေးဝမ်းကျောင်းကတော့ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်။ ၎င်းဒေသမှာ ပြောင်း၊ စပါး၊ ငရုတ်သီး၊ ခရမ်း ချဉ်သီး၊ အာလူး၊ ပဲစင်းငုံနှင့် ဆီထုတ်နေကြာပန်း စတဲ့စိုက်ပျိုးရေးထွက်ကုန်တွေကို အဓိကထုတ်လုပ်ကြပါတယ်။ ဒါ့အပြင် ကျေးရွာမှာ ဘုန်းတော်ကြီးကျောင်း(၁) ကျောင်းနဲ့ ကျောင်းသား/ ကျောင်းသူ (၉၀)ဦး၊ ဆရာ/ ဆရာမ (၅)ဦးရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်းလည်းရှိပါတယ်။

Shan State Hluttaw

မြေဖြူကျေးရွာရဲ့ လက်ရှိအခြေအနေမှာ အထူးတင်ပြလိုတဲ့အချက်ကတော့ လျှပ်စစ်ဓာတ်အား မရရှိသေးခြင်းဖြစ်ပါတယ်။ ကျေးပေါခုံကျေးရွာအုပ်စုအတွင်းမှာ ကျေးရွာစုစုပေါင်း (၁၇)ရွာရှိသည့်အနက် (၁၆)ရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်ပေမဲ့ မြေဖြူကျေးရွာ(၁)ရွာတည်းသာလျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ကွင်းဆင်းလေ့လာတွေ့ရှိချက်အရ မြေဖြူကျေးရွာဟာ ၎င်း၏ မြောက်ဘက် လျှပ်စစ်မီးရရှိပြီးဖြစ်တဲ့ အင်ကြင်းကုန်းကျေးရွာနှင့် (၂)မိုင်ခန့်သာကွာဝေးပါတယ်။

ဒါ့ကြောင့် လျှပ်စစ်ဓာတ်အားသွယ်တန်းပေးနိုင်ရေးအတွက် လက်ရှိလျှပ်စစ်ဓာတ်အား ရရှိပြီးဖြစ်တဲ့ ကျေးရွာနဲ့ အလွန်ကွာဝေးနေတဲ့ ဒေသတစ်ခုမဟုတ်ဘဲ အနီးနားမှာရှိတဲ့ လျှပ်စစ်ဓာတ်အားလိုင်းကနေ ဆက်လက်ဖြည့်ဆည်းပေးနိုင်မဲ့ အလားအလာရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိမှာ လျှပ်စစ်မီးမရရှိသေးတာကြောင့် ဒေသခံပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝမှာ အခက်အခဲတွေရှိနေပါတယ်။ အထူးသဖြင့် ကျောင်းသားများအနေနဲ့ ညဘက်စာကြည့် စာဖတ်ရာမှာ အခက်အခဲရှိခြင်း၊ ပညာရေးနဲ့ ပတ်သက်တဲ့ နည်းပညာအထောက်အကူပြုပစ္စည်းတွေကို အသုံးပြုနိုင်မှု အကန့်အသတ်ရှိခြင်းစတဲ့ ပညာရေးဆိုင်ရာအခက်အခဲတွေရှိနေပါတယ်။ ကျန်းမာရေးဘက်မှာလည်း ညအချိန် ကျန်းမာရေး အရေးပေါ်ကိစ္စတွေဖြစ်လာရင် လျှပ်စစ်မီးမရရှိခြင်းကြောင့် လိုအပ်တဲ့ကျန်းမာရေးဝန်ဆောင်မှုတွေကို ပိုမိုခက်ခဲစွာ ရယူနေရပါတယ်။ စီးပွားရေးဘက်မှာဆိုလျှင်လဲ ဒေသခံအများစုဟာ စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့အတွက် ရေတင်စက် စိုက်ပျိုးရေးသုံးစက်ကိရိယာတွေ စိုက်ပျိုးရေးထွက်ကုန်တွေကို သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ခြင်းတွေမှာ လျှပ်စစ်ဓာတ်အားကိုထိရောက်စွာ အသုံးချနိုင်ခြင်းမရှိသေးပါဘူး။ ဒါ့ကြောင့် လျှပ်စစ်မီးရရှိလာမယ်ဆိုရင် လူနေမှုဘဝအဆင်ပြေသွားရုံသာမက ဒေသခံတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုခေတ်မီလာစေပြီး ထွက်ကုန်တွေကို တန်ဖိုးမြင့်ထုတ်လုပ်နိုင်မှာဖြစ်သလို ရေတင်စက်နှင့်စိုက်ပျိုးရေးသုံးစက် ကိရိယာတွေကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ ကျောင်းသားများအတွက် ညဘက်စာကြည့် စာဖတ်နိုင်ခြင်း၊ online နှင့် ခေတ်မီပညာရေးအရင်းအမြစ်တွေကို ရယူနိုင်ခြင်းတို့ကြောင့် ပညာရေးအခွင့်အလမ်း ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေ အိမ်တွင်းစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာနိုင်ပြီး ဒေသခံတွေအတွက် အလုပ်အကိုင်နဲ့ ဝင်ငွေအခွင့်အလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါတယ်။ ဒါ့အပြင် လျှပ်စစ်ဓာတ်အား ရရှိခြင်းဟာ ကျေးရွာရဲ့ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍ

Shan State Hluttaw

တွေ တိုးတက်လာစေရုံသာမက ကျေးရွာတစ်ရွာလုံးရဲ့ လူနေမှု အဆင့်အတန်းကို တစ်ဆင့်မြှင့်တင်ပေးနိုင်မဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါတယ်ခင်ဗျား။ အရေးကြီးတဲ့ အချက်တစ်ခုကတော့ ကျေးရွာဘက်ကလည်း မီးလင်းရေးအတွက် လိုအပ်တဲ့ကြိုတင် ပြင်ဆင်မှုတွေကို ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးသွယ်တန်းမဲ့ လမ်း ကြောင်းတွေ ထရန်စဖော်မာတည်ဆောက်မဲ့ မြေနေရာတွေကို ကျေးရွာဘက်မှ သတ်မှတ်လျာထားပြီးဖြစ်သလို ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် ကျေးရွာဘက်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိနေတဲ့ အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားရရှိရေးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဒေသခံပြည်သူတွေအတွက် အလွန်အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တင်ပြမေးမြန်းခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ လျှပ်စစ်မီးဟာ ယနေ့ခေတ်အတွက် လူနေမှုဘဝရဲ့ မရှိမဖြစ်လိုအပ်တဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် မြေဖြူကျေးရွာမှာလည်း အခြားကျေးရွာများနည်းတူ လျှပ်စစ်ဓာတ်အားရရှိပြီး ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွေ ပိုမိုဖြစ်ထွန်းလာစေဖို့ ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကျေးပေါခုံကျေးရွာအုပ်စု၊ မြေဖြူ ကျေးရွာတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူ (၅၇၀)ဦးအတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရေးကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် လာမဲ့ကာလအတွင်း မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးခွန်စနေအောင် မေးမြန်းတဲ့

Shan State Hluttaw

မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကျေးပေါခုံကျေးရွာအုပ်စု၊ မြေဖြူကျေးရွာ ဓာတ်အားရရှိရေးအတွက် လျှပ်စစ်မီးရရှိပြီးဖြစ်သော ကျေးပေါခုံကျေးရွာအုပ်စု၊ အင်ကြင်းကုန်းကျေးရွာမှ Tap Off ရယူ၍ ၁၁ ကေဗွီအေဓာတ်အားလိုင်း၊ ၂.၃ မိုင်၊ ၁၁/၀.၄ ကေဗွီ(၁၆၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း (၀.၈)မိုင် တည်ဆောက်ရမည်ဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများတည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းဒေသပေါက်ဈေးအရ ၁၁ ကေဗွီဓာတ်အားလိုင်း ၂.၃ မိုင်အတွက် (၄၂၇.၂၈)ကျပ်သန်း၊ ၁၁/၀.၄ ကေဗွီ(၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးအတွက် (၁၀၃.၁၃၀) ကျပ်သန်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း (၀.၈)မိုင်အတွက် (၁၄၂.၀၀)ကျပ်သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေ (၆၇၂.၄၁)ကျပ်သန်းဖြစ်ပြီးတော့ ၂၀၂၇-၂၀၂၈ ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းဟွမ်နဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဟွမ်နဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နဲ့ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ခိုင်မာအားကောင်းတဲ့ အစိုးရတစ်ရပ်ဖြစ်စေရေးအတွက် ပြည်နယ်လွှတ်တော်အတွင်းမှာ ပြောကြားခဲ့တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ မိန့်ခွန်းများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းများ၊ ပြည်နယ်လွှတ်တော်တွင် ပြည်နယ်အစိုးရမှ လာရောက်ဖြေကြားတဲ့ အဖြေများအား မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းများမှ လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

Shan State Hluttaw

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးစီးပြီး ၂၀၂၆ ခုနှစ်၊ မတ်လတွင် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အစည်းအဝေးများ အသီးသီးကျင်းပခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌများအား ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ မတ်လမှာ ရွေးချယ်တင်မြှောက်ပြီးသည့်အပြင် နိုင်ငံတော်သမ္မတ အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ရွေးချယ်တာဝန်ပေးအပ်ခဲ့ပြီး အရပ်သားအစိုးရစစ်စစ်တစ်ရပ်ကို လွှတ်တော်ကြီးက မွေးထုတ်ပေးလိုက်ပြီဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကြီးက အတည်ပြုရွေးချယ်ပေးလိုက်တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့မှ ပြည်နယ်လွှတ်တော်မှာ ကတိသစ္စာကျမ်းကျိန်ဆိုပြီးတဲ့ နောက်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များအား မိန့်ခွန်းအသီးသီးပြောကြားခဲ့တာတွေ ရှိပါတယ်။ “ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များသည် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းကြရန်လိုကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်စေရန်အတွက် ထိန်းကျောင်းကြရန်လိုကြောင်း၊ မြို့နှင့်ကျေးလက်ကွာဟမှုမရှိစေရေးအတွက် လုပ်ဆောင်ကြရန်ဖြစ်ကြောင်း၊” မိန့်ခွန်းပြောကြားခဲ့တာတွေကို မှတ်သားထားရှိပါတယ်။ လွှတ်တော်ထဲမှာပြောတဲ့မိန့်ခွန်းတွေဟာ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြောကြားခဲ့တာမှန်ပေမဲ့ ကျွန်တော်တို့လွှတ်တော်တစ်ခုတည်းကသာ လိုက်နာမှတ်သားရမှာမဟုတ်ဘဲ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ တာဝန်ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများကပါ လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ရှုမြင်မိပါတယ်။ လွှတ်တော်အတွင်းမှာ လာရောက်ဖြေကြားကြတဲ့ အစိုးရအဖွဲ့ရဲ့ ကတိကဝတ်တွေကို ၎င်းဝန်ထမ်းများက မကြားသိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တကယ့်လက်တွေ့မြေပြင်မှာ လုပ်ဆောင်ရာမှာပင် အခက်အခဲများစွာရှိကြောင်း ယခုတက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အသိဆုံးပင်ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ အခန်း(၁၅)၊ ပုဒ်မ(၈၄)မှာ

ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့်မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏သဘောထား ဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု၏ လိုလားချက် အခက်အခဲများကို လွှတ်တော်နားသည့် ကာလတွင် ပြည်သူလူထုနှင့်ထိတွေ့ပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ လွှတ်တော်က တာဝန်ပေးဖွဲ့စည်းခဲ့တဲ့ ကော်မတီအသီးသီးရဲ့ တာဝန်များကို ထမ်းဆောင်လျက်ရှိနေပါတယ်။ တကယ့်လက်တွေ့ မြေပြင်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှန်း သိရှိနေသော်လည်း မြေစာရင်းပုံစံ(၇) ပြောင်းလဲတဲ့ကိစ္စမှာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် လိုက်လံကူညီတဲ့ကိစ္စမှာ ငွေကြေးတောင်းခံမှုတွေ ကြုံတွေ့ခဲ့ရတဲ့ သာဓကတွေလည်းရှိနေပါတယ်။ အထက်ကညွှန်ကြားချက်တွေ အောက်ခြေအဆင့်ထိ မရောက်ဘဲ ဥပဒေကိုကျော်လွန်ပြီး လုပ်ဆောင်နေကြမယ်ဆိုရင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့မှ မိန့်ခွန်းပြောကြားထားတဲ့ ခိုင်မာအားကောင်းသော အုပ်ချုပ်ရေးကဏ္ဍဖြစ်ဖို့ အလှမ်းဝေးနေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုအခါမှာ အရပ်သားအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာပြီဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။ ခေတ်ဟောင်းက အတွေးအခေါ်နဲ့ အမူအကျင့်တွေကို ပြောင်းလဲလုပ်ကိုင်ကြမှသာလျှင် တိုးတက်ကောင်းမွန်တဲ့ နိုင်ငံတော်ကြီးအဖြစ် မှတ်တမ်းတင်ကြရမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၁၁)၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်ကဏ္ဍကိုမှ ပိုမိုသုံးစွဲခွင့် မပေးထားပါဘူးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ဥပဒေတွေပြဋ္ဌာန်း၊ ပြဋ္ဌာန်းပေးတဲ့ ဥပဒေများနှင့်အညီ အုပ်ချုပ်၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ စီရင်ဆုံးဖြတ်ဖို့ပဲဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး(၃)ရပ်

Shan State Hluttaw

အနေနဲ့ အပြန်အလှန်ထိန်းကျောင်းဖို့ တာဝန်ရှိပါတယ်ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ လုပ်ဆောင်ချက်များ၊ အုပ်ချုပ်ရေးကဏ္ဍ၏ လုပ်ဆောင်ချက်များအားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။

ဒါကြောင့် ခိုင်မာအားကောင်းသော အုပ်ချုပ်ရေးယန္တရား ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်လွှတ်တော်အတွင်း ပြောကြားခဲ့သည့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ မိန့်ခွန်းများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းများ၊ ပြည်နယ်လွှတ်တော်တွင် ပြည်နယ်အစိုးရမှ လာရောက်ဖြေကြားသည့် အဖြေများအား မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများမှ လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုင်းဟွမ်နဲ့ ကျိုင်းတုံမဲဆန္ဒနယ်(၁)ရဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၏ မိန့်ခွန်းများ၊ ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ဖြေကြားခဲ့သည့် အဖြေများအပေါ် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာ ဝန်ထမ်းများမှ လုပ်ငန်းလမ်းညွှန်အဖြစ် သိရှိလိုက်နာနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် မေးခွန်းနှင့်ပတ်သက်၍ “ပြည်သူ့အသံ လွှတ်တော်အသံ”၊ “ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ” ဟူသော ဆောင်ပုဒ်အတိုင်း လွှတ်တော်ထဲမှ ထွက်ပေါ်လာသည့် ပြည်သူ့အသံများဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ မေးခွန်းများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ မိန့်ခွန်းများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းများသည် ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းများအဖြစ်ထားရှိပါတယ်။ ပြည်နယ်လွှတ်တော်တွင် ပြည်နယ်အစိုးရမှ လာရောက်ဖြေကြားခဲ့သည့် အဖြေများသည် သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သွားရောက်ဖြေကြားခဲ့ခြင်းများဖြစ်ပြီး ဥပဒေနှင့်

Shan State Hluttaw

မည်သည့် လုပ်ဆောင်မှုများကိုလည်း အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အစိုးရသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်မှုဖြစ်စေရေးကို ရည်မှန်းထားပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများသာမက ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများအထိပါ အဂတိကင်းရှင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ သက်ဆိုင်ရာဌာနများမှ ကိုင်တွယ်ကျင့်သုံးသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သော်လည်း ခေတ်စနစ်နှင့် မြေပြင်တွင် လက်တွေ့ကြုံတွေ့နေသည့် အခြေအနေများနှင့် ကိုက်ညီမှု မရှိသည်များကိုလည်း ပြည်နယ်လွှတ်တော်တွင် ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်/ မြို့နယ်အတွင်းရှိ တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လွှတ်တော်အစည်းအဝေး ကျင်းပပြီးစီးချိန်တွင် လွှတ်တော်ကိုယ်စားလှယ်အတွေ့အကြုံ ရှင်းလင်းပွဲများပြုလုပ်၍ နိုင်ငံ့ဝန်ထမ်းများ၊ တရားရေးဌာနမှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် မဲဆန္ဒရှင် ပြည်သူများ သုံးပွင့်ဆိုင်ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ချပြပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်စေခြင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ မူဝါဒလုပ်ထုံးလုပ်နည်းနှင့် လိုအပ်သော လမ်းညွှန်ချက်များ အခါအားလျော် ထုတ်ပြန်အသိပေးခြင်းများ ပြုလုပ်ပေးခြင်းစသည်တို့ကို ပြုလုပ်နေပါတယ်။ ဤသို့ ပြုလုပ်ခြင်းဟာ မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန်ထိန်းကျောင်းပေးနေခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်

Shan State Hluttaw

အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှစတင်ပြီး ဩဂုတ်လ ၂၀ ရက်နေ့အထိ အစည်းအဝေးရက်ပေါင်း(၆)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ဆိုရင် လစ်လပ်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနေရာမှာ သက်ဆိုင်ရာ PR မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အစားထိုးခန့်အပ်ပြီး လွှတ်တော်ရဲ့ ရှေ့မှောက်မှာ ကတိသစ္စာပြုခြင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၎င်းကိုယ်စားလှယ်ကိုလည်း ရှမ်းပြည်နယ်အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ လစ်လပ်သွားတဲ့နေရာမှာ အစားထိုး တာဝန်ပေးအပ်ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တတိယပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက အစိုးရရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကို မှတ်တမ်းတင်ခြင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီးတော့ လွှတ်တော်က မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုအစည်းအဝေးမှာ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များအဖြစ် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အတည်ပြုခြင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၎င်းဥပဒေမူကြမ်းဟာဆိုရင် မိမိတို့ လွှတ်တော်သက်တမ်းအတွင်း ပထမဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကိုလည်း လွှတ်တော်မှာ အတည်ပြုပေးနိုင်ခဲ့ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီ(၁၀)ခုထဲမှ ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းတဲ့ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အပေါ်မှာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေ(မူကြမ်း)နှင့် ဆက်စပ်ပတ်သက်တဲ့ သက်ဆိုင်ရာဌာနများကို ဖိတ်ကြားကာ ကော်မတီအစည်းအဝေးများ ကျင်းပပြုလုပ်ပြီး အစည်းအဝေး(တတိယနေ့)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီအရင်ခံစာကို ဖတ်ကြားတင်ပြ

Shan State Hluttaw

ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူ ရှမ်းပြည်နယ်လွတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစီစစ်ရေးကော်မတီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်းပြီး ဌာနဆိုင်ရာများအား ဖိတ်ကြားကာ ကော်မတီ ကြားနာပွဲများပြုလုပ်ပြီး စိစစ်ဆောင်ရွက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သုံးသပ်တင်ပြချက်၊ အကြံပြုချက်များပါဝင်တဲ့ ကော်မတီရဲ့ အစီအရင်ခံစာကို လွတ်တော်သို့ ဖတ်ကြားတင်ပြနိုင်ခဲ့ပါတယ်။

အခြားလွတ်တော်ရေးရာကော်မတီများအနေဖြင့်လည်း လိုအပ်တဲ့ နေရာဒေသ များသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း လွတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ်။ ကော်မတီများကွင်းဆင်း ဆောင်ရွက်တဲ့နေရာမှာလည်း သတ်မှတ်ထားတဲ့အတိုင်း ကြိုတင်ခွင့်ပြုချက်တောင်း ခံပြီး ခွင့်ပြုချက်ရရှိတဲ့ကိစ္စရပ်များကိုသာ သွားရောက်စိစစ်ကြဖို့မှာကြားလိုပါတယ်။

လွတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူကြားထဲ ကွင်းဆင်းပြီး ပြည်သူ များရဲ့ အသံ၊ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်တွေကို သိရှိပြီး လွတ်တော်ကတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းကို ဆောင်ရွက်ခဲ့ကြရာမှာ လွတ်တော်ကိုယ်စားလှယ် (၃၃)ဦးက ကြယ်ပွင့်ပြမေးခွန်း (၈၈)ခုကို လွတ်တော်ကတစ်ဆင့် မေးမြန်းခဲ့တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် တာဝန်ရှိသူတွေဟာ လွတ်တော်မှာ ဖြေကြားခဲ့ကြပြီးဖြစ်ပါတယ်။

ဒါ့အပြင် အဆိုတစ်ခုကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်း သည့်အဆိုမှာပါဝင်တဲ့အချက်များကို အတည်ပြုခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လွတ်တော်ကိုယ်စားလှယ် (၁၄)ဦးက ပေးပို့ထားတဲ့ ကြယ်ပွင့်မပြမေးခွန်း(၄၇)ခုကို လွတ်တော်ကတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ မေးခွန်း များကို ကဏ္ဍအလိုက် ခွဲကြည့်မယ်ဆိုရင် မေးခွန်းမေးမြန်းမှုများတဲ့ ကဏ္ဍတွေကို ထုတ်နုတ်တင်ပြရမယ်ဆိုရင် လမ်း၊ တံတားကဏ္ဍ(၂၄)ခု၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ (၁၁)ခု၊ ပညာရေးကဏ္ဍ (၁၃)ခု၊ ကျန်းမာရေးကဏ္ဍ (၆)ခု၊ လျှပ်စစ်၊ စွမ်းအင် ကဏ္ဍ(၆)ခု၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍ (၅)ခုတို့ဖြစ်ကြပြီး အခြား ဝန်ထမ်းဆိုင်ရာကဏ္ဍ၊ အလုပ်သမားဆိုင်ရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာကဏ္ဍ၊ စည်ပင်သာယာရေးကဏ္ဍ၊ သောက်သုံးရေရရှိရေးကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍများ ကိုလည်း မေးမြန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

Shan State Hluttaw

ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် မေးမြန်းတဲ့ မေးခွန်းများဟာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အများစုဖြစ်တာကို တွေ့ရပါတယ်။ နောင်တွင် ပြည်သူတွေ အမှန်တကယ် လိုလားတောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အကောင်အထည်ဖော်ပေး နိုင်မဲ့ မေးခွန်းများ၊ အဆိုများကိုလည်း ပိုမိုပါဝင်လာအောင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ မေးခွန်းတွေ မေးမြန်းရာမှာ အဓိပ္ပာယ်ပြည့်ဝ ထိရောက်တဲ့ ကျစ်လျစ်တဲ့ အသုံးအနှုန်းဖြစ်အောင်၊ သတ်မှတ်အချိန်ကာလအတွင်း အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်ပြင်ဆင်ထားရမှာဖြစ်သလို ပြည်သူတွေ စိတ်ဝင်စားမှု ရှိပြီး အကျိုးရှိတဲ့ တင်ပြမှုဖြစ်အောင်လည်း ဆောင်ရွက်ပေးကြဖို့ လိုအပ်မှာဖြစ်ပါ တယ်။ မိမိတို့ရဲ့ ပြောကြားချက်၊ ဖြေကြားချက်များကို ပညာ၊ အသိ၊ သတိနှင့် ယှဉ်ပြီး မိမိတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်၍ သမားရိုးကျလမ်းကြောင်းက ခွဲထွက်ပြီး ထူးခြားအောင်မြင်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ အလေး အနက်ထား တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဖြေကြားချက်များအပေါ် လက်တွေ့ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကိုလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက ကတိကဝတ်ဖြစ်မဖြစ် စိစစ် သွားမှာဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ကျင်းပနေစဉ်ကာလအတွင်း အစည်းအဝေး ရပ်နားတဲ့အချိန်တွေမှာ လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိတို့ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် Capacity Building စွမ်းဆောင်ရည်မြင့်မားစေဖို့အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ ရှမ်းပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လုပ်ငန်း ဆောင်ရွက်ချက်များ၊ လမ်းဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ဒါ့အပြင် မြေအောက်ရေ ထိန်းသိမ်းနည်း၊ မြေအောက်ရေစုကန် လက်တွေ့သရုပ်ပြရှင်းလင်းပွဲများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

Shan State Hluttaw

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပထမနေ့မှ ဆဋ္ဌမနေ့အထိ အစည်းအဝေးတက်ရောက်မှု အခြေအနေများကိုလည်း မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လွှတ်တော်နှင့်ပြည်သူ ပိုမိုနီးကပ်စွာ ထိတွေ့နိုင်ရေးအတွက် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးကာလအတွင်းမှာ လွှတ်တော် အစည်းအဝေးသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြဝတီသတင်းဌာန၊ ကမ္ဘောဇတိုင်း သတင်းဌာန၊ Eleven Media Group၊ Niyo Media၊ Shan Echo Media၊ အမိမြေသစ္စာသတင်းစတဲ့ မီဒီယာ(၇)ခုကို သတင်းရယူစေခဲ့ပါတယ်။ လူထု လူတန်းစားအသီးသီးက လွှတ်တော်ကိုပိုမိုသိရှိစေရန်နဲ့ လွှတ်တော်ရဲ့ ဆောင်ရွက် ချက်များကိုမျက်မြင်ကိုယ်တွေ့ ထိတွေ့သိရှိနိုင်ရန်အတွက် လွှတ်တော်သို့ လာရောက် လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခဲ့ပြီး လွှတ်တော်လေ့လာရေးအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုပေးလျက်ရှိပါတယ်။ လွှတ်တော်ကျင်းပနေချိန်ကို မျက်မြင် ကိုယ်တွေ့သိရှိရသလို လွှတ်တော်အစည်းအဝေးပြီးနောက် လွှတ်တော်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လေ့လာသူများသိရှိစေဖို့ လွှတ်တော်အကြောင်းကို Power Point ဖြင့် အသေးစိတ်ခန်းမထဲမှာ ရှင်းပြပေးနိုင်ခဲ့ပါတယ်။ သိလိုတဲ့ မေးမြန်းချက် များကိုလည်း ဖြေကြားပေးနိုင်ခဲ့ပါတယ်။ ယခု တတိယပုံမှန်အစည်းအဝေးမှာ တောင်ကြီးကွန်ပျူတာတက္ကသိုလ်မှ ဆရာ/ ဆရာများနှင့် ကျောင်းသား/ ကျောင်းသူ များ၊ ရပ်စောက်မြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ၊ ဓမ္မစကူးလ်နည်းပြ ဆရာ/ ဆရာမများနှင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၊ ဗုဒ္ဓဘာသာကလျာ ဏယုဝ အသင်း၊ ကိုးကန့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ပြင်ပလေ့လာသူအစရှိတဲ့ လေ့လာသူပေါင်း (၂၄၈)ဦး လာရောက်လေ့လာခဲ့ကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ဟာ ပြည်သူတွေရွေးချယ်တဲ့ ကိုယ်စားလှယ်များ စုဝေးထားတဲ့ နေရာဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်၊ လွှတ်တော်မှာ ဆောင်ရွက် ပေးနိုင်မှုစတဲ့ လွှတ်တော်အကြောင်းကို မဲဆန္ဒရှင်ပြည်သူလူထုအတွင်း ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် လွှတ်တော်အစည်းအဝေးကာလမှာဖြစ်စေ၊ လွှတ်တော် အစည်းအဝေး ရပ်နားတဲ့အခါမှာဖြစ်စေ လွှတ်လပ်စွာလာရောက်လေ့လာနိုင်ရေး အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံးက အလွှာအသီးသီး၊ အဖွဲ့အစည်း အသီးသီးကို ဖိတ်ခေါ်စေလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့လွှတ်တော်ဟာ ပြည်သူ များပိုမိုသိရှိလာပြီး ပြည်သူများ ပိုမိုယုံကြည်အားကိုးသော လွှတ်တော်တစ်ရပ်

Shan State Hluttaw

ဖြစ်လာပြီး လွှတ်တော်ရဲ့အခန်းကဏ္ဍဟာ ပိုမိုမြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ကျွန်တော် ပြောကြားခဲ့သလို ကျွန်တော်တို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဖြစ်တာနဲ့အညီ လိုအပ်တဲ့ဥပဒေတွေကို အသစ်ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေတွေကို ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်သင့်ပါက ပယ်ဖျက်ခြင်းစတဲ့ လုပ်ငန်းတွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးက အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြည်နယ်အတွင်း လိုအပ်တဲ့ဥပဒေတွေပြဋ္ဌာန်းနိုင်ဖို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးပမ်းပေးကြစေလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း မိမိတို့ရဲ့ မဲဆန္ဒနယ်မြေများကို သွားရောက်ပြီး ပြည်သူများ၏ အသံကို နားထောင်ကြရန် လိုအပ်တဲ့အပြင် ပြည်သူတွေရဲ့ဆန္ဒနှင့် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မိမိတို့မဲဆန္ဒနယ်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းကြိုးစားဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ မိမိတို့နေထိုင်ရာ နယ်မြေအသီးသီးကို ပြန်ကြမဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝပြီးဘေးမသီရန်မခဘဲ လိုရာခရီးသို့ ရောက်ရှိကြပါစေ၊ ပြည်သူ့အကျိုးစီးပွားကို ပြည်သူများနှင့်အညီလက်တွဲညီညီဆောင်ရွက်ပေးနိုင်ကြပြီး လာမဲ့အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေလိုကြောင်း ဆုမွန်ကောင်းတောင်းရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ် ပြီးစီးပါပြီ။ သို့ဖြစ်ပါ၍ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်ခင်ဗျား။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နေ့လယ် ၁၂း၄၅ အချိန်တွင် ရပ်နားပါသည်။)

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့မှ ဝါခေါင်လဆန်း ၇ ရက်နေ့ထိ

(ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ဩဂုတ်လ ၂၀ ရက်နေ့ထိ)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး

ဆုံးဖြတ်ချက်များ

ပထမနေ့ (၁၃- ၈- ၂၀၂၆) ကြာသပတေးနေ့

၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦး၊ တက်ရောက်သူ (၁၂၇)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက အစိုးရ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဒုတိယနေ့ (၁၄- ၈- ၂၀၂၆) သောကြာနေ့

၄။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၁၈)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

Shan State Hluttaw

၅။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်က တင်ပြသည့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းအား မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

တတိယနေ့(၁၇- ၈- ၂၀၂၆) တနလ်ာနေ့

၆။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိ၍ တက်ရောက်သူ (၁၂၆)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၇။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) ၁၃.၈.၂၀၂၆ ရက်၌ လွှတ်တော်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အစည်းအဝေး(တတိယနေ့)တွင် လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၈။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) ၁၃-၈-၂၀၂၆ ရက်၌ လွှတ်တော်တွင် တင်သွင်းခဲ့သည့် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ် ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို အစည်းအဝေး(တတိယနေ့)တွင် "ရှမ်းပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အဆိုတွင် ပါဝင်သည့်အချက်များ"ကိုသာ လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

စတုတ္ထနေ့(၁၈- ၈- ၂၀၂၆) အင်္ဂါနေ့

၉။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၂၅)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ

Shan State Hluttaw

မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၀။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ၁၃-၈-၂၀၂၆ ရက်၌ လွှတ်တော်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို အစည်းအဝေး(စတုတ္ထနေ့)တွင် လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပဉ္စမနေ့(၁၉- ၈- ၂၀၂၆) ဗုဒ္ဓဟူးနေ့

၁၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၂၈)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

ဆဋ္ဌမနေ့(၂၀- ၈- ၂၀၂၆) အင်္ဂါနေ့

၁၂။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၂၉)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း"** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

Shan State Hluttaw